# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး

တရားတော်

## ညောင်ကန်အေးဆရာတော်

မဟာဓမ္မကထိကဗဟုဇနဟိတဓရ



တင်ထွန်း၊ထွန်း

၂၃၆၀၃
၂၉၄ ၊ ၃၆၄
၃၁.၈.၃၁

ရန်ကုန်မြို့
မဟာစည်သာသနာ့ရိပ်သာ ဖန်ယဉ်ဓမ္မာရုံ၌

# ညောင်ကန်အေးဆရာတော်

ဟောကြားတော်မူသော

သုဗြဟ္မသုတ္တန်

ကြောက်ရွံ့ကင်းဝေး

# ငြိမ်းချမ်းအေး တရားတော်

[အခြေခံ ဝိပဿနာရှုပွားနည်းနှင့်တကွ ဉာဏ်စဉ်အဆင့်ဆင့်
ဖြစ်ပေါ်လာပုံများကို လွယ်ကူရှင်းလင်းစွာ ဟောကြားထားသည်]

ညောင်ကန်စာပေ

အမှတ် ၆၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း
အင်းစိန်မြို့နယ်၊ ရန်ကုန်
ဖုန်း ၆၄ ၁၈

သာသနာ ၂၅၄၀ ကောဇာ ၁၃၅၈ ခရစ် ၁၉၉၆

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | - | ၁၉၉၆ ခုနှစ်၊ နိုဝင်ဘာလ<br>ပထမအကြိမ် |
| ဘာသာရေးဆိုင်ရာ | | |
| စာမူခွင့်ပြုချက် | - | ၆၆ / ၉၆(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | - | ၁၉ / ၉၆(၁၂) |
| အုပ်ရေ | - | ၁၀၀၀ |
| တန်ဖိုး | - | 150 [redacted] |
| မျက်နှာဖုံးပန်းချီ | - | တင်ထွန်းလွင်း |
| ကွန်ပျူတာစာစီ | - | ပုလဲနှင့် ဒီပါစိုး |
| ဖလင် | - | ဦးယွန်းဆိုင် |
| စာအုပ်ချုပ် | - | နိုင်မိသားစု |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | - | ဒေါ်ခင်ရီ (၀၂၅၀၅)<br>နေရီရီပုံနှိပ်တိုက်<br>၂/က၊ အောင်ရတနာလမ်း၊<br>လမ်းမတော်မြို့နယ်<br>ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | - | ဦးတင်ထွန်း(၃၂၆)<br>ညောင်ကန်စာပေ<br>၆၊ အင်းစိန်လမ်းမကြီး<br>ကြို့ကုန်း၊ အင်းစိန်။<br>ဖုန်း-၆၄၂၂၁၉ |

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | (က) တက္ကသိလာ အရှင်အာစိဏ္ဏ၏ အမှာစာ | က |
| | (ခ) တောင်တွင်းကြီးမြို့ မဟာစည်ရိပ်သာ ဆရာတော်၏ ဓမ္မပဿိက ဖော်ညွှန်းလွှာ | ဃ |
| ၂။ | ထေရုပ္ပတ္တိအကျဉ်း | ဏ |
| ၃။ | သုဗြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် | ၁ |
| ၄။ | ပစ္စက္ခုမှ နမောတဿ ပဏ္ဏာမတရားရှိခိုး | ၂ |
| ၅။ | မေတ္တာကမ္မဋ္ဌာန်း | ၃ |
| ၆။ | သုဗြဟ္မာနတ်သား၏ လျှောက်ထားချက် | ၅ |
| ၇။ | ရှေးခေတ်နတ်သားက ချောင်ထုံးကြီးနဲ့ | ၆ |
| ၈။ | သေခြင်းလေးမျိုး | ၁၂ |
| ၉။ | တကယ်တမ်းကျတော့ သေရမှာ ကြောက်လိုက်တာ | ၁၃ |
| ၁၀။ | မိမိကိုယ်သာ အချစ်ဆုံး | ၁၄ |
| ၁၁။ | သုဗြဟ္မာအား မြတ်ဘုရား ဟောကြားဒေသနာ | ၁၆ |
| ၁၂။ | တရားထိုင်နည်း အချုပ်လက်ဝဲ | ၂၀ |
| ၁၃။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၂) | ၂၅ |
| ၁၄။ | ညောင်ကန်ဆရာတော် ဦးဗုဓ်၏ အခါတော်ခုနစ်ပါး ဘုရားရှိခိုး | ၂၆ |
| ၁၅။ | ရဟန်းငါးပါးဝတ္ထု | ၃၄ |
| ၁၆။ | တေလပတ္တဇာတ်ဝတ္ထု | ၃၉ |
| ၁၇။ | ဒွါရအားလုံးကို စောင့်ရှောက်တာဟာ ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်တယ် | ၄၃ |
| ၁၈။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၃) | ၄၆ |
| ၁၉။ | သိမြင်ရေးဘုရားရှိခိုး | ၄၆ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၂၀။ | ခုတင်ဆိုတာ | ၄၇ |
| ၂၁။ | ခုတင်ဆယ့်သုံးပါး အကျဉ်းလက်ာ | ၅၀ |
| ၂၂။ | အရှင်မဟာကဿပ မထေရ်ဝတ္ထု | ၅၉ |
| ၂၃။ | ပန်းကုံးမညှိုးဘူးတဲ့ | ၆၁ |
| ၂၄။ | တောထွက်တာကလဲ စုံတွဲ | ၆၁ |
| ၂၅။ | သြဝါဒဖြင့် ရဟန်းပြုပေးပုံ | ၆၃ |
| ၂၆။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၄) | ၆၆ |
| ၂၇။ | နမောတဿ မြန်မာပြန်ဘုရားရှိခိုး | ၆၆ |
| ၂၈။ | မဟာစည် ဆန္ဒမွန်ဂါထာ | ၆၉ |
| ၂၉။ | ပုထုဇဉ်ဘဝဟာ သစ်ရွက်နဲ့တူနေ | ၇၃ |
| ၃၀။ | သတိသမ္မောဇ္ဈင်တရား | ၇၆ |
| ၃၁။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၅) | ၈၂ |
| ၃၂။ | ဉာဏ်စဉ် ၁၆-ပါး ဘုရားရှိခိုး | ၈၂ |
| ၃၃။ | သတိသမ္မောဇ္ဈင် ဖြစ်ကြောင်း ၄-ပါး | ၈၉ |
| ၃၄။ | သမ္မဇဉ် ၄-မျိုး | ၉၄ |
| ၃၅။ | ငြောင့် ငါးချောင်း စူးနေတယ် | ၉၈ |
| ၃၆။ | မဟာဖုဿဒေဝမထေရ် ဝတ္ထု | ၁၀၂ |
| ၃၇။ | မဟာနာဂမထေရ် | ၁၀၄ |
| ၃၈။ | ကမ္ဗလသာက်န်းကျောင်းက ရဟန်းများ | ၁၀၄ |
| ၃၉။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၆) | ၁၀၆ |
| ၄၀။ | ယဉ်ကျေးမှု ဘုရားရှိခိုး | ၁၀၆ |
| ၄၁။ | ဓမ္မဝိစယသမ္မောဇ္ဈင် | ၁၀၇ |
| ၄၂။ | ဓမ္မဝိစယသမ္မောဇ္ဈင်ဖြစ်ကြောင်း ၇-ပါး | ၁၁၀ |
| ၄၃။ | ဣန္ဒြေ ၅-ပါး သိညွှတ်ရမယ် | ၁၁၅ |
| ၄၄။ | ဝက္ကလိမထေရ်ဝတ္ထု | ၁၁၇ |
| ၄၅။ | တရားမြင်မှ ဘုရားမြင် | ၁၂၀ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၄၆။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၇) ၁၂၆
၄၇။ ငြိမ်းချမ်းရေးဘုရားရှိခိုး ၁၂၆
၄၈။ အရှင်သောဏ မထေရ်ဝတ္ထု ၁၂၈
၄၉။ ဘုန်းကံကြီးသူတို့၏ဒုက္ခ ၁၃၃
၅၀။ ယောဂီစိတ်ထား ၁၃၇
၅၁။ ဘဝဇာတ်ခုံ ၁၃၇
၅၂။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၈) ၁၄၅
၅၃။ စောင်းဥပမာ တရားရှာ ၁၄၇
၅၄။ ဝမ်းသာလွန်ရင် ဒီလိုကျင့်ပါ ၁၅၁
၅၅။ စိတ်ဓာတ်ကျရင် ဒီလိုကျင့်ပါ ၁၅၂
၅၆။ ထိုင်ရှုမှတ်ပုံ ၁၅၄
၅၇။ စင်္ကြံမှာ ၆–ချက် ၁၅၆
၅၈။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၉) ၁၆၂
၅၉။ ညောင်ကန်ဆရာတော်ဦးဗုဓ်၏ ဝါဆိုစဉ် ဘုရားရှိခိုး ၁၆၂
၆၀။ ပသာဒသဒ္ဒါ ၁၇၁
၆၁။ ဩကပ္ပနသဒ္ဒါ ၁၇၃
၆၂။ အဓိဂမသဒ္ဒါ ၁၇၄
၆၃။ အာဂမသဒ္ဒါ ၁၇၄
၆၄။ ပညာလွန်က ကောက်ကျစ်စဉ်းလဲတတ် ၁၇၅
၆၅။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၀) ၁၈၁
၆၆။ လွတ်မြောက်ရေး ဘုရားရှိခိုး ၁၈၁
၆၇။ ဣန္ဒြေညီညွတ်ကြောင်းတရား ၁၈၂
၆၈။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၁) ၁၉၆
၆၉။ ပခုက္ကူမှ သုတ်မဟာဝါ ၁၉၆
အဌကထာနိဿယ ပဏာမဘုရားရှိခိုး
၇၀။ မြင်တဲ့အခါ ခန္ဓာငါးပါးဖြစ် ၂၀၁

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၇၁။ | ဓာတ် ၁၈-ပါး | ၂၀၂ |
| ၇၂။ | အရာရာတိုင်းကို သတိနဲ့ ထိန်းရမည် | ၂၀၅ |
| ၇၃။ | မင်းထက် အမတ်က အရေးကြီး | ၂၀၉ |
| ၇၄။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၁) | ၂၁၂ |
| ၇၅။ | ဆီးပန်းနီဆရာတော်ဘုရားကြီး၏ ဗိန္ဓုံ ဗိန္ဓုံဘုရားရှိခိုး | ၂၁၂ |
| ၇၆။ | ဤသို့သော ပညာရှိကို မှီဝဲ | ၂၁၅ |
| ၇၇။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၃) | ၂၃၁ |
| ၇၈။ | မန္တလေးမြို့ ဆီးပန်းနီဆရာတော်ဘုရားကြီး၏ အစိန္တေယျဘုရားရှိခိုး | ၂၃၁ |
| ၇၉။ | ဝီရိယသမ္ဗောဇ္ဈင် | ၂၃၃ |
| ၈၀။ | ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ရေးအတွက် အင်္ဂါ၁၁-ပါး | ၂၃၇ |
| ၈၁။ | ပုထုဇဉ်သည် စိတ်မချရ အယူပြောင်းသွားနိုင် | ၂၄၃ |
| ၈၂။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၄) | ၂၄၈ |
| ၈၃။ | ပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး | ၂၄၈ |
| ၈၄။ | လူပျင်းတို့၏အကြောင်းပြချက် | ၂၅၂ |
| ၈၅။ | အလှူ့ရှင် စေတနာကို ငဲ့ညှာ | ၂၅၆ |
| ၈၆။ | အယျမိတ္တမထေရ်ဝတ္ထု | ၂၆၀ |
| ၈၇။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၅) | ၂၇၁ |
| ၈၈။ | ဇယမင်္ဂလာ အောင်ဂါထာ | ၂၇၁ |
| ၈၉။ | ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား | ၂၇၂ |
| ၉၀။ | သာသနာဆိုတာ ကိုယ်နှင့်ဆိုင်လို့ တွေ့တာ | ၂၈၄ |
| ၉၁။ | နဂါးယောဂီကို ရှောင်ကြဉ် | ၂၈၈ |
| ၉၂။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၆) | ၂၉၀ |
| ၉၃။ | စေတီတော်ဖွင့် ဘုရားရှိခိုး | ၂၉၀ |
| ၉၄။ | ပီတိသမ္ဗောဇ္ဈင် | ၂၉၁ |
| ၉၅။ | ပီတိသမ္ဗောဇ္ဈင်ဖြစ်ချင်ရင် ဒီ ၁၁-ပါးကို ပွား | ၂၉၇ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၆။ | သာတာဂီရိနဲ့ ဟေမဝတ တွေ့ဆုံကြ | ၂၉၉ |
| ၉၇။ | ဗုဒ္ဓသတင်းကြားရုံနဲ့ မယ်ကာဠီ သောတာပန်ဖြစ်သွား | ၃၀၁ |
| ၉၈။ | ကျားဆွဲတာတောင် မအော်မိ | ၃၀၃ |
| ၉၉။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၇) | ၃၁၂ |
| ၁၀၀။ | ခုနစ်နေ့ ဘုရားရှိခိုး | ၃၁၂ |
| ၁၀၁။ | ပဿဒ္ဓိ သမ္ဗောဇ္ဈင် | ၃၁၄ |
| ၁၀၂။ | ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၇-ပါး | ၃၁၆ |
| ၁၀၃။ | ကိုယ်စိတ်ငြိမ်းအေးမှုသည် နိဗ္ဗာန်မဟုတ်သေး | ၃၂၇ |
| ၁၀၄။ | ကိုယ်တွေ့ပဿဒ္ဓိ | ၃၂၈ |
| ၁၀၅။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၈) | ၃၃၀ |
| ၁၀၆။ | သတ္တဋ္ဌာန ဘုရားရှိခိုး | ၃၃၀ |
| ၁၀၇။ | သမာဓိသမ္ဗောဇ္ဈင် | ၃၃၂ |
| ၁၀၈။ | ဈာန်ဆိုတာ | ၃၃၃ |
| ၁၀၉။ | သမထဈာန် | ၃၃၃ |
| ၁၁၀။ | ဝိပဿနာဈာန် | ၃၃၄ |
| ၁၁၁။ | သမာဓိရအောင် လုပ်နည်း ၁၁-နည်း | ၃၃၄ |
| ၁၁၂။ | သူမပါရင်မဖြစ် | ၃၃၈ |
| ၁၁၃။ | နိမိတ်ကျွမ်းကျင်ရမယ် | ၃၃၉ |
| ၁၁၄။ | ဖြစ်အောင် ပျက်အောင် မလုပ်နဲ့ သိအောင်လုပ် | ၃၄၁ |
| ၁၁၅။ | ထမင်းချက် ဥပမာ | ၃၄၂ |
| ၁၁၆။ | စိတ်ဓာတ်ကျယောဂီ ပွားရမည့်ဗောဇ္ဈင် ၃-ပါး | ၃၄၄ |
| ၁၁၇။ | စိတ်တက်ကြွယောဂီ ပွားရမည့်ဗောဇ္ဈင် ၃-ပါး | ၃၄၅ |
| ၁၁၈။ | ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၁၉) | ၃၄၈ |
| ၁၁၉။ | ဥဒါန်းဂါထာ အနေကဇာတင် ဘုရားရှိခိုး | ၃၄၉ |
| ၁၂၀။ | သမာဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်းတရား ၁၁-ပါး | ၃၅၀ |
| ၁၂၁။ | သံဝေဂဝတ္ထု ရှစ်ပါးဟူသည် | ၃၅၃ |

| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|


၁၂၂။ ဗုဒ္ဓ၏သတိပေးစကား ၃၆၄
၁၂၃။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၂၀) ၃၆၇
၁၂၄။ မာရ်နတ်အောင်မြင်ဘုရားရှင် ပထမအောင်ခြင်း ဘုရားရှိခိုး ၃၆၇
၁၂၅။ ဥပေက္ခာသမ္မောဇ္ဈင် ၃၇၀
၁၂၆။ လူတွေပြောတဲ့ ဥပေက္ခာ ၃၇၁
၁၂၇။ မိဂပဒဝလဉ္ဇနနည်း ၃၇၁
၁၂၈။ ကြာလေကောင်းလေ ဟောင်းလေသစ်လေ ၃၇၃
၁၂၉။ သခါ ရုပေက္ခာ သဘော ၃၇၄
၁၃၀။ ဝေဒနာ ပစ္စယာ တဏှာ ၃၇၅
၁၃၁။ တဏှာ မဖြစ်အောင် ပေါ်သမျှရှု ၃၇၇
၁၃၂။ ဥပေက္ခာ သမ္မောဇ္ဈင်ဖြစ်အောင် ၅-ပါး ၃၇၈
၁၃၃။ သစ္စာလေးပါး ၃၈၃
၁၃၄။ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အပိုင်း(၂၁) ၃၈၇
၁၃၅။ နမော လေးချက် ဘုရားရှိခိုး ၃၈၇
၁၃၆။ နိဗ္ဗာန်ဆိုတာ ၃၈၈
၁၃၇။ နိဗ္ဗာန်နှစ်မျိုး ၃၉၁
၁၃၈။ နိဂုံး ၃၉၂

# တက္ကသိုလ အရှင်အာစိဏ္ဏ၏

# အမှာစာ

## နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

## ပိဋက ကျွမ်းကျင်မှုကို သိမြင်နိုင်သည်

မိမိသည် "ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော်" ဟု အမည်ပေးထားသော သုဗြဟ္မသုတ္တန် မှုကြမ်းစာမူကို အချောကူးရေးနေစဉ် နိုင်ငံတော်မှ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ခြင်းသတင်းကို ရေဒီယိုမှာ ကြားနေရသည်၊ မကြာမီအချိန်အတွင်းမှာပင် ဝမ်းသာစရာသတင်းကို ကြားခဲ့ရသည်။

အရှင်ဣန္ဒက
မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ
ညောင်ကန်အေး သာသနာ့ရိပ်သာ
အင်းစိန်မြို့နယ်
ရန်ကုန်တိုင်း...ဟူ၍ ဖြစ်ပါသည်။

"မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ" ဘွဲ့တော်ကို မြန်မာပြန်ဆိုပါလျှင် "များစွာသောလူတို့၏ အစီးအပွားကို ဆောင်ရွက်သော ကြီးကျယ် မြင့်မြတ်သော တရားဟောဆရာ" ဟု အဓိပ္ပာယ်ရသည်။

"ဆရာတော်သည် ဤဘွဲ့ထူးကြီး၊ ဂုဏ်ထူးဝိသေသကြီးကို ထိုက်ထိုက်တန်တန် ရရှိခဲ့ခြင်း ဖြစ်ပေသည်၊ ဤကဲ့သို့ ထိုက်ထိုက်တန်တန် ရရှိခဲ့သည်ဟု ဆိုရခြင်းမှာလည်း အကြောင်းမဲ့ ဆိုခြင်း မဟုတ်ပါ၊ ဆရာတော် ဟောကြားတော်မူသော တရားတော်များ၏ တစ်စိတ်တစ်ဒေသဖြစ်သည့် "ကြောက်ရွံ့

ကင်းဝေး ငြိမ်းချမ်းအေး တရားတော်”ခေါ် ဤသုဗြဟ္မသုတ္တန်ကိုပင် သက်သေပြစရာ ရှိနေသည်။

ဤသုဗြဟ္မသုတ္တန်သည် အကြောင်းအရာအားဖြင့် ကြည့်ပါမူ ရှည်လျားကျယ်ဝန်းလှသည် မဟုတ်ပါ၊ ပါဠိဂါထာအားဖြင့် နှစ်ဂါထာမျှသာ ရှိသည်၊ နှစ်ဂါထာမျှသာရှိသော သုဗြဟ္မသုတ္တန်ကို တိပ်ခွေပေါင်း နှစ်ဆယ်ဖြစ်အောင် ဟောကြားခဲ့သည်ကို ကြည့်ရှုခြင်းအားဖြင့် ဆရာတော်၏ ပိဋကတ်ကျွမ်းကျင်မှု၊ နှံ့စပ်မှုနှင့် တရားဟော ပရိယာယ် ကြွယ်ဝမှုတို့ကို မှန်းဆ သိမြင်နိုင်ပေသည်။

မိမိသည် စာမူကို ကူးရေးရင်း ဂါထာပါဠိ နှစ်ဂါထာမျှသာ ရှိသော ဤသုဗြဟ္မသုတ္တန်ကို မည်သို့မည်ပုံ တိပ်ခွေနှစ်ဆယ်ဖြစ်အောင် ဟောခဲ့ပါသနည်းဟူသော ဆင်ခြင်စဉ်းစားမှုတွေ ဖြစ်ခဲ့ရသည်။

စာမူကို အချောကူးနေစဉ် ဆရာတော်ဘုရား၏ တရားဟောနည်း ဟောကွက်များက မိမိ၏ ညောင်းညာမှုကို မသိရလောက်အောင် ဆွဲဆောင်ခဲ့သည်။

## သုဗြဟ္မသုတ္တန်၏ လိုရင်းအချုပ်

ဤသုဗြဟ္မသုတ္တန်တစ်ခုလုံးကို ခြုံ သုံးသပ်ရမည်ဆိုလျှင် အကြောင်းအရာ အကျဉ်းချုပ်အားဖြင့် ပန်းပင်ပေါ်မှ နတ်သမီး ငါးရာ စုတေစိတ်ကျပြီး ငရဲရောက်နေသည်ကို တွေ့မြင်ရသော သုဗြဟ္မာနတ်သားနှင့် နောက်ပါနတ်သမီး ငါးရာတို့ (၇)ရက်နေပြီးလျှင် သူတို့လည်း ငရဲသို့ ကျရောက်ရမည်ကို သိရှိသည့်အတွက် သေခြင်းတရား၌ ထိတ်လန့်ပြီး ဘုရားထံမှောက်သို့ လာရောက်ကာ အကြောက်ကင်းကြောင်းတရားကို ဟောကြားပေးပါရန် တောင်းပန်သည့်အတွက် မြတ်စွာဘုရားက–

“နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယ သံဝရာ

နာညတြ သဗ္ဗ နိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ”ဟူသော ဂါထာကို ဟောကြားခဲ့သဖြင့် သုဗြဟ္မာနတ်သားနှင့် နတ်သမီးငါးရာတို့ သောတာပန် တည်သွားခဲ့ကြသည်။

ဗုဒ္ဓဟောကြားခဲ့သော ဂါထာတစ်ဂါထာလေးကို အကျယ်ချဲ့ထွင်ကာ ဝေဝေဆာဆာ တန်ဆာဆင်လျက် အကျယ်တဝင့် ဟောကြားခဲ့ခြင်း ဖြစ်သည်ကို တွေ့ရသည်။

## ဗောဇ္ဈင်ခုနစ်ပါးနှင့် ဣန္ဒြေထက်ကြောင်း

ဗောဇ္ဈင်အပိုင်းတွင် ဗောဇ္ဈင်ခုနစ်ပါးအနက် တစ်ပါးစီ၊ တစ်ပါးစီ၏ အနက်အဓိပ္ပာယ်ကို ယောဂီများ နားလည်လွယ်မည့် စကားတန်ဆာ ဥပမာများဖြင့် ဟောကြားထားသည်ကို တွေ့ရသည်။

ဣန္ဒြေအပိုင်းတွင်လည်း သဒ္ဓါ–သတိ–သမာဓိ–ဝီရိယ–ပညာ ဟူသော ဣန္ဒြေငါးပါးတို့၏ညီညွတ်မှု ရှိစေရန်၊ ဣန္ဒြေများ မညီမျှမှုကြောင့် ကောင်းကျိုး မပေးဘဲ ဆိုးကျိုးများကိုသာ ဖြစ်ပေါ်စေခဲ့သည့် ဝက္ကလိမထေရ်ဝတ္ထု၊ ရှင်သောဏမထေရ် ဝတ္ထုစသည်တို့ဖြင့် စိတ်တက်ကြွဘွယ်ရာ အတုယူစရာများကို ပါဠိတော်အဋ္ဌကထာများ ကိုးကားလျက် ကျယ်ကျယ်ပြန့်ပြန့် ရှင်းလင်း ဟောကြားထားသည်ကိုလည်း ကြည်ညိုဖွယ်ရာ တွေ့မြင်ရသည်။

ဆရာတော်သည် တရားအားထုတ်သော ယောဂီများ စိတ်ဓာတ်မကျဆင်းစေရန် တိုက်တွန်းရာတွင် ထိမိသော စကားလုံးများကို သုံးထားသည်ကို စိတ်အားတက်ကြွဖွယ်ရာ မြင်တွေ့ရမည်ဖြစ်သည်။

"လောကမှာ ဘွဲ့ဒီဂရီလေး တစ်ခုလောက်တောင်မှ ဆယ်နှစ်ဆယ်မိုး ကြိုးစားယူရတာ၊ သံသရာဝဋ်က ကျွတ်အောင် တရားအလုပ်လုပ်ပြီဆိုရင် နည်းနည်းတော့ ပင်ပန်းမှုရှိမှာပေါ့ဆိုပြီး ကိုယ့်ကိုယ်ကို အားပေးပြီးတော့ ဝီရိယဓာတ်တွေ ထက်မြက်လာအောင် ကြိုးစားပေးဖို့ လိုတယ်"

"ဘဝလွတ်မြောက်ရေး၊ ကာမကျွန်မှ လွတ်မြောက်ရေး၊ ခန္ဓာကျွန်က လွတ်မြောက်ရေး၊ တဏှာကျွန်က လွတ်မြောက်ရေး တိုက်ပွဲဖြစ်တဲ့ ယောဂီတွေရဲ့ တရားအားထုတ်တဲ့နေရာ ကိလေသာနဲ့ စစ်ခင်းတဲ့ စစ်တလင်း ဒီရိပ်သာကြီး ဆိုတာ ကိလေသာတွေနဲ့ စစ်တိုက်တဲ့ စစ်မြေပြင်ကြီးပဲ၊ စကြံလျှောက်ရင်းလဲသေသွားမယ်ဆိုရင် မြတ်သောသေခြင်း ဖြစ်တယ်"

"နိဗ္ဗာန် လိုချင်တဲ့စိတ်နဲ့ အားထုတ်၊ ပြန်ချင်တဲ့စိတ်နဲ့ အားမထုတ်နဲ့၊ ပျော်ချင်တဲ့ စိတ်နဲ့လဲ အားမထုတ်နဲ့၊ သက်သာခိုချင်တဲ့ စိတ်နဲ့လဲ အားမထုတ်နဲ့၊ နိဗ္ဗာန်လိုချင်တဲ့ စိတ်နဲ့ နိဗ္ဗာန်ဆိုတဲ့ ရှေ့ကိုမြော်ပြီးတော့ အားထုတ်ပေတော့"

"တရားအားထုတ်ရင် အပေါ်မော့ကြည့်ရတယ်၊ စီးပွားရေး လုပ်လို့ရှိရင် အောက်ငုံ့ကြည့်ရတယ်" အစရှိသည်ဖြင့် စိတ်ဓာတ် ကျဆင်းနေသော ယောဂီများ စိတ်အားထက်သန်လာစေရန် ခေတ်နှင့် လျော်ညီသော စကားလုံး

များနှင့် ထိထိမိမိ တိုက်တွန်း ဟောကြားထားသည်များမှာ ယောဂီများအဖို့ စိတ်အားတက်ကြွဖွယ်ရာပင်။

## ယောဂီဟောင်း/သစ်များအတွက်

ဤသုဗြဟ္မသုတ္တန်တရားတော်သည် တရား အားမထုတ်ရသေးသော ပုဂ္ဂိုလ်များအား အားထုတ်ချင်စိတ် ဖြစ်လာစေနိုင်သည်။

တရားအားထုတ်ပြီးသော ယောဂီများ တရားအားထုတ်စဉ် မိမိ၏ ပျော့ကွက် ဟာကွက်များကို သိမြင်နိုင်ပြီး လိုအပ်သည်များကို လမ်းညွှန် ဖြည့်ဆည်းပေးနိုင်လိမ့်မည်။

ဓမ္မကထိက အရှင်မြတ်များအတွက် ခက်ခဲနက်နဲသော အဘိဓမ္မာ သဘောတရား၊ ဗောဇ္ဈင်္ဂဒေသနာတရားများကို လွယ်ကူစွာ ဖတ်ယူနိုင်ကြပြီး ကျမ်းကိုး ကျမ်းကား ပါဠိတော် အဋ္ဌကထာ၊ လင်္ကာဆောင်ပုဒ်များကို မပင်ပန်းဘဲ လွယ်လင့်တကူ ထုတ်နုတ်သုံးစွဲနိုင်ကြမည် ဖြစ်ပေသည်။

သုဗြဟ္မသုတ္တန်တရားတော်သည် ဘဝလွတ်မြောက်ရေးကို ကြိုးစားကြရာတွင် များစွာ အထောက်အကူပေးမည့် အဖိုးတန်စာအုပ်တစ်အုပ် ဖြစ်ပေလိမ့်မည်၊ ဗုဒ္ဓ၏တရားအဆီအနှစ်များကို သောက်သုံးလိုသည့် ပုဂ္ဂိုလ်များ အတွက် ဤသုဗြဟ္မသုတ္တန်ကို ဆောင်ထားခြင်းဖြင့် မိမိတို့၏ လိုအင်ဆန္ဒများ ပြည့်ဝစေနိုင်ပေလိမ့်မည်။

သံသရာလွတ်မြောက်ရေးလမ်းစဉ်ကို ကြိုးပမ်းကြရာတွင် ဤသုဗြဟ္မသုတ္တန်တရားတော်သည် အဆင့်မြင့်နည်းပညာ အပေးနိုင်ဆုံးနှင့် ခေတ်မီရေပန်းအစားဆုံး ဖြစ်လိမ့်မည်ဟု ယုံကြည်နေမိပါတော့သည်။

တပည့်
အရှင်အာစိဏ္ဏ
နိုင်ငံတော် ပရိယတ္တိ သာသနာ့တက္ကသိုလ်
မန္တလေးဆောင်
ကမ္ဘာအေး၊ ရန်ကုန်မြို့။
၁၃၅၄-ခု၊ နှစ်ဆန်း(၁)ရက်၊ (၁၆-၄-၉၂)။

## တောင်တွင်းကြီးမြို့ မဟာစည်ရိပ်သာဆရာတော်၏ ပေါ်ပသဃိက ဖော်ညွှန်းလွှာ

ဤသုဗြဟ္မသုတ္တန်တရားတော်ကို ဉာတိဗျသနကြောင့် တွေ့ကြုံရဆဲ ကြောက်ရွံ့မှုနှင့် တွေ့ကြုံရမည့် ကြောက်ရွံ့မှု၊ စိတ်ခြောက်ခြားမှု နှစ်မျိုး အပါအဝင် မကြာမီ မိမိပါ သေပြီး ငရဲကျမည့်ဘေးကြီး နီးကပ်နေသည်ကို အတတ်သိမြင်၍ မရွှင်မလန်း ဗလောင်ဆူ အပူမီးကြီး ဒဏ်ခံနေရရှာသော သုဗြဟ္မာနတ်သားအား မြတ်စွာဘုရားက ဟောကြားတော်မူခဲ့သည့် "ကြောက်ရွံ့ခြင်းကင်းဝေး ငြိမ်းချမ်းအေး ဆေးကောင်းတရားတော်" ဆေးကျော်တစ်လက် ဖြစ်ပါသည်။

မှန်ပါ၏၊ "ဤတရားက သုဗြဟ္မာနတ်သားနှင့် နောက်ပါ နတ်သမီးငါးရာကို ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်း အေးဆေးရုံမျှမက မကြာမီ နတ်ပြည်မှ စုတေ၍ ငရဲသို့ ကျရောက်ရမည့် ဆင်းရဲကြီးပါ ပျောက်ကင်းစေ၍ ခံစားမြဲနတ်စည်းစိမ်ကို ထာဝရ ဆက်လက်တည်မြဲစေသည်"ဟု ကျမ်းဂန်၌ ဖော်ပြပါ၏။ (ဒီ–၄–၂–၃၄၂)

## ဂန္ဓဝင်မြောက် တရားစာအုပ်

ထိုတရား၏အဖြေဂါထာကား (၈)လုံးဘွဲ့ (၄)ပါဒ၊ စာလုံးရေ ၃၂–လုံးတိတိ ရှိပါ၏၊ (နာညတြ ဗော ့ တပသာ) အစရှိသော ဂါထာတိုလေး ဖြစ်ပါ၏၊ ဓမ္မကထိကလေသံ ပီပြင်စွာ သံရှည်ဆွဲ၍ ရွတ်ဆိုပါမှ ဆယ်စက္ကန့်လောက်သာ ကြာရာပါ၏၊ ညောင်ကန်အေးဆရာတော်ကား ၃၂–လုံးသာရှိသော ထိုဂါထာကို ရက်ခြား ၂၀–ရက် ၂၀–နာရီကြာအောင် ဟောထားပေသည်။

၈–စက္ကန့်ကြာ အဖြေဂါထာကို စက္ကန့်ပေါင်း ၇၅၆၀၀– ခုနစ်သောင်း ငါးထောင် ခြောက်ရာထက်မနည်း ကြာအောင် ဟောထားပေသည်၊ အံ့ဖွယ် ရှိပေစွ၊ ပင်ပန်းမှုကို ဂရုမထားဘဲ ဤမျှလောက် စုံစွာ ကျယ်စွာ ဟောကြားထား သည့် ဂန္ထဝင်မြောက်တရားတော်စာအုပ်တစ်အုပ်ကို“ ရှည်သဟေ့၊ ဓမ္မကထိက ပီသဟေ့”ဟု ပြောကြားမည်ကို သံသယကင်းစွာ ကြိုတင်၍ ယုံထားပါသည်။

## ပရိယတ်တွင် ပခုက္ကူ၊ ပဋိပတ်တွင် မဟာစည်မူ

ဆရာကောင်းထံ နည်းမှန်စည်းမှန် ဝိပဿနာဉာဏ် ခေါင်ထိပ်ရောက် ပေါက်မြောက်သူတို့ကား ဟောကြားထုတ်ဝေသူ ညောင်ကန်အေး ဆရာတော်၏ သုပြဟ္မ သုတ္တန် တရားတော်ကို “လေးနက်သဟေ့၊ စုံလင်သဟေ့၊ ရှင်းသဟေ့၊ ကောင်းသဟေ့”ဟု ချီးမွမ်း ထောပနာပြုကြမှာကိုလည်း ကြိုတင်၍ပင် ယုံ ထားပါသည်။

ဤစာအုပ်သည် အဆံမပါသော သကြန်အမြောက်ပမာ အနှစ်သာရ ကင်းမဲ့စွာ ရှည်လျား ထူထဲနေခြင်း မဟုတ်ပါ၊ ဘုရားဟောတရား ကျဉ်းလွန်း၍ အဋ္ဌကထာဆရာတော်က ဖောချွင်ပွားနည်း စသည်ဖြင့် အကျယ်ကြီး ရေးပြ ထားသည်ကိုလည်း ကြည့်ပါ၊ ထောက်ပါဦး။

“အယျမိတ္တ ထေရောဝိယ (ဒီ–ဋ္ဌ–၃၇၉)”၊“သောဏတ္ထေရဿ ဝတ္ထု ဒသေတဗ္ဗံ (ဒီ–ဋ္ဌ–၃၇၇)”ဟု ဖော်ပြပြီး အထက်ပါအဋ္ဌကထာ၏ ညွှန်းချက် အကျဉ်းကို ဆိုလိုရင်း ပေါ်အောင် ဝတ္ထုဇာတ်လမ်းအကျယ်ကို ဟောပြောသူတိုင်း ထုတ်ဖော် ဟောရသောကြောင့် ရှည်လျားသွားရသည် ဟူ၍လည်း နားလည် သဘောပေါက်ကြပါလေ။

တိုဂါထာ၌ ပါဝင်သော **ဖောချွင်စသော တရားများ** ပွားပုံ ပွားနည်း တို့ကို–

(၁) နိကာယသာဂရ ပါရဂူ၊ ဗုဒ္ဓမတ္တညူကို စံရာ **ပခုက္ကူမြို့ မဟာ ဝိသုတာ ရာမတိုက်ကြီး**တွင် စာပေ သင်ကြားစဉ်က **ဂဏဝါစက ဆရာတော် ဦးကုသလ** အစရှိသော မဟာထေရ်တို့ထံ၌ ဆိုဝါ၊ လိုက်ဝါ နှစ်မျိုးလုံးဖြင့် စာပေ နိကာယ် ပင်လယ်ကြီးတွေကို အစုန်အဆန် ကူးခတ်ခဲ့ဖူးသောကြောင့် လည်းကောင်း၊

(၂) ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာတွင် နာယကဆရာတော် အရှင်ပဏ္ဍိတာဘိဝံသ(ယခုအခါ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ)၏ အထံတော်၌ ဉာဏ်စဉ်နာခွင့် ရသည်အထိ သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်ပြီးသည့်နောက် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားထားသော ဓာတ်ချင်တရားများ ပွားပုံ ပွားနည်း အပါအဝင် တရားတော်များကို နာကြားကြည့်ရှု ကျက်မှတ်ပြီးလျှင် ဟောကြားခွင့်ရသောကြောင့်လည်းကောင်း၊ စာတွေ့လက်တွေ့(ပွားတွေ့) နှစ်ရပ် ပေါင်းစပ်တတ်သူ ဖြစ်၍ လည်းကောင်း၊ ဘောင်စည်းမလွန်ဘဲ ချဲ့ထွင် ဟောပြောနိုင်လေသည်။

သတိပဋ္ဌာန်နည်းကို ပိုင်နိုင်စွာ ဟောတတ်သည်ကား ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ဟောပြောနည်းကို လက်ဆုပ်လက်ကိုင် ပိုင်ပိုင် ရထားသောကြောင့်ဟု ဆိုပချေသော် မှားအံ့မထင်။

မဟာစည်နည်းကို အားထုတ်ပြီးသူတိုင်း ဤသို့ ရှည်လျားစုံလင်စွာ ဟောနိုင်ကြပါသလော၊ စောကြောလာပါမူ "မဟောနိုင်ကြပါ"ဟု ဖြေစရာ လိုမည် မထင်ပါ၊ သိသာလှပါ၏။

ပင်ကိုယ်စွမ်းရည်ပါလာသူတွေသာ ဟောနိုင်ကြပါ၏၊ ရဟန္တာအများထဲတွင် ဟောနိုင်စွမ်းရှိသူ- မရှိသူတို့ ခြားနားနေသည်ကို စာရှုသူ သိပြီး ဖြစ်ပါလိမ့်မည်။

## ဘုရားကြည်ညိုသူများအတွက် ဘုရားရှိခိုး နှစ်ဆယ့်တစ်ပုဒ်

ညောင်ကန်အေး ဆရာတော်သည် ဘုရားကြည်ညို၍ ဘုရားရှိခိုးလိုသူ၊ ဝတ်အသင်းသူ ဝတ်အသင်းသားများနှင့် ညီတော်၊ နောင်တော်၊ ဟောဖော် ဟောဖက် ဓမ္မကထိက လက်ဟောင်း လက်သစ်များအတွက် ပဏာမဘုရားရှိခိုး နှစ်ဆယ့်တစ်ပုဒ်ကိုလည်း ထည့်သွင်း ဖော်ပြထားပေသည်။

ထိုဘုရားရှိခိုးများကား ညောင်ကန်အေးဆရာတော် ငယ်စဉ်မှစ၍ ရွတ်ဆို ဟောကြားလာခဲ့သော အနဂ္ဃသာရ မဥ္စရီကျမ်းပြု အရှင်နာဂဝံသ၏ လက်ရာ၊ဘာသာဋီကာကျမ်းပြုအကျော်အမော် အမရပူရ မဟာဂန္ဓာရုံ အရှင် ဇနကာဘိဝံသ၏လက်ရာများ၊ကမ္ဘာ့သာသနာပြု ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး၏လက်ရာများ၊ဟောကြားစဉ်က မပါဝင်ခဲ့သေးဘဲ စာမူတည်း

ဖြတ်သောအခါတွင် ထပ်မံထည့်သွင်းလိုက်သော ကဗျာစုံ စာစုံ ကျမ်းစုံကျမ်းတတ်အကျော် မန္တလေးဆီးပန်းနှီဆရာတော်ဘုရားကြီး၏ လက်ရာများ၊ ပခုက္ကူမြို့ အဂ္ဂမဟာပဏ္ဍိတ ဂဏဝါစက ကျမ်းတတ်အကျော် ဆရာတော်ကြီးများ၏ လက်ရာများ၊ ဗုဒ်အစ ဗုဒ်အလယ် ဗုဒ်အဆုံး ဆိုထုံးပြု ဂုဏ်တင်ရသော မြန်မာနိုင်ငံ အင်းဝခေတ် ဘကြီးတော်ဖလ်နန်းရှင်မင်းတရားကြီးနှင့် နန်းမတော် မယ်နုတို့ ကိုးကွယ် ဆည်းကပ်ခဲ့ကြသော အင်းဝအုတ်ကျောင်း ညောင်ကန်ဆရာတော် ဦးဗုဒ်အရှင်မြတ်ကြီး၏ လက်ရာများ ဖြစ်ကုန်၏။

## ညောင်ကန်အေး စွမ်းရည်

ညောင်ကန်အေးဆရာတော်၏ ပင်ကိုယ်စွမ်းရည်ကား–

၁။ မြည်ဟိန်း၍ အသံဆွဲတိုင်း ရခြင်း၊

၂။ ကျန်းမာရေး ခိုင်မာသန်စွမ်းခြင်း၊

၃။ အအိပ်နည်းပါး လှုပ်ရှားထကြွ လုံ့လရှိခြင်း၊

၄။ သုတဆည်းပူးတတ် စာရေးတတ်၍ စာအုပ်ထုတ်ဝေရခြင်း၊

၅။ တရားဟော ဝါသနာပါရင်း ရိုက်ာ ဒေတနာ ထက်သန်ခြင်း၊

ဤငါးချက်ကို ဤနိဒါန်းရေးသူ တွေ့မြင်သိရှိပါ၏။

## ငယ်ဆရာတော်၏ လမ်းညွှန်စကား

“လူဆိုတာ သစ်ပင်လိုပေါ့၊ ငယ်တုန်းတော့ မခိုင်ပါ၊ မပေါ်လွင်၊ ကြီးလာတော့– ဟောဟိုမန်ကျည်းပင်ကြီးလိုပေါ့၊ အရွက်တွေ အပွင့်အသီးတွေ အခေါက်အမြစ်တွေကို လိုချင်သူတို့အား ပေးနိုင်ပြီး အခက်အလက် ဖွံ့ကားစွာ အရိပ်ကြီး ဝေဆာလျက် လေလာလဲ မလဲတော့ဘူး။”

တောင်တွင်းကြီး ရတနာဒေဝီကျောင်း–ငယ်ဆရာတော် အရှင် ကုသလ မထေရ်က ပထမကြီးအောင်၍ မန္တလေး မစိုးရိမ်တိုက်ကြီးသို့ သွားခါနီး ဤနိဒါန်းရေးသူကို ပေးလိုက်သော ဩဝါဒလမ်းညွှန် ဖြစ်ပါ၏၊ ငယ်ရွယ်သူတွေ မှတ်သားလိုက မှတ်သားနိုင်ရန် ထည့်သွင်း ဖော်ပြလိုက်ပါ၏။

## ညောင်ကန်အေးဆရာတော်- သစ်ပင်ကြီး

၁။ မုံရွာ၊ မန္တလေးနေစဉ်က ညောင်ကန် အရှင်ဣန္ဒကသည် သစ်ပင်ကလေး ဖြစ်ပါ၏။

၂။ (က) ပခုက္ကူ မဟာဝိသုတာရာမတိုက်ရောက်၍ ဆိုဝါဖြင့် ချိုးမြှောက်ခံရသောအခါ၊

(ခ) ဆောင်းပါးများကို ကြိုကြားကြိုကြား ရေးထည့်နေသောအခါ ဤအခါတွင် သန်မာနုပျိုသော သစ်ပင်တစ်ပင် ဖြစ်လာ၏။

၃။ (က) နိကာယ်စာကြီးများကို 'ကြောင်ပုစွန်စား ကျွတ်ကျွတ်ဝါးသို့' စာပေအား ကြီးလာလေရာအခါ၊

(ခ) မဟာစည်ရိပ်သာကြီး၌ တရားအားထုတ်၍ ဉာဏ်စဉ်နာခွင့်ရလေရာအခါ၊

(ဂ) မဟာစည်နယ်လှည့် ဓမ္မကထိက အဖွဲ့ချုပ်ကြီး၏ အကျိုးတော်ဆောင် ဖြစ်လေရာအခါ ဤအခါများရောက်သော် သာယာတင့်တယ် ရှုချင်စဖွယ် သစ်ပင် ဖြစ်လာ၏။

၄။ မန္တလေးရတနာပုံ ရိပ်သာသို့လည်းကောင်း၊ အင်္ဂပူမြို့၊ မဲဇလီကုန်းသို့ လည်းကောင်း၊ ပုသိမ်ဘုံကျော်ရိပ်သာသို့ လည်းကောင်း၊ အင်းလေးအရှေ့ဘက်ကမ်း အင်ကြင်းကုန်းရိပ်သာသို့ လည်းကောင်း၊ မဟာစည်ဆရာတော်ကြီး စေလွှတ်ရာ ဘယ်ခါမငြင်း ရဲတင်းစွာ ဆောင်ရွက်နေသောအခါက ညောင်ကန်အရှင်ဣန္ဒကာဘဝသာ ဖြစ်သေး၍ အပွင့်အသီးတွေ ပေးနိုင်၊ အရိပ်ကိုလည်း အနည်းငယ် ပေးနိုင်၍ သစ်ပင်ကြီးတွင် စာရင်းဝင်လာတော့၏၊ သို့သော်လည်း ငှက်တစ်သောင်းကားမခိုသာသေး၊

၅။ ဘုန်းကံအလျောက် ညောင်ကန်အေးရိပ်သာ ပေါ်ပေါက်လာသောအခါ တပည့် ကမ္မဋ္ဌာနာစရိယတွေ၊ ဓမ္မကထိကဟောင်းတွေ၊ ကျောင်းခွဲတွေ အလျှိုလျှို ပေါ်ပေါက်လာနေရာ ဤအခါ၌ကား--

(က) ညောင်ကန်အေးဆရာတော်

(ခ) ထိုမှ နိုင်ငံခြားပြန်ဆရာတော်

(ဂ) အင်္ဂလန်ပြန် ဆရာတော်

(ဃ)'မဟာဓမ္မကထိက ဗဟုဇန ဟိတဓရ'ဘွဲ့ရ ဆရာတော်

ဤသို့အားဖြင့် တစ်ဆင့်ထက်တစ်ဆင့် မြင့်ထက်မြင့်၍ တင့်တယ်လာသောကြောင့် အရွက်တွေ၊ အပွင့်အသီးတွေ၊ အခေါက်အမြစ်တွေကို လိုချင်သူတို့အား ပေးနိုင်လေသည်၊ ပေးလည်းပေးနေသည်၊ အခက်အလက် များစွာဖြင့် အရိပ်ကြီး ဝေဆာနေပြီဖြစ်၍ ခိုမှီလာသူတို့ကို သစ်ပင်ရိပ် အေးဆေးသည်ထက် သာလွန် ကောင်းမွန်သော သတိပဋ္ဌာန်ရိပ်အေးကြီးကို အားရပါးရ တစ်ဝကြီး ပေးလျက်နေပါသည်၊ ငှက်တစ်သောင်းတို့ ကောင်းကောင်းကြီး ခိုနားနေနိုင်ပါပြီ။

သူ၏သစ်ပင်ရိပ်ကြီးတွင် ခိုဝင်နေသူတို့အထဲ၌ ယခုအခါ အသက်(၇၅)နှစ် ရှိနေပြီဖြစ်သော မယ်တော်ကြီးဒေါ်ပွဲဟန်ကား သားအရိပ်၊ ဘုရားအရိပ်မှာ သတိပဋ္ဌာန်ဆေးများကို စားသုံးပြီး စားသုံးဆဲ ခိုဝင်နေသူဖြစ်၍ ပီတိလွှမ်းဖုံး အအေးမြဆုံးပြစ်မှာ သေချာပါသတည်း။

## နိဒါန်းမူလ မဟာစည်

'နိဒ္ဒါတိ ဒေသကာလာဒိ ဝသေန ဒေသနာ အဝိဒိတံ၊ ဝိဒိတံ ကတွာနိ ဒဿေတီတိ နိဒါနံ' ဝိဂြိုဟ်ပြုချက်ကို အနက်ပြန်ဆိုပါအံ့။

'သက်ဆိုင်ရာ ကျမ်းစာများ၊ သမိုင်းရာဇဝင် စသည်တို့ကို မသိသာသည်ကို-သိသာ ထင်ရှား ပေါ်လွင်အောင် ရေးသား တင်ပြသော စကားရပ်အားလုံးသည် နိဒါန်းမည်ပါ၏။

ထိုဝိဂြိုဟ်အရ ကာလာဒိဝသေနတွင် အာဒိဝန်အရ (ကာရက=)၊ ဒေသက= ပြုစုဟောပြောသူ ညောင်ကန်အေးဆရာတော်ကို သင့်တင့်ရုံမျှ ဖော်ပြပြီး ဖြစ်လေပြီ၊ ဒေသကာလများကို ဆိုရန်ကျန်နေပါ၏၊ ဆက်၍ဆိုပါအံ့၊ ဟောစွမ်းနိုင်သော ဒေသကဖြစ်ငြားသော်လည်း-

၁။ ဒေသ(=ဌာန) ၂။ ကာလ(=အချိန်အခါ) ၃။ ဓမ္မပဋိဂ္ဂါဟိက(= တရားနာပရိသတ်)တို့ကိုလည်း ကြည့်ရှုချိန်ဆ၍ ပါးနပ်စွာ ဟောတတ်သူသာ အလိုက်သိသော-ခေတ်မီသော ကောင်းသော ကိုယ်တော်ထဲတွင် ပါဝင်၏။

အလိုက်မသိဟောသော ရော်သောကိုယ်တော် ဖြစ်၍ ယပ်ပိတ်ဟောပုံပြင်ထဲ ဝင်သွားကာ (ဓိဂ္ဂာ ဒီဃ)လျှာရှည်ဘွဲ့ အပေးခံရလတ္တံ့။ ထိုဘွဲ့မှ လွတ်သင့်ပုံကို ဆက်ရှုပါ။

၁။ ဒေသကား ရန်ကုန် မဟာစည်ရိပ်သာပင်မကြီး၊ ဖလ်ယဥ်ဓမ္မာရုံ၊
၂။ ကာလကား မဟာစည်ရိပ်သာ နာယက၊ အလှည့်ကျတာဝန် ထမ်းဆောင်နေစဉ် နေ့လယ်(၂)နာရီမှ (၃)နာရီထိ၊ (၁)နာရီ အတိအကျ ဟောရသောအခါ-
၃။ ဓမ္မပဋိဂ္ဂါဟိက တရားနာပရိသတ် နေ့စဉ်(၅၀၀)ခန့်၊

ဤနေရာ၌ တရားနာပရိသတ်တို့၏ စွမ်းရည်ဂုဏ်ကို ဖော်ပြဆိုပါ၏၊ 'ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည်'ဟု ဆောလျင်စွာ မသတ်မှတ်လိုက်ပါနှင့်၊ ဤစာရှုသူကိုယ်တိုင် တကယ်တမ်း တရားအားထုတ်ခဲ့ဖူး၍ ထိုတရားနာ ပရိသတ်တွင် ပါဝင်ဖူးပါမှ ပေါ်ပြလတ္တံ့ပရိသတ်ကို လက်ခံယုံကြည်မှာပါ။

တရားနာပရိသတ်သည် နက်နဲသော(ဂမ္ဘီရ)ပရိသတ်ပါ၊ သုညတ ပဋိသံယုတ် အမှန်ဟုတ်သော လောကုတ္တရာတရားများကို မှတ်သားသင်အံ ကျင့်ကြံရန် စိတ်ထားဖြင့် လေးလေးစားစား တရားနာယူနေသော ပရိသတ်ပါ။

ပဋိပုစ္ဆာ ဝိနိတာ,နောဩက္ကာစိတ ဝိနိတ ပရိသတ်ပါ၊ သိက္ခာဝါတော် ၅၀–ကျော်မထေရ်ကြီးတွေပင် ပါဝင်တတ်၍ 'ဓမ္မာစရိယ'၊'ဝိနယဓရ'၊ကောဝိဒ' ဘွဲ့ရထေရ်ငယ် ထေရ်လတ်တွေ ပါဝင်သော သံဃပရိသတ်ပါ၊ ထိုပရိသတ်သည် ဉာဏ်စဉ်နာခွင့်ရပြီး ဖြစ်၍ နာခါနီး အားထုတ်ဆဲ ယောဂီပရိသတ်ပါ၊ သတိပဋ္ဌာန် သာသနာပြုလျက်နေရန် လေ့လာ မှတ်သား ကျက်ဆောင်နေသော ပရိသတ်လည်း ဖြစ်ပါသည်၊ အမျိုးသား အမျိုးသမီး တရားနာ ပရိသတ်လည်း ထိုနည်းတူ ယောဂီတွေပင် များပါသည်။

## ဒေသက (ဟောသူ)၏ စိတ်ထား

ဤမျှရင့်ကျက်သူပါဝင်သည့် များပြားလှသောပရိသတ်ကြီးကို ဟောလိုသူတိုင်း ခွင့်မပြုပါချေ၊ တကယ်တမ်းအားထုတ်ဖူးသူ ဖြစ်စေဦးတော့၊ ပရိယတ်အစွမ်းနှင့် ဟောနိုင်စွမ်းရှိသူတို့သာ ဟောခွင့်ရကြသည်၊ ဤစနစ်ဤမှုကို သိထားပြီး ရှိကြသည့်အတိုင်းကျမ်းဂန်စုံကို လေ့လာ အရကောက်ပြီးလျှင် (၁)တရားအားထုတ်နေသောယောဂီများ ရှင်လန်း တက်ကြွစေရန်၊(၂) အသိရှင်းကာ ဝိပဿနာဉာဏ်အားလုံး ပြည့်စုံစေရန် မြင့်မြတ်သော စိတ်ထားဖြင့် ဟောကြားသည်သာ များပါ၏။

ထိုကဲ့သို့သောရဟန်းတော်တို့တွင် ဒေသက ညောင်ကန်အေး ဆရာတော်သည် ရှေ့တန်းက ပါဝင်၏၊ တခြားသူတို့ထက် ရည်ရွယ်ချက်တစ်ခုကား သူ့မှာရှိနေ၏၊ ထိုအချက်ကား ဤသုဗြဟ္မသုတ္တန်တရားတော်ကို တစ်နေ့နေ့ တစ်ချိန်ချိန်မှာ စာအုပ်ထုတ်ဝေမည်ဟူသော ရည်ရွယ်ချက်ဖြစ်ပါ၏၊ သူကား 'ညောင်ကန်အေး ဆရာတော်'ဟု မထင်ပေါ်မီကပင် စာအုပ်ပေါင်း (၃၀)ကျော်ကို ပုံနှိပ်ထုတ်ဝေရဲကာ ထုတ်ဝေပြီးသူ ဖြစ်သောကြောင့် စာအုပ်ထုတ်ဝေရန် နည်းနည်းမျှ လက်မတွန့်တော့။

ပဋ္ဌာန်တွ ဖော်ထုတ် အချုပ်ကို ဆိုရသော် မဟာစည်ဆရာတော်ကြီး တရားချီးမြှင့်လေ့ရှိရာ ဖလ်ယဉ်ဓမ္မာရုံကြီး၌ မဟာစည်သာသနာ့ရိပ်သာ နာယကတာဝန်ကြီးကို ထမ်းဆောင်နိုက် ဘာဝနာမယဉာဏ်ရင့်ရင့်၊ မြင့်မြင့် ပရိယတ်ဘက်က ထိပ်တန်းဝင် ရဟန်းရှင်လူအများ ယောဂီများ အနည်းဆုံး (၃၀၀)ကျော်ရှိ ပရိသတ်ကြီးကို သဒ္ဓါတရားပြည့်တင်း အသိရှင်း၍ ရည်ရွယ်ရင်းဉာဏ်သို့ အမြန်ရောက်စေရန် ထက်သန်သောလုံ့လဖြင့် ၁၀–စက္ကန့်ကြာမျှ ဟောခဲ့ရင်း ဂါထာတစ်ပုဒ်ကို (၂၁)နာရီကြာ ဟောတတ်၍ ဟောထားသောကြောင့် စာမျက်နှာ (၃၉၃)ဤမျှလောက် များသွားလေသည်၊ ရှည်လျားခြင်းဖြစ်ပေသည်ဟု ဆိုလိုပါသည်၊ ရှည်ကိုရှည်လွန်းပါတယ်ဟု မပြောမိလေအောင် ဝိသုဒ္ဓိမဂ် မူတည်ရင်း ဂါထာနှင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာကို ထင်မြင် တလှည့်ပြန်၍ကြည့်ပါလေဦး။

## "မှတ်ကျင့်ဖွယ် ထူးခြားချက်များ"

'နိဒါနီတိ' အစရှိသော ဝိဂြိုဟ်၌ အာဒိဝန်အရ ကျန်သေးသည်ကား. သုဗြဟ္မသုတ္တန်တရားတော်၏မဟာစည်ဟောနည်းစနစ်အရ–(၁) အနှစ် အသားများများ ပါပုံ(၂) သတိပဋ္ဌာန်အားထုတ်ချင်အောင် ဖြစ်လာနိုင်ပုံ (၃)အားထုတ်နေသူများ ရက်,လ တိုး၍ အားထုတ်ချင်အောင် သဒ္ဓါတရား တိုးပွားလာစေပုံ–(၄) တကယ်တမ်းအားထုတ်သူများ အပါယ်ဘေးဆိုးကြီး မှ တစ်သံသရာလုံး လွတ်မြောက်သွားနိုင်ပုံ='ဒေသေတဗ္ဗာ ကာရ'ဖြစ်ပါ၏၊ ထိုအချက်ကို အနည်းငယ် ဖော်ပြရမည်။

(၁) ‘ဝေဒနာ ပစ္စယာ တဏှာ’အရ (သုခ) ဝေဒနာကြောင့် တဏှာဖြစ်ပုံကို ရှင်လူအကုန် လက်ခံကျေနပ်ကြ၏။(ဒုက္ခဝေဒနာကြောင့် တဏှာ (လိုချင် လောဘ) အဘယ်သို့ ဖြစ်ပါလိမ့်ဟု တွေးမိသူတို့အတွက် ဒုက္ခဝေဒနာကြောင့် တဏှာ ဖြစ်ပုံကို စာမျက်နှာ(၃၇၅)က ရှင်းပြထားသည်။

(၂) တရားအားထုတ်နေစဉ်က မတွေ့စဖူး အထူးအရသာ ငြိမ်းအေးချမ်းသာကောင်းကို တွေ့ရ၍ ‘နိဗ္ဗာန်သို့ရောက်တယ်ဆိုတာ ဒါမျိုးပဲ’ ထင်မိကာ ပီတိအဟုန်လွှမ်း ဆိထိငွမ်း ဖြစ်နေခိုက် ဝိပဿနာဝါရင့် ဒကာကြီးတစ်ဦးကို ညောင်ကန်အေးဆရာတော်က တိတ်တခိုး တရားမေး ဆွေးနွေး ကြည့်ခဲ့မိ၏၊ ကိုယ်တွေ့ဖြစ်ရပ်ကလေးတစ်ခုကို စာမျက်နှာ(၃၂၇)၌ ဖော်ပြထားပါသည်။

(၃) လျော့ရဲစွာ အားထုတ်နေသော ယောဂီများ နဂါးယောဂီ မဖြစ်စေရန် စာမျက်နှာ(၂၈၇)၌ ရှုပါ။

(၄) သတိပဋ္ဌာန်တရားနှင့် ဝေးကွာလွန်း နေသူတို့အတွက် အခြေခံကျကျ ရှုမှတ်နည်းများကို ၂၀-၁၊ ( ၂၁-၂) ၁၅၄၊ ၂၂၃၊ ၂၃၅၊ ၂၆၂။

(၅) အလယ်ပိုင်း ဉာဏ်ရောက်ယောဂီတွေ သဒ္ဓါတိုးပြီး ရက်တိုး အားထုတ်ရန် အသိအမြင်ထူး၊ အတွေ့ထူးများကို (နှာ- ၃၇၂ )၌ ရှုပါ။

(၆) အထက်တန်းယောဂီများ၏ တရားတွေ့လျှင် နိဗ္ဗာန်နှင့် နီးနီးသွားသော ဉာဏ်များ ဖြစ်ပေါ်ပုံကို စာမျက်နှာ( ၃၇၇ )၌ ရှုပါ။

ဤတရားတော်၌ နိဗ္ဗာန်နှင့်ဆိုင်ရာ (နာညတြ သဗ္ဗ နိဿဂ္ဂါ-ပါဒ) ကို ဟောပြောရာတွင် အကျဉ်းချုံးဟောထားသည်ကို တွေ့ရပေသည်၊ အကြောင်းကား ‘မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာ’ စာတန်းနှင့်အညီ မဟာစည်ဆရာတော်၏ ဩဝါဒကို ခံယူထားသောကြောင့်ပါတည်း။

## မဟာစည်ဩဝါဒ

"နိဗ္ဗာန် အကြောင်းတွေကို သိပ်ဟောမနေနဲ့၊ သတိပဋ္ဌာန်တရားကို အားထုတ်ချင်အောင် စွမ်းသမျှ ဟောပြောပေါ့၊ စွမ်းအားရှိသမျှ ဟောပြောပါလျက် အားမထုတ်လဲ ဘယ်တတ်နိုင်မှာတုံး။"

ဤဩဝါဒကား ဤနိဒါန်းရေးသူကို အင်းလေးဒေသသို့ ကမ္မဋ္ဌာနာစရိယအဖြစ် စေလွှတ်စဉ် မဟာစည်ဆရာတော်ဘုရားကြီး၏ဩဝါဒ ဖြစ်ပါ၏။

ထိုဩဝါဒမျိုးကို ညောင်ကန်အေးဆရာတော်လည်း ရရှိဖူးပါလိမ့်မည်၊ အကြောင်းကား အမြို့မြို့ အရွာရွာသို့ မဟာစည်ဆရာတော်ဘုရားကြီးနှင့်အတူတူ အကြိမ်ကြိမ် သာသနာပြုခရီးသွားခဲ့ဖူးသူ ဖြစ်သည်၊ မဟာစည် ဆရာတော်ဘုရားကြီး စေလွှတ်ရာအရပ်ရပ်သို့ သွားရောက် ဝန်ဆောင်ခဲ့ဖူးသူ ဖြစ်သည်၊ ထို့ကြောင့် နိဗ္ဗာန်ရေးရာ၌ အကျယ်မဟောခြင်း ဖြစ်ပေမည်။

နိဗ္ဗာန်၏သဘော နိဗ္ဗာန်၏သုခကို 'နာညတြ ဗောဇ္ဈာ တပသာ' အစရှိသော ဤဂါထာဖွင့် သံယုတ်အဋ္ဌကထာ၌ 'သဗ္ဗနိဿဂ္ဂါတိ- နိဗ္ဗာ နတော (သံ-ဋ္ဌ-၁၀၄)'ဟု ကျန်မနေရုံ တိုတိုကလေး ဖွင့်ပြသကဲ့သို့ ညောင်ကန်အေး ဆရာတော်ကလည်း ချန်မထားလို၍ တိုတိုပဲ ဟောပြောပြီးလျှင်'နိဗ္ဗာန်အကြောင်းကို စုံစုံလင်လင် သိမြင်လိုပါက ကျေးဇူးရှင် မဟာစည်ဆရာတော်ကြီး ပြုစုတော်မူတဲ့ 'ဝိပဿနာရှုနည်းကျမ်း ဒုတိယတွဲ၌ ကြည့်ရှု လေ့လာနိုင်ပါတယ်၊'ဟု ညွှန်ပြကာ တရားနိဂုံး ဆုံးထားသည်ကို တွေ့ရသည်။

## သုတတိုးပွား ကောင်းကျိုးများကြပါစေ

ယောနိသော မနသိကာရ-ဖြင့် ကြည့်ရှု မှတ်သား ပွားများကြသော သုတဂဝေသီများ အထူးအားဖြင့် စာပေပညာရှင် ယောဂီသူတော်စင်တို့၌- ဤသုဗြဟ္မသုတ္တန်တရားတော်-က သုတတိုးပွား ကောင်းကျိုးများဖြင့် ဖြစ်ထွန်းစေပါလိမ့်မည်။

'မဟာမေ့ကထိက ဗဟုဇန ဟိတရေ'ဘွဲ့ကို မရသေးခင် အင်္ဂလန်သွားခါနီးတွင် ညောင်ကန်အေး ဆရာတော်က ရန်ကုန် မဟာစည်သာသနာ့ရိပ်သာကြီး၌ နာယကတာဝန်ကို ထမ်းဆောင်ဦးစသာ ဖြစ်နေသေးသော ဤနိဒါန်းရေးသူထံ ကိုယ်တိုင်လာရောက်၍ ဆရာတော်သဘောကျ တည်းဖြတ်

ပါ၊ နိဒါန်းကိုလဲ ရေးပေးတော်မူပါ'ဟု ညောင်ကန်အေးဆရာတော်၏ လျှောက်ထားချက်ကို ယခုမှ အကြောင်းညီညွတ်လာ၍ အသံဖမ်းတိပ်ခွေမှ လက်ရေးဖြစ်အောင် ကူးပေးသူ ညောင်ကန်အေးဆရာတော်၏ တပည့် အရှင်အာစိဏ္ဏ (နိုင်ငံတော် ပရိယတ္တိသာသနာ့တက္ကသိုလ်)ကို မှတ်တမ်းတင်ရင်း ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် အထောက်အကူပေးလျက် ရေးသားပြီးပါပြီ။

## သတင်းကောင်းပါးပါရစေ

ဤသို့ သုဖြဟ္မသုတ္တန်တရားတော်စာအုပ်သည် နိဗ္ဗာန်လိုလား ယောဂီသစ်၊ ယောဂီဟောင်း၊ ယောဂီဟောင်းများ၊ ဓမ္မကထိကဟောင်း၊ ဓမ္မကထိကဟောင်းများ၊ ဗုဒ္ဓဘာသာဝင်အသင်းသူ အသင်းသားများ လက်ကိုင်ထားသင့်သော စာအုပ်ကောင်းတစ်အုပ်ဖြစ်ကြောင်း သတင်းကောင်းပါးရပါသည်။ အားလုံးကျန်းမာချမ်းသာကြပါစေ။

(ညောင်ကန်အေး ဆရာတော်၏ မယ်တော်ကြီး ဒေါ်ပွဲဟန်သည်
၁၅-၉-၉၅ နေ့တွင် ကွယ်လွန်ပြီးကြောင်း သိရပါသည်။)

**ဆရာတော်ဦးသံဝရ(သီရိပဝရ ဓမ္မာစရိယ)**
မဟာစည်ရိပ်သာများ နာယက
မဟာစည်ရိပ်သာ မြို့တွင်း ဗိမာန်ကျောင်း၊
ဗိုလ်ချုပ်လမ်း၊ ရွှေအိုးရပ်၊ တောင်တွင်းကြီးမြို့။
၁၃၅၄-ခု၊ သီတင်းကျွတ်လပြည့်နေ့။

## တရားနှင့်စီးပွား

" တရားအားထုတ်ရင်
အပေါ်ကိုမော့ကြည့်ရတယ် ။
စီးပွားရေး လုပ်လို့ရှိရင်
အောက်ငုံ့ကြည့်ရတယ် ။ "

စာမျက်နှာ ၁၆၀ – ရှု

## လူပျင်း ၆ – မျိုး

အလွန်ဆာသေး ဗိုက်လေးသကွယ်၊
မိုးချုပ်လှပေါ့ စောတော့စောတယ် ၊
အပူအအေး လွန်သေးတကယ် ၊
လူပျင်းမျိုး ဆိုရိုးဖြစ်ခြောက်သွယ် ။

စာမျက်နှာ ၂၅၃ – ရှု

ပြည်ထောင်စုမြန်မာနိုင်ငံ၊ ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်
"မဟာဓမ္မကထိက ဗဟုဇနဟိတဓရ"
မဟာစည်သြဝါဒခံ
ညောင်ကန်အေး သာသနာ့ရိပ်သာ ပဓာနနာယက

# ညောင်ကန်အေးဆရာတော် အရှင်ဣန္ဒက၏
# ထေရုပ္ပတ္တိ အကျဉ်း

## မွေးရပ်မြေ

ညောင်ကန်အေးဆရာတော် လောင်းလျာ ဘဒ္ဒန္တဣန္ဒကကို ၁၃၀၀ ပြည့်နှစ်၊ နှောင်းတန်ခူးလဆုတ် ၁၃-ရက်၊ (၁၆-၄-၁၉၃၉)၊ တနင်္ဂနွေနေ့ ညနေ (၃)နာရီအချိန်တွင် စစ်ကိုင်းတိုင်း၊ ဘုတလင်မြို့နယ်၊ ညောင်ကန်ရွာ ရွှေအံတော်ဘုရားရပ်ကွက်၊ ခမည်းတော်ဦးဘဒေါင်နှင့် မယ်တော် ဒေါ်ပွဲဟန်တို့မှ ဖွားမြင်တော်မူပါသည်။

## အခြေခံပညာသင်ကြားခြင်းနှင့် သာမဏေဘဝ

၁၃၁၃-ခုနှစ်၌ ညောင်ကန်ရွာ ရှစ်မျက်နှာကျောင်းတိုက် သဘော်ကျောင်း ဆရာတော်အရှင်ဣန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်နှင့် မယ်တော်တို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် သာမဏေခံပါသည်။ ဘွဲ့တော်မှာ ရှင်ဣန္ဒက ဖြစ်ပါသည်။

သာမဏေဘဝဖြင့်ပင် သက္ကရာဇ် ၁၃၁၃-ခုနှစ်မှ ၁၃၁၉-ခုနှစ်ထိ ညောင်ကန်ရွာ သဘော်ကျောင်းဆရာတော် အရှင်ဣန္ဒဝံသ၊ မန္တလေးမြို့

အနောက်ပြင် မိုးကောင်းကျောင်းတိုက် ကံ့ကော်ကျောင်းဆရာတော် အရှင်ကုမာရနှင့် စာချဆရာတော်များထံတွင် လောကုတ္တရာစာပေနှင့် အခြေခံမူလတန်းပညာများကို ဆည်းပူး သင်ယူတော်မူခဲ့ပါသည်။

ကျောင်းသား ကိုရင်ဘဝကပင် ဗုဒ္ဓဘာသာယဉ်ကျေးမှုများကို လေးမြတ်စွာ လိုက်နာကျင့်သုံးခဲ့ပါသည်။ ရွှေအံတော်ဘုရား ဝတ်အသင်းတွင် ပါဝင်၍ ဘုရားဝတ်တက်၊ ဝတ်ပြု အမှုများကို နိစ္စမပြတ် ဆောင်ရွက်ခဲ့ပါသည်။ ဥပုသ်သီတင်းသည်များအား တရားဓမ္မ ဟောပြော ပြသခဲ့ပါသည်။ နိုင်ငံကျော် ဓမ္မကထိက ဆရာတော်များ၏ တရားပွဲများသို့ တလေးတစား သွားရောက်နာကြားခဲ့ပါသည်။ ဗုဒ္ဓါနုဿတိနှင့် မေတ္တာကမ္မဋ္ဌာန်းများကို အခါအားလျော်စွာ စီးဖြန်း အားထုတ်တော်မူခဲ့ပါသည်။

## ဂန္ထဓုရနှင့် ရဟန်းဘဝ

သက္ကရာဇ် ၁၃၂၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလဆန်း (၅) ရက်နေ့၌ ညောင်ကန်ရွာ၊ ရှစ်မျက်နှာ ကျောင်းတိုက်၊ ခဏ္ဍာ သိမ်တော်၌ သဘော်ကျောင်း ဆရာတော် အရှင်ဣန္ဒဝံသကို ဥပဇ္ဈာယ်ပြု၍ မိဘဆွေမျိုးများ၏ ပစ္စည်း လေးပါး အထောက်အပံ့ဖြင့် သာမဏေဘဝမှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်၊ ဘွဲ့တော်မှာ **အရှင်ဣန္ဒက** ဟူ၍ပင် ဖြစ်ပါသည်။

၁၃၂၀ ပြည့်နှစ်၌ မုံရွာမြို့၊ မဏိရတနာပုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ နန္ဒိယနှင့် စာချဆရာတော်များထံတော်တွင် ပရိယတ္တိ အခြေခံစာပေများကို လေ့လာဆည်းပူး သင်ယူခဲ့ပါသည်။

၁၃၂၁–ခုနှစ်မှ ၁၃၂၆–ခုနှစ်အထိ ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက်၊ အဘိဓဇ မဟာရဋ္ဌဂုရု ဘဒ္ဒန္တ သုန္ဒရ ဆရာတော်ဘုရားကြီးနှင့် စာချဆရာတော်များထံပါး၌ ပိဋကတ် သုံးသွယ်၊ နိကာယ်ငါးဖြာ၊ ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာများကို ပခုက္ကူနည်းဖြင့် သင်ယူခဲ့ပါသည်။

ထိုစဉ်ကပင် ပခုက္ကူမြို့၊ ကိန္နရာတောင် ဘုရားကျောင်း၌ ဓမ္မကထိက အဖွဲ့တွင် ကိုယ်တိုင် ပါဝင်ဟောကြား၍ အကျိုးဆောင် ဆရာတော်အဖြစ်

လည်းကောင်း၊ ဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း တာဝန်ယူကာ သာသနာပြု လုပ်ငန်းများကို အားကြိုးမာန်တက် ဆောင်ရွက်တော်မူခဲ့ပါသည်။

## ဝိပဿနာစုရုနှင့် ရဟန်းဘဝ

သက္ကရာဇ် ၁၃၂၅-ခုနှစ်၌ ရန်ကုန်တိုင်း၊ ဗဟန်းမြို့နယ်၊ မဟာစည် သာသနာ့ရိပ်သာ အဂ္ဂမဟာပဏ္ဍိတ ကမ္မဋ္ဌာနာသာသနာပြု ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ကြီး၏ ထံပါး၌ ဝပ်တွားခယ၍ မဟာသတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ဆရာရှင် ကျေနပ်သည်အထိ ပွားများ အားထုတ်တော်မူခဲ့ပါသည်။

## သာသနာ့ဝန်ကို ထမ်းရွက်တော်မူခြင်း

သက္ကရာဇ် ၁၃၂၇-ခုနှစ်မှစ၍ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုဖြင့် ဧရာဝတီတိုင်း၊ အင်္ဂပူမြို့နယ်၊ မဲဇလီကုန်း၊ မဟာစည် သာသနာ့ရိပ်သာ၌ (၁)ဝါ၊ မန္တလေးမြို့၊ စိန်ပန်းရပ် ရတနာပုံ မဟာစည်သာသနာ့ရိပ်သာ၌ (၃)ဝါ၊ ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ၌ (၁)ဝါ၊ ပုသိမ်မြို့ ဘုံကျော် မဟာစည်သာသနာ့ရိပ်သာ၌ (၃)ဝါ၊ ရှမ်းပြည်နယ် တောင်ပိုင်း၊ ညောင်ရွှေမြို့နယ်၊ အင်းလေးဒေသ အင်ကြင်းကုန်း ဓမ္မပီတိကာရာမ တောရကျောင်း၌ (၁)ဝါ အသီးသီး သီတင်းသုံး၍ နာယက၊ ကမ္မဋ္ဌာနာစရိယ၊ ဓမ္မကထိကအဖြစ် တရားဟော တရားပြ၍ သာသနာ့ဝန်ကို ကျေပွန်အောင် ထမ်းဆောင်တော်မူခဲ့သည်။

ထို့ပြင် ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ချီးမြှောက်မှုဖြင့်ပင် ၁၃၃၂-ခုနှစ်မှစ၍ မဟာစည်နယ်လှည့် ဓမ္မကထိက အဖွဲ့တွင် ပါဝင်ဟောကြားခဲ့ရာ နယ်လှည့်ဓမ္မကထိက သက်တမ်း (၅) နှစ်ရှိသောအခါမှစ၍-

(က) မဟာစည်နယ်လှည့် ဓမ္မကထိကအဖွဲ့ကြီး၏ အကျိုးတော်ဆောင်ဆရာတော်အဖြစ် လည်းကောင်း၊
(ခ) ဒုတိယဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း၊
(ဂ) ပြည်ထောင်စုမြန်မာနိုင်ငံ ပြည်နယ်နှင့်တိုင်း အသီးသီးတို့သို့ နှစ်စဉ်နှစ်တိုင်း ကြွရောက်၍ တရားဟော၊ တရားပြ၍

လည်းကောင်း သာသနာ့အကျိုး သည်ပိုး ထမ်းရွက်တော်မူခဲ့ပါသည်။

## ညောင်ကန်အေး သာသနာ့ရိပ်သာများ တည်ထောင်ဖွင့်လှစ်ခြင်း

ညောင်ကန်အေးဆရာတော် ဘဒ္ဒန္တ ဣန္ဒကသည် သာသနာ့တာဝန်ကို ကိုယ်တိုင် ထမ်းရွက်ရုံမျှဖြင့် အားမရနိုင်သေးဘဲ–

(က) ၁၃၄၂–ခုနှစ်၌ အင်းစိန်မြို့နယ်၊ အရှေ့ကြို့ကုန်းရပ်ကွက်၊ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ အမှတ်(၆)တွင် ညောင်ကန်အေး သာသနာ့ရိပ်သာကို လည်းကောင်း၊

(ခ) ၁၃၄၉–ခုနှစ်တွင် ရန်ကုန်တိုင်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ကြီးပွားရေး ရပ်ကွက်၌ ညောင်ကန်အေး ကွင်းကျောင်း သာသနာ့ရိပ်သာကို လည်းကောင်း၊

(ဂ) ၁၃၅၅–ခုနှစ်၌ ရန်ကုန်တိုင်း၊ ရွှေပြည်သာမြို့နယ်၊ အမှတ်(၆)ရပ်ကွက်၌ ညောင်ကန်အေး–ရွှေပြည်သာ သာသနာ့ ရိပ်သာကို လည်းကောင်း မဟာစည် ဩဝါဒခံ ညောင်ကန်အေး သာသနာ့ရိပ်သာများအဖြစ် အသီးသီးတည်ထောင် ဖွင့်လှစ်၍ ကိုယ်တိုင်ဦးစီးကာ အပင်ပန်းခံ သာသနာပြုတော်မူလျက် ရှိပါသည်။

## စာပေရေးသားပြုစုခြင်း

ညောင်ကန်အေးဆရာတော်သည် ရဟန်း (၅)ဝါ ရသည်မှစ၍ နေ့စဉ်ထုတ် သတင်းစာများ၊ အပတ်စဉ်ထုတ် ဂျာနယ်များ၊ လစဉ်ထုတ် မဂ္ဂဇင်းနှင့် ဓမ္မစာစောင်များတွင် ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တရားစာပေများကို ရေးသားတော်မူခဲ့ပါသည်။ ဆရာတော်ရေးသားပြုစုသော ကျမ်းစာအုပ် အမျိုးအစားများမှာ (၃၀)ကျော် ရှိပါသည်။ ယင်းတို့တွင် ထင်ရှားသော စာအုပ်အချို့မှာ–

(က) စိတ်ညစ်ကင်းရန် သတိပဋ္ဌာန်တရားတော်၊

(ခ) ကုရုတိုင်းသွင် သတိပဋ္ဌာန်ပွားစေချင် တရားတော်၊

(ဂ) သီလဝဏ္ဏ၊ သုတဝဏ္ဏ သုတ္တန် မဟာစည် ဝိပဿနာရှုနည်း မှတ်နည်း တရားတော်၊
(ဃ) သတိပဋ္ဌာန် ကြွေးကြော်သံ- စသော ဝိပဿနာဆိုင်ရာ ကျမ်းစာအုပ်များဖြစ်ပြီး

**ခရီးသွားမှတ်တမ်းစာအုပ်များမှာ-**

(၁) အညာတစ်ခွင် တရားဟောထွက်ခဲ့စဉ်က၊
(၂) တောင်ပိုင်း မောတစ်ခွင်၊
(၃) မိုးကုတ်၊ မိုးမိတ်၊ မအူပင် မဟာစည်ဒေသနာခရီး၊
(၄) သီရိလင်္ကာ၊ အိန္ဒိယ၊ နီပေါနှင့် ထိုင်း လေးနိုင်ငံ ဓမ္မဒူတခရီးစဉ်၊
(၅) လန်ဒန် ဗုဒ္ဓသာသနာပြုမှတ်တမ်း၊
(၆) အင်္ဂလန်၊ ဆွစ်ဇာလန်၊ ပြင်သစ် သုံးနိုင်ငံ ဓမ္မဒူတခရီး- စသည်တို့ ဖြစ်ပါသည်။

**တာဝန်များစွာ ဆောင်ရွက်ရာ**

ဆရာတော်သည် အထက်ပါအတိုင်းပင် နေ့ညမလစ်ဟင်းရဘဲ သာသနာ့အကျိုးကို သည်ပိုး ထမ်းရွက်နေစဉ် အတွင်းမှာပင်-

(က) ပြည်တွင်းပြည်ပ မဟာစည်သာသနာ့ရိပ်သာများ နာယက အဖွဲ့ဝင်၊
(ခ) မဟာစည် အပြည်ပြည်ဆိုင်ရာ ဗုဒ္ဓဘာသာ သာသနာပြုသင်တန်းကျောင်း အုပ်ချုပ်ရေးအဖွဲ့-အဖွဲ့ဝင်၊
(ဂ) ရန်ကုန်မြို့၊ မဟာစည်ရိပ်သာကြီး နာယက အဖွဲ့ဝင်၊
(ဃ) သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေး ဂိုဏ်းပေါင်းစုံ အစည်းအဝေး ဒုတိယနှင့် တတိယအကြိမ် သံဃသမ္မုတိရ သံဃာ့ကိုယ်စားလှယ်၊
(င) မဟာစည်သြဝါဒခံ ညောင်ကန်အေးသာသနာ့ရိပ်သာ ပြည်တွင်း ပြည်ပ သာသနာပြုသင်တန်း ပဓာနနာယက ဆရာတော် စသည့် သာသနာ့ တာဝန် အသီးသီးတို့ကိုလည်း အားကြိုး မာန်တက် ဆောင်ရွက်လျက် ရှိပါသည်။

## ပြည်ပသာသနာပြု ကြွရောက်ခြင်း

ညောင်ကန်အေး ဆရာတော် ဘဒ္ဒန္တ ဣန္ဒကသည်–

(က) အိန္ဒိယနိုင်ငံ၊ ဗုဒ္ဓဂယာအနီး အပြည်ပြည်ဆိုင်ရာ ကမ္မဋ္ဌာန်းဌာန အတွင်းရေးမှူး ဒေါက်တာ ရဋ္ဌပါလနှင့် သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့၊ ဝေဂီရိကဏ္ဍ၊ ရော့ကီးလ်ကမ္မဋ္ဌာန်းဌာန နာယကဆရာတော် အရှင် ကဿပတို့၏ ပင့်လျှောက်ချက်အရ ၁၉၈၈–ခုနှစ်၊ ဇန်နဝါရီလမှစ၍ ဧပြီလအထိ သီရိလင်္ကာ၊ အိန္ဒိယ၊ နီပေါနှင့် ထိုင်းနိုင်ငံများသို့ ကြွရောက်၍ တရားဟော၊ တရားပြတော်မူခဲ့ပါသည်။

ခ) လန်ဒန် ဗုဒ္ဓဘာသာမြန်မာကျောင်း ဂေါပကအဖွဲ့၏ ပင့်လျှောက်ချက်အရ ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ နာယကအဖွဲ့နှင့် ဗုဒ္ဓသာသနာ့နုဂ္ဂဟအဖွဲ့ချုပ်၏ အစီအစဉ်ဖြင့် ၁၉၉၁–ခုနှစ်၊ ဇူလိုင်လမှစ၍ ၁၉၉၂–ခုနှစ်၊ ဇူလိုင်လအထိ အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့ ဗုဒ္ဓဘာသာမြန်မာကျောင်း နာယကဆရာတော်အဖြစ် ကြွရောက်၍ သာသနာပြုတော်မူခဲ့ပါသည်။ ထိုစဉ်က ဆွစ်ဇာလန်နိုင်ငံနှင့် ပြင်သစ်နိုင်ငံများသို့လည်း ဓမ္မဒူတခရီး ကြွရောက် သာသနာပြုခဲ့ပါသည်။

ဂ) ထိုင်းနိုင်ငံ၊ ချွန်ပူရီမြို့၊ ဝိဝေကအာစံ သာသနာ့ရိပ်သာ အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဒေါက်တာ အာသဘနှင့် စင်္ကာပူနိုင်ငံ မြန်မာကျောင်း သာသနဓဇ ဓမ္မာစရိယ အရှင်တိလောကသီရိတို့၏ ပင့်ဖိတ်ချက်အရ ၁၉၉၄–ခုနှစ်၊ မေလမှ ဇူလိုင်လအထိ ထိုင်း၊ ဂျပန်၊ တောင်ကိုရီးယား၊ စင်္ကာပူ၊ မလေးရှားနှင့် အင်ဒိုနီးရှားနိုင်ငံများသို့လည်း ဓမ္မဒူတခရီး ကြွရောက်၍ သာသနာပြုတော်မူခဲ့ပါသည်။ အထက်ဖော်ပြပါ ခရီးစဉ်တို့တွင် ညောင်ကန်အေး သာသနာ့ရိပ်သာ၊ ဝေယျာဝစ္စအဖွဲ့၊ နာယကကြီး ဦးသောင်းလွင်(သက္ကျသီဟ ဓမ္မာစရိယ ဝင့်သကာ၊ ဘီ–အေ)က ကပ္ပိယကာရက ဘာသာပြန်အဖြစ် လိုက်ပါကူညီဆောင်ရွက်ခဲ့ပါသည်။

ဃ) အိန္ဒိယနိုင်ငံ ကလကတ္တားမြို့၊ ဗုဒ္ဓဘာသာမြန်မာကျောင်း အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဆရာတော် ဦးကောဝိဒနှင့် ဗာရာဏသီမြို့

မိဂဒါဝုန် ဓမ္မစက္ကဝိဟာရကျောင်း အရှင်နန္ဒတို့၏ ပင့်ဖိတ်ချက်အရ မြန်မာနိုင်ငံလုံးဆိုင်ရာ ဗုဒ္ဓဂယာ သာသနာပြုအဖွဲ့၏ အစီအစဉ်ဖြင့် ၁၉၉၅-ခုနှစ်၊ အောက်တိုဘာလ ၂၃-ရက်မှ နိုဝင်ဘာလ ၂၁ ရက်အထိ ညောင်ကန်အေးသာသနာ့ရိပ်သာ ဝေယျာဝစ္စအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းကြည်၊ နာယက ဦးကျော်စိန်တို့ပါဝင်သော ရဟန်းရှင်လူ ၇၁ဦးနှင့် အတူတကွ ထိုင်း၊ အိန္ဒိယနှင့် နီပေါနိုင်ငံများသို့ ဘုရားဖူး သာသနာပြုခရီး ကြွခဲ့သည်။

ညောင်ကန်အေးရိပ်သာ ဆရာတော်နှင့်အဖွဲ့သည် ထိုခရီးတွင် ဘန်ကောက်မြို့ ဒေါက်တာမြင့်၊ ဒေါ်သစ်သစ်လွင်မိသားစု သင်္ကန်းကပ် ဆွမ်းဒါနပွဲ၊ ကလကတ္တားမြို့ မြန်မာကျောင်းကထိန်ပွဲ၊ ဗုဒ္ဓဂယာ မြန်မာကျောင်း ဒုလ္လဘ သီလရှင်ဝတ်၊ ရဟန်းခံပွဲ၊ ကျောင်းရေစက်ချပွဲ၊ ရာဇဂြိုဟ်မြို့ ဗုဒ္ဓဓါတ်တော်ပူဇော်ပွဲ၊ တန်ဆောင်တိုင် ဆီမီးတစ်ထောင် ပူဇော်ပွဲ၊ ဗာရာဏသီမြို့ မိဂဒါဝုန် သီရိလင်္ကာ မဟာဗောဓိအသင်းတိုက် အရှင်သာရိပုတ္တရာ ဓါတ်တော်ပူဇော်ပွဲနှင့် နီပေါနိုင်ငံ လုမ္ဗိနီဥယျာဉ်၌ မြန်မာနိုင်ငံအစိုးရနှင့် အလှူရှင် မြန်မာပြည်သူပြည်သားများ၏ ကောင်းမှု လောကမဏိစူဠာစေတီတော် သတ္တဌာန ဗုဒ္ဓဝင် ဌာပနာတင်သွင်း ပူဇော်ပွဲများသို့လည်း တက်ရောက်ခဲ့ပါသည်။ ဆရာတော်သည် (၁)ဘုရားလောင်းဖွားတော်မူရာ လုမ္ဗိနီဥယျာဉ်၊ (၂) ဘုရားပွင့်တော်မူရာ ဗုဒ္ဓဂယာ မဟာဗောဓိပင်နှင့် မဟာဗောဓိစေတီ၊ (၃) တရားဦးဟောရာ မိဂဒါဝုန်ဥယျာဉ်နှင့် (၄) မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူရာ ကုသိနာရုံ- ဟူသော သံဝေဇနိယ ၄-ဌာနတို့ အပါအဝင် ဘုရားဖူးရာ ဌာနများတွင် နောက်ပါ ပရိသတ်များအား သတိပဋ္ဌာန် ဝိပဿနာ တရားများကို ဟောပြော ပြသတော်မူခဲ့ပါသည်။

၁၉၉၁ -ခုနှစ်တွင် နိုင်ငံတော်က ညောင်ကန်အေး ဆရာတော် အရှင် ဉာဏ ကို မဟာထေရ်အား မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဘွဲ့တံဆိပ် တော်ကို ဆက်ကပ်လှူဒါန်းခဲ့ပါသည်။

ယခုအခါတွင် သက်တော် (၅၈)၊ သိက္ခာတော် (၃၉) ရှိသော ညောင်ကန်အေး ဆရာတော်သည် အမှတ်(၆)၊ အင်းစိန်လမ်းမကြီး၊ ကြို့ကုန်း ညောင်ကန်အေးသာသနာ့ရိပ်သာတွင် ပဓာန နာယကဆရာတော်အဖြစ် တာဝန်ယူ အုပ်ချုပ်လျက်ရှိပြီး၊ ၃-လ တစ်ကြိမ် အပ္ပမာဒ စာစောင်ကို ထုတ်ဝေကာ တရားဟော၊ တရားပြ၊ ကျမ်းပြုခြင်း စသည်ဖြင့် သာသနာ ပြုတော်မူလျက်ရှိပါသည်။

ညောင်ကန်အေးဆရာတော် ဟောကြားသော

# သုဗြဟ္မသုတ္တန်

ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## စကားဦး

တရားပွဲ စကြပါစို့၊ ဒီကနေ့ တရားဟောတဲ့ နေ့ရက်က သာသနာတော်နှစ်၂၅၃၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ မိုးဦတု ဝါဆိုလပြည့်ကျော် ၁၀-ရက်နေ့ ဖြစ်ပါတယ်။

တရားနာ ဟောရာဌာနကတော့ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး ဖြစ်ပါတယ်။

တရားနာ ပရိသတ်များကတော့ မဟာစည် သာသနာ့ရိပ်သာတွင် မဟာ သတိပဋ္ဌာန် ဝိပဿနာတရားကို ကျင့်ပွား အားထုတ်ကြတဲ့ ရဟန်းရှင်လူ ယောဂီ သူတော်စင်များ ဖြစ်ကြပါတယ်။

ယခု ဘုန်းကြီး ဟောကြားမည့် တရားတော်ကတော့ သံယုတ္တနိကာယ်၊ သဂါထာဝဂ္ဂ သံယုတ်၌ သင်္ဂါယနာတင်ထားတဲ့ 'သုဗြဟ္မသုတ္တန်-ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်' ဖြစ်ပါတယ်။

ဒီတရားပွဲကို 'နမောတဿ' ဘုရားရှိခိုး ပဏာမပြင့် ရွတ်ဆို ဘုရားရှိခိုးပြီး ဖွင့်လှစ်ပါမယ်။

## ပဍ္စက္ကူမှ နမော တဿ-ပဏာမ ဘုရားရှိခိုး

နမောတဿ ဘဂဝတော

အရဟတော သမ္မာ သမ္ဗုဒ္ဓဿ။

ယောဘဂဝါ - အကြင်မြတ်စွာဘုရားသည်၊ သုမေဓာ တာပသော-သုမေဓာမည်တွင် ရှာန်ယာဉ်ပျော်မွေ့ ရှင်ရသေ့သည်၊ ဒီပင်္ကရ ပါဒမူလေ-ဒီပင်္ကရာ မည်တွင်သာသည့် ထွတ်ချာ သေဋ္ဌနင်း ခြေတော်ရင်း၌၊ နိယတဗျာကရဏာလဒ္ဓ-နိယတဗျာဒိတ် ပန်းတံဆိပ်ကို၊ ပိလန္ဓိတွာ - ကြည်ကြည်နူးနူး ဂါရဝအထူးဖြင့် ဆွတ်ခူးပန်ဆင်တော်မူပြီး၍၊ နိယတ ဗျာကရဏာ လဒ္ဓဿ-နိယတဗျာဒိတ် ပန်းတံဆိပ်ကို၊ ပိလန္ဓနကာလတော-ကြည်ကြည်နူးနူး ဂါရဝ အထူးဖြင့် ဆွတ်ခူးပန်ဆင်တော်မူရာ အခါမှ၊ ပဋ္ဌာယ-စ၍၊ ကပ္ပသတသဟဿာ ဓိကာနိ-ကမ္ဘာတွက်ကိန်း ကပ်တစ်သိန်း အလွန်ရှိကုန်သော၊ စတ္တာရိ အသင်္ချေ ယျာနိ-လေးအသင်္ချေ ရောထွေးပေါင်းစပ် ကမ္ဘာကပ်တို့ ကာလပတ်လုံး၊သမတိံ သပါရမီယော-အမျှသုံးဆယ် အများကြယ်ညီ ပါရမီတော်တို့ကို၊ ပူရေတွာစ-အယုတ်အလတ် အမြတ်မရွေး ရှာကြံတွေးလျက် လေးစားထောက်ချင့် အဆင့်ဆင့်ဖြင့် ဖြည့်ကျင့်တော်မူပြီး၍လည်းကောင်း၊ တိဿောစရိယာယော-သုံးဖြာမလတ် ဗောဓိသတ်တို့ ကျင့်အပ်ပေတောင်း အကျင့်ကောင်းတို့ကို၊ စရိတွာစ-ကျင့်ကြံကြိုးကုတ် ဖြည့်ကျင့်တော်မူပြီး၍လည်းကောင်း၊ အန္တိမဘဝေ-အဆုံးစွန်ဘဝ အခါသမယ၌၊ ဧကူနတိံ သဝဿာနိ-သင်္ချာတွက်ဖွယ် နှစ်ဆယ်တိုးလှစ် ကိုးနှစ်တို့ ဤကာလပတ်လုံး၊ ရဇ္ဇသုခံ-မန္ဓာတ်စကြာ ကဲ့ပမာသို့ ရာဇာစည်းစိမ် ထီးအရှိန်နှင့် ကြီးအိမ်ရတနာ မြတ်ချမ်းသာကို၊ အနုဘဝိတွာ-ယသော်ဓရာ ဖော်ကညာနှင့် ပျော်ကာရွှင်ရွှင် သားတော်မြင်အောင် အစဉ်မငြီး ခံစားတော်မူပြီး၍၊ မဟာဘိနိက္ခမန်-ဘုရားလောင်းမြတ် ဗောဓိသတ်တို့ မပြတ်စဉ်ဆက် ရှေ့ရှုထွက်ရာ တောဝနာသို့၊ အဘိနိက္ခမိတွာ-နော်မာ ရေးရှု ထွက်တော်မူ၍ ဝါ၊နော်မာသောင်လမ်း တစ်ဘက်ကမ်းသို့ ဖြတ်သန်း ထွက်ကြွတော်မူပြီး၍၊ ဆဗ္ဗဿာနိ-ခြောက်နှစ်တို့ပတ်လုံး၊ ဒုက္ကရစရိယံ-ပုဂ္ဂိုလ်သာမန်တို့သည် ပြုနိုင်ခဲလှစွာသော ဒုက္ကရစရိယာ အကျင့်ကို၊ စရိတွာ-အရိုးကြေကြေ အရေခြောက်ခြောက် နောက်မဆုတ်ဘဲ ကိုယ်တိုင် ကြံလျက် အားခဲလူလူ ကျင့်တော်မူပြီး၍၊ ပဥ္စတိံသ ဝဿဝယေ-သုံးဆယ့်ငါးနှစ် အရွယ်၌၊ ဗောဓိရုက္ခမူလေ-ဗောဓိပင်ရင်း၌၊ဝါ-ဗောဓိပင်အောက်၌၊ အရေ-

ပဉ်သတ္တရိ နာမ်လက်နက်ကို သံကိမြှောက်ကာ ထောင့်ငါးရာဟု များစွာဥသုံ အလုံးစုံသောကိလေသာဝို့ကို၊ ဟနိတွာ-လေးတန်ဉာဏ်မဂ် စိန်သံလျက်ဖြင့် ဖယ်ဖျက်ခုတ်ထွင် ငုတ်မတင်အောင် သုတ်သင်တော်မူပြီး၍၊ အနုတ္တရံ-မိမိ ထက် လွန်မြတ်သော တရားရှိတော့သည် မဟုတ်သော၊ ဝါ၊ မည်သည့်တရား မနိုင်းအား၍ မြတ်ဖျားခေါင်ထိ တုမရှိသော၊ သမ္မာသမ္ဗောဓိံ-မဖောက်မပြန် အမှန်ကိုယ်တိုင် သိနိုင်စွမ်းသည့် မဏ္ဍိုင်ဥက္ကဌ် ဉာဏ်တော်မြတ်ကို၊ အဘိ သမ္ဗုဒ္ဓေါ-တိုးထွင်းရှေးရှု သိတော်မူပြီ။

အရဟတော-တစ်ထောင့်ငါးရာ ကိလေသာစက် ရဲရန်မက်ကို လေးချက် မဂ်ရှိန် ဝရဇိန်ဖြင့် ပယ်နှိမ်ခုက်ဖြတ် သတ်တော်မူတတ်သော၊ သမ္မာသမ္ဗုဒ္ဓဿ-မဖောက်မပြန် ဉေယျခံကို အမှန်ကိုယ်တိုင် သိစွမ်းတော်မူနိုင်သော၊ တဿဘဂဝ တော- ထိုမြတ်စွာဘုရားအား၊ မေ- ငါးပါးခန္ဓာ ရွှံစရာကို လွန်စွာသမုတ် အကျွန်ုပ်၏၊ မေ- နှစ်ရာ့နှစ်ဆယ် ခုနစ်သွယ်ကို ကိုယ်ဝယ်တင်လွှမ်း ရဟန်းမှည့်ခေါ် ဘုရားတပည့်တော်၏၊ နမော- လေးမြတ်ညွတ်ကျိုး ရှိခိုးခြင်းသည်၊ ဝါ-ညွတ်ယိမ်းကိုင်းရှိုင်းခြင်းသည်၊ အတ္ထု- စင်စစ်မသွေ ဖြစ်ပါစေသတည်း။

"သာဓု- သာဓု- သာဓု"

ဒီနမောတဿ ဘုရားရှိခိုးဟာ ဘုန်းကြီးကိုယ်တိုင် ပခုက္ကူမြို့ မဟာဝိသုတာရာမ ကျောင်းတိုက် ဓမ္မလင်္ကာရကျောင်း ဂဏဝါစက စာချ ဆရာတော် ဘဒ္ဒန္တ ကုသလ မထေရ်မြတ်ထံ ဒီဃနိကာယ် သုတ်သုံးကျမ်းကို ဆိုဝါဖြင့် သင်ယူခဲ့စဉ်က ကျမ်းဦးပဏာမအဖြစ် ကျက်မှတ်ရှိခိုးခဲ့ရသော ဘုရားရှိခိုးဖြစ်ပါတယ်။

ဒီဘုရားရှိခိုးကို ရွတ်ဆိုရှိခိုးခြင်းဖြင့် ဗုဒ္ဓဝင်အကျဉ်းနှင့် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို အာရုံမှန်း၍ စီးဖြန်းကျင့်ပွားပြီးသား ဖြစ်သွားတယ်။

## မေတ္တာကမ္မဋ္ဌာန်း

ယခုလို ဘုရားရှိခိုးပြီးတဲ့အခါ မေတ္တာကမ္မဋ္ဌာန်းကိုလဲ စီးဖြန်း ရွတ်ပွားကြပါဦးစို့၊ တရားနာပရိသတ်အားလုံး လိုက်ဆိုကြပါ။

၁။ တရားနာသူ ရဟန်းရှင်လူတွေ- ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျမ်းမာချမ်းသာ ကိုယ် ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

၂။ ပြည်ထောင်စု မြန်မာနိုင်ငံသူ နိုင်ငံသားတွေ– ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျမ်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

၃။ ကမ္ဘာသူ ကမ္ဘာသားတွေ– ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကျမ်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

၄။ သုံးဆယ့်တစ်ဘုံသားတွေ– ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျမ်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

၅။ စကြဝဠာအနန္တ ရှိရှိသမျှ သတ္တဝါတွေ– ဘေးရန်ကင်းကြပါစေ၊ စိတ်ဆင်းရဲ ကင်းကြပါစေ၊ ကိုယ်ဆင်းရဲကင်းကြပါစေ၊ ကျမ်းမာချမ်းသာ ကိုယ်ခန္ဓာ ကောင်းစွာ ဆောင်ရွက်နိုင်ကြပါစေ။

"သာဓု– သာဓု– သာဓု"

## ဆန္ဒမွန်

ယခုလို မေတ္တာကမ္မဋ္ဌာန်းကို စီးဖြန်းရွတ်ဆိုပြီးတဲ့အခါ ဆန္ဒမွန်ကဗျာကိုလဲ ရွတ်ဆိုကြပါဦးစို့၊ အားလုံးလိုက်ဆိုကြပါ။

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။
၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။
၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။
၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

"သာဓု– သာဓု– သာဓု"

## သုဗြဟ္မသုတ္တန်

ဆန္ဒမွန်ကဗျာရဲ့အဓိပ္ပါယ်ကိုတော့ အထူးရှင်းပြဖွယ် ရှိမည်မထင်ပါဘူး။ ဒီကဗျာကို ရွတ်ဆိုလိုက်သူတိုင်းဟာ အဓိပ္ပါယ်ကိုပါ သိပြီးဖြစ်ကြပါလိမ့်မယ်၊ ယခု ဘုန်းကြီးတို့ ကြေညာထားတဲ့ သုဗြဟ္မသုတ္တန်တရားကို ဟောကြပါစို့။

## သုဗြဟ္မာနတ်သား၏ လျှောက်ထားချက်

နိစ္စံ ဥတြသ္တမိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂိမံ မနော၊
အနုပ္ပန္နေသု ကိစ္စေသု၊ အထော ဥပ္ပတိတေသု စ။
သစေ အတ္ထိ အနုတြသ္တံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဘန္တေ– ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို– မြတ်စွာဘုရား၊ အနုပ္ပန္နေသု– မဖြစ်ပေါ်သေးကုန်သော၊ ကိစ္စေသုစ– ပင်ပန်းခြင်းတို့ကြောင့်လည်းကောင်း၊ မေ– တပည့်တော်၏၊ ဣဒံ စိတ္တံ– ဤစိတ်သည်၊ နိစ္စံ– အမြဲ၊ ဥတြသ္တံ– ချောက်ချား ထိတ်လန့်နေရပါသည်ဘုရား၊ ဣဒံမနော– ဤစိတ်သည်၊ ဥဗ္ဗိဂ္ဂံ– အမြဲစိုးရိမ်ကြောက်ရွံ့ပြီးတော့ နေရပါသည်ဘုရား၊ ဘန္တေ– အစိန္တေယျ ဂုဏ်ပေါင်းခသည့် သုံးလောကထွတ်ထား အို– မြတ်စွာဘုရား၊ တေ– ရှင်တော်မြတ်ဘုရားအား၊ အနုတြသ္တံ– ကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်းသည်၊ သစေအတ္ထိ– တကယ်လို့ ရှိပါငြားအံ့၊ ဓေံသတိ– အဲဒီလို ရှိတယ်ဆိုလို့ရှိရင်၊ ပုစ္ဆိတော– အမေးတော်ခံရသော၊ တံ– အားလုံးသိမြင် အရှင်ဘုရားသည်၊ မေ– သိလိုရေးနှင့် မေးလျှောက်လာငြား ဘုရားတပည့်တော်အား၊ အက္ခာဟိ– ကရုဏာရှေ့ထား ပညာအားဖြင့် ဖြေကြားမိန့်မြွက်တော်မူပါ မြတ်စွာဘုရား။

"သာဓု– သာဓု– သာဓုဘုရား"

ဒါဟာ ဘုန်းတော်သခင် ဣဿရိယ၊ ဓမ္မ,ယသ၊ သိရိ,ကာမ၊ ပယတ္တမည် ဘုန်းခြောက်လီနှင့် စုံညီပြည့်ဝတော်မူတဲ့ မြတ်စွာဘုရားသခင် ကိုယ်တော်မြတ်ကြီး သာဝတ္ထိပြည်မွန် ဇေတဝန်ရွှေကျောင်း ကိန်းအောင်း မွေ့လျော် နေတော်မူစဥ်တုန်းက အကာလ သန်းခေါင်ယံအချိန်တွင် သုဗြဟ္မာ ဆိုတဲ့ နတ်သားတစ်ယောက်က လာပြီးတော့ လျှောက်ထားတဲ့စကား ဖြစ်တယ်။

ဘုန်းဂုဏ်ရန်. သုံးဘုံနံ့အောင်၊ ပျံ့လွှင်ကျော်ကြား၊ အို–ရှင်တော်မြတ်ဘုရား၊ တပည့်တော်မှာ ဖြစ်ပေါ်ပြီးသော ပင်ပန်းမှု၊ မဖြစ်ပေါ်သေးသော ပင်ပန်းမှုတို့ကြောင့် လည်းကောင်း တပည့်တော်ရဲ့စိတ်တွေဟာ အမြဲတမ်း ကြောက်ရွံ့နေပါတယ်ဘုရား၊ အမြဲတမ်း ' ထိတ်လန့်နေပါတယ်ဘုရား။

မြတ်စွာဘုရား–တကယ်လို့များ မြတ်စွာဘုရားမှာ အကြောက်ရွံ့ကင်းတဲ့ နည်းရှိတယ်ဆိုလို့ရှိရင် တပည့်တော်အား ပေးသနားတော်မူပါ မြတ်စွာ ဘုရား...တဲ့။

## လျှောက်ထားလာခြင်း အကြောင်းရင်း

လာပြီးတော့ လျှောက်ထားသူက သုဗြဟ္မာနတ်သားပဲ၊ သူ့နောက်ကလဲ နတ်သမီးငါးရာ ပါလာတယ်၊ သုဗြဟ္မာနတ်သားဟာ မြတ်စွာဘုရားထံမှောက် မရောက်လာခင် တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းမှာ နတ်သမီး တစ်ထောင်နှင့် အတူတကွ နတ်စည်းစိမ်ချမ်းသာတွေကို ခံစားနေခဲ့တဲ့ သုဗြဟ္မာနတ်သားပဲ။

နတ်စည်းစိမ်ခံစားတယ်ဆိုတာ ပုထုဇဉ်သတ္တဝါတွေ ခံစားနေကြတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေပါပဲ၊ သူတို့ခံစားတဲ့ အာရုံငါးပါး ကာမဂုဏ် တရားဆိုတာ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံ ဆိုတဲ့ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိတွေ ဖြစ်တယ်။

နတ်သမီးငါးရာက ပင်လယ်ကသစ်ပင်ပေါ်မှာ တက်ပြီးတော့ သီချင်းတွေ တကြော်ကြော်ဆိုပြီး ပန်းတွေ ခူးချပေးကြတယ်၊ အောက်က နတ်သမီး ငါးရာကလဲ သီချင်းတွေ တကြော်ကြော်ဆိုလို့ ကရင်း၊ ခုန်ရင်း ပျော်ပျော်ပါးပါး ပန်းများကို ကောက်ယူပြီးတော့ သုဗြဟ္မနတ်သားရဲ့ သျှောင်ထုံးမှာ ပန်ဆင် ပေးကြတယ်။

## ရှေးခေတ်နတ်သားက သျှောင်ထုံးကြီးနဲ့တဲ့

အဲဒီတော့ ဒီဇာတ်ဝတ္ထုအရ ဆိုလို့ရှိရင် မြတ်စွာဘုရား သက်တော်ထင်ရှား ရှိတော်မူစဉ်လက်ထက်တုန်းက လူ့ပြည်ကသေပြီး နတ်ပြည်ကို ရောက်သွား ကြတဲ့ နတ်သားတွေရဲ့ခေါင်းမှာ ဆံပင်အရှည်ကြီးတွေ ရှိတယ်၊ ဆံထုံးကြီး တွေကို ထုံးပြီးတော့ ထားကြတယ်။

မှန်ပါတယ်၊ လောကမှာ ဒါန၊ သီလ၊ ကုသိုလ် ရှိတဲ့ပုဂ္ဂိုလ်တွေ ကွယ်လွန်သွားကြရင် ကိုယ်အလိုရှိတဲ့ဘဝကို ရနိုင်တယ်လို့ ဘုရားဟော ကျမ်းဂန်ရှိပါတယ်၊ ရှေးတုန်းက ဆံထုံးခေတ်စားတော့ လူတွေဟာ ဆံထုံးနဲ့ နေရတာကို လှတယ်ထင်ပြီး လိုချင်နေကြမှာပဲ၊ ဒါကြောင့် လူ့ပြည်တုန်းက ဆံထုံးလှလှလေး ထုံးပြီး ဒါန၊ သီလ၊ ကုသိုလ်တွေ အသက်တမ်း ကုန်လို့ သေတဲ့အခါ နတ်ပြည်မှာလဲ ဆံထုံးကြီးနဲ့ နတ်သားဖြစ်သွားတာပေါ့၊ ယခုခေတ်မှာဆိုရင်ဖြင့် လူ့ပြည်က ပုထုဇဉ်လူတွေရဲ့အကြိုက် ခေါင်းမွေး စုတ်ဖွားနှင့် နတ်သားတွေ နတ်ပြည်ကို ရောက်နေကြလိမ့်မယ် ထင်ပါတယ်။

နတ်သားနတ်သမီးဆိုတာ ရှေးဘဝက ပြုခဲ့တဲ့ ကုသိုလ်ကံကြောင့် ကမ္မဇိဒ္ဓိ တန်ခိုးနဲ့ လိုလားတဲ့ နတ်စည်းစိမ်တွေကို ခံစားနိုင်ကြတာ ဖြစ်ပါတယ်၊ နတ်ပြည်နဲ့ လူ့ပြည် ကွာခြားတာကတော့ နတ်ပြည်က အိုးအိမ် တိုက်တာနဲ့ တူတယ်၊ လူ့ပြည်က အလုပ်ရုံ အလုပ်ဌာနနဲ့ တူတယ်။

လူ့ပြည်က လူတွေဟာ အလုပ်ရုံအလုပ်ဌာနများတွင် ရက်ရှည်လများ အလုပ်လုပ်ပြီး ရှာဖွေစုဆောင်းထားတဲ့ ပစ္စည်းဥစ္စာများကို အငြိမ်းစား ယူတဲ့အခါ ချမ်းချမ်းသာသာ သုံးဆောင် ခံစားကြရသလိုပါပဲ။

## နတ်ချမ်းသာဆိုတာ

လူ့ပြည်မှာတုန်းက ဒါန၊ သီလ၊ ဘာဝနာ၊ ကုသိုလ်အလုပ်များကို ပြုလုပ်ပြီးတော့ ကွယ်လွန်သွားတဲ့အခါမှာ ကိုယ့်အိမ်ကိုယ့်ယာနဲ့တူတဲ့ နတ်ပြည်တွင် ငြိမ်ငြိမ်ကလေး နေပြီးတော့ လူ့ပြည်မှာ ပြုလုပ်ခဲ့တဲ့ ကုသိုလ်တွေရဲ့ အသီးအပွင့်တွေကို အငြိမ်းစား ပျော်ရွှင်စွာ ခံစားနေကြရတယ်။

နတ်ပြည်မှာ နတ်ဝတ်တန်ဆာဆိုတာ တစ်ခါလောက် ဝတ်စားဆင်မြန်းထားလိုက်လို့ရှိရင် ဘယ်တော့မှ မညစ်နွမ်းဘဲ မရိုးနိုင်ဘဲ အမြဲတမ်း သစ်ဆန်းပြီး၊ အမြဲတမ်းလှနေတယ်တဲ့၊ ပုထုဇဉ် အမြင်နဲ့ဆိုရင်တော့ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

လူ့ပြည်မှာဖြင့် ပွဲလမ်းသဘင် တစ်ခါနှစ်ခါလောက် ဝတ်လိုက်လို့ရှိရင် အဲဒီအဝတ်က ကျိုးကြေသွားပြီး၊ ရိုးအီသွားပြီ၊နောက်ထပ် အသစ်ပေါ်တဲ့ အဝတ်အဆင် တန်ဆာများကို ဝယ်ရပြန်ရော၊ အခုအသစ်က ကောင်းတယ်

ဆိုပြီး ဝယ်ထားလို့မှ မကြာသေးဘူး၊ နောက်ထပ် ပေါ်လာပြန်တဲ့ အဝတ် အသစ်အဆန်းတွေက ကောင်းတယ်ဆိုပြီး ထပ်မံ ဝယ်ရပြန်ရော၊ အဆန်း ပေါ်တိုင်းသာ ဝယ်ရမယ်ဆိုရင် ပိုက်ဆံ လောက်နိုင်ပါ့မလား၊

"မလောက်နိုင်ပါဘုရား"

နတ်ပြည်မှာမို့ ခဏခဏ မဝတ်ရတော့ဘူး၊ တစ်ခါလောက် ဝတ်ထား လိုက်ရုံနဲ့ အမြဲတမ်း သစ်ဆန်းပြီး လှနေတယ်ဆိုတာကိုး ။

နတ်ပြည်မှာပန်းကလဲ တစ်ခါလောက် ပန်ဆင်ထားလိုက်ရင် ဘယ် တော့မှ မညှိုးတော့ဘဲ အမြဲတမ်း သစ်ဆန်းပြီး လှပမွှေးကြိုင်နေတယ်တဲ့။

နတ်ပြည်မှာ လူ့ပြည်ကလူတွေလို ခန္ဓာကိုယ်တွင် ချွေးမထွက်ဘူး၊ ဒါကြောင့် နတ်သမီး နတ်သားများမှာ ချေးမတင်တဲ့အတွက် ဆပ်ပြာတိုက်ပြီး ရေချိုးပေးစရာလဲ မလိုကြဘူး၊ သူတို့ရဲ့စိတ်အလိုဆန္ဒအရ ပျော်ရွှင်ဖို့ရာအတွက် သာလျှင် ရေကန်ထဲ ဆင်းပြီး ရေချိုးကြတာ ဖြစ်ပါတယ်။

နောက်ပြီးတော့ နတ်ပြည်ရောက်သွားတဲ့ နတ်သမီး နတ်သားတွေဟာ ပျင်းရိတယ် ငြီးငွေ့တယ်လို့ မရှိကြဘူး၊ နတ်စည်းစိမ်ချမ်းသာမျိုးနဲ့ အမြဲတမ်း ပျော်နေကြတာပဲတဲ့။

နောက်ပြီးတော့ နတ်ပြည်ကို ရောက်သွားတဲ့ နတ်သမီး နတ်သားတွေ ဟာ သိသိသာသာ အိုမင်းခြင်း မရှိကြဘူး၊ နတ်သမီးဆိုရင် ၁၆–နှစ် အရွယ်၊ နတ်သားဆိုရင် ၁၈–နှစ်အရွယ်လောက်သာ နုနုပျိုပျို အရွယ်ကောင်း ကောင်းနဲ့ နှစ်ပေါင်းကုဋေချီပြီး နုပျို လှပ နေကြပါတယ်၊ လူ့ပြည်တုန်းက ပြုခဲ့ကြတဲ့ ဒါန၊ သီလစတဲ့ ကုသိုလ်များရဲ့ ကောင်းကျိုးများ ဖြစ်ပါတယ်။

## ပင်လယ်ကသစ်ပင်တွင် နတ်ပွဲသဘင်

အဲဒီလိုနတ်စည်းစိမ်တွေကို ခံစားပြီးနေကြတယ်၊ နတ်တွေမှာ ကမ္ဘဓိဒ္ဓိ ကံဖြင့်ပြီးတဲ့ တန်ခိုးအတွက် ပန်းပင်ပေါ်က ပန်းပွင့်တွေကို လိုချင်လို့ လက် ကလေးကို အသာလှမ်းလိုက်ရုံနဲ့ ပန်းပင်မှာရှိတဲ့ ပန်းပွင့်ကိုင်းတွေက လက်ဆီကို ညွှတ်ကိုင်းပြီးတော့ ရောက်လာရတယ်။

အဲဒီလို လက်ကလေး အသာလှမ်းလိုက်ရုံနဲ့ ပန်းပင်ပေါ်က ပန်းပွင့် ကိုင်းတွေ ညွှတ်ပြီးတော့ လက်ဆီကို ပန်းပွင့်များ လာပြီးတော့ ဆက်သရ

လောက်အောင် တန်ခိုးသတ္တိရှိလျက်သားနဲ့ နတ်သမီးငါးရာတို့ဟာ ပင်လယ်ကသစ်ပင်ပေါ် တက်ပြီးတော့ ပန်းခူးကြတယ်၊ သီချင်းတွေလဲ ဆိုကြတယ်၊ အဲဒါ ဘာလုပ်ကြတာလဲ၊ မေးစရာ မရှိကြဘူးလား။

" ရှိပါတယ် ဘုရား"

အဲဒါ ဘာကြောင့်လဲဆိုရင် ပျော်ချင်ပါးချင်လို့ပါပဲ။

ဒါကြောင့် ' နနု စ ဒေဝတာနံ စိတ္တဝသေန ယောဇနသတိကောပိ ရုက္ခော ဩနမိတွာ ဟတ္ထံ အာဂစ္ဆတိ။ ကသ္မာ တာ အဘိရုဠှာတိ။ ခိဍ္ဍာ ပသုတာယ။ အဘိရုယှ ပန မဓုရဿရေန ဂါယိတွာ ဂါယိတွာ ပုပ္ဖာနိ ပါတေန္တိ တာနိ ဂဟေတွာ ဣတရာ ဧကတော စင်္ကောဋကမာလာဒိဝသေန ဂန္ထေန္တိ။ ။

စ–အထူးကို ဆိုဦးအံ့၊ ဒေဝတာနံ–နတ်တို့အား၊ စိတ္တဝသေန–စိတ်အလိုအားဖြင့်၊ ယောဇန သတိကော–ယူဇနာတစ်ရာရှိ မြင့်မားသော၊ ရုက္ခောပိ–ပင်လယ်ကသစ်ပင်သည်လည်း၊ ဩနမိတွာ–ညွတ်ကိုင်း၍၊ ဟတ္ထံ–လက်သို့၊ အာဂစ္ဆတိနနု–ရောက်လာရသည် မဟုတ်ပါလော၊ ကသ္မာ–အဘယ့်ကြောင့်၊ တာဒေဝတာ–ထိုငါးရာသောနတ်သမီးတို့သည်၊ အဘိရုဠှာ–ပင်လယ်ကသစ်ပင်ပေါ်သို့ တက်ကြရကုန်သနည်း၊ ဣတိ–ဤကား အမေးတည်း၊ ခိဍ္ဍာပသုတာယ–ပျော်ရွှင်လိုကြသောကြောင့်ပေတည်း၊ ပန–ဤမှုမကသေး၊ အဘိရုယှ–ပင်လယ်ကသစ်ပန်းပင်ပေါ် တက်ကြကုန်၍၊ မဓုရဿရေန–ချိုမြိန်သာယာသော အသံဖြင့်၊ ဂါယိတွာ ဂါယိတွာ–သီချင်းဆိုကုန်၍ သီချင်းဆိုကုန်၍၊ ပုပ္ဖာနိ–ပန်းတို့ကို၊ ပါတေန္တိ–ခူးချွေချကြကုန်၏။

ဣတရာ–သစ်ပင်ပေါ်ရှိ နတ်သမီးများမှတစ်ပါး အောက်နားကနေကြကုန်သော နတ်သမီးငါးရာတို့သည်၊ တာနိ–ထိုအပေါ်က နတ်သမီးများ ချွေချလိုက်သော ပင်လယ်ကသစ်ပန်းတို့ကို၊ ဂဟေတွာ–ကောက်ယူကြကုန်၍၊ ဧကတော စင်္ကောဋကမာလာဒိဝသေန–တစ်ခိုင်တည်းသော အညာရှိသောပန်း အစရှိသည်တို့၏ အစွမ်းဖြင့် (ဝါ) တစ်ခိုင်တည်းပွင့်သော ပန်း အစရှိသည်တို့၏ အစွမ်းဖြင့်၊ ဂန္ထေန္တိ–ထုံးဖွဲ့သီကုံးကြကုန်၏။

ကိုင်း–တို့ပရိသတ်တွေ စဉ်းစားကြည့်ကြစမ်းပါ၊ ပျော်ချင်လွန်းလို့တဲ့၊ တမင်သက်သက် အပျော်ကျူးတဲ့အနေနဲ့ ပန်းခူးကြတာဖြစ်တယ်၊ အောက်က နတ်သမီးတွေကလဲ ပန်းတွေကောက်တဲ့အခါ တိတ်တိတ်ဆိတ်ဆိတ် ကောက်ကြ

ဟာတော့ မဟုတ်ဘူး၊ သူတို့ဟာ ကလိုက်ခုန်လိုက်နဲ့ ပါးစပ်ကလဲ သီချင်းဆိုလိုက်ကြသေးတယ်၊ အင်း–လူ့ပြည်က ပျော်ပွဲစားထွက်တဲ့ တက္ကသိုလ်ကျောင်းသူ ကျောင်းသားတွေလို ဖြစ်ချင်လဲဖြစ်နေမှာပေါ့၊ တီးတဲ့သူက တီး၊ ကတဲ့သူကလဲ က၊ ဆိုတဲ့သူကလဲ ဆို၊ စားတဲ့သူကလဲ စား အဲဒီလို ဖြစ်နေကြမှာပေါ့၊ ဒါ နတ်တို့ရဲ့ ပျော်ပွဲပေပဲ။

"ပန်းတွေကို သီကုံးရာမှာ အပွင့်အညှာလေးတွေကို အတွင်းဘက်မှာထားပြီး အပွင့်လေးတွေကို အပြင်ဘက်မှာလှည့်ပြီး သီကုံးတာက လှတယ်။ အို…အညှာတစ်ဖက်၊ အပွင့်တစ်ဖက် နှစ်ဖက်လှကလေး သီကုံးပြီး ပန်ဆင်တာက ပိုလှတယ်" ဘာ–ညာနဲ့ နတ်သမီးလေးတွေ ငြင်းခုန်ရင်း ကိုယ့်စိတ်ကူးနဲ့ကိုယ် သုဗြဟ္မာနတ်သားအတွက် ပန်းသီကုံးနေကြတယ်၊ နတ်သားရဲ့ခေါင်းကိုလဲ သီချင်းဆိုရင်း ပန်းတွေကို ပန်ဆင်ပေးနေကြတယ်၊ အဲဒီဝတ္ထုစာတော်ထဲမှာ ဘာသီချင်းဆိုတယ်ဆိုတာတော့ စာထဲလဲ မပါဘူး၊ ဘုန်းကြီးအနေနဲ့ ဆိုလဲ မပြတတ်ဘူး၊ ဆိုလဲ မဆိုကောင်းပါဘူးနော်၊ နတ်သီချင်းနားထောင်ချင်ရင်တော့ ဟိုနတ်ကနားပေ့တဲ့နေရာ သွားနားထောင်ရင်တော့ကြားရမှာပါပဲ၊ လူ့ပြည်က နတ်သီချင်းဟာ မိုးပေါ်က နတ်သီချင်းနဲ့ တူလား၊ မတူလား ဆိုတာတော့ ဘုန်းကြီးလဲ မသိဘူးပေါ့၊ ထားလိုက်ပါတော့လေ။

## ပန်းပင်ပေါ်က နတ်သမီးများ ဘယ်ရောက်သွားလဲ

နတ်သီချင်းတွေ တကြော်ကြော် ဟစ်အော်သီကျူး ကခုန်မြူးတူးပျော်ပါးနေကြစဉ်မှာ မကြာပါဘူး၊ အောက်နတ်သမီးတွေက အပေါ် မော့ကြည့်ကြတယ်၊ "အံမယ်–ညည်းတို့ ဘယ်သွားနေကြတုံး၊ ငါတို့ ပန်းကောက်တဲ့နတ်သမီးတွေက နိုင်နေပြီ၊ ပန်းခူးတဲ့ နတ်သမီးတွေက ရှုံးပြီ၊ ဘယ်မလဲပန်း" ဆိုပြီးတော့ ပန်းပင်ပေါ် မော့ကြည့်လိုက်တော့ နတ်သမီးတစ်ယောက်မှ မတွေ့ရတော့ဘူး။

ပန်းပင်ပေါ်တွင် နတ်သမီးငါးရာ တစ်ယောက်မျှ မတွေ့ရတော့ အောက်က နတ်သမီးတွေက သုဗြဟ္မာနတ်သားကို ပြောပြတယ်၊ "အရှင်နတ်သား–ပန်းပင်ပေါ်က နတ်သမီးငါးရာလုံး မရှိကြတော့ဘူး၊ ဘယ်သွားကြမှန်း မသိတော့ဘူး" ဒီလို ပြောကြတယ်။

သုဗြဟ္မာနတ်သားက "အောင်မယ်-နင်တို့က ပန်းပွင့်တွေကောက်၊ သီကုံးပြီး ငါ့ဆံကေသာသျှောင်ထုံးမှာ ပန်ဆင်ပြီး နေကြတယ်၊ ပင်လယ်ကသစ်ပင် ဟိုဘက်အကွယ်ကနေပြီးတော့ တိတ်တိတ်ကလေး ဆင်းပြီး ဟောဒီ နန္ဒဝန်ဥယျာဉ်ထဲမှာ တူကူပုန်းနေကြတာနဲ့ တူတယ်" ဆိုပြီးတော့ အကဲစမ်းတဲ့ အနေနဲ့ လှမ်းခေါ်ကြည့်လိုက်တယ်။

"ဟေ-နတ်သမီးတွေ ဘယ်သွားကြသလဲ၊ ဂွက်ထော်တို့၊ ရွှေစာတို့၊ မိထူးတို့ ဘယ်သွားကြသလဲ"၊ အဲဒီလို သုဗြဟ္မာနတ်သားက ခေါ်ကြည့်တယ်၊ ဒါဟာ ရှေးတုန်းက နတ်သမီးများရဲ့ နာမည်တွေကို မှန်းပြီး ဘုန်းကြီးက ထည့်သွင်း ဟောကြည့်တာပါ၊ ခုခေတ် နတ်သမီးတွေကတော့ လူ့ပြည်က နာမည်အတိုင်းဆိုရင် လွင်လွင်ခိုင်အေးနှင်းတို့၊ နွေးနွေးတို့၊ မေကျော်သက်တို့၊ ဒီလိုဖြစ်မယ် ထင်ပါတယ်၊ အေး--ထားလိုက်ပါတော့လေ၊ "အောင်မယ် ငါမသိဘူးမှတ်လို့လား၊ နန္ဒဝန်ဥယျာဉ်အတွင်း ရေကန်ထဲက ကြာဖက်အောက်မှာ နတ်သမီးတချို့ ပုန်းနေတယ် မဟုတ်လား၊ ငါမြင်ရတယ်-ထွက်ခဲ့၊ တွေ့ပြီ တွေ့ပြီ"လို့ ရမ်းပြီး အော်သော်လဲပဲ နတ်သမီးတစ်ယောက်မှ ပေါ်မလာပါဘူး။

ပေါ်မလာတော့ ဟိုရှာ-ဒီရှာနဲ့ သုဗြဟ္မာနတ်သားဟာ မောလဲမော၊ ဝမ်းလဲနည်းလာပြီမို့ သူ့မျက်နှာဟာ ငိုမဲ့မဲ့ဖြစ်လာမယ်ထင်တယ်၊ ငိုမဲ့မဲ့ဖြစ်လာတော့ "အောင်မလေး၊ ကျီစားတယ်ဆိုတာ တော်ရုံကောင်းတယ်၊ ဒီလောက်တောင် ကျီစားလို့ရှိရင်ဖြင့် မောင်ကြီးမနေတတ်တော့ဘူး၊ ဘာညာ" လို့ ဆိုပြီးတော့ ငိုသံပါကြီးနဲ့ မဲ့တဲ့တဲ့ ဖြစ်လာမယ်ထင်တယ်။

သုဗြဟ္မာနတ်သားဟာ သူကသာ ပျောက်သွားတဲ့ နတ်သမီးငါးရာကို တာဝတိံသာနတ်ပြည်တွင် ချာချာလည်အောင် ရှာဖွေနေတယ်၊ နတ်သမီးငါးရာကတော့- ဥပစ္ဆေဒက ကံဆိုးဖြတ်ပြီး သေသွားကြလို့ ရှေးဘဝများက သူတို့ ပြုမိုက်ခဲ့တဲ့ အကုသိုလ်ကံဟောင်းကြောင့် အဝီစိငရဲမှာ ဒုက္ခကြီးစွာ ခံနေကြရပြီ၊ ဒီအကြောင်းကို အဋ္ဌကထာမှာ ဒီလိုဖော်ပြထားပါတယ်။

အထ ရက္ခံ အဘိရုဠှာ ဥပစ္ဆေဒကကမ္မဝသေန ကေပွဟာရေနေဝ ကာလံကတွာ အဝီစိမှိ နိဗ္ဗတ္တာ မဟာဒုက္ခံ အနုဘဝန္တိ။

အထ တသ္မိံကာလေ-ထိုအခါ၌၊ ရုက္ခံ-ပင်လယ်ကသစ်ပင်ပေါ်ကို၊ အဘိရုဠှာ-ပန်းခူးရန်တက်ရောက်နေကြကုန်သော နတ်သမီးငါးရာတို့သည်၊

ဥပစ္ဆေဒက ကမ္မဝသေန–အသက်ကံမကုန်ခင် ကပ်၍ ဖြတ်တောက်တတ်သော ဥပစ္ဆေဒက ကံ၏ အစွမ်းဖြင့်၊ ဧကပ္ပဟာရေနေဝ–ရုတ်တရက် ချက်ချင်းပင်လျှင်၊ ကာလံကတွာ–စုတေမနေ ကွယ်လွန်လေ၍၊ အဝိစိမှိ–အဝိစိငရဲကြီး၌၊ နိဗ္ဗတ္တာ–ဖြစ်ကြကုန်လျက်၊ မဟာဒုက္ခံ–ကြီးစွာသော ဆင်းရဲကို၊ အနုဘဇန္တိ–မရှုမလှ ဒုက္ခခံကြရလေကုန်၏။

## သေခြင်းလေးမျိုး

သေခြင်းတရားက လေးမျိုးရှိတယ်၊ (၁) အာယုက္ခယ–အသက်တမ်းကုန်သောကြောင့် သေခြင်း၊ (၂) ကမ္မက္ခယ–ကံကုန်သောကြောင့် သေခြင်း၊ (၃) ဥဘယက္ခယ–အသက်၊ကံ နှစ်ပါးကုန်သောကြောင့် သေခြင်း၊ (၄) ဥပစ္ဆေဒက–ကံဆိုးဖြတ်သောကြောင့် သေခြင်း– တို့ ဖြစ်ပါတယ်။

ယခု ပင်လယ်ကသစ်ပင်ပေါ်က နတ်သမီးငါးရာ သေသွားခြင်းဟာ ရှေးဘဝက ပြုမိုက်ခဲ့ဖူးတဲ့ အကုသိုလ်ကံဆိုး ဖြတ်ခြင်းကြောင့် ရုတ်တရက် သေသွားရတဲ့ ဥပစ္ဆေဒက သေခြင်းမျိုး ဖြစ်တယ်–လို့ မှတ်ကြရမယ်။

## သူတို့ကို တွေ့ရပြီ

ဇာတ်လမ်းကို ဆက်ကြပါဦးစို့၊ သုဗြဟ္မာနတ်သားဟာ ဇနီးချော နတ်သမီးငါးရာကို ရှာပုံတော်ဖွင့်ပြီး ရှာလိုက်တာ တာဝတိံသာနတ်ပြည်မှာတော့ နေရာအနှံ့ အကြိမ်ကြိမ်အခါခါ ရှာသော်လဲ မတွေ့ရှာဘူး၊ ဒီတော့ သူက "အော်–တာဝတိံသာနတ်ပြည်မှာ ပျင်းလို့ စတုမဟာရာဇ်များ ဆင်းပြီး ကစားနေကြသလား" ဆိုပြီး စတုမဟာရာဇ် ကြည့်လဲ မတွေ့ဘူး။

အို–စတုမဟာရာဇ်မှာလဲ မတွေ့ပါပဲလား၊ လူ့ပြည်များ သွားပြီးတော့ ပျော်ပါးနေကြသလား၊ ပန်းခြံတွေထဲ လိုက်ကြည့်လို့လဲ မမြင်၊ တော်တော့ တော်တော့၊ လူ့ပြည်မှာလဲမရှိ၊ ဘယ်များရောက်ကုန်ကြပါလိမ့်မလဲ" ကြည့်ရင်း ကြည့်ရင်းနဲ့ ငရဲကို လှမ်းကြည့်လိုက်တဲ့အခါကျတော့ ငရဲမီးတွေ ပူလောင်ပြီးတော့ ကယ်ပါယူပါ ဟစာစာနဲ့ အော်ဟစ်ငရဲခံနေရတာကို တွေ့ရတယ်။

"အမလေး–ဘာဖြစ်ကြတာတုံး၊ ခုတင်တုန်းကပင် နတ်ပြည်မှာ အတူတူ ပျော်ရွှင်မြူးတူးပြီးတော့ နေခဲ့ကြသေးတယ်၊ အခု မင်းတို့ ဒုက္ခတွေ ရောက်လှချည့်လား"

## နတ်တွေလဲ ငိုတာပဲ

အင်း- ငါ့ကို ပစ်သွားတော့မလား၊ မင်းတို့ချည်း သွားကြသလား၊ ငါ့ကို ဘာပြုလို့ ထားခဲ့တာတုံး ၊ ငါလဲ လိုက်မယ်၊ ငါလဲလိုက်မယ်တဲ့၊သုဗြဟ္မာ နတ်သားဟာ သူ့ဇနီးချော နတ်သမီးတွေကို တမ်းတရင်း ငိုနေတယ်၊ ငိုနေ တဲ့နတ်သားက ဘယ်သူလဲ။

"သုဗြဟ္မာနတ်သားပါ ဘုရား"

လူတွေနဲ့ တူလိုက်တာနော်၊ လူ့ပြည်မှာလဲ လူတစ်ယောက်သေသွား လို့ရှိရင် "အောင်မယ်လေး၊ ငါ ဘယ်သူ့ကို ယုံလို့ ပုံခဲ့တာတုံး ၊ ဒို့ချည်း ပစ်ထားခဲ့မလားတော့-ဘာ-ညာနဲ့ တချို့ငိုကြတာ၊ ကျွန်မချည်း ပစ်ထားခဲ့ တာလား၊ ကလေးတွေ ဘယ်သူလာပြီးတော့ စောင့်ရှောက်မှာတုံး " ဒီလိုငို တာ၊ နတ်တွေက အဲဒီလို ငိုတာပဲနော်။

## တကယ်တမ်းကျတော့ သေရမှာ ကြောက်လိုက်တာ

တစ်ခါတုန်းက ပြောသံကြားဖူးတယ်၊ ရွာတစ်ရွာမှာ အဲဒီအမျိုးသား တစ်ယောက် သေတဲ့အခါ အမျိုးသမီးက ငိုတာ၊ သင်္ချိုင်းရောက်တဲ့ အခါကျတော့ အမျိုးသားရဲ့အလောင်းကို တွင်းထဲ ထည့်ပြီး မြေမြှုပ်မယ်ဆိုတော့ အမျိုးသမီးက အဲဒီတွင်းထဲ ခုန်ချ၊ ခုန်ချနေတယ်ဆိုပဲ၊ လူတွေကလဲ ဝိုင်းပြီးတော့ ဆွဲကြတယ်၊ နေက ပူ၊ သရဏဂုံ တင်တဲ့ဘုန်းကြီးတွေကလဲ အဲဒီဇရပ်ပေါ်မှာ အမိုးမရှိဘဲ နေပူပူ ထီးဆောင်းပြီး စောင့်နေရ၊ ဟိုကလဲ တစ်ခါ ကျင်းထဲ ထည့်ပြီးတော့ မြေမြှုပ်သင်္ဂြိုဟ်မှာဆိုတော့ ခေါင်းကို ကြိုးသိုင်းပြီး ချတဲ့အခါမှာ အမျိုးသမီးက အဲဒီခေါင်းပေါ်ချည်း ခုန်ခုန်ချလို့ အပေါ်ပြန် ပြန်ပြီး တင် တင်နေရတယ်၊ တင် တင်နေရတော့ ဘုန်းကြီးတွေကလဲ နေပူ၊ သူ့စောင့်ရတာလဲ မော၊ ဟိုကလဲ ကျင်းထဲ ခုန်ချမှာ စိုးရိမ်လို့ သူ့ကို ဆွဲထားရတာ တကဲကဲ ဖြစ်နေ တော့ လူတစ်ယောက်က နဲနဲ အမြင်ကပ်လာတော့ "ဟေ့- မတားကြနဲ့ကွာ၊ ဒီလောက်တောင် သေချင်တဲ့ကောင်မ,သွား" ဆိုပြီးတော့ တစ်ခါတည်း ခြေ ထောက်နဲ့ ကန်ချလိုက်တာ- ဟာ, ပျာယာ ပျာယာနဲ့ အပေါ်တက်ပြေးလာသတဲ့၊ "သူသေရင် ကျုပ်ကိုလဲ အတူတူမြှုပ်လိုက်ပါတော့"ဆိုပြီးတော့ ငိုတာ၊ တော် ကြာတော့ တကယ့်ကို ကန်ချတော့ နေရဲ့လား၊ မနေခဲ့ဘူး။

တစ်ခါတလေ တကယ့်ကို ချစ်တယ်ထင်တဲ့ ကိုယ့်ထက်ကို သူ့ကို ပိုပြီးတော့ အချစ်ပိုတယ်လို့ ထင်တာ၊ တကယ်တမ်းကျတော့ သေရမှာကို (ကြောက်လိုက်တာ) (ကြောက်လိုက်တာ) မပြောပါနဲ့။

## မိမိကိုယ်သာ အချစ်ဆုံး

"အတ္တ သမံ ပေမံ နတ္ထိ"တဲ့၊ မိမိကိုယ်ကို အချစ်ဆုံးတဲ့၊ ဘုရားရှင်က ဟောထားတာ၊ ဘယ်သူ့ကို အချစ်ဆုံးလဲ။

"မိမိကိုယ်ကို အချစ်ဆုံးပါ ဘုရား"

"သူများကို အသက်နဲ့လဲပြီး ချစ်တယ်ဆိုတာ ယုံဖို့ရာ ကောင်းပါ့မလား၊"

"မကောင်းပါဘုရား"

မကောင်းဘူး၊ ကိုယ့်ကိုယ်သာ အချစ်ဆုံးပဲနော်။

ဘယ်သူ့ကို အချစ်ဆုံးတဲ့လဲ-

"ကိုယ့်ကိုယ်ကို အချစ်ဆုံးပါ ဘုရား"

အေး- သူသေရင် မနေဘူး၊ ငါလဲ လိုက်ခဲ့မယ်-ဆိုပြီးတော့ ငိုလိုက်တာ၊ သုပြဟ္မာနတ်သား တော်တော်မောသွားပြီ၊ ဘာဖြစ်ပါလိမ့်။

"မောသွားပါပြီ ဘုရား"

## ကုသိုလ်ကုန်က ငရဲကျ

မောသွားတဲ့အခါကျတော့ "အင်း- သူတို့တော့ သေသွားပြီ၊ ငါတို့တော့ ဘယ်တော့များ သေရမှာလဲလို့" ကိုယ့်သေခြင်းတရားကို ဆင်ခြင်ကြည့်တော့ သူက နဲနဲ နတ်ကမ္ဗဝိဒ္ဓိ ရှိနေတာ ဖြစ်တဲ့အတွက် "ဩော်- ကုသိုလ်ပြုဖော် ပြုဖက်ဆိုပြီးတော့ ငါတို့နဲ့ အတူတူ ကုသိုလ်ကောင်းမှုအကျိုးတွေကို ခံစားရတဲ့ နတ်ပြည်ကို ဒို့နဲ့အတူရောက်ပြီးတော့ နတ်စည်းစိမ်တွေကို စံစားရတာ၊ ယခု ကုသိုလ်အရှိန်အဟုန် ကုန်လို့ သူတို့ပြုခဲ့တဲ့ အကုသိုလ်ကြောင့် သူတို့က တို့တစ်တွေရဲ့ အရင်ဦးစွာ ငရဲကျသွားကြတယ်။

## သုပြဟ္မာနှင့် နောက်ပါ ငါးရာ
## ဘုရားထံမှောက် လာရောက်ကြတယ်

အင်း–ခုနစ်ရက်နေလို့ရှိရင် နောက်ပါကျန်တဲ့ နတ်သမီးငါးရာနဲ့ အတူတူ ငါတို့လဲ သူတို့ကျသွားတဲ့ ငရဲမှာ ကျသွားပြီးတော့ ငရဲခံကြရမယ် ဆိုတာ သုပြဟ္မာနတ်သား သိမြင်လိုက်တယ်၊ သိလဲသိရော "မင်းတို့ချည်း သေသွားသလား၊ ငရဲခံရင်း မနေဘူး၊ မနေဘူး၊ ငါလဲ လိုက်ခဲ့မယ်၊ တကယ် သေရမယ် လိုက်ရမယ်"ဆိုတော့ သူ လိုက်ရဲ သေရဲမယ် ထင်ကြသလား။

"လိုက်ရဲမယ် မထင်ပါဘုရား"

သေရမှာကော မကြောက်ဘူးလား။

"ကြောက်လောက်ပါတယ်ဘုရား"

"မင်း– ငရဲခံစားရင် အေးအတူပူအမျှ ငါလဲ ငရဲအတူ ခံစားမယ်" ဆိုတာတွေကို ပြောတာကြားရရင် ယုံကြည်ရန် ခက်ခဲပါတယ်။

"မင်း ငရဲ ခံစားရင် အေးအတူပူအမျှ ငါလဲ ငရဲအတူ ခံစားမယ်"ဆို တာတွေများ ကြားဘူးရင်၊ ကြားရရင် အလကားပြောတာ၊ လိမ်ပြောတာ ဘယ်တော့မှ မယုံလေနဲ့ ဟုတ်လား။

"တင်ပါ့ဘုရား"

အဲဒီလိုဖြစ်လာတဲ့အခါကျတော့ နေစရာ မရှိလောက်အောင် ကြောက်ရွံ့ ထိတ်လန့်စရာဖြစ်တဲ့အတွက် နောက်ပါ နတ်သမီးငါးရာနဲ့ အတူတူ မြတ်စွာ ဘုရားထံ ပြေးလာတယ်၊ ဘယ်သူ့ထံ ပြေးကြ တုံး။

"ဘုရားထံပါ ဘုရား"

## ဗုဒ္ဓအား လျှောက်ထားပြီ

"ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အိုမြတ်စွာ ဘုရား၊ ဘုရားတပည့်တော်ရဲ့စိတ်ဟာ ပန်းပင်ပေါ်က နတ်သမီးငါးရာ သေ သွားပြီး ငရဲကျတာကို သိမြင်ရတဲ့အတွက် ဖြစ်ပေါ်ပြီးသော စိတ်ပင်ပန်း မှုတို့ကြောင့်လည်းကောင်း ကျန်တဲ့နတ်သမီး ငါးရာနဲ့တကွ တပည့်တော်ပါ ခုနစ်ရက်နေရင် ရှေ့ကသွားတဲ့ နတ်သမီးတွေကဲ့သို့ သေပြီးတော့ငရဲပြည်ကို ရောက်ပြီး ငရဲဒုက္ခခံစားရမှာကို ကြိုတင်တွေးပြီး မဖြစ်ပေါ်သေးတဲ့ ပင်ပန်းမှု

တို့ကြောင့်လည်းကောင်း၊ တပည့်တော်ရဲ့စိတ်ဟာ အမြဲတမ်းတုန်လှုပ် ကြောက်ရွံ့နေရပါတယ်ဘုရား၊ မရပ်နိုင်တော့ပါဘူး ဘုရား၊ မတည်နိုင်တော့ပါဘူးဘုရား၊ နေစရာမရှိတော့ပါဘူး ဘုရားနဲ့ "တပည့်တော်ကို ကယ်တော်မူပါ မြတ်စွာဘုရား၊ တကယ်လို့များ မြတ်စွာဘုရားမှာ အကြောက်ကင်းကြောင်း နည်းလမ်းကောင်း ရှိမယ်ဆိုရင် ကြောက်ရွံ့ကင်းတဲ့ နည်းတရားပေးတော်မူပါ၊ တပည့်တော်ကို ဟောတော်မူပါ မြတ်စွာဘုရား"လို့ ဘုရားကို သုဗြဟ္မာနတ်သားက လျှောက်ထားလိုက်တယ်။

အဲဒီလို လျှောက်တဲ့အခါကျတော့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်က "အေး- ဒီလိုဆိုလို့ရှိရင်ဖြင့် ငါဘုရား အကြောက်ကင်းတဲ့ တရား ဟောမယ်"ဆိုပြီးတော့ မြတ်စွာဘုရားက အကြောက်ကင်းတဲ့ တရားကို ဟောတယ်။

## သုဗြဟ္မာအား မြတ်ဘုရား ဟောကြားဒေသနာ

နာညတြ ဗောဇ္ဈာ တပသာ၊ နညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ (ဒီ-၂- ၃၄၁)။

တရားနာပရိသတ်တွေ ကြားဘူးကောင်း ကြားဘူးပါလိမ့်မယ်၊ တချို့ အသက်အောင့်ပြီးတော့ ခုနစ်ခေါက် ရေတစ်ခွက် မန်းပြီးတော့ တိုက်လိုက်ရင် တစ္ဆေ ထွက်ပြေးတယ်ဆိုတာပဲ၊ ကလေး အငိုတိတ်သွားတယ်ဆိုပဲ။

ဒီကြောက်ရွံ့ကင်းကြောင်း တရားကောင်းဟာဖြင့် ကလေးတစ္ဆေချောက်တာ အကြောက်ပျောက်ရဲ ဟောခဲ့တဲ့ တရားမဟုတ်ပါဘူး၊ တစ္ဆေပြေးတဲ့ မန်းဆေးအဖြစ်နဲ့ သုံးရင်တော့ တော်တော်နမြောစရာကောင်းတာပေါ့။

အဲဒီတရားကတော့ဖြင့် အပါယ်ဘေးကို ကျမှာ ကြောက်တဲ့ သုဗြဟ္မာနတ်သားနဲ့ နတ်သမီးတွေကို ဟောတဲ့တရား ဖြစ်တဲ့အတွက်ကြောင့် အပါယ်ဘေးက ကင်းနိုင်တဲ့ အသေ လုံးဝလွတ်တဲ့ နိဗ္ဗာန်ကို ရောက်နိုင်တဲ့ တရား ဖြစ်တယ်၊ မှန်ရဲ့လား။

"မှန်ပါတယ်ဘုရား"

ဒေဝပုတ္တ-သိလိုရေးနှင့် မေးလျှောက်လာငြား အမောင်နတ်သား၊ တပသာ-ဓုတင်တေရသလို့ ခေါ်တဲ့ ဓုတင်တစ်ဆယ့်သုံးပါး တရားကို၊အညတြ ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ ပါဏိနံ-သတ္တဝါတို့၏၊သောတ္ထိံ-ချမ်းသာ

ခြင်းကို၊ နုပဿာမိ–ငါဘုရား မြင်တော်မမူ၊ တပသာ–ကိလေသာတွေကို လွှန်မင်းပြင်းထန် ပူပန် သွေ့ခြောက် ကင်းပျောက်စေတတ်တဲ့၊ သမ္မပ္ပဓာန်–လို့လဝီရိယတရားတွေကို၊ အညတြ–ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခြင်းကို၊ နုပဿာမိ– ငါဘုရား မြင်တော်မမူ၊ ဗောဇ္ဈာ–သတိသမ္ဗောဇ္ဈင်၊ ဓမ္မ ဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိ သမ္ဗောဇ္ဈင်၊ သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာ သမ္ဗောဇ္ဈင် ခေါ်တဲ့ ဗောဇ္ဈင် ခုနစ်ပါး မြတ်တရားကို၊ အညတြ–ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခြင်းကို၊ နုပဿမိ–ငါဘုရား မြင်တော်မမူ။ ဣန္ဒြိယသံဝရာ–ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်ကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ခြင်းဆိုတဲ့ ဣန္ဒြိယသံဝရဆိုတဲ့တရားကို၊ အညတြ–ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခြင်းကို နုပဿမိ– ငါဘုရား မြင်တော်မမူ။သဗ္ဗနိဿဂ္ဂါ–ဆင်းရဲ ဒုက္ခအားလုံးကို ပယ်စွန့်ရာ ဖြစ်တဲ့နိဗ္ဗာန်ကို၊ အညတြ–ကြဉ်ဖယ်ရှောင်ရှား အလွတ်ထား၍၊ ပါဏိနံ–သတ္တဝါတို့၏၊ သောတ္ထိံ–ချမ်းသာခြင်းကို၊ နုပဿာမိ–မြင်တော်မမူသည်သာတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

## ဆောင်ပုဒ်တွေကို လိုက်ဆိုကြရမယ်

၁။ ဣန္ဒြိယ သံဝရတရား၊ ရှောင်ပယ်ရှား၊ အများချမ်းသာ မမြင်ပါ။
၂။ ချမ်းသာလိုချင်၊ သီလပင်၊ တွင်တွင် ကျင့်ပွားပါ။
၃။ ဗောဇ္ဈင် ခုနစ်ပါး၊ ရှောင်ပယ်ရှား၊ အများချမ်းသာ မမြင်ပါ။
၄။ ချမ်းသာလိုချင်၊ မြတ်ဗောဇ္ဈင်၊ တွင်တွင် ကျင့်ပွားပါ။
၅။ နိဗ္ဗာန်တရား၊ ရှောင်ပယ်ရှား၊ အများချမ်းသာ မမြင်ပါ။
၆။ နိဗ္ဗာန်လိုချင်၊ နိဗ္ဗာန်ခွင်၊ အလျင်ရောက်အောင် ကျင့်သုံးပါ။

အဲဒီလိုမြတ်စွာဘုရားက ဟောတယ်၊ ဒီတရားကို ဘုန်းကြီး ရက်ဆက်ဟောသွားမှာ ဖြစ်ပါတယ်၊ ဒ်နေ့တော့ဖြင့် ဒီတရားကို အကျဉ်း ချုပ်ပြီးတော့ ဟောသွားမှာ ဖြစ်ပါတယ်၊ ကျေးရှူးရှင် မဟာစည် ဆရာတော်ဘုရားကြီးက မဟာသတိပဋ္ဌာနသုတ် နိဿယသစ်မှတ်ချက်မှာ လိုရင်းကို ညွှန်ကြားပြသသွားတယ်။

## စတုပါရိ သုဒ္ဓိသီလ

ဣန္ဒြိယသံဝရ လို့ ဆိုတဲ့ သီလ၊ နောက်ပြီးတော့ ခုတင်ဆယ့်သုံးပါး၊ ဗောဇ္ဈင် ခုနစ်ပါး၊ နိဗ္ဗာန်၊ တရား အလုပ်အားထုတ်မည့် ယောဂီဆိုလို့ရှိရင်-တဲ့၊ ခုတင်ဆယ့်သုံးပါးထဲက အဓိကဖြစ်တဲ့ အရညကင်ခုတင်ဆိုတာကို ဦးစားပေးပြီးတော့ လူသူတွေနဲ့ကင်းရှင်းတဲ့ ဆိတ်ငြိမ်ရာဖြစ်တဲ့ တောအရပ်၊ သစ်ပင်အောက်၊ ဒါမှမဟုတ် ဆိတ်ငြိမ်ရာ ရိပ်သာကမ္မဋ္ဌာန်းကျောင်းကို သွား၊ မှန်ရဲ့လား။

"မှန်ပါဘုရား"

ခုတင်ဆယ့်သုံးပါးထဲက ကမ္မဋ္ဌာန်းကျောင်းဆိုရင်လဲ တောရ ဆောက်တည်တဲ့ အရညကင်ခုတင်မျိုး မရသော်လဲ ဆိတ်ငြိမ်မှု၊ တရား အားထုတ်မှု အတွက်တော့ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

## ဣန္ဒြိယ သံဝရ သီလ

အဲဒီလို တောထွက်ပြီးတော့ ဣန္ဒြိယသံဝရလို့ခေါ်တဲ့ ဣန္ဒြေ ခြောက်ပါး တံခါးခြောက်ပေါက်ကို ထိန်းသိမ်း စောင့်ရှောက်ပြီးတော့ မျက်စိမှ လောဘ၊ ဒေါသ၊ မောဟ မဝင်အောင် ရာဂ၊ ဒေါသ၊ မောဟ မဝင်အောင် စောင့်ရှောက်။

အေး- စိတ်ဆိုတဲ့တရားက လောဘ၊ ဒေါသ၊ မောဟ မဝင်အောင် ဣန္ဒြေခြောက်ပါး တံခါးခြောက်ပေါက်ကို လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ပြီးတော့ ကျင့်တဲ့သီလအကျင့်ကို ဣန္ဒြိယသံဝရ သီလလို့ ခေါ်တယ်။

## ပစ္စယသန္နိဿိတ သီလ

ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးဆိုတဲ့ ပစ္စည်းလေးပါးကို ပစ္စဝေက္ခဏာ ဆင်ခြင်ပြီးတော့၊ ပညာနှင့် ဆင်ခြင်ပြီးတော့ ရှုမှတ် ပွားများပြီးတော့ ကျင့်သုံး နေထိုင်တာကို ပစ္စယသန္နိဿိတ သီလလို့ ခေါ်တယ်။

## အာဇီဝ ပါရိသုဒ္ဓိ သီလ၊

လူဆိုရင် လူအလျောက်၊ ရဟန်းဆိုရင် ရဟန်းအလျောက် မတရားသောနည်းနဲ့ ပစ္စည်းအဟာရ မရှာဘဲနဲ့ အသက်မမွေးဘဲနဲ့ တရားသောနည်းလမ်းအတိုင်း ပစ္စည်းရှာတယ်၊ အသက်မွေးတယ်ဆိုတဲ့ အလုပ်ကို လုပ်ပြီး အသက်ရှင် တည်နေတဲ့အကျင့်ကိုတော့ဖြင့် အာဇီဝပါရိသုဒ္ဓိသီလလို့ ခေါ်တယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

## ပါတိမောက္ခ သံဝရ သီလ

လူတွေမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ရဟန်းတော်တွေမှာ ပါတိမောက္ခသံဝရ သီလ၊ ဣန္ဒြိယ သံဝရသီလ၊ ပစ္စယသ န္နိဿိတ သီလ၊ အာဇီဝပါရိသုဒ္ဓိသီလလို့ လေးမျိုးရှိတယ်။

အဲဒီသီလလေးမျိုးထဲက ဣန္ဒြိယ သံဝရသီလဆိုတဲ့ တံခါး ခြောက်ပေါက်ကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဆိုတဲ့ ဣန္ဒြိယသံဝရသီလ လုံခြုံတယ်ဆိုလို့ရှိရင် ပစ္စယသန္နိဿိတ သီလလုံခြုံတာပဲ၊ အာဇီဝပါရိသုဒ္ဓိ သီလလဲ လုံခြုံတယ်၊ ပါတိမောက္ခသံဝရ သီလလဲ လုံခြုံတာပဲ။

အဲဒီဣန္ဒြိယ သံဝရသီလကို ညွှန်ကြားလိုက်သောအားဖြင့် မြတ်စွာဘုရားသည် သီလဝိသုဒ္ဓိ ဖြစ်အောင် ကျင့်ကြ၊ ဦးစွာပထမ တောရကျောင်းဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍နေ၊ အကြောက်ကင်းတဲ့တရား လိုချင်ရင် သီလဝိသုဒ္ဓိ ဖြစ်အောင် သီလဆောက်တည်ပြီး စင်ကြယ်အောင် လုပ်ပါ၊ ဒီလိုညွှန်ကြားလိုက်တယ်၊ နတ်သားကို ညွှန်ကြားလိုက်တာ။

နောက်ပြီးတော့ သံသရာဝဋ်က ထွက်မြောက်ရာ ဖြစ်တဲ့ နိဗ္ဗာန်ကိုရည်မှန်းပြီးတော့ နိဗ္ဗာန်ရောက်ဖို့ရန်အတွက် "သံသာရ ဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ"ဆိုတဲ့အတိုင်း သံသရာဝဋ်က ထွက်မြောက်ဖို့ရာအတွက်လို့ ရည်မှန်းပြီး ဗောဇ္ဈင်ခုနစ်ပါး ဝိပဿနာတရားကို ပွားပါ။

"ဗောဇ္ဈင် ခုနစ်ပါးတည်းဟူသော ဝိပဿနာတရားကို ပွားပါ"လို့ ဘုရားမဟောဘူးလား။

"ဟောပါတယ်ဘုရား"

"အဲဒီ တရားပွားဖို့ အရေးမကြီးဘူးလား"

"ကြီးပါတယ်ဘုရား"

အင်္ဂတန်မှ အရေးကြီးတယ်၊ အခု- ဆိတ်ငြိမ်ရာဆိုတဲ့ ကမ္မဋ္ဌာန်းရိပ်သာကို ရောက်နေကြပြီ၊ နောက်ပြီး အမျိုးသား၊ အမျိုးသမီး ယောဂီတွေအတွက် ရှစ်ပါးသီလ ဆောက်တည်ပြီးတော့ လုံခြုံအောင် ထိန်းသိမ်း စောင့်ရှောက်ထားကြပြီ၊ သီလ ဝိသုဒ္ဓိလဲ ဖြစ်နေပြီ။

"မဖြစ်ဘူးလား"

"ဖြစ်ပါတယ်ဘုရား"

အဲဒီလို ဖြစ်နေရင် တပည့်တော်တို့ အခု တရားအလုပ် အားထုတ်ခြင်းသည်၊ "အဒ္ဓါ ဣမာယ ပဋိပဒါယ ဇရာ မရဏမှာ ပရိမုစ္စိဿာမိ" အင်း-တပည့်တော်တို့ အခုကျင့်တဲ့ သတိပဋ္ဌာန်ဝိပဿနာ အကျင့်မြတ်ဖြင့် အို နာ သေ ဘေးဆိုးကြီးတွေမှ ကင်းရာကို မုန်စွာရောက်ရပါလို၏ဘုရား၊ တပည့်တော်သည် ဤအကျင့်မြတ်ပဋိပတ်ဖြင့် အိုဘေးဆိုးကြီး၊ နာဘေးဆိုးကြီး၊ သေဘေးဆိုးကြီးမှ ကင်းလွတ်ရတော့မှာပါတကား၊ ကင်းလွတ်ရပါလို၏ လို့ ဒီလိုအဓိဋ္ဌာန်ချက် ပြုထားကြရမယ်၊ မပြုရသေးရင် ပြုထားကြ။

အဲဒီလိုပြုထားပြီးရင် ဗောဓိဇ္ဈင်ခုနစ်ပါးဆိုတဲ့ ဝိပဿနာတရား ပွားများအားထုတ်ဖို့ အရေးမကြီးဘူးလား။

"ကြီးပါတယ်ဘုရား"

အရေးကြီးတယ်၊ အဲဒီဗောဇ္ဈင် ခုနစ်ပါးဆိုတဲ့ ဝိပဿနာတွေ ပွားများဖို့နည်းဆိုတာတော့ ဒို့တရားနာပရိသတ်တွေ နာကြားပြီးတော့ အခု အားထုတ်နေကြတဲ့ နည်းပါပဲ။

ထိုင်ပြီးတော့မှ မှတ်ပုံဆိုတာက စပြီး နည်းနည်းကြည့်ပါ၊ နဲနဲ ဆိုကြည့်ပေါ့။

## တရားထိုင်နည်း အချုပ်လင်္ကာ

တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာ ဖြောင့်အောင်ထား။
မလှုပ်ဣန္ဒြေ၊ ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။
မျက်စိမှိတ်ကာ၊ ခေါင်းတည့်ပါ၊ ဝမ်းမှာစိတ်ကိုထား။

ဖောင်းတာပိန်တာ၊ စိတ်စိုက်ကာ၊ မှတ်ပါယောဂီများ။

ပေါ်ရာပေါ်ရာ၊ စူးစိုက်ကာ၊ မှတ်ပါယောဂီများ။

အဲဒီတော့ တင်ပလ္လင်ခွေ၊ ဒူးတုပ်ပြီးတော့ ကြိုက်တဲ့အနေအထားမျိုးနဲ့ ကိုယ်ကို ဖြောင့်ဖြောင့် မတ်မတ်ထားပြီးတော့ ထိုင်ပါ၊ မျက်စိနှစ်လုံးကို အသာမှိတ်ထားပါ၊ ခေါင်းကိုလဲပဲ တည့်တည့်ထားလို့၊ ခါးကိုလဲ ဖြောင့်ဖြောင့်ထားပါ၊ စိတ်ကလေးကိုလဲ တရားမှတ်တဲ့ အာရုံဆီကို စူးစိုက်ပြီးတော့ ပို့ထားပါ၊ ဝမ်းဗိုက်ဆီကို ပို့ထားပါ၊ အဲဒီလို စူးစိုက်ပို့ထားပြီးတော့ အသက်ရှူတိုင်း ရှိုက်တိုင်း သွှဲ့ဟာသူ ဖောင်းပိန်ပြီးတော့ ဝါယောဖေါဋ္ဌဗ္ဗရုပ်ရဲ့ လှုပ်ရှားမှုတွေကို သတိ စူးစိုက်ပြီးတော့ ဖောင်းရင်ဖောင်းတယ်၊ ပိန်ရင်ပိန်တယ်လို့ မှတ်ပါ၊ မှတ်နေကြတယ်နော်၊ ဟုတ်ရဲ့လား-

"ဟုတ်ပါတယ်ဘုရား"

အဲဒီလို ဖောင်းတယ် ပိန်တယ် မှတ်နေရင်း မျက်စိက မှိတ်ထားရင် ဘာဘာညာညာ မြင်ရရင် မြင်တယ်၊ မြင်တယ်မှတ်၊ ပျောက်သွားရင် ဖောင်းတယ် ပိန်တယ်မှတ်။

နားထဲက အသံတွေ ကြားရရင် ပကတိအသံဖြစ်ဖြစ်၊ စိတ်အာရုံကို ထင်မှတ်တဲ့အသံ ဖြစ်ဖြစ်၊ ဘာသံကြားကြား၊ ကြားရင်ကြားတယ် မှတ်၊ ပျောက်သွားယင် ဖောင်းတယ် ပိန်တယ် ပြန်မှတ်။

နှာခေါင်းက အနံ့တွေ နံရင် နံ့တယ်၊ မွှေးရင် မွှေးတယ်- မှတ်၊ ပျောက်သွားရင် ဖောင်းတယ် ပိန်တယ်- ပြန်မှတ်။

ပါးစပ်ထဲက တံတွေးတွေ များလာရင် များတယ်၊ လုံးချင်တယ်၊ လုံးတယ်၊ မျိုတယ်မှတ်၊ ပျောက်သွားရင် ဖောင်းတယ် ပိန်တယ် ပြန်မှတ်။

ခန္ဓာကိုယ်ထဲက ယားယံရင် ယားတယ်မှတ်၊ ပျောက်သွားရင် ဖောင်းတယ်ပိန်တယ်မှတ်၊ မပျောက်လို့ သည်းမခံနိုင်ရင် အယား ပျောက်ချင်တယ်၊ အယားပျောက်ချင်တယ်၊ လက်ကို ရွှေ့ချင်တယ်၊ ရွှေ့တယ်၊ အယားပျောက်တယ်မှတ်၊ ပျောက်သွားယင် ဖောင်းတယ် ပိန်တယ်မှတ်၊ မမှတ်ပေဘူးလား။

"မှတ်ရပါတယ် ဘုရား"

စိတ်တွေ ဟိုဟိုဒီဒီ ထွက်သွားရင် စိတ်ကူးတယ်၊ စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ကြံစည်တယ်မှတ်၊ ပျောက်သွားရင် ဖောင်းတယ် ပိန်တယ်မှတ်။

၂၁၆၀၇

အဲဒီလို မှတ်တာလွယ်ကူလာလို့ ရှိရင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်လို့- အောက်ကခွေခွေ အပေါ်က မတ်မတ် ထိုင်နေပုံကို သတိကလေး ကပ်ပြီး ခေါင်းပေါ်ကနေ ရေလောင်းချလိုက်တော့ ရေက တစ်ကိုယ်လုံး စိုစွတ်သွားသလို မှတ်သိစိတ်က ခေါင်းကနေ တင်ပလ္လင်ခွေ ဆုံးသွားသည်အထိ ထိုင်တယ်မှတ်၊ ဘယ်လိုမှတ်ရမယ်။

"ထိုင်တယ်လို့ မှတ်ရပါတယ်- ဘုရား"

အဲဒီလို ထိုင်တယ်- ထိုင်တယ်၊ ဖောင်းတယ်- ပိန်တယ်၊ ထိုင်တယ်လို့ မှတ်ပြီး နိုင်နင်းလာလို့ရှိရင် တင်ပါးနဲ့ ကြမ်းပြင်နဲ့ အစူးရှဆုံးထိတဲ့ နေရာလေးကို စိတ်ထဲက သတ်မှတ်ပြီး ထိတယ်လို့မှတ်။

ဖောင်းတယ်-ပိန်တယ်-ထိုင်တယ်-ထိတယ်-လို့မှတ်၊ မမှတ်ရဘူးလား။

"မှတ်ရပါတယ် ဘုရား"

အဲဒီလိုမှတ်ပြီး တစ်နာရီလောက်ကြာလို့ရှိရင်ဖြင့် ထိုင်ရာက ထ၊ ထတဲ့အခါမှာလဲပဲ စုံစုံလင်လင်မှတ်။

လက်နှစ်ဖက်ပိုက်ပြီးတော့ ခေါင်းကိုမတ်မတ်ထား၊ မျက်လွှာ အသာချပြီး ဘယ်ဖက်ခြေထောက်က လှမ်းရင် ဘယ်လှမ်းတယ်၊ ညာဖက်က ခြေထောက်က လှမ်းရင် ညာလှမ်းတယ်။

အဲဒါနိုင်နင်းလာလို့ရှိရင် တစ်ဖက်ကို သုံးချက် ကြွတယ်-လှမ်းတယ်၊ ချတယ်-စကြံဆုံးသွားတော့ ထောင်ထောင်မတ်မတ် ရပ်နေတဲ့ ခန္ဓာကိုယ်ကြီးကို ခေါင်းကနေ ခြေဆုံးအောင် ရပ်တယ်- ရပ်တယ်- မှတ်၊ ပြီးသွားရင် လှည့်ချင်တယ်၊ လှည့်ချင်တယ် မှတ်ပြီး သွားရင် လှည့်တယ်- လှည့်တယ်-မှတ်။

အဲဒါပြီးသွားရင် ရပ်တယ်-ရပ်တယ်-မှတ်၊ သွားချင်တော့ဖြင့် သွားချင်တယ် သွားချင်တယ်လို့ မှတ်၊ ပြီးရင် ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ စသည်ဖြင့် ခေါက်တုန့် ခေါက်ပြန် မမှတ်ရပေဘူးလား။

"မှတ်ရပါတယ်ဘုရား"

အေး- တခြား စားတာ၊ သောက်တာ၊ ရေချိုးတာ၊ အဝတ် ဖွပ်တာ၊ အိမ်သာတက်တာ၊ တံခါးဖွင့်တာ၊ ပိတ်တာ ဖိနပ်စီးတာ၊ ချွတ်တာ- စသည်တို့ကိုလဲပဲ အကုန် မရှုမှတ်ရပေဘူးလား။

"မှတ်ရပါတယ်ဘုရား"

အဲဒီလို တစ်မှတ်တည်း မှတ်တာက သတိသမ္ဗောဇ္ဈင်–တဲ့၊ စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးတော့ စိတ်ထွက် စိတ်ပျက်တွေ ငြိမ်ပြီးတော့ မှတ်စရာနဲ့ မှတ်တာ–နှစ်မျိုး ကွဲကွဲပြားပြား–သိပြီးတော့ ပေါ်ပြီး ပျောက်တာတွေ၊ ဒါကို သိတာက ဓမ္မဝိစယသမ္ဗောဇ္ဈင်။

အဲဒါတွေကို မပြတ်ရှုမှတ်နိုင်အောင် ကြောင့်ကြစိုက်နေတာက ဝီရိယ သမ္ဗောဇ္ဈင်။

တဖိမ့်ဖိမ့် တစိမ့်စိမ့် ဖြစ်ပြီးလာတာက ပီတိသမ္ဗောဇ္ဈင်။

ကိုယ်ထဲမှာ စိတ်ထဲမှာ ငြိမ်းအေးချမ်းသာနေတာက ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

ကိုယ်ရော စိတ်ပါ တည်ငြိမ်ပြီးတော့နေတဲ့သဘောကို သမာဓိ သမ္ဗောဇ္ဈင်။

ကောင်းတာ ဆိုးတာတွေကို လျစ်လျူရှုပြီးတော့ ပေါ်ရာပေါ်ရာ ရုပ်နာမ်တွေကို ရှုမှတ်ရင်းက သူ့အလိုလို မှတ်သိပြီးသားဖြစ်နေတာ ဥပေက္ခာ သမ္ဗောဇ္ဈင်။

"ဘာသမ္ဗောဇ္ဈင်ပါလိမ့်"

"ဥပေက္ခာ သမ္ဗောဇ္ဈင်ပါဘုရား"

အဲဒီဗောဇ္ဈင်တရားတွေကို သိပြီးတော့ နိဗ္ဗာန်မျက်မှောက် ပြုသွားနိုင်တယ်လို့ ဟောထားခဲ့တာ အများကြီးပါပဲ။

ဝိပဿနာဉာဏ်တွေ ပြည့်စုံတဲ့အခါ နိဗ္ဗာန်မျက်မှောက်ပြုသွားရင် သေပြီးတဲ့နောက် အပါယ်လေးပါးကျမှာကို ကြောက်စရာ လိုသေးလား။

"မလိုတော့ပါဘုရား"

မကြောက်ရတော့ဘူး။ အဲဒီလို ဘုရားဟောတဲ့တရားကို နာကြားရင်း နှလုံးသွင်းအားထုတ်တဲ့အတွက် သုဗြဟ္မာနတ်သားနှင့်တကွ နတ်သမီးငါးရာတို့ဟာ သောတာပန် ဖြစ်သွားကြတယ်၊ ဘာဖြစ်သွားကြ တုံး။

"သောတာပန် ဖြစ်သွားကြပါတယ်– ဘုရား"

အဲ–ခုနစ်ရက်နေလို့ သေရင်လဲပဲ နတ်ပြည်မှာ ပြန်ပြီးတော့ နတ်တွေသာ ဖြစ်ကြရတော့မယ်၊ ငရဲကျပါဦးမလား။

"မကျတော့ပါ ဘုရား"

ကြောက်စရာ အေးမသွားဘူးလား။

"အေးသွားပါတယ်ဘုရား"

ဘေးကင်းမသွားဘူးလား။

"ကင်းသွားပါတယ် ဘုရား"

အေး-"ကြောက်ရုံ့ကင်းဝေး ငြိမ်းချမ်းအေး"ဆိုတဲ့ သုဇြဟ္မာ သုတ္တန်တရားတော် ပထမပိုင်းကို ကြားနာရတဲ့ ကုသိုလ်ကံစေတနာတို့ကြောင့် ဤတရားတော်လာအတိုင်း ပိုက်နှာ၊ ကျင့်ကြံ၊ ကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ၊ ဘုရားဖက်၍ အသက်ရှည်ကြပါစေ၊ တရားဖက်၍ အမျက်ပြေစိတ်ချမ်းသာကြပါစေ၊ သံဃာဖက်၍ အခက်ဝေ ကြီးပွား တိုးတက်ကြပါစေ၊ သာသနာပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၃)

ကဲ–တရားပွဲစကြရအောင်၊ သာသနာတော်နှစ် ၂၅၃၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊မိုးဥတု ဝါဆိုလပြည့်ကျော် (၁၂)ရက်နေ့ ဖြစ်တယ်၊ ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာတွင် တရားအလုပ် အားထုတ်တော်မူကြတဲ့ ယောဂီသူတော်စင်တို့အား ဘုန်းကြီး ဒီနေ့ဟောဖို့ စီစဉ်စဉ်းစားထားတာကတော့ သုဗြဟ္မသုတ္တန် တတိယပိုင်း တရားတော်ဖြစ်တယ်။

### ပဏာမ

### သိမြင်ရေးဘုရားရှိခိုး

ဗုဒ္ဓေါ သောဘဂဝါ ဗောဓာယ ဓမ္မံ ဒေသေတိ။

သောဘဂဝါ–အကျွန်ုပ်တို့အများ၏အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဗုဒ္ဓေါ–သစ္စာလေးပါး ခပ်သိမ်းသောတရားတို့ကို ပိုင်းခြားထင်ထင် သိမြင်တော်မူပြီးသည်ဖြစ်၍၊ ဗောဓာယ– သတ္တဝါများ ကျွန်ုပ်တို့အားလဲ အလားတူပင် သိမြင်ကြပါစေခြင်းအကျိုးငှာ၊ ဓမ္မံ–သစ္စာလေးတန် တရားမှန်ကို၊ ဒေသေတိ– ကရုဏာရှေ့ထား ပညာအားဖြင့် ဟောကြားတော်မူခဲ့ပါပေ၏၊ တံဘဂဝန္တံ–သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ မယံ–တရားဟော တရားနာ များလှစွာသော တပည့်တော်တို့သည်၊ဝန္ဒာမ–ယုံကြည်မြတ်နိုး မှန်ရိုကျိုး၍ ရှိခိုးပူဇော်ကြပါကုန်၏ မြတ်စွာဘုရား။

"သာဓု– သာဓု– သာဓု"

### ပမာဏ
### ညောင်ကန်ဆရာတော်ဦးဖုဝ်၏
### အခါတော် ခုနစ်ပါး ဘုရားရှိခိုး

၁။ ဩက္ကန္တော ဂုရုဝါရမှိ၊ ဝိဇာယိ သုက္ကဝါသရေ။
နိက္ခမေ စန္ဒဝါရမှိ၊ သမ္ဗုဒ္ဓို ဗုဒ္ဓဝါသရေ။
၂။ သောရိဝါရေ ဓမ္မစက္ကံ၊ အင်္ဂါရေ ပရိနိဗ္ဗုတော။
တေဇော ဒဓော အာဒိစ္စမှိ၊ သတ္တဝါရ မဟံနမေ။

၁။ ဗောဓိသတ္တော-သုမေဓာမည်တွင် ဈာန်ယာဉ်ပျော်မွေ့ ရှင်ရသေ့ဘဝဖြင့် ဗုဒ္ဓမြတ်စွာ ဒီပင်္ကရာ မည်တွင်သာသည့် ထွင့်ချာသေဋ္ဌနင်း ခြေတော်ရင်း၌ ဝပ်စင်းခယ ဗုဒ္ဓဆုပန် ဗျာဒိတ်ခံသည်မှ စ၍တွက်ရေ လေးသင်္ချေကိန်း ကပ်တစ်သိန်း ကာလပတ်လုံး ကျင့်သုံးဖွယ်ရှည် ပါရမီဆယ်ပါး အပြားသုံးဆယ် ပါးသွယ်စာဂ စရိယသုံးပါး ဖြည့်ကျင့်ကြ၍ ဘုရားဖြစ်ရန် အချိန်တန် အခါကျ နောက်ဆုံးဘဝ ရောက်ရချိန်ကောင်း ဘုရားလောင်းသည်၊ ဂုရုဝါရမှိ-မဟာသက္ကရာဇ် တွက်စစ်လမ်းညွှန် ခြောက်ဆယ့်ခွန်၏ လမွန်ရှန်းစို မိုးလုံးညိုသည့် ဝါဆိုလပြည့် ကြွက်မင်းနေ့၌၊ ဩက္ကန္တော-ကပိလဝတ်ပြည် ရှင်ဘုရင်သုဒ္ဓေါဒန အလှရတနာ မာယာဒေဝီ မဟေသီထင်လင်း ထိပ်ထားရင်း၏ သန့်ရှင်းသိုက်မြိုက် ဝမ်းကြာတိုက်၌ စွဲစိုက်သန္ဓေ တည်နေစံပျော် ကိန်းအောင်းမွေ့လျော်တော်မူပါ၏။

၂။ သုက္ကဝါသရေ-သန္ဓေယူကာ ဆယ်လကြာသော် မဟာသက္ကရာဇ် ခြောက်ဆယ့်ရှစ်ကြို ကဆုန်လပြည့် သောကြာနေ့၌၊ ဝိဇာယိ-ဒေဝဒဟနှင့် ကပိလတွင်မည် နှစ်ပြည်ထောင်ကြား နန်းတွင်းသားတို့ပျော်ပါးစံရာ သာရကာကျေးငှက်စက္ကဝါကြိုးကြာ ရွှေဟင်္သာနှင့် လူးလာခုန်ပေါက် မျောက်က ကြိုးခွေ ဒေါင်းအိုးဝေလျက် သားတွေစုံလင် သမင်ဒရယ် ချေငယ်စိုင်ဆတ် ဖွတ်ပဒတ်တို့ ဝိုင်းပတ်ပျော်ရွှင် အင်ကြင်းပင်တို့ ဝေလွှင်ပွင့်လန်း အင်ကြင်းပန်းများ စည်ကားစုံညီ လုမ္ဗိနီမည်သင်း အင်ကြင်းမြိုင်တွင် မင်းဥယျာဉ်၌ သုံးခွင်မကိုင်ရ သုံးတိုက်မှန်ကူ သယမ္ဘူထွတ်ထား ဘုရားလောင်းကို မိကောင်းမာတာ မယ်မာယာမှ ဗြဟ္မာနတ်လူ ခြံရံကူလျက် လိုက်ဆုထန်သီး မြေကြီးလှုပ်အောင်သာဓုခေါ်လျက် ကြွေးကြော်ထွေထူး မီးရှူးသန့်စင် ဖွားမြင်တော်မူပါပြီ၊ ဝိဇာယိ-

မယ်မာယာမှ ဗုဒ္ဓကုံရ ဗုဒ္ဓလောင်းလျာ သားရတနာကို ဖြဟ္မာလေးပါး ဇာဝတ် ပါးဖြင့် ခံထားထင်လင်း နတ်မင်းလေးပါး အစောင့်ထားလျက် ထူးခြားရှုံရွေ နန်းသူတွေနှင့် မြေပထဝီ မဟီငြိမ့်ညောင်း၊ တစ်သောင်းလောကဓာတ် ပုံတင် ထပ်မျှ နံ့စပ်ကျော်ကြူး သူ့ထက်ထူးအောင် မီးရှူးသန့်စင် ဂုဏ်ပေါင်းယင်၍ ဖွားမြင်တော်မူပါ၏။

၃။ စန္ဒဝါရမို–ဖွားမြင်မြောက်သော် မည်တော်သိဒ္ဓတ္ထ မှည့်ခေါ်ကြ၍ ထူးလှ ဂုဏ်မောက် အရွယ်ရောက်သည့် ဆယ့်ခြောက်နှစ်ရွယ် ပျိုနုနယ်၌ လှမယ်စံပြ ဘဒ္ဒကဥ္စန အလှမျက်ဖျော် ယသော်မင်းသမီး ရှုမငြီးနှင့် အပြီးလက်ထပ် ထီးနန်းအပ်၍ မန္ဓာတ်စကြာ မင်းပမာနှင့် နတ်ရွာသိကြား ပုံအလားသို့ သုံးပါး ဥတု ချမ်းသာမှုတွက် သုံးခုရွှေနန်း လှည့်လည်မြန်း၍ ရှင်လန်းစံပျော် ရွယ် တော်နှုပြီး နှစ်ဆယ့်ကိုး၌ လေးမျိုးနိမိတ် နတ်ပြဟိတ်ကြောင့် ရွှေစိတ် ငြင်ငြိ သံဝေပို၍ ဝါဆိုလပြည့် ကျားမင်းနေ့၌၊ နိက္ခမေ–သန်းခေါင်ကာလ မတ်ဆန္ဒ နှင့် ကဏ္ဍကမြင်း တူစီးနင်း၍ နန်းတွင်းမှခွာ တောထွက်တော်မူပါ၏။

၄။ ဗုဒ္ဓဝါသရေ–ခေါင်း၌ထွတ်တင် အစဥ်မပြတ် ရစ်ပတ်ဖွဲ့ထုံး စိတ်နှလုံးဝယ် ရှင်ပြုံးနှစ်သက် လွန်စွဲမက်တတ် သျှောင်မြတ်ရတနာ ဆံကေသာကို အာလျူပြတ် စွန့်ပယ်ဖြတ်၍ ထက်ရပ်ဖြဟ္မာ လျှုကပ်လာသည့် ရောင်ဝါတင့်ဆန်း ကြာ သင်္ကန်းဖြင့် မြတ်ရဟန်းပြု ဥရုဝေလ တောရမြိုင်ပေါ် ခြောက်နှစ်သော်မှ ကျင့်တော်ထန်သီး သေလုနီးအောင် ကျင့်ကြီးကျင့်လဲ ကျင့်လွန်ကဲလှ မှန်မရ၍ ကျင့်မှ ရှောင်ခွာ လမ်းမှန်ရှာလျက် အာနာပါန ကျင့်မှန်ရလာ မဟာသက္ကရာဇ် တစ်ရာ့သုံး ခုနှစ်ခေါ် ခါတော် တစ်ဖုံ ပွင့်ချိန်ကြုံသည့် ကဆုန်လပြည့် ဆင်မင်း နေ့၌၊ သမ္ဗုဒ္ဓ–သိစရာဖုံဖုံ တရားအလုံးစုံကို အကုန်သိတော်မူပါပြီ၊ သမ္ဗုဒ္ဓ– မဇ္ဈိမဒေသ အိန္ဒိယနိုင်ငံ ဗုဒ္ဓဂယာ မဟာဗောဓိပင်မင်း ပင်ခြေရင်း၌ မိုက်သင်း မာရ်နတ် ပြီးပြတ်အောင်မြင် အောင်လံတင်မြင့် တရားကျင့်ပြန် ညဥ့်ဦးယံက ပုဗ္ဗေနိဝါသနှင့် မဇ္ဈိမယာမ ဒိဗ္ဗစက္ခု ရောက်မှုပြီးက ပဋိစ္စသမုပ္ပါဒ် ဆင်ခြင်လတ်၍ ဝိပဿနာ ဆက်ရှုပါသဖြင့် ပစ္ဆိမယာမ ချိန်ကာလမှာ သမ္မာသမ္ဗုဒ္ဓ အာသဝက္ခယ နှင့် အရဟတ္တ ဉာဏ်မဂ္ဂပါ သဗ္ဗညုတဉာဏ် အမှန်ရယူ ရတော်မူ၍ သဗ္ဗညု ဘုရား ဖြစ်ထင်ရှားအောင် တရားဥဿုံ သိစရာစုံကို အကုန်အစင် သိမြင် တော်မူပါသတည်း။ "သာဓု–သာဓု–သာဓု"

၅။ ဗုဒ္ဓေါ-ဂေါတမနွယ်ဖွား တရားအလုံးစုံ အကုန်သိမြင် ဘုရားရှင်သည်၊ သောရိဝါရေ-ဘုရားဖြစ်ခါ သတ္တဌာန ခုနစ်ဝဝယ် သတ္တ သတ္တာဟ တစ်ဌာနတွက် ခုနစ်ရက်ကြာ နေရတာမို့ ခုနစ်ဌာနတွက် လေးကိုးရက်ကြာ နေပြီးပါသော် ဦးစွာတရား နာသင့်ငြားသူ ကြည့်တော်မူသော် ဉာဏ်ပေါ်မြင်ရ ပဉ္စဝဂ္ဂီ တွေ့မြင်ပြီမို့ ကြွချီ၍သာ ပြည်ဗာရာဏ၏ မိဂဒါဝုန် တောရဂုံမှာ မဟာသက္ကရာဇ် တစ်ရာ့သုံးခုနစ်ဟု ရွှန်းသစ်စိမ်းစို ဝါဆိုလပြည့် စနေ့နေ့၌၊ ပဝတ္တယိ-နေဝင်လထွက် ရောင်စုံယှက်သည့် ပြိုးပြက်ဝင်းပ ချိန်ကာလ၌ လောကဓာတ်ပေါင်း တိုက်တစ်သောင်းမှ ခညောင်းရောက်လာ နတ်ဗြဟ္မာနှင့် ထူးစွာထင်ရှား ငါးပါးအုပ်စု ဘိက္ခုတွင်မည် ပဉ္စဝဂ္ဂီအား ရှစ်လီမဂ္ဂ မဇ္ဈိမပဋိပဒါ လေးသစ္စာကို မှန်စွာဖော်ပြ ဓမ္မစက္က မြိုက်ဓမ္မကို မိန့်ဟထူးခြား ဟောဖော်ကြားသည့် တရားနတ်စည် ရွှန်းပါပြီ။

၆။ အင်္ဂါရေ-ထိုချိန်မှစ ဗုဒ္ဓမြတ်စွာ နေ့ပါညဆက် တစ်ရက်ခေါ်ရာ ၂၄-နာရီမှာ ညအခါတွင် တစ်နာရီကျော်သာ ကျိန်းစက်ပါ၍ သတ္တဝါအပေါင်း ချမ်းသာကြောင်းကို လျောင်း၊ ထိုင်၊ ရပ်၊ သွား၊ လေးပါးဣရိယာ လှည့်လည်ကာဖြင့် များစွာတရား ဟောဖော်ကြား၍ အများသတ္တဝါ နိဗ္ဗာန်သာသို့ ဖောင်ကူးတို့ဖြင့် ဆောင်ပို့ခဲ့ငြား သက်ကားရှစ်ဆယ် ဝါလေးဆယ့်ငါး ကြာမြင့်သွားသော် ဘုရားနိဗ္ဗာန် စံချိန်တန်၍ မှတ်ရန်ချင့်တွေး ရာလေးဆယ့်ရှစ် သက္ကရာဇ်ဝယ် နယ်မလ္လာတိုင်း စံနိုင်းမယုတ် ကုသိနာရုံ အင်ကြင်းစုံဝယ် ကဆုန်လပြည့် အင်္ဂါနေ့၌၊ ပရိနိဗ္ဗုတော- ကျန်ရစ်ခဲ့ငြား တပည့်များအတွက် ကိုယ်စားဓမ္မ မှန်ဆုံးမကို မိန့်ဟထားလျက် ညဥ့်နက်လွန်ပြီး လင်းအားကြီးဝယ် အံ့ချီးဖွယ်မှတ် သမာပတ်ကို အထပ်ထပ်ဝင်စား၍ အားရရွှင်လန်း နိဗ္ဗာန်နန်းကို စံမြန်းကြွတော်မူပါ၏။

၇။ အာဒိစ္စမှိ-ပရိနိဗ္ဗာန် စံဝင်ပြီးရာ ထိုအခါ၌ အရှင်အာနန္ဒာ အရှင်အနုရုဒ္ဓါနှင့် အရှင်မဟာကဿပ များလှသံဃာ ဗြဟ္မာလူနတ် လေးမြတ်ကော်ရော်အလောင်းတော်ကို ပူဇော်ပြီးခါ မဟာသက္ကရာဇ် တစ်ရာ့လေးဆယ့်ရှစ်၏ ထွန်းသစ်ကဆုန်လဆုတ်ကြုံလျက် ဆယ်နှစ်ရက်စေ့ တနင်္ဂနွေနေ့၌၊ တေဇောဒဓော-ခမ်းခမ်းနားနား နတ်လူများတို့ ဘုရားလောင်းတော် မီးပူဇော်ကြ ထိုကာလ၌ ဗုဒ္ဓဉာဏ်စက် ဓိဋ္ဌာန်ချက်ဖြင့် ကျန်လျက်ဓာတ်တော် အံ့ဖွယ်ကျော်၍ ကိုယ်တော်

ရစ်ပတ် အဝတ်မြတ်နှင့် ရုပ်ကလာပ်သာ တေဇောဓာတ် လောင်တော်မူပါ၏၊ ဗုဒ္ဓဿ-ဖြစ်ဟူလူနတ် လေးမြတ်ကော်ရော် ပူဇော်အပ်ငြား မြတ်ဘုရား၏၊ သတ္တဝါရဲ-သာသနာပြုသွား လွန်ထူးခြားသည့် ခုနစ်ပါးအခါ နေ့မြတ်သာကို၊ အဟံ-ရုပ်ဝေဒနာ သညာသင်္ခါရ ဝိညာဏဟု ငါးဝခန္ဓာ သမူဟာကို သူငါ သမုတ် အကျွန်ုပ်သည်၊ နမာမိ-ဘယလာဘ ကုလကြဉ်ရှောင်း ဂုဏ်တော်ပေါင်းကို အောက်မေ့၍သာ ကာယဝစီ မနောချီလျက် သုံးလီစေတနာ ကံသုံးဖြာဖြင့် ကြည်စွာသဒ္ဓါ ရှိခိုးပါ၏မြတ်စွာဘုရား။ "သာဓု-သာဓု-သာဓု"

## သုဗြဟ္မာနတ်သား လျှောက်ထားသော ဂါထာပါဠိ

နိစ္စံ ဥတြသ္တံ မိဒံ စိတ္တံ၊ နိစ္စံ ဥဗ္ဗိဂ္ဂိဒံ မနော။
အနုပ္ပ န္နေသု ကိစ္စေသု၊ အထော ဥပ္ပတိ တေသုစ။
သစေ အတ္ထိ အနုတြသ္တံ၊ တံ မေ အက္ခာဟိ ပုစ္ဆိတော။

ဒီဂါထာရဲ့ မြန်မာပြန်ဆောင်ပုဒ်ကို ဘုန်းကြီးက ပို့ချပေးမယ်။

၁။ သုဗြဟ္မာနတ်သား၊ ဗုဒ္ဓအား၊ လျှောက်ထားတောင်းပန်လာ။
၂။ ရှေ့ရေးနောက်ရေး၊ ဒုက္ခဘေး၊ မအေးနိုင်လို့ပါ။
၃။ တပည့်တော်စိတ်ပျံ့ ၊ မြဲထိတ်လန့်၊ ကြောက်ရွံ့နေရပါ။
၄။ အကယ်၍ကား၊ ဗုဒ္ဓအား၊ နည်းများရှိလေရာ။
၅။ ကြောက်ရွံ့ကင်းဝေး၊ နည်းကောင်းဆေး၊ တိုက်ကျွေးတော်မူပါ။

သုဗြဟ္မာနတ်သားက တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းမှာ နတ်သမီးတစ်ထောင်နဲ့ နတ်စည်းစိမ် ခံစားနေတယ်၊ နတ်သမီးငါးရာက ပန်းပင်ပေါ် တက်ပြီး ပန်းတွေခူးချလို့ သီချင်းတွေဆို၊ နတ်သမီးငါးရာက အောက်က ပန်းတွေကို ကောက်ပြီး သုဗြဟ္မာနတ်သားရဲ့ ခေါင်းကို ပန်ဆင်ပေးပြီးတော့ နေကြတယ်။

အဲဒီအချိန်မှာ ပန်းပင်ပေါ်က နတ်သမီးငါးရာဟာ ကုသိုလ်အဟုန်ကုန်လို့ နတ်သက်ကြွေ စုတေသွားသောကြောင့် အကုသိုလ်အကျိုးပေးဖို့ အလှည့်ရောက်လာတာနဲ့ နတ်ပြည်ကနေ ငရဲပြည်ကို ရောက်သွားကြပါတယ်။

## ဘဝအာမခံချက်ဆိုတာ

အနမတဂ္ဂ အစမထင် သံသရာစခန်းခွင်၌ ဘဝတွေဟာ ၊ ဥသိုလ်တွေလဲ ပြုခဲ့ကြတယ်၊ အကုသိုလ်တွေကိုလဲ ပြုခဲ့ကြတယ်၊ ကုသိုလ်ဟောင်းတွေ အကျိုးပေးတုန်းမှာတော့ဖြင့် လူ့ပြည်နတ်ပြည် ဗြဟ္မာပြည်မှာ လူချမ်းသာ နတ်ချမ်းသာ ဗြဟ္မာချမ်းသာ ဆိုတာတွေကို မခံစားရဘူးလား။

"ခံစားရပါတယ် ဘုရား"

နောက်က ကိုယ်ပြုခဲ့ဘူးတဲ့ အကုသိုလ်အကျိုးပေး အလှည့်ရောက်လာပြီဆိုမှဖြင့် ဗြဟ္မာပြည် နတ်ပြည်ကနေ သေပြီးတော့ ငရဲ တိရစ္ဆာန် ပြိတ္တာ အသုရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ရောက်ပြီးတော့ သွားနိုင်တယ်။

အဲဒီတော့ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ်ကို မရသေးဘူးဆိုရင်ဖြင့် ဗြဟ္မာ့ပြည်အထိ ရောက်ဦးတော့ ဗြဟ္မာ့ရွာန် အရှိန်ကုန်လို့ရှိရင် လူ့ပြည်ကို ရောက်လာနိုင်တယ်၊ လူ့ပြည်ကနေပြီး ဒုစရိုက်တွေ ပြုမှားလို့ရှိရင်ဖြင့် အပါယ်လေးပါးကို ရောက်သွားနိုင်တယ်၊ သောတာပတ္တိ မဂ်ဉာဏ် ဖိုလ်ဉာဏ် ရထားရင်တော့ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည်မှတစ်ပါး အပါယ်လေးပါးကို ဘယ်တော့မှ မသွားတော့ဘူးလို့ အာမခံရှိတယ်၊ စိတ်မချရဘူးလား။

"စိတ်ချရပါတယ်ဘုရား"

ဒါကြောင့် သောတာပတ္တိမဂ်လောက်မှ မရသေးရင် စိတ်မချရသေးဘူး၊ နတ်သမီးငါးရာ ပန်းပင်ပေါ်မှာ သီချင်းတွေ တကြော်ကြော်နဲ့ ပန်းပွင့်တွေ ခူးနေရင်းတန်းလန်းက နေပြီးတော့ နတ်သက်ကြွေပြီး ငရဲပြည်ကို ရောက်သွားရတာကို ကျန်တဲ့ နတ်သမီးငါးရာနဲ့ သုဗြဟ္မာနတ်သားတို့က နတ်တို့၏ တန်ခိုးနဲ့ ကြည့်လိုက်တဲ့အခါ တွေ့မြင်ရတယ်။

တွေ့မြင်ရတဲ့အတွက်ကြောင့် အင်မတန်မှ သောကပရိဒေဝမီးတွေ တောက်ကြတယ်၊ ကိုယ်နှင့် ချစ်ခင်ပေါင်းသင်းနေတဲ့ ပုဂ္ဂိုလ်တွေ ဗြုန်းဆို သေသွားရုံသက်သက်နဲ့တောင်မှ အပူမီး မတောက်ကြရဘူးလား။

"တောက်ကြရပါတယ်ဘုရား"

သေရုံမျှမကဘူး၊ ငရဲမှာ ငရဲမီးတွေလောင်ပြီးတော့ နေတာကို ကိုယ်တိုင် တွေ့ရတယ်ဆိုလို့ ရှိရင်ဖြင့် ပိုပြီးတော့ မပူဆွေးကြပေဘူးလား။

"ပူဆွေးကြရပါတယ် ဘုရား"

ဒါပေမယ်လို့ဘယ်လိုမှမတတ်နိုင်တော့ဘူး၊ ကိုယ်လဲ ဘယ်လောက်ကြာ နေရဦးမလဲလို့ ကြည့်တဲ့အခါ မကြာခင် သေပြီး အဲဒီငရဲကို ပါတို့ ရောက်ကြ ရဦးမယ်ဆိုတာ သုဗြဟ္မာနတ်သားနဲ့ နောက်ပါနတ်သမီးငါးရာ သိကြတဲ့အတွက် ကြောင့် သေပြီး ငရဲသွားကြတဲ့ ပုဂ္ဂိုလ်တွေအတွက် တွေးပြီးတော့ ဖြစ်ပြီး တွေ့ ပြီး ဆင်းရဲကတစ်မျိုး၊ သုဗြဟ္မာနတ်သားနှင့် လက်ကျန်နတ်သမီးငါးရာတို့လဲ မကြာမီ ခုနစ်ရက်အချိန် လွန်တဲ့အခါမှာ သေပြီးတော့ ငရဲကို ကျပြီး ဆင်းရဲ ခံစားရမှာကို မြော်တွေးပြီးတော့ ဖြစ်သေးတဲ့ ဆင်းရဲဒုက္ခတွေနဲ့ တွေ့ကြုံ ရမှာကြောင့် ဆင်းရဲတာက တစ်မျိုး၊ အဲဒီနှစ်မျိုးသော ပင်ပန်းမှုတွေကြောင့် သုဗြဟ္မာနတ်သားဟာ နေ့စဉ်နေ့ရာ မရှိလောက်အောင် ကြောက်ရွံ့နေတယ်၊ ကြောက်လဲ ကြောက်စရာကြီးပဲ၊ ကြောက်လောက်ပါတယ်၊ မကြောက်လောက် ပေဘူးလား။

"ကြောက်လောက်ပါတယ်ဘုရား."

မလွဲမသွေ ငရဲကျမှာတော့မှာပဲ ကြောက်တာပေါ့၊ သေသေချာချာ မသိ သေးပဲနဲ့ ကင်ဆာရောဂါဆိုပြီး ဆရာဝန်က လက်လွှတ်လိုက်တယ်ဆိုရင်ဖြင့် လူနာမှာ နေစရာ ထိုင်စရာ မရှိတော့ဘူး၊ အားငယ်ပြီး စိုးရိမ်စိတ် သောက မရောက်ပေဘူးလား။

"ရောက်ပါတယ်ဘုရား"

အခု သုဗြဟ္မာနတ်သားနဲ့ နတ်သမီးငါးရာဟာ ခုနစ်ရက်နေရင် သေလဲ သေမယ်၊ ငရဲလဲကျမယ် ဆိုတာ သေချာသိထားတော့ ပိုပြီးတော့ မကြောက် ကြပေဘူးလား။

"ကြောက်ပါတယ် ဘုရား"

အဲဒီလို ပိုပြီးတော့ ကြောက်ရွံ့ထိတ်လန့်တဲ့အတွက်ကြောင့် တပည့် တော်အား အကြောက်ဘေးမှ ကင်းဝေးရာဖြစ်တဲ့ ဆေးကောင်းတရားများ ရှိရင် ပေးတော်မူပါ မြတ်စွာဘုရားလို့ သုဗြဟ္မာနတ်သားက ဘုရားကို လာလျှောက် ထားခြင်း ဖြစ်တယ်၊ အဲဒီတော့ မြတ်စွာဘုရားက အကြောက်ကင်းတဲ့တရားကို ဟောကြားပါတယ်။

နာသုတြေ ဗောဇ္ဈာတပသာ၊ နာသုတြေန္ဒြိယ သံဝရာ။
နာသုတြေ သဗ္ဗာ နိဿဂ္ဂါ၊ သောတ္ထိ၊ ပဿာမိ ပါဏိနံ။

ဦးစွာပထမ ဒီသုတ်ပဌာန်တရားကို ကျင့်ပွားကတည်းက နိဗ္ဗာန် ကို မျက်မှောက်ပြုရလိမ့်မယ်၊ ကျင့်ပွားခြင်းဖြင့် နိဗ္ဗာန်ကို မျက်မှောက်ပြု ရပါလို၏-လို့ ရည်မှန်းထားရတယ်၊ အဲဒီလို နိဗ္ဗာန်ကို မြော်မြင်ပြီးတော့ ဆိတ်ငြိမ်ရာဖြစ်တဲ့ ကမ္မဋ္ဌာန်းကျောင်းကို လာပြီး ရောက်နေပြီ၊ အဲဒီလို ရောက်နေတဲ့အချိန်မှာ ဣန္ဒြိယသံဝရခေါ်တဲ့ သီလတရားကို ကျင့်ပွားရတယ်၊ အဲဒီလို ကျင့်ပွားပြီးတဲ့အခါကျတော့ ဗောဇ္ဈင်ခုနစ်ပါးတရားကို ရှုပွားလို့ရှိရင် ကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်းဆိုတဲ့တရားတွေ ရပြီး မဂ်ဖိုလ်နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်၊ ဒါကို မနေ့က အကျဉ်းချုပ် ဟောခဲ့ပြီ။

ဒီနေ့ ဒုတိယပိုင်းအနေနဲ့ ဦးစွာပထမ ဣန္ဒြိယသံဝရသီလ အကြောင်းကို အကျယ်အားဖြင့် ဟောမယ်၊ မနေ့တုန်းက ဆောင်ပုဒ် လိုက်ဆိုပါဦး။

၁။ ဣန္ဒြိယသံဝရခြောက်ပါး၊ ရှောင်ပယ်ရှား၊ အများချမ်းသာ မမြင်ပါ။

၂။ ချမ်းသာလိုချင်၊ ထိုခြောက်အင်၊ တွင်တွင်ကျင့်ပွားပါ။

အေး- ဣန္ဒြိယသံဝရသီလတဲ့၊ တရားအားထုတ်တဲ့ ယောဂီ ဆိုလို့ရှိရင်ဖြင့် ပိုပြီးတော့ သင့်လျော် လျောက်ပတ်ပါတယ်။

"ဣန္ဒြိယသံဝရသီလဆိုတာ ဘာလဲ"

မျက်စိက အဆင်းကို မြင်တဲ့အခါ လောဘ-ဒေါသ-မောဟစသည် မဖြစ်အောင် စောင့်ထိန်းခြင်းဆိုတဲ့တရား။

နားပေါက်ကအသံကို ကြားတဲ့အခါမှာလဲပဲ လောဘ-ဒေါသ-မောဟ မဖြစ်ရအောင် စောင့်ထိန်းခြင်းဆိုတဲ့ တရား။

အေး- အဲဒီလို မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရခြောက်ပါးနဲ့ ဆိုင်ရာအာရုံတွေ ထိတွေ့တဲ့အခါမှာ လောဘစသည် မဖြစ်အောင် စောင့်ရှောက် ထိန်းသိမ်းတဲ့တရားကို ဣန္ဒြိယသံဝရတရားလို့ခေါ်တယ်၊ ဘာတရားပါလိမ့်။

"ဣန္ဒြိယသံဝရတရားပါဘုရား"

ဟောရင်း ဟောရင်းနဲ့ သရုပ်ပေါ်လာပါလိမ့်မယ်၊ သီလဆိုတာ ဘာကို ခေါ်ပါသလဲဆိုရင် ကိုယ်နှင့် နှုတ်ကို အကုသိုလ်တွေ မလွန်ကျူးအောင်

ထိန်းချုပ်တဲ့ အကျင့်ကို သီလလို့ ခေါ်ပါတယ်၊ ကာယကံမြောက် လွန်ကျူးမှ သီလကျိုးတယ်၊ ဝစီကံမြောက် လွန်ကျူးမှ သီလကျိုးတယ်၊ စိတ်ထဲတွင် စိတ်ကူးပြစ်မှားရုံနဲ့တော့ သီလမပျက်ဘူး။

ဒါပေမယ့် စိတ်ထဲမှာ စိတ်ကူးပြစ်မှားနေတာတွေကို မသိလိုက်လို့ မထိန်းနိုင်လို့ ရှိရင်ဖြင့် ကိုယ်နဲ့ လွန်ကျူးမှု၊ စိတ်နဲ့ လွန်ကျူးမှုအထိ ရောက်လာတတ်တယ်၊ ရောက်ရောက်လာတာတွေကို ကြားဖူးကြပါလိမ့်မယ်၊ မကြုံဖူးကြဘူးလား။

"ကြုံဖူးပါတယ်ဘုရား"

အေး- သီလမပျက်စီးအောင် စိတ်က စပြီးတော့ ထိန်းသိမ်းထားနိုင်မယ်ဆိုလို့ရှိရင်ဖြင့် ပိုမကောင်းကြပေဘူးလား။

"ကောင်းပါတယ်ဘုရား"

ဒါကြောင့်မို့ ဒီမှာ ဣန္ဒြိယသံဝရ သီလဆိုတာကတော့ဖြင့် သီလအခြေခံ ထားပြီး သမာဓိမှတစ်ဆင့် ပညာတွေအထိ တိုးပွားနိုင်တဲ့ အကျင့်တရားပဲတဲ့၊ ဣန္ဒြေခြောက်ပါး၊ တံခါးခြောက်ပေါက်ကို လုံအောင် ဆို့ပိတ် ထိန်းသိမ်းစောင့်ရှောက်ခြင်းသည် ဣန္ဒြိယသံဝရသီလလို့ ဆိုပါတယ်၊ ဆိုကြည့်မယ်။

၁။ ဒွါရခြောက်အင်၊ သတိယှဉ်၊ စောင့်လျှင်ဣန္ဒြိယ။

၂။ ဣန္ဒြိယ၊ သံဝရ၊ သီလတည်ပါလျှင်။

၃။ သုဒ္ဓိလေးပါး၊ သီလများ၊ တည်ငြားပြည့်စုံလျှင်။

မနေ့တုန်းက ပြောခဲ့တဲ့ ဣန္ဒြိယသံဝရဆိုတဲ့ ဒွါရခြောက်ပါး တံခါးခြောက်ပေါက်ကို လုံအောင် ပိတ်ဆို့ပြီးတော့ ထိန်းသိမ်း စောင့်ရှောက်နိုင်လို့ရှိရင် ပါတိမောက္ခသံဝရ သီလဆိုတဲ့ ရဟန်းတော်တွေမှာ ကျင့်တဲ့ နှစ်ရာ့နှစ်ဆယ်ခုနစ်သွယ်ဆိုတဲ့ သိက္ခာပုဒ်တွေလဲ မလုံပေဘူးလား။

"လုံပါတယ်ဘုရား"

လူတွေမှာ ကျင့်သုံးတဲ့ ငါးပါးသီလ၊ ရှစ်ပါးသီလဆိုတာတွေ မလုံခြုံနိုင်ဘူးလား။

"လုံခြုံနိုင်ပါတယ် ဘုရား"

အဲဒီ တံခါးခြောက်ပေါက်ကို လုံအောင် ဆို့ပိတ်ထားကြမယ်ဆိုလို့ရှိရင် ကိလေသာတရားဆိုးတွေ မဝင်နိုင်တော့ပါဘူး၊ မျက်စိနဲ့ အဆင်း ဆုံတဲ့အခါမှာ

ပေါ်လာတဲ့ ဣဋ္ဌာရုံနဲ့ပတ်သက်ပြီးတော့ လောဘ မဖြစ်ရလေအောင်၊ အနိဋ္ဌာရုံနဲ့ ပတ်သက်ပြီးတော့ ဒေါသမဖြစ်ရလေအောင်၊ ဣဋ္ဌာရုံနဲ့ အနိဋ္ဌာရုံတွေနဲ့ ပတ်သက်ပြီးတော့ အမှန်အတိုင်းမသိတဲ့ မောဟတွေ မဖြစ်ရလေအောင်သတိထားနိုင်ဖို့ အရေးကြီးတယ်။

အဲဒီနည်းတူပါပဲ၊ နား၊နှာ၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတဲ့ ဒွါရတွေကလဲ လောဘ၊ ဒေါသမဖြစ်အောင် သတိထားနိုင်ဖို့ ပိုပြီး အရေးမကြီးဘူးလား။

"ကြီးပါတယ်ဘုရား"

အဲဒါနဲ့ ပတ်သက်ပြီးတော့ ဘုရားရှင်ကိုယ်တော်မြတ်က ရဟန်းတော် ငါးပါးအား အကြောင်းပြုပြီးတော့ ဟောထားတဲ့ တရားတစ်ပုဒ် ရှိသေးဝယ်။

## ရဟန်းငါးပါးဝတ္ထု

(ဓမ္မပဒ-၅-၂၊ ၃၅၈)

စက္ခုနာ သံဝရောတိ ဣမံ ဓမ္မ ဒေသနံ သတ္ထာ ဇေတဝနေ ဝိဟရန္တော ပဉ္စဘိက္ခူ အာရဗ္ဘ ကထေသိ။

စက္ခုနာ သံဝရောတိ ဣမံ ဓမ္မ ဒေသနံ၊ စက္ခုနာ သံဝရောဟူသော ဤတရားဒေသနာတော်ကို၊ သတ္ထာ- ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်သောကြောင့် လူနတ်တို့၏ ဆရာဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ဇေတဝနေ-သာဝတ္ထိပြည်မွန် ဇေတဝန်ကျောင်းတော်၌၊ ဝိဟရန္တော-လျောင်း ထိုင် ရပ် သွား လေးပါးဣရိယာ မျှတစွာဖြင့် သာယာရွှင်ပျော် ကိန်းအောင်းနေတော်မူစဉ်၊ ပဉ္စဘိက္ခူ-ငါးပါးသော ရဟန်းတို့တို့ကို၊ အာရဗ္ဘ-အကြောင်းပြု၍၊ ကထေသိ-ဟောတော်မူလေပြီ၊ ကိရ-တစ်ဆင့်စကား ကြားဖူးသည်ကား၊ တေသု-ထိုရဟန်းငါးပါးတို့တွင်၊ စက္ခုဒွါရာဒီသု စက္ခုဒွါရအစရှိကုန်သော၊ ပဉ္စသုဒွါရေသု-ငါးပါးသောဒွါရတို့၌၊ ဧကေကော- တစ်ပါးစီ တစ်ပါးစီ၊ ဧကေကမေဝ- ဒွါရတစ်ပေါက်ကိုသာလျှင်၊ ရက္ခိ- စောင့်ရှောက်နေ၏။

## ဘယ်ဟာကို စောင့်ရှောက်ရ အခက်ဆုံးလဲ

အဲဒီရဟန်းငါးပါးဟာ မြတ်စွာဘုရားထံက တရားတောင်းပြီးတော့ တရားအလုပ် အားထုတ်ကြတဲ့အခါ အဲဒီငါးပါးသောရဟန်းတွေက တစ်ပါးလျှင် တစ်မျိုးစီသော ဒွါရကိုသာ စောင့်ရှောက်ပြီးတော့ နေကြတယ်။

တစ်ပါးသောရဟန်းက မျက်စိကို အထူးသတိထားပြီးတော့ စောင့်ရှောက်နေတယ်၊ တစ်ပါးသောရဟန်းက နားကို အထူးသတိထားပြီတော့ စောင့်ရှောက်နေတယ်၊ တစ်ပါးသော ရဟန်းက နှာခေါင်းကို၊ တစ်ပါးသော ရဟန်းက ပါးစပ်ကို၊ တစ်ပါးသောရဟန်းက ကိုယ်ကို၊ အထူးသတိပြုပြီးတော့ စောင့်ရှောက်နေတယ်။

အထတသို့ကာလေ– ထိုအခါ၌၊ ဧကဒိဝသံ– တစ်နေ့သ၌၊ သန္နိပတိတွာ–အဲဒီရဟန်းငါးပါးလုံး စုဝေးကြပြီးတော့၊ အဟံ–ငါသည်၊ ဒုရက္ခံ–စောင့်ရှောက်ရန် ခက်ခဲသော စောင့်ရှောက်ခြင်းကို၊ ရက္ခာမိ– စောင့်ရှောက်တယ်၊ အဟံ–ငါသည်၊ ဒုရက္ခံ– စောင့်ရှောက်ရန် ခက်ခဲသော စောင့်ရှောက်ခြင်းကို၊ ရက္ခာမိ–စောင့်ရှောက်တယ်။

## စက္ခုဒွါရ စောင့်ရှောက်ရခက်ပုံ

အဲဒီလို ရဟန်းတွေ အသီးသီး မိမိထင်မြင်ရာကို ပြောကြပြီး ငါးပါးဆုံတော့ ပထမဆုံးရဟန်းက "ကိုယ်တော်တို့– ဟောဒီ ဒွါရငါးပါးထဲက မျက်စိလောက် အစောင့်အရှောက် ခက်တာ မရှိဘူး၊ ဟောဒီ မျက်စိဟာ ဟိုကြည့်ချင်၊ ဒီကြည့်ချင်နဲ့ မျက်စိကြောင့် လောဘ–ဒေါသ–မောဟတွေ ဖြစ်တတ်တယ်၊ ဒါကြောင့် မျက်စိကို လောဘ–ဒေါသ–မောဟ မဖြစ်စေဘဲနဲ့ တပည့်တော် အထူးစောင့်ရှောက်ပြီးတော့ နေတဲ့အတွက် တပည့်တော်ဟာ အစောင့်အရှောက်ရအခက်ဆုံးကို စောင့်ရှောက်နေပါတယ်ဘုရား"လို့ ပြောတယ်။

မျက်စိပေါက်က စောင့်ရှောက်ရတာ လွယ်သလား–ခက်သလား။

"ခက်ပါတယ်ဘုရား"

ခက်တယ်တဲ့၊ 'ချစ်ခြင်းအစ မျက်စိက'လို့ ဆိုထားတာ ရှိတာကိုး၊

မျက်စိက အင်မတန်မှ အစောင့်ရှောက်ရခက်တယ်လို့ တင်ပြတော့၊ ကျန်တဲ့ တစ်ပါးက– "အရှင်ဘုရား– မျက်စိကလေး ပိတ်ထားရင် မှိတ်ထားရင် ရတယ်၊ နားက ဟိုဟာကြား– ဒီဟာကြားနဲ့ ကောင်းတဲ့အသံလေးကြားရင် လောဘဖြစ်တယ်၊ မကောင်းတာကြားရင် ဒေါသဖြစ်တယ်၊ အကောင်းအဆိုးကို မသိတော့ မောဟ ဖြစ်တယ်။"

## သောတဒွါရ စောင့်ရှောက်ရခက်ပုံ

အခက်တကာ့ အခက်ဆုံးထဲမှာ နားကမှ ပိုပြီးတော့ စောင့်ရှောက်ရခက်တယ်၊ မကြည့်ဘဲ မမြင်ဘဲ နေလို့ရှိရင် ရကို ရနိုင်သေးတယ်၊ နားကတော့ နားမထောင်ဘဲ နေလို့ကို မရဘူး ကိုယ်တော်၊ ဒါကြောင့် ဟောဒီနားလောက် စောင့်ရှောက်ရတာ ခက်တာကိုမရှိဘူး၊ "နားကို စောင့်ရှောက်တဲ့ ကိုယ်တော်ကလဲ တင်ပြတယ်၊ နားက ပိတ်ထားလို့မရဘူးတဲ့" သူတင်ပြလိုက်တာ- မှန်တယ်နော်၊ မှန်ရဲ့လား။

"မှန်ပါတယ်ဘုရား"

အေး- ပလီပလာ တီတီတာတာ ပြောတဲ့အသံ ကြားချင်ရတာနဲ့၊ သီချင်းဆိုသံ၊ ငိုသံကြားချင်ရတာနဲ့၊ ဆူသံ ဆဲသံ ကြားချင်ရတာနဲ့ အမျိုးမျိုးပါပဲ။

နားနဲ့ ပတ်သက်ပြီးတော့ လူတွေမှာလဲ နားအလိုလိုက်မိလို့၊ ရေဒီယိုဝယ်ရ၊ ကက်ဆက်ဝယ်ရ၊ တီဗွီဝယ်ရပေါ့၊ စုံနေတာပဲ၊ အဲဒီလို နားနဲ့ပတ်သက်ပြီးတော့ ထိန်းသိမ်း စောင့်ရှောက်ရတာ ခက်တယ်လို့ တင်ပြတော့ နောက်တစ်ပါးက ပြောပြန်ပြီ။

## ဃာနဒွါရ စောင့်ရှောက်ရခက်ပုံ

"အရှင်ဘုရား- မျက်စိနဲ့ နားက ဘာဟုတ်သေးလို့တုန်း၊ နှာခေါင်းက ပိုပြီး စောင့်ရှောက်ရတာ ခက်တယ်၊ နှာခေါင်းပေါက်နဲ့ လေ မရှူရှိုက်ရင် ကိုယ်တော်တို့ သေသွားမှာပေါ့၊ နှာခေါင်းအသုံးမချလို့ ရကိုမရဘူး၊ ရှူမိသည်နှင့် တစ်ပြိုင်နက်တည်း ကောင်းတာရှူလိုက်မိရင် လောဘဖြစ်တယ်၊ မကောင်းတာ ရှူလိုက်မိရင် ဒေါသဖြစ်တယ်၊ ရှူရှိုက်တာကို အမှန်မသိရင် မောဟ ဖြစ်တယ်၊ ဒါကြောင့် ဟောဒီနှာခေါင်းကနေပြီးတော့ လောဘ-ဒေါသ- မောဟ မဝင်အောင် စောင့်ရှောက်ရတာလဲ အတော်ခက်တာပဲ။"

"မခက်ပေဘူးလား"

"ခက်ပါတယ်ဘုရား"

အမျိုးသမီးယောဂီတွေ-မျက်စိနဲ့ပတ်သက်လို့ ငွေပိုကုန်သလား၊ နားနဲ့ ပတ်သက်လို့ ငွေပိုကုန်သလား၊ နှာခေါင်းနဲ့ပတ်သက်လို့ ငွေပိုကုန်သလား၊ ဘယ်ဟာက ပိုကုန်သလဲ။

"အကုန်လုံးပါဘုရား"

ဟော– အကုန်လုံးပဲလား၊ အကုန်လုံးပဲနော်၊ ကုန်လိုက်တာ၊ မြန်မာသနပ်ခါးတို့၊ ဟို– နိုင်ငံခြားက ရေမွှေးတို့ကို စုံနေတာပါပဲ၊ အမျိုးမျိုးပါပဲနော်။

အေး–ဒီနှာခေါင်းကို အလိုလိုက်ပြီးတော့ အကျင့်ပါပြန်တော့လဲ ဆင်းရဲဒုက္ခတွေ ရောက်တယ်၊ နှာခေါင်းပေါက်ကို ပိတ်ဆို့နိုင်ဖို့ရာကလဲပဲ ခက်လို့ ခက်တယ်လို့ တင်ပြတာပဲပေါ့။

## ဇိဝှါဒွါရ စောင့်ရှောက်ရခက်ပုံ

နောက်တစ်ပါးကလဲပဲ တင်ပြပြန်တယ်၊ "အရှင်ဘုရားတို့– မျက်စိတို့၊ နှာခေါင်းတို့၊ နားတို့၊ အသာထား၊ မစားဘဲ နေလို့မဖြစ်ဘူး၊ ဟောဒီပါးစပ်က ပိုဆိုးတယ်၊ ဟောဒီပါးစပ်က စားရုံ မဟုတ်ဘူး၊ ပြောတာ ဆိုတာတွေနဲ့ ပတ်သက်ပြီးတော့လဲပဲ အတင်းအဖျင်းပြောရတာနဲ့၊ ဆိုရ ဆဲရတာနဲ့၊ လိမ်ရ ညာရတာနဲ့၊ ဂုံးချောရတာနဲ့၊ ဟောဒီပါးစပ်က လျှာက ပိုပြီးတော့ ဆိုးတယ်။"

တော်ကြာ အချိုကြိုက်တယ်၊ အချဉ်ကြိုက်တယ်၊ အခါးကြိုက်တယ်၊ အစပ် ကြိုက်တယ်၊ အပူကြိုက်တယ်၊ အအေးကြိုက်တယ်၊ စုံနေတာပဲဘုရား၊ ဟောဒီပါးစပ်အတွက်နဲ့ လောဘတွေလဲ ဖြစ်ဖို့ အခွင့်များတယ်၊ မောဟတွေလဲ ဖြစ်ဖို့ အခွင့်များတယ်၊ ဒေါသတွေလဲ ဖြစ်ဖို့ အခွင့်များတယ်၊ မောဟတွေလဲ ဖြစ်ဖို့ အခွင့်များတယ်၊ ဒါကြောင့် ဟောဒီပါးစပ်ပေါက်ဟာ အစောင့်အရှောက်ရ အခက်ဆုံး ဖြစ်တယ်၊ ဒါကို တပည့်တော် စောင့်ရှောက်နေတာ၊ တပည့်တော် စောင့်ရှောက်ရအခက်ဆုံးကို စောင့်ရှောက်နေရတဲ့ ကိုယ်တော် ဖြစ်တယ်" တရားယောဂီချင်း တရားပြိုင်သလိုပေါ့လေ၊ ကိုယ်တော်တွေကလဲ အဲဒီလို သူတို့စောင့်ရှောက်ရတဲ့၊ သူတို့ကျင့်ရတဲ့ဟာတွေ ဂုဏ်တင်ပြီး ပြောကြတယ်။

## ကာယဒွါရ စောင့်ရှောက်ရခက်ပုံ

အဲဒီတော့ 'အရှင်ဘုရားတို့၊ အရှင်ဘုရားတို့ ပြောနေတဲ့ မျက်စိတို့၊ နားတို့ လျှာတို့ ကို ထားလိုက်ပါဦး၊ ဟောဒီကိုယ်က ပိုခက်ပါတယ်ဘုရား၊ ဟောဒီကိုယ်က အဝတ်အစားနဲ့ ပတ်သက်လို့ ရှိရင်လဲပဲ ကောင်းတဲ့ အဝတ်အစား ဝတ်ချင်ရတာနဲ့၊ မကောင်းတဲ့အဝတ်တွေ ဝတ်ရပြန်တော့လဲ ဒေါသ

ဖြစ်ရတာနဲ့၊ ကောင်းတဲ့ အတွေ့အထိတွေ တွေ့ထိပြန်တော့လဲ လောဘ ဖြစ်ရတာနဲ့၊ အဲဒါကို ထိလို့ ထိမှန်းမသိရင်လဲ မောဟ ဖြစ်တယ်၊ ဒါကြောင့် ဒီကိုယ်ကြီးကို စောင့်ရှောက်ရတာက ပိုပြီးတော့ ခက်တယ်လို့ တပည့်တော် ထင်တယ် ဘုရား”လို့ တင်ပြလျှောက်ထားတယ်။

သူ့အတွေ့အကြုံတွေပေါ်မှာ သူ့ထင်ဟပ်ချက်ပေါ့၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အတွေ့အထိနဲ့ ပတ်သက်ပြီးတော့ ငွေတွေ မကုန်ပေဘူးလား။

“ကုန်ပါတယ်ဘုရား”

အေး- အာရုံငါးပါးတွေနဲ့ ဆက်စပ်လာရင် ဘယ်ဒွါရမှာဖြစ်ဖြစ် စောင့်ရှောက်ရခက်တယ်၊ အာရုံငါးပါးတွေနဲ့ တွေ့ပြီဆိုလို့ရှိရင်ဖြင့် ဒုက္ခ ရောက်တော့တာပဲ။

## ရဟန်းငါးပါးက ဗုဒ္ဓအား လျှောက်ထားပြီ

မျက်စိကို စောင့်ရှောက်ရတာခက်တယ်၊ နားကို စောင့်ရှောက်ရတာ ခက်တယ် စသည်ဖြင့် ဝိဝဒိတွာ- ငြင်းခုံ ကြကုန်၍၊ သတ္ထာရံ- မြတ်စွာဘုရားကို၊ ပုစ္ဆိတွာ- မေးလျှောက်ပြီး၍၊ ဣမံအတ္ထံ- ဤအကြောင်းကို၊ ဇာနိဿာမ- သိ ကြရကုန်လတ္တံ့။

အရှင်ဘုရားကလဲ မျက်စိကို စောင့်ရှောက်ရတာခက်တယ် ပြောတယ်၊ အရှင်ဘုရားကလဲ နားကို စောင့်ရှောက်ရတာခက်တယ် ပြောတယ်၊ တစ်ပါး တစ်မျိုးစီပြောနေတော့ စကားကြောရှည်တယ်၊ ဘုရားဆီ သွားပြီးတော့ အဆုံး အဖြတ်ခံမယ်၊ ဣတိ-ဤသို့၊ သတ္ထာရံ-မြတ်စွာဘုရားရှင်ကို၊ ဉပသင်္ကမိတွာ- ချဉ်းကပ်ပြီး၍၊ ဘန္တေ -အို-ရှင်တော်မြတ်ဘုရား၊ မယံ-တပည့်တော်တို့သည်၊ စက္ခုဒွါရာဒီနိ- မျက်စိအစရှိသော ဒွါရတို့ကို၊ ရက္ခန္တာ- ဘောင့်ရှောက်ကြကုန် လျက်၊ အတ္တနော အတ္တနော-မိမိ မိမိ၏၊ ရက္ခနဒွါရမေဝ-စောင့်ရှောက်တဲ့ ဒွါရကိုသာလျှင်၊ ဒုရက္ခန္တိ မညာမ-စောင့်ရှောက်ရခက်လေခြင်းရယ်လို့ ထင် မှတ်ကြပါကုန်တယ်ဘုရား၊ ဘန္တေ-အရှင်မြတ်ဘုရား၊ အမှေသု- တပည့်တော် တို့တွင်၊ ကော-အဘယ်သူသည်၊ ဒုရက္ခံ- စောင့်ရှောက်နိုင်ခဲသော စောင့်ရှောက် ခြင်းကို၊ ရက္ခတိနု- စောင့်ရှောက်သည် မည်ပါသလဲ မြတ်စွာဘုရား။

## အားလုံးသော ဒွါရကို စောင့်ရှောက်ရတာ ခက်တယ်

မြတ်စွာဘုရား-တပည့်တော်တို့ အဲဒီလို အငြင်းအခုံ ဖြစ်နေကြပါတယ်ဘုရား၊ ဘယ်သူ စောင့်ရှောက်တဲ့ ဒွါရဟာ ခက်ခဲတယ်ဆိုတာ မြတ်စွာဘုရား အဖြေပေးတော်မူပါလို့ လျှောက်ထားတော့ မြတ်စွာဘုရားက-ဇေကံ ဘိက္ခဲပိ-တစ်ပါးသောရဟန်းကိုမျှလည်း၊ အနောသာဒေတ္တာ-မသက်ပင်စေဘဲ၊ ဘိက္ခဝေ-ရဟန်းတို့၊ သဗ္ဗာနိပိ ဧတာနိဒွရက္ခာ မေဝ-ထိုအလုံးစုံသော ဒွါရတို့သည် စောင့်ရှောက်ရခက်ကြသည်သာ။

ရဟန်းတို့- သင်တို့ဟာ မျက်စိကို စောင့်ရှောက်ရတာ ခက်တယ်၊ နားကို စောင့်ရှောက်ရတာ ခက်တယ်-လို့ တစ်ပါးတစ်မျိုး ပြောနေကြပေမယ့် အမှန်ကတော့ တစ်မျိုးမျိုးသော ဒွါရသာလျှင် စောင့်ရှောက်ရတာ ခက်တာ မဟုတ်သေးဘူး၊ ဒွါရအားလုံးဟာ အစောင့်ရှောက်ရခက်တယ်။

ဘုရားက ဟောလိုက်တယ်၊ ဖြေလိုက်တယ်။

ဒို့ယောဂီတွေ ဘယ်ဒွါရကို စောင့်ရှောက်ရတာ ခက်သလဲ။

"အကုန်လုံး ခက်ပါတယ်ဘုရား"

အကုန်လုံး အစောင့်ရှောက်ရခက်တယ်၊ ဒါကြောင့် ဒွါရတစ်မျိုးတည်း စောင့်ရှောက်ရုံနဲ့ လုံလောက်ပါ့မလား။

"မလုံလောက်ပါဘုရား"

မလုံလောက်ဘူး၊ သင်တို့တတွေဟာ အဲဒီလို ငြင်းခုံပြီးနေတော့ ဒွါရတစ်မျိုးတည်းသာ စောင့်ရှောက်ကြတဲ့အတွက် ကျန်တဲ့ဒွါရတွေနဲ့ ပတ်သက်ပြီးတော့ သင်တို့ ဆင်းရဲဒုက္ခရောက်ခဲ့ကြဖူးပြီလို့ မြတ်စွာဘုရားက အတိတ်ဆောင်တော်မူတယ်၊ ဘယ်လိုများ ဖြစ်ခဲ့ဖူးပါသလဲဆိုတော့ တေလပတ္တဇာတ်ကို ဟောပါတယ်။

## တေလပတ္တဇာတ်ဝတ္ထု

ဗာရာဏသီပြည်မှာ ဗြဟ္မဒတ်မင်း နန်းစံတော့ မိဖုရားပေါင်း မြောက်များစွာက မွေးတဲ့ သားပေါင်းတစ်ထောင် ရှိတယ်၊ သားပေါင်း တစ်ထောင်ထဲမှာ အငယ်ဆုံးသားက ရှင်ဘုရင်ဖြစ်ချင်တယ်၊ 'အစ်ကိုကြီး အဖအရာ'ဆိုတဲ့အတိုင်း အစ်ကိုများတွင် အကြီးဆုံးအစ်ကိုက ထီးနန်းအုပ်ချုပ် မင်းလုပ်ရမှာဆိုတော့ အငယ်ဆုံးလူက ဘုရင်ဖြစ်ချင်တယ်ဆိုရင် လွယ်ပါ့မလား။

“မလွယ်ပါဘုရား”

နောင်တော်(၉၉၉)ယောက်သေမှ ရှင်ဘုရင် ဖြစ်မယ်ဆိုရင် သူ ဒီတိုင်းပြည်မှာ ရှင်ဘုရင် ဖြစ်ပါတော့မလား။

“မဖြစ်တော့ပါဘုရား”

မဖြစ်တော့ဘူး၊အဲဒီလို ကြံစည် စဉ်းစားနေရင်း သူတို့အိမ်မှာ ဆွမ်းဘုဉ်းပေး ကြွလာတဲ့ ပစ္စေကဗုဒ္ဓါ အရှင်မြတ်တွေကို ကပ်ပြီးတော့ လျှောက်တယ်။

## ရှင်ဘုရင်ဖြစ်ချင်တယ်

‘တပည့်တော် ရှင်ဘုရင်ဖြစ်ချင်တယ်ဘုရား၊ ဒီတိုင်းပြည်တော့ တပည့်တော် ရှင်ဘုရင်ဖြစ်ဖို့ မလွယ်ဘူးဘုရား’ လို့လျှောက်တော့ ပစ္စေက ဗုဒ္ဓါတွေက အေး-မင်း ရှင်ဘုရင် ဖြစ်ချင်ရင် ဒီကနောက် ခုနစ်ရက်မြောက်ရင် ရှင်ဘုရင် ဖြစ်ပါလိမ့်မယ်၊ ဒါပေမယ့် ဒီတိုင်းပြည်မှာတော့ မဖြစ်နိုင်ဘူး၊ ယူဇနာ(၁၂၀) ကွာဝေးတဲ့ ဟောဟိုတက္ကသိုလ်ပြည်မှာ ရှင်ဘုရင်ဖြစ်နိုင်တယ်၊ အဲဒီတက္ကသိုလ်ပြည် သွားလို့ရှိရင်လဲပဲ တိုင်းပြည်နှစ်ပြည်ကြား တောအုပ်ရှိတယ်၊ အဲဒီတောအုပ်က ဖြတ်သွားမှ ခုနစ်ရက်အတွင်း ရောက်မယ်၊ အဲဒီ တောအုပ်အတွင်းမှာ ကမ္မဝိဒ္ဓိတန်ခိုးရှိတဲ့ ဘီလူးတွေ ရှိတယ်၊ အဲဒီဘီလူးတွေက တောအုပ်ထဲ ဖြတ်လာသမျှ လူသားမှန်သမျှကို အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ ဖြားယောင်းသွေးဆောင်ပြီးတော့ သူတို့အလို ပါလာပြီဆိုလို့ရှိရင် သတ်ဖြတ်ပြီး စားသောက်ကြတယ်၊ အဲဒီဘီလူးတွေ စားသောက်ခြင်းဘေးမှ လွတ်အောင် သင်သွားနိုင်ရင်တော့ အဲဒါ ရှင်ဘုရင်ဖြစ်မယ်။

ဘယ်လို လွတ်အောင် သွားရမလဲဆိုရင်ဖြင့် သူတို့က အလှအပတွေနဲ့ ပြသော်လဲ စိတ်ထဲက မညွတ်လေနဲ့၊ သူတို့က ကောင်းတဲ့အသံတွေ၊ ကောင်းတဲ့ အနံ့တွေ၊ ကောင်းတဲ့ အရသာတွေ၊ ဖောဋ္ဌဗ္ဗာရုံတွေနဲ့ ဖြားယောင်းသော်လဲပဲ သင်မင်းသားက သူတို့နောက် မလိုက်ပါနဲ့၊ သင့်ကို သတ်စားမယ့် ဘီလူးတွေဆိုတာ အမြဲတမ်း မှတ်ထား။

အဲဒီလို ပြောတဲ့အခါ ‘ဒီကိစ္စ တပည့်တော် ဆင်ခြင် စဉ်းစားပြီးတော့ သည်းခံပါ့မယ်’ တဲ့၊ ဒွါရငါးပါးလုံအောင် စောင့်ရှောက်ပြီးတော့ သွားပါ့မယ်၊

သင့်ကို အနီးကပ်မနှိပ်စက်နိုင်အောင် ဟောဒီပရိတ်ချည်တွေ ပတ်သွား၊ ပရိတ်ရေတွေကိုလဲ သောက်သွားလို့ မိန့်ကြားတယ်။

အနီးကပ် မနိပ်စက်နိုင်သော်လဲပဲ သင်က သူတို့ စက်ကွင်း ရောက်သွားရင်တော့ သင်လိုက်ပါသွားရင်တော့ သင်သေမှာပဲ၊ အဲဒီလို ပြောလိုက်တော့ သူသွားမယ် ဆိုပြီးတော့ သူ့ရဲ့ခမည်းတော်ကလဲ သွားခွင့်ပြုလိုက်တယ်။

## ငယ်ကျွန်တော် မင်းသားငါးယောက် လိုက်ပါသွား

မင်းသားသွားမယ်ဆိုတော့ သူရဲ့ အိမ်တော်ကျွန်၊ အိမ်တော်ပေါက်မင်းသားငါးယောက်ဆိုပါတော့၊ မင်းသားငယ်ငယ်လေး ငါးယောက်ထဲက ကစားဖော် ကစားဖက်၊ အိမ်တော်ကျွန်ငါးယောက်ကလဲ "အရှင်မင်းမြတ်မှ သွားလို့ ရှိရင် လိုက်ပါရစေ၊ အရှင်မင်းသား–တက္ကသိုလ်ပြည်ရောက်လို့ ရှင်ဘုရင်ဖြစ်ရင် ကျွန်တော်မျိုးတို့လဲ မင်းကြီး၏သက်တော်ရှည်ရာထူး၊ စစ်ဗိုလ်ရာထူး၊ အတွင်းဝန်ရာထူးစသည်ဖြင့် လိုချင်ပါတယ်၊ ကျွန်ုပ်တို့လဲ အသင်မင်းသားနဲ့အတူ လိုက်ခဲ့ပါရစေ"ဆိုတော့ မင်းသားက– "အေး– လိုက်ခဲ့ကြ၊ လမ်းမှာတော့ ဒီလို ဒီလို ရှိတယ်၊ အဲဒါတွေ သည်းခံနိုင်မှ ဖြစ်မယ်"ဆိုပြီးတော့ တက္ကသိုလ်ပြည်ကို ထွက်သွားတယ်၊ ဘယ်ကို သွားကြတယ်။

"တက္ကသိုလ်ပြည်ကို သွားကြတာပါဘုရား"

## နောက်ပါမင်းသားများ ဘီလူးစားခံရပြီ

အဲဒီလို သွားကြတဲ့အခါကျတော့ ဘီလူးတွေနေတဲ့ တောထဲ ရောက်ရော၊ ဦးစွာ ပထမဘီလူးမတွေက အလှအပတွေ ပြင်ဆင်ဖန်ဆင်းပြီးတော့ လူမက နတ်တမျှပေါ့၊ ခြောက်ပြစ်ကင်း ကောင်းခြင်းငါးဖြာနဲ့ ပြည့်စုံတဲ့ ပျိုရွယ်တဲ့ အမျိုးသမီးတို့ရဲ့ အလှအပမျိုး ဖန်ဆင်းပြတယ်၊ အမျိုးသမီးတွေ လာတဲ့အခါ အမျိုးသားဟန်နဲ့ ဖန်ဆင်းပြမှာပေါ့၊ ဖန်ဆင်းနိုင်တဲ့ တန်ခိုးက ရှိနေကြတာကိုး၊

အဲဒီလို ဖန်ဆင်းပြတယ်–တဲ့၊ ဖန်ဆင်းပြတော့ မင်းသားတစ်ယောက်က မနေနိုင်တော့ဘူး၊ အဲဒီအပေါ်မှာ မျက်စိညွတ်နေပြီ။

"အရှင်မင်းကြီး–ခြေသလုံးက အောင့်လိုက်တာ၊ ပေါင်ထဲက နာလိုက်တာ၊ နေရစ်ပါရစေနော်၊ ဟောဒီဇရပ်ပေါ်က ခဏလေး နားပြီးတော့ ဟိုရှေ့ တစ်ကွေ့ကျတော့ ကျွန်တော်မီအောင် လိုက်ခဲ့ပါ့မယ်"လို့ အိမ်ကျွန် တစ်ယောက်က ပြောတော့– ဘုရားလောင်းမင်းသားက "မင်းကို အစကတည်းက ပြောရဲ့သားနဲ့၊ ဘီလူးမတွေကွ၊ လူမဟုတ်ဘူး၊ မင်းကို သတ်စားလိမ့်မယ်"၊ "မဟုတ်

ပါဘူး၊ ခြေသလုံးတွေက နာလွန်းလို့ မလိုက်နိုင်လို့ပါ၊ ခဏလေး နေရစ်ပါရစေ” ဆိုပြီး နေရစ်တာ မျက်စိတကွယ်လဲ ရောက်ရော တစ်ခါတည်း ဘီလူးတွေက ဘာလုပ်ပစ်ကြသလဲ။

“သတ်စားကြပါတယ် ဘုရား”

နတ်ဘီလူးတို့၊ မပြတ်နှုးလို့၊ လူသို့မှုယာ၊
မြူကာမဂုဏ်နဲ့၊ မူယာစုံဖွဲ့၊ ပြတဲ့အခါ၊
မစဉ်းမစားနဲ့၊ အတင်းသွားတဲ့၊ မင်းသား ခများ၊
အရှုးအလား–အထူးမှား–ဘီလူးစားခံရရှာ။

နောက်တစ်ယောက်အတွက်ကျတော့ အသံမျိုးစုံ၊သဒ္ဒါရုံတွေနဲ့ ဖြားယောင်း သွေးဆောင်ကြတယ်၊ သီချင်းတွေ ဆိုပြ၊ အညှအခရာတွေနဲ့ ပလီပလာ တီတီတာတာတွေနဲ့ ချွဲ ချွဲပြီးတော့ ပြတဲ့အခါကျတော့ တစ်ယောက်ကလဲ “ဗိုက်နာတယ်၊ ကျွန်တော်မျိုးကြီး နေရစ်ပါရစေ” ဆိုပြီးတော့ သွားပြန်ရော၊ တစ်ယောက် ဟုတ်လား။

ဘီလူးမတွေက နောက်တစ်ယောက် စားချင်ပြန်တော့ အနံ့မျိုးစုံ ဂန္ဓာရုံတွေနဲ့ လိမ်းခြယ် ပြင်ဆင်ပြီးတော့ ပြသတယ်–တဲ့၊ သူတို့နဲ့ အတူတူ ပျော်ဖို့ ပါးဖို့၊ အဲဒီလို မြူဆွယ်တဲ့အခါကျတော့ နောက်တစ်ယောက်ကလဲ “ကျွန်တော်မျိုးကြီး ခေါင်းတွေ မူးနေလို့ပါ”ဆိုပြီးတော့ နေရစ်တော့ အစားမခံရဘူးလား။

“ခံရပါတယ် ဘုရား”

နောက်တစ်ယောက်ကျပြန်တော့လဲ ရသာရုံ အဖုံဖုံတွေနဲ့ ဖြားယောင်း သွေးဆောင်ကြပါတယ်၊ အစားအစာအမျိုးမျိုးတွေ ခင်းကျင်းပြီးတော့ ပြကြတယ်၊ အဲဒီလိုပြတော့ မင်းသားတစ်ယောက်ကလဲ“ကျွန်တော်မျိုးကြီး ရင်ထဲက ကြပ်ကြပ်ပြီးတော့ မောတယ်၊ ဒီနား ခဏနေရစ်ခဲ့ပါရစေဦး” ဆိုပြီး နေရစ်ပြန်တော့ နေရစ်တော့ ဘီလူးစားခံရတာပေါ့။

အဲ– နောက်တစ်ယောက်ကို ကျပြန်တော့လဲ ဖောဋ္ဌဗ္ဗာရုံ အမျိုးမျိုးတွေနဲ့ မြူဆွယ်ပြီးတော့ ပြကြတယ်၊ သူက ဘာကြောင့် ညာကြောင့် ဆိုပြီးတော့ နေရစ်တယ်၊ နေရစ်တော့ မင်းသားငါးယောက်စလုံး ဘီလူးစားခံရပြီးတော့ မသေကြပေဘူးလား။

"သေကြပါတယ် ဘုရား"

ဘုရားလောင်းတေလပတ္တတစ်ယောက်တည်း တက္ကသိုလ်ပြည် ရောက်ပြီးတော့ ဘုရင်ဖြစ်တယ်၊ ဘုရင်ဖြစ်သွားပြီ၊ ဘာဖြစ်သွားတယ်။

"ဘုရင်ဖြစ်သွားပါတယ် ဘုရား"

အေး–ရဟန်းတို့ အဲဒီတောအုပ်ထဲမှာ ဘီလူးစားခံရတဲ့ သူ ငါးယောက်ဆိုတာ ယခုအခါမှာ သင်ချစ်သား ငါးပါး ဖြစ်တယ်၊ အဲဒီတုန်းက တက္ကသိုလ်ပြည် မှာ ဘုရင်ဖြစ်တဲ့ မင်းသားဟာ ယခုအခါ ငါဘုရား ဖြစ်လာတာပဲ၊ ဒီလို ဇာတ်ပေါင်းလိုက်တယ်။

ဒါကြောင့်မို့လို့ မြတ်စွာဘုရားက ဒွါရတစ်ခုတည်း စောင့်ရှောက်ရုံနဲ့ မပြီးသေးဘူး ဆိုပြီးတော့ ဒီတရားကို ဟောတော်မူပါတယ်။

## ဒွါရအားလုံးကို စောင့်ရှောက်တာဟာ ဒုက္ခအားလုံးမှ လွတ်မြောက်နိုင်တယ်

စက္ခုနာ သံဝရော သာဓု၊ သာဓု သောတေန သံဝရော။
ဃာနေန သံဝရော သာဓု၊ သာဓု ဇိဝှါယ သံဝရော။
ကာယေန သံဝရော သာဓု၊ သာဓု ဝါစာယ သံဝရော။
မနသာ သံဝရော သာဓု၊ သာဓု သဗ္ဗတ္ထ သံဝရော။
သဗ္ဗတ္ထ သံဝုတော ဘိက္ခု၊ သဗ္ဗ ဒုက္ခာ ပမုစ္စတိ။

စက္ခုနာ–စက္ခုဒွါရဖြင့်၊ သံဝရော–ရာဂ၊ ဒေါသ၊ မောဟတို့ကို မဖြစ်စေမူ၍ စောင့်ရှောက်ခြင်း၊ ပိတ်ပင်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏။ သောတေန–သောတဒွါရဖြင့်၊ သံဝရော–ကိလေသာ မဝင်နိုင်အောင် စောင့်ရှောက်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏၊ ဃာနေန– ဃာနဒွါရဖြင့်၊ သံဝရော–စောင့်ရှောက်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏၊ ဇိဝှါယ–ဇိဝှါဒွါရဖြင့်၊ သံဝရော–စောင့်ရှောက်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏။

ကာယေန–ကာယဒွါရဖြင့်၊ သံဝရော–စောင့်ရှောက်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏၊ ဝါစာယ–နှုတ်ဖြင့်၊ သံဝရော–စောင့်ရှောက်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏၊ မနသာ–စိတ်ဖြင့်၊ သံဝရော–စောင့်ရှောက်ခြင်းသည်၊ သာဓု–ကောင်းပါပေ၏၊ သဗ္ဗတ္ထ–အလုံးစုံသောခြောက်ဒွါရတို့၌၊ သံဝရော–စောင့်ရှောက်

ခြင်းသည်၊ သာဓု–ကောင်းပေ့ပေ၏၊ သဗ္ဗတ္ထ–အလုံးစုံသော ပြောကဲဒွါရတို့၌၊ သံဝုတော–စောင့်ရှောက်သော၊ ဘိက္ခု–ရဟန်းသည်၊ သဗ္ဗဒုက္ခာ–အလုံးစုံသော ဝဋ်ဆင်းရဲမှ၊ ပမုစ္စတိ–ကင်းလွတ်ရပေသတည်း။ "သာဓု– သာဓု– သာဓု"

**အားလုံး စောင့်က နိဗ္ဗာန်ရ ဆောင်ပုဒ်**

၁။ မျက်စိ နား နှာ၊ ကိုယ်စိတ်မှာ၊ စောင့်ကာ ကောင်းပါတယ်။
၂။ ကိုယ်နှုတ်စိတ်မှာ၊ ကံသုံးဖြာ၊ စောင့်ကာ ကောင်းပါတယ်။
၃။ လုံးစုံစောင့်ပေ၊ သေချာသော၊ မှန်စွာ ကောင်းပါတယ်။
၄။ လုံးစုံစောင့်မှပေါ့၊ ဆင်းရဲပြတ်၊ ငြိမ်းဓာတ် ရောက်မှန်တယ်။

အေး– အခု သတိပဋ္ဌာန်ဘာဝနာ ပွားတဲ့အခိုက်ဆိုရင်ဖြင့် မြင်ရင် မြင်တယ်၊ ကြားရင်ကြားတယ်၊ နံတယ်၊ စားတယ်၊ တွေ့ထိတယ်၊ စိတ်ကူး စဉ်းစား ကြံစည်တယ်လို့ မှတ်ရင် ဒွါရခြောက်ပါး စောင့်ထိန်းနေတာပဲ ဖြစ်တယ်၊ ဘယ်က စောင့်ထိန်းနေပါလိမ့်။

"ဒွါရ ခြောက်ပါးကပါ ဘုရား"

အဲဒီလို စောင့်ထိန်းနေရင် ကာယဒုစရိုက်လို့ ဆိုတဲ့ သူ့အသက် သတ်မှု၊ သူ့ဥစ္စာ ခိုးမှု၊ ကာမေသုမိစ္ဆာစာရ ဆိုတဲ့ ကာမဂုဏ်မိုက်မှားစွာ ကျင့်မှုတွေကို မကျင့်ဘဲနေတာက ကာယကံကို စောင့်ရှောက်ပြီးတော့ နေတာပဲ။

မုသားပြောခြင်း၊ ကုန်းချောခြင်း၊ ဆဲရေးတိုင်းထွာခြင်း၊ အဖျင်းအသိမ်တွေ ပြောဆိုခြင်းဆိုတဲ့ ဝစီဒုစရိုက်လေးပါးကို မပြောဆိုမိအောင် စောင့်ရှောက်နေတာက ဝစီကံကို စောင့်ရှောက်နေတာပဲ။

အဘိဇ္ဈာ၊ ဗျာပါဒ၊ မိစ္ဆာဒိဋ္ဌိလို့ ဆိုတဲ့ မနောဒုစရိုက်သုံးပါးကို စောင့်ထိန်းပြီးတော့ နေတာက မနောကံကို စောင့်ထိန်းနေတာပဲ၊ မှန်ရဲ့လား။

"မှန်ပါဘုရား"

အဲဒါတွေကို အကုန်လုံး ခြုံပြီးတော့ ဝိပဿနာဉာဏ်တွေ ပွားရင် နိဗ္ဗာန် မရောက်နိုင်ဘူးလား။

"ရောက်နိုင်ပါတယ်ဘုရား"

## အကျိုးရှိသော ဒေသနာတော်

ဒီလိုဟောတဲ့ တရားနာကြားရတဲ့ ရဟန်းတွေဟာ ဒေသနာ ဝသာနေ– တရားတော်ရဲ့အဆုံး၌၊ ဆောပဋ္ဌဘိက္ခူ–ထိုင်ပါးသော ရဟန်းတို့သည်၊ သောတာ ပတ္တိဖလေ–သောတာပတ္တိဖိုလ်၌၊ ပတိဋ္ဌဟိံသု–တည်ကြလေကုန်ပြီ၊ သမ္ပတ္တာနမ္ပိ– ရောက်လာကုန်သော ပရိသတ်တို့အားလည်း၊ မမ္ပ ဒေသနာ– တရားဒေသနာ သည်၊ သာတ္ထိကာ–အကျိုးရှိသည်၊ ဟောတိ–ဖြစ်လေတော့သတည်း။

"သာဓု–သာဓု -သာဓု"

ဣန္ဒြိယသံဝရတရားခြောက်ပါး စောင့်စည်းလို့ရှိရင်ဖြင့် ချမ်းသာတယ်၊ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးငြိမ်းတော့ နိဗ္ဗာန်မျက်မှောက်ပြုနိုင်တယ် ဆိုတဲ့ တရားကို နာကြားရတဲ့ ကုသိုလ်စေတနာဝင်ကြောင့် ဤတရားတော်လာ အတိုင်း လိုက်နာကြိုးကုတ် အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၂)

## စကားဦး

ဒီနေ့ရက်စွဲကတော့ သာသနာတော်နှစ် ၂၅၃၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ မိုးဥတု၊ ဝါဆိုလပြည့်ကျော် ၁၁–ရက်နေ့ ဖြစ်တယ်။

ဌာနကတော့ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး ဖြစ်ပါတယ်။

တရားနာပရိသတ်ကတော့ မဟာစည်ယောဂီ ရဟန်းရှင်လူ သူတော်စင်များ ဖြစ်ပါတယ်။

ဟောကြားမည့် တရားတော်ကတော့ " သုဗြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် ဒုတိယပိုင်း" ဖြစ်ပါတယ်၊ ဒီတရားပွဲမှာ ရတနာပူရ စတုတ္ထမြို့တည် နန်းတည် ဘကြီးတော် ဖလ်နန်းရှင် မင်းတရားကြီးနှင့် နန်းမတော်မယ်နုတို့က ဆက်ကပ်သော"စက္ကိန္ဒာဘိ သိရိသဒ္ဓမ္မဓဇ မဟာဓမ္မရာဇာဓိရာဇ ဂုရု–ဘွဲ့တံဆိပ်တော်ရ ညောင်ကန်ဆရာတော် ဦးဗုဓ် ရေးသား တော်မူတဲ့ "အခါတော် ခုနစ်ပါး ဗုဒ္ဓဝင် ဘုရားရှိခိုး"ဖြင့် ရွတ်ဆိုရှိခိုးပြီး တရားပွဲကို ဖွင့်ပါမယ်၊ နိဿယအနက်ကတော့ တိုလွန်းနေလို့ ဘုန်းကြီးကပဲ ပေါ်လွင်အောင် ရေးသားပူဇော်လိုက်ပါတယ်။

"ဘုန်းတော်နေဝန်း ထွန်းလင်းတောက်ပတော်မူသော အို-မြတ်စွာဘုရား၊ တပည့်တော်မှာ မဖြစ်ပေါ်သေးသော ပင်ပန်းမှုတို့ကြောင့်လည်းကောင်း ဖြစ်ပေါ်ပြီးသား ပင်ပန်းမှုတို့ကြောင့်လည်းကောင်း တပည့်တော်ရဲ့စိတ်ဟာ ကြောက်ရွံ့ထိတ်လန့်ပြီးတော့ နေရပါတယ်ဘုရား၊ အမြဲစိုးရိမ်ပူပန်ပြီးတော့ နေရပါတယ်ဘုရား၊ တကယ်လို့များ မြတ်စွာဘုရားမှာ အကြောက်ကင်းကြောင်း နည်းလမ်းကောင်းရှိရင် တပည့်တော်အား သနားတော်မူပါ မြတ်စွာဘုရား"လို့ သုဗြဟ္မာနတ်သားက နောက်ပါနတ်သမီးငါးရာနဲ့ မြတ်စွာဘုရားကို လာပြီးတော့ လျှောက်ထားပါတယ်။

အဲဒီလို လာပြီး လျှောက်ထားတော့ မြတ်စွာဘုရားက ဖြေကြားတော်မူပါတယ်။

ဒါနဲ့ ပတ်သက်ပြီးတော့ ဘုန်းကြီး နှစ်ရက် ဟောခဲ့ပါပြီ၊ ပထမရက်က အကျဉ်းချုပ် အဖြေ အကုန်လုံးစုံအောင် ဟောခဲ့ပါတယ်၊ ဒုတိယရက်ကတော့ ဣန္ဒြိယသံဝရခြောက်ပါးနဲ့ ပတ်သက်ပြီးတော့ ဣန္ဒြိယသံဝရ လုံခြုံရင် ကျန်တဲ့ ပစ္စယသန္နိဿိတသီလ၊ အာဇီဝ ပါရိသုဒ္ဓိသီလ၊ ပါတိမောက္ခ သံဝရသီလတွေပါ လုံခြုံပြီးတော့ သီလဝိသုဒ္ဓိ ဖြစ်ပါတယ်၊ အဲဒီသီလဝိသုဒ္ဓိကို မှီခိုပြီး သတိပဋ္ဌာန် ဝိပဿနာပွားရင် နိဗ္ဗာန်ထိ ရောက်နိုင်ပုံ မနေ့က ဟောခဲ့ပါပြီ။

ဒီနေ့ ဓုတင်တစ်ဆယ့်သုံးပါးနဲ့ ပတ်သက်ပြီးတော့ ဟောဖို့ စီစဉ်ထားပါတယ်။

၁။ ဓုတင်တစ်ဆယ့်သုံးပါး၊ ရှောင်ပယ်ရှား၊ အများ ချမ်းသာ မမြင်ပါ။

၂။ ချမ်းသာလိုချင်၊ မြတ်ဓုတင်၊ တွင်တွင်ကျင့်ပွားပါ။

ဓုတင်တရားဟာ ယေဘုယျအားဖြင့် အများဆုံးရဟန်းတော်တွေနဲ့ ပတ်သက်ပါတယ်၊ လူတွေလဲ ကျင့်လိုက ကျင့်နိုင်တဲ့ အခွင့်အလမ်းရှိပါတယ်။

## ဓုတင်ဆိုတာ

ဓုတင်ဆိုတဲ့အကျင့်ကို ဘာကြောင့် ဓုတင်ခေါ်သလဲဆိုရင်ဖြင့် "ကိလေသာပေါင်း၊ ပျက်စီးကြောင်း၊ ကျင့်ကောင်းမြတ်ဓုတင်"တဲ့၊ ကိလေသာတွေကို ခါတွက် ဖျက်ဆီးတတ်တဲ့အတွက်ကြောင့် ဓုတင် ခေါ်ပါတယ်၊ ဓုတင်ဆိုတာ

ကိလေသာကို ဖျက်ဆီးတတ်တဲ့တရား၊ "တဏှာဖြတ်ဘိ၊ ကိစ္စရှိ၊ ကင်း၏ ရှေ့ရှုထင်"တဲ့။

ကိလေသာဆယ်ပါးကို အကျယ်ပွားရင် တစ်ထောင့်ငါးရာရှိတယ်၊ ကိလေသာတရားတွေ ပူးဝင်ပြီးတော့ နှိပ်စက်ဖနှတ်အတွက်ကြောင့် သတ္တဝါတွေဟာ အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်ထဲက မအိုချင်ဘဲနဲ့အို၊ မနာချင်ဘဲနဲ့ နာ၊ မသေချင်ဘဲနဲ့ သေ၊ ပြီးတော့ မွေး သေ ဖြစ် ပျက် သံသရာစက်ထဲမှာ တဝဲလယ်လယ် ဖြစ်နေကြရတယ်။

ကိလေသာဆယ်ပါး တစ်ထောင့်ငါးရာတွေ ကင်းငြိမ်းသွားအောင် ဆိုလို့ရှိရင် ပဋိစ္စသမုပ္ပါဒ် စက်ရဟတ်ကြီးမှ လွတ်ထွက်သွားအောင် ဆိုလို့ရှိရင် အရင်းမူလဖြစ်တဲ့ အဝိဇ္ဇာနဲ့တဏှာ နှစ်ပါးကို ပယ်ရှားနိုင်အောင် ကျင့်ရမယ်၊ အဝိဇ္ဇာပြုတ်ရင်လဲ တဏှာ ပြုတ်နိုင်တယ်၊ တဏှာပြုတ်ရင်လဲ အဝိဇ္ဇာပြုတ်နိုင်တာပဲ၊ ကိလေသာတွေရဲ့ ဦးစီးခေါင်းဆောင်ဟာ တဏှာတဲ့၊ ဒီပြင် ကိလေသာတွေလဲ တစ်နွယ်ငင် တစ်စင်ပါတာပေါ့။

မြတ်စွာဘုရားဖြစ်ခါစ ဥဒါန်းကျူးတယ်ဆိုတာ တစ်သံသရာလုံး ငါတို့ကို မွေး သေ ဖြစ် ပျက် သံသရာစက်ထဲလည်အောင် ဒုက္ခပေးနေတဲ့ တဏှာကို ငါတွေ့ပြီ၊ တရားခံ ရန်သူကို ခုဗောဓိပင်အောက်မှာ သတ်လိုက်နိုင်ပြီ၊ အောင်ပြီလို့ ကျူးရင့်တာကို ဥဒါန်းဂါထာခေါ်တယ်၊ အနေကဇာတင်တဲ့အခါ ရွတ်တဲ့ဂါထာပေါ့။

ကိလေသာတွေရဲ့ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ တဏှာကို ဟောဒီခုတင် တရားတွေကို ကျင့်ပွားလို့ ရှိရင် ပျက်စီးဖို့ရာ ကိစ္စရှိတယ်၊ အဲဒီခုတင်တရားကို ကျင့်ရင် ကိလေသာတွေရဲ့ ဦးစီးခေါင်းဆောင်ဖြစ်တဲ့ တဏှာ ပျက်စီးသွားနိုင်ပါတယ်၊ တဏှာပျက်အောင် ဟောဒီခုတင်က ဆောင်ရွက်နိုင်ပါတယ်။

ကိလေသာဖြစ်ပုံသုံးမျိုးကို ဟောဒီသီလ၊ သမာဓိ၊ ပညာဆိုတဲ့သိက္ခာသုံးပါးနဲ့ ပယ်သတ်ရတာဖြစ်တယ်၊ ခုတင်တရားတွေကို ကျင့်ပွားရတယ်ဆိုလို့ရှိရင်ဖြင့် ကိုယ်နှုတ်နှင့် လွန်ကျူးနိုင်တဲ့ ဝိတိက္ကမ ကိလေသာတွေ ပယ်သတ်တဲ့သီလတရားတွေ ပိုပြီးတော့ ဖြူစင်နိုင်တယ်...တဲ့၊ သီလဝိသုဒ္ဓိဖြစ်လို့ ခုတင်တရားတွေ ကျင့်ပြီလားဆိုလို့ရှိရင် ဝိပဿနာလဲပွားရော နိဗ္ဗာန်ကို လွယ်ကူစွာရောက်နိုင်တယ်၊ ဒီလိုဆို ခုတင်ကို မကျင့်ထိုက်ပေဘူးလား။

"ကျင့်ထိုက်ပါတယ် ဘုရား"

## ခုတင်ကျင့်ခြင်း၏ ရည်ရွယ်ချက်

ဒါမှတ်ထားရမယ်၊ မြတ်စွာဘုရားက ခုတင်အကျင့်တရားကို ဘာ့ကြောင့် ကျင့်ဖွားနိုင်တယ်လို့ ခွင့်ပြုသလဲဆိုရင်ဖြင့် 'အာမိသကို စွန့်ပယ်လို၍ ကိုယ်နှင့်အသက် မငဲ့ကွက်မှန်။'

အဲဒါတဏှာ၊ ဒိဋ္ဌိနဲ့ သုံးသပ်တဲ့ အာမိသ ဝတ္ထုကာမ၊ ကိလေသာကာမဆိုတဲ့ တရားတွေကို ပယ်စွန့်လိုတယ် ဆိုလို့ရှိရင်ဖြင့် "ကိုယ်နှင့်အသက် မငဲ့ကွက်မှန်၊ မြတ်နိဗ္ဗာန်ကို၊ ရရန်လျှော်စွာ" ဒီခုတင်တရားကို ကျင့်တာ အာမိသဆိုတဲ့ တဏှာဒိဋ္ဌိကို စွန့်စေချင်တဲ့အတွက် ဘုန်းကြီးတွေ အဲဒီလိုစွန့်ချင်တဲ့ ပုဂ္ဂိုလ်၊ နိဗ္ဗာန်ကို ရောက်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ကိုယ်နှင့် အသက် မငဲ့ကွက်ဘဲနဲ့ ကြိုးကြိုးစားစား ကျင့်ရမယ်၊ ("ကိုယ်နှင့်အသက်၊ မငဲ့ကွက်မှန်၊ မြတ်နိဗ္ဗာန်ကို၊ ရရန်လျှော်စွာ၊ ဝိပဿနာ ကျင့်၊ ပြီးစေလင့်ငှာ၊ မြော်လင့်လိုလားသူမြတ်များဖို့၊ ဘုရားရှင်မြတ်၊ ခွင့်ပြုအပ်သည်၊ စွဲမှတ် ခုတင်၊ တစ်ဆယ့်သုံးပါးတည်း။") ခုတင်တစ်ဆယ့်သုံးပါး တရားတွေကို ကျင့်ဖို့ရန်အတွက် ဘုရား ခွင့်ပြုတယ်၊ ဘာကြောင့် ခွင့်ပြုတာလဲ၊ တဏှာဒိဋ္ဌိတွေကို စွန့်ပယ်နိုင်အောင်လို့ ဒီခုတင်တရားကို ခွင့်ပြုရတယ်၊ နိဗ္ဗာန်ရောက်ရန် ဝိပဿနာအကျင့်တွေကို ကျင့်နိုင်ဖို့ရန်လဲ ဒီခုတင်တရားကို ခွင့်ပြုရပါတယ်၊ နိဗ္ဗာန်ကို မြန်မြန်ရောက်ဖို့ ခုတင်ကို ခွင့်ပြုတာလဲ ပါတော့ ကောင်းတာပေါ့။ မကောင်းပေဘူးလား။

"ကောင်းပါတယ် ဘုရား"

## တဏှာဒိဋ္ဌိကို စွန့်ချင်ရင် ခုတင်ကိုကျင့်

တဏှာဒိဋ္ဌိတွေကို ပယ်စွန့်ချင်တဲ့ ပုဂ္ဂိုလ်၊ နိဗ္ဗာန်ရောက်ရန် ဝိပဿနာအကျင့်တွေကို ကျင့်ချင်တဲ့ပုဂ္ဂိုလ်တွေဆိုရင်ဖြင့် ကိုယ်နှင့် အသက်ကို မငဲ့ကွက်ဘဲနှင့် ဟောဒီခုတင်တရားတွေကို ကျင့်ဖွားဖို့ သင့်တယ်။

အဲဒီခုတင်က ဘယ်နှစ်ပါးရှိသလဲ ဆိုရင်ဖြင့် တစ်ဆယ့်သုံးပါးရှိတယ်။ ဗဟုသုတပေါ့ဗျာ၊ "ခုတင်၊ ခုတင်"နဲ့ ဘုန်းကြီးတွေ ပြောပြောနေတာယောဂီတွေ ဒီတစ်ခါတော့ အကုန်လုံး ကြားဖူးအောင် လိုက်ဆိုကြ။

## ခုတင်ဆယ့်သုံးပါး အကျဉ်းလင်္ကာ

ပံ တေ ပိဏ် သ၊ ဒ ပတ် ခ၊ တောရ ရုက္ခမူ။
အဗ္ဘော သုသာန်၊ ယထာသန်၊ မှတ်ရန် နေသဇ်ယူ။
ခုတင်ဆယ့်သုံး၊ အကျဉ်းချုံး၊ မှတ်အုံးကျင့်လိုသူ။

၁။ ပံ ဆိုတာက၊ ပံ့သကူခုတင်။
၂။ တေ ဆိုတာက၊ တိစီဝရိုက် ခုတင်။
၃။ ပိဏ် ဆိုတာက၊ ပိဏ္ဍပါတ်ခုတင်။
၄။ သ ဆိုတာက၊ သပဒါန စာရိက ခုတင်။
၅။ ဒ ဆိုတာက၊ ဒကာသန္ဓိုက်ခုတင်။
၆။ ပတ် ဆိုတာက၊ ပတ္တပိဏ် ခုတင်။
၇။ ခ ဆိုတာက၊ ခလုပစ္ဆာဘတ် ခုတင်။
၈။ တောရ ဆိုတာက၊ အရညကင် ခုတင်။
၉။ ရုက္ခမူ ဆိုတာက၊ ရုက္ခမူခုတင်။
၁၀။ အဗ္ဘော ဆိုတာက အဗ္ဘောကာသိက ခုတင်။
၁၁။ သုသာန် ဆိုတာက သုသာန်ခုတင်။
၁၂။ ယထာသန် ဆိုတာက ယထာသန္တတိ ခုတင်။
၁၃။ နေသဇ် ဆိုတာက နေသဇ္ဇိကခုတင်လို့ ခေါ်တယ်။

နံပါတ်တစ် ပံ့သကူ ခုတင်၊ ပံ့သကူခုတင်ကို ဘယ်လို ဆောက်တည်ရသလဲဆိုရင်–

၁။ ပံ့သကူခုတင်

ဂဟပတိ ဒါန စီဝရံ ပဋိက္ခိပါမိ– အိမ်ရှင်ဟု ဆိုအပ်သော ဒါယကာ လှူသော သင်္ကန်းကို ပယ်ပါ၏။

ပံသုကူ လိကင်္ဂ သမာဒိယာမိ– ပံ့သကူသင်္ကန်းကို ဝတ်ရုံလေ့ရှိသော ရဟန်း၏အကြောင်း အင်္ဂါစေတနာကို ဆောက်တည်ပါ၏။

ဒီလို ဆောက်တည်ရတယ်၊ ရဟန်းများအား သင်္ကန်းကို အိမ်ရှင် ဒါယကာတွေ သဒ္ဓါတရားအလျောက် လာပြီး လှူတဲ့ သင်္ကန်းမျိုးကို ပယ်ပါတယ်၊ သူများတွေ မလိုချင်လို့ လွှင့်ပစ်ထားတဲ့ အမှိုက်ပုံတို့၊ သင်္ချိုင်းကုန်းတို့ အဲဒီလိုနေရာမျိုးတွေမှာ ရှိတဲ့ အဝတ်စုတ်များကို ကောက်ယူပြီးတော့ လျှော်ဖွပ်၊ ချုပ်လုပ်ပြီး သင်္ကန်းဆိုးတဲ့ သင်္ကန်းကို ပံ့သကူသင်္ကန်းလို့ ခေါ်တယ်။

ဒီလိုမှ မဟုတ်လို့ ရှိရင် သက်န်းချုပ်ပြီး လုပ်ပြီးသားကို မြေကြီးပေါ်မှာ စွန့်ပစ်ထားတာ၊ အဲဒါ ပံ့သကူဇဟင်ပါ ဆိုပြီးတော့ စွန့်ပစ်သွားတာ၊ အဲဒီလို စွန့်ထားတဲ့ သင်္ကန်းကို ကောက်ယူပြီးတော့ ဝတ်ရုံတာလဲပဲ ပံ့သကူသင်္ကန်းပဲ။

အချို့ဘုန်းကြီးတွေ ပုံလွှန်တော်မူတယ် ဆိုလို့ ရှိရင်ဖြင့် မီးသဂြိုဟ်ခါနီး အလောင်းကောင်ကနေ အဲဒီသင်္ကန်းကို ခွာယူထားလိုက်ပြီးတော့ ဝတ်တဲ့သင်္ကန်းကို ပံ့သကူသင်္ကန်းခေါ်တယ်။

အဲဒီတော့ လူတွေ အဆင်သင့်၊ ကောင်းကောင်းမွန်မွန် ချုပ်လှူတာကို မဝတ်ဘူး၊ အဲဒီလို ပံ့သကူသင်္ကန်းမျိုးကိုသာလျှင် ဝတ်ရုံပါမယ်-လို့ ဓိဋ္ဌာန် ဆောက်တည်ပြီးတော့ ကျင့်တဲ့အကျင့်ကို ပံသုကူလိက ဓုတင်အကျင့်၊ ဒါ-ဘုန်းကြီးတွေ ရဟန်းတွေနဲ့ ဆိုင်တယ်။

၂။ တိစီဝရိက်ဓုတင်

"စတုတ္ထက စီဝရံ ပဋိက္ခိပါမိ"လေးထည်မြောက်သင်္ကန်းကို ပယ်ပါ၏။

"တေစီဝရိ ကင်္ဂသမာဒိယာမိ"သုံးထည်သော သင်္ကန်းကို ဆောင်ခြင်း အလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

ဒါလဲ ရဟန်းတော်တွေနဲ့ ဆိုင်တဲ့ ဓုတင်ပါပဲ၊ အဲဒါ-ဒုါးဝတ်ရယ်၊ ကိုယ်ဝတ်ရယ်၊ အပေါ်ကတင်တဲ့ သင်္ကန်းကြီးရယ်၊ ဒီသုံးထည်သာ ဝတ်ပါမယ်၊ ဒီသုံးထည်ထက် အပိုအလျှံဖြစ်တဲ့ လူတွေက လာလှူတဲ့ သင်္ကန်းတွေကို ပယ်ပါတယ်၊ အလှူမခံပါဘူး၊ သုံးထည်သာ အမြဲဆောင်ထားမယ်၊ အဲဒီလိုကျင့်တဲ့ အကျင့်ကို "တေစီဝရိက ဓုတင်"၊ လူတွေက တိစီဝရိက် ဓုတင်လို့ခေါ်တယ်။

အဲဒီတော့ တဏှာနည်းတာက လူတွေလှူတဲ့ သင်္ကန်းကို မယူဘူး၊ ပံ့သကူသင်္ကန်းကို ဝတ်ရုံမယ်ဆိုတော့ သာယာနှစ်သက်ဖွယ် အကောင်းကို မဝတ်ဘူး၊ စက်ဆုပ်ဖွယ်ဖြစ်တဲ့ တဏှာနည်းပါးကြောင်း ဖြစ်တဲ့ ပံ့သကူသင်္ကန်းကိုသာ ဝတ်ရုံမယ်ဆိုတော့ ကိလေသာတဏှာ မနည်းဘူးလား။

"နည်းပါတယ် ဘုရား"

သုံးထည်ကို သူဝတ်ရုံမယ်၊ သုံးထည်ကို သူရှာမှီးထားတယ်၊ အပို သိမ်းဆည်းထားဖို့ရာအတွက် စုဆောင်းထားဖို့ရာအတွက် အလှူမခံဘူး ဆိုတော့လဲ အလိုမနည်းဘူးလား။ "နည်းပါတယ် ဘုရား"

ဒါကြောင့် စုတင်ကျင့်ရင် တဏှာနည်းတယ်လို့ ဆိုတယ်၊ နောက်ပြီး တော့–

၃။ ပိဏ္ဍပါတ် စုတင်

"အတိရေကလာဘံ ပဋိက္ခိပါမိ" ဆွမ်းခံ၍ရသောဆွမ်းထက် အပို အလွန် ဖြစ်သော လာဘ်ကို ပယ်ပါ၏။

"ပိဏ္ဍပါတိကင်္ဂံ သမာဒိယာမိ" ဆွမ်းအလို့ငှာ လှည့်လည်ခြင်း၊ အလေ့ ရှိသော ရဟန်း၏အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

ဒီစုတင်ကတော့ ပိဏ္ဍပါတ်စုတင်လို့ တိုတိုတုတ်တုတ် ဆိုပါတော့၊ ပိဏ္ဍပါတိက စုတင်ပါပဲ၊ အဲဒါ ဆွမ်းခံပြီးတော့ ရတဲ့ဆွမ်းထက် အပိုဖြစ်တဲ့ အထူး သီးသန့် ပင့်ဖျေးတဲ့ ဆွမ်းကို ပယ်ပါတယ်။

အဲဒါ ကိုယ့်ခြေသလုံးကို အားကိုးပြီး ဆွမ်းခံသွားတဲ့အခါ လောင်းလှူခဲ့ တဲ့ ဆွမ်းနဲ့သာလျှင် ကျေနပ်ပြီးတော့ နေတယ်ဆိုတာကို ပိဏ္ဍပါတ် စုတင်၊ ဒါလဲပဲ တဏှာမနည်းဘူးလား၊ နည်းသွားပါတယ်၊ မြီးခြစ်စွာကျင့်တဲ့ အကျင့်ပါပဲ။

၄။ သပဒါန စာရိကစုတင်

နောက်ပြီးတော့ "လောလုပ္ပစာရံ ပဋိက္ခိပါမိ"မက်မောသော လောလုပ္ပ တဏှာဖြင့် ဆွမ်းခံသွားခြင်းကို ပယ်ပါ၏။

"သပဒါန စာရိကင်္ဂံသမာဒိယာမိ"အိမ်စဉ်အတိုင်း ဆွမ်းခံသွားလေ့ ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

အဲဒီလို ဆွမ်းခံသွားတာတောင်မှ ကိုယ်နဲ့ ရင်းနှီးတဲ့ ကောင်းကောင်း မွန်မွန် လောင်းနိုင်တဲ့၊ ကိုယ့်ကို ကြည်ညိုတဲ့ အိမ်တွေကို ရွေးချယ်ပြီး သွား တဲ့ ဆွမ်းခံသွားခြင်းမျိုးကို ရှောင်တယ်၊ အဲဒါ ကိုယ့်ကြည်ညိုသည် ဖြစ်စေ၊ မကြည်ညိုသည်ဖြစ်စေ၊ ရနိုင်သည် ဖြစ်စေ၊ မရနိုင်သည် ဖြစ်စေ၊ ဗုဒ္ဓဘာသာ ဟုတ်သည်ဖြစ်စေ၊ မဟုတ်သည် ဖြစ်စေ အိမ်ပေါက်စေ့ တစ်ခါတည်း ဆွမ်းလိုက် ရပ်သွားမယ်၊ လောင်းချင်တဲ့အိမ်က လောင်း၊ မလောင်းချင်လဲ နေ ဆိုပြီးတော့ အစဉ်အတိုင်း ဆွမ်းခံပြီးရတဲ့ ဆွမ်းကိုသာလျှင် ဘုဉ်းပေး သုံးဆောင်ပြီးတော့ နေတဲ့အကျင့်ကို သပဒါနစာရိက စုတင်တဲ့၊ တဏှာ မနည်းဘူးလား။

"နည်းပါတယ် ဘုရား"

အဲဒီအကျင့်မျိုး ကျင့်တော့လဲ တဏှာနည်းတာပါပဲ။

၅။ ခလော သနိက်ဓုတင်

"နာနာသနဘောဇနံ ပဋိက္ခိပါမိ"နေရာအများ၌ စားခြင်းကို ပယ်ပါ၏။

"ခလောသနိကင်္ဂံသမာဒိယာမိ"တစ်ထိုင်တည်း၌သာ စားလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

နေရာအများကြီးမှာ ထိုင်ပြီး စားခြင်း၊ ဆိုလိုတာကတော့ အရုဏ်ဆွမ်း စားလိုက်၊ နေ့ဆွမ်းစားလိုက်၊ ဆွမ်းစားချိန် စားလိုက်၊ ဆွမ်းစားပြီးတဲ့အခါ မှာလဲပဲ မွန်းမတည့်သေးခင် စားလိုက်၊ ဟိုနားထိုင်စား၊ သည်နားထိုင်စား၊ ခဏခဏ စားခြင်းကို ပယ်တယ်၊ တစ်နေ့မှာ တစ်ထိုင်တည်းပဲ ထိုင်ပြီးတော့ စားတယ်။

အရုဏ်ဆိုရင်လဲ အရုဏ်၊ နေ့ဆွမ်းဆိုရင်လဲ နေ့ဆွမ်းအချိန် သတ်မှတ်ပြီး ဒီနေရာမှာ တစ်ထိုင်တည်း ထိုင်ပြီးတော့ ဘုဉ်းပေးမယ်၊ ကျန်တဲ့အချိန်ရေက လွဲရင် ဘာမျှ မသောက်မစားတော့ဘဲနဲ့ နေတဲ့အကျင့်တဲ့၊ တစ်ထိုင်တည်း အာရုံရှိတယ်ဆိုတော့ ကျန်တဲ့အချိန်မှာ သာယာနှစ်သက်မှု ရှိပါဦးမလား။

"မရှိတော့ပါ ဘုရား"

ဘယ်သူတွေက ဘာတွေ လာလှူတယ် ပြောပြော၊ ကိုယ်နှင့် မဆိုင်တော့ဘူး၊ တစ်ခါစားပြီးရင် ပြီးပြီ၊ ဒီနေ့အတွက် အဲဒီလို ကျင့်တဲ့အကျင့်ကို ခလောသနိက်ဓုတင်လို့ ပြောကြတယ်။

၆။ ပတ္တပိဏ် ဓုတင်

"ဒုတိယဘာဇနံ ပဋိက္ခိပါမိ" နှစ်ခုမြောက်သော စားခွက်ကို ပယ်ပါ၏။

"ပတ္တပိဏ္ဍိကင်္ဂံသမာဒိယာမိ"တစ်ခွက်တည်း၌ စားဖွယ်ကိုသာ ယူ၍ စားလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

ဒါ–ပတ္တပိဏ္ဍိက ဓုတင်တဲ့၊ ပတ္တပိဏ်ဓုတင်လို့လဲ ခေါ်ပါတယ်၊ အဲဒီ ပတ္တပိဏ်ဓုတင်ကတော့ဖြင့် သပိတ်ထဲကျလာတဲ့ ဆွမ်းနဲ့ ဟင်းကိုသာလျှင် ဘုဉ်းပေးသုံးဆောင်တယ်၊ သပိတ်ရဲ့ဟိုဘက်က ခွက်ကြီးခွက်ငယ်နဲ့ ထည့်ထားတဲ့ စားပွဲကြီးပေါ် တင်ထားတဲ့ဟာတွေ မယူတော့ဘူး၊ မဘုဉ်းပေးတော့ဘူး၊ သပိတ်ထဲကျသမျှ အရောရောအနှောနှောတွေကို ဘုဉ်းပေး သုံးဆောင်တယ်၊ ဒါလဲပဲ ဟိုဟင်း စားချင်တယ်၊ ဒီဟင်း စားချင်တယ်၊ ဟိုဟာလိုချင်တယ်၊ ဒီဟာ လိုချင်တယ် ဆိုတဲ့ တဏှာတွေကို အားသေးအောင် ငြိမ်းအောင် လုပ်လိုက်တာပဲ၊

ငြိမ်းတယ်နော်၊ အဲဒါကိုလဲ ဓုတင်အကျင့်လို့ ခေါ်ပါတယ်။

၇။ ခလုပစ္ဆာဘတ် ဓုတင်

"အတိရိတ္တ ဘောဇနံ ပဋိက္ခိပါမိ" အတိရိတ်ဝိနည်းကံပြု၍ စားခြင်းကို ပယ်ပါ၏။

"ခလုပစ္ဆာဘတ္တိကင်္ဂသမာဒိယာမိ" တားမြစ်ပြီးသည်မှ နောက်၌ ရသော ဆွမ်းကို မစားသော ရဟန်း၏ အကြောင်းအင်္ဂါစေတနာကို ဆောက်တည်ပါ၏။

ဒါကတော့ ရဟန်းတွေနဲ့ ဆိုင်တာပါပဲ၊ ဆွမ်းခဲဖွယ် ဘုဉ်းပေးနေတဲ့ ရဟန်းဟာ မိမိသုံးဆောင်ဘုဉ်းပေးနေတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်ကို "တော်ပြီ၊ တန်ပြီ"လို့ နှုတ်နဲ့ ဖြစ်စေ၊ ကိုယ်အမူအယာနဲ့ ဖြစ်စေ၊ တားမြစ်လိုက်လို့ရှိရင် အဲဒီတားမြစ်လိုက်တဲ့ ရဟန်းဟာ ပဝါရိတ် သင့်တယ်လို့ ဆိုတယ်။

အဲဒီပဝါရိတ် သင့်နေတဲ့ ရဟန်းဟာ မိမိဘုဉ်းပေး သုံးဆောင်နေတဲ့ ဆွမ်းခဲဖွယ် ဘောဇဉ်တွေကို မိမိမူလထိုင်နေတဲ့ ဣရိယာပုတ်နဲ့ပဲ ဘုဉ်းပေးခွင့် ရှိတယ်၊ ဣရိယာပုတ်ပြောင်းလိုက်တာနဲ့ တစ်ပြိုင်နက် မိမိစားနေတဲ့ ခဲဖွယ် ဘောဇဉ်တွေကို မစားအပ် မစားကောင်းတော့ဘူး၊ စားရင် အာပတ်သင့်တယ်။

အဲဒီ ဝိနည်းကံအရ မစားသင့်၊ မစားအပ်တော့တဲ့ ဘောဇဉ်တွေကို မိမိက ထပ်ပြီးတော့ ဘုဉ်းပေးချင်တယ်ဆိုရင် ဝိနည်းကံအရ အပ်စပ်အောင် ပြုလုပ်ပြီး ဘုဉ်းပေးလို့ ရတယ်၊ အပ်စပ်အောင် ဘယ်လို ပြုမလဲ ဆိုတော့–

ပဝါရိတ်သင့်နေတဲ့ ရဟန်းဟာ တစ်နည်းအားဖြင့် တော်ပြီ၊ တန်ပြီလို့ မြစ်ပြီးတဲ့ ရဟန်းဟာ ဣရိယာပုတ် ပြောင်းပြီး ဘောဇဉ်ကို တစ်ဖန်ထပ်ပြီးတော့ စားလိုတယ်ဆိုရင် အဲဒီ မိမိစားမယ့်ဘောဇဉ်ကို ဝိနည်းတတ်ကျွမ်းတဲ့ ရဟန်း တစ်ပါးထံ ယူသွားပြီး

"အတိရိတ္တံ ကရောထ ဘန္တေ – စားကြွင်းပြုပေးပါကုန် အရှင်ဘုရား" အဲဒီလို ဆိုပြီးတော့ ပေးလိုက်ရတယ်၊ အဲဒီ ဝိနည်းတတ်ရဟန်းက အနည်းငယ် ယူစားပြီး "အလ မေတံ သဗ္ဗံ ဤအလုံးစုံကို တန်ပြီ"လို့ အဲဒီလိုပြောပြီး စားကြွင်းပြုပေးရတယ်၊ အဲဒီ စားကြွင်းပြုပြီးတဲ့ ဘောဇဉ်ကို ပဝါရိတ်သင့်တဲ့ ရဟန်း စားအပ်တယ်–တဲ့။

ခလုပစ္ဆာဘတ်ဓုတင်ကို ဆောင်တဲ့ရဟန်းကတော့ တော်ပြီလို့ တားမြစ် ပြီးရင်တော့ နောက်ထပ်ဝိနည်းကံနဲ့ အပ်စပ်အောင် ပြုပြီး မစားတော့ဘူးတဲ့၊

တော်ပြီဆိုရင် နောက်ထပ် စားကို မစားတော့ဘူး၊ မဝသေးဘူး၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်၊ နောက်တစ်ခါ လာစားဦးမယ်၊ ဒီလို မလုပ်တော့ဘူး၊ တစ်ခါထဲ အပြတ်ပဲ။

ခလုင့်ဂ်ဆိုတာ ရှိတယ်၊ အဲဒီ ခလုင့်ဂ်ဆိုတာက မိမိစားနေတဲ့သစ်သီး နှုတ်သီးကနေ လွတ်ကျသွားပြီဆိုလို့ရှိရင် လွတ်ကျသွားတဲ့ဟာကို ကောက်မစား တော့ဘူး၊ နောက်ထပ်လဲ မစားတော့ဘူး၊ စားတိုင်းစားတိုင်း ပါးစပ်ထဲရောက် နေမှ မြဲနေမှ စားတယ်၊ တစ်ခါလောက် လွတ်ကျသွား၊ နောက်ထပ် မစား တော့ဘူး၊ အဲဒီငှက်ကဲ့သို့ ကျင့်တယ်လို့ အဋ္ဌကထာက ဆိုထားပါတယ်။

၈။ အရညကင် မုတင်

"ဂါမန္တ သေနာသနံ ပဋိက္ခိပါမိ" ရွာအနီး ရွာကျောင်းကို ပယ်ပါ၏။

"အာရညိကင်္ဂ သမာဒိယာမိ"တောဌ နေလေ့ရှိသော ရဟန်း၏ အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

ရွာထဲကျောင်း၊ မြို့ထဲကျောင်း၊ ရွာနား မြို့နားကျောင်း မနေဘူး၊ ရွာနဲ့မြို့နဲ့ ကုလလေးတာ ပြန်ငါးရာ–အနည်းဆုံး တစ်မိုင်ဝေးတဲ့ ကျောင်းမှာ နေတဲ့အကျင့်ကို ကျင့်တယ်။

ဘုန်းကြီးကြီး၊ ဘုန်းသေးသေး မြို့ထဲရွာထဲ မနေဘူး၊ အပေါင်းအဖော် တွေနဲ့ဝေးတဲ့ ပရိသတ်နဲ့ဝေးတဲ့ တောရကျောင်းမှာ နေတယ်ဆိုတော့ ကိလေသာ မနည်းနိုင်ဘူးလား။

"နည်းနိုင်ပါတယ် ဘုရား"

၉။ ရက္ခမူ ဓုတင်

"ဆန္န ပဋိက္ခိပါမိ– မိုးအပ်သော အရိပ်အာဝါသကို ပယ်ပါ၏။

"ရက္ခမူလိကင်္ဂ သမာဒိယာမိ" သစ်ပင်ရင်းသစ်ပင်အောက်၌ နေလေ့ ရှိသော ရဟန်း၏အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

အမိုး– မိုးထားတဲ့ ကျောင်းတွေမှာ မနေဘူး၊ သစ်ပင်အောက်နေတဲ့ အကျင့်ကို ရက္ခမူ ဓုတင်လို့ ခေါ်တယ်။

ဒီဓုတင်ကတော့ ယောဂီတွေလဲ အချိန်ပိုင်းလောက်၊ သစ်ပင်အောက်မှာ တရားထိုင်ပြီး ပါရမီအဖြစ် ရက္ခမူဓုတင် ဆောက်တည်ရင် ရပါတယ်။

၁၀။ အဇ္ဈောကာသိက ဓုတင်

"ဆန္နဥ ရက္ခမူလဥ ပဋိက္ခိပါမိ- အမိုးကိုလည်း ပယ်ပါ၏၊ သစ်ပင်ရင်းကိုလည်း ပယ်ပါ၏။"

"အဇ္ဈောကာသိကင်္ဂ သမာဒိယာမိ-အမိုးမရှိသော ဟင်းလင်းပြင်အရပ်၌ နေလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။"

ခုနကတုန်းက ရုက္ခမူဓုတင်က ကျောင်းမှာ သာယာခြင်းတဏှာနည်းတယ်၊ အခုဓုတင်က ကျောင်းကိုလဲ ပယ်တယ်၊ သစ်ပင်အောက်မှာ နေခြင်းကိုလဲ ပယ်တယ်ဆိုတော့ ဟင်းလင်းပြင်မှာနေတယ်ဆိုတဲ့ အကျင့်ပါပဲ။

နေပူပြင်းတဲ့ နွေကာလတွေ ဆိုရင်ဖြင့် မလွယ်ပေဘူး၊ လွင်တီးခေါင်မှာ နေတဲ့အကျင့်ဟာ အရိပ်ပေါ်မှာ သာယာတဲ့တဏှာ မရှိတော့ပါဘူး၊ အဲဒီဓုတင်ကိုတော့ အဇ္ဈောကာသိက ဓုတင်လို့ ခေါ်တယ်။

၁၁။ သောသာနိက ဓုတင်

"နသုသာနံ ပဋိက္ခိပါမိ- သုသာန်မဟုတ်သော အရပ်ကို ပယ်၏။"

"သောသာနိကင်္ဂ သမာဒိယာမိ-သုသာန်၌ နေလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

သုသာန်မဟုတ်တဲ့ နေရာမှာ မနေဘူး၊ သုသာန်ထဲမှာ နေတယ်၊ လွယ်ပါ့မလား။

"မလွယ်ပါ-ဘုရား"

လူတွေက ရွံတယ်၊ ကြောက်တယ်ဆိုတဲ့ သုသာန်ထဲကိုမှ သွားနေတယ်၊ သာယာဖွယ် မရှိ လူသေတွေ၊ ဂူတွေ မြေပုံတွေကို အမြဲတမ်း တွေ့နေရတယ်ဆိုတော့ မရဏာနုဿတိ ကမ္မဋ္ဌာန်းကိုလဲပဲ ဆင်ခြင်နိုင်တယ်၊ ဒီလိုနေတာဟာလဲ နေရာကောင်းကောင်းလေးတွေမှာ သာယာတပ်မက်နေတဲ့ တဏှာကို ပယ်တာပဲ၊ တဏှာနည်းပြီးတော့ သံဝေဂများများ ပွားနိုင်တာပေါ့၊ အဲဒီလို နေခြင်းမျိုးကိုတော့ သောသာနိကဓုတင် တစ်နည်းအားဖြင့် သုသာန်ဓုတင်လို့လဲ ပြောကြတယ်။

၁၂။ ယထာသန္ထတိ ဓုတင်

"သေနာသန လောလုပ္ပ ပဋိက္ခိပါမိ–ကျောင်းအိပ်ရာနေရာ၌ လျှပ်ပေါ် တပ်မက်သော တဏှာကို ပယ်ပါ၏။"

"ယထာသန္ထတိကင်္ဂ သမာဒိယာမိ–ညွှန်ကြားချထားသော ကျောင်း အိပ်ရာနေရာ၌ နေလေ့ရှိသော ရဟန်း၏အကြောင်းအင်္ဂါစေတနာကို ဆောက် တည်ပါ၏။"

ဒါလဲပဲ နေရာချထားရေး ယောဂီတွေ၊ နေရာချထားရေး လူတွေ တော်တော် သက်သာတဲ့ ဓုတင်ပေါ့၊ သက်ဆိုင်ရာက ချထားတဲ့ နေရာမှာပဲ စွဲစွဲမြဲမြဲ နေပါတယ်။

"ဒီကျောင်းက နေပူတယ်၊ ကြမ်းပိုးကိုက်တယ်၊ လေကောင်းလေသန့် မရဘူး၊ ကျောင်းပြောင်းပေးပါဦး၊ ဒီကျောင်းမှာ နေချင်ပါတယ်" ဒီလို မပြောဘဲနဲ့ ချထားတဲ့ နေရာမှာပဲ ကောင်းကောင်းဆိုးဆိုး အာရုံတခြားကို စိတ်မရောက် တော့ဘဲ ကျတဲ့နေရာမှာပဲ နေတဲ့အကျင့်ကို "ယထာသန္ထတိ ဓုတင်"လို့ ခေါ် တယ်၊ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

အေး–ဟိုကျောင်း ဒီကျောင်းပြောင်းချင်တဲ့ စိတ်တွေ၊ အကောင်းကြိုက် တဲ့ တဏှာတွေ နည်းသွားတယ်။

၁၃။ နေသဇ္ဇိက ဓုတင်

နောက်ပြီးတော့ "သေယျံ ပဋိက္ခိပါမိ–လျောင်းအိပ်ခြင်းကို ပယ်ပါ၏။"

နေသဇ္ဇိကင်္ဂ သမာဒိယာမိ– ထိုင်လျက်နေလေ့ရှိသော သူ၏ အကြောင်း အင်္ဂါ စေတနာကို ဆောက်တည်ပါ၏။

ကျောနဲ့ ကြမ်းပြင် ထိပြီးတော့ အိပ်စက်ခြင်းကို ပယ်ပါ၏၊ ထိုင် နေတာတို့၊ ရပ်နေတာတို့၊ သွားနေတာတို့ကိုတော့ နေနိုင်ပါတယ်၊ ကျောနဲ့ ကြမ်းပြင်မထိဘဲနဲ့ လှဲမအိပ်ဘဲနဲ့နေတဲ့အကျင့်ကို ကျင့်တယ်ဆိုတော့ တရား အားထုတ်ဟဲ့ ပုဂ္ဂိုလ်တွေအတွက် အထူး မသင့်တော်ဘူးလား။

"သင့်တော်ပါတယ် ဘုရား"

အလတ်စား ဓုတင်အနေနဲ့ နံရံကို မှီပြီးတော့ နေနိုင်ပါတယ်၊ နံရံကို မှီနေရင် ငိုက်ပြီးတော့ ခေါင်းကြီးက အောက်စိုက်လာပြီး လက်ရော ခေါင်းပါ

မှောက်ရက်ဖြစ်သွားရင် ပြီးရော၊ အဲဒီလိုတော့ မဖြစ်ရဘူး၊ အဲဒီလို ဖြစ်ရင် ဓုတင်ပျက်တယ်။

အဲဒီလို ကြမ်းပြင်နဲ့ကျော မထိဘဲနဲ့ မအိပ်ဘဲနဲ့ နေတဲ့အကျင့်ကို နေသဇ္ဇိက ဓုတင်၊ တစ်နည်းအားဖြင့် နေသဇ္ဇိကကို ကျင့်ပွားတယ်ဆိုရင်ဖြင့် သက်သက်သာသာ မိန်းမိန်းမောမောနေခြင်းကို နှစ်သက်တဲ့တဏှာကို နည်းပါးစေပါတယ်၊ ဝိပဿနာ အားထုတ်တော့ မြန်မြန် တရားမတက်ဘူးလား။

"တက်ပါတယ် ဘုရား"

## ရဟန်း ၁၃-ပါး၊ ဘိက္ခုနီ ၈-ပါးသာရ

"ရဟန်းတို့အား၊ ၁၃-ပါး၊ ၈-ပါး ဘိက္ခုနီ"ရဟန်းတွေကတော့ ဓုတင် ၁၃-ပါးလုံး ရတယ်၊ ဘိက္ခုနီ အမျိုးသမီးများ ဆိုရင်ဖြင့် အရညကင် ဓုတင်၊ ခလုပစ္ဆာဘတ္တိက ဓုတင်၊ အဗ္ဘောကာသိက ဓုတင်၊ သုသာန် ဓုတင်၊ ရုက္ခမူ ဓုတင်၊ အဲဒီ ဓုတင် ၅-ပါး မရဘူး၊ ကျန်တဲ့ ဓုတင်၈-ပါး ကျင့်နိုင်တယ်။

## သိက္ခမာန် ၇-ပါးသာရ

"တိစီဝရိက်ကြဉ်၊ ခုနစ်အင်"တဲ့ အမျိုးသမီး ဘိက္ခုနီ ဝတ်ခါနီးမှာ သိက္ခမာန်အကျင့်၊ သာမဏေရီအကျင့်ဆိုတာ ကျင့်ရတယ်၊ အဲဒီသူကို ဘိက္ခုနီ မလောင်း ခေါ်တယ်၊ အဲဒီပုဂ္ဂိုလ်တွေကတော့ ဘိက္ခုရဟန်းမများ ကျင့်တဲ့အထဲက တိစီဝရိက် ဓုတင်ကို ကြဉ်ပြီးတော့ ကျန် ၇-မျိုးကို ကျင့်နိုင်ပါတယ်။

## လူများအတွက် ဓုတင်(၂)ပါး

"အစားတစ်ထိုင်၊ ပတ္တပိဏ်၊ လူဆိုင် ၂-ပါးဟူ"

လူတွေမှာတော့ ဧကာသနိက်ဓုတင်နဲ့ ပတ္တပိဏ် ဓုတင်ကို ဘုရားခွင့်ပြုတယ်၊ အစားနဲ့ ပတ်သက်ပြီးတော့ တဏှာနည်းအောင် ဒို့ယောဂီတွေ ပတ္တပိဏ် ဓုတင်ကျင့် ခွက်တစ်လုံး ပန်းကန်ပြား တစ်ချပ်တည်း ဇလုံဖောက် ကလေး တစ်ခုတည်း ကျတဲ့ ဟာတွေ စားတဲ့အကျင့်ကို ပတ္တပိဏ်ဓုတင်ခေါ်တယ်၊ တစ်ထိုင်တည်းမှာ စားတဲ့အကျင့်ကိုလဲ ကျင့်နိုင်တယ်။

ယောဂီအနေနဲ့တော့ နိဿဇ်ဓုတင်ကိုလဲပဲ ကျင့်နိုင်ပါတယ်၊ မကျင့်နိုင်ဘူးလား။

"ကျင့်နိုင်ပါတယ် ဘုရား"

အဲဒီဓုတင်အကျင့်တွေကို ဘုရားလက်ထက်မှာ ဘယ်သူများ ထွန်းထွန်းပေါက်ပေါက် ကျင့်ခဲ့ဖူးတာ ရှိသလဲဆိုရင် အရှင်မဟာကဿပတဲ့၊ ဘယ်သူပါလဲ။

"အရှင်မဟာကဿပပါ ဘုရား"

## အရှင်မဟာကဿပ မထေရ်ဝတ္ထု

ကဲ ဆိုကြည့်မယ်–

၁။ ပိပ္ပလိမောင် မယ်ဘဒ္ဒတို့၊ မိဘလိုလိုက် လက်ထပ်တယ်။
ကာမမှုကို မပျော်မွေ့လို့၊ အတွေ့ရှောင်ခွာ အတူအိပ်တယ်။
မိနှင့်ဖတွေ ကွယ်လွန်ပြီးတော့၊ အလှူကြီးပေးလို့ ရဟန်းပြုတယ်။
ဇနီးမောင်နှံ လမ်းတူထွက်လို့၊ မြင်ကွက်ဝန်းကျင် မတင့်တယ်။
ဒါကြောင့် ဝဲယာ၊ လမ်းခွဲကြပေါ့၊ နာလန္ဒနဲ့ ရာဇဂြိုဟ်နယ်။

အရှင်မဟာကဿပအကြောင်း ပြောမယ်ဆိုရင်–မြတ်စွာဘုရား လက်ထက်တော်က မာဂဓတိုင်း မဟာတိတ္ထဆိုတဲ့ရွာက ကပိလဆိုတဲ့ သူဌေးကြီးနဲ့ သုမနဆိုတဲ့သူဌေးကတော်တို့မှ ဖွားလိုက်တဲ့ ပိပ္ပလိလုလင်ဆိုတာ ရှိတယ်။

အဲဒီ ပိပ္ပလိလုလင်ဟာ ဗြဟ္မာ့ပြည်က နေပြီးတော့ ဆင်းသက်လာတာဖြစ်တဲ့အတွက် ဝိက္ခမ္ဘနပဟာန်နဲ့ ကာမကိလေသာ တဏှာတွေကို ပယ်ထားတယ်၊ သမုစ္ဆေဒပဟာန်နဲ့ အပြတ်ပယ်ထားတာတော့ မဟုတ်ဘူး၊ ဗြဟ္မာ့ပြည်မှာ ကာမဂုဏ် ကိလေသာတွေ ကင်းကွာပြီး ဈာန်ချမ်းသာနဲ့ နေခဲ့တာ ကမ္ဘာပေါင်းများစွာ နေလာတာဖြစ်တော့ လူ့ပြည်ရောက်တော့လဲ အဲဒီ ကာမဂုဏ်တွေကို အလိုမရှိသလို ဖြစ်နေတယ်။

အဲဒီလိုအလိုမရှိသလို ဖြစ်ပြီးတော့ သန့်သန့်ရှင်းရှင်းနဲ့ ငယ်စဉ်ကတည်းက အဗြဟ္မစရိယသိက္ခာပုဒ်တွေကို ကျင့်သုံးပြီးတော့ သီလ စင်ကြယ်စွာနဲ့ နေလာခဲ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

## ချေးမလောင်းရာပုံတော်

အရွယ်ရောက်တော့ မိဘတွေက သူ့သားကို အမွေပေးဖို့ရာအတွက် အမွေဆက်ခံနိုင်ဖို့ရာ အိမ်ထောင်ပြုရန်အတွက် စီစဉ်ကြတယ်။

သားဖြစ်တဲ့ ပုဂ္ဂိုလ်က အိမ်ထောင်ရေး စိတ်မဝင်စားဘူး၊ အိမ်ထောင်ရေး စိတ်မဝင်စားတဲ့အတွက်ကြောင့် မိဘတွေကလဲ "မင်းမှ အိမ်ထောင်ပြုပြီးတော့ ဒီပစ္စည်းတွေကို ဆက်မခံဘူးဆိုရင် ပစ္စည်းတွေ အလကား ဖြစ်သွားတော့မှာ၊ မိဘစကား နားထောင်ပါကွယ်"လို့ ခဏခဏ တောင်းပန်ပါများတော့ မိဘစကား မပယ်ရှားလိုတာနဲ့ မဖြစ်နိုင်တာတစ်ခုကို ပြုပြီးတော့ ကြံစည်မှ ဖြစ်မယ်လို့ ဆိုပြီး ရွှေပန်းထိမ်သည်တွေ ခေါ်၊ လူ့ပြည်မှာ မရှိနိုင်လောက်တဲ့ တော်တော်ချောချောလှလှ ရွှေရုပ်ကလေးတစ်ရုပ် အထုခိုင်းတယ်။

အမျိုးသမီးရွှေစင်ရုပ်တု လုပ်ပြီးတဲ့အခါ "အမေ- ကျွန်တော့်ကို အိမ်ထောင်ချမယ် ပြောတယ်၊ ဒီလိုဆိုရင် ဟောဒီရွှေစင်ရုပ်တုနဲ့တူတဲ့ အမျိုးသမီးရရင် ယူမယ်"ဆိုပြီး ပြောလိုက်တယ်၊ သူဌေးကြီးနဲ့ သူဌေးကတော်ကလဲ အဲဒီရွှေရုပ်ကို အလုပ်သမားတွေကို အထမ်းခိုင်းပြီး အရှာခိုင်းတယ်။

မဒ္ဒရာဇ်တိုင်း၊ သာဂလမြို့မှာ ကောသိယပုဏ္ဏားကြီးနဲ့ သုစိပတိခေါ်တဲ့ ပုဏ္ဏေးမကြီးတို့မှ ဖွားတဲ့ ဘဒ္ဒကာပိလာနီဆိုတဲ့ အမျိုးသမီးကို သွားတွေ့တယ်၊ ရေးကပါရမီရေစက်တွေကြောင့် သွားတွေ့တာပေါ့။

သွားတွေ့ပုံကတော့ ဆန်းကြယ်တယ်၊ ရေဆိပ်မှာ အဲဒီအရုပ်ကြီးကို ချပြီးတော့ ရေချိုးကြတယ်၊ ဘဒ္ဒကာပိလာနီနဲ့ အခြွေရံအစေခံတွေက ကမ်းပေါ်တက်လာပြီး ရုပ်တုအမျိုးသမီးပုံကို တွေ့တော့ "ကျွန်မတို့သခင်မ ရေထဲမှာ ကျန်နေတယ် မှတ်တယ်၊ ဘယ့်နှယ် ကမ်းပေါ်ရောက်နေပါလား"ဆိုပြီး ခြေတွေလက်တွေ ဝင်လှုပ်ကြည့်တော့မှ အရုပ်ကြီး ဖြစ်နေမှန်း သိကြတယ်။

အဲဒီတော့မှ အရုပ်နဲ့တူတဲ့ မိန်းမကို လိုက်ရှာတဲ့ လူတွေက"မင်းတို့ သခင်မက ဒီအရုပ်နဲ့ တူသလား"မေးတော့ တူတဲ့အကြောင်း ပြောကြတယ်၊ သူတို့သခင်မကို အခေါ်ခိုင်းပြီး ရွှေရုပ်နဲ့ ယှဉ်ကြည့်တော့မှ လုံးဝ တူနေတာကို တွေ့ရတယ်၊ အဲဒါနဲ့ အဲဒီအမျိုးသမီးမိဘတွေဆီ လိုက်သွားပြီး ကြောင်းလမ်းကြတယ်။

အစပိုင်းတော့ လူငယ်တွေချင်း အပြန်အလှန် စာနဲ့ ဆက်သွယ်ကြတာပေါ့၊ ကာမဂုဏ်စိတ် မရှိတဲ့အကြောင်းတွေ ရေးပြီးတော့ ပေးကြတယ်၊ လမ်းမှာ စာပေးစာယူ လုပ်တဲ့သူတွေက ချစ်တဲ့ခင်တဲ့ အကြောင်းတွေ စာကို ပြင်ရေးပြီးတော့ ဟိုကစာ ဒီပေး၊ ဒီကစာ ဟိုပေးပါလေရော၊ နောက်ဆုံးတော့ သူတို့ချင်း လက်ထပ်ရရော ဆိုပါတော့။

## ပန်းကုံးမညှိုးဘူးတဲ့

မိဘတွေ စိတ်ချမ်းသာမှုကို ဦးစားပေးပြီး ဇနီးမောင်နှံအနေနဲ့ လက်ထပ်ထားကြသော်လဲပဲ အိပ်ရာတစ်ခုတည်းမှာ အတူအိပ်တဲ့အခါ အလယ်ခေါင်မှာ ပန်းကုံးနှစ်ကုံးထားပြီး အိပ်ကြတယ်၊ "စိတ်ဖောက်ပြန်တဲ့ ပုဂ္ဂိုလ်ဘက်က ပန်းကုံး ညှိုးပါစေ"လို့ အဓိဋ္ဌာန်ထားတယ်၊ အပြဟ္မစရိယ သိက္ခာပုဒ်ကိုဆောက်တည်ပြီးတော့ အိပ်ကြတယ်၊ ယခုခေတ် လူတွေ မယုံရင် ပုံပြင်လို့သာ မှတ်၊ ပါရမီထူးတဲ့ပုဂ္ဂိုလ်တွေဆိုတော့ တစ်ကုတင်တည်းမှာ နှစ်ယောက်အတူ အိပ်တာ ဘယ်သူ့ဘက်က ပန်းကုံးမှ မညှိုးဘူးတဲ့၊ မထူးဆန်းဘူးလား။

"ထူးဆန်းပါတယ် ဘုရား"

ရှေးတုန်းက ဓာတ်ပြားထဲမှာ ဟောတဲ့ ဘုန်းကြီးတစ်ပါးက ပြောတယ်၊ "ခုခေတ်သာဆိုရင် ပန်းကုံးပေါင်း မြောက်များစွာ–လဲ လဲပေးနေရမှာပေါ့" လို့ ဟောတာ ကြားဘူးတယ်၊ ပန်းကုံးတွေ တော်တော်ကုန်မှာပဲ၊ ထားလိုက်ပါတော့လေ...။

## တောထွက်တာကလဲ စုံတွဲ

အဲဒီလို နေကြရင်းက မိဘတွေ သေသွားတဲ့အခါကျတော့ ပစ္စည်းတွေကို ဗျာစည်တီးပြီး အကုန်လုံး အလှူပေးကြတယ်၊ သူတို့နှစ်ယောက် ယောဂီဝတ်ကို ဝတ်ကြပြီး တောထွက်ကြတယ်တဲ့၊ တောထဲရောက်လို့ တော်တော်လေး သွားမိတော့ စဉ်းစားတယ်၊ "တောထွက်တာကလဲ စုံတွဲထွက်တယ်၊ သူများတွေ မြင်မကောင်း၊ ကြားမကောင်းပါဘူးလို့ ထင်မြင်လို့ ဒို့နှစ်ယောက် လမ်းခွဲကြမှ ဖြစ်မယ်"လို့ ပိပ္ပလိက ပြောလိုက်တယ်။

## သဘောတူ လမ်းခွဲကြပြီ

အတူတူ နေလာခဲ့ကြတာ တရားကျင့်တာတောင်မှ အတူတူကျင့်မလို့ ဆိုပြီး လာတာပေါ့၊ မတင့်တယ်ဘူး၊ ခွဲရမယ်ဆိုတော့ မိန်းမသားတို့သဘာဝ ပုထုဇဥ်ပဲ ဖြစ်နေတုန်းမို့လား၊ အားငယ်မိမှာပါပဲ၊ တွေးကြည့်ရတာလေ၊ မယ် ဘဒ္ဒါကလဲ အတွေးမှန်သူဖြစ်တော့ လမ်းခွဲကြတော့တာပါပဲ။

သူတို့ အဲဒီလိုလမ်းခွဲကြတဲ့နေရာမှာ ယခု အိန္ဒိယမဇ္ဈိမဒေသ နာလန္ဒာ တက္ကသိုလ်နဲ့ ရာဇဂြိုဟ်ပြည်ကြားထဲမှာ ရှိတယ်တဲ့၊ ဘုရားဖူး ရောက်တဲ့သူတွေ စိတ်နဲ့ မှန်းပြီး ကြည့်ပေါ့၊ အထိမ်းအမှတ် ပြုထားတာ ရှိတယ်တဲ့၊ အဲဒီလို သူတို့နှစ်ယောက် ခွဲခွာတဲ့အချိန်မှာ မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန် ကျောင်းမှာ ဩဝါဒပါတိမောက်ပြပြီးတဲ့အချိန် ဖြစ်တယ်။

## ပိပ္ပလိလုလင် ဗုဒ္ဓကြိုဆိုနေ

မြတ်စွာဘုရားက မြေတုန်လှုပ်တာကို ဆင်ခြင်ကြည့်တဲ့ အခါကျတော့ "သာသနာမှာ ထူးခြားတဲ့ ငါ့တပည့်တစ်ပါး တောထွက်လာပါကလား"ဆိုတာ သိတာနဲ့ ပိပ္ပလိကို ကြိုဆိုတဲ့အနေနဲ့ လမ်းခုလတ် ညောင်ပင်အောက်မှာ ဘုရားက သိတင်းသုံးပြီးတော့ နေပါတယ်၊ ကဲ–ဆိုကြည့်ကြရအောင်–

ညောင်ပင်အောက်ကို၊ ဗုဒ္ဓမြန်းလို့၊ ပိပ္ပလိရဟန်းကို ကြိုဆိုတယ်။

ပိပ္ပလိဟာ မြတ်ဗုဒ္ဓရဲ့၊ ဩဝါဒနဲ့ ရဟန်းဖြစ်တယ်။

အဲဒီလိုညောင်ပင်အောက်မှာ မြတ်စွာဘုရား ရောင်ခြည်တော် ခြောက် သွယ်နဲ့ သပ္ပာယ်စွာ ထိုင်နေတာမြင်တော့– ပိပ္ပလိလုလင်ဟာ ညောင်ပင်နား သွားပြီးတော့ အနီးကပ်ကြည့်တယ်၊ "အရေအဆင်းကလဲ တင့်တယ် သန့်ရှင်း ကယ်၊ ဣန္ဒြေတွေကလဲ ရင့်ကျက်တယ်၊ တရားထူး တရားမြတ် ရှိနိုင်တဲ့ ပုဂ္ဂိုလ်ပဲ"လို့ ဆိုပြီးတော့ အရိုအသေပြုတယ်၊ ရှိခိုးတယ်၊ လေးစားတယ်။

အဲဒီလို အရိုအသေပြု ရှိခိုးပြီးတော့ "သတ္ထာမေ ဘန္တေ ဘဂဝါ သာဝကောဟ မသ္မိ"၊ ဘန္တေ–မြတ်စွာဘုရား၊ ဘဂဝါ မြတ်စွာဘုရားသည်၊ မေ–ဘုရားတပည့်တော်၏၊ သတ္ထာ–ဆရာတည်း၊ အဟံ–တပည့်တော်သည်၊ သာဝကော– မြတ်စွာဘုရား၏ တပည့်သာဝကသည်၊ အသ္မိ– ဖြစ်ပါ၏ဘုရား။

"အရှင်ဘုရားက ဆရာ၊ တပည့်တော်က တပည့်ဖြစ်ပါတယ်ဘုရား" လို့ ရိုသေစွာနဲ့ ဘုရားကို လျှောက်တဲ့အခါ မြတ်စွာဘုရားက "ငါမို့လို့ သင့်အရိုအသေပြုတာကို ခံနိုင်တာ၊ ငါမှတစ်ပါး အခြားပုဂ္ဂိုလ်တွေ သင့်အရိုအသေပြုတာ ခံရမယ်ဆိုရင် အဲဒီပုဂ္ဂိုလ်တွေ ဦးခေါင်းရှစ်စိတ်ကွဲသွားနိုင်တယ်၊ သင့်သီလ သမာဓိ ပညာတွေဟာ အဲဒီလောက် ထက်မြက်တယ်"လို့ ဘုရားက မိန့်ကြားတော်မူလိုက်တယ်၊ ဘယ်သူ့ကိုတုန်း? "အရှင်ပိပ္ပလိကိုပါ ဘုရား"

"အေး ဟုတ်တယ်"

## ဩဝါဒဖြင့် ရဟန်းပြုပေးပုံ

၁။ သိတင်းကြီးငယ်၊ အလတ်ဝယ်၊ ထင်လွယ်ဟိရိဩတ္တပ္ပ။

၂။ ကုသိုလ်တရား၊ သင်နာကြား၊ လေးစားရိုသေကျင့်ရမယ်။

၃။ ကာယဂတာ၊ သတိဟာ၊ သင့်မှာ အမြဲကျင့်ရမယ်။

၄။ အို–ကဿပ၊ ဤသုံးဝ၊ မုချ သင်ဟာ ကျင့်ရမယ်–ဆိုတဲ့ ဩဝါဒသုံးမျိုး ပေးလိုက်တာနဲ့ ပိပ္ပလိလုလင်ဟာ ရဟန်းအဖြစ်၊ ရဟန်းအသွင် ရောက်သွားတယ်။

ဩဝါဒဖြင့် ရဟန်းပြုပေးတဲ့ မြတ်စွာဘုရားရှင်က အရှင်ပိပ္ပလိအား ပိပ္ပလိလို့ ခေါ်တော်မမူဘဲ သူ၏ မျိုးနွယ်အမည်ဖြစ်သော ကဿပ–ဟူသော အမည်ဖြင့် ခေါ်တော်မူလိုက်တယ်၊ ထိုအခါမှစ၍ အရှင်မဟာကဿပ ဟူသော အမည်သည် သာသနာတော်တစ်လျှောက် တွင်ကျယ်လာခဲ့ပါတယ်၊ ဒီလို ဩဝါဒနဲ့ ရဟန်းဖြစ်တာ အရှင်မဟာကဿပတစ်ပါးပဲ ရှိတယ်၊ ဥတ္တိစတုတ္ထကံဖြင့် ရဟန်းဖြစ်တာတွေက အများကြီးပဲ။

အဲဒီလိုဩဝါဒနဲ့ ရဟန်းပြုပြီးတဲ့အခါကျတော့ လမ်းခုလတ်မှာမြတ်စွာဘုရားနဲ့ အရှင်မဟာကဿပတို့ သွားလာကြတဲ့အခါ မြတ်စွာဘုရားက ထိုင်ဖို့ ဟန်ပြင်တဲ့အခါကျတော့ အရှင်မဟာကဿပက သူ့ကိုယ်ပေါ်မှာ ပါလာတဲ့ အဖိုးများစွာ ထိုက်တန်တဲ့ အဝတ်သင်္ကန်းကို ဖြန့်ခင်းပြီးတော့ ပေးလိုက်တယ်။

အဲဒီအခင်းပေါ်မှာ မြတ်စွာဘုရား ထိုင်နေပြီးတော့ အရှင်မဟာကဿပကို မိန့်တော်မူတယ်၊ ဒီသင်္ကန်း တယ်ပြီးတော့ နူးညံ့ပါလား၊ အဲဒီလို

မိန့်တော့ "ဒီသက်န်းကို မြတ်စွာဘုရားကို လှူပါတယ် ဘုရား" လို့ အရှင်မဟာ ကဿပက ပြန်ပြီးတော့ လျှောက်ထားတယ်၊ ဒီလိုလျှောက်ထားတာ ပြောတာဟာ သူ့ပင်ကို ကျင့်ရိုးကျင့်စဉ် တစ်ရပ်ပါလို့ အဋ္ဌကထာက ပြခဲ့ပါတယ်၊ အတိုချုပ် ပြောရရင် အရှင်မဟာကဿပက သူ့ရဲ့သက်န်းကို မြတ်စွာဘုရားအား ရှိသေစွာ ကပ်လှူလိုက်ပါတယ်။

မြတ်စွာဘုရားက အဲဒီသက်န်းကို ဝတ်ရုံလိုက်ပါတယ်၊ အရှင်မဟာ ကဿပကို မြတ်စွာဘုရားက သူ့သက်န်း အဟောင်းအနွမ်းအကြမ်းတားကို စွန့်လိုက်ပါတယ်၊ ဘုရားက ပေးစွန့်တဲ့သက်န်းကြမ်း ဖျင်သက်န်းကို အရှင်မဟာ ကဿပက ဝတ်ရုံတော်မူပါတယ်။

မြတ်စွာဘုရားက အရှင်မဟာကဿပအား စွန့်လိုက်တဲ့ သက်န်းချင်း လဲလှယ်ဝတ်တဲ့ နွမ်းလဲနွမ်း၊ ကြမ်းလဲကြမ်းတဲ့ သက်န်းအကြောင်း နည်းနည်း ပြောရသေးတာပေါ့၊ ပုဏ္ဏာဆိုတဲ့ ကျွန်မရဲ့အလောင်းကောင်ကို ရင်ပတ် ပုံးလွှမ်းထားတဲ့ အကြမ်းစားအဝတ်၊ လောက်ကောင်တွေ တစ်ပြည်သားလောက်ကို ခါပစ်ပြီး လျှော်ဖွပ် ဖန်ရည်ဆိုး၍ ချုပ်ထားတဲ့ သက်န်း၊ ပံ့သကူသက်န်း ခေါ်တာပေါ့၊ မြတ်စွာဘုရားရဲ့ အဲဒီပံ့သကူသက်န်းကို အရှင်မဟာကဿပ တစ်ပါးတည်းသာ ဝတ်ရုံထိုက်တယ်၊ တ ခြားပုဂ္ဂိုလ် မဝတ်ရုံထိုက်ဘူးတဲ့၊ မထူးခြားဘူးလား။

"ထူးခြားပါတယ် ဘုရား"

အဲဒီလိုက နေပြီးတော့ မြတ်စွာဘုရားရဲ့ သာသနာမှာ တရားဓမ္မတွေ ကျင့်ကြံအားထုတ်တဲ့အတွက် အရှင်မဟာ ကဿပဟာ ကိလေသာ ကုန်ခန်း ရဟန္တာဖြစ်တယ်၊ ရဟန္တာဖြစ်ပြီးတော့ ဓုတင်တရားတွေကို ကိုယ်တိုင် ကျင့်ပြီးတော့ သူတစ်ပါးတွေကိုလဲ ဟောကြားတဲ့အတွက် အရှင်မဟာကဿပကို ဓုတင်ဧတဒဂ်ဆု ပေးတော်မူပါတယ်။

"ဧတဒဂ္ဂံ ဘိက္ခဝေ မမသာဝကာနံ ဘိက္ခူနံ ဓုတဝါဒါနံ ယဒိဒံမဟာကဿပေါ" ရဟန်းတို့ ကိလေသာကို ခါတွက်ကြောင်း ဓုတင် ပဋိပတ်ကို ကိုယ်တိုင်လဲပဲ ကျင့်သုံး၍ သူတစ်ပါးကိုလဲပဲ ဟောကြားပြသ တတ်သော ငါဘုရား၏တပည့်ရဟန်းတို့တွင် မဟာကဿပဟာ အသာဆုံး၊ အထူးချွန်ဆုံး၊ အမြတ်ဆုံး ဖြစ်ပါပေ၏၊ အဲဒီလို မြတ်စွာဘုရားက ဓုတင်ဧတဒဂ် ပေးတော်မူပါတယ်။

သုပြဟ္မာနတ်သားကို မြတ်စွာဘုရား ဟောကြားတဲ့ ကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်း လေးမျိုးတို့တွင်–

၁။ ဓုတင် ၁၃–ပါး၊ ရှောင်ပယ်ရှား၊ အများ ချမ်းသာ မမြင်ပါ။

၂။ ချမ်းသာလိုချင်၊ မြတ်ဓုတင်၊ တွင်တွင်ကျင့်ပွားပါ။

၃။ ကျင့်ပွားသူမှာ၊ တဏှာကွာ၊ ရောက်ရာနိဗ္ဗာန်ပါ။

ဆိုတဲ့ သုပြဟ္မသုတ္တန် တတိယပိုင်းကို နာကြားရတဲ့ ကုသိုလ်၊ စေတနာတို့ကြောင့် တရားတော်လာတိုင်း လိုက်နာ ကျင့်သုံး၊ ကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းပေ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု– သာဓု– သာဓု ပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရှူ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၄)

### စကားဦး

ဒီကနေ့ရက်စွဲက သာသနာနှစ် ၂၅၃၄-ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ မိုးဥတု ဝါတွင်းကာလ တော်သလင်းလဆန်း ၉-ရက်နေ့ဖြစ်တယ်။

ဌာနက ရန်ကုန်မြို့၊ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ ဖြစ်ပါတယ်။

တရားနာ ပရိသတ်များကတော့ ရဟန်းရှင်လူ မဟာစည် ယောဂီ သူတော်စင်များ ဖြစ်ကြပါတယ်။

ဟောကြားမည့် တရားတော်ကတော့ သံယုတ္တနိကာယ် သုဗြဟ္မသုတ္တန် စတုတ္ထပိုင်း ဖြစ်ပါတယ်၊ ယခု နမောတဿ ဘုရားရှိခိုးဖြင့် တရားပွဲ ဖွင့်ပါမယ်။

### ပဏာမ

### နမောတဿ မြန်မာပြန်ဘုရားရှိခိုး

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

အဲဒါက ပါဠိလို နမောတဿ- ဘုရားရှိခိုးပါ၊ ယခု မြန်မာပြန် ရှစ်လုံးဖွဲ့ဖြင့် ရွတ်ဆို ရှိခိုးကြပါဦးစို့။

## နမောတဿ မြန်မာရှစ်လုံးဘွဲ့ ဘုရားရှိခိုး
## ဗျာဒိတ်ခံခဲ့ပုံ

၁။ ဒိပင်္ကရ- ဗုဒ္ဓမူလာ၊
ကိုယ်ကိုဝပ်တွား-တံတားပမာ၊
ဗျာဒိတ်တော်ပန်း- ဆင်မြန်းသေချာ၊
တရားမွေ- ရသေ့သုမေဓာ။

## ပါရမီ ဖြည့်ခဲ့ပုံ

၂။ လေးသင်္ချေကိန်း- တစ်သိန်းကမ္ဘာ၊
ပါရမီဒသ- စရိယသုံးဖြာ၊
စွန့်ခြင်းကြီးငါး- ဖြည့်ကြွားလောင်းလျာ၊
ပွင့်ချိန်ကျ- ဘဒ္ဒ ဤကမ္ဘာ။

## ပဋိသန္ဓေ တည်ခဲ့ပုံ

၃။ သုဒ္ဓေါဒန- ကပိလပြည့်ရှင်၊
မယ်မာယာဝမ်း- ကြွလှမ်းသက်ဝင်၊
ခြောက်ဆယ့်ခွန်တည့်- ပြည့်ဝါဆိုတွင်၊
ကြွက်မင်းနေ့- ပျော်မွေ့သန္ဓေရှင်။

## ဖွားတော်မူပုံ

၄။ လုမ္ဗိနီမည်သင်း- အင်ကြင်းမြိုင်သာ၊
ခြောက်ဆယ့်ရှစ်ခု- ရတုသာယာ၊
ပြည့်ကဆုန်လ- ဒိသ သောကြာ၊
လောင်းတော်မှူး- မိးရှူးဖွားမြင်လာ။

## ထီးနန်းစိုးစံခဲ့ပုံ

၅။ သက်တော်ဆယ့်ခြောက်- ပြည့်မြောက်ချိန်တွင်၊
ယသော်စုံဖက်- နန်းတက်ပျော်ရွှင်၊
နန်းစည်းစိမ်များ- သိကြားတူလျှင်၊
ဆယ့်သုံးနှစ်- မင်းဖြစ်စကြာသွင်။

## တောထွက်တော်မူခဲ့ပုံ

၆။ ကိုးဆယ့်ခုနစ်ခု- ရတုသာယာ၊
ဝါဆိုပုဏ္ဏမ- ဖုဿဒိသာ၊
နိမိတ်လေးပါး- မြင်ကြားပြီးခါ၊
တောထွက်မြန်း- ရဟန်းပြုလေတာ။

## ဒုက္ကရစရိယာ ကျင့်ခဲ့ပုံ

၇။ ဥရုဝေလ- တောဝမြိုင်သာ၊
ခြောက်နှစ်ပတ်လုံး- ကျင့်သုံးထူးစွာ၊
သွေးသားခန်းခြောက်- အံ့လောက်ဖွယ်ရာ၊
ပြုနိုင်ခဲ- လွန်ကဲစရိယာ။

## ဘုရားဖြစ်တော်မူပုံ

၈။ တစ်ရာ့သုံးခု- ရတုသာယာ၊
ပြည့်ကဆုန်လ- ဒိသ ဆင်မှာ၊
ဗောဓိပင်ရင်း- ထင်လင်းသေချာ၊
ကုန်သိကြား- ဘုရားဖြစ်သည်သာ။

## ဘုရားရှိခိုးပုံ

၉။ ပူဇော်ထိုက်စွာ့- မည်ရအရဟံ၊
သမ္မာသမ္ဗုဒ္ဓ- သိရသစ္စံ၊
နမောတဿ- ဦးချအမှန်၊
မာန်ညွတ်ကျိုး- ရှိခိုးမြတ်ပူခံ။

ယခုလို ဗုဒ္ဓဝင်အကျဉ်းချုပ်ပါတဲ့ နမောတဿ မြန်မာရှစ်လုံးဘွဲ့ ဘုရားရှိခိုးဖြင့် ပူဇော်ကာ တရားပွဲကို ဖွင့်လှစ်လိုက်ပါပြီ။

ယခုလို ဗုဒ္ဓပဏာမဖြင့် တရားပွဲဖွင့်ပြီးတဲ့အခါ ဘုန်းကြီးရဲ့ ဆန္ဒမွန် ကဗျာကို ဟင်္သာတမြို့ မဟာစည်သာသနာ့ရိပ်သာ အဘိဓမ္မ ပါဠိပါရဂူ ဆရာတော် ဦးကုဏ္ဍလက ပါဠိဂါထာအနက်များကို ရေးသား ချီးမြှောက်တော်မူ

ပါတယ်၊ အဲဒီဂါထာပါဋ္ဌိနိဿယကို ဘုန်းကြီးက ရွတ်ဆိုပြီးတဲ့အခါ သံပေါက်ကဗျာများကိုတော့ ဘုန်းကြီးနှင့်အတူ ပရိသတ်များပါ လိုက်ဆိုကြရပါ့မယ်။

## မဟာစည်ဆန္ဒမွန်ဂါထာ

သာသနံ ဓမ္မ ရာဇဿ၊ စိရံ လောကမှိ ဒိဗ္ဗတု။
မဟာစည် ဥဋ္ဌုရာဇာစ၊ ဇောတေန္တု တဿ တာရကာ။
သုသံဖုဋ္ဌာ ကောမုဒိယာ၊ ပသီဒန္တု မဟာဇနာ၊
သာသနံ ဘဂဝန္တဿ၊ ခေမံ ပပ္ပေါန္တု ပါဏိနော။

၁။ ဓမ္မရာဇဿ– တရားမင်းစင်စစ် ဓမ္မရာဇ်ဟု ထွန်းသစ်ပွင့်ပြေး မြတ်စွာဘုရား၏၊ ဝါ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် ပိဋကတ်ကို အမြတ်ဓမ္မခန် တရားမှန်ဖြင့် ဇကန်ဆတ်ဆတ် ပရိသတ်တို့ ဆည်းကပ်မှီခို ကြည်ညိုစေတော်မူတတ်သော မြတ်စွာဘုရား၏၊ သာသနံ– သီလအစ၊ သမာဓိ အလယ်– ပညာဝယ်အဆုံး၊ သိက္ခာသုံးရပ် သာသနာတော်မြတ်သည်၊ လောကမှိ– အကျိုးအကြောင်း အဆိုးအကောင်းကို မစောင်းသိတတ် လူဇာတ်တို့မှီ လူ့ပြည် ဌာန လူ့လောက၌၊ စိရံ– အခါအခွင့် သဘာတင့်လျက် ကြာမြင့်ရှည်စွာ ကာလပတ်လုံး၊ ဒိဗ္ဗတု–အမှားကိုဖြုတ် အရှုပ်ကိုရှင်း အမှောင်ခွင်း၍ အရောင် လင်းလျက် ပြောင်ဝင်းပါစေ၊ မဟာစည် ဥဋ္ဌုရာဇာစ– ဗမာပြည်အတွင်းမှ ကမ္ဘာဆီချဉ်းအောင် ဓမ္မာကြည်အလင်းရောင်ကို ပြောင်ပြောင်ဝင်းအောင် ဆောင် တော်မူတတ်ပါပေသော ငါတို့၏ကျေးဇူးရှင် ကမ္ဘာ့ထိပ်ခေါင်တင် ဘုရားရှင်၏ အပ္ပမာဒ မဟာသတိပဋ္ဌာန်ကို ပြန်လည် ထုတ်ဖော်ပြညွှန်းတော်မူပါပေသော မဟာစည် လမင်းဆရာတော်ဘုရားကြီးသည် လည်းကောင်း၊ တဿတာရ ကာစ–မဟာစည် မဟာစည်ဟု ကမ္ဘာအလီလီကျော်ကာသင်းပါတဲ့ ထိုဆရာ တော်လမင်း၏ ခပင်းသိဿာ–နာယက ကမ္မဋ္ဌာနာစရိယ ဓမ္မကထိက ယောဂီ ရဟန်းရှင်လူ အဖြာဖြာ ကြယ်များစွာ တို့သည် လည်းကောင်း၊ ဇောတေန္တု– ကမ္ဘာအတွင်းမှာ သတိပဋ္ဌာန် တရား ဓမ္မရောင်ခြည် ဂုဏ်ရောင်ဝင်းအောင် ထွန်း လင်းနိုင်ကြပါစေကုန်သတည်း။

၂။ ကောမုဒိယာ– မဟာစည် လမင်းနှင့် ကြယ်ခပင်း၏ သတိပဋ္ဌာန် အလင်းရောင်နှင့်၊ သုသံဖုဋ္ဌာ–ကောင်းစွာမွေ့မွေ့တွေ့ထိအပ်ကုန်သော၊ သုသံ

ဖုဒ္ဓာ ကောမုဒိယာ- မဟာစည်လမင်းနှင့် ကြယ်ခပင်း၏ အလင်းရောင်ကို လက်ခံနစ်လို ကြည်ညို လေးမြတ်ကြကုန်သော၊ မဟာဇနာ- များစွာသောင်းသောင်း လူအပေါင်းတို့သည်၊(ဝါ)အကြောင်းအကျိုး ကောင်းဆိုးသိမြင် ဂုဏ်ပေါင်းယှဉ်သည့် ရှင်လူအပေါင်းတို့သည်၊ ဘဂဝန္တ သသ- ဘုန်းဂုဏ်ရန့် သုံးဘုံနံ့အောင် ပျံ့လှိုင်ကျော်ကြား ရှင်တော်မြတ်ဘုရား၏၊ သာသနေ- ပရိယတ္တိအစ ပဋိပတ္တိအလယ် ပဋိဝေဓပယ်အဆုံး [illegible] သုံးပါးနှင့် ပြည့်စုံသော သာသနာတော်မြတ်ကြီး၌၊(ဝါ)ဆုံးမတော်မူ [illegible] နာကို၊ ပသီဒန္တု- သဒ္ဓါအဇာပြတ် သောမနဿဖြင့် လေးမြတ်ရှိသေ [illegible] ကြပါစေကုန်သတည်း၊ ပါဏိနော-ကမ္ဘာသူကမ္ဘာသား များပြားလှစွာ [illegible] တို့သည်၊ခေမံ- လောဘ၊ ဒေါသ၊မောဟ ထိန်ညီး ကမ္ဘာမီးတွေကို [illegible] သိမ်းပေး ကမ္ဘာငြိမ်းချမ်းရေးလဲမှန် ပငိုသန္တေ အိုနာသေဘေး ကင်းဝေးကုန်ရာ သံသရာ ငြိမ်းချမ်းရေးလဲမှန်သော မြတ်နိဗ္ဗာန်သို့၊ ပပ္ပေါန္တု- ကပ်ကြီးသုံးပါး မှန်ကျော်လွှား၍ တရားဆင့်ဆင့် ကိုယ်တိုင်ကျင့်၍ မြင့်ထက်မြင့်ရာ လေးဖြာ ဖိုလ်မဂ် ခါခါတက်၍ ဆက်ဆက်မသွေ ဆိုက်ရောက်ကြပါစေကုန်သတည်း၊ ခေမံပပ္ပေါန္တု- ကမ္ဘာငြိမ်းချမ်း နိဗ္ဗာန်နန်း စံမြန်းနိုင်ကြပါစေကုန်သတည်း။

"သာဓု-သာဓု-သာဓု"

## ဆန္ဒမွန်သံပေါက်

၁။ ဗုဒ္ဓမြတ်စွာ၊ သာသနာ၊ ရှည်ကြာတည်၍ လင်းစေသော်။

၂။ မဟာစည်လမင်း၊ ကြယ်ခပင်း၊ အလင်းကမ္ဘာ ပြန့်စေသော်။

၃။ အလင်းရောင်ကို၊ လက်ခံကြို၊ ကြည်ညိုလေးမြတ်ကြစေသော်။

၄။ ကမ္ဘာငြိမ်းချမ်း၊ နိဗ္ဗာန်နန်း၊ စံမြန်းနိုင်ကြပါစေသော်။

## ရသမျှဟာ ဒုက္ခတွေပါပဲ

သုပြဟ္မာနတ်သားဟာ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်းမှာ နတ်သမီးတစ်ထောင်နဲ့ နတ်စည်းစိမ် ခံစားနေပါတယ်၊ နတ်ပြည်က နတ်စည်းစိမ် ချမ်းသာဆိုတာ ပုထုဇဉ်အမြင်နဲ့သာ တွေးကြည့်ရင်တော့ တကယ်ချမ်းသာတာပဲ၊ အရိယာသူတော်စင်တွေ အမြင်နဲ့ ကြည့်ရင်တော့ ကာမဂုဏ်ဆိုတာ ဘယ်ကာမဂုဏ်မှ ချမ်းသာတာ မဟုတ်ဘူးတဲ့၊ အပူတွေပဲတဲ့နော်။

အေး– ပုထုဇဉ်အမြင် ပုထုဇဉ်အတွေးနဲ့ ကြည့်ရင်တော့ သိပ်ဇိမ်ကျတာပဲ၊ အလုပ်လုပ်စရာ မလုပ်တော့ဘူး၊ လူ့ပြည်က ကုသိုလ်အကျိုးဆက်နဲ့ အားလုံး ကိုယ့်ဆန္ဒအတိုင်း ပြည့်စုံနေတယ်၊ အဝတ်အစားများ တစ်ခါလောက် ဝတ်ထားလိုက်ရင် ဘယ်တော့မှ ဟောင်းနွမ်းတယ်ဆိုတာ မရှိဘူး၊ အမြဲတမ်း သစ်ဆန်းပြီး လှနေပါတယ်၊ ထပ်ဝယ်ဖို့ မလိုဘူး၊ လဲလှယ်စရာ မလို၊ လျှော်ဖွပ်စရာ မလိုတော့ဘူး၊ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

လူ့ပြည်မှာတော့ တစ်ခါနှစ်ခါလောက် ဝတ်လိုက်ရင် ဒီအဝတ်အစား ရိုးသွားတယ်၊ နောက်ထပ်အသစ်အဆန်းတွေ ပေါ်တော့ ထပ်ဝယ်ရ၊ ပိုက်ဆံ မကုန်ပေဘူးလား၊ ဒုက္ခတွေကော မများပေဘူးလား။

"များပါတယ် ဘုရား"

ဘာတွေကို ဆက်ပြီးတော့ ရှာနေကြပါလိမ့်။

"ဒုက္ခတွေကို ရှာနေကြတာပါ ဘုရား"

သုဗြဟ္မာနတ်သားနဲ့ နတ်သမီး ငါးရာဟာ တာဝတိံသာ နတ်ပြည် ပင်လယ်ကသစ်ပင်ရင်းမှာ နတ်သမီးတစ်ထောင်နဲ့ ရူပါရုံ၊ သဒ္ဒါရုံ၊ ဂန္ဓာရုံ၊ ရသာရုံ၊ ဖောဋ္ဌဗ္ဗာရုံဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေကို ခံစားပြီးတော့ နေတယ်။

ပုထုဇဉ်လောကလူ့လောက၊ နတ်လောက၊ အပါယ်လောက၊ ကာမ တစ်ဆယ့် တစ်ဘုံလောက အဲဒီလောကမှာ ကာမဂုဏ် အာရုံ ချမ်းသာတွေနဲ့ မပျော်ကြဘူးလား။

"ပျော်ကြပါတယ် ဘုရား"

အဲဒီ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါး တွေကို အကောင်းလို့ ထင်နေကြသော်လဲပဲ အရိယာသူတော်စင်တွေရဲ့အမြင်နဲ့ ကြည့်လိုက်ရင်တော့ ဤကာမဂုဏ်ငါးရပ် အမှားဓာတ်ကြီးတွေဟာ တစ်လောကလုံး အသုံးလက်စွဲ အဆိပ်တုံး၊ အဆိပ်ခဲကြီး ဖြစ်နေပါတယ်။

ပုထုဇဉ်လူတွေကသာ ချမ်းသာထင်ပြီးတော့ အကောင်း ထင်နေကြ သော်လဲ တကယ်ကျတော့ အဆိပ်တုံးတွေနဲ့ တူတယ်တဲ့၊ ဘာနဲ့ တူပါလိမ့်။

"အဆိပ်တုံးကြီးတွေနဲ့ တူပါတယ် ဘုရား"

ခွေးတွေများ အဆိပ်တုံး ပစ်လိုက်ရင် အစတော့ အရသာကောင်းမှတ်ပြီး စားရင်းစားရင်းနဲ့ တစ်ခါတည်း ဗိုက်ထဲလဲ ရောက်ရော ပူလောင်တယ်၊ နာကျင်တယ်၊ အူတွေ ပြတ်၊ အသည်းတွေ ကြွေ၊ သနားစရာဖြစ်ပြီး ဆန့်ငင်ဆန့်ငင်နဲ့ သေသွားကြတာပဲ။

ခွေးကြီး အဆိပ်တုံး မိတာနဲ့ လူတွေ အာရုံငါးပါး ကာမဂုဏ်တရားယစ်မူးပြီးတော့ လူတွေမှာလဲပဲ ခွေးက ကိန်ကိန်မြည်သလိုပါပဲ ဆိုကြ၊ ဆဲကြ၊ ရယ်ကြ၊ မောကြ၊ ငေါ်ကြ၊ ထေ့ကြ၊ အော်ကြ၊ ဟစ်ကြတဲ့လူတွေက ထွက်တဲ့ အသံတွေကလဲပဲ အဆိပ်မိတဲ့ အသံတွေ ဖြစ်တယ်၊ ဘာမိတဲ့ အသံတွေတုန်း။

"အဆိပ်မိတဲ့ အသံတွေပါ ဘုရား"

အေး- အဆိပ်မိတဲ့ အသံအမျိုးမျိုး ကြားနေရ၊ ပြောနေရတာပါပဲ၊ ဓာတ်ပြားခေတ်က ဓာတ်ပြားသံတွေ၊ ကက်ဆက် ရေဒီယိုခေတ်ရောက်တော့ ကက်ဆက်ရေဒီယိုတွေ၊ အဲဒီအသံတွေနဲ့ ဆက်စပ်ပြီးတော့ လူတွေမှာ ဖြစ်ပေါ်လာတဲ့ ပြောဆိုမှုတွေ၊ လိုက်ပြီးတော့ ငိုမှုတွေ၊ ရယ်မှုတွေ အဲဒါတွေ ဘာမိတဲ့ အသံလဲ။

"အဆိပ်မိတဲ့ အသံပါ ဘုရား"

ကာမဂုဏ်အဆိပ်မိပြီးတော့ နေတဲ့အသံ၊ အဲဒီလို အဆိပ်မိ အော်ရင်း၊ ဟစ်ရင်း ဆဲရင်း ဆိုရင်း၊ ငိုရင်း ရယ်ရင်း၊ ပျော်ရင်း ပါးရင်းနဲ့ ဘာဖြစ်ပါလိမ့်။

"သေရပါတယ် ဘုရား"

ဒုက္ခဟူသမျှ သူကလက်ခံ ဆင်းရဲရန်အကြောင်း မကောင်းသောတရား မည်ပါပေ၏၊ အဲဒီကာမဂုဏ်ငါးရပ်ဟာ သူ့ကို လက်ခံမိတဲ့ ပုဂ္ဂိုလ်တွေကို ပူပန်စေတယ်၊ ဘာဖြစ်သတဲ့လဲ။

"ပူပန်စေပါတယ် ဘုရား"

အပူဟူသမျှကို သူက လက်ခံတယ်တဲ့၊ အပူကို လက်ခံထားမိလို့ ဆုပ်ကိုင်ထားမိပြီဆိုရင်ဖြင့် ချမ်းသာမလား၊ ဆင်းရဲမလား။

"ဆင်းရဲပါတယ် ဘုရား"

မျက်စိနဲ့ပတ်သက်လို့ ပူလောင်မှု ရှာကြတယ်၊ ကြည့်ရတယ်၊ ခံစားရတယ်၊ နားနဲ့ ပတ်သက်ပြီးတော့လဲ ပူလောင်မှု ရှာကြတယ်၊ နှာခေါင်းနဲ့

ပတ်သက်ပြီးတော့ အနံ့၊ လျှာနဲ့ပတ်သက်ပြီးတော့ အရသာ၊ ကိုယ်နဲ့ပတ်သက်ပြီးတော့ တွေ့ထိစရာတွေကို ရှာဖွေ သုံးသပ် ခံစားပြီးတော့ နေကြတာဟာ ပူလောင်ပြီး ဆင်းရဲနေကြတာပဲ၊ မှန်ရဲ့လား။

"မှန်ပါတယ် ဘုရား"

လူတွေကသာ ချမ်းသာ ခံစားတယ်လို့ ပြောတယ်၊ တကယ်ရရှိတာက ဘာတဲ့လဲ?

"ဆင်းရဲတွေပါ ဘုရား"

အဲဒီလိုကျွမ်းဂန်က လာတာ– တကယ်မှန်တာပေါ့၊ မမှန်ပေဘူးလား။

"မှန်ပါတယ် ဘုရား"

## ပုထုဇဉ်ဘဝဟာ သစ်ရွက်နဲ့ တူနေ

သုဗြဟ္မာ နတ်သားနဲ့ နတ်သမီးတစ်ထောင်တို့ဟာလဲ ပန်းခူးရင်း၊ ပန်းပန်ရင်း၊ သီချင်းဆို နားထောင် ကပြရင်း၊ ပန်းရနံ့တွေ ရှူရှိုက်၊ နတ်ဩဇာတွေ သုံးဆောင်ပြီး နတ်အတွေ့အထိတွေ ဆိုတဲ့ အာရုံငါးပါးတွေကို ခံစားရင်း မကြာပါဘူး၊ ပန်းပင်ပေါ်က နတ်သမီးငါးရာ သေပြီးတော့ ငရဲ ရောက်သွားကြတယ်။

ပုထုဇဉ်လောက၊ ပုထုဇဉ်ဘဝလို့ ဆိုတာ မရေရာ မသေချာတဲ့ ဘဝပဲ၊ နွေဦးမှာ လေရူးတွေ တိုက်နေတဲ့ အချိန်အခါမှာ သစ်ပင်ပေါ်က သစ်ရွက်လိုပဲတဲ့၊ နွေဦး လေရူးတိုက်တယ်ဆိုတော့ လေအကောင်းမှ မဟုတ်ဘဲ၊ လေရူးဆိုတော့ သစ်ပင်ပေါ်က သစ်ရွက်ဟာ တောင်ဘက် ကြွေကျရမယ်လို့ကော မှချ ပြောနိုင်မလား။

"မပြောနိုင်ပါ ဘုရား"

မြောက်ဘက် ကြွေကျမယ်လို့ကော ပြောလို့ ရပါ့မလား။

"မရပါ ဘုရား"

အရှေ့ဘက်၊ အနောက်ဘက်ရယ်လို့လဲ မပြောနိုင်ဘူး၊ တော်ကြာ လေပွေလှိုင်းနဲ့ တွေ့ပြီး အပေါ်တက်သွားချင်ရင်လဲ တက်သွားမှာပဲ၊ ဘယ်လို ကြွေကျမယ်ဆိုတာ ဘယ်သူမှ အမှန်မပြောနိုင်ဘူး။

ပုထုဇဉ်ဘဝမှ မလွတ်ကြသေးတဲ့သူမှန်သမျှဟာ မသေမချာ မရေရာတဲ့ ဘဝပါပဲ၊ ကုသိုလ်လေတိုက်တဲ့အခိုက် သေရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ

ပြည်ကို ရောက်မယ်၊ အကုသိုလ်လေ တိုက်တဲ့အခါ သေရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးဘုံကို ရောက်မယ်။

အနမတဂ္ဂ အစမထင် သံသရာတစ်ခွင်ကတည်းက မိမိတို့ ပြုခဲ့ဖူးတဲ့ ကုသိုလ်၊ အကုသိုလ်ဆိုတဲ့ လေတွေ၊ အတိတ်က နောက်ခံကံလေတွေ အမြဲတမ်း တိုက်ခတ်ပြီးနေတော့ နေတယ်၊ ယခုဘဝမှာ ကုသိုလ်တွေ ပြုနေလို့ ရှိရင်ဖြင့် ကုသိုလ်လေတိုက်ခတ်တဲ့အတွက် ကုသိုလ်အကျိုးပေးတွေနဲ့ တိုက်ဆိုင်ပြီးတော့ တက်မယ်၊ ကြီးပွားမယ်။

ကိုယ်က ကုသိုလ်လေကို မေ့လျော့ပြီး အကုသိုလ်ကို ပြုလိုက်တဲ့ အချိန်အခါ ဆိုလို့ရှိရင် နောက်အကုသိုလ် လေအပင့်မှာဖြင့် ကြွေပြီးတော့ကို အပါယ်လေးပါး ရောက်သွားနိုင်တယ်၊ အဲဒီလို နတ်သမီးတွေက ကုသိုလ်လေ တိုက်တဲ့ အခိုက်မို့ နတ်ပြည်မှာ တက်ပြီးတော့ နတ်သမီးအဖြစ်နဲ့ နတ်စည်းစိမ်ချမ်းသာတွေ ခံစားပြီးတော့နေရတဲ့အခါမှာ ကုသိုလ်ရေးတွေ မေ့လျော့၊ အာရုံငါးပါး ကာမဂုဏ်တရားတွေနဲ့ မေ့မောပြီးတော့ နေတဲ့အချိန် နတ်သက်ကုန်လို့ ကြွေတဲ့အခါမှာ အကုသိုလ်လေက ဝင်ပြီး တိုက်တဲ့အခိုက်နဲ့ ကြုံတော့ ငရဲကို ကျမသွားပေဘူးလား။

"ကျသွားပါတယ် ဘုရား"

"မယားသေမှ ဘုရားတ"ဆိုတာလို သုဗြဟ္မာနတ်သားဟာ ဘုရားထံမှောက်ကို ရောက်ပြီးတော့ သောကငြိမ်းကြောင်းတရား ဟောဖို့ရန် လျှောက်ထားပါတယ်၊ ဘုရားဟောတဲ့ သောကငြိမ်းကြောင်းနဲ့ ပတ်သက်ပြီးတော့ ဓုတင်တောရသလို့ခေါ်တဲ့ ဓုတင် ၁၃–ပါး သရုပ်တွေလဲ ပြောပြီးပြီ၊ ဓုတင် ဆောက်တည်ပုံကိုလဲ အကျယ်ဟောခဲ့ပါပြီ။

ဣန္ဒြိယသံဝရဆိုတဲ့ တရားကို မှီပြီးတော့ အာဇီဝပါရိသုဒ္ဓိသီလ၊ ပါတိမောက္ခသံဝရသီလ၊ ပစ္စယ သန္နိဿိတ သီလဆိုတဲ့ အဲဒီသီလတွေ စင်ကြယ်နိုင်တဲ့ အကြောင်း၊ သီလရဲ့ အကျိုးတရားတွေကိုလဲ ဟောခဲ့ပါပြီ။

## ဗောဇ္ဈင်တရား

ယနေ့ အလှည့်ကျလာတာကတော့ ဗောဇ္ဈင်တဲ့၊ကဲ, ဆိုကြည့်မယ်။–

၁။ ဗောဇ္ဈင်တရား၊ ရှောင်ပယ်ရှား၊ အများ ချမ်းသာမမြင်ပါ။

၂။ ချမ်းသာလိုချင်၊ မြတ်ဗောဇ္ဈင်၊ တွင်တွင် ကျင့်ပွားပါ။

ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးကလဲ ဒီဗောဇ္ဈင်ကို အကြိမ်ကြိမ် ဟောခဲ့ပါတယ်။

ကျေးဇူးရှင် အရှင်သုဇာတဆရာတော်ဘုရားကြီးကလဲ ဟောလေ့ရှိပါတယ်၊ နာကြားဖူးတဲ့ယောဂီဟောင်းတွေလဲ ပါမှာပဲ၊ ကဲ–ဗောဇ္ဈင် အကြောင်းလေး ဆိုကြဦးစို့။

(ဆို) (သစ္စာလေးပါးသိသူ၏အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟု ခေါ်သည်။)သစ္စာလေးပါးသိသူ၏အကြောင်းအင်္ဂါတဲ့၊ သစ္စာလေးပါး သိသူဖြစ်ချင်တယ် ဆိုရင်ဖြင့် ဗောဇ္ဈင် ၇–ပါး တရားတွေကို ပြည့်စုံအောင် ပွားများအားထုတ်ရမယ်။

ဗောဇ္ဈင်တရားတွေကို ပွားများလို့ ဗောဇ္ဈင်တရားတွေ မိမိသန္တာန်မှာ ဖြစ်ပွားပြည့်စုံလာတဲ့ ယောဂီဟာ သစ္စာလေးပါးကို ထိုးထွင်းသိနိုင်ပါတယ်။

သစ္စာလေးပါး သိရင် အရိယာ မဖြစ်နိုင်ဘူးလား?

"ဖြစ်နိုင်ပါတယ် ဘုရား"

အေး–သစ္စာလေးပါး သိပြီးတော့ အရိယာ ဖြစ်ချင်ပါတယ် ဆိုလို့ရှိရင် ဟောဒီဗောဇ္ဈင် ၇–ပါး အင်္ဂါတွေနဲ့ ပြည့်စုံအောင် အားထုတ်ရမယ်။

(ဆို) (သစ္စာလေးပါးသိမှု၏ အစိတ်အပိုင်းကို ဗောဇ္ဈင်ဟု ခေါ်သည်။)

သစ္စာလေးပါးသိမှု၏အစိတ်အပိုင်းဆိုတာက ဥပမာ–ဒီ စံကျောင်းတော်အသစ်ကြီးတစ်ခု တည်ဆောက်တယ်ဆိုရင် စံကျောင်းတော်ကြီး ဖြစ်ဖို့ရာ အုတ်တွေ၊ ဘိလပ်မြေတွေ၊ သဲတွေ၊ သံချောင်းတွေ၊ သစ်သားတွေ၊ ဆေးပစ္စည်းတွေ အစုံပေါ့လေ။

အဲဒီအစိတ်အပိုင်းတွေ အကုန်လုံးပြည့်စုံလာတဲ့အခါကျတော့မှ တတ်မြောက်တဲ့ အင်ဂျင်နီယာ၊ ပိသုကာ၊ လက်သမားတွေ၊ ပန်းရံတွေက ဆောက်တဲ့အခါကျတော့ ကျောင်းတော်ကြီးဆိုတာ မဖြစ်ရဘူးလား။

"ဖြစ်ရပါတယ် ဘုရား"

အဲဒီကျောင်းတော်ကြီး ဆောက်ဖို့ရာ အစိတ်အပိုင်း အင်္ဂါပစ္စည်းတွေ မရှိဘူးဆိုလို့ရှိရင် ကျောင်းကြီး ဆောက်ရပါ့မလား။

"မရပါဘူး ဘုရား"

ကျောင်းဆောက်ချင်ရင် အဲဒီပစ္စည်းတွေ စုံအောင် စုဖို့ အရေးကြီးတယ်၊ အဲဒီလိုပါပဲ သစ္စာလေးပါး သိချင်တယ်ဆိုရင်ဖြင့် သစ္စာလေးပါး သိခြင်းရဲ့ အကြောင်းဖြစ်တဲ့ ဗောဓိပက္ခိယတရားတွေနဲ့ ပြည့်စုံရတယ်၊ ဗောဓိပက္ခိယ အစိတ်အပိုင်း တွေကို စုဆောင်းထားဖို့ အရေးမကြီးပေဘူးလား။

"ကြီးပါတယ် ဘုရား"

အဲဒီအစိတ်အပိုင်းတွေ ရထားလို့ရှိရင်ဖြင့် ဘာတွေ သိနိုင်သလဲ။

"သစ္စာလေးပါး သိနိုင်ပါတယ် ဘုရား"

အဲဒီ သစ္စာလေးပါးသိမှုရဲ့ အစိတ်အပိုင်း အင်္ဂါတွေက ၇-ပါးတောင် ရှိတယ်။

## သတိသမ္ဗောဇ္ဈင်တရား

အဲဒီ ၇-ပါးထဲမှာ ပထမဆုံး အစိတ်အပိုင်း အင်္ဂါဖြစ်တဲ့ ဗောဇ္ဈင်ကတော့ သတိသမ္ဗောဇ္ဈင်တဲ့။

ဓမ္မာနုပဿနာပိုင်းမှာ "ဣဓ ဘိက္ခဝေ ဘိက္ခု သန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ အတ္ထိ မေ အဇ္ဈတ္တံ သတိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာ နာတိ"

ယောဂီဟာ မိမိသန္တာန်မှာ ထင်ရှား ဖြစ်ပေါ်လာတဲ့ သတိသမ္ဗောဇ္ဈင်ကို မိမိသန္တာန်မှာ ထင်ရှားဖြစ်လာတဲ့ သတိသမ္ဗောဇ္ဈင်ပါလား၊ မိမိသန္တာန်မှာသတိ သမ္ဗောဇ္ဈင် ထင်ရှားဖြစ်ပေါ်နေပါကလား-လို့ သိရမယ်၊ သတိပဋ္ဌာန သုတ္တန် ပါဠိတော်မှာ ဒီအတိုင်း ဟောထားတယ်။

"အသန္တံ ဝါ အဇ္ဈတ္တံ သတိသမ္ဗောဇ္ဈင်္ဂံ နတ္ထိမေ အဇ္ဈတ္တံ သတိ သမ္ဗောဇ္ဈင်္ဂေါတိ ပဇာနာတိ" ကိုယ့်သန္တာန်မှာ သတိသမ္ဗောဇ္ဈင် မဖြစ်ပွား ဘူးဆိုရင်၊ ပျောက်သွားတယ်ဆိုရင်၊ မရှိတော့ဘူးဆိုရင် ကိုယ့်သန္တာန်မှာသတိ သမ္ဗောဇ္ဈင် မဖြစ်ပွားပါကလား၊ မရှိတော့ပါကလား ဆိုတာကိုလဲ သိရမယ်တဲ့။

သတိသမ္ဗောဇ္ဈင် ဖြစ်တာကို ဖြစ်တာလို့ သိရမယ်၊ သမ္ဗောဇ္ဈင် မဖြစ်တော့ဘူး ဆိုရင် ပျောက်သွားတယ် ဆိုရင်၊ မရှိတော့ဘူး၊ ပျောက်သွားတယ်လို့ သိရမယ်တဲ့။

ကိုယ့်မှာရှိသည့်- သတိဗောဇ္ဈင်၊
ရှိနေသည်ဟု မှတ်ပြုသိထင်။
ကိုယ့်မဖြစ်သည့်- သတိဗောဇ္ဈင်၊
မရှိဟု မှတ်ပြုသိစေချင်။

အဲဒီလို ဦးစွာပထမ သတိနဲ့ ပတ်သက်ပြီး မြတ်ဘုရားက ဟောထားပါတယ်။

ယထာစ ဥပ္ပန္နဿ သတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒေါ ဟောတိ၊ တဉ္စ ပဇာနာတိ။

စ-ထို့ပြင်လည်း၊ အနုပ္ပန္နဿ-မဖြစ်ပေါ်သေးသော၊ သတိသမ္ဗောဇ္ဈင်္ဂဿ- သတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒေါ-ဖြစ်ခြင်းသည်၊ ဝါ၊ယခု တရားအားထုတ်သည့်အခါကျတော့မှ ဖြစ်ပေါ်လာခြင်းသည်၊ ယထာ-ယောသောမနသိကာရဟူသော အကြင်အကြောင်းကြောင့်၊ ဟောတိ-ဖြစ်၏၊ တဉ္စ-ထိုယောနိသောမနသိကာရကိုလည်းပဲ၊ ပဇာနာတိ-သိရ၏။

မရှုမှတ်ခင်တုန်းက မိမိသန္တာန်မှာ သတိသမ္ဗောဇ္ဈင် မဖြစ်ပွားသေးဘူး၊ ဘုရားဟောနှင့်အညီ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြားတဲ့အတိုင်း မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံ့ရင် နံ့တယ်၊ စားရင် စားတယ်၊ တွေ့ထိရင် တွေ့ထိတယ်၊ စိတ်ကူးတိုင်း စိတ်ကူးတယ်၊ စဉ်းစားတယ်၊ ဖောင်းပိုင်း ဖောင်းတယ်၊ ပိန်တိုင်း ပိန်တယ် စသည်ဖြင့် ရှုမှတ်တဲ့အခါကျတော့မှ သတိသမ္ဗောဇ္ဈင် ဖြစ်ပေါ်လာတယ် ဆိုလို့ရှိရင် အဲဒါဟာ ဘာကြောင့်ဖြစ်တာလဲ၊ ရှုမှတ်မှုဆိုတဲ့ ယောနိသော မနသိကာရကြောင့် ဖြစ်တယ်လို့ မသိရဘူးလား။

"သိရပါတယ် ဘုရား"

နောက်ပြီးတော့ ဥပ္ပန္နဿ- ဖြစ်ပေါ်လာပြီးသော၊ သတိသမ္ဗောဇ္ဈင်္ဂဿ- သတိသမ္ဗောဇ္ဈင်၏၊ ဝါ၊ သတိသမ္ဗောဇ္ဈင်ကို၊ ဘာဝနာယပါရိပူရိ- ပွားစေမှု၏ ထက်ဝန်း ကျင် ပြည့်စုံခြင်းသည်၊ ယထာ-အရဟတ္တမဂ်ဟူသော အကြင်

အကြောင်းကြောင့်၊ ပဟာတိ-ဖြစ်၏၊ တဥ္စ-အရဟတ္တမဂ် ဟူသော ထိုအကြောင်းကိုလည်း၊ ပဇာနာတိ-သိရပါသတည်း။ "သာဓု- သာဓု- သာဓုပါဘုရား"

၁။ မဖြစ်သေးသည့် သတိသမ္ဗောဇ္ဈင်၊
ဖြစ်ပေါ်လာလတ် မှန်မြတ် ကြည်လင်။
မှန်ယောနိသော- မနောကြောင့်ပင်၊
ထိုအကြောင်း- ကောင်းကောင်း သိစေချင်။

၂။ ဖြစ်ပေါ်ပြီးရှိ- သတိသမ္ဗောဇ္ဈင်၊
လုံးစုံထက်ဝန်း- ပွားကျွန်းစုံလင်။
အရဟတ္တမဂ် ထိုမဂ်ကြောင့်ပင်၊
သတိပြု- ကြည့်ရှုသိစေချင်။

သတိသမ္ဗောဇ္ဈင်နဲ့ပတ်သက်ပြီးတော့ မဟာသတိပဋ္ဌာနသုတ် ဓမ္မာနုပဿနာပိုင်းမှာ ဘုရားရှင် ဟောပြထားတာက ဖြစ်ပေါ်လာရင် ယောနိသောမနသိကာရကြောင့် ဖြစ်တာပဲ၊ အဲဒီသတိသမ္ဗောဇ္ဈင်တွေ ပွားများတာ လုံးဝပြည့်စုံလာရင် အရဟတ္တမဂ်ကြောင့် ဖြစ်တာပဲဆိုတာကို သိတယ်၊ ရဟန္တာဖြစ်သောပုဂ္ဂိုလ် သိတယ်၊ ဘယ်သူ သိတယ်။

"ရဟန္တာပါ ဘုရား"

အဲဒီလို သိဖို့ရာအတွက် ဘုရားဟောပြထားတယ်၊ သတိသမ္ဗောဇ္ဈင်ဆိုတာ ဘယ်လိုဟာမျိုးလဲဆိုရင်-

အပိလာပနလက္ခဏာ၊အသမ္မောဟရသာ၊အာရက္ခပစ္စုပဋ္ဌာနာ၊ ဝိသယာဘိမုခီဘာဝပစ္စုပဋ္ဌာနာဝါ။

အဲဒီလို ကျမ်းဂန်မှာ လာတဲ့အတိုင်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက သတိသမ္ဗောဇ္ဈင် အကြောင်းကို ဟောပြထားတာ ရှိတယ်၊ ကဲဆိုကြည့်မယ်-

၁။ မလွတ်စတမ်း၊ စောင့်ဖမ်းနေသည်၊
ဖြစ်ပျက်သ၍၊ မမေ့စေပြီ၊
အာရုံရှေ့ရှု၊ စောင့်မှုထင်သည်၊
မြတ်သတိ၊ မှတ်သိဗောဇ္ဈင်မည်။

သတိရဲ့လက္ခဏာဆိုတာ ဒွါရနဲ့ အာရုံဆုံတဲ့အခါမှာ ပေါ်လာတဲ့ရုပ်နာမ်တရားတွေကို မလွတ်အောင် စောင့်ဖမ်းတာသည် သတိ၊ မလွတ်အောင် စောင့်ဖမ်းတာ ဘာလဲ။

"သတိပါ ဘုရား"

ဖောင်းတယ် ပိန့်တယ်လို့ ဖောင်းတာပိန်တာလေး လွတ်မသွားရအောင် ဖမ်းနေတာ မှတ်နေတာ ဘာလဲ။

"သတိပါ ဘုရား"

ဘယ်သူမှမဟုတ်၊ သတိက မှတ်နေတာ။

စောင့်ဖမ်းတယ်လို့ဆိုတော့ ဘယ်ကနေ စောင့်ဖမ်းတုန်းဆိုတော့ဒွါရ (၆)ပါးကနေ စောင့်ဖမ်းတာ။

မြင်ရင်မြင်တယ်၊ ကြားရင် ကြားတယ် စသည်အားဖြင့် စောင့်ပြီး မဖမ်းရဘူးလား။

"ဖမ်းရပါတယ် ဘုရား"

အဲဒ္ဒီလို ဖမ်းနေ မှတ်နေတာ ဘယ်သူလဲ ဆိုရင် သတိ၊ "ဖြစ်ပျက်သ၍ မမေစေသည်"တဲ့၊ အဲဒီလို စောင့်ဖမ်းလိုက်တဲ့အခါကျတော့ ရုပ်ဆိုရုပ်မှန်း သိသွားတယ်၊ နာမ်ဆို နာမ်မှန်း သိသွားတယ်၊ အကြောင်းကိုလဲ အကြောင်းမှန်း သိသွားတယ်၊ အကျိုးကိုလဲ အကျိုးမှန်း သိသွားတယ်။

အနိစ္စကိုလဲ အနိစ္စမှန်းသိတယ်၊ ဒုက္ခကိုလဲ ဒုက္ခမှန်း သိတယ်၊အနတ္တကိုလဲ အနတ္တမှန်း သိသွားတယ်၊ အမှန်အတိုင်း ဖြစ်ပျက်သမျှတွေကို မသိဘူးလား။

"သိပါတယ် ဘုရား"

"အာရုံ ရှေ့ရှု၊ စောင့်မှုထင်သည်"တဲ့၊ မှတ်ခါစမှာတော့ စိတ်ထွက်သွားတာကိုလဲ မသိလိုက်၊ ဖြစ်ပေါ်တဲ့ဟာတွေကိုလဲ မမှတ်မိ၊ လွတ်ထွက်သွားတာက များတယ်၊ မှတ်မယ်လို့ လုပ်လိုက်၊ ကိုယ်က နောက်ကျနေပြီ၊ ဟိုက အရင်ပျောက်ပျောက်သွားနှင့်ပြီ၊ ကိုယ်က မမီဘူး၊ မမီလိုက်ဘူး၊ လွတ်လွတ်သွားတယ်။

တချို့များဆိုရင် ငါးမိနစ်၊ ဆယ်မိနစ်၊ နာရီဝက်ကြာမှ ဓာတ်လမ်းကိုတော်တော်စုံမှ ငါ့စိတ်တွေ ထွက်နေပါလားလို့ သိတယ်၊ စိတ်လွတ်သွားပြီဆိုရင် ဘယ်လိုက်ရမှန်းတောင် မသိဘူးနော်။

အစတုန်းကတော့ ဖောင်းတယ်လို့ မှတ်တုန်းရှိသေး၊ ပိန်ကျ သွား လိုက်တာနဲ့ ဖောင်းတာတောင် မှတ်လို့ မပြီးသေးဘူး၊ ဟိုက ပိန်နေပြီ၊ ပိန် တာတောင် မှတ်မပြီးသေးဘူး၊ ဟိုက ဖောင်းတက်လာပြန်ပြီ၊ ဘယ်လိုလုပ်ရ မှန်းတောင် မသိတော့ဘူး၊ မောနေတာပဲ၊ အဲလိုဖြစ်နေတတ်တာပဲ၊ ဒီလိုဖြစ်နေ သူတွေကို တွေ့ရဖူးတယ်။

နောက် မှတ်ဖန်များလာတော့ စိတ်က ထွက်မယ်လို့ ကြံတာ ရှိသေး တယ်၊ သတိက ရှေ့က စောင့်နေတာ၊ လာခဲ့စမ်း–စိန်ခေါ်သလိုပေါ့လေ၊ စောင့် နေတာ၊စိတ်ထွက်မယ်လုပ်ခါရှိသေး စိတ်ထွက်မယ်၊ စိတ်ထွက်မယ်၊ စဉ်းစား မယ်၊ ကြံစည်မယ်လို့ မှတ်လိုက်တော့ ငြိမ်ကျသွားတယ်၊ထွက်တောင် မထွက် ရတော့ဘူး။

နောက်က လိုက်မှတ်ရတာ မဟုတ်ဘူး၊ ရှေ့က ကြိုဆီးပြီးတော့ လာ မယ်ဆိုရင်ဖြင့် ဝိပဿနာဉာဏ်တွေ တိုးတက်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိ သွားနိုင်တယ်။

ဖောင်းတယ် ပိန်တယ်ဆိုတာက နှေးလွှန်းအားကြီးနေတဲ့အတွက် ကြောင့် တစ်ခုကို ရှေ့က ထည့်ရဦးမှာတောင် ဖြစ်နေတော့ စောင့်နေရတာ မဆုံးဘူး၊ ကိုယ်က သိနေတယ်၊ ရှေ့က ပိန်တာလဲ ဆုံးသွားပြီး ဖောင်းတာ ပေါ်မလာခင် ကိုယ်က ရှေ့က ကြိုပြီးတော့ မှတ်နေနိုင်ပြီဆိုတဲ့ သဘောပဲ၊ ပေါ်လာလို့ရှိရင် သတိအားကောင်းလာပြီလို့ မှတ်ရမယ်၊ နောက်က လိုက် မှတ်ရတာ မဟုတ်ဘူး၊ ရှေ့က ကြိုဆီးပြီးတော့ အပိုင်မှတ်နိုင်တဲ့ သဘောတဲ့၊ အဲဒါ "သတိရဲ့ ပစ္စုပဋ္ဌာန်"လို့ ခေါ်တယ်၊ အဲဒီသတိအား ကောင်းလာဖို့ အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

အဲဒီသတိ သ မ္မောဇ္ဈင်တွေ ကိုယ့်သန္တာန်မှာ ပွားပြီးတော့ လာမယ်ဆိုရင် ဖြင့် ဝိပဿနာဉာဏ်တွေ တိုးတက်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိ သွားနိုင်တယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိသွားတဲ့ပုဂ္ဂိုလ် သေပြီး အပါယ်လေးပါးကျမှာ ကြောက် စရာ လိုသေးလား။

"မလိုတော့ပါ ဘုရား"

အဲဒီလို အကြောက်များ ကင်းသွားနိုင်အောင် ဆိုလို့ရှိရင် အကြောက် ပျောက်ဆေး အနေအားဖြင့် ဘယ်တရား ပွားမလဲ။

"သတိသမ္ဗောဇ္ဈင်တရား ပွားရပါမယ် ဘုရား"

အေး- သတိသမ္ဗောဇ္ဈင်အစရှိတဲ့ ဒီ ဝိပဿနာတရားတွေကို ပွားများအားထုတ်ရမှာပဲလို့ သဘောပေါက်ရမယ်နော်။

အဲဒီလို သတိသမ္ဗောဇ္ဈင်ကို ပွားတဲ့အတွက်ကြောင့် သုဗြဟ္မာနတ်သားနဲ့ နောက်ပါနတ်သမီးငါးရာဟာ သောတာပန် တည်သွားတယ်၊ အဲလို သောတာပန် တည်သွားတဲ့အတွက် သေပြီး အပါယ်ကျမှာလဲ ကြောက်စရာ မလိုတော့ဘူး၊ သေရင်လဲ အပါယ်လေးပါး မသွားတော့ဘဲ နတ်ပြည်မှာ နတ်သား- နတ်သမီးတွေ ပြန်ဖြစ်ကြမှာဆိုတော့ ကြောက်စရာ မလိုတော့ဘူး။

ငြိမ်းငြိမ်းချမ်းချမ်း သောကကင်းစွာနဲ့ နတ်ချမ်းသာ ခံစားပြီးတော့ နေကြရမယ်၊ သုဗြဟ္မာနတ်သားနဲ့ နတ်သမီးငါးရာ အကြောက်တရားမကင်းသွားဘူးလား။

"အကြောက်ကင်းသွားပါတယ် ဘုရား"

အေး- ကြောက်ရွံ့ ကင်းဝေး ငြိမ်းချမ်းအေးဆိုတဲ့ သုဗြဟ္မသုတ္တန် စတုတ္ထပိုင်းကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ကြောက်ရွံ့ ကင်းဝေး ငြိမ်းချမ်းအေးတဲ့ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၅)

### စကားဦး

ဒီကနေ့ ရက်စွဲက သာသနာတော်နှစ် ၂၅၃၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ မိုးဥတု ဝါတွင်းကာလ၊ တော်သလင်းလဆန်း ၁၀–ရက်နေ့ ဖြစ်တယ်။

တရားဟောကြားရာ ဌာနက ရန်ကုန်မြို့၊ မဟာစည် သာသနာရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး ဖြစ်ပါတယ်။

မဟာစည် ယောဂီ ရဟန်းရှင်လူများအား ဘုန်းကြီး ဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန် ပဥ္စမပိုင်း ဖြစ်ပါတယ်။

ဦးစွာ ပဌမညာဏ်စဉ် ၁၆–ပါး ဘုရားရှိခိုး ဂါထာကို ရွတ်ဆို ရှိခိုးပြီး တရားပွဲ ဖွင့်ပါမယ်။

ပဌာမ

### ညာဏ်စဉ် ၁၆–ပါး ဘုရားရှိခိုး

၁။ နာမရူပ ပရိစ္ဆေဒ၊ တပ္ပစ္စယ ပရိဂ္ဂဟံ။
တံသမ္မသနံ ဥဒယ ဗ္ဗယညာဏဉ္စ ဘင်္ဂံ။

၂။ ဘယညာဏံ အာဒီနဝ ညာဏဉ္စ နိဗ္ဗိဒံ အထ။
မုဉ္စိတုကမျတံ ပဋိသင်္ခ သင်္ခါရုပေက္ခကံ။

၃။ အနုလောမဉ္စ ဂေါတြဘုံ၊ မဂ္ဂညာဏံ ဖလံ တထာ။
ပစ္စဝေက္ခဏ ညာဏဉ္စိ၊ တိလောကမှိပိ ကေနစိ။

၄။ အဒေသိယေ သာသနိကေ၊ ဉာဏိမေ သောဠသုတ္တရေ။
ဒေသေတာရံ ပဝတ္တာရံ ဗုဒ္ဓံ ဟိတာဒရံ နမေ။

၁။ နာမရူပ ပရိစ္ဆေဒံ– နာမ်ရုပ်တရားတို့ကို ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်လည်းကောင်း၊
၂။ တပ္ပစ္စယ ပရိဂ္ဂဟံ– ထိုနာမ်ရုပ်တို့၏ အကြောင်းတရားကို ပိုင်းခြား၍ သိသော ပစ္စယပရိဂ္ဂဟဉာဏ်လည်းကောင်း။
၃။ တံ သမ္မသနံ– ထိုနာမ်ရုပ်တို့ကို အနိစ္စ၊ ဒုက္ခ၊ အနတ္တအားဖြင့် သုံးသပ်ဆင်ခြင်၍ သိမြင်သော သမ္မသနဉာဏ် လည်းကောင်း၊
၄။ ဥဒယဗ္ဗယဉာဏဉ္စ– နာမ်ရုပ်တို့၏ အသစ်အသစ် ဖြစ်ပေါ်လာခြင်း၊ ဖြစ်ပေါ်ပြီးလျှင် တခဏခြင်း ပျက်စီးသွားခြင်းကို ရှုမှတ်ထင်မြင် သိမြင်သော ဥဒယဗ္ဗယဉာဏ် လည်းကောင်း၊
၅။ ဘင်္ဂံ– နာမ်ရုပ်တို့၏ ပျက်စီးခြင်းကိုသာ ရှုမှတ် ထင်မြင် သိမြင်သော ဘင်္ဂဉာဏ် လည်းကောင်း၊
၆။ ဘယဉာဏဉ္စ– နာမ်ရုပ်တို့၏ပျက်စီးခြင်းကို သိမြင်ရသဖြင့် ကြောက်လန့်ဖွယ် ဘေးကြီးအဖြစ်ဖြင့် ထင်မြင်သော ဘယဉာဏ်လည်းကောင်း၊
၇။ အာဒီနဝဉာဏဉ္စ– နာမ်ရုပ် သင်္ခါရတို့၌ ကိုးကွယ်ရာ မထင် အပြစ်မြင်သော အာဒီနဝဉာဏ် လည်းကောင်း၊
၈။ နိဗ္ဗိဒံ– နာမ်ရုပ် သင်္ခါရတို့၌ မပျော်မမွေ့ ငြီးငွေ့သော နိဗ္ဗိဒါဉာဏ် လည်းကောင်း၊
၉။ အထ–အနက်သဘောတူသော ရှေ့ဉာဏ်သုံးခုမှ တပါး အနက်သဘော မတူသော နောက်ဉာဏ်သုံးခုကား၊
မုဉ္စိတုကမျတံ–နာမ်ရုပ်သင်္ခါရတို့မှ အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုသော မုဉ္စိတုကမျတာဉာဏ်လည်းကောင်း၊
၁၀။ ပဋိသင်္ခါ–အလွန်အမင်း လွတ်ကင်း ထွက်မြောက်လိုလှသဖြင့် ထိုနာမ်ရုပ်နစ်ပါးကိုပင် အနိစ္စ အစရှိသော လေးဆယ်သော အချင်းအရာတို့ဖြင့် တွင်တွင် အားထုတ်၍ အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေ အားဖြင့် ကောင်းကောင်းကြီး ထင်မြင်နိုင်သော ပဋိသင်္ခါဉာဏ် လည်းကောင်း၊

၁၁။ သင်္ခါရုပေက္ခက်– အနိစ္စ၊ ဒုက္ခ၊ အနတ္တ အနေအားဖြင့် ကောင်းကောင်း ထင်မြင်၍ လွတ်မြောက်ရာလွတ်မြောက်ကြောင်းကို ရသဖြင့် အလွန် ပြင်းထန်သော လုံ့လကိုလည်း မပြုလို၊နာမ်ရုပ်သင်္ခါရတို့၌ ကြောက် လန့်ခြင်း၊ နှစ်သက်ခြင်း နှစ်ပါးကိုလည်း ပယ်စွန့်၍ သိရုံ သိသာရုံသာ အညီအမျှ ရှုသော သင်္ခါရုပေက္ခာဉာဏ်လည်းကောင်း၊

၁၂။ အနုလောမဥ– အနိစ္စ၊ ဒုက္ခ၊ အနတ္တတို့တွင် တစ်ပါးပါးကို အာရုံပြု ၍ ဥဒယဗ္ဗယ စသော ရှေးဉာဏ်ရှစ်ပါးနောက် မဂ္ဂသစ္စာအားလျော်သော ဂေါတြဘူ၏ ရှေးအခြားဘက်၌ နှစ်ကြိမ်သုံးကြိမ်ဖြစ်သော အနုလောမ ဉာဏ်လည်းကောင်း၊

၁၃။ ဂေါတြဘုံ–ပုထုဇဉ်အနွယ်ကို ဖြတ်၍ အရိယာအနွယ်ဇာတ်သို့ ရောက် စေလျက် နိဗ္ဗာန်ကို အာရုံပြု၍ မဂ်၏ရှေ့အဖို့၌ တစ်ကြိမ်မျှသာ ဖြစ်သော ဂေါတြဘူဉာဏ် လည်းကောင်း၊

၁၄။ မဂ္ဂဉာဏ်– နိဗ္ဗာန်ကို မျက်မှောက်ပြုလျက် သစ္စာလေးပါး တစ်ပြိုင်နက် သိသော မဂ်ဉာဏ် လည်းကောင်း၊

၁၅။ ဖလ်– မဂ်ဉာဏ်ကဲ့သို့ပင် နိဗ္ဗာန်ကို အာရုံပြုလျက် ဖြစ်သောဖိုလ်ဉာဏ် လည်းကောင်း၊

၁၆။ ကထာ– ထိုမှတစ်ပါး၊ပစ္စဝေက္ခဏာဉာဏ်၊ မဂ်ဖိုလ်နိဗ္ဗာန်နှင့် ပယ်ပြီး သော ကိလေသာ၊ မပယ်ရသေးသော ကိလေသာအားဖြင့် ဤငါးပါး သော တရားအစုတို့ကို ပြန်လှည့်၍ ဆင်ခြင်သော ပစ္စဝေက္ခဏာဉာဏ် လည်းကောင်း၊

ဣတိ ဤသို့ တိလောကမှိ– ကာမရူပ အရူပဟု လောကသုံးဖြာ စကြာဝဠာရှိသမျှ အနန္တမဆုံး လောကကြီးတစ်ခုလုံး၌၊ ကေနစိပိ– နတ်လူပြဟ္မာ သတ္တဝါတစ်ဦးတစ်ယောက်မျှသော်လည်း၊ အဒေသိယေ–မကြားမနာ ကြံစည် ကာဖြင့် ယထာဘူတ အမှန်အကန်ကျအောင် ဟောပြခြင်းငှာ မစွမ်းနိုင်ရာ ကောင်းကုန်သော၊ သာသနိကေ– ဗုဒ္ဓမြတ်စွာ သာသနာတော်ကြီး အတွင်း၌ သာလျှင် ပေါ်လင်း ဖြစ်ထွန်းနိုင်ကောင်းကုန်သော၊ ဥတ္တရေ– လောကီပညာ အရပ်ရပ်တို့ထက် ထူးကဲမြင့်မြတ်ကုန်သော၊ ဣမေသောဠသဉာဏေ၊ ဤ(၁၆) ပါးသောဉာဏ်တို့ကို၊ ဒေသေတာရုံ–မိမိကိုယ်တော်တိုင် ပိုင်ပိုင်လှလှ အမှန်

အကန် သိရ၍ လှစ်ဟာထုတ်ဖော် ဟောကြားတော်မူတတ်ပေတတ်သော၊ ပဝတ္တာရဲ- မိမိကိုယ်တော်တိုင် ပိုင်နိုင်ပြီးစီး ဖြစ်စေပြီးမှ ခိုမှီကပ်လာ ဗြဟ္မာနတ်လူ ကျွတ်ထိုက်သူမှန်သမျှ ကလျာဏပုထုဇဉ်အရိယာသခင်တို့၏ ကြည်လင်သော စိတ်သန္တာန်ဝယ် အဖန်ဖန်အားဖြင့် ဖြစ်ပွားစေတော်မူတတ်ပေထသော၊ ဗုဒ္ဓ- သဗ္ဗညုတဉာဏ်တော်ရှင် မြတ်စွာဘုရားသခင်ကို၊ အဟံ- ဘုရားတပည့်တော်သည်၊ တိဟိ- ကာယညွတ်ချိ ဝစီ,မန သုံးဒွါရတို့ဖြင့် အာဒရဲ- ရိုသေစွာ၊ နမေနမာမိ- ကြည်ညို မြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

"သာဓု- သာဓု- သာဓု"

## သတိသမ္ဗောဇ္ဈင်အဖွင့်

သုဗြဟ္မာနတ်သားနှင့် နောက်ပါနတ်သမီး ငါးရာတို့ကို မြတ်စွာဘုရားဟောတဲ့ အကြောက်ကင်းကြောင်း နည်းလမ်းကောင်းတွေနှင့် ပတ်သက်ပြီးတော့ ဟောကြားလာခဲ့တာ၊ မနေ့တုန်းက သတိသမ္ဗောဇ္ဈင် အကြောင်းကို ဟောကြားခဲ့ပါပြီ၊ ဒါပေမယ့်လို့ ကျန်မနေရစ်ရအောင် သတိသမ္ဗောဇ္ဈင်တော့ ပြီးအောင် ဆက်ဖွင့်ရအုံးမယ်။

သတိသမ္ဗောဇ္ဈင်ဆိုတာ ဒွါရနဲ့အာရုံဆုံတဲ့ အခိုက်မှာ ပေါ်ပြီး ပျောက်နေတဲ့ ရုပ်နာမ်သင်္ခါရတရားတွေကို အမြဲမပြတ် သတိကပ်ပြီးတော့ ရှုမှတ်နေတာဟာ သတိသမ္ဗောဇ္ဈင်တရားပါပဲ။

"မလွတ်စတမ်း စောင့်ဖမ်းနေသည်၊ ဖြစ်ပျက်သ၍ မမေ့စေသည်။ အာရုံ ရှေးရှု စောင့်မှုထင်သည်၊ မြတ်သတိ၊ မှတ်သိဗောဇ္ဈင်မည်" မလွတ်အောင် စောင့်ဖမ်းနေတာဟာ သတိသမ္ဗောဇ္ဈင် ဖြစ်နေတာပဲ၊ စောင့်ဖမ်းပြီးတော့မှတ်လိုက်တိုင်း မှတ်လိုက်တိုင်း ဖြစ်ပေါ်လာတာတွေရော၊ ပျက်သွားတာတွေရော သိသိပြီးတော့ နေတာလဲပဲ သတိသမ္ဗောဇ္ဈင် ဖြစ်နေတာပဲ။

သတိအား ကောင်းတဲ့အတွက်ကြောင့် နိုင်နင်းလာတဲ့အခါမှာ ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်သင်္ခါရတွေကို ကြိုတင်ပြီးတော့ ရှုမှတ်ဖို့ရန်အတွက် အဆင်သင့် ရှေးရှုပြီးတော့ အာရုံပြုပြီးတော့ နေတဲ့ သဘောသည်လဲပဲ သတိသမ္ဗောဇ္ဈင်လို့ မနေ့တုန်းက ပြောခဲ့ပါပြီ။

## ကြွလျှင်နိမ်လင့် ကျလျှင်ပင့်

အဲဒီ ဗောဇ္ဈင် (၇)ပါး ရှိတဲ့အနက်မှာ ယောဂီတွေ စိတ်ဓာတ်ကျနေမယ်၊ တရားအားထုတ်ရတာ ဆုတ်နစ်တဲ့ စိတ်တွေ ဖြစ်နေမယ်၊ စိတ်ဓာက်တွေ မထက်သန်တော့ဘူး ဆိုရင်ဖြင့် ဓမ္မဝိစယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်ဆိုတဲ့ ဗောဇ္ဈင်တရားတွေ ဖြစ်ပွားအောင် လုပ်ပေးရတယ်။

စိတ်ဓာတ်ကျတယ်၊ ဆုတ်နစ်တယ်၊ ရှုမှတ်ရတာ ပျော်ရွှင်မှု မရှိဘူး၊ ငြီးငွေ့နေတယ်လို့ ဆိုရင်ဖြင့် ပေါ်တာလေးတွေ သိအောင်၊ ပျောက်သွားတာလေးတွေ သိအောင် မှတ်ပြီးတော့ ဒီဓမ္မဝိစယသမ္ဗောဇ္ဈင်ခေါ်တဲ့ ဉာဏ်ပညာတွေ ဖြစ်ပွားအောင်လဲ ကြိုးစားရတယ်၊ နောက်ပြီးတော့ တစ်ဆင့်ထက်တစ်ဆင့်၊ တစ်မှတ်နဲ့တစ်မှတ်၊ တစ်ထိုင်နဲ့တစ်ထိုင်၊ တစ်ချိန်နဲ့ တစ်ချိန်၊ တစ်ရက်နဲ့ တစ်ရက် အဆက်မပြတ် ရှုမှတ်ပွားများမှုဆိုတဲ့ ဝီရိယသမ္ဗောဇ္ဈင်၊ အဲဒီသမ္ဗောဇ္ဈင် ဖြစ်အောင်လဲ ပွားပေးရတယ်။

## ပီတိဖြစ်ပွားကြောင်းကို ဆင်ခြင်

အနမတဂ္ဂအစမထင် သံသရာတစ်ခွင်မှာ ဘုရားနဲ့ မတွေ့ခဲ့ရဘူး၊ ဘုရားသာသနာနဲ့ လွဲခဲ့ရတဲ့ ဘဝတွေကသာ များပြီးတော့ ရပ်ပြစ်ရှစ်ပါးက လွန်မြောက်တဲ့အခါကျမှ ဘုရားသာသနာနဲ့ တွေ့ရတာပဲ။

အဲဒီလိုဘုရားသာသနာနဲ့ တွေ့တဲ့အခါမှာ ဝိပဿနာတရားကို နာကြားခွင့်၊ အားထုတ်ခွင့် ပြုလုပ်လို့ ရတယ်၊ သာသနာပ အခါတွေမှာတော့ ဒါနမှု၊ သီလမှု၊ သမထမှုကိုသာ ပြုလုပ်လို့ ရတယ်။

အခုလို အခွင့်အရေးကြီး ရနေတာ "ငါလက်လွတ်လို့ မဖြစ်ဘူး" ဆိုပြီးတော့ အားတက်လာစေတဲ့ သာသနာတော်ကို ကြည်ညိုလာစေတဲ့၊ တရားအပေါ်မှာ စိတ်ဝင်စားလာစေတဲ့ ပီတိဖြစ်ပွားကြောင်းတွေကိုလဲ ဆင်ခြင်ပြီးတော့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေရမယ်။

အဲဒီလို ဖြစ်လာတယ် ဆိုလို့ရှိရင် ဆုတ်နစ်မှုတွေ ပြိုပျက်ပြီးတော့ အားတက်မှုတွေ မဖြစ်ပေဘူးလား။

"ဖြစ်ပါတယ် ဘုရား"

ငြီးငွေ့မှုတွေ ပျောက်ပြီးတော့ တရားနဲ့ ပျော်မွေ့တဲ့ စိတ်တွေ ဖြစ်လာနိုင်တယ်၊ အဲဒီလို ဖြစ်လာအောင် ကြိုးစားအားထုတ်ရပါတယ်-တဲ့။

ပီတိတွေများ၊ ဝမ်းသာမှုတွေများ၊ ကြည်ညိုမှုတွေများ၊ အသိတွေကလဲ မှတ်လိုက်တိုင်း ပေါ်ပြီး ပျောက်တာတွေကို မသိဘဲ လွတ်သွားတာမရှိဘူး၊ အကုန်လုံးသိပြီးတော့နေတော့ ယောဂီတွေ တက်ကြွလွန်းအားကြီးပြီး ဝမ်းမြောက်ပြီးတော့ အိပ်လို့လဲ မရသလိုလို စားလို့လဲ မဝင်သလိုလို ဟိုလူ့ လိုက်ပြောချင်သလိုလို၊ ဒီလူ့လိုက်ပြောချင်သလိုလို၊ တရားခွင်က ထွက်ပြီးတော့ အိမ်ကလူတွေကို တရားအားထုတ်ရန် တိုက်တွန်းချင်သလိုလို၊ ပျော်ရွှင်နေတော့ ယောဂီဟာ အမှတ်တွေ လွတ်လွတ်နေပြီး စီးစီးပိုင်ပိုင် ကပ်ခနဲ ချပ်ခနဲ မနေဘူး၊ မှတ်လို့ကို မရဘူး၊ လွတ်တွတ်တွတ်ဖြစ် စိတ်တွေတောင်မှပဲ တယ်ပြီးတော့ မမှန်ချင်သလိုလိုတောင် ဖြစ်လာတယ်၊ အဲဒါ ဘာဖြစ်တာတုံး၊ တက်ကြွတာတဲ့၊ ဉာဏ်လဲ မဖြစ်တော့ဘူး၊ တစ်ခါတည်းလွတ်တွတ်တွတ် ဖြစ်လာတာ ကြွစောင်းစောင်း ဖြစ်နေတာပေါ့။

## သတိဟာ လိုရင်း ဗောဇ္ဈင်တရားပဲ

အဲဒီလိုဖြစ်နေလို့ရှိရင် ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်ဆိုတဲ့ ဗောဇ္ဈင်တရားတွေ ပွားပေးရတယ်။

ကိုယ်ရောစိတ်ပါ ငြိမ်းအေးစေတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ စားသောက်နေထိုင်တဲ့ နေရာလဲ သပ်သပ်ရပ်ရပ်၊ သန့်သန့်ပြန့်ပြန့်၊ ငြိမ်းငြိမ်းချမ်းချမ်း၊ အေးအေးဆေးဆေး ဆောင်ရွက်မှုတွေ ပြုရတယ်။

အသုံးအဆောင်၊ ခန္ဓာကိုယ်မှာလဲပဲ သပ်သပ်ရပ်ရပ် ဖြစ်အောင်နေပြီးတော့ အကောင်းကြိုက်မှုတွေလဲပဲ လျှော့၊ အဆိုးကြောင့် စိတ်ဆင်းရဲမှုတွေလဲပဲ မဖြစ်စေဘဲနဲ့ လျစ်လျူရှုပြီးတော့ ငြိမ်းငြိမ်းအေးအေးထားပြီးတော့ ဖောင်းတယ် ပိန်တယ် နှစ်မျိုးလောက်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် နှစ်မျိုးလောက်က ပြန်စပြီး စိတ်အေးအေးထားပြီး ပြန်မှတ်ရတယ်၊ မှတ်မိကြရဲ့လား။

"မှတ်မိပါတယ် ဘုရား"

အေး ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်တွေ ဖြစ်လာ သတိဉာဏ်ပြန်ဖြစ်ရော၊ အဲဒီတော့ကြွတက်ရင်လဲ နှိပ်ပေးရ၊ ဆုတ်နစ်ရင်လဲ ပင့်ပေးရတယ်။

ဗောဇ္ဈင်ကို အခြေအနေကြည့်ပြီးတော့ ပွားရတယ်၊ ဒီမှာတစ်ခု ဘုန်းကြီး ပြောချင်တာကတော့ အဲဒီ ဗောဇ္ဈင်တွေကတော့ ပိုလွန်းလို့ ပြန်ပြီး လျှော့ရတာ၊ လိုနေလို့ ဖြည့်စွက်ပေးရတာ ဆိုတာတွေ ရှိတယ်၊ ဟောဒီ သတိဗောဇ္ဈင်ကတော့ စိတ်တက်ကြွနေတဲ့ ယောဂီတွေအတွက်လဲ သတိထားပေးရတယ်၊ စိတ်ညစ်နေတဲ့ ယောဂီတွေအတွက်လဲ ဟော်သည် သတိသမ္ဗောဇ္ဈင် ပွားပေးရတယ်၊ သူက လိုရင်းသော့ချက်ပဲ၊ သတိဟာ လိုရင်း ဗောဇ္ဈင်တရားပဲ။

ရသာ ၆–ပါး အစားအသောက် ဟင်း၊ ထမင်း စီရင်တဲ့အခါမှာ 'ဆား' မပါရင် မပြီးသကဲ့သို့ ဟောဒီ ဗုဒ္ဓသာသနာတော်မှာလဲပဲ နိဗ္ဗာန် ရောက်ဖို့ရာ အတွက် တရားအလုပ် အားထုတ်တဲ့ ယောဂီတွေအတွက် မပါရင် မပြီးတာက ဘာတဲ့လဲ။

"သတိသမ္ဗောဇ္ဈင်ပါ ဘုရား"

အဲဒီသတိသမ္ဗောဇ္ဈင် အမြဲတမ်း ပွားပေးဖို့ အရေးကြီးတယ်၊ ကြောက်ရွံ့ ထိတ်လန့်လာတဲ့အခါမှာလဲပဲ ဘာဖြစ်စေရသလဲ? သတိထားရတယ်၊ သတိ ဖြစ်စေရတယ်။

စိုးရိမ်လွန်းအားကြီးတဲ့အခါမှာလဲပဲ သတိထားရတာပါပဲ၊ ဗျာသန တရားဆိုတဲ့ ပျက်စီး ဆုံးရှုံးမှုတွေနဲ့ တွေ့လို့ ဝမ်းနည်းပက်လက် ဖြစ်တဲ့အခါ မှာလဲပဲ ဘာလုပ်ရတုံး။

"သတိထားရပါတယ် ဘုရား"

သတိထားရတယ်၊ မရစဖူး၊ မခံစားရစဖူးတဲ့ စည်းစိမ်ဥစ္စာ ရာထူး ဂုဏ်သိန်တွေ ရလာတဲ့အခါမှာလဲပဲ ဘာလုပ်ရတုံး၊ သတိထားရတယ်၊ဒါဖြင့် သတိဟာ အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

လွှယ်လွှယ်ကူကူ အပေါ်ယံလွှာလေးလောက် လျှောက်ပြီး ပြောရဦးမယ် ဆိုရင် ကားမတိုက်အောင် ဘာလုပ်ရမတုံး။

"သတိထားရပါတယ် ဘုရား"

ကားမမှောက်အောင်၊ မီးမလောင်အောင်၊ ကျန်းမာအောင် သတိထားရ တယ်၊ အရေးမကြီးပေဘူးလား။

"ကြီးပါတယ် ဘုရား"

## သတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၄–ပါး

အပိစအပရော–တခြားသော၊ နယော–နည်းကို၊ ဇဝ်–ဤသို့၊ ဝေဒိတဗ္ဗ–သိအပ်၏၊ သတိသမ္ဗောဇ္ဈ–သတိသမ္ဗောဇ္ဈင် ၄င်း (ဝါ) သတိပြဓာန်းသောပညာ ၄င်း၊ (ဒါရနဲ့ အာရုံဆုံတဲ့အခါမှာ ပေါ်လာတိုင်း ပေါ်လာတိုင်းသော ရုပ်နာမ်တရားတွေကို မပြတ်ဒရစပ် ရှုမှတ်မှုဆိုတဲ့ သတိသမ္ဗောဇ္ဈင်ဆိုတဲ့ ဉာဏ်အသိနဲ့လဲ ပြည့်စုံရတယ်) မုဋ္ဌဿတိ ပုဂ္ဂလပရိဝဇ္ဇနတော– သတိ လွတ်သော သတိမရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သည်၏ အဖြစ်လည်းကောင်း၊ ဥပဋ္ဌိတဿတိပုဂ္ဂလ သေဝနတာ–သတိရှိသူ သတိဖြစ်စေသူကို မှီဝဲသည်၏ အဖြစ်လည်းကောင်း၊ တဒဓိမုတ္တတာ– ထိုသတိကို ဖြစ်စေခြင်း၌သာလျှင် ညွတ်ကိုင်းသောစိတ် ရှိသည်၏ အဖြစ်လည်းကောင်း၊ ဣတိ–ဤသို့၊ စတ္တာရော–လေးပါးကုန်သော၊ ဓမ္မာ–တရားတို့သည်၊ သတိသမ္ဗောဇ္ဈင်ဿ–သတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒါယ–ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ– ဖြစ်ကြလေကုန်သတည်း။

"သာဓု–သာဓု–သာဓုပါ ဘုရား"

ကဲ ဆိုကြည့်မယ်–

၁။ သတိသမ္ဗောဇ္ဈ၊ အမြဲယှဉ်၊ ထိုတွင် စိတ်ညွတ်ရာ။

သတိသမ္ဗောဇ္ဈပွားချင်တဲ့ ယောဂီ၊ သတိသမ္ဗောဇ္ဈင် ပွားလိုတဲ့ ပုဂ္ဂိုလ်ဟာ ပထမဆုံး သတိသမ္ဗောဇ္ဈ မြဲရမယ်၊ သတိသမ္ဗောဇ္ဈ မြဲရမယ်ဆိုတာဟာ သတိထားမှ သတိမထားရင် သတိမရှိဘူး၊ လူတွေပြောကြသလိုဆိုရင် "သူက သိပ်မာနကြီးတာနော်၊ သူ့ကို ကိုယ်က အရေးစိုက်မှ သူက ကိုယ့်ကို ပြန်အရေးစိုက်တာ" မပြောကြဘူးလား။

"ပြောကြပါတယ် ဘုရား"

ဒီသတိကလဲ ဒီအတိုင်းပဲ၊ သူ့သတိထားမှ ကိုယ့်ဆီ ဒီသတိက ကပ်တာ၊ ကိုယ်က သတိမထားဘူးဆိုရင် သတိက ကပ်ပါ့မလား။

"မကပ်ပါ ဘုရား"

အဲဒီတော့ သတိရှိဖို့ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ် ဘုရား"

နာမှုး ထပ်မံပေါ့လေ၊ သတိတရားက "အဘိက္ကန္တေ ပဋိက္ကန္တေ သမ္ပဇာနကာရီ ဟောတိ၊" အဲဒါ ရှေ့တက်လဲ ကက်တယ်၊ နောက်ဆုတ်လဲ ဆုတ်တယ်လို့ သတိသမ္ဗောဇ္ဈ အမြဲယှဉ်ရမယ်။

တက်မယ်ကြံရင် သမ္ပဇဉ်၊ ဉာဏ်ယှဉ်ဦးတော့ကွယ်။

ဆုတ်မယ်ကြံရင်၊ သမ္ပဇဉ်၊ ဉာဏ်ဆင်ဦးတော့ကွယ်–ဆိုတဲ့ အတိုင်း ရှေ့တက်မယ်ကြံရင် သတိကို အရင်ဆုံး ဖြစ်စေရမယ်၊ နောက်ဆုတ်မယ် ကြံရင် သတိကို အရင်ဆုံး ဖြစ်စေရမယ်။

တက်ချင်တယ်၊ တက်ချင်တယ်၊ ရှေ့တက်ချင်တယ်၊ တက်ချင်တယ်လို့ ရှုမှတ်ပြီးတော့မှ ရှေ့တက်ရတယ်။

နောက်ဆုတ်ချင်တယ် ဆိုလို့ရှိရင် ရှုမှတ်ပြီးတော့မှ နောက်ဆုတ်ရ တယ်၊ ဆုတ်တယ်၊ ဆုတ်တယ်လို့ မှတ်ရမှာ၊ မှတ်ကြရဲ့လား။

"မှတ်ပါတယ် ဘုရား"

နောက်ပြီးတော့ "သမိဉ္ဇိတေ ပသာရိတေ သမ္ပဇာနကာရီ ဟောတိ" ကွေးချင်ရင်လဲ ကွေးနိုင်တယ်၊ ကွေးချင်တယ်၊ ကွေးရင်လဲ ကွေးတယ်ကွေးတယ် ဒီလို မှတ်ရတယ်။

"ကွေးမယ်ကြံရင် သမ္ပဇဉ် ဉာဏယှဉ်ဦးတော့ကွယ်"

နောက်ပြီး ဆန့်ချင်ရင်လဲ ဆန့်ချင်တယ်၊ ဆန့်ရင်လဲ ဆန့်တယ် ဆန့်တယ်။

ဆန့်မယ်ကြံရင် သမ္ပဇဉ် ဉာဏ်ယှဉ်ဦးတော့ကွယ်။

အဲဒါ သတိသမ္ပဇဉ်တရား ပွားနေတာပဲ။

"အာလောကိတေ ဝိလောကိတေသမ္ပဇာနကာရီဟောတိ" တည့်တည့် ကြည့်ရင်လဲ ကြည့်တယ်၊ တစောင်းကြည့်ရင်လဲ ကြည့်တယ်လို့ အမှတ်သတိ ရှိပြီးတော့ နေရမယ်။

ဒီနေရာမှာ တည့်တည့်ကြည့်ချင်တယ်၊ တည့်တည့်ကြည့်တယ်၊ စောင်းငဲ့ ကြည့်ချင်တယ်၊ စောင်းငဲ့ကြည့်တယ်၊ ဒီလို မရှုရဘူးလား။

"ရှုရပါတယ် ဘုရား"

ကြည့်မယ်ကြံရင် သမ္ပဇဉ် ဉာဏ်ယှဉ်ဦးတော့ကွယ်။

ကြည့်မယ်ဆိုရင် သမ္ပဇဉ်လေးနဲ့ ဉာဏ်ယှဉ်ပြီးတော့မှ ကြည့်ပါ၊ ဒီအတိုင်း သတိလက်လွှတ် မကြည့်လိုက်ပါနဲ့။

ဥစ္စာရပဿာဝကမ္မေ သမ္ပဇာနကာရီ ဟောတိ၊ ကျင်ကြီးကျင်ငယ် စွန့် မယ်လို့ ဆိုရင်လဲပဲ ကျင်ကြီးကျင်ငယ် စွန့်တာတွေကိုလဲ သတိထားပြီးတော့ စွန့်ပါတဲ့။

ကျင်ကြီးကျင်ငယ် စွန့်ဖို့စိတ် ဖြစ်ပေါ်တဲ့အချိန်က စပြီးတော့ အဲဒီ စိတ်ကို မှတ်ပြီး ကျင်ကြီးကျင်ငယ်ကို စွန့်ဖို့ရာ ဌာနဆီကို သွားဖို့ ပြင်ဆင်တာ တွေ သွားတာတွေ ရှုမှတ်ပါတဲ့။

ကျင်ကြီးကျင်ငယ် စွန့်တာတွေ၊ အညစ်အကြေး သုတ်သင်တာတွေ ပြန်ပြီးတော့ ထတာတွေ၊ တံခါးဖွင့်တာတွေ၊ ပိတ်တာတွေ စသည့်တွေကိုလဲ မရှုမှတ်ရဘူးလား။

"ရှုမှတ်ရပါတယ် ဘုရား"

"သံဃာဋိပတ္တစီဝရဓာရဏေ သမ္ပဇာနကာရီ ဟောတိ" သင်္ကန်း တွေကို ကိုင်ဆောင်တဲ့အခါ၊ ဝတ်ဆင်တဲ့အခါမှာလဲပဲ ကိုင်ဆောင်တယ်၊ ဝတ် ဆင်တယ်ဆိုတာ ရှုမှတ်ပါ။

ခွက်ပန်းကန်တွေကို ကိုင်ဆောင်တဲ့အခါမှာလဲပဲ ကိုင်ဆောင်တယ်၊ ပုဆိုးအင်္ကျီ ထဘီ ဝတ်ဆင်တယ်ဆိုတာတွေကိုလဲ ရှုမှတ်ပါတဲ့၊ အဲဒါတွေကိုလဲ ရှုမှတ်ပေးပါ၊ သတိသမ္ပဇဉ် ပြုပေးပါ။

အသိတေ-စားဖွယ်ကို စားရင်လဲ စားတယ်၊ စားတယ်လို့ ရှုမှတ်ပါ၊ ပြီးတော့ ပီတေ-သောက်ဖွယ်ကို သောက်ရင်လဲ သောက်တယ်၊ သောက် တယ်လို့ ရှုမှတ်ပါ၊ ခါယိတေ- ခဲဖွယ်တွေကို ဝါးရင်လဲ ဝါးတယ်၊ ဝါးတယ်၊ ခဲတယ်၊ ခဲတယ်လို့ ရှုမှတ်ပေးပါ။

သာယိတေ-လျက်ဖွယ် ပျားရည်တို့၊ လျက်ဆားတို့ကို လျှာနဲ့ လျက် ပြီးတော့ သုံးဆောင်ရတာတွေကိုလဲ သတိထားပြီးတော့ လျက်ပါ၊ လျက်တယ်လို့ သတိထားပြီးတော့ ရှုမှားအားထုတ်ပါ။

ဂတေ-သွားရင်လဲ သွားတယ်၊ ဌိတေ-ရပ်ရင်လဲ ရပ်တယ်၊ နိသိန္နေ သမ္ပဇာနကာရီ ဟောတိ- ထိုင်ရင်လဲ ထိုင်တယ်၊ ထိုင်တယ်လို့ ရှုမှတ်ပါ။

သုတ္တေ သမ္ပဇာနကာရီ ဟောတိ- အိပ်ရင်လဲ အိပ်တယ်၊ အိပ်တယ်လို့ ရှုမှတ်ပါ၊ အိပ်တယ်ဆိုတာကတော့ မအိပ်ခင် မအိပ်ပျော်ခင်ကလေး ရှုရတာပေါ့၊ အိပ်ပျော်သွားရင်တော့ ရှုလို့ မရတော့ဘူး။

"ဇာဂရိတေ သမ္ပဇာနကာရီ ဟောတိ" အိပ်ရာက နိုးလာရင်လဲ နိုး တယ်၊ နိုးတယ်လို့ ရှုမှတ်ပါ။

"ဘာသိတေ သမ္ပဇာနကာရီ ဟောတိ" စကားပြောရင်လဲ ပြောတယ် ပြောတယ်လို့ ရှုမှတ်ပါ။

တုဏှိဘာဝေ-စကားမပြောဘဲ တစ်ယောက်တည်းတိတ်တိတ်ကလေး နေရင်လဲ တိတ်တိတ်ကလေး နေတယ်လို့ ရှုမှတ်ပါတဲ့။

မြတ်စွာဘုရားက ညွှန်ကြားခဲ့တာ စုံလို့ပဲ၊ ဘာလုပ်ဖို့ ညွှန်ကြားခဲ့တာလဲ။

"မှတ်ဖို့ပါ ဘုရား"

အောင်မယ် ယောဂီ ငြိမ်ချက်သား ကောင်းလိုက်တာ၊ ဘယ်သူနဲ့မှလဲ စကားမပြောဘူး၊ ချောင်ပိတ်ပြီးတော့ တိတ်တိက်ကလေး ကုပ်နေတာပဲ၊ တိတ်တိတ်ကလေး ကုပ်နေရင် ဘေးကအမြင်ကတော့ တရားမှတ်တယ် ထင်ရတာပေါ့၊ တိတ်တိတ်ကလေး ကုပ်ပြီး တောင်တွေး မြောက်တွေးကော မရှိတတ်ဘူးလား။

"ရှိတတ်ပါတယ် ဘုရား"

သူများတွေက လာခေါ်လို့ရှိရင်၊ စိတ်ကူးပျက်တယ်၊ လာမပြောနဲ့ လာလာမခေါ်နဲ့ ပြောလွှတ်တာနော်၊ သေသေချာချာ စိတ်ကူးနေတယ်၊ စိတ်ကူးတာတွေလဲပဲ သတိလွှတ်နေတာပဲ။

အဲဒီလို သတိတွေကိုလဲပဲ လွှတ်မသွားဘဲနဲ့ အမြဲတမ်း ရှုပြီးတော့နေဖို့ အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

အေး- အရာရာတိုင်း သတိထားပြီးတော့ ပြောဆို ပြုလုပ် ကြံစည် တွေးခေါ်ပါလို့ မြတ်စွာဘုရားက မိန့်ကြားထားတယ်၊ သတိလွှတ်ရမယ့်နေရာ ရယ်လို့ ရှိရဲ့လား။

"မရှိပါဘုရား"

**၁။ သတိသမ္ပဇဉ် အမြဲယှဉ် ထိုတွင်စိတ်ညွတ်ရာ။**

စိတ်ကလဲပဲ အဲဒီသတိ အမြဲတမ်း မှတ်နိုင်အောင်ဟာ ကြိုးစားမယ်ဆိုတဲ့ စိတ်ကော ညွတ်ထားဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား"

အို- ငါရိပ်သာထဲ ရောက်တော့ ပတ်ဝန်းကျင် အကဲခတ်ကြည့်တယ်၊ ဆရာတော်တွေက ဟောတာ အသေးစိတ် မှတ်တဲ့၊ အသေးစိတ်မှတ်တဲ့ ယောဂီ

တစ်ယောက်မှ မတွေ့ဘူး၊ သူလဲ ငါလို၊ ငါလဲ သူလိုပဲ၊ အဲဒီတော့ ဖြည်းဖြည်း မှ တရားရလဲ ဖြည်းဖြည်းပေါ့၊ ဘယ်တတ်နိုင်မလဲ၊ ဒါကတော့ ဘယ်အကုန်လုံး မှတ်နိုင်မတုံး။

အစက စိတ်ကမှတ်မယ်လို့ ဆိုတာ ညွတ်မထားဘူး၊ "လျှော့ရှေးနဲ့ တွက်ထားတယ်"ဆိုရင် သတိရပါ့မလား။

"မရပါ ဘုရား"

အို– သူများတွေလဲ မှတ်လိုက်ကြတာ ဆရာတော်တွေကလဲ တိုက်တွန်း ဟောကြား၊ ငါ ရအောင်ကို မှတ်မယ်၊ လွတ်ကို မသွားစေရဘူး ဆိုတဲ့ စိတ် ကလေး တင်းတင်းရင်းရင်းနဲ့ သဒ္ဓါတရား ယုံယုံကြည်ကြည် လေးစားဖို့ကော မလိုဘူးလား။

"လိုပါတယ် ဘုရား"

ကိုယ်မမှတ်နိုင်တော့ ကိုယ်မမှတ်ချင်တာနဲ့ "သေဖော်ညှိ"ဆိုတာလို သူများတွေလဲ ငါလိုပါပဲလို့ ဆိုပြီး ရောချလို့တော့ ဖြစ်ပါ့မလား။

"မဖြစ်ပါ ဘုရား"

ကဲ ဆိုကြည့်မယ်–

**၂။ မေ့သူရှောင်လွှဲ၊ သတိမြဲ၊ မှီဝဲဆည်းကပ်ပါ။**

အေး– မေ့တဲ့လူကို ရှောင်၊ သတိမြဲတဲ့လူကို မှီဝဲ၊ မေ့လျော့တဲ့ ပေါ့ဆ တဲ့ ပုဂ္ဂိုလ်တွေကို အားမကိုးနဲ့၊ လေးစားတဲ့ သတိထားတဲ့ ပုဂ္ဂိုလ်တွေကို အားကျ အတုယူပါ၊ ဒီလို မဟုတ်လား။

အဲဒါလဲပဲ သတိသမ္ဗောဇ်ပွားများခြင်းရဲ့အကြောင်းပါပဲ။

သတိသမ္ဗောဇ်ရှင် များများပွားချင်တယ်၊ တိုးတက်ချင်တယ် ဆိုရင် ဘယ်သူ့ကို ရှောင်ရမယ်။

"မေ့တဲ့သူကို ရှောင်ရပါမယ် ဘုရား"

ဘယ်သူ့ကို မှီဝဲရမယ်။

"သတိမြဲတဲ့သူကို မှီဝဲရပါမယ် ဘုရား"

အေး–သတိသမ္ဗောဇ် အမြဲတမ်း ထားရမယ်၊ သတိသမ္ဗောဇ် အမြဲတမ်း ထားနိုင်အောင် ကြိုးစားမယ်ဆိုတဲ့ စိတ်လဲ ညွတ်ကိုင်းရမယ်။

ကဲ ဆိုကြည့်မယ်–

**၃။ သတိပ္ပဋ္ဌာနရေး၊ အကြောင်းလေး၊ ညွှန်သေး ဋ္ဌကထာ။**

အဲဒါ သတိပ္ပဋ္ဌာနဖို့ရာအတွက် အဋ္ဌကထာ ညွှန်ပြတဲ့ အင်္ဂါ၄-ပါးတဲ့။ နည်းလေးပါးပေါ့။

## သမ္ပဇဉ် ၄-မျိုး

ဒါနဲ့ ပတ်သက်ပြီးတော့ ခဏခဏ ဟောနေတဲ့ သတိသမ္ပဇဉ် ၄-မျိုးဆိုတာလဲ ရှိသေးတယ်၊ သတိသမ္ပဇဉ် ၄-မျိုးကတော့ ခဏခဏ ဟောနေတဲ့အတွက်ကြောင့် အတော်ကို ပိုင်ပိုင်နိုင်နိုင် သိနေကြပါပြီ၊ ဒီတရားကွက်ထဲမှာ ပါလာတဲ့အတွက် သူလဲ ချန်ထားလို့ မဖြစ်ဘူး။

### ၁။ သာတ္ထကသမ္ပဇဉ်

**၁။ ကျိုးမရှိလား၊ ကျိုးရှိလား၊ စဉ်းစားတာက သ တ္ထက-။**

အလုပ်တစ်ခု လုပ်တော့မယ်၊ စကားပြောတော့မယ် ကြံတော့မယ် ဆိုလို့ရှိရင် ဒီအလုပ်ဟာ အကျိုးရှိတဲ့ အလုပ်လား ဦးစွာပထမ စဉ်းစားပါ၊ အကျိုးမရှိတဲ့ အလုပ်ဆိုရင် မလုပ်ဘဲ ရှောင်လိုက်ပါ၊ အကျိုးရှိတဲ့ အလုပ်ဆိုရင် ဆက်ပြီးတော့ လုပ်ပါ၊ အကျိုးရှိမရှိ ခွဲခြားပြီးတော့ သိတာဟာ သမ္ပဇဉ်တဲ့၊ သာတ္ထက သမ္ပဇဉ်တဲ့။

အကျိုးရှိတာ မရှိတာကို ဘာနဲ့တိုင်းတာပြီး သတ်မှတ်ပေးမလဲဆိုရင် ကုသိုလ်ဖြစ်တဲ့အလုပ်သည် အကျိုးရှိတဲ့အလုပ်၊ အကုသိုလ်ဖြစ်တဲ့ အလုပ်သည် အကျိုးမရှိတဲ့အလုပ်၊ အဲဒီလောက် ခွဲခြားသိရင် လုံလောက်ပါပြီ၊ မှန်ရဲ့လား။

"မှန်ပါတယ် ဘုရား"

### ၂။ သပ္ပါယသမ္ပဇဉ်

ကုသိုလ်ကောင်းကျိုးရှိတဲ့ အမှုပင် ဖြစ်သော်လဲ ပြုရန်သင့်မသင့်ကို ဆင်ခြင်ရဦးမယ်၊ ဆင်ခြင်ပြီးလျှင် သင့်လျော်မှသာ ပြုအပ်တယ်၊ မသင့်လျော်လျှင်မူ မပြုအပ်ပါ။

"ပုံစံအားဖြင့် ဘုရားစေတီတော်ကို ဖူးရန် သွားခြင်းမှာ အကျိုးရှိတဲ့ အမှုပဲ၊ ဒါပေမယ့် ပရိသတ်အများစုဝေးတဲ့ ဘုရားပွဲတော် ကာလတွင် သွားလျှင် ယောဂီအတွက် ဗုဒ္ဓါနုဿတိကုသိုလ်အရနည်းပြီး ပျော်ပွဲသဘင် ကာမ ဂုဏ်အပေါ် စိတ်ရောက်ပြီး အပြစ်ဖြစ်နိုင်တာကြောင့် မသင့်လျော်ပါ"

"နောက်ထပ် ပုံစံထုတ်ပြရလျှင် လူသေကောင်တို့၌ ရွံ့ဖွယ် အသုဘ ဟု ရှုခြင်းဟာ ရာဂမဝင်ဘဲ စိတ်တည်ငြိမ် အေးချမ်းမှု သမာဓိ ရနိုင်သဖြင့် အကျိုးရှိတဲ့အမှုပါပဲ၊ ဒါပေမယ့် မိန်းမအလောင်းကောင်၌ ယောကျ်ား အသုဘ ရှုခြင်းနှင့် ယောကျ်ားအလောင်းကောင်၌ မိန်းမ အသုဘရှုခြင်းမျိုးဟာ ယောဂီမှာ ရာဂစသည် ဖြစ်လာနိုင်တာမို့ မသင့်လျော်နိုင်ပါဘူး"

နောက်ပုံစံတစ်ခု ထုတ်ပြရလျှင် တရားဟောကြားခြင်း အမှုဟာ ကောင်းကျိုးရှိတဲ့ အမှုဖြစ်တယ်၊ ဒါပေမယ့် လောကီအစည်းအဝေးမှာပဲဖြစ်စေ၊ အလုပ်ကိစ္စများနေချိန်အခါမှာပဲ ဖြစ်စေ၊ တရားဟောတာဟာ တရားမရနိုင်တဲ့အပြင် အပြစ်တင်ဖွယ်ရှိတဲ့အတွက် ဟောကြားရန် မသင့်လျော်ပါဘူး။"

"ဒါပြင် ဆိတ်ကွယ်ရာ အရပ်တွင် မာတုဂါမ (ဝိသဘာဂ)ပုဂ္ဂိုလ်ကို တစ်ယောက်ချင်း တရားဟောကြားခြင်းဟာလဲ တရားမရဘဲ အပြစ် ဖြစ်နိုင်တာကြောင့် ဟောကြားရန် မသင့်လျော်ပါဘူး။"

ဤသို့ စသည်ဖြင့် ကုသိုလ်ကောင်းကျိုးရှိတဲ့ အမှုပင် ဖြစ်သော်လဲ ပြုလုပ်ရန် မသင့်တော်တဲ့တရား များစွာ ရှိပါတယ်၊ အဲဒါတွေကို ဆင်ခြင်သိမြင်ခြင်းဟာ သပ္ပါယသမ္ပဇဉ် မည်ပါတယ်။

၂။ သင့်တော်ရဲ့လား၊ မတော်လား၊ စဉ်းစားတာက သပ္ပါယ။

## ၃။ ဂေါစရသမ္ပဇဉ်

**၃။ နောက်တစ်ခုဆက်ဆို– ရုပ်ဓာတ်နာမ်ဓာတ်၊ စဉ်မပြတ်၊ ရှုမှတ်တာက ဂေါစရ။**

ရုပ်နာမ်တရားတွေကို သိအောင် ရှုမှတ်တယ်လို့ ဆိုတာကတော့ ခုတင်တုန်းက ပြောခဲ့တဲ့ အလုပ်ပေးတရားအတိုင်း သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ်၊ မြင်တယ်၊ ကြားတယ်၊ နံတယ်၊ စားတယ်၊ တွေ့ထိတိုင်း၊ စိတ်ကူးစဉ်းစား ကြံစည်တိုင်း တွေ့ထိတယ်၊ စိတ်ကူး စဉ်းစား ကြံစည်တယ်၊ ကွေးတိုင်း ဆန့်တိုင်း၊ ဖောင်းတိုင်း၊ ပိန်တိုင်း ဆိုတာကို မပြတ် ရှုမှတ်ပြီးတော့ နေခြင်းဟာ ဂေါစရသမ္ပဇဉ်တဲ့။

နွားတွေရဲ့ကျက်စားစရာ စားကျက်ဟာ မြက်ခင်း၊ ယောဂီရဲ့ကျက်စားရာ အာရုံဟာ သတိပဋ္ဌာန် ၄–ပါးပဲ။ ယောဂီတွေရဲ့ ကျက်စားရာ အာရုံဟာ

"သတိပဋ္ဌာန် ၄-ပါးပါ ဘုရား"

ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မဆိုတဲ့ သတိပဋ္ဌာန် ၄-ပါးမှာသာ ယောဂီရဲ့အာရုံ ကျက်စားရမယ်၊ ယောဂီဟာ အဲဒီစားကျက်ထဲမှာပဲ နေရမယ်၊ သားရေး၊ သမီးရေး၊ စီးပွားရေးဘက်၊ နိုင်ငံရေးဘက် ဘာဘက် ညာဘက်တွေ အပြင်ဘက် စိတ်တောင် မထွက်စေနဲ့၊ စကားလဲ မပြောနဲ့၊ လူလဲမသွားနဲ့၊ ဒီသတိပဋ္ဌာန် ၄-မျိုး အာရုံထဲမှာ ဘယ်သူနေရမလဲ။

"ယောဂီနေရမှာပါ ဘုရား"

အပြင်ဘက်ထွက်ရင် မာရ်နတ်ရဲ့စစ်သည်တွေ ဖမ်းပြီးတော့ ကိလေသာတွေနောက် ပါသွားပြီး တရားမရဘဲ ဖြစ်တတ်တယ်တဲ့။

## ၄။ အသမ္မောဟ သမ္ပဇဉ်

၄။ မမြဲဆင်းရဲ၊ သဘောပဲ၊ အသိကွဲတာက အသမ္မောဟ။

အဲဒီလို ရုပ်ဓာတ် နာမ်ဓာတ်တွေကို အစဉ်မပြတ် ရှုမှတ်လာလို့ရှိရင် မြင်ရတာတွေလဲ ပေါ်ပြီး ပျောက်၊ ကြားတာလေးတွေလဲ ပေါ်ပြီး ပျောက်၊ စိတ်ကူး စဉ်းစား ကြံစည်ပြီးနေတာလေးတွေလဲ ပေါ်ပြီး ပျောက်သွားတာတွေ တွေ့ရလို့ မမြဲဘူး၊ တစ်ပျက်ထဲပျက် တစ်ပျောက်ထဲပျောက် ပျောက်ပြီးတော့ နှိပ်စက်နေလို့ ဆင်းရဲတယ်။

အတ္တကောင် ငါကောင် မဟုတ်ဘူး၊ သဘောတရား သက်သက်မို့ အနတ္တဆိုတာကို တွေ့သိမြင်လာရင် အသမ္မောဟသမ္ပဇဉ်တဲ့၊ ဘာသမ္ပဇဉ်တဲ့လဲ။

"အသမ္မောဟသမ္ပဇဉ်ပါ ဘုရား"

အဲဒီလို သမ္ပဇဉ် ၄-မျိုး ရှိပါတယ်၊ ဒီလို သမ္ပဇဉ် ၄-မျိုးနဲ့ ဖြစ်ပြီးတော့ သတိပွားအောင် ကြိုးစားဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား"

ဒါတွေနဲ့ ပတ်သက်ပြီးတော့ ကျမ်းဂန်မှာ ကြည်ညိုဖွယ်ရာ အနေအားဖြင့် ရဟန်းတော်တွေကို ဦးတည်ပြီးတော့ ဟောတဲ့ တရားမို့လို့ နမူနာထုတ်ပြီးတော့ ပြထားတာကို ဆက်ပြောရဦးမယ်။

## အသွားဆောင်ရသော ရဟန်း

၁။ ဆွမ်းခံသွားတဲ့အခါ အသွားမှာသာ သတိသမ္ပဇဉ် ဆောင်ပြီးတော့ အပြန်မှာ သတိသမ္ပဇဉ် မဆောင်တဲ့ ရဟန်းက တစ်မျိုး။

မနက်စောစော အိပ်ရာထ မျက်နှာတွေ ဘာတွေသစ် အမှတ်သတိနဲ့ ပြုပြီးတော့ သပိတ်တွေ သင်္ကန်းတွေ ပြင်ဝတ်တာတွေကလဲပဲ သတိသမ္ပဇဉ် ဉာဏ်နဲ့ အကုန်လုံး မှတ်ပြီးတော့ အမှတ်သတိကလေးတွေနဲ့ ဆွမ်းခံကြွသွားတယ်တဲ့။

ဆွမ်းခံရွာ၊ ဆွမ်းခံအိမ်တွေ ရောက်လို့၊ ဆွမ်းခံ ဘုဉ်းပေးတဲ့အခါ သတိနဲ့ ဘုဉ်းပေးတယ်တဲ့။

မြတ်စွာဘုရားလက်ထက်တို့ သီဟိုဠ်ခေတ်တို့မှာတော့ ရွာထဲတို့ ရွာပြင်တို့ဘက်မှာ ဆွမ်းစားဇရပ်တွေ ဆောက်ထားတာရှိတယ်၊ ဆွမ်းအလှူခံပြီးရင် အဲဒီဇရပ်တွေမှာ ဘုဉ်းပေးလို့ ရတယ်။

အဲဒီလို ဇရပ်မျိုးတွေမှာ ဘုဉ်းပေးပြီး အနုမောဒနာ ပြုပြီး ပြန်ကြွလာတဲ့ အခါကျတော့ အမှတ်သတိ မပါတော့ဘူး၊ ဗိုက်ထဲက တောင့်တင်းလာတော့ ကျောင်းသားတွေ ကိုရင်တွေနဲ့ အပေါင်းအသင်းတွေနဲ့ ဟေးလားဝါးလားနဲ့ စကားပြောပြီးတော့ ပြန်လာတဲ့ ရဟန်းမျိုးကို အသွားမှာတင် သတိသမ္ပဇဉ် ဆောင်ပြီး အပြန်မှာ သတိသမ္ပဇဉ် မဆောင်တဲ့ ရဟန်းလို့ ဆိုပါတယ်။

## အပြန်ဆောင်သော ရဟန်း

၂။ အသွားမှာ သတိသမ္ပဇဉ် မပါဘဲ အပြန်မှာ သတိသမ္ပဇဉ်ပါတဲ့ ရဟန်းတစ်မျိုးတဲ့။

မနက် အိပ်ရာထ မိုးလင်းတဲ့အခါ ဝမ်းမီးတွေက တောက်ပြီးတော့ လေနာတွေက ထိုးတဲ့အတွက် ဝမ်းထဲမှာ ပူပြီးတော့ ဆာလောင်တော်မွတ်မှုတွေက သိပ်နှိပ်စက်နေတော့ မျက်နှာသစ်ပြီး သပိတ်ကလေး ကပျာကယာယူ သုတ်သုတ် သုတ်သုတ်နဲ့ အဲဒီအချိန်ကစပြီးတော့ အမှတ် မှတ်မသွားဘူး၊ ဒကာ ဒကာမတွေ လှူဒါန်းတဲ့ဆွမ်း အလှူခံပြီးတော့ ဝမ်းမီးငြိမ်းသွားအောင် ယာဂုလေး မုန့်ခဲဘွယ်လေး သုံးဆောင်လိုက်ပြီးတဲ့ အချိန်ကျတော့မှ လေတွေဘာတွေ ငြိမ်ပြီး နေသာထိုင်သာရှိတဲ့ အချိန်က စပြီးတော့ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်

ကြွတယ်၊ ချတယ်ဆိုပြီး အပြန်ကျမှ အမှတ်နဲ့ ပြန်လာတယ်၊ အသွားတုန်းကတော့ သုတ်သုတ် သုတ်သုတ်နဲ့ အမှတ်မပါဘူး မဟုတ်လား။

မုန့်ဟင်းခါးတွေ ကျွေးတယ်ဆိုပြီး တစ်ခါတည်း တုံးခေါက်လိုက်တယ်ဆိုတဲ့ အချိန်ကစပြီးတော့ ရှေ့က ယောဂီတွေ နေ့းတယ်လို့ ထင်ပြီးတော့ သုတ်သုတ် သုတ်သုတ်နဲ့ တစ်ခါတည်း အမှတ်မပါဘဲနဲ့ သွား၊ ဟိုကျမှ စားပြီးတော့ အမှတ်ပြန်မှတ်တဲ့သဘောပေါ့နော်၊ ထားလိုက်ပါတော့။

၃။ နောက်ပြီးတော့ အသွားရော အပြန်ပါ သတိသမ္ပဇဉ်ပါတဲ့ ရဟန်းတစ်မျိုး။

၄။ အသွားရော၊ အပြန်ပါ သတိသမ္ပဇဉ် ဆိုတာကို ဘယ်တော့မှ ရှုပွားခြင်းမရှိဘဲနဲ့ ဖာသိဖာသာ ပေါ့တီးပေါ့ပျက်နေတဲ့ ရဟန်းကတစ်မျိုး ဘယ်နှစ်မျိုး ရှိသလဲဆိုတော့ ၄-မျိုး ရှိတယ်။

၁။ အသွားသာဆောင်၊ ပြန်သာဆောင်၊ မဆောင်၊ ဆောင်လေးဖြာ။

အဲဒါ အသွားသာ ဆောင်ဆိုသောအားဖြင့် အပြန် မဆောင်ဘူးဆိုတာ ထင်ရှားတယ်။

အပြန်သာ ဆောင်ဆိုသောအားဖြင့် အသွားတုန်းက မဆောင်ဘူးဆိုတာ ထင်ရှားပါတယ်။

မဆောင်ဆိုသောအားဖြင့် အသွားရော အပြန်ရော မဆောင်ဘူး။

ဆောင်ဆိုသောအားဖြင့် အသွားရော၊ အပြန်ရော ဆောင်တယ်ပေါ့။

ကဲ ဆိုကြည့်မယ်-

၂။သွားပြန်မဆောင်၊ သာသနာဘောင်၊ ရှိတောင် မရှိသင့်ပါ။

ရိပ်သာထဲမှာ အလုပ်ပေး တရားနာ ယောဂီအဖြစ် ခံယူပြီး အသွားလဲ တရားမပါ၊ အပြန်လဲ တရားမပါ၊ ပေါ့တီးပေါ့ဆနေတယ်ဆိုတဲ့ ပုဂ္ဂိုလ်မျိုးကတော့ သာသနာ့ရိပ်သာထဲမှာ မရှိသင့်ပါဘူး။

## ကြောင်ငါးချောင်းစူးနေတယ်

"ရတနာသုံးပါး၊ သိက္ခာများ၊ ယုံမှား မျက်ထွက် သိ တင်းသုံးဖော်"

အဲဒီပုဂ္ဂိုလ်တွေက အသွားလဲ တရားမပါ၊ အပြန်လဲ တရားမပါ၊ ဘယ်တော့မှ တရားကို လေးလေးစ ားး ရှုမှတ်မှု မရှိပါဘဲနဲ့ မေ့မေ့လျော့လျော့

နေပြီဆိုလို့ရှိရင် သူတို့က တရားကို စိတ်ထဲမှာ အလေးအနက် မထားတော့ မြတ်စွာဘုရားအပေါ် ယုံကြည်မှု အားနည်းလာတယ်၊ သဗ္ဗညုတဉာဏ်ရှင် ဗုဒ္ဓဂေါတမဆိုတာ ဟုတ်မှာ မဟုတ်ဘူး၊ အဋ္ဌကထာဆရာတွေ အမွှန်းတင် ကွန့်တာပါ၊ လူသားထဲမှာ ပညာတော် ထူးချွန်တဲ့ ပုဂ္ဂိုလ်တစ်ဦးလောက်ပဲ ဖြစ်မှာပါပဲ၊

တရားဆိုတာကလဲ သံဂါယနာ (၆)ကြိမ်တင်ပြီးတော့ နှစ်ပေါင်း (၂၅၀၀)ကျော်နေပေါ့၊ ဒီအချိန်ကြီးထိ အမှန်ဆိုတာ ရှိနိုင်တော့မှာ မဟုတ်ပါဘူး၊ လူတွေက ကြံဖန်ရေးထည့်ထားတဲ့ စာတွေနဲ့ တူပါတယ်၊ ဒီတရားတွေက ဟုတ်ချင်မှ ဟုတ်မှာပါ။

သံဃာတော်တွေဆိုတာဟာလဲ ဒီလောက်ကြာတော့ အဆက်ပြတ်ရောပေါ့၊ အခု သံဃာတော်တွေက သံဃာစစ် သံဃာမှန်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ဝိနည်းသိက္ခာပုဒ်တွေဆိုတာကလဲ ဘုရားပညတ်တယ်ဆိုတာ မဖြစ်နိုင်ပါဘူး၊ ကြံဖန်ရေးထားတာနဲ့ တူပါတယ်ဆိုပြီး ဘုရားကို ယုံမှား၊ တရားကို ယုံမှား၊ သံဃာတော်တွေကို ယုံမှားတယ်၊ ဟိုဝေဖန် ဒီဝေဖန် အကျင့်သိက္ခာတွေကို စော်ကားမော်ကားပြော၊ ငြင်းကြ ခုံကြ များရာကို လိုက်ပြော၊ ငါတို့ပြောတာ မှန်တယ် မင်းတို့က တိတ္ထိတွေ၊ ဘာဖြစ်တယ် ညာဖြစ်တယ် ဆိုပြီး ရန်တွေ ဖြစ်ကြတယ်။

အဲဒီလို ပုဂ္ဂိုလ်မျိုးကို–

၁။ရတနာသုံးပါး၊ သိက္ခာများ၊ ယုံမှား အမျက်ထွက်၊ သီတင်းသုံးဖော်။

၂။စေတောခိလ၊ ခေါ်ဆိုရ ငါးဝကြောင့်စူးသော်–တဲ့။

ဘုရားမယုံခြင်း ငြောင့်တစ်ချောင်း၊ တရားမယုံခြင်း ငြောင့်တစ်ချောင်း၊ သံဃာမယုံခြင်း ငြောင့်တစ်ချောင်း၊ အကျင့်သိက္ခာ၌ ယုံမှားခြင်း ငြောင့်တစ်ချောင်း၊ အချင်းချင်း ရန်ဖြစ်ပြီး ဒေါသထွက်နေခြင်း ငြောင့်တစ်ချောင်း၊ ငြောင့်ငါးချောင်းစူးနေတယ်တဲ့၊ ဒါကြောင့် ဒီလို ပုဂ္ဂိုလ်မျိုးတွေ သာသနာ့ဘောင်မှာ မရှိသင့်ဘူး။

## ကြိုး၅-ချောင်း အချည်ခံရတဲ့ ပုဂ္ဂိုလ်

၁။ ကာမဂုဏ်ခင်၊ မိမိတွင်၊ အပြင်ဗဟိဒ္ဓ ခင်တွယ်သူ။

၂။ စားအိပ်ဇိမ်ခံ၊ နတ်ဖြစ်ရန်၊ ရည်သန်ကျေနပ်သူ။

၃။ စေတောဝိနိဗန်၊ ကြိုးငါးတန်၊ ချည်ခံနေရသူ။

အဲဒီလို တရားလက်လွှတ်နေတဲ့ ပုဂ္ဂိုလ်တွေ သာသနာမှာ တရားကျင့်ကောင်းတယ်လို့တောင်မှ စိတ်ထဲမှာ မထားပဲနဲ့ ဓုရနိပေက္ခ စာပေကျမ်းဂန်သင်အံ့လေ့ကျင့်ခြင်း ဆိုတဲ့ ဂန္ထဓုရတာဝန်ကိုလဲပဲ မထမ်းဆောင်၊ ဝိပဿနာဓုရတရားအားထုတ်မှု တရားဟောပြမှု တာဝန်ကိုလဲပဲ မထမ်းဆောင် သာသနာ့တာဝန်တွေကို ချပြီးတော့ သာသနာတွင်းမှာ သင်္ကန်းဝတ်ပြီးတော့ ပေါ့ပေါ့တန်တန်နေ၊ အပျော်အပါး လိုက်စား၊ သူများတကာ လှူတာ တန်းတာလေးကိုလွယ်လွယ်ရယူပြီးတော့ စားပြီးအိပ် အိပ်ပြီးစား ဇိမ်ခံပြီးတော့ နေတယ်။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိဆိုတဲ့ အာရုံငါးပါး ကာမဂုဏ်တရားတွေပေါ်မှာ လူတွေ ပျော်ချင်သလို လူတွေ ခံစားချင်သလို စိတ်ကူးယဉ်ပြီးတော့ ကာမစိတ်တွေသာ ပွားပြီးနေတယ်။

မိမိခန္ဓာကိုယ်ပေါ်မှာလဲပဲ သာယာနှစ်သက်ပြီးတော့ တသသနဲ့ အလှကြည့်ရှုပြီး၊ သူတစ်ပါးတွေ အပေါ်မှာလဲ ခင်တွယ်ပြီး သံယောဇဉ်တွေပွားပြီးနေတယ်-တဲ့။

အဲဒီလိုပုဂ္ဂိုလ်တွေကိုတော့ဖြင့် ကြိုးငါးချောင်းနဲ့ အချည်ခံရတဲ့ စေတောဝိနိဗန္ဓပုဂ္ဂိုလ်လို့ ခေါ်တယ်။

## ဂတ ပစ္စာဂတိကပုဂ္ဂိုလ်

ကဲ ဆိုကြည့်မယ်-

သွားပြန်ဆောင်ရ၊ ကျိုးများလှ၊ ဂတပစ္စာဂတိက ကျင့်မှန်သူ။

အဲဒီလို ပုဂ္ဂိုလ်တွေကတော့ အသွားအပြန်ပါ သတိသမ္ပဇဉ်နဲ့ ထားပြီး အမြဲတမ်း ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်တွေကတော့ သာသနာတော်မှာ စုပြီး အချင်းချင်း ဩဝါဒပေး၊ ကျင့်ဝတ်တွေထားပြီးတော့ တရားအားထုတ်နေတဲ့ အရှင်မြတ်တွေတဲ့၊ အခု သာသနာ့ရိပ်သာက သံဃာတော်တွေလိုပေါ့။

ကြွေးပူရှောင်မှန်း– ရဟန်းမပြုပါ၊
မင်းဘေးရှောင်မှန်း– ရဟန်းမပြုပါ၊
သက်မွေးရှောင်မှန်း– ရဟန်းမပြုပါ၊
ဝဋ်ကင်းရေး–မျှော်တွေး– ရဟန်းပြုပါ။

ကြွေးတင်တဲ့ အတွက်ကြောင့် လူ့လောကမှာ ကြွေးတွေပူလို့ အမှုဖြစ်တော့မယ်၊ ထောင်ကျတော့မယ် သိတာနဲ့ ကြောက်လန့်ပြီးတော့ သင်္ကန်းဝတ်ရှောင်တိမ်းနေရင်း သင်္ကန်းဝတ်တဲ့ ပုဂ္ဂိုလ်မျိုး မဟုတ်ဘူးတဲ့။

ရာဇဝတ်မှုကို ရှောင်လိုတဲ့အတွက်ကြောင့် သင်္ကန်းဝတ်နေတဲ့ ပုဂ္ဂိုလ်မျိုးလဲ မဟုတ်ဘူး။

လူ့ပြည်လောကမှာ အသက်မွေးဝမ်းကျောင်း ကျပ်တည်းတဲ့အတွက်ကြောင့် အလုပ်အကိုင် အဆင်မပြေလို့ အချောင်စားရအောင် ဆိုပြီး သင်္ကန်းဝတ်လာတဲ့ ပုဂ္ဂိုလ်လဲ မဟုတ်ဘူး။

အခု သင်္ကန်းဝတ်နေသူတွေ ယောဂီဝတ်နေသူတွေဆိုတာ သံသရာဝဋ်မှ ကျွတ်ချင်လို့ သင်္ကန်းဝတ်နေကြတာ ယောဂီဝတ်နေကြတာ မှန်ရဲ့လား။

"မှန်ပါ ဘုရား"

အဲလို ကိုယ့်ကိုကိုယ် သတိပေးရတယ်၊ ကဲ ဆိုကြည့်မယ်။

ရဟန်းပြုရုံမှ– ဝဋ်မှမလွတ်ပါ၊
ကိလေပါယ်မှ– ဝဋ်ကလွတ်မှာ၊
ခုချက်ချင်းမှတ်– ခုပြတ် ကိလေသာ၊
ကြွေးမထား– လေးစားဘာဝနာ။

သံသရာဝတ်က လွတ်ချင်လို့ ရဟန်းဝတ်တယ်၊ ယောဂီဝတ်တယ်ဆိုလို့ရှိရင် ရဟန်းဝတ်ရုံ ယောဂီဝတ်ရုံနဲ့ သံသရာဝဋ်က မလွတ်ဘူး၊ ကိလေသာတွေကိုပယ်နိုင်မှ သံသရာဝဋ်က လွတ်မယ်။

ကိလေသာဝဋ်ပယ်ချင်ရင် ခုချက်ချင်း ဖြစ်ပေါ်လာတဲ့ ရုပ်နာမ်တွေကိုခုချက်ချင်း ရှုမှတ်ပြီးတော့ ပယ်ပါ၊ အကြွေးမထားပါနဲ့၊ ဘာဝနာကို လေးလေးစားစား လက်ငင်း ကြိုးစား အားထုတ်သွားရင် ခုရှု ခုငြိမ်းနိုင်တဲ့ သန္ဒိဋ္ဌိကဂုဏ်၊ အကာလိကဂုဏ်နဲ့ ပြည့်စုံတဲ့ တရားတော် ဖြစ်တယ်။

အဲဒီလို တရားကို အလေးပြုပြီးတော့ ရှုမှတ်နေတဲ့ ပုဂ္ဂိုလ်တွေဟာ အသွားအပြန် သမ္ပဇဉ်ပါတဲ့ ဂတပစ္စာဂတိက ပုဂ္ဂိုလ်လို့ ခေါ်တယ်။

ကဲ ဆိုကြည့်မယ်–

**မဟာဖုဿဒေဝထေရ်ဝတ္ထု**

အရညကကျောင်းက– မဟာဖုဿဒေဝထေရ်၊
မျက်စိလည်လား– ထင်မှားရပေ၊
ဂတပစ္စာဂတိက– သမ္မဇညကျင့်နေ၊
နှစ်ဆယ်နှစ်– မှန်ဖြစ် ရဟန္တာပေ။

**ငါမျက်စိ မလည်ဘူး**

အရညကကျောင်းမှာနေဟဲ့ မဟာဖုဿဒေဝထေရ်ဆိုတာ ဂတပစ္စာဂတိက ကျင့်ဝတ်ကို ကျင့်ပြီးတော့ ဆွမ်းခံကြွတယ်၊ တောရကျောင်းမှာနေပြီး မြို့ထဲရွာထဲ ဆွမ်းခံစား၊ တောရကျောင်းနဲ့ ရွာနဲ့ဆိုတာ တစ်မိုင်၊ နှစ်မိုင်လောက် ဝေးတာ၊ ဘာမှဝေးတာမဟုတ်ဘူး၊ တစ်နာရီလောက် သွားရင်ရတာ နေထွက်တစ်ပြံုတည်းက စထွက်သွားတာ၊ နေထန်းတစ်ဖျားထိအောင် ဒီကိုယ်တော် ရွာထဲမရောက်ဘဲ နောက်ပြန်လည်နေတယ်။

လယ်ထွန်တဲ့ယောကျ်ားက သွားပြီး ရှိခိုးတယ်၊“အရှင်ဘုရား ဘယ်များ သွားချင်လို့တုန်း၊ တစ်နေ့ကုန်လုံး ရှေ့ကို မရောက်ဘူး၊ နောက်ချည်း ပြန်ပြန် ရောက်နေတယ်၊ အရှင်ဘုရား မျက်စိလည်နေတယ်ထင်တယ်၊ တပည့် တော် လမ်းပြပါ့မယ်ဘုရား။”

“ဒကာလေး၊ဘုန်းကြီး မျက်စိမလည်ဘူး၊ ဂတပစ္စာဂတိကဆိုတဲ့အသွား အပြန် ဆွမ်းခံရင်း တရားဆောင်တဲ့ အကျင့်ကို ကျင့်နေတာ၊ သတိ မပါဘဲ တစ်လှမ်းမှ မသွားဘူး၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ ကြွတယ်၊ ချတယ် နဲ့ တရားမှတ်ပြီးတော့ လျှောက်နေတာ၊ ဒီတရားမှတ်ရင်း သွားရင်း လာရင်း နဲ့ သတိက လွှတ်လွှတ်ပြီးတော့ ဝါးတစ်ရိုက်လောက်စာ ဝါးတစ်ရိုက်လောက်စာ အမှတ်မပါဘဲနဲ့ သွားမိတယ်၊ အဲဒီ သွားမိခဲ့တဲ့ လွှတ်ခဲ့တဲ့ နေရာလောက် မှန်းဆပြီး နောက်ပြန်လျှောက်၊ အဲဒီနေရာကမှစပြီး ရပ်တယ်၊ ရပ်တယ်၊ သွားချင်တယ်၊ သွားချင်တယ်၊ ညာလှမ်းတယ် ဘယ်လှမ်းတယ် စသည်ဖြင့် ဒီလို ပြန်ပြန်မှတ်နေတာ၊အဲဒီလို ရှုမှတ်ရင်း တော်ကြာ သတိက လွှတ်သွား၊ လွှတ်သွားတော့ လွှတ်ခဲ့တဲ့နေရာ နောက်တစ်ခေါက် ပြန်လျှောက်၊ ဆက်ပြီး

အဲဒီကနေ ပြန်မှတ်ရတာ၊ ဒါကြောင့် ဒီနေ့မနက် ဆွမ်းခံတော်တော်နဲ့ မရောက်ဘူး၊ ဒီလိုပြောတယ်။

"ကြည်ညိုစရာ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

"အတုယူစရာ မကောင်းဘူးလား"

"ကောင်းပါတယ် ဘုရား"

တစ်ခါတလေ ဒို့တရားနာပရိသတ်တွေ တရားအားထုတ်တဲ့ ယောဂီတွေ ဒီလို သတိလွတ်တာတွေ ရှိတတ်ပါတယ်၊ ဥပမာ– ဖိနပ်စီးပြီးမှ သတိလွတ်တယ် ဆိုပါတော့၊ အမှတ်လွတ်နေပါလားဆိုပြီး ဖိနပ်ပြန်ချွတ်၊ ချွတ်ပြီးတော့ ရပ်တယ်၊ ရပ်တယ်၊ ဖိနပ်စီးချင်တယ်၊ ညာဘက်ခြေထောက် ကြွတယ်၊ ရွှေ့ချင်တယ်၊ ရွှေ့တယ်၊ ဖိနပ်ပေါ် နင်းချတော့ နင်းတယ်၊ ချတယ်၊ ညှပ်တယ်၊ ဖိနပ်စီးတယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် စသည်ဖြင့် ဒီလိုမှတ်နေဖို့ မလိုဘူးလား။ "လိုပါတယ် ဘုရား"

အေး– ထီးလေးကိုင်ပြီးတော့မှ အမှတ်မရဘူး ဆိုရင် ထီးကို ပြန်ချပြီးတော့ အစကနေ ပြန်မှတ်၊ ဒီလိုမှတ်ပေးလို့ရှိရင် သတိတွေက မြဲမြဲ မလာပေဘူးလား။ "မြဲလာပါတယ် ဘုရား"

"ကြိုးစားရင် ဘုရားဖြစ်တယ်"ဆိုတဲ့ စာဆိုတောင် ရှိသေးတာပဲ။

တကယ်ကြိုးစားမှတ်ရင် တရားမရနိုင်ပေဘူးလား။

"ရနိုင်ပါတယ် ဘုရား"

အဲဒီလို ကျင့်နေတာ သိတဲ့အတွက် လယ်ထွန်ယောကျ်ားက ရှိခိုးပြီး–

"အရှင်ဘုရားတို့ဟာ သိပ်ပြီးတော့ ကြည်ညိုစရာ ကောင်းတယ်ဘုရား" လို့ ကောင်းချီးပေးတယ်တဲ့။

အဲဒီမထေရ်ဟာ အနှစ် ၂၀–ကြာ အဲဒီအကျင့်ကို ကျင့်တဲ့အတွက် နှစ် ၂၀ပြည့်တဲ့အခါ ရဟန္တာ ဖြစ်သွားတယ်–တဲ့၊ မဖြစ်ထိုက်ပေဘူးလား။

"ဖြစ်ထိုက်ပါတယ် ဘုရား"

ယောဂီတွေနဲ့ သိပ်မကွာဘူး၊ နင်လား ငါလားနော်၊ နည်းနည်းသီကာ ပွတ်ကာလေး ကွာတယ်၊ အေး ဒီလို ကျင့်ပေးဖို့ အရေးကြီးတယ်။

ကဲ ဆိုကြည့်မယ်–

## မဟာနာဂမထေရ်

ကာလဝလ္လိမဏ္ဍပ်ကျောင်းက- မဟာနာဂထေရ်၊
ကျင့် ဆယ့်ခြောက်နှစ်- မှန်ဖြစ်အရိယာ၊
ကမ္ဗလဆိပ်ကမ်းကျောင်း- ကိန်းအောင်းရဟန်းတွေ၊
သုံးလတွင်း- ဖြစ်ခြင်းရဟန္တာပေ။

ကာလဝလ္လိမဏ္ဍပ်ကျောင်းမှာနေတဲ့ မဟာနာဂမထေရ်ကတော့ မြတ်စွာဘုရားနဲ့ ဒုက္ကရစရိယာအကျင့်ကို ပူဇော်တဲ့ အနေနဲ့ အိပ်ခြင်းကို ပယ်ပြီးတော့ သွားခြင်း၊ ရပ်ခြင်း၊ ထိုင်ခြင်းဆိုတဲ့ ဣရိယာပုတ်သုံးပါးနဲ့ နေပြီးတော့ နိသဇ္ဇ ဓုတင်ဆောင် တရားကျင့်တယ်။

ဒို့ယောဂီတွေ နှစ်နဲ့ချီပြီးတော့ ဒီနိသဇ္ဇဓုတင် မဆောင်နိုင်ဘူး၊ တစ်ရက် နှစ်ရက်လောက်တော့ နမူနာအဖြစ် ဆောင်ဖို့ကောင်းတယ်၊ တစ်ရက် နှစ်ရက် မဟုတ်တောင်မှ နေ့ပိုင်းလောက် ညပိုင်းလောက်တော့ ဆောင်ကြည့်ဖို့ ကောင်းတယ်။

နိသဇ္ဇဓုတင်ဆိုတာလဲ (၂၄)နာရီလောက် ဆောင်မှ သဘာဝကျတာ၊ ဒီနေ့မနက်(၆)နာရီကနေပြီး နက်ဖြန်ခါမနက် (၆)နာရီလောက်အထိ ကျောနဲ့ ကြမ်းပြင် မခင်းဘဲနဲ့ ထိုင်ခြင်း၊ ရပ်ခြင်း၊ သွားခြင်းဖြင့် တရားမှတ်ပြီးတော့ နေတာပဲ၊ အဲဒီလောက်ကျင့်လို့ရှိရင် တရားတက်မလာနိုင်ပေဘူးလား။

"တက်လာနိုင်ပါတယ် ဘုရား"

တရားမတက်ဘဲနဲ့ တော်ကြာငိုက်နေတာနဲ့ ခက်နေဦးမယ်၊ ငိုက်ရင်လဲ ပျောက်အောင် မှတ်ပေးရတာပေါ့။

## ကမ္ဗလသစ်မ်းကျောင်းက ရဟန်းများ

ကမ္ဗလသစ်မ်းကျောင်းမှာ နေတဲ့ ရဟန်းတော်တွေဟာ ရေငုံပြီးတော့ ဆွမ်းခံကြွ လမ်းမှာ စကားမပြောမိအောင် ရေငုံပြီး ကြွကြတယ်၊ အချင်းချင်း ကတိကဝတ် ထားပြီး တရားကျင့်ကြတာ အသွားရောအပြန်ပါ ကျင့်ကြတာ။ သူတို့လဲပဲ ဝါမကျွတ်ခင် ဝါတွင်းမှာ ရဟန္တာဖြစ်ကြပါတယ်။

ယခုဟောခဲ့တဲ့ သုဗြဟ္မသုတ္တန် ပဌမပိုင်း သတိသမ္ပဇဉ် တရားကို နာကြားရတဲ့ ကုသိုလ် စေတနာတို့ကြောင့် ဤတရားတော်လာတိုင်း လိုက်နာ

ကျင့်ကြံကြိုးစား အားထုတ်နိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု- သာဓု- သာဓု"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၆)

### စကားဦး

ဒီနေ့ရက်စွဲက သာသနာနှစ်၂၅၃၄–ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ မိုးဥတုဝါတွင်းကာလ တော်သလင်းလဆန်း ၁၃–ရက်နေ့ ဖြစ်တယ်။

ဌာနက ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံ ဖြစ်ပါတယ်။

မဟာစည် ရဟန်းရှင်လူ ယောဂီများအား ဘုန်းကြီး ဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန် တရားတော် ဆဋ္ဌမပိုင်း ဖြစ်ပါတယ်၊ ယခု ယဉ်ကျေးမှု ဘုရားရှိခိုးနဲ့ တရားပွဲကို ဖွင့်ပါမယ်။

### ယဉ်ကျေးမှု ဘုရားရှိခိုး

ဒန္တော သော ဘဂဝါ၊
ဒမထာယ ဓမ္မံ ဒေသေတိ၊
တံ ဘဂဝန္တံ အဟံဝန္ဒာမိ။

သောဘဂဝါ–အကျွန်ုပ်တို့ အများ၏ အားထား ကိုးကွယ်ရာ ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ဒန္တော–မြင်ကြားတွေ့ရာ ကြုံသိရာမှ ကိလေသာ အညစ်အကြေး ကင်းစင်ဝေးလျက် ယဉ်ကျေးတော်မူပြီးသည်ဖြစ်၍၊ ဒမထာယ–သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူပင် ယဉ်ကျေးကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ–ယဉ်ကျေးစေရန် တရားမှန်ကို၊ ဒေသေတိ–ကရုဏာ ရှေ့ထား

ပညာအားဖြင့် ဟောကြားတော်မူပါပေ၏၊ တံ ဘဂဝန္တံ-သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ-ဘုရားဂုဏ်ကို ယုံကြည်ကိုးစား တန်ဖိုးထားသော အကျွန်ုပ်တို့သည်၊ ဝန္ဒာမိ-ယုံကြည်မြတ်နိုး လက်အုပ်မိုး၍ ရှိခိုး ပူဇော်ပါ၏ မြတ်စွာဘုရား။ "သာဓု-သာဓု-သာဓု"

## ဓမ္မဝိစယ သမ္ဗောဇ္ဈင်

ဒီ-ဓမ္မဝိစယသမ္ဗောဇ္ဈင်နဲ့ပတ်သက်ပြီးတော့ ကျမ်းဂန်များမှာ-

ပဝိစိနန လက္ခဏော ဓမ္မဝိစယော၊
ဝိသယောဘာသန ရသော၊
အသမ္မောဟ ပစ္စုပဋ္ဌာနော-

လို့ ပြဆိုထားကြတယ်။

ဒီ-ဓမ္မဝိစယသမ္ဗောဇ္ဈင်အပေါင်းကို သိရအောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး စီစဉ်ထားတဲ့ သံပေါက် ရှိတယ်၊ လိုက်ဆိုပါ။

## ရုပ်နာမ် ကွဲတယ် ဆိုတာ

* ရုပ်နာမ်ခွဲခြမ်း၊ စူးစမ်းသိသည်၊ သဘောမှန်များ ထင်ရှားစေသည်၊
* တွေဝေမှုကင်း၊ ရှင်းလင်းသိသည်၊ ဓမ္မဝိ-မှတ်သိ ဗောဇ္ဈင်မည်။

ဒီ့တရားနာ ယောဂီတွေ ကျင့်ကြံ ကြိုးစား အားထုတ်နေတဲ့ သတိပဋ္ဌာန် ဝိပဿနာတရား၊ အဲဒီတရားကို ရှုပွားတဲ့အခါမှာ ဒွါရအာရုံဆုံပြီး ပေါ်လာတဲ့ တရားတွေကို ရှုမှတ်ရမယ်။

မြင်ရင် မြင်တယ်၊ ကြားရင် ကြားတယ်၊ နံရင် နံတယ်၊ တွေ့ထိရင် တွေ့ထိတယ်၊ စိတ်ကူး စဉ်းစားတယ်၊ ကြံစည်တယ်၊ ရှုကြတယ်။

ဦးစွာ ပထမ ထင်ရှားရာက စပြီး ရှုမှတ်ရမယ်ဆိုတဲ့အတိုင်း ဝင်လေ ထွက်လေဆိုတဲ့ ဝါယောဖောဋ္ဌဗ္ဗရုပ်လေနဲ့ ကာယပသာဒခေါ်တဲ့ ဝမ်းဗိုက်နဲ့ တွေ့ထိတဲ့အခါ တောင့်တင်းလှုပ်ရှားမှု ဝါယောဖောဋ္ဌဗ္ဗရုပ်၊ လေရဲ့ တောင့်တင်း လှုပ်ရှားမှုတွေကို ဖောင်းရင် ဖောင်းတယ်၊ ပိန်ရင် ပိန်တယ်လို့ ရှု၊ အဲဒီလို ဖောင်းတယ် ပိန်တယ်လို့ ရှုမှတ်ပြီးတော့ မျက်စိထဲက မြင်ရင်မြင်တယ် ရှု၊ ပျောက်သွားရင် ဖောင်းတယ် ပိန်တယ်၊ နားထဲက ကြားရင် ကြားတယ်ရှု၊ ပျောက်သွားရင်လဲ ဖောင်းတယ်ပိန်တယ် ပြန်ရှု။

ဒွါရနဲ့အာရုံဆုံတိုင်း ပေါ်သမျှတွေကို လိုက်ရှုပြီး တခြားရှုစရာ ထင်ထင်ရှားရှား ရရင် ဖောင်းတယ် ပိန်တယ်ရှု၊ အဲဒီလို ရှုခိုင်းထားတယ်။

အဲဒီလိုရှုမှတ်ပြီး နိဝရဏ၅-ပါး ကင်းစင်သွားတော့ ရှုမှတ်ရာအာရုံမှာသာ စိတ်ကလေး ကပ်လျက်ကပ်လျက် တည်ပြီးတော့ သိသိပြီးတော့နေတဲ့ သဘောဟာ စိတ္တဝိသုဒ္ဓိ ဖြစ်တယ်လို့ ခေါ်တယ်။

အဲဒီ စိတ္တဝိသုဒ္ဓိ ဖြစ်လာတဲ့အခါကျတော့ ရှုမှတ်စရာ၊ ဖောင်းတာက တစ်မျိုး၊ ရှုမှတ်စရာပိန်တာက တစ်မျိုး၊ ရှုမှတ်စရာဖောင်းတာက တစ်ခု၊ ရှုမှတ်တာ နာမ်က တစ်ခု၊ ရှုမှတ်စရာပိန်တာက တစ်ခု၊ ရှုမှတ်တာအသိနာမ်က တစ်ခု နှစ်မျိုး ကွဲကွဲပြားပြား သိပြီးသွားတယ်။

ထရံကို ခနဲ့ပေါက်တဲ့အခါ ဒေါက်ခနဲ သွားမှန်ပြီးတော့ ခဲတခြား ထရံတခြား ကွဲပြားသွားသလို ဖောင်းတယ် ပိန်တယ်လို့ မှတ်တဲ့အခါမှာ ပစ်လိုက်တဲ့ ခဲနဲ့တူတဲ့ ဖောင်းတဲ့ အမှတ်သတိနာမ်၊ ထရံနဲ့တူတဲ့ ဝမ်းဗိုက်နဲ့ သွားပြီး တွေ့ထိတဲ့အခါမှာ အမှတ်ခံ ဝမ်းဗိုက်ဖောင်းတာက တစ်ခု၊ မှတ်သိတဲ့ နာမ် သတိက တစ်ခု၊ အမှတ်ခံ ပိန်တာက တစ်ခု၊ မှတ်သိတဲ့ နာမ်သတိက တစ်ခု၊ အဲဒီနှစ်မျိုး ကွဲကွဲပြားပြားဖြစ်ပြီးတော့ ဖောင်းပိန်နေတာက သပ်သပ်၊ နှစ်မျိုး ကွဲကွဲပြားပြား သိပြီးတော့လာရင် ဒါ ရုပ်နာမ်ကွဲတယ် ခေါ်တယ်။

ဒီလို မှတ်စရာနဲ့ မှတ်တာ၊ ရှုကွက်နဲ့ရှုချက်၊ အရှုခံနဲ့ ရှုနာမ်၊ နှစ်မျိုး ကွဲကွဲပြားပြား ဖြစ်ပြီးတော့ သိသိသွားတဲ့ သဘောကို ရုပ်နာမ်လို့ ခေါ်တယ်။

အဲဒီလို ရုပ်နာမ်ကို ခွဲခြားပြီးတော့ သိလိုက်တဲ့ အသိကလေးသည် ဓမ္မဝိစယ သမ္ဗောဇ္ဈင်တဲ့။

## တွေဝေမှု ကင်းရှင်းပြီး ရှင်းလင်းစွာ သိရ

နောက်ပြီး အဲဒီလို ခွဲခြားပြီးတော့ သိရင်းသိရင်းနဲ့ ဝါယောဓာတ်ရဲ့ တောင့်တင်းလာတဲ့ လက္ခဏာ၊ ရွေ့လျားသွားတဲ့ လက္ခဏာ၊ လျော့ကျသွားတဲ့ လက္ခဏာ၊ အဲဒီလက္ခဏာလေးတွေကို စိုက်စိုက်ပြီး ရှုရင်း ရှုရင်းက ဖောင်းနေတဲ့အခိုက်မှာ ဖောင်းတယ်လို့ ဘစ်မှတ်မှတ်လိုက်တိုင်း အပြတ်အပြတ် ပေါ်ပေါ်ပြီးတော့ ပျောက်ပျောက်သွားတာ သိရသလို၊ ပိန်တယ်လို့ မှတ်တဲ့ တစ်ပိန် အမှတ်အတွင်းမှာလဲပဲ တစ်ရစ်တစ်ရစ်နဲ့ ပေါ်ပေါ်ပျောက်ပျောက်သွား တာလေးတွေကိုလဲ သိလာရပါတယ်။

အစတုံး ခန္ဓာကိုယ်ရယ်၊ ခေါင်း၊ခြေ၊လက်ရယ်၊ မွေးကတည်းက ရှိနေတဲ့ စိတ်ရယ်၊ ဒီလို အမြဲတမ်း တည်ပြီးတော့ ရှိနေသလို ဒီလို ထင်နေရသော်လဲပဲ တကယ် ရှုမှတ်ပါ များလာတဲ့အခါကျတော့ ခေါင်း၊ ခြေ၊ လက်သဏ္ဌာန်လဲ မရှိ၊ တရွေ့ရွေ့ လှုပ်ရှားလာတာ ရွေ့သွားတာ၊ ကြွတက်လာတာ၊ လျော့ကျသွားတာလေးကို သိသိပြီးတော့ နေတာပဲ။

အဲဒီတော့ သိစရာနဲ့သိတာ နှစ်မျိုးတည်းသာလျှင် သဘောတရားသက်သက်ကလေးမျှသာ ကွဲကွဲပြားပြား သိပြီးတော့ လာတာက သဘောမှန်ကို သိတာပဲ။

သဘောမှန် သိပြီဆိုတော့ တောင့်တင်းလှုပ်ရှား ရွေ့ရှားတဲ့ သဘောက လွဲရင် ဝမ်းဗိုက်ဆိုတာကို တွေ့ရသေးရဲ့လား၊ ခေါင်း၊ ခြေ၊ ကိုယ်၊ လက်ဆိုတာရော ရှိသေးရဲ့လား၊ အမြဲတမ်းတည်နေတယ်ဆိုတဲ့ စိတ်ကော ရှိသေးရဲ့လား။

အေး- တစ်ဖောင်းပေါ်လိုက် တစ်သိပေါ်လိုက်၊ ပျောက်သွားလိုက် တစ်ပိန်ပေါ်လိုက် တစ်သိပေါ်လိုက် ပျောက်သွားလိုက်၊ အဲဒီသဘောတရားကို အမှန်အတိုင်းကလေးကိုသာ သိပြီးတော့ လာရခြင်းသည် သဘောမှန်ကို ထင်ရှား သိသာတာပဲ ဖြစ်တယ်။

ပေါ်ပြီးတိုင်း ပျောက်၊ ပေါ်ပြီးတိုင်း ပျောက်၊ တစ်ပျောက်တည်းပျောက် တစ်ပျက်တည်းပျက် နောက်ပြီးတော့ အတ္တကောင် ငါကောင် မရှိတဲ့ သဘောလေး သက်သက်မျှ ရှိတယ်လို့ ဆိုတဲ့ အနိစ္စ၊ ဒုက္ခ၊ အနတ္တသဘောတွေကော သိမလာရဘူးလား။

"သိလာပါတယ် ဘုရား"

အဲဒါလဲ 'တွေဝေမှု ကင်း၊ ရှင်းရှင်းသိသည်'ဆိုတဲ့အတိုင်း ခမ္မဝိစယသမ္ဗောဇ္ဈင်ရဲ့ ပစ္စုပဋ္ဌာန်တဲ့၊ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင်သဘောတွေ မတွေ့နိုင်ဘူးလား။

"တွေ့နိုင်ပါတယ် ဘုရား"

အခု တရားရှုမှတ်ရင် တွေ့ရမယ်၊ အရင်တုန်းက ခါးက ပူတယ်၊ ပေါင်က ပူတယ်၊ ခေါင်းက ပူတယ်၊ ရင်က ပူတယ်လို့ ဒီလို သဏ္ဌာန်ဒြပ်နဲ့ ပူတာက တစ်နာရီလုံး နာရီဝက်လုံး ဒီလိုထင်ရတယ်။

အခု မှတ်လိုက်တဲ့ အခါကျတော့ ပူတာရယ်၊ သိတာရယ်၊ ခေါင်းရယ်၊ ကိုယ်ရယ်၊ ခြေရယ်၊ လက်ရယ်၊ ခါးရယ် ဘာမှမရှိဘူး၊ ပူတာနဲ့ သိတာ၊ ပူတာနဲ့ သိတာ ဒီနှစ်မျိုးပဲ ရှိတယ်၊ နွေးနွေးငွေ့ငွေ့နဲ့ သိတာ ဒီနှစ်မျိုးပဲရှိတယ်။

အေးခနဲ၊ အေးခနဲဖြစ်ပြန်တော့ အေးတာနဲ့ သိတာ၊ ဒီနှစ်မျိုးပဲ ရှိတယ်၊ ပုံသဏ္ဌာန်ဒြပ် ဘာမှမထင်တော့ဘဲ အပူအအေးတို့ရဲ့ သဘောမှန်ကို သိပြီးလာရင်လဲပဲ ခမ္မဝိစယသမ္ဗောဇ္ဈင်တဲ့။

အဲဒီလို အစရှိသည်ဖြင့် သိသိလာတဲ့သဘောကို ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်တယ်လို့ ဆိုရတယ်။

ဒီဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေ များများ ပွားလာရင် ဝိပဿနာဉာဏ်တွေ တိုးတက်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရောက်နိုင်တယ်။

## ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း ၇-ပါး

ဒီလို မဂ်ဖိုလ်နိဗ္ဗာန်ကို ရရှိရေးအတွက် ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေ ကိုယ့်သန္တာန်မှာ ပွားရလေအောင် ဘယ်လိုလုပ်ရမလဲလို့ ဆိုတော့ အပိစအပရော-တစ်ပါးသော၊ နယော-နည်းကို၊ မယာ- ငါသည်၊ ဝုတ္တော-ဆိုဦးအံ့။ ပရိပုစ္ဆကတာ- ခန္ဓာအာယတန စသည်တို့၏ အနက်ကို မှီသော များစွာ ဆွေးနွေးမေးမြန်းခြင်းရှိသူ၏ အဖြစ် လည်းကောင်း၊ ဝတ္ထုဝိသဒကိရိယာ- စိတ်စေတသိက်တို့၏ တည်ရာဖြစ်သော ခန္ဓာကိုယ်၊ ထိုခန္ဓာနှင့်စပ်သော သက်နှင်းအဝတ်စသော အတွင်းအပဝတ္ထု၏ သန့်ရှင်းသည်၏ အဖြစ်ကို ပြုခြင်းလည်းကောင်း၊ ဣန္ဒြိယ သမတ္တပဋိပါဒနာ- သဒ္ဓါစသောဣန္ဒြေတို့၏ကိစ္စအားဖြင့် အချင်းချင်း မယုတ်မလွန် တူမျှသည်၏ အဖြစ်ကို ပြုစေခြင်းလည်းကောင်း၊ ဒုပ္ပညပုဂ္ဂလ ပရိဝဇ္ဇနာ- ပညာမရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သည်၏ အဖြစ် လည်းကောင်း၊ ပညဝန္တပုဂ္ဂလသေဝနာ-ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲသည်၏ အဖြစ်လည်းကောင်း၊ ဂမ္ဘီရဉာဏစရိယ ပစ္စဝေက္ခဏာ-နက်နဲသော ဉာဏ်ဖြင့် သက်ဝင်သော ခန္ဓာစသည်တို့ကို ဆင်ခြင်ခြင်းသည်လည်းကောင်း၊ တဒဓိမုတ္တတာ-ထိုဓမ္မဝိစယ သမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း၌ ညွတ်သောစိတ်ရှိသည်၏ အဖြစ်လည်းကောင်း၊ ဣတိ- ဤသို့၊ သတ္တ-ခုနစ်ပါးကုန်သော၊ ဓမ္မာ-တရားတို့သည်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်္ဂဿ-ဓမ္မဝိစယသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒါယ-ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ - ဖြစ်ပါကုန်သတည်း။ "သာဓု-သာဓု-သာဓုပါ ဘုရား"

အဲဒီလို မဟာသတိပဋ္ဌာနသုတ် အဋ္ဌကထာမှာ ဖွင့်ပြထားတယ်။ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း ၇-ပါး ရှိတယ်တဲ့။

၁။ မေးမြန်းသန့်စင်၊ ညီမျှယှဉ်၊ ထိုတွင် စိတ်ညွတ်ရာ။
၂။ ဉာဏ်နဲ့ရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာ။
၃။ ဉာဏ်ဖြစ်ကြောင်းများ၊ ခုနစ်ပါး၊ ညွှန်ကြားဋ္ဌကထာ။

## ၁။ မေးမြန်းရမည်

ဉာဏ်ဖြစ်ကြောင်း ၇-ပါးထဲက နံပါတ်တစ်- ဉာဏ်ဖြစ်ဖို့ရန်အတွက် ဆိုလို့ရှိရင် ဆရာသမားတွေထံ ချဉ်းကပ်ပြီးတော့ ခန္ဓာနဲ့ စပ်တဲ့ သိမှတ်စရာတွေ၊ အာယတနနဲ့ စပ်တဲ့ သိမှတ်စရာတွေ၊ ဣန္ဒြေတွေ၊ ဗိုလ်တွေ၊ ဗောဇ္ဈင်တွေ မဂ္ဂင်တွေ၊ ဈာန်တွေ၊ ဝိပဿနာတရားတွေနဲ့ ပတ်သက်တဲ့ ပြဿနာတွေ မေးမြန်းရမယ်တဲ့၊ နောက်ပြီးတော့ နာကြားရမယ်။

ဒို့တရားနာ ပရိသတ်တွေ နေ့စဉ်နေ့စဉ် ဟောနေတဲ့ ကမ္မဋ္ဌာနာစရိယ ဆရာတော်များရဲ့ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရဝိညာဏ်ဆိုတဲ့ တရားတွေ ဒွါရအာရုံမှာ ပေါ်တဲ့အခါမှာပေါ်ပြီး ပျောက်၊ ဖောက်ပြန်မှုတရားတွေ၊ ခံစား မှု တရားတွေ၊ မှတ်သားမှုတရားတွေ၊ ပြုပြင်မှုတရားတွေ၊ သိမှုတရားတွေကို ခန္ဓာငါးပါးလို့ ခေါ်တယ်လို့ မဟောဘူးလား။

"ဟောပါတယ် ဘုရား"

ဉာဏ်ဖြစ်ဖို့ တရား မှတ်ရင်း တွေ့ရင်တော့-ဒီသဘောတွေ့ရင်တော့ ရုပ်၊ ဒီသဘောတွေ့ရင်တော့ ဝေဒနာပဲ၊ သညာပဲစသည်ဖြင့် မသိဘူးလား။

နောက်ပြီးတော့ မျက်စိ၊နား၊နှာ၊လျှာ၊ကိုယ်၊စိတ်လို့ခေါ်တဲ့ သဘော တရားတွေက အတွင်းအဇ္ဈတ္တိကာယတန ၆-ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ တွေ့ထိစရာ၊ တွေးစရာ အာရုံဆိုတာတွေက အပြင် ဗာဟိရာ ယတန ၆-ပါး၊ ဒီလိုကော မသိရဘူးလား။

"သိရပါတယ် ဘုရား"

နောက်ပြီးတော့ အဲဒီ အတွင်းအာယတန ၆-ပါးကလဲပဲ စက္ခုဓာတ်၊ သောတဓာတ်၊ ဃာနဓာတ် စသည်အားဖြင့် ခေါ်ရသလို အပြင်အာယတန ၆-ပါးတွေကလဲ ရူပဓာတ်၊ သဒ္ဒဓာတ် စသည်အားဖြင့် ခေါ်ရတယ်။

စက္ခုဝိညာဏဓာတ်၊ သောတဝိညာဏဓာတ်စသည်အားဖြင့် ဒွါရနဲ့ အာရုံ ဆုံတဲ့အခါမှာ ပေါ်လာတဲ့ အသိသဘောတွေကလဲ ဝိညာဏဓာတ်တွေလို့ ကော မသိနိုင်ဘူးလား။

"သိရပါတယ် ဘုရား"

သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝိရိယ၊ ပညာဆိုတဲ့ တရားတွေက မဂ်ဖိုလ် နိဗ္ဗာန်ကို ရောက်စေနိုင်တဲ့အတွက် ဣန္ဒြေလို့ ခေါ်တယ်။

အဲဒီတရား ငါးပါးကိုပင် ဆန့်ကျင်ဘက် ကိလေသာကို နှိမ်နင်းပြီးတော့ အောင်မြင်အောင် ချေမှုန်းနိုင်လို့ ဗိုလ်လို့ ခေါ်တယ်။

အဲဒီ ဣန္ဒြေငါးပါးကိုပင် ဆန့်ကျင်ဘက် ကိလေသာတရားတွေကို နိုင်နင်းအောင် တိုက်ခိုက်နိုင်တဲ့သဘော ဖြစ်သွားလို့ ရှိရင် သူ့ကို ဗိုလ်လို့ ခေါ်တယ်။

အခု ဟောနေတဲ့ တရားတွေက ဗောဇ္ဈင်တရားတွေ ခေါ်တယ်။

သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တ၊ သမ္မာအာဇီဝ၊ သမ္မာ ဝါယာမ၊ သမ္မာသတိ၊ သမ္မာသမာဓိတရားတွေက မဂ္ဂင်လို့ ခေါ်တယ်၊ ဒါတွေကို ခဏခဏ ကြားနေရတော့ မသိရဘူးလား။

"ရှုးစိုက်သမှု ကပ်၍ရှု ဈာန်ဟုခေါ်ဝေါ်သည်"ဆိုတဲ့အတိုင်း ရှုးစိုက် ပြီး ရှုတာကို ဈာန်၊ ဒီလိုလဲပဲ သိရတယ်။

အဲဒီနေရာမှာ သမထနဲ့ ဝိပဿနာ ထူးပုံလေး ပြောရအုံးမယ်။

၁။ ရှုးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟုခေါ်ဝေါ်သည်။
၂။ တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန်ခေါ်သည်။

အာရုံတစ်ခုတည်း တည်ငြိမ်နေအောင် ရှုရင် သမထကမ္မဋ္ဌာန်း ခေါ်တယ်။

ဘုရားဂုဏ်တစ်ခုတည်း အာရုံပြုပြီး ဘုရားစိတ်တစ်စိတ်တည်း ဘုရား ဂုဏ် ကြည်ညိုတဲ့ စိတ်ကလေးတစ်စိတ် ဖြစ်အောင် ရှုနေတာ သမထ။

တရားစိတ်ကလေးက တစ်စိတ်တည်း သံဃာစိတ်ကလေး တစ်စိတ် တည်း သတ္တဝါတွေချမ်းသာစေလိုတဲ့ စိတ်ကလေး တစ်စိတ်တည်း စသည်ပေါ့ လေ၊ အဲဒီလိုအာရုံတစ်ခုတည်းကို စိတ်ကလေး တည်ငြိမ်နေအောင် ကျင့်တဲ့ တရားအလုပ်ဟာ သမထ။

"လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿနာချာန်ခေါ်သည်"

သမထဝိပဿနာ ခွဲတမ်းချလိုက်မယ်ဆိုရင်ဖြင့် အနိစ္စ၊ ဒုက္ခ၊ အနတ္တ တွေ သိမြင်အောင် ရှုတဲ့နည်းကိုတော့ ဝိပဿနာဈာန်၊ ဝိပဿနာလို့ ခေါ်တယ်။

အခု မြင်တိုင်း၊ကြားတိုင်း၊နံတိုင်း၊ စားတိုင်း၊ တွေ့ထိတိုင်း၊ စိတ်ကူး စဉ်းစား ကြံစည်တိုင်း ရှုမှတ်နေတာ ဘာတရားတဲ့လဲ၊ ဝိပဿနာတရားနော်။

ဒီသဘောတရားတွေကို သိအောင် မေးမြန်း၊ နာကြား၊ မှတ်သားပြီး တော့ ထားခြင်းဖြင့်လဲ ဉာဏ်တိုးပွားနိုင်ပါတယ်တဲ့။

## ၂။ အတွင်းအပြင် သန့်ရှင်းရမယ်

သန့်ရှင်း–တဲ့။ သန့်ရှင်းမှုနဲ့ပတ်သက်လို့တော့ အမျိုးသမီး ယောဂီတွေ ကို အထူးတောင် ပြောဖို့လိုမယ် မထင်ပါဘူး။

သန့်ရှင်းမှုနဲ့ပတ်သက်လို့ အလှအပ ပြင်ရမယ်လို့ ဆိုလိုတာ မဟုတ် ပါဘူး။

တရားအလုပ် အားထုတ်တဲ့ ယောဂီတွေဟာ ခန္ဓာကိုယ်မှာ အပြစ်ဒေါသ မဖြစ်ရလေအောင် ခွဲသလိပ်ကပ်ခြင်း၊ လေရောဂါ နှိပ်စက်ခြင်း ဆိုတာတွေ မရှိရလေအောင် ခွဲကျဆေးတွေ ခွဲအံဆေးတွေကိုလဲ သုံးဆောင်ထားသင့်တယ်။

အပူအပုပ်တွေနဲ့ ပတ်သက်ပြီး ရောဂါအမျိုးမျိုး မဖြစ်စေရအောင် ဝမ်းနုတ်ဆေးတွေ၊ ဝမ်းကျဆေးတွေကိုလဲ သောက်ထားသင့်ပါတယ်။

အတွင်းကလဲပဲ ရောဂါဘယ မဖြစ်ရအောင် သန့်ရှင်းရေးကိုလဲပဲ ဆေးစားပြီးတော့ ပြုပြင်ထားသင့်ပါတယ်။

အဲဒီလို ခန္ဓာကိုယ် ကျန်းမာမှလဲ တရားအားထုတ်နိုင်မယ်။

နောက်ပြီးတော့ ဆံမှတ်ဆိတ်တဲ့၊ ဒါကတော့ အမျိုးသားတွေနဲ့ ပတ် သက်ပါတယ်၊ ဆံမှတ်ဆိတ်တွေကလဲ သိပ်ပြီးတော့ ရှည်လွန်းအားကြီးနေ လို့ရှိရင် မသန့်မရှင်း ဖြစ်ပြီးတော့ စိတ်မကြည်မလင် ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဆံမှတ်ဆိတ် ရိတ်သင့်တဲ့အခါ ရိတ်ထားရပါမယ်။

လက်သည်း ခြေသည်းတွေလဲ ချေးညှော်တွေတင်ပြီးတော့ ရှည်ပြီး မနေသင့်ပါဘူး၊ တရားအားထုတ်တုန်းတော့ အမျိုးသမီးတွေ လက်သည်းတော့ ဖြတ်သွားကြ၊ အင်း– အိမ်ရောက်တော့မှ ပြန်ရှည်ချင် ရှည်ပေါ့ ဟုတ်လား၊

အေး-အေး တရားအားထုတ်တုန်းတော့ လက်သည်းခြေသည်းတွေ သန့်ရှင်းပြီးတော့ နေရပါမယ်။

ခေါင်းလဲ လျှော်ထားရမယ်၊ ခေါင်းလျှော်ထားရင် သန့်ရှင်းပါတယ်၊ ရဟန်းတော်များအတွက်တော့ သင်္ကန်းတွေ အဝတ်အထည်တွေကိုလဲ ညစ်ပေမနေစေရဘူး၊ သန့်ရှင်းနေစေရမယ်တဲ့။

ခန္ဓာကိုယ်မှာလဲ ချွေးတွေ ချေးညှော်တွေ မရှိလေအောင် ရေချိုးပြီးသန့်ရှင်းထားရမယ်။

လိမ်းကျံခြင်းလဲ ပြုရမယ်ဆိုတာကတော့ အလှအပအနေနဲ့ လိမ်းတာမျိုး မဟုတ်ဘဲ မိမိခန္ဓာကိုယ်ကျန်းမာရေးနဲ့ ပတ်သက်ပြီးတော့ လိမ်းနိုင်ပါတယ်၊ ခုခေတ်ဆိုကြတဲ့ "ဆေးမြစ်စုံ" တို့ဆိုတာ နည်းနည်းပါးပါးတော့လိမ်းရင် ဖြစ်ဖို့ ရှိပါတယ်။

နောက်ပြီးတော့ သင်္ကန်းတွေ ဆွေးမြေ့နေရင် ချုပ်ထားသင့်ပါတယ်တဲ့၊ အဝတ်တွေကိုလဲ ချုပ်ထားသင့်ပါတယ်တဲ့၊ ဝတ်လိုက်လို့ရှိရင် အပေါက်အပြဲတွေ အဖာတွေနဲ့ မနေသင့်ပါဘူး၊ ကိုယ်နေတဲ့ ကျောင်းသခ်န်းတွေမှာလဲ သန့်သန့်ရှင်းရှင်း သပ်သပ်ယပ်ယပ် ရှိစေရမယ်၊ ပိုးဟပ်တွေ ချည်မျှင်တွေ အမှိုက်တွေ ဘာတွေနဲ့ ရှုပ်ပွေပြီးတော့ မနေစေရဘူး။

အဲဒီလို အတွင်းသန့်ရှင်းရေး အပြင်သန့်ရှင်းရေး ပြုလုပ်ပြီးတော့ထားရမယ်တဲ့။

ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်ကြောင်းထဲမှာ သန့်ရှင်းရေးလဲ ပါတယ်၊ အဲဒီလိုစိတ်စေတသိက်တို့ရဲ့ မှီရာဖြစ်တဲ့ အတွင်းပစ္စည်း အပြင်ပစ္စည်း အတွင်းဝတ္ထု အပြင်ဝတ္ထုတွေဟာ မစင်ကြယ်၊ ညစ်ပတ်နေမယ်ဆိုလို့ရှိရင် အဲဒီမစင်ကြယ်တဲ့ အတွင်းပစ္စည်း အပြင်ပစ္စည်းတွေကို အမှီပြုပြီးတော့ ပေါ်လာတဲ့ စိတ်စေတသိက်တွေဟာလဲပဲ ညစ်နွမ်းပြီးတော့ အသိဉာဏ်လဲ မရှင်းလင်းဖြစ်တတ်တယ်။

ဥပမာပြောရမယ် ဆိုရင်ဖြင့် ညစ်ပတ်နေတဲ့ ဆီမီးခွက်၊ ညစ်ပေနေတဲ့ မီးစာ၊ အနယ်အမှုန့်တွေနဲ့ မသန့်ရှင်းတဲ့ဆီ၊ အဲဒီမီးခွက်၊ မီးစာ၊ ဆီတွေက မသန့်ရှင်းဘူးဆိုရင် ထွန်းလိုက်တဲ့အခါ ဆီမီးရောင်ဟာလဲ ကြည်လင်ပြတ်သားမှု မရှိဘူးတဲ့။

အဝတ်အထည်တွေ၊ ခန္ဓာကိုယ်တွေ၊ ကျောင်းတွေ သန့်ရှင်းတယ်ဆိုရင် စိတ်ကလေးကလဲ ကြည်လင်လာပါတယ်။

စိတ်စေတသိက်တွေ ကြည်လင်လာရင် အသိဉာဏ်တွေကလဲ ကြည်လင် ပြတ်သားလာပါတယ်။

ဆီမီးခွက်၊ မီးစာ၊ ဆီတွေက သန့်သန့်ရှင်းရှင်းဆိုရင် ထွက်လာတဲ့ မီးရောင်ကလဲ ကြည်လင် ပြတ်သားလာသလိုပါပဲ။

ဉာဏ်ဖြစ်မှုနဲ့ ပတ်သက်ပြီးတော့ အတွင်းအပြင် သန့်ရှင်းရေး လုပ်ထားဖို့ အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

## ၃။ ဣန္ဒြေ ၅-ပါး ညီမျှရမည်

"မေးမြန်း သန့်စင် ညီမျှယှဉ်"တဲ့၊ သန့်ရှင်းမှုနဲ့ ပတ်သက်ပြီးတော့ ကျယ်ကျယ်ကြီး ပြောနေလို့မဖြစ်ပါဘူး၊ "ညီမျှယှဉ်"ဆိုတာကလေးကလဲ လိုသေးတယ်၊ အညီအမျှယှဉ်ဖို့ဆိုတာကတော့ တခြားကို ပြောတာ မဟုတ်ပါဘူး၊ ဣန္ဒြေ၅-ပါး ညီမျှဖို့ အရေးကြီးတယ်။

ကဲ-ဆိုကြည့်ကြမယ်။

သဒ္ဓါ သတိ၊ သမာဓိ ၊ ဝီရိယ ပညာ၊
အစိုးရမှု၊ ဤငါးခု၊ ခေါ်ပြု ဣန္ဒြေပါ။

သဒ္ဓါသတိ၊ သမာဓိ၊ ဝီရိယပညာတို့ရဲ့အပေါ်မှာ အစိုးရနိုင်နင်းကျွမ်းကျင်လာအောင် ယောဂီဟာ ထက်သန်လာအောင် ရှုမှတ် ပွားများ အားထုတ်ရမယ်။

သဒ္ဓါဆိုတာက ရတနာသုံးပါး၊ ကံ၊ ကံ၏အကျိုးကို ယုံကြည်ခြင်းသည် သဒ္ဓါ။

ဒွါရနဲ့ အာရုံဆုံတိုင်း မပြတ်ရှုမှတ်နေမှုသည် သတိ။

အာရုံနဲ့ မှတ်စိတ်ကလေး ထပ်ခနဲထပ်ခနဲ တည်နေအောင် ရှုမှတ်တဲ့ သဘောသည် သမာဓိ။

တစ်မှက်နဲ့တစ်မှတ်၊ တစ်ကြိမ်နဲ့တစ်ကြိမ်၊ တစ်ရက်နဲ့တစ်ရက်၊ တစ်ခါတည်း မပြတ် ကြောင့်ကြစိုက်နေတဲ့ သဘောသည် ဝီရိယ။

ရုပ်နာမ်တွေ၊ ကြောင်းကျိုးတွေ၊ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေကို သိသိသွားတာက ပညာ။

အဲဒီဣန္ဒြေငါးပါး တစ်ခါတည်းပြီး အားမျှပြီးတော့ ညီပြီးတော့ ထက်သန်မှုတွေ ညီညွတ်ရမယ်။

"ဣန္ဒြိယသမတ္တ ပဋိပါဒနာ နာမ သဒ္ဓါဒီနံ ဣန္ဒြိယာနံ သမဘာဝ ကရဏံ"

ဣန္ဒြေတွေ ညီညွတ်ရမယ် ဆိုတာကတော့ဖြင့် သဒ္ဓါစတဲ့ ဣန္ဒြေငါးပါး ညီညွတ်မှုကို ပြုခြင်း၊ ညီညွတ်အောင် ပြုတယ်ဆိုတာ ဘယ်လိုလဲဆိုရင် "သစေဟိဿ သဒ္ဓိန္ဒြိယံ ဗလဝံ ဟောတိတိ–"ဟိ–ချဲ့ဦးအံ့၊အဿ–ထိုတရားအလုပ် အားထုတ်နေတဲ့ ယောဂီပုဂ္ဂိုလ်အား၊ သစေ–အကယ်၍၊ သဒ္ဓိန္ဒြိယံ–ရတနာသုံးပါးကို ကြည်ညိုတဲ့ သဒ္ဓါတရားသည်၊ ဗလဝံ–အားရှိသည်၊ အားကောင်းသည်၊ ဟောတိ–ဖြစ်၏၊ ဣတရာနိ– သဒ္ဓိန္ဒြေမှတစ်ပါးသော သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာဆိုတဲ့ ဣန္ဒြေတို့သည်၊ မန္ဒာနိ–နုံ့ကုန်သည်၊ ညံ့ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏။

သဒ္ဓါတရားပဲ ထက်သန်ပြီးတော့ ယုံကြည်မှု၊ ကြည်ညိုမှုတွေ များနေပြီးတော့ တခြားသတိအားတို့ ဝီရိယအားတို့ သမာဓိအားတို့ ပညာအားတို့က နုံ့နေတယ်ဆိုရင် ညံ့နေမယ်ဆိုရင် တရားရပါ့မလား။

"မရပါ ဘုရား"

တတော–သဒ္ဓိန္ဒြေအားကြီး၍ ဝီရိယိန္ဒြေ –စသည်တို့၏နုံ့ကုန်သည်၏ ထိုသို့သောအဖြစ်ကြောင့်၊ ဝီရိယိ န္ဒြိယံ–ဝီရိယိန္ဒြေသည်၊ ပဂ္ဂဟကိစ္စံ–သမ္ပယုတ်တရားတို့ကို ချီးမြှောက် ထောက်ပံ့ခြင်းကိစ္စကို၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကောတိ–မတတ်နိုင်၊ သတိန္ဒြိယံ–သတိန္ဒြေသည်၊ ဥပဋ္ဌာနကိစ္စံ– အာရုံ၌ ကပ်၍တည်ခြင်း၊ သတိစွဲမြဲခြင်း ကိစ္စကို၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကောတိ–မတတ်နိုင်၊ သမာဓိန္ဒြိယံ –သမာဓိန္ဒြေသည်၊ အဝိက္ခေပကိစ္စံ– မပြန့်လွင့်ခြင်းကိစ္စကို၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကောတိ– မတတ်နိုင်၊ ပညိန္ဒြိယံ– ပညိန္ဒြေသည်၊ ဒဿနကိစ္စံ–အမှန်ကို သိမြင်ခြင်းကိစ္စကို၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကောတိ–မတတ်နိုင်။

သဒ္ဓါတရားတွေ သိပ်လွန်ကဲအားကြီးနေရင် ဣန္ဒြေတွေက သူ့ကိစ္စသူ အသီးသီး ဆောင်ရွက်နိုင်မှု မပြုနိုင်တော့ဘူးတဲ့၊ ဒီလိုမပြုနိုင်တော့ နိဗ္ဗာန်ကို မရနိုင်တော့ဘူးတဲ့၊ ရနိုင်ပါ့မလား။

"မရနိုင်ပါ-ဘုရား"

တသ္မာ-သဒ္ဓိန္ဒြေအားကြီးသည်ဖြစ်၍ ဝီရိယိန္ဒြေ-စသည်တို့၏ မိမိတို့၏ကိစ္စကို မပြုနိုင်ခြင်းဟူသော ထိုအကြောင်းကြောင့်၊ တံ-ထိုသတိန္ဒြေကို၊ ဓမ္မသဘာဝ-ပစ္စဝေက္ခဏေနဝါ- တရားသဘောကို ဆင်ခြင်သဖြင့် လည်းကောင်း၊ မနသိက ရောတော- နှလုံးသွင်းသောသူအား၊ တံ-ထိုသဒ္ဓိန္ဒြေသည်၊ ဗလဝံ- အားကြီးသည်၊ ဇာတံ-ဖြစ်၏၊ တတော- ထိုအချင်းအရာအားဖြင့်၊မနသိကာရေန- နှလုံးသွင်းသဖြင့်၊ ဟာပေတဗ္ဗံ- ဆုတ်ယုတ်စေတတ်၏။

ဒီဓမ္မသဘာဝ သဘောတရားတွေကို စူးစူးစမ်းစမ်း လေ့လာ ပြုလုပ်ခြင်းအားဖြင့် သဒ္ဓါလွန်ကဲမှုကို လျော့စေနိုင်ပါတယ်၊ ပြင်ပေးနိုင်ပါတယ်၊ ဒါမှမဟုတ်လို့ရှိရင် သဒ္ဓါ တရားအားကြီးစေတဲ့ အာရုံတွေကို သိပ်ပြီးတော့ မပြုဘဲနဲ့ အဲဒီအာရုံပြုမှုတွေကို ရှောင်လွှဲသောအားဖြင့်လဲပဲ သဒ္ဓါတရားတွေကို လျော့သွားစေနိုင်ပါတယ်၊ လျော့တယ်ဆိုတာ ရှိသင့်သလောက် ရှိပေးရတယ်၊ လွန်ကဲမှု မဖြစ်စေရဘူး။

## ဝက္ကလိမထေရ်ဝတ္ထု

ဝက္ကလိထေရဝတ္ထု စေတ္ထ နိဒဿနံ-ဧတ္ထ-ဤသဒ္ဓါလွန်ကဲရာ၌၊ ဝက္ကလိ ထေရဝတ္ထု၊ ဝက္ကလိမထေရ်ဝတ္ထုသည်၊ နိဒဿနံ- ညွှန်ပြစရာ ဝတ္ထုသာဓကပါပဲ၊ ဒီနေရာမှာ သိမှတ်ဖို့ဆိုလို့ရှိရင်ဖြင့် ဝက္ကလိဝတ္ထုဖြင့် မှတ်သိရတယ်။

"ပါမောဇ္ဇဗဟုလောတိ ဣမံ ဓမ္မဒေသနံ" ပါမောဇ္ဇဗဟုလော- ဤသို့အစရှိသောတရား ဟောကြားတော်မူခြင်းကို၊ သတ္ထာ- ချမ်းသာရကြောင်းလမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ လူနတ်တို့၏ ဆရာဖြစ်တော်မူသောမြတ်စွာဘုရားသည် ၊ ဝေဠုဝနေ-ရာဇဂြိုဟ်ပြည်ဝေဠုဝန်ကျောင်း၌၊ ဝိဟရန္တော-နေတော်မူစဉ်၊ ဝက္ကလိထေရံ- ဝက္ကလိမထေရ်ကို၊ အာရဗ္ဘ- အကြောင်းပြု၍၊ ကထေသိ- ဟောတော်မူပါသတည်း။ "သာဓု- သာဓု- သာဓု-ပါဘုရား။"

ဒီတရားကိုလဲ ဒို့ယောဂီတွေ အထပ်ထပ် နာနာနေရတာ ဖြစ်မှာပဲ၊ ဝက္ကလိ-ဝတ္ထုအကြောင်း ကြားဖူးနေတာပဲ၊ ဒါကြောင့် သာဓကဖြစ်ရုံလောက်ဘုန်းကြီးက ပြောမှာပါ။

ဒီတရားတော်ကို မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီး "ကူသိ ဂိလ ပဏ္ဏဝနှင့် ဂိဇ္ဈ-တော-ဝိပုလ်ဟု"တောင်ရင်းလုံး ပိတ်ဖုံးကာခဲ့ ရာဇဂြိုဟ်မြို့ ဂိဇ္ဈကုဋ်တောင်ကျောင်းမှာ သီတင်းသုံးနေတော်မူစဉ်က ဝက္ကလိမထေရ်ကို အကြောင်းပြုပြီး ဟောတော်မူပါတယ်။

## ဘုရားဖူးရတာ မရောင့်ရဲနိုင်

ကိရ-တစ်ဆင့်စကား ကြားရဖူးသည်ကား၊ သော-ထိုဝက္ကလိမထေရ်သည်၊ သာဝတ္ထိယံ-သာဝတ္ထိပြည်၌၊ဗြဟ္မဏကုလေ- ပုဏ္ဏားမျိုး၌၊ နိဗ္ဗတ္တောတွာ ဖြစ်၍၊ ဝယပ္ပတ္တော- အရွယ်ရောက်သော်၊ ပိဏ္ဍာယ- ဆွမ်းအလို့ငှာ၊ ပဝိဋ္ဌ- ကြွဝင်တော်မူလာသော၊ တထာဂတံ- မြတ်စွာဘုရားကို၊ ဒိသွာ- ဖူးမြင်ရသောကြောင့်၊ သတ္ထု- မြတ်စွာဘုရား၏၊ သရီရသမ္ပတ္တိံ ၃၂-ပါးသော လက္ခဏာတော်ကြီး၊(၈၀)သော လက္ခဏာတော်ငယ် နီလ,ပီတ,လောဟိတ,ဩဒါတ, မဉ္ဇိဋ္ဌ,ပဘဿရ- ခေါ်တဲ့ ရောင်ခြည်တော် ခြောက်သွယ်တွေနဲ့ တင့်တယ်တော်မူလှသော ရူပကာယ ပြည့်စုံတော်မူခြင်းကို၊ ဩလောကေတွာ- ဖူးမြင်ရ၍၊သရီရသမ္ပတ္တိဒဿနေန-ခန္ဓာကိုယ်၏ပြည့်စုံခြင်းကို ဖူးမြော်ရခြင်းဖြင့်၊ အတိတ္တော- မရောင့်ရဲနိုင်သည် ဖြစ်၍၊

မြတ်စွာဘုရား နောက်ပါ သံဃာတော်တွေနဲ့ အတူ ရောင်ခြည်တော် ၆-သွယ်၊ ဖြန့်ခင်းပြီးတော့ ၃၂-ပါးသော လက္ခဏာတော်ကြီး၊ (၈၀)သော လက္ခဏာတော်ငယ်တို့ဖြင့် တင့်တယ်စွာ ဆွမ်းခံကြွလာတော်မူတဲ့ မြတ်စွာဘုရားကို ဖူးမြင်ရတဲ့ ဝက္ကလိသူဌေးသားဟာ ဘုရားရှင်ရဲ့ ကြည်ညိုဖွယ်ကောင်းလှတဲ့ ဘယ်လူ ဘယ်နတ် ဘယ်ဗြဟ္မာ ဘယ်သတ္တဝါမှ မတုပနိုင်တဲ့ အတုလ ထွန်းထား သဗ္ဗညု မြတ်စွာဘုရားကိုယ်တော်ကြီးရဲ့ ရုပ်ပုံတော် ရူပကာယကို ဖူးမြင်ရတဲ့အချိန်ကစပြီးတော့ မျက်စိနဲ့ မခွာနိုင်လောက်အောင် ဘုရားရဲ့ရုပ်ပုံတော်ကို ကြည်ညိုပြီးတော့ သွားတယ်။

ရုပ်ပိုင်းဆိုင်ရာ ကြည်ညိုတာဟာ ပသာဒသဒ္ဓါ ခေါ်ပါတယ်၊ ဝက္ကလိဟာ ပသာဒသဒ္ဓါတွေ ဖြစ်တာပေါ့၊ ဘယ်လောက်ထိ ကြည်ညိုလဲဆိုရင် မြတ်စွာဘုရားကို မမြင်ရရင် မနေနိုင်လောက်အောင် ကြည်ညိုသွားတယ်။

## ဝက္ကလိ လူ့ဘောင်ကို စွန့်ခွာ

မမြင်ရရင် မနေနိုင်လောက်အောင် ကြည်ညိုသွားတဲ့အတွက် သူစဉ်းစားတယ်၊ ဒီမြတ်စွာဘုရားရှင်ကို အမြဲမပြတ် ဖူးမြင်နေရအောင် ကြည့်နေရအောင် ဘယ်လို ကျင့်ရမလဲလို့ စဉ်းစားလိုက်တော့ အိမ်ရာတည်ထောင် လူ့ဘောင်မှာ နေလို့ရှိရင်တော့ ဘုရားကို အမြဲတမ်း ဖူးနိုင်ဖို့ မလွယ်ဘူး၊ အဝါရောင် ဆင်မြန်း သင်္ကန်းနဲ့ မွေ့လျော်ရင်ဖြင့် ဘုရားကို အမြဲတမ်း ဖူးမြင်ပြီးတော့ ဘုရားရှိတဲ့နေရာမှာ နေရရင် ငါအမြဲတမ်း ဘုရားဖူးနေရမှာပဲလို့ ဒီလောက်ထိ ကြည်ညိုပြီး မိဘက အမွေပေးတာတောင် မယူဘဲနဲ့ ပစ္စည်းဥစ္စာတွေ ရောင်းခွာပြီး လူ့ဘောင်ကို စွန့်ခွာ၊ သင်္ကန်းဝတ်ပြီးတော့ ဘုရားကျောင်းတော်မှာ လိုက်ပြီးတော့ နေတယ်။

## တရားအပေါ် စိတ်မဝင်စား

ဘုရားကျောင်းမှာ ဝက္ကလိ ဘယ်လိုနေသလဲဆိုရင် တရားလဲ မနာဘူး၊ နာလဲ နားထဲ မဝင်ဘူး၊ ကြည့်နေတာပဲ၊ ဘုရားကို တစ်ခါတည်း မျက်စိနဲ့ ကြည့်နေတာပဲ၊ ကြည်ညိုနေတာ နားထဲလဲ တရားမရောက်ဘူး၊ သူများတွေ တရားနာပြီးတော့ တရားတွေ လေ့ကျင့်ကြတယ်၊ သင်အံကြတယ်၊ အဲဒီထဲလဲသူ မပါဘူး။

တခြားသူတွေ နည်းလမ်းတွေ သိပြီးတော့ တရားကျင့်ကြတယ်၊ အားထုတ်ကြတယ်ဆိုတော့လဲ သူမပါဘူး၊ ဘာလုပ်နေတယ်၊ ဘုရားဖူးနေတယ်။

## ကျွတ်ချိန်မတန်၍ စောင့်နေရ

ဘုရားဖူးနေတာ ကုသိုလ်တော့ရတာပေါ့လေ၊ အဲဒီလို ဘုရားဖူးနေတော့ မြတ်စွာဘုရားက ဒီအတိုင်းဆိုရင်တော့ ဝက္ကလိတရားမရနိုင်ဘူး၊ တရားမရရုံတင် မဟုတ်ဘူး၊ ဒီအတိုင်း ခုနေ ငါသူ့ကို ပြောဆို ဆုံးမလိုက်ရင်လဲ သူ့ရဲ့ ဉာဏ်တွေက မရင့်ကျက်သေးဘူး၊ မရင့်ကျက်သေးတော့ ငါ ဒီအချိန် ဟောလို့တော့ မဖြစ်သေးဘူး ဆိုပြီး ဘုရားက အသာအချိန်စောင့်နေတယ်၊ တရားဟောပေမယ်လို့ မကျွတ်ထိုက်ရင် မဟောသေးဘူး၊ ကျွတ်ထိုက်မှ ဘုရားက ဟောတာ။

## အပုပ်ကောင်ကြီးပါ

အဲဒီကနေပြီး တော်တော်လေး ဣန္ဒြေရင့်ကျက်လာတဲ့ အချိန်အခါ ရောက်လာတော့ မြတ်စွာဘုရားက "ကိံ တေ ဝက္ကလိ ဣမိနာ ပုတိကာယေန ဒိဋ္ဌေန" ဝက္ကလိ-ချစ်သား ဝက္ကလိ၊ ဣမိနာ ပုတိကာယေန-ဤပုပ်သော ငါ၏ ခန္ဓာကိုယ်ဖြင့်၊ ဣမိနာ ပုတိကာယေနဒိဋ္ဌေန-သင်မြင်နေရသော အပုပ်ကောင် ဤကိုယ်ကြီးဖြင့်၊ တေ-သင့်အား၊ ကိံ-အဘယ်အကျိုး ရှိမှာလဲ၊ ဝက္ကလိ- (၃၂)ကောဋ္ဌာသ အစုအဝေးကြီးခေါ်တဲ့ အပုပ်ကောင်ကြီးမျှသာ ဖြစ်တဲ့ ငါ ဘုရားရဲ့ ရုပ်ခန္ဓာကိုယ်ကြီးကို ကြည့်ရှု ဖူးမြင်ပြီးတော့ နေခြင်းဖြင့် သင့်အတွက် ဘာအကျိုးရှိမှာလဲ။

## တရားမြင်မှ ဘုရားမြင်

ဝက္ကလိ- ချစ်သား ဝက္ကလိ၊ ယော-အကြင်သူသည်၊ ဓမ္မံ-တရားကို၊ ပဿတိ-မြင်၏၊ သော- ထိုတရားကို မြင်သော ပုဂ္ဂိုလ်သည်၊ မံ- ငါဘုရား ကို၊ ပဿတိ-မြင်တော့၏၊ ယော-အကြင်သူသည်၊ မံ-ငါဘုရားကို၊ ပဿတိ- ဖူးမြင်ရ၏၊ သော- ထိုသူသည်၊ ဓမ္မံ- တရားကို၊ ပဿတိ- တွေ့မြင်ရပါ၏၊ ရှုမြင်ရပါ၏၊ ဣတိ-ဤသို့၊ ဩဝဒတိ- ဩဝါဒတရား မိန့်ကြားတော်မူပါ သတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

ဝက္ကလိ၊ ငါဘုရားရဲ့ခန္ဓာကိုယ်အပုပ်ကောင်ကြီးကို ကြည့်ရှုနေခြင်းဖြင့် သင် ဘယ်အကျိုးရှိမှာလဲ၊ အမှန်စင်စစ်ကတော့ တရားကို မြင်သောသူသည် ငါဘုရားကို မြင်ရတယ်၊ ဘုရားကို မြင်ရသူဟာလဲ တရားကို မြင်ရတယ်၊တရား ကိုမသိမမြင်ဘဲနဲ့ ရုပ်ပုံခန္ဓာကိုသာ ကြည့်ရှုပြီးတော့နေခြင်းဖြင့် အကျိုးမရှိဘူးလို့ မြတ်စွာဘုရားက တရားဟောပါတယ်။

## ဘုရားအနားမှ မခွာနိုင်

သော-ထိုဝက္ကလိရဟန်းသည်၊ ဧဝံ-ဤသို့၊ ဩဝဒိတောပိ- မြတ်စွာ ဘုရားက ဆုံးမ ဩဝါဒပေးပါသော်လဲ၊ သတ္ထုဒဿနံ- မြတ်စွာဘုရားကို ဖူးမြင် ရခြင်းကို၊ ပဟာယ-ပယ်၍၊ အညတ္ထ- တစ်ပါးသောအရပ်သို့၊ ဂန္တုံ- သွား ခြင်းငှာ၊ နေဝသက္ကောတိ-မစွမ်းနိုင်သည်သာတည်း။

ရူပကာယရုပ်ကို ကြည်ညိုပြီးတော့နေတယ်ဆိုတာကတော့ဖြင့် သဒ္ဓါ တရားနဲ့ ယှဉ်တွဲနေတဲ့ ဂေဟဿိတပေမ ဆိုတဲ့ "သဒ္ဓါလွန်တော့ တဏှာကျွံ" ဆိုတာပေါ့လေ။

ဂေ ဟဿိတပေမ ဆိုတာကတော့ အိမ်သူအိမ်သားချင်း ခင်မင်တဲ့ သဘောမျိုးလေးနဲ့ အဲဒီလို ခင်မင်မှုဟာကလဲ စွဲပြီးတော့ နေတာ ဖြစ်တဲ့အတွက် ဘုရားရှင်က တရားအားထုတ်ရအောင် ဩဝါဒပေးသော်လဲပဲ ဘုရားကို စွန့်ခွာပြီးတော့ တခြားကို သွားနေဖို့ရာ သူ့အတွက် မတတ်နိုင်ဘူး၊ ခက်ခဲ နေတယ် အကျပ်ရိုက်နေတာပေါ့။

## ဝက္ကလိကို မောင်းထုတ်လိုက်ပြီ

ဘုရားဟောပြောပေမဲ့ သူကတော့ ဘုရားနောက် တကောက်ကောက် လိုက်ပြီးတော့ ဘုရားကိုဘဲအရေးတကြီး ကြည့်ပြီးတော့ ကြည်ညိုနေတယ်၊ အဲဒီတော့ မြတ်စွာဘုရားက အထတသ္မိံကာလေ–ထိုအခါ၌၊ သတ္ထာ–မြတ်စွာ ဘုရားသည်၊ အယံဘိက္ခု– ဤဝက္ကလိ ရဟန်းသည်၊ သံဝေဂံ– သံဝေဂ သတိကို၊ အလဘိတွာ– မရရှိဘဲ၊ နဗုဇ္ဈိဿတိ– တရားကို ထိုးထွင်း၍ မသိနိုင်လိမ့်လတ့်။ ဣတိ–ဤသို့ နှလုံးသွင်းတော်မူ၍၊ ဝဿူပနာယိကာယ–ဝါဆိုဝါကပ် အချိန် ကာလသည်၊ ဥပကဋ္ဌာယ–နီးကပ်သည်ရှိသော်၊ ရာဇဂဟံ–တောင် ငါးလုံးကာခို ရာဇဂြိုဟ်သို့၊ ဝဿူပနာယိကဒိဝသေ–ဝါဆိုကြရာဝါဆိုလပြည့်ကျော် တစ် ရက်နေ့၌၊ ဝက္ကလိ–ချစ်သား ဝက္ကလိ၊ အပေဟိ–ဖဲခွာလော့၊ ဣတိ–ဤသို့၊ ပဏာမေသိ–နှင်ထုတ်တော်မူ၏။

နှင်ထုတ်လိုက်တာ သနားလို့ နှင်ထုတ်လိုက်တာ၊ မဟာကရုဏာရှင် ဘုရား တကယ်သိမြင်လို့ တကယ်သနားတာ၊ ဘယ်သူ့ကို နှင်တာလဲ။

"ဝက္ကလိကိုပါ ဘုရား"

ဝါဆိုခါနီးတဲ့အခါကျတော့ မြတ်စွာဘုရားက သာဝတ္ထိပြည်က နေပြီး တော့ ရာဇဂြိုဟ်ပြည်ကို ကြွသွားတယ်၊ အဲဒီကို ကြွတော့လဲ ဝက္ကလိက ဘုရားရဲ့နောက်က တကောက်ကောက်ပါသွားတယ်၊ ဒီလိုကြွသွားပြီး ဝါဆို လပြည့်ကျော် တစ်ရက်နေ့ ဝါဆိုတဲ့အခါ ရောက်တော့မှ မြတ်စွာဘုရားက 'ချစ်သား ဝက္ကလိ ငါ့နား··ှာ မနေနဲ့၊ သွား တရားအားထုတ်ချေ၊ ငါ့နားမှာ

မနေနဲ့၊ ငါဟောတဲ့ တရားကျင့်မှ အကျိုးရှိတယ်၊ ဘုရားက ခပ်ပြတ်ပြတ် ငေါက်လွှတ်လိုက်တယ် ဆိုပါတော့။

## တောင်ထိပ်တက်ပြီး သေကြောင်းကြံ

အဲဒီလို မြတ်စွာဘုရားက ငေါက်လွှတ်လိုက်တယ် ဆိုတဲ့အခါကျတော့မှ ဝက္ကလိဟာ "ကိ' မေ ဇီဝိတေန၊ မေ- ငါ့အား၊ ဇီဝိတေန- အသက်ရှင်ခြင်းဖြင့်၊ ကိ'- အဘယ်အကျိုးရှိအံ့နည်း။"

ဘုရားဖူးချင်လို့ ဘုရားကို အမြဲတမ်း ကြည့်နေချင်လို့ သင်္ကန်း ဝတ်တာ၊ အခုတော့ ဘုရားက "သူ့နားမနေရဘူး"လို့ မောင်းထုတ်နေပြီ၊ ဘုရားကို ကြည့်မနေရ၊ မဖူးရရင် ငါ့အတွက် အလကားပဲ၊ သူက ဘုရားကြည်ညိုတာ အသက်နဲ့လဲ ကြည်ညိုတာ၊ ဒီလို ကြည်ညိုတဲ့အတွက် ဝက္ကလိဟာ ပဗ္ဗတာ- တောင်ထိပ်မှ၊ အတ္တာနံ- မိမိကိုယ်ကို၊ ပါတေဿာမိ- ခုန်ချလိုက်တော့အံ့၊ ဣတိ-ဤသို့၊ ဂိဇ္ဈကူဋံ -ဂိဇ္ဈကုဋ်တောင်ကို၊ အဘိရုဟိ- တက်လေပြီ။

ဘုရားကို မကြည့်ရ၊ မကြည်ညိုရတဲ့အတွက် တောင်ထိပ်တက်ပြီး အဲဒီမှ ခုန်ချတော့မယ်-တဲ့။

ဒို့ယောဂီတွေကော ဘုရားကို မကြည်ညိုဘူးလား၊ ဒီလို သေကြောင်း ကြံလောက်အောင် မကြည်ညိုပါဘူးနော်၊ တော်ပါသေးရဲ့နော်၊ အဲဒါလောက်များ ဖြစ်လာရင်တော့ ဘုန်းကြီးကလဲ တားရမှာပဲ၊ သေကြောင်းတော့ မကြံစည်ပါနဲ့လို့- ဟုတ်လား။ "မှန်ပါဘုရား"

## ဝက္ကလိကို အချိန်မီ ကယ်တင်ခဲ့ရ

ဝက္ကလိဟာလဲ အဲဒီလောက် ကြည်ညိုတာ၊ဒီလိုကနေပြီး တောင်ပေါ် တက်၊ ဘုရားကမှ မဖူးရအောင် ငါ့ကို နှင်ထုတ်တယ်ဆိုလို့ ရှိရင်တော့ ငါ့အတွက် အသက်ရှင်တာ အလကားပဲဆိုပြီးတော့ သေကြောင်းကြံ ခုန်ချမလို့ ဟန်ပြင်နေတဲ့အချိန် တောင်ပေါ်ရောက်တဲ့အခါ မြတ်စွာဘုရားက သိမြင်တော်မူတယ်။

ဒီဝက္ကလိဟာ ငါဘုရားမှ မကယ်လို့ရှိရင် သူ့အတွက် အကျိုးမဲ့ ဖြစ်တော့မှာပဲ၊ ငါ့ကို မမြင်ရလို့ရှိရင် သူဟာ အသက်တောင်မှ သေရတော့မယ်လို့ မြတ်စွာဘုရားက သိမြင်တော်မူတဲ့အတွက် ရာဇဂြိုဟ်ပြည် ဝေဠုဝန်

ကျောင်းတော်ကနေပြီးတော့ ဝက္ကလိတက်သွားတဲ့ ဂိဇ္ဈကုဋ်တောင်ထိပ်ဆီကို မြတ်စွာဘုရားက ရောင်ခြည်တော် လွှတ်လိုက်ပြီးတော့ ကိုယ်ထင်ပြလိုက်တယ်၊ တန်ခိုးတော်နဲ့ ပြလိုက်တာပါပဲ။

မြတ်စွာဘုရားက နီလ၊ ပီတ၊ လောဟိတ၊ ဩဒါတ၊ မဉ္ဇိဋ္ဌ၊ ပဘဿရ ခေါ်တဲ့ ရောင်ခြည်တော် ခြောက်သွယ် လွှတ်ပြီးတော့ ဝက္ကလိ ငါ့ဘုရားကို ကြည့်စမ်းလို့ ကရုဏာသံနဲ့ခေါ်လိုက်တဲ့အခါ ရုပ်ဆင်းတော်ကို ကြားရမြင်ရလေတော့ ခြောက်ခန်းပြီးနေတဲ့ တစ်ဖက်ဆည်ကန်ထဲကို မိုးရွာချအပြီးမှာ ရေတွေကို သွင်းလိုက်သလို ဘုရားမဖူးရလို့ သဒ္ဓါတရား ခြောက်ခမ်း ခြောက်သွေ့နေတဲ့ ဝက္ကလိရဲ့ အဇ္ဈတ္တသန္တာန်ထဲ မြတ်စွာဘုရားရဲ့ ရူပကာယလို့ခေါ်တဲ့ မိုးရေတွေ သွန်းလောင်းလိုက်တာ စိုပြည် ပြည့်ဝသွားတော့တာပဲ။

အဲဒီလို စိုပြည် ပြည့်ဝသွားတဲ့ အခါကျတော့မှ–

ပါမောဇ္ဇ ဗဟုလော ဘိက္ခု၊ ပသန္နော ဗုဒ္ဓသာသနေ၊
အဓိဂစ္ဆေ ပဒံ သန္တံ၊ သင်္ခါရူပသမံ သုခံ။

ဗုဒ္ဓသာသနေ– မြတ်စွာဘုရား၏ သာသနာတော်၌၊ ပသန္နော– ကြည်ညိုသော၊ ပါမောဇ္ဇဗဟုလော–နှစ်သက်ဝမ်းမြောက်မှု ပီတိအားကြီးသော၊ ဘိက္ခု– ရဟန်းသည်၊ သင်္ခါရူပသမံ– ရုပ်နာမ်သင်္ခါရခပ်သိမ်းတို့၏ ချုပ်ငြိမ်းရာ ဖြစ်သော၊ သုခံ– ဘယ်ချမ်းသာနဲ့မှ မတူ ဘယ်အပူနှင့်မှ မစပ် အငြိမ်းဓာတ်ဝင်ကိန်း၍ အငြိမ်းကြီး ငြိမ်းရာချမ်းသာဖြစ်သော၊ သန္တံ– ငြိမ်းအေး ငြိမ်သက်သော၊ ပဒံ–နိဗ္ဗာန်ကို၊ အဓိဂစ္ဆေ– ရပေရောက်ပေသတည်း။

"သာဓု– သာဓု– သာဓုပါဘုရား"

## ဝက္ကလိ လာခဲ့လော့

အဲဒီ ဂါထာကို မြတ်စွာဘုရား ဟောတယ်၊ ဟောတဲ့အခါ လက်တော်ကို ဆန့်တန်းပြီးတော့–

ဧဟိ ဝက္ကလိ မာဘာယိ၊ ဩ လော ကေဟိ တထာဂတံ၊
အဟံ တံ ဥဒ္ဓရိဿာမိ၊ ပင်္ကေ သန္နံဝ ကုဉ္ဇရံ။

**ဝက္ကလိ–** ဝက္ကလိ၊ **မာဘာယိ–** မကြောက်လင့်၊ **ဧဟိ–** ငါဘုရားထံ ရောက်အောင် မြန်စွာလာခဲ့လော့၊ တထာဂတံ– ငါဘုရားကို၊ ဩလောကေဟိ–

ကြည့်ရှုလော့၊ ပွးမြင်လိုက်လော့၊ အဟဲ- ငါဘုရားသည်၊ ပဏ္ဍ- ညွန်မှောင်း၌၊ သန့်- နစ်မြုပ်နေသော၊ ကုဉ္စရံ- ဆင်ပြောင်ကြီးကို၊ ဥဒ္ဓရတိ ဣဝ- ဆွဲ၍ထုတ် ယူ ကယ်တင်သကဲ့သို့၊ တံ-သင့်ကို၊ ဥဒ္ဓရိဿာမိ-သံသရာညွန်ထဲမှ၊ ဆွဲထုတ် ကာယူ ကယ်တင်တော်မူတော့အံ့၊ ကယ်တင်တော်မူမည် ဖြစ်ပါသတည်း။

"သာဓု-သာဓု-သာဓုပါဘုရား"

## ဝက္ကလိ ရဟန္တာဖြစ်သွားပြီ

အဲဒီလို မြတ်စွာဘုရား ဟောကြားလိုက်တဲ့ အခါကျတော့ ဝက္ကလိဟာ ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး မြတ်စွာဘုရား ရှိတဲ့ဆီကို ခြေလှမ်းပြင်ပြီးတော့ ချလိုက်တဲ့အခါ ခြေထောက်တစ်ခုက တောင်ပေါ်မှာ ရပ်ထားတယ်၊ ခြေထောက် တစ်ခုက လေထဲ ရောက်နေတယ်။

အဲဒီအချိန်အခါမှာ ဘုရားဟောတဲ့ တရားတွေကို နာကြား နှလုံးသွင်း ရှုမှတ်လိုက်တော့ ကိလေသာကုန်ခန်း ရဟန္တာ ဖြစ်သွားတယ်၊ ပီတိအားကြီး တဲ့အတွက်ကြောင့် ပီတိအဟုန်နဲ့ ဘုရား သီတင်းသုံးတော်မူတဲ့ ကျောင်းထဲကို ဝှမ်းလေး လေတိုက်ပြီး လွင့်သွားသလို အရှင်ဝက္ကလိ ရောက်သွားပြီးတော့ ဘုရားကို ရှိခိုးပူဇော်တယ်။

## ဝက္ကလိ သဒ္ဓါဝိမုတ္တဧတဒဂ်ရှင် ဖြစ်ခဲ့ရ

အဲဒါကြောင့် မြတ်စွာဘုရားက ဝက္ကလိအား ဘုရားကို ကြည်ညိုသူတို့ တွင် ဝက္ကလိဟာ အသာဆုံး၊ အမြတ်ဆုံး ဧတဒဂ်ဆု ပေးတယ်တဲ့၊ သဒ္ဓါ ဝိမုတ္တ ဧတဒဂ်ဆု ရတယ်ပေါ့။

အဲဒီတော့ သဒ္ဓါတရားတွေ လွန်ကဲနေတဲ့ ဝက္ကလိကို သဒ္ဓါတရားတွေ နည်းပါးပြီးတော့ သွားရလေအောင် ဘုရားကို တစ်ကြည့်တည်းကြည့်နေ၊ ချစ်ခင်နေတာကို နှင်ထုတ်လိုက်ရတယ်၊ စိတ်ပြောင်းသွားတော့မှ တရားကို ပြလို့ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာဆိုတဲ့ဣန္ဒြေတွေ ညီညွတ်စေပြီးတော့ ဝက္ကလိ တရားကို ရမသွားဘူးလား။

"ရသွားပါတယ် ဘုရား"

အဲဒီလို ဣန္ဒြေငါးပါးတွေ ညီညွတ်ထက်မြက်အောင်လဲပဲ ဗောဇ္ဈင် တရားတွေ ကျင့်ပွားပြီးတော့ နေဖို့ကော အရေးမကြီးဘူးလား။

"ကြီးပါတယ်- ဘုရား"

သုဗြဟ္မသုတ္တန် ဆင္ခမပိုင်း နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေ။

"သာဓု- သာဓု- သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းရေးတရားတော်
## အပိုင်း(၇)

### စကားဦး

ဒီနေ့ရက်စွဲက ၁၃၅၂–ခုနှစ်၊ မိုးဥတု တော်သလင်းလပြည့်ကျော် ၉–ရက်နေ့ ဖြစ်ပါတယ်။

ဌာနကတော့ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ ဖြစ်ပါတယ်။

မဟာစည် ရဟန်းရှင်လူများအား ဘုန်းကြီး ဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန် သတ္တမပိုင်း ဖြစ်ပါတယ်၊ ယခု ငြိမ်းချမ်းရေး ဘုရားရှိခိုးဖြင့် တရားပွဲကို ဖွင့်ပါ့မယ်။

### ပဏာမ
### ငြိမ်းချမ်းရေး ဘုရားရှိခိုး

သန္တော သော ဘဂဝါ
သမထာယ ဓမ္မံ ဒေသေတိ၊
တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

သောဘဂဝါ– အကျွန်ုပ်တို့ အများ၏ အားထားကိုးကွယ်ရာ အစစ်ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ သန္တော– ရာဂစသား အလှုပ်အရှားကင်းလျက် ငြိမ်သက် ငြိမ်းအေးတော်မူပြီးသည်ဖြစ်၍၊ သမထာယ– သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူပင် ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ၊

ဓမ္မ– ငြိမ်းအေးစေရန် တရားမှန်ကို၊ ဒေသေတိ– ကရုဏာရှေ့သွား ပညာအား ဖြင့် ဟောကြားတော်မူခဲ့ပါပေ၏။

တံဘဂဝန္တံ –သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ–ကျွန်ုပ် သည်၊ ဝန္ဒာမိ–ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

(သာဓု–သာဓု–သာဓု)

ဒီသုဗြဟ္မသုတ္တန် သတ္တမပိုင်းမှာ ဣန္ဒြေငါးပါး ညီညွတ်မှု ရရှိအောင် အားထုတ်မှုနဲ့ ပတ်သက်တဲ့ ဟောလက်စကို ဒီနေ့ ဆက်ဟောမှာ ဖြစ်ပါတယ်။

ဣန္ဒြေငါးပါး ညီညွတ်ရမယ်၊ တရားလိုချင်တဲ့ ယောဂီဆိုလို့ရှိရင် ဒီဓမ္မဝိစယခေါ်တဲ့ ဗောဇ္ဈင်တွေ ဖြစ်နိုင်ရေးအတွက် ဣန္ဒြေငါးပါး ညီညွတ်ရမယ်။

သတိန္ဒြေကလဲပဲ ရှုမှတ်စရာ အာရုံမှာ ထပ်ခနဲ ထပ်ခနဲ တည်ခြင်းကိစ္စ ဆောင်ရွက်နိုင်ရမယ်။

သဒ္ဓိန္ဒြေကလဲပဲ ဘုရား၊ တရား၊ သံဃာမှာ ယုံကြည်သက်ဝင်မှု ဆို တာ ရှိရမယ်။

ဝီရိယိန္ဒြေကလဲ အမြဲမပြတ် လုံ့လစိုက် အားထုတ်ခြင်းဆိုတဲ့ ကြောင့်ကြ စိုက်မှုဆိုတာ ရှိရမယ်။

သမာဓိန္ဒြေကလဲ မပြန့်လွင့်စေဘဲ အာရုံမှာ ထပ်ခနဲထပ်ခနဲ တည်ခြင်း ဆိုတာ ရှိစေရမယ်။

ပညိန္ဒြေကလဲ အမှန်ကို သိမြင်ခြင်းဆိုတဲ့ ဒဿနကိစ္စကို ဆောင်ရွက် စေနိုင်ရမယ်။

အဲဒီဣန္ဒြေငါးမျိုးထဲက သဒ္ဓါလွန်လို့ ရှိရင် တဏှာကျွံတတ်တယ်၊ နောက်ပြီး မကြည်ညိုစရာတွေကို သွားပြီးတော့ ကြည်ညိုတတ်တယ်၊ အကြည်ညို လွဲတတ်တယ်၊ လွဲမှားနေက ဉာဏ်စတဲ့ဣန္ဒြေတွေ မဖြစ်နိုင်ဘူး၊ သဒ္ဓါတရား သိပ်များလွန်းနေရင်လဲ တရားမရနိုင်ဘူး။

ဝက္ကလိ တရားမရဘဲဖြစ်နေတာကို ဘုရားက ဆုံးမတဲ့အတွက် ဝက္ကလိ တရား ရသွားတဲ့အကြောင်း ဟောခဲ့ပါပြီ။

## ဝီရိယလွန်ကဲရင် တည်ငြိမ်တဲ့ ဗောဇ္ဈင်တွေကိုပွား

သစေ ပန ဝီရိယိန္ဒြိယံ ဗလဝံ ဟောတိ။

ပန–ဆက်၍ ဆိုဦးအံ့၊ ဝီရိယိန္ဒြိယံ–ဝီရိယိန္ဒြေသည်၊ ဗလဝံ–အား ရှိသည်၊ သစေဟောတိ– အကယ်၍ဖြစ်အံ့၊ အထ– ထိုသို့ ဝီရိယ လွန်ကဲသည်ရှိသော်၊ သဒ္ဓိန္ဒြိယံ–သဒ္ဓိန္ဒြေသည်၊ အဓိမောက္ခကိစ္စံ–သက်ဝင်ယုံကြည်မှု ကိစ္စကို၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကောတိ–မတတ်နိုင်၊ ဣတရာနံ– သဒ္ဓိန္ဒြေမှ တစ်ပါး၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေတို့၏၊ ဣတရကိစ္စ ဘေဒံ– သဒ္ဓိန္ဒြေမှတစ်ပါး မပြန့်လွင့်ခြင်းကိစ္စအာရုံ၌ ကပ်၍တည်ခြင်းကိစ္စ၊ အမှန်ကို သိမြင်ခြင်း ကိစ္စအပြားကို၊ ကာတုံ–ပြုခြင်းငှာ၊ နသက္ကောတိ–မစွမ်းနိုင်။

ဝီရိယ လွန်ကဲရင် ကျန်တဲ့ ဣန္ဒြေတွေက သူ့ကိစ္စသူ ဆောင်ရွက်နိုင်မှု ကိစ္စမရှိတော့ဘူးတဲ့၊ လွန်ကဲတဲ့ ဝီရိယနောက်လိုက်ပြီးတော့ စိတ်တွေ ပျံ့လွင့်ပြီး နေတတ်ပါတယ်။

တသ္မာ– ထို့ကြောင့်၊ တံ– ထိုဝီရိယိန္ဒြေကို၊ ပဿဒ္ဓါဒိဘာဝနာယ– ပဿဒ္ဓိ သမ္ဗောဇ္ဈင်စသည်ကို ပွားခြင်းဖြင့်၊ ဟာပေတဗ္ဗံ– ယုတ်လျော့စေအပ်၏၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိသမ္ဗောဇ္ဈင်၊ အကောင်းအဆိုးကို လျစ်လျူရှုမှုဆိုတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်တွေကို ကိုယ့်သန္တာန်မှာ ဖြစ်ပွားစေရင် ကြောင့်ကြစိုက်မှုတွေ လျော့မသွားနိုင်ဘူးလား။

"လျော့သွားနိုင်ပါတယ် ဘုရား"

## အရှင်သောဏမထေရ်ဝတ္ထု

တတြ– ထိုသို့ ဣန္ဒြေ ညီညွတ်အောင် ညှိရာ၌၊ သောဏတ္ထေရဿ– သောဏထေရ်၏၊ ဝတ္ထု–ဝတ္ထုကို၊ ဒဿေတဗ္ဗံ–ပြအပ်၏။

ဝီရိယ လွန်ကဲလို့ တရားမရတာနဲ့ စပ်ပြီး အဋ္ဌကထာက ဣန္ဒြေတွေ ညှိပေးလို့ တရားရသွားတဲ့ အရှင်သောဏအကြောင်းကို ပြရမယ်တဲ့။

အရှင်သောဏနဲ့ ပတ်သက်ပြီးတော့ ဝိနည်းမဟာဝါမှ ထုတ်ပြမယ်။

တေနခေါ်ပနသမယေန–ထိုအခါ၌၊ ဗုဒ္ဓေါ– တရားအလုံးစုံကို အကုန်အစင် သိမြင်တော်မူသော၊ ဘဂဝါ– မြတ်စွာဘုရားသည်၊ ရာဇဂဟေ= ရာဇဂြိုဟ်ပြည်၌၊ ရာဇဂဟေ–ဣသိ ဂိလ ပဏ္ဍဝနှင့် ဂိဇ္ဈကုဋ် ဝေပုလ်ဟု တောင်ရှင်ငါးလုံး၊

ပိတ်ဖုံးကာခို၊ ရာဇဂြိုဟ်မြို့အနီး၌၊ ဂိဇ္ဈကုဋေပဗ္ဗတေ–ဂိဇ္ဈကုဋ်တောင်၌၊ ဂိဇ္ဈကူဋေ ပဗ္ဗတေ–ဋ္ဌင်းတင့်ကျေးများ ဝင်ရောက်နားသည့် တောင်ဖျားထောင့်စွယ် ရှုချင့်ဘွယ်ဖြင့်တင့်တယ်စွာ တည်ရှိသော ဂိဇ္ဈကုဋ်တောင်၌၊ ဝိဟရတိ– လျောင်းထိုင် ရပ်သွား လေးပါးဣရိယာ မျှတစွာဖြင့်၊ သာယာရွှင်ပျော် သီတင်းသုံးနေတော်မူပါသတည်း။ "သာဓု– သာဓု– သာဓုပါဘုရား"

တစ်ချိန် တစ်ခါတုန်းက တောင်ငါးလုံး ပိတ်ဖုံးကာခိုတဲ့ ရာဇဂြိုဟ်မြို့တော်၊ တောင်ငါးလုံးထဲမှာ တစ်လုံး အပါအဝင်ဖြစ်တဲ့ ဂိဇ္ဈကုဋ်တောင်အနီးမှာ မြတ်စွာဘုရား သီတင်းသုံးမွေ့လျော်နေတော်မူတယ်။

ဂိဇ္ဈကုဋ်တောင်ဆိုတာ လင်းတငှက်တွေ နားတဲ့အတွက်ကြောင့်လဲပဲ ဂိဇ္ဈကုဋ်တောင် ခေါ်တယ်၊ လင်းတငှက်ကြီး နားနေတာနဲ့ တူသောကြောင့်လဲ ဂိဇ္ဈကုဋ်တောင် ခေါ်တယ်။

အိန္ဒိယခေါ်တဲ့ မဇ္ဈိမဒေသ ဘုရားဖူး ရောက်တဲ့အခါ သေသေချာချာ ကြည့်ခဲ့ရင် သိပါတယ်။

ဂိဇ္ဈကုဋ်တောင်ဆိုတာ လင်းတငှက်ကြီး နားနေတာနဲ့တူတယ်၊ မို့မို့မောက်မောက် ငှက်ပုံသဏ္ဌာန်ကြီးပေါ့။ အမြင့်ဆုံးတောင် ဖြစ်တဲ့အတွက်ကြောင့် လင်းတငှက်တွေလဲ ဝင်ရောက်ပြီးတော့ နားတတ်တယ်၊ အဲဒီတောင်မှာ မြတ်စွာဘုရား သီတင်းသုံးနေတော်မူပါတယ်။

တေနခေါ်ပနသမယေန–ထိုအခါ၌၊ မာဂဓော– မာဂဓတိုင်းကို အစိုးရသော၊ သေနိယော–များစွာသောစစ်သည်ရှိသော၊ ဗိမ္ဗိသာရော–ဗိမ္ဗိသာရမည်သော၊ ရာဇာ–မင်းသည်၊ အသီတိဂါမသဟဿေသု– ရွာပေါင်း ရှစ်သောင်းတို့၌၊ ဣဿရိယာဓိပစ္စံ–အစိုးရသည်၏အဖြစ်ဟုဆိုအပ်သော၊ ရဇ္ဇံ– မင်းအဖြစ်ကို၊ ကာရေသိ–ပြုလေပြီ။

## မြေပြင်ခြေမတင်ရတဲ့ သူဌေးသား

ဗိမ္ဗိသာမင်းကြီး မာဂဓတိုင်းလုံးကို အစိုးရတယ်၊ မာဂဓတိုင်းအတွင်းမှာ ရွာပေါင်းရှစ်သောင်း ရှိတယ်၊ အဲဒီရွာပေါင်းရှစ်သောင်းထဲမှာ ရွာသူကြီးတွေလဲ ရှစ်သောင်းရှိတယ်၊ အဲဒီရွာတွေကို အုပ်ချုပ်ပြီးတော့ မင်းလုပ်နေတဲ့ ဗိမ္ဗိသာရမင်းဆိုတာ ရှိတယ်။

ဗိမ္ဗိသာရမင်းဟာ သူ့ရဲ့ ရာဇဂြိုဟ်ပြည်ထဲမှာ အင်မတန်မှ ထူးဆန်းတဲ့ သောဏဆိုတဲ့ သူဌေးသားတစ်ယောက် ပေါ်ပေါက်နေတယ်ဆိုတဲ့ သတင်းကို ကြားရတယ်။

အဲဒီသူဌေးသားသောဏဟာ စည်းစိမ်ဥစ္စာတွေလဲ မင်းကဲ့သို့ မင်းလောက်နီးပါး ကြွယ်ဝချမ်းသာတယ်။

အဲဒီသောဏသူဌေးသား မွေးကတည်းက ခြေဖဝါးမှာ အင်မတန်မှ နူးညံ့တဲ့ မွေးညှင်းကလေးတွေ ပေါက်ပြီးတော့ နေတယ်၊ အဲဒီ သူဌေးသား ဘယ်လောက် ချမ်းသာသလဲ မမေးနဲ့၊ မြေပြင် ခြေတောင်မချဘူး၊ သွားချင်တဲ့နေရာ ထမ်းစင်နဲ့ ထမ်းပြီးတော့ ပို့ကြတယ်၊ အဲဒီခေတ်တုန်းက ထမ်းစင်ခေတ်၊ ရထားခေတ်ဆိုပါစို့၊ ကားခေတ် လေယာဉ်ခေတ် မပေါက်သေးဘူး။

အဲဒီသူဌေးသားဟာ ခြေဖဝါးမှာ မွေးညှင်းတွေပေါက်ပြီးတော့ နေတာ၊ အင်မတန်မှ ထူးဆန်းတဲ့အတွက် လူတွေကလဲပဲ အဲဒီသူဌေးသားလေးကို ကြည့်ခွင့်ရတဲ့အချိန်မှာ ကြိတ်ကြိတ်တိုးလောက်အောင် သွားပြီးတော့ ကြည့်ကြတယ်ဆိုတဲ့ သတင်းစကားကလဲ အုတ်အော်သောင်းနင်း ဖြစ်နေတယ်။

## သောဏ ခြေဖဝါး မင်းကြီးမြင်ချင်

ဗိမ္ဗိသာရ မင်းကြီးကလဲ သူဌေးသား ခြေဖဝါး အမွေးပေါက်တာကို ကြားနေရတော့ သူလဲ ကြည့်ချင်တယ်၊ သူက ဘုရင်ဆိုတော့ ကိုယ့်တိုင်းပြည်ထဲက သူဌေးသားတစ်ယောက်ကို ခြေဖဝါး အမွေးပေါက်တာကို သွားကြည့်တယ်လို့ ဆိုပြန်တော့လဲ ဣန္ဒြေပျက်၊ သိက္ခာကျမှာ စိုးရိမ်ရသေးတာကိုး။ အင်း ကိုယ့်ဂုဏ်ကိုလဲ ကိုယ်ထိန်းရသေးတာကလား၊ ဒါနဲ့ပဲ ဥပါယ်တံမျဉ် လုပ်ကာ သူ့နိုင်ငံထဲရှိ ရွာပေါင်းရှစ်သောင်းက ရွာသူကြီးတွေရော အကုန်လုံး လာရမယ်လို့ ဆင့်ခေါ်စေတယ်၊ ဆင့်ခေါ်ပြီး အစည်းအဝေး ပြုလုပ်စေတယ်။

အဲဒီ အစည်းအဝေးမှာ သူဌေးသား သောဏလဲ ပါရမယ်၊ တက်ရောက်ရမယ်လို့ အမိန့်ချမှတ်တယ်၊ အဲဒီလိုအမိန့်ချမှတ်ထားတာကို သောဏရဲ့ မိခင်ဖခင်တွေက ဘုရင်ရဲ့အလိုတော်ကို သိတဲ့အတွက် “ချစ်သား သောဏ ဘုရင် ခေါ်လို့ သင်သွားရမယ်ဆိုရင် ဘုရင်ရှေ့ ရောက်တဲ့အခါ ထမ်းစင်ကို ချပြီးတဲ့နောက် ဘုရင်ဘက်ကို လှည့်ပြီးတော့ ခြေထောက်တွေကို ချဆင်းကာ

ကိုးယိုးကားယားနဲ့ အရှိအသေ မပေးဘဲနဲ့ မထိုင်နဲ့၊ ဒူးတုပ်ပြီးတော့လဲ အရှိအသေပြုလို့ မထိုင်နဲ့၊ သင့်ရဲ့ခြေဖဝါးက အမွေးတွေကို ဘုရင်က မြင်ချင်တာ ဖြစ်တဲ့အတွက် ဘုရင်နဲ့ မလှမ်းမကမ်း ရှေ့နားမှာ သွားပြီးတော့ ပလ္လင်ခွေ၊ ခြေဖဝါးနှစ်ဖက်ပေါ်အောင် ထိုင်ရမယ်"လို့ မှာကြတယ်။

## ဘုရားဖူး သွားကြရန် တိုက်တွန်း

အမေအမေက မှာလိုက်တော့ အဲဒီအတိုင်း ထိုင်တာပေါ့၊ ဘုရင်ကလဲ ကြည့်ပြီး နည်းနည်း အံ့ဩသွားတယ်၊ အံ့ဩသွားပြီးတော့ အဲဒီ အစည်းအဝေးမှာ ဗိမ္ဗိသာရ မင်းကြီးက ပစ္စုပ္ပန် ဒီလောကမှာ လူ့ဘဝ ချမ်းချမ်းသာသာ ရှိတဲ့ အုပ်ချုပ်ရေးကိုင်တဲ့ ပုဂ္ဂိုလ်တွေ၊ ခေါင်းဆောင်လုပ်နည်းနိဿရည်း၊ ရွာကို အုပ်ချုပ်နည်း၊ ကြီးပွားချမ်းသာအောင် ပြုလုပ်နည်းစတဲ့ ဒီလိုချမ်းသာကြောင်းနည်းတွေကို သွန်သင်ဆုံးမလိုက်တယ်။

ဘုရင် ဗိမ္ဗိသာရ မင်းကြီးက ဆက်ပြီး ပြောပြတာက ငါခုပြောခဲ့တာတွေဟာ လောကီကောင်းကျိုး ချမ်းသာရဖို့ရာ ပြောတာပဲ။

နောက်နောင် အကျိုးအတွက် ငါပြောဦးမယ်၊ ဘာလဲဆိုတော့ "ငါ ဆည်းကပ် ကိုးကွယ်တဲ့ မြတ်စွာဘုရားထံ သွားကြ၊ ဆည်းကပ်ကြ၊ ဖူးမြော်ကြ၊ ကိုးကွယ်ကြ၊ မြတ်စွာဘုရားက နောင်သံသရာဘဝ ကောင်းစား ချမ်းသာရေး၊ ဘဝလွတ်မြောက်ရေး၊ တရားထူးတွေကို ဟောပြလိမ့်မယ်၊ ဘုရားဟောတဲ့ တရားတွေကို မင်းတို့ လိုက်နာကြ" အဲဒီလို ပြောကာ ရွာစား ရှစ်သောင်းနဲ့ သူဌေးသား သောဏကို ဘုရားထံ စေလွှတ်လိုက်တယ်။

မြတ်စွာဘုရားသခင် သီတင်းသုံးတော်မူရာ ကျောင်းအနီးသို့ ရောက်တဲ့ အခါမှာ ခဏခေတ္တ ရပ်တံ့ပြီး မြတ်စွာဘုရားနဲ့ တွေ့ဖို့ရာအတွက် မြတ်စွာဘုရားရဲ့အလုပ်အကျွေးဖြစ်တဲ့ အရှင်သာဂတနဲ့ ဦးစွာ တွေ့ဆုံကြရတယ်။

လူကြီးတွေ ဆရာတော်တွေ တွေ့တော့မယ်ဆိုရင် အနားမှာ ပြုစုလုပ်ကျွေးတဲ့ အစုခေတ် ပြောကြတဲ့ ပီအေခေါ်တာမျိုးပေါ့လေ၊ အတွင်းရေးမှူးနဲ့ အရင် တွေ့ရတယ်။

အဲဒီတုန်းက ညီတော် အာနန္ဒာက ဥပဋ္ဌာက အလုပ်အကျွေးရာထူး မရသေးဘူး၊ အရှင်သာဂတက ဘုရားကို ပြုစု လုပ်ကျွေးနေတုန်း ဖြစ်တယ်။

## အရှင်သာဂိတ တန်ခိုးပြ

အရှင်သာဂိတဆီ သွားပြီးတော့ အဲဒီရွာစားတွေက ပြောကြတယ်။ "မြတ်စွာဘုရားကို ဖူးမြင်ချင်တယ်"ပေါ့၊ အရှင်သာဂိတက "အေး– ဒီလိုဆိုရင် ဒီနားမှာ ခဏ နေကြဦး" ဆိုပြီးတော့ လူတွေရဲ့ရှေ့မှာပဲ မြေကြီးထဲကို အဘိဉာဏ်တန်ခိုးနဲ့ ဇတ်ခနဲ ငုပ် ဝင်သွားပြီးတော့ ဘုရားသိတင်းသုံးတဲ့ ဂိဇ္ဈကုဋ်တောင်မှာ ဘွားခနဲ ဇတ်ခနဲ သွားပေါ်ပြီး ဘုရားကို လျှောက်ထားတယ်။

မြတ်စွာဘုရားက "ဖူးမြော်ချင်တဲ့ပုဂ္ဂိုလ်တွေ လာကြပါစေ" လို့ ခွင့်ပေးလိုက်တဲ့အခါကျတော့ အရှင်သာဂိတ က မြတ်စွာဘုရားနားက မြေကြီးထဲ ငုပ် လျှိုးသွားပြီးတော့ အဲဒီရွာစားတွေ စုဝေးတဲ့နေရာမှာ–ဘွားခနဲပေါ်လာပြီး ဘုရားထံ ခေါ်သွားတယ်။

ဘုရားထံခေါ်သွားတဲ့အခါကျတော့ ရွာစားသူဌေးတွေက ဦးစွာပထမ ဘုရားကို စိတ်မဝင်စားဘူး၊ ဘုရားရဲ့အလုပ်အကျွေးကို သိပ်စိတ်ဝင်စားနေတာ–ဒီကိုယ်တော် သိပ်တန်ခိုးကြီးတာပါပဲ၊ ဒီလိုကိုး။

အဲဒီလိုစိတ်ဝင်စားနေတော့ ဘုရားက "ချစ်သားဆက်ပြီးတော့ တန်ခိုးပြာဋိဟာ ပြလိုက်စမ်း"လို့ ခိုင်းလိုက်တော့ အရှင်သာဂိတ တန်ခိုးပြာဋိဟာ ပြရ ပြန်တယ်၊ တန်ခိုးကို မြင်ကြရပြန်တော့ သိပ်အံ့ဩသွားပြီး "ဘုရားရဲ့ တပည့်ကတောင် ဒီလောက်စွမ်းနေတာ ဘုရားကတော့ ဒီထက်ပိုပြီး တန်ခိုးကြီးမှာပဲလို့ အဲဒီကျမှ ဘုရားကို ကြည်ညိုလာတယ်။

## ဒေသနာဆေး တိုက်ကျွေးတော်မူ

အဲဒီလို ကြည်ညိုစိတ်ကလေး ဖြစ်လာမှ ဒါနကထာ၊ သီလကထာ၊ သဂ္ဂကထာဆိုတဲ့ တရားတွေဟောတယ်။

အလှူပေးရတယ်၊ သီလဆောက်တည် ကျင့်သုံးရတယ်၊ အလှူပေးလို့ သီလဆောက်တည် ကျင့်သုံးရင် နတ်ပြည်ရောက် နတ်စည်းစိမ် ချမ်းသာတွေ ခံစားရတယ်။

ပြီးတော့ ကာမာနံအာဒီနဝကထာ–တဲ့၊ လူ့ချမ်းသာ၊ နတ်ချမ်းသာ၊ ဗြဟ္မာချမ်းသာ ဆိုတာတွေလဲ အသေမလွတ်တဲ့ အတွက်ကြောင့် ချမ်းသာစစ် မဟုတ်ဘူး၊ ဒါတွေလဲပဲ ဆင်းရဲတွေပဲ၊ အဲဒီဆင်းရဲတွေ၊ ဒုက္ခသစ္စာတွေကို

သိပြီးတော့ ဒါတွေအပေါ်မှာ သွားတွယ်တာတဲ့ ဒုက္ခဖြစ်ကြောင်း သမုဒယ သစ္စာကို ပယ်ပြီး ဒုက္ခသမုဒယ ချုပ်ငြိမ်းရာဖြစ်တဲ့ နိဗ္ဗာန်ရောက်အောင် မဂ္ဂ ကထာဆိုတဲ့ မဂ္ဂင်ရှစ်ပါးတရားတွေ ကျင့်ပွားရတယ်ဆိုတဲ့ အကြောင်းစုံလင် စွာ မြတ်စွာဘုရားက–ကထာစဉ် ဓမ္မကထာကို ဟောလိုက်တဲ့အခါ အဲဒီရှာစား တွေနဲ့တကွ ရောက်လာတဲ့ ပရိသတ်ကြီး တရားထူးတွေ ရရှိသွားကြပါတယ်။

## သောဏ ရဟန်းပြုခွင့် တောင်းခံ

တရားထူးတွေ ရရှိသွားကြတဲ့အထဲက သောတာပန်မျှလောက်သာ ဖြစ်ပြီးတော့နေတဲ့ မောင်သောဏကလဲ မြတ်စွာဘုရားကို ကြည်ညိုပြီးတော့ "တပည့်တော် ဘုရားသာသနာကို ဝင်ပြီး ရဟန်းဝတ်လိုပါတယ် ဘုရား"လို့ ဆိုပြီး ရဟန်းဖြစ်ခွင့်ကို အခုလိုတောင်းလိုက်တယ် "ရှင်သာမဏေအဖြစ်ကို ရလိုပါ တယ်ဘုရား"တဲ့။

ဘုန်းတော်သခင် ရှင်တော်မြတ်ဘုရား၊ တပည့်တော်သည် မြတ်စွာ ဘုရား၏အထံ၌ ရဟန်းအဖြစ်ကို ရလိုပါသည်ဘုရား။

မြတ်စွာဘုရားကလည်း သောဏကို ရှင်ရဟန်းပြုပေးလိုက်တယ်။

ကောဠိဝိသော–ကောဠဝိသ အမျိုးနွယ်ဖြစ်သော၊ သောဏော–သူဌေး သား သောဏသည်၊ ဘဂဝတော–မြတ်စွာဘုရား၏၊ သန္တိကေ–အထံတော်၌၊ ပဗ္ဗဇ္ဇံ–ရှင်သာမဏေအဖြစ်ကို၊ အလတ္ထ–ရသည်သာ၊ ဥပသမ္ပဒံ– မြင့်မြတ် သော အထက်တန်း ရဟန်းပဋ္ဌင်းအဖြစ်ကို၊ အလတ္ထခေါ်–ရတော့သည်သာ၊ အရှင်သောဏသည် ရဟန်းအစစ်ဖြစ်လေတော့သတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

## ဘုန်းကံကြီးသူတို့၏ ဒုက္ခ

ဂဏာဝဏ္ဏေ ပဿန္တိ တိ ဇနာ–ဆိုတဲ့အတိုင်း သူဌေးသားဘဝတုန်းက သူ့ ခြေထောက်အမွေးလေးတွေ ပေါက်ပြီးတော့ တစ်ကိုယ်လုံးကလဲ သိပ်ရှုချင် စဖွယ်ရှိတယ်၊ ကျက်သရေရှိတဲ့ လုပတဲ့ အမျိုးသားအနေနဲ့ လူတွေဝိုင်းပြီး ကြည့်ကြရတာ၊ သူ့အပြင်ထွက်ချိန်ကိုလဲ စောင့်ဆိုင်းနေကြသူတွေ ရှိကြ တယ်။

စည်းစိမ်ခံစားနေတဲ့ စည်းကမ်းတကျ အစောင့်အရှောက်နဲ့နေတဲ့ သူ့ရဲ့နေရာကို လူတိုင်း ဘယ်ဝင်ရမှာ တုံး၊ သွားကြည့်ချင်တိုင်း ကြည့်ရတာ မဟုတ်ဘူး။

ဘုရားသာသနာတော်တွင်း အများကိုးကွယ်ခံ ရဟန်းရယ်လို့ ဖြစ်လာတဲ့အခါကျတော့ အမြဲတမ်း လူတွေရဲ့ ဖူးမြော်ခွင့်ကို ပေးထားရတာ ဖြစ်တယ်၊ အများ ကြည်ညိုစရာ ရဟန်း ဖြစ်တာကိုး။

ဖူးမြော်ချင်တဲ့ ပုဂ္ဂိုလ်တွေ ဖူးမြော်ချင်တယ် ဆိုတော့ လူ့ဘဝတုန်းက လူထူးလူဆန်း တစ်ယောက်အနေနဲ့ ဝိုင်းကြည့်ရတဲ့ သောကကို ရဟန်းဘဝရောက်တဲ့အခါမှာ အခွင့်အရေးက ပိုရနေလေတော့ လူတွေ တသောသောနဲ့ လာကြည့်ကြတယ်။

လာကြည့်ကြတော့ ဟိုလူက သင်္ကန်းလှူ၊ ဒီလူ က ဆေးလှူ၊ ဟိုလူက ဆွမ်းပို့၊ အလှူအတန်းတွေ သိပ်များနေလေတော့ ဧည့်ခံ အဖူးမြော်ခံအကြည်ညိုခံနေရတာနဲ့ ကိုယ့်ရဟန်းတရားကို ကိုယ်လုပ်ချိန်တောင် မရဘူး။

အဲဒီတော့ အရှင်သောဏ စိတ်ကူးပေါက်လာတယ်၊ ဒီအတိုင်းသာ ငါ နေရင်တော့ သင်္ကန်းဝတ်ရကျိုး၊ သင်္ကန်းဝတ်နဲ့ လျော်တဲ့ ဝိပဿနာခုရဆိုတဲ့ တရားအလုပ် ငါလုပ်ရတော့မှာ မဟုတ်ဘူး၊ ဘုန်းကံတွေ သိပ်ကြီးလာရင် ပုထုဇဉ်တို့ရဲ့ သဘာဝအတိုင်း ငါလဲပဲ မာနတွေ ဘာတွေ ထောင်လာနိုင်တယ်၊ သင်္ကန်းဝတ်ထားတဲ့ ရဟန်းပေမယ့်လို့ လူတွေက သိပ်ပြီးတော့ မြှောက်ပင့်ပေးရင် ရဟန်းလဲပဲ နည်းနည်းမာနကြီးသွားတတ်တယ် ဟုတ်လား။

ဘုန်းကြီးတွေလဲ မြှောက်တော့ မပေးကြနဲ့၊ ဘုန်းကြီးတွေ ဘဝင်မြင့်သွားတတ်တာ တချို့တလေ ရှိတယ်။

ဘုန်းကံ ကြီးမားလို့ လာဘ်များလွန်းအား ကြီးရင် အဲဒီ ပုဂ္ဂိုလ်တရားကလဲ မရင့်ကျက်သေးဘူးဆိုရင်တော့ ကိုယ့်ဘုန်းနဲ့ ကိုယ်ပြန်ပြီးတော့ ပျက်စီးတတ်တယ်၊ ဆောင်ပုဒ်ဆိုပေးမယ်။

ဘုန်းကံကြီးမား၊ လာဘ်များကြွယ်လျှင်၊
ဘုန်းကပြန်သတ်၊ သေတတ်သည်ပင်၊
မိုးကြိုးလောင်မီး၊ ဖျက်ဆီးပုံသွင်၊
ဘုန်းစွန့်သွား၊ တရားအလုပ်ဝင်။

ဘုန်းကြီးသူမှာ မိုးကြိုးပစ် ခံရသလို၊ လောင်မီးကျ ခံရသလို ဖြစ်သွားတတ်တယ်၊ အာဂိသဆိုတဲ့ ပစ္စည်းလာဘ်လာဘတွေ အကြောင်းပြုပြီးတော့ သိပ်ဘဝင်မြင့်သွားလို့ ရှိရင်တော့ ငါ့မာနနဲ့ ငါ ရှိသေထိုက်တဲ့ ပုဂ္ဂိုလ်တွေ မရိုသေ၊ လေးစားထိုက်တဲ့ ပုဂ္ဂိုလ်တွေ မလေးစား၊ ကျေးဇူးတုံ့ပြန်သင့်တဲ့ ပုဂ္ဂိုလ်တွေ ကျေးဇူးတုံ့ပြန်ရမှန်း မသိဘဲနဲ့ ငါသာ ဘုန်းကြီးတယ်၊ ငါသာတော်တယ်၊ ငါသာ မြတ်တယ်၊ ငါပြောရာသာ နားထောင်ရမယ်၊ ငါ့ကို ဘယ်သူမှလာပြီး အကြံဉာဏ်ပေးခြင်း၊ ပြောဆိုခြင်း မရှိစေရ ဆိုတဲ့ မာနမျိုးတွေလဲ တက်လာတတ်တယ်။

အဲဒီလို မာနတွေ တက်လာလို့ရှိရင် ကြီးပွားတိုးတက်ရေးတွေ လမ်းစပိတ်ပြီးတော့ ဘုန်းပြန်လျှော့ကျသွားနိုင်တယ်၊ လျှော့ကျသွားယုံတင်မက ဒုစရိုက်မှုတွေပါ ကျူးလွန်ပြီး သီလပျက်ကာ အပါယ်လေးပါးထိ ကျသွားနိုင်တယ်၊ ဒီလို အရှင်သောဏ တွေးတယ်။

အဲဒီတော့ ဘုန်းကံ ကြီးမားမှုတွေ စွန့်ပြီးငေ ၃ လူတွေ မလာရဲတဲ့ နေရာသွားပြီး တရားအားထုတ်မှ ဖြစ်မယ်၊လူတွေ မလာရဲတဲ့ နေရာကတော့ သုသာန်၊ မလွှဲမရှောင်သာလို့ ခင်မင်ရင်းနှီးတဲ့ ဆွေမျိုးပေါက်ဖော်ထဲက ကွယ်လွန်လို့ ရှိရင်တော့ သွားတတ်ကြတယ်၊ ခဏပါပဲ၊ ကြာကြာနေရဲ့လား။

(မနေပါဘုရား)

ပြီးတော့ ဘာလုပ်ပြန်လာကြ၊ သုသာန်က ထွက်လို့ရှိရင် "လွဲစေဖယ်စေ ဘာဖြစ်စေ"ဆိုပြီးတော့ ဖနောင့်က မြေကြီး နဖူးတောင် သုတ်လာကြ၊ တချို့တစ္ဆေပါလာမှာ ကြောက်လို့နော်။

သုသာန်နားက ဖြတ်သွားရမှာဆိုတော့ "ကွင်းသွားစမ်းပါ" ဒီဘက်ကို ကားမမောင်းစမ်းပါနဲ့၊ သုသာန်ကို အဲဒီလောက်ထိ ကြောက်တာ။

ထားပါတော့၊ လူတွေ မလာတဲ့ နေရာသွားနေတယ်၊ အရှင်သောဏ၊ ဘယ်သူတုန်း။ (အရှင်သောဏပါဘုရား)

အရှင်သောဏရဲ့စိတ်မျိုး မွေးဖို့ အရေးကြီးတယ်။

ဘုန်းကြီးနေတာကို ဘုန်းကြီးရမှာကို ကြောက်တဲ့ ပုဂ္ဂိုလ်တွေက လူတွေကို ရှောင်ပြီးတော့ တစ်ဦးတည်း တစ်ယောက်တည်း သွားပြီးတော့ တရား အားထုတ်တယ်တဲ့၊ ယောဂီဆိုရင် ဘုန်းကြီးလို့ ဖြစ်ပါ့မလား။

လူတွေ တသောသော၊ ဧည့်သည်တွေ ခဏခဏလာလို့ ဖြစ်ပါ့မလား၊ တိတ်တိတ်ဆိတ်ဆိတ် ကိုယ်တည်း ပျော်ပြီးတော့ တရားအားထုတ်ဖို့ အရေး မကြီးဘူးလား။ “အရေးကြီးပါဘုရား”

## ရင်းတိုက်တော သုသာန်မှာ

အစိရူပသမ္ဘော– ရဟန်းဝတ်၍ မကြာမြင့်သေးသော၊ အာယသ္မာ သောဏော– အရှင်သောဏသည်၊ သီတဝနေ– ရင်းတိုက်တော သုသာန်၌၊ ဝိဟရတိ– သီတင်းသုံးနေတော်မူ၏။

အစ္စာရဒ္ဓဝီရိယဿ– ဝီရိယလွန်ကဲစွာ တရားအားထုတ်လျက်၊ စင်္ကမတော– စင်္ကြံသွားသော၊ တဿသောဏဿ– ထိုအရှင်သောဏ၏၊ ပါဒါ– ခြေတို့သည်၊ ဘိန္နာသု– ကွဲကုန်၏။ စင်္ကမော–စင်္ကြံသည်လည်း၊ ဂဝါဃာတနံ သေယျ ထာပိ–နွားသတ်ထားတဲ့နေရာကဲ့သို့၊ လောဟိတေန–သွေးဖြင့်၊ ဖုဋ္ဌော– ပြန့်နှံ့သည်၊ ဟောတိ– ဖြစ်၏။

ရှင်သောဏဟာ (ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်)၊ (ကြွတယ်၊ ချတယ်)၊ (ကြွတယ်၊ လှမ်းတယ်၊ ချတယ်)၊ (ရပ်တယ်၊ ရပ်တယ်)၊ (လှည့်ချင်တယ်၊ လှည့်ချင်တယ်)၊ (လှည့်တယ်၊ လှည့်တယ်)၊ (ရပ်တယ်၊ ရပ်တယ်)၊ (သွားချင်တယ်၊ သွားချင်တယ်) (ညာလှမ်းတယ်၊ ဘယ်လှမ်းတယ်)၊ (ကြွတယ်၊ ချတယ်)၊ (ကြွတယ်၊ လှမ်းတယ်၊ ချတယ်)၊ စသည်ဖြင့် ခေါက်တုန့်ခေါက်ပြန်၊ စင်္ကြံလျှောက်ပြီးတော့ တရားအားထုတ်နေတယ်၊ အခု ယောဂီတွေလိုပေါ့၊ အရှင်သောဏ ဘယ်လို တရားအားထုတ်နေတုံး။

“စင်္ကြံလျှောက် အားထုတ်နေပါတယ် ဘုရား”

သောဏရဲ့ ခြေထောက်ကလဲ အင်မတန်မှ နူးညံ့တယ်၊ မြေပေါ်ကိုလဲ နင်းခဲ့ဖူးတာ မဟုတ်ဘူး၊ သူဌေးသားဘဝက ရဟန်းလုပ်ပြီး တောထဲမှာ သွားတရားအားထုတ်တယ်ဆိုတော့ နူးညံ့တဲ့ သူ့ခြေထောက်တွေဟာ တစ်ခါတည်း အမွှေးတွေဘာတွေ ပြုတ်သတ်ပြီးတော့ ပေါက်ကွဲသွားတယ်၊ သူ စင်္ကြံသွားတဲ့ လမ်းဟာ နွားသတ်ထားတဲ့ နေရာလိုပဲတဲ့၊ သွေးချင်းချင်း နီနေတယ်။ လမ်းက ဘယ်လိုနေသလဲ?။

“သွေးချင်းချင်း နီနေပါတယ် ဘုရား”

## ယောဂီစိတ်ထား

ကာမံ ဘိဇ္ဇတု ယံကာယော၊ ဓိရတ္ထု ဣလ ဓိဝိတံ။
သင်္ဂါမေ မေ မတံ သေယျော၊ ယဉ္စေဇိဝေ ပရာဇိတော။

အယံကာယော– သံသရာဇာတ်ရုံမှာ အစုံစုံဇာတ်ထွက်၊ ဒုက္ခစက် တလည်လည်နဲ့ အကြီးအကျယ် ပူလောင်အောင် ထူထောင်စိုက်ပျိုးရတဲ့ ဤကိုယ်ကောင် ဒုက္ခအိုးကြီးသည်၊ ကာမံ– မငဲ့မညှာ၊ တကယ်ပင် မတွယ်တာပါဘူး ဖြစ်ချင်ရာ ဖြစ်စေတော့၊ ဘိဇ္ဇတု– စကြဲ့ပျောက်နေတုန်းမှာ ပြိုးခနဲ ကွဲအက်၍ ပျက်ချင်သလို ပျက်စီးပါစေတော့၊ ဣလ–သတ္တဝါတွေ များမွေရှုပ်ယှက် ဒုက္ခစက်ခေါ်တဲ့ ဤလူ့ပြည်လောကဥ္၊ ဇီဝိတံ– ရှိုက်နိုင် ရှုနိုင်မှ တည်နေခွင့်ရတဲ့ ဇိဝခေါ်ရိုးအသက်မျိုးသည်၊ ဓိရတ္ထု–ထွီစရာ မုန်းစရာ တကယ့်ကို နလုံးနာပါရဲ့ အရှုံးသာအဖတ်တင်တဲ့ ကိုယ်ကောင်ကြီးပါတကား၊သင်္ဂါမေ– ကိလေသာ ရန်သူနှင့် အတူတူယှဉ်ပြိုင် ရင်ဆိုင်ကာ စစ်တိုက်ရသော စစ်မြေ ပြင်၌၊ မေ– ငါ၏၊ မတံ– တိုက်ရင်း ခိုက်ရင်း ရဲတင်းဇွတ်ဆွဲ မလွှတ်ဘဲနှင့် လဲ၍ သေလိုက်ရခြင်းသည်၊ သေယျော– လူအပေါင်းတွေကလည်း လက်ခုပ်တီး ဟိုဝေဟင် အဇ္ဈောက နတ်ဗြဟ္မာတွေကလည်း အံ့ချီးသနှင့် စိတ်ကြီးဝင်စဖွယ် တကယ်ပင် မြင့်မြတ်လှပါပေသည်တကား၊ မေ–မသုန်မလည်၊ တိုက်ခိုက်မည်ဟု ရဲရည်တိုးကာ ထွက်လာသောငါ့အား၊ သင်္ဂါမေ– ကိလေသာ ရန်သူနှင့် အတူတူ ယှဉ်ပြိုင်ကာ စစ်တိုက်၍ နေရသော စစ်မြေပြင်၌၊ ပရာဇိတော– ကြောက်စိတ်ကြောက်သွေး အရှုံးပေးလျက်၊ ဇီဝေ– ရှုံ့တွန့် ရှုံ့တွန့် မဝံ့မစား ရဲအားမပီ အသက်ရှည်၍နေရခြင်းသည်၊ ယဉ္စေသေယျော– မမြတ်၊ ယဉ္စေသေယျော– ကိုယ်စောင့်နတ်တွေကိုလည်း ရှက်ပါရဲ့ အသက်ရှင်နေကျိုး အဖိုးမတန် သဖြင့် မမြတ်ရိုး၊ နံလှပါပေသည်တကား။ "သာဓု–သာဓု–သာဓုပါဘုရား"

## ဘဝဇာတ်ခုံ

ကိုယ့်ခန္ဓာကို ကိုယ့်ဘဝကို သုံးသပ်ကြည့်မယ် ဆိုရင်–တဲ့။ ဇာတ်သဘင် လောက ဇာတ်ထွက်နေရတာနဲ့ တူတယ်၊ ဒါရိုက်တာရဲ့စီမံချက်အရ မင်းသား လုပ်လိုက်ဆိုလဲ လုပ်လိုက်ရ၊ မင်းသမီးလုပ်ဆိုလဲ လုပ်ရ၊ လူကြမ်း ဆိုလဲ ကြမ်းလိုက်ရ၊ လူရွှင်တော်ဆိုလဲပဲ ဟားတိုက်ရယ်မောအောင် လုပ်ရနဲ့ ဇာတ်

ဆရာအလိုကျအတိုင်း သရုပ်ဆောင်ရတယ်၊ အဲဒီဇာတ်ထုပ်ပြီးသွားတော့ တစ်ည မိုးလင်းသွား၊ နောက်တစ်ညကျတော့ ထပ်ပြီး ကကြရပြန်ရော။

ဒီရွာက ဇာတ်သိမ်းသွား၊ နောက်ဟိုမြို့ကိုပြောင်း၊ ဟိုမြို့က နေပြီးတော့ ဇာတ်သိမ်းသွားပြီဆိုတော့ ဟိုရွာရွှေ့ရ၊ ဇာတ်ကဆုံးနိုင်ရဲ့လား။

"မဆုံးနိုင်ပါ ဘုရား"

ဒီအတိုင်းပါပဲတဲ့၊ ၃၁–ဘုံဆိုတဲ့ ဇာတ်စင်ပေါ်မှာတကဲပြီးတော့ မင်း လူဘဝသွားဦးဆိုတော့ လူဘဝ မလာရဘူးလား။

"လာရပါတယ်–ဘုရား"

ဘယ်သူက ခိုင်းတာတုန်း ဆိုတော့ ကိုယ်လုပ်ခဲ့တဲ့ကံ–ကိလေသာ တွေက ခိုင်းတာ မှန်ရဲ့လား။

"မှန်ပါတယ်–ဘုရား"

နင်အကုသိုလ် အလုပ်များတယ် ငရဲသား ဇာတ်ပြလိုက်စမ်း ဆိုတော့ ငရဲပြည်သွားရတာ၊ မင်းနတ်ပြည် ခဏတက်လိုက်စမ်းပါဦးဆိုတော့ နတ်ပြည် တက်ရ၊ တော်ကြာလိမ့်ကျကုန်ပြီး တော်ကြာ ဗြဟ္မာ့ပြည်သွားလိုက်စမ်းဦး ဆို ပုထုဇဉ်ဘဝနဲ့သွား၊ ဗြဟ္မာဖြစ်တော့လဲ တော်ကြာ လူပြည် ပြန်ဆင်း လာရတာပဲ။

လူပြည် ရောက်တဲ့အခါ သူတော်ကောင်းဖြစ်လိုက်၊ သူယုတ်မာ ဖြစ် လိုက်၊ တော်ကြာ လူကြမ်းဖြစ်လိုက်၊ လူလိမ္မာဖြစ်လိုက်၊ မိန်းမ ဖြစ်လိုက်၊ ယောကျ်ားဖြစ်လိုက်၊အလွမ်းသမားကြီးဖြစ်လိုက် အပျော်သမားကြီး ဖြစ်လိုက်၊ ဒီလိုဖြစ်မနေကြရဘူးလား။ "ဖြစ်နေကြရပါတယ်–ဘုရား"

အဲဒီတော့ ၃၁–ဘုံမှာ ဘုံပြောင်းပြီးတော့ သရုပ်ဆောင်အမျိုးမျိုး လုပ်ပြီး ကပြနေကြရတာပဲ၊ ဒီလိုကပြရတဲ့အထဲမှာ ခန္ဓာ့ကျွန်၊ တဏှာ့ကျွန်၊ သမ်းသား ရေးကျွန်၊ စီးပွားရေး အကုန်လုံးရဲ့ကျွန်ခံ ပြီးတော့ အိုလိုက်၊နာလိုက်၊သေလိုက်နဲ့ ခန္ဓာကိုယ်တွေ အသက်တွေ အဆုံးကြီး ဆုံးခဲ့ရတာ များလှပြီ၊ မှန်ရဲ့လား။

"မှန်ပါတယ်–ဘုရား"

ဖြစ်တဲ့ဘဝတွေမှာ အိပ်၊ စား၊ ကာမ၊ ဒီသုံးဝ၊ သားကျွေးမှု၊ မယား ကျွေးမှု၊ မိသားစု–လုပ်မှု ဝမှု၊ ဆွေမျိုးချမ်းသာမှု၊ အဲဒါတွေနဲ့ ပတ်သက်ပြီးတော့ သေခဲ့ရတာ မများဘူးလား။ "များပါတယ်– ဘုရား"

ဒီတစ်ခါတဲ့ ဘဝလွတ်မြောက်ရေး၊ ကာမကျွန်မှ လွတ်မြောက်၊ တဏှာကျွန်မှ လွတ်မြောက်ရေး တိုက်ပွဲဖြစ်တဲ့ ယောဂီတွေရဲ့ တရားအားထုတ်တဲ့နေရာ၊ ကိလေသာနဲ့ စစ်ခင်းတဲ့ စစ်တလင်းနဲ့ တူတဲ့နေရာ၊ ဒီဌာန၊ ဒီရိပ်သာကြီးဟာ ကိလေသာတွေနဲ့ စစ်တိုက်တဲ့ စစ်မြေပြင်ကြီးပဲ၊ စကြံ လျှောက်ရင်းလဲ သေသွားမယ်ဆိုရင် မြတ်သော သေခြင်း ဖြစ်တယ်။

တရားအားထုတ်ရင်းသေရင် သေခြင်းကောင်းလား?၊ သေခြင်းဆိုးလား?၊ (သေခြင်းကောင်းပါဘုရား)၊ ဟုတ်တယ်နော်၊ အရပ်ထဲဖြင့်နော် သေခြင်းဆိုးကြီး၊ သေခြင်းဆိုးမ၊ သေနာကောင်၊ ဒီလိုအဆဲခံရတယ်၊ ခံရတဲ့လူတွေက မနာဘူးလား။ "နာပါတယ်ဘုရား။"

အေး- ရောင်းရင်းဝယ်ရင်း၊ ချက်ရင်းပြုတ်ရင်း၊ သွားရင်းလာရင်း၊ တရားမရှိ၊ ဘာမရှိနဲ့၊ သေသွားလို့ရှိရင်တော့ သေခြင်းဆိုးလား သေခြင်းကောင်းလား(သေခြင်းဆိုးပါ ဘုရား)နာရင်သာ နာရော၊ သေခြင်းဆိုးနဲ့ သေတဲ့လူက များနေပါတယ်၊ မများဘူးလား။ "များပါတယ်-ဘုရား"

အေး- တရားနှလုံးသွင်းရင်း အားထုတ်ရင်း သေတယ် ဆိုရင်တော့- သေခြင်းကောင်း၊ ကောင်းသောသေခြင်း၊ ဘယ်လိုသေသင့်ပါသလဲ။

"ကောင်းသောသေခြင်းနဲ့ သေသင့်ပါတယ်ဘုရား"

ဒို့ရိပ်သာထဲတော့ သေအောင် အားမထုတ်နဲ့၊ ရိပ်သာနာမည် ပျက်ပြီး၊ နောက်ရိပ်သာ တရားအားထုတ်ရင် သေတတ်တယ်ဆိုပြီး လူတွေမလာဘဲ နေလိမ့်မယ်-နော်။

လျှော့လျှော့ပေါ့ပေါ့ နည်းနည်းလုပ်ပါလို့၊ သေအောင်တော့လဲ မလုပ်ကြပါနဲ့နော်။ (ပရိသတ်များရယ်ကြသည်။)

၁။ စင်္ကြံ သွားလို့- တရားမှတ်မယ်၊
ဒီကိုယ်ကောင်ကြီး- ပျက်စီးစေဟယ်၊
ရှုရင်းသေက- မြတ်လှပါတယ်၊
ဖွဲ့လျှော့က- လုံးဝမမြတ်တယ်။

အရှင်သောဏက ဒီလို အားတင်းပြီး ကြိုးစား အားထုတ်လိုက်တော့ သူ့ခန္ဓာကိုယ်ကလဲ နုနေတော့ ဝီရိယ လွန်ကဲပြီး ခြေထောက်တွေ ကွဲကုန်တယ်၊ ဘာတွေကွဲကုန်တုံး၊(ခြေထောက်တွေ ကွဲကုန်တာပါဘုရား)။ ဒို့ယောဂီတွေလဲ

ကြည့်စမ်းပါဦး၊ ခြေထောက်တွေများ ကွဲကုန်ပြီလား၊ သွေးတွေများ ထွက်ကုန်ပြီလား၊ မထွက်သေးပါဘူးနော်။

အေး–အရှင်သောဏ စင်္ကြံလျှောက်တဲ့နေရာဟာ နွားသတ်ထားသလိုပဲ တဲ့၊ သွေးတွေနီရဲနေတယ်၊ အဲဒီလိုနေတဲ့အခါကျတော့ အရှင်သောဏက–

## အကြံများသော အရှင်သောဏ

အထခေါ– ထိုအခါ၌၊ ပဋိသလ္လီနဿ ရဟောဂတဿ– ဆိတ်ငြိမ်အရပ်သို့ချဉ်းကပ်လျက်တရားအားထုတ်သော၊အာယသ္မတောသောဏဿ– အရှင်သောဏအား၊ ဧဝံ– ဤသို့သော ‘စေတသော ပရိဝိတက္ကော– စိတ်အကြံသည်၊ ဥဒပါဒိ– ထင်ရှားဖြစ်ပြီး ၊ ဘဂဝတော– မြတ်စွာဘုရား၏၊ ယေကေစိသာဝကာ– အကြင်သာဝကတို့သည်၊ အာရဒ္ဓဝိရိယာ– လွန်စွာအားထုတ် ကုန်သည်ဖြစ်၍၊ ဝိဟရန္တိ– နေကြကုန်၏။ တေသံ– လွန်စွာအားထုတ်သော မြတ်စွာဘုရား၏ တပည့်သားတို့တွင်၊ အဟံ– ငါသည်၊ အညတရော– တစ်ပါးအပါအဝင်သည်၊ ဟောတိ– ဖြစ်၏။

အထစပန–ထိုသို့ပင် ဖြစ်ပါသော်လည်း၊ မေ–ငါ၏၊ စိတ္တံ– စိတ်သည်၊ အနုပါဒါယ– တစ်စုံတစ်ခုသော အစွဲအလမ်းမရှိဘဲ၊ အနုပါဒါယ–တဏှာဒိဋ္ဌိတို့ကို မယူဘဲ၊ အာသဝေဟိ–အာသဝေါတရားတို့မှ၊ နဝိမုစ္စတိ– မလွတ်၊ ခေါပန–စင်စစ်သော်ကား၊ မေ– ငါ၏၊ ကုလေ– လူဖြစ်စဉ်အခါ ဆွေမျိုးအိမ်၌၊ ဘောဂါ–စည်းစိမ်တို့သည်၊ ဝိဇ္ဇန္တိ–ထင်ရှားရှိပါကုန်၏၊ ဘောဂေစ– စည်းစိမ်တို့ကိုလည်း၊ ဘုဉ္ဇိတုံ–သုံးဆောင်ခြင်းငှာ၊ သက္ကာ–တတ်နိုင်ပါ၏။ ပုညာနိ–ကောင်းမှုတို့ကိုလည်း၊ ကာတုံ– ပြုခြင်းငှာ၊ သက္ကာ–တတ်နိုင်ပါ၏၊ အဟံ– ငါသည်၊ ဟိနာယာ ဝတ္တိတွာ–အဝတ်ကြောင် ဝတ်ရသည့် လူ့ဘဝသို့ ပြန်၍လည်ပြီး၍၊ဘောဂေစ–စည်းစိမ်တို့ကိုလည်း၊ ဘုဉ္ဇေယျံ–သုံးဆောင်ရပါမူ၊ ပုညာနိစ–ကောင်းမှုတို့ကိုလည်း၊ ကရေယျံ–ပြုရပါမူ၊ ယံနူန–ကောင်းလေစွ၊ ယံနူန–ကောင်းလိမ့်ဦးမယ် ထင်သေးတယ်။

ကိလေသာ ကာမဂုဏ်တွေ၊ အပေါင်းအဖော်ကိလေသာတွေ၊ ဆွေမျိုးမိဘတွေ၊ သားမယားတွေ၊ ပြုစုယုယတဲ့ ပုဂ္ဂိုလ်တွေကို အကုန်လုံးစွန့်ခွာပြီး ရဟန်းဝတ် တစ်ယောက်တည်း စွန့်ခွာပြီး တရားအားထုတ်နေတယ်။

ဘယ်လောက်အားထုတ်သလဲဆိုရင် မြတ်စွာဘုရား သာသနာမှာ ဒီလို အလွန်ကြိုးစားအားထုတ်တဲ့ ရဟန်းတွေရှိကြတယ်ဆိုရင် ငါလဲဒီကြိုးစားအားထုတ်တဲ့ ရဟန်းတွေထဲမှာ ငါလဲ တစ်ပါးအပါအဝင်ပဲ၊ ငါ့ထက်ပိုပြီး တရားအားထုတ်တဲ့ ရဟန်းတော့ မရှိနိုင်ဘူး၊ ငါလောက်ပဲ အားထုတ်ကြမှာပဲ။

အားထုတ်လို့ရစတမ်းဆိုရင် ငါ အခုအာသဝေါတရားတွေမှ ကင်းတဲ့ ရဟန္တာ ဖြစ်လောက်ပြီ၊ ဒီလောက်တရား အားထုတ်ပါလျက်၊ တရားမရပုံထောက်တော့ ငါဟာ တရား မရထိုက်တဲ့ပုဂ္ဂိုလ်ဖြစ်တယ်ထင်တယ်၊ တရားလဲ မရပဲနဲ့ ကာမဂုဏ် စည်းစိမ်ချမ်းသာတွေလဲ စွန့်ထားရတဲ့အတွက် နှစ်ခုရှုံးကြီးပါကလား။

အဲဒီတော့ မထူးဘူး၊ လူထွက်ပြီးတော့ ကိုယ့်အိမ်ကို ပြန်ပြီးတော့ ကာမဂုဏ် စည်းစိမ်ချမ်းသာ ခံစားရင်း ဒါနကိုလဲ ပြုနိုင်တယ်၊ သီလကိုလဲ ဆောက်တည်နိုင်တယ်၊ ကုသိုလ်ကောင်းမှုအမျိုးမျိုးကို လူဘဝနဲ့ပြုပြီး၊ နတ်ပြည်ကို အသာကလေး သွားတော့မယ်။

## အရှင်သောဏ၏အကြံ ဘုရားသိတော်မူ

*သောဏအကြံမှား၊ မြတ်စွာဘုရားက၊ သိငြားအပဟုတ်၊ ဂိဇ္ဈကုဋ်မှာ၊ ရုတ်တရက်ကြွ၊ သီတဝနသို့၊ သောဏအကြံ မေးစစ်ပြန်၏။

သောဏ ဒီလိုကြံပြီးတော့ စိတ်ဓါတ်ကျနေတာကို ဂိဇ္ဈကုဋ်တောင်ပေါ်ကျောင်းက သိတင်းသုံးတဲ့ မြတ်စွာဘုရားက လှမ်းပြီးသိမြင်တယ်၊ အဘိညဉ်တန်ခိုးတော်နဲ့ လှမ်းပြီး သိမြင်တဲ့အတွက်ကြောင့် ငါသွားပြီးတော့ ကယ်မဦးမှ ဖြစ်မှာပဲလို့ဆိုပြီး နောက်ပါ သံဃာတော်တွေနဲ့ အတူတကွ မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်ပေါ်က နေပြီးတော့ ရှင်သောဏ သိတင်းသုံးတဲ့ သီတဝန ခေါ်တဲ့ ရင်းတိုက်တောသုသာန်ကို ဘုရားရှင် ကြွတယ်။

သောဏဆီ ရောက်တော့ မြတ်စွာဘုရားက နောက်ပါ သံဃာတော်တွေကို "ဒီနေရာ သွေးချင်းချင်းနီနေလိုက်တာ နွားသတ်ထားတဲ့ နေရာကျနေတာပဲလို့"မေးတယ်၊ ရဟန်းတော်တွေက လျှောက်တယ် "ရှင်သောဏ စင်္ကြံလျှောက်ပြီး တရားအားထုတ်ထားတဲ့ နေရာပါဘုရား"လို့ လျှောက်တယ်။

အို-ချစ်သားတို့ သောဏ တရားအားထုတ်တာက ဒီလောက်ကြီး ပြင်းပြင်းထန်ထန်ကြီး အားထုတ်သကိုးဆိုပြီး အရှင်သောဏရှိရာသို့ ဘုရား ကြွသွား၍ပြီး "ချစ်သားသောဏ၊ သင်ဟာ တရားအလုပ် အားထုတ်ရင်း ခြေ ထောက်တွေ ပေါက်ကွဲပြီး သင်သွားတဲ့ စင်္ကြံဟာ သွေးချင်းချင်း နီနေတယ်၊ အဲဒီစင်္ကြံဟာ သင်အားထုတ်တဲ့နေရာ မှန်သလား"။ "ဧဝံဘန္တေ-မှန်ပါတယ် ဘုရား။"

## ဥပမာပြ တရားဟောရ

တံကိံ မညသိ သောဏ-ချစ်သား သောဏ ယခု ငါပြောပြမယ့် စကားကို သင်ဘယ်လိုထင်သလဲ၊ တွံ-သင်သည်၊ ပုဗ္ဗေအဂါရိကဘူတော- သင် ရှေးလူဖြစ်စဉ်အခါတုန်းက၊ ဝီဏာယတန္တိဿရေ - စောင်းတီးခြင်း၌၊ ကုသလော-လိမ္မာသည်၊ အသိကိံ-ဖြစ်သလော။

သင်လူ့ဘဝတုန်းက စောင်းတီး ကျွမ်းကျင်တဲ့ ပုဂ္ဂိုလ်မဟုတ်လား။ သင်စောင်းတီးကောင်းတစ်ယောက်မဟုတ်လား။

ဧဝံဘန္တေ-အရှင်ဘုရား မိန့်တဲ့အတိုင်း တပည့်တော် စောင်းတီးကောင်း တယောက် ဖြစ်ခဲ့ပါတယ်ဘုရား။

တံကိံ မညသိသောဏ-ယခု ငါပြောပြမယ့်စကားကို သင်ချစ်သား ဘယ်လိုထင်သလဲ၊ယဒါ-အကြင်အခါ၌၊ တေ-သင်သည်၊ ဝီဏာယ- စောင်း ၏၊ တန္တိယော-စောင်းညှို့တို့ကို၊ အစ္စာယတာ-ပြင်းပြင်းထန်ထန် တီးကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ တသ္မိံသမယေ- ထိုစောင်းကြိုးတို့ကို ပြင်းပြင်းထန်ထန် တီးသောအခါ၌၊တေ- သင်၏၊ ဝီဏာ-စောင်းသည်၊ သရဝတိဝါ- အသံသာသာ သည်လည်း၊ ဟောတိ ကိံ- ဖြစ်၏လော၊ ကမ္မညာဝါ-တီးခြင်း၌ အရှည်ခံသည် လည်း၊ ဟောတိကိံ-ဖြစ်သလော။

နောဟေတံ ဘန္တေ- မဖြစ်ပါဘုရား။

တံကိံမညသိ သောဏ- ငါယခုပြောပြမည့် စကားကို သင်ဘယ်လို ထင်သလဲ၊ တေ-သင်သည်၊ ဝီဏာယ-စောင်း၏၊ တန္တိယော- စောင်းညှို့တို့ကို၊ အတိသိထိလာ- လျော့လွန်းစွာ တီးကုန်သည်၊ ဟောန္တိ-ဖြစ်ကုန်၏၊ တသ္မိံ သမယေ- ထိုစောင်းကြိုးတို့ကို လျော့လွန်းစွာ တီးခတ်သောအခါ၌၊ တေ-

၏၊ ဝိဏ္ဏာ–စောင်းသည်၊ သရတိဝါ– အသံသာသာသည်လည်း၊ ဟောတိကိံ–ဖြစ်၏လော၊ ကမ္မညာဝါ– တီးခြင်း၌ အရှည်ခံသည်လည်း၊ ဟောတိကိံ–ဖြစ်၏လော။

နောဟေတံဘန္တေ –မဖြစ်ပါဘုရား။

တံကိံမညသိသောဏ–ချစ်သားသောဏ ငါယခုပြောပြမယ့် စကားကို သင်ဘယ်လိုထင်သလဲ၊ သင်ထင်မြင်တဲ့အတိုင်း ဖြေနိုင်တယ်၊ ယဒါ–အကြင်အခါ၌၊ တေ–သင်သည်၊ ဝိဏာယ တန္တိယော–စောင်းညှို့တို့ကို၊ နေဝအစ္စာယတာ–လွန်စွာပြင်းပြင်းထန်ထန် မတီးခတ်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ နာတိသိထိလာ–လွန်စွာလျော့လျော့ရဲရဲ မတီးခတ်ကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊ သမေဂုဏေ–မတင်းမလျော့သော အသံ၌၊ ပတိဋ္ဌိတာ–တည်စေကုန်သည်၊ ဟောန္တိ–ဖြစ်ကုန်၏၊သောဏ–ချစ်သားသောဏ၊ တသ္မိံသမယေ–ထိုသို့ မလျော့လွန်း မတင်းလွန်း တီးခတ်သောအခါ၌၊ တေ–သင်၏၊ ဝိဏာ–စောင်းသည်၊ သရ တိဝါ–အသံသာယာသည်မူလည်း၊အဟောသိန–ဖြစ်သလော၊ ကမ္မညာဝါ–တီးခြင်း၌ အရှည်ခံသည်လည်း၊ အဟောသိန–ဖြစ်သလော။

ဧဝံဘန္တေ–အဲဒီအတိုင်း ဖြစ်ပါတယ်ဘုရား၊ အဲဒီလိုရှင်သောဏက လျှောက်တယ်။

သောဏ–ချစ်သားသောဏ၊ဧဝမေဝခေါ–ဤအတူသာလျှင်၊ အာရဒ္ဓဝိရိယံ–လွန်စွာ အားထုတ်သည်ရှိသော်၊ဥဒ္ဓစ္စာယ–ပြန့်လွင့်ခြင်းငှာ၊ သံဝတ္တတိ–ဖြစ်၏၊ အတိလိန ဝိရိယံ– ဝိရိယလျော့သည် ရှိသော်၊ ကောသဇ္ဇာယ–ပျင်းရိခြင်းငှာ ၊ သံဝတ္တတိ– ဖြစ်၏၊ တသ္မာ–ထိုကြောင့်၊ တွံ–သင်ချစ်သားသည်၊ ဝိရိယသမ္မတံ– ဝိရိယနှင့် သမာဓိညီမျှသည်ကို၊ တိဋ္ဌတိ–ဆောက်တည်လော့။ ဣန္ဒြိယာနဥ္စ–ဣန္ဒြေငါးပါးတို့၏။ သမတံ– ညီညွတ်သည်ကို၊ ပဋိဝိဇ္ဈ–ထိုးထွင်း၍သိလော့၊ တတ္ထစ–ထိုသို့ပြုကျင့်ရာ၌၊ နိမိတ္တံ–သမထနိမိတ်၊ ဝိပဿနာနိမိတ်ကို၊ ဂဏှာဟိ–ယူလော့။

အဲဒီလိုမြတ်စွာဘုရားက ဟောတဲ့အခါ၊ ဧဝံဘန္တေ – ကောင်းလှပါပြီ ဆိုပြီးတော့ အရှင်သောဏဟာ ကောင်းမွန်စွာ တရားကျင့်တယ်။

ရှင်သောဏ တရားကျင့်မှုကို မနက်ဖြန်မှ ဆက်ဟောပါမယ်၊ အချိန် စေ့သွားပြီ၊ သုဗြဟ္မသတ္တန် သတ္တမပိုင်း ဝိရိယလွန်ကဲတဲ့ ရှင်သောဏ ဝတ္ထု၊

သာဓကတရားကို နာကြားရသော ကုသိုလ်စေတနာတို့ကြောင့် ဒုက္ခကင်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ မျက်မှောက်ပြုနိုင်ပါစေကုန်သတည်း။

“သာဓု-သာဓု-သာဓုပါ ဘုရား။”

## သုပြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၈)

ဒီနေ့ရက်စွဲက ၁၃၅၂-ခုနှစ်၊ မိုးဥတု ဝါကျွင်းကာလ ဖော်သလင်းလပြည့်ကျော် ၁၀-ရက်နေ့ ဖြစ်ပါတယ်။

ဌာနကတော့ ရန်ကုန်မြို့ [illegible] သာသနာ့ရိပ်သာ ဖလ်ယာဥ်ဓမ္မာရုံ ဖြစ်ပါတယ်။

ဒီနေ့ မဟာစည် ရဟန်းရှင်လူ ယောဂီများအား ဘုန်းကြီး ဟောကြားမည့် တရားတော်က သုပြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် အဋ္ဌမပိုင်း ဖြစ်ပါတယ်၊ ယခုတရားပွဲကို 'ငြိမ်းချမ်းအေး ဘုရားရှိခိုး'ဖြင့် ရှိခိုးဖွင့်ပါမယ်။

### ပဏာမ

### ငြိမ်းချမ်းအေး ဘုရားရှိခိုး

ပရိနိဗ္ဗုတော သောဘဂဝါ၊
ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ၊
တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

သောဘဂဝါ-ကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ ပရိနိဗ္ဗုတော-ကိလေသာငြိမ်း ကင်းငြိမ်းတော်မူပြီးသည်ဖြစ်၍၊ ပရိနိဗ္ဗာနာယ-သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူပင် ကိလေသာခပ်သိမ်း ငြိမ်းအေးကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ- ကိလေသာ ငြိမ်းရန် တရားမှန်ကို၊ ဒေသေတိ- ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေ၏၊ တံဘဂဝန္တံ -သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ-

အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။ "သာဓု-သာဓု-သာဓု"

## အရှင်သောဏ ဝတ္ထု

ဒီနေ့ ဟောရမှာက ဓမ္မဝိစယသမ္ဗောဇ္ဈင်တွင် ဉာဏ်ရွှေသြည့္သတ်ကြောင်းနှင့် ပတ်သက်ပြီး ဝီရိယလွန်ကဲသော အရှင်သောဏဝတ္ထုကို ဆက်ပြီးတော့ ဟောရမှာ ဖြစ်ပါတယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ရာဇဂြိုဟ်ပြည် ဂိဇ္ဈကုဋ်တောင်ကျောင်းမှာ သီတင်းသုံး နေတော်မူစဉ်က ကောဠိဝိသသောဏဆိုတဲ့ သူဌေးသားသောဏဟာ ဘုရားကို ကြည်ညိုပြီးတော့ သက်န်းဝတ် ကမ္မဋ္ဌာန်း တောင်းပြီးတဲ့အခါမှာ ရင်းတိုက်တောထဲကို သွားပြီးတော့ တရားအားထုတ်တယ်။

အဲဒီလို တရားအားထုတ်တဲ့အခါ အရှင်သောဏဆိုတာ ခြေဖဝါးမှာ အမွေးကလေးတွေတောင် ပေါက်လောက်အောင် နူးညံ့တဲ့ ပုဂ္ဂိုလ်ဖြစ်တယ်။

ရင်းတိုက်တောထဲမှာ ဖိနပ်မပါဘဲ (ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်) (ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ရပ်တယ်) စသည်ဖြင့် တရားရှုမှတ်တဲ့အခါ ခြေထောက်တွေ ကွဲပြီးတော့ သွေးတွေ ထွက်လာတယ်။

အရှင်သောဏ စင်္ကြံကြွလှမ်းတဲ့ လမ်းတစ်ခုလုံး သွေးချင်းချင်းနီရဲပြီးတော့ နွားသတ်ထားတဲ့ နေရာလို ဖြစ်နေတာကို၊ အဲဒါကို မြတ်စွာဘုရားသိမြင်တော်မူတာနဲ့ နောက်ပါသံဃာတော်တွေနဲ့ အတူတူ ဂိဇ္ဈကုဋ် တောင်ပေါ်ကျောင်းမှ အရှင်သောဏ တရားရှုမှတ်နေတဲ့ ရင်းတိုက်တောကို ကြွလာတယ်။

သောဏ စင်္ကြံလျှောက်ထားတဲ့ နေရာကို ရောက်တော့ မြတ်စွာဘုရားက "ဒီနေရာဟာဖြင့် သွေးတွေ နီရဲလို့ နွားသတ်ထားတဲ့ နေရာလိုပါပဲလား၊ ဘာကြောင့် သွေးတွေ နီရဲနေရသလဲ"လို့ ရဟန်းတော်တွေကို မေးတော်မူတယ်။

ရဟန်းတော်တွေကလဲ "သောဏမထေရ် စင်္ကြံလျှောက်တဲ့နေရာ ဖြစ်ပါတယ် ဘုရား"လို့ ပြန်လျှောက်ကြတယ်။

မြတ်စွာဘုရားက "ချစ်သား သောဏ သင်စင်္ကြံလျှောက်တဲ့လမ်းဆိုတာ မှန်သလား"လို့ မေးပါတယ်။

အရှင်သောဏကလဲ မှန်တဲ့အကြောင်း လျှောက်ထားတယ်။

## စောင်းတီး ဥပမာ တရားရှာ

ချစ်သားသောဏ၊ သင်ဟာ လူ့ပြည်လူ့လောကတုန်းက စောင်းတီးခြင်း၌ ကျွမ်းကျင်ပါသလား၊ ကျွမ်းကျင်ပါတယ် ဘုရား၊ ဒါဖြင့်ရင် သင်စောင်းတီးတဲ့ အခါမှာ စောင်းကြိုးကို တင်းပြီး တီးတဲ့အခါ သင့်ရဲ့ စောင်းသံ သာယာပါရဲ့လား၊ တီးခတ်ရမှာကော အရှည်ခံ၍ တည်တံ့ပါရဲ့လား၊ မသာယာပါဘူး ဘုရား၊ အရှည်ခံ၍ တည်တံ့ခြင်းလဲ မရှိပါဘူး ဘုရား။

ဟုတ်ပြီ၊ သင် လူဖြစ်စဉ်ကာလက စောင်းတီးတဲ့အခါ စောင်းကြိုးကို အလွန်လျော့စွာ ထားပြီးတော့ လျော့လျော့ပေါ့ပေါ့ တီးခတ်တဲ့အခါမှာကော စောင်းသံဟာ သာယာပါရဲ့လား၊ တီးခတ်ခြင်း၌ကော စောင်းသံဟာ အရှည်ခံ၍ တည်တံ့ပါရဲ့လား။ "မသာယာပါ ဘုရား၊ အရှည်လဲ မတည်ပါဘုရား"

ချစ်သားသောဏ၊ စောင်းတီးခတ်တဲ့အခါ စောင်းကြိုးကို မတင်းလွန်း မလျော့လွန်း အညီအမျှထားပြီးတော့ တီးခတ်တယ်ဆိုရင် ထွက်လာတဲ့ စောင်းသံ သာယာရဲ့လား၊ တီးခတ်ခြင်းမှာ အရှည်ခံလို့ တည်တံ့ရဲ့လား။

အဲဒီလို ဘုရားက မေးတဲ့အခါမှာ "ဧဝံဘန္တေ-အဲဒီအတိုင်း သာယာပါတယ်၊ တည်တံ့ပါတယ် ဘုရား"လို့ လျှောက်တယ်။

သောဏ- ချစ်သားသောဏ၊ ဧဝ မေဝခေါ-ဤအတူသာလျှင်၊အစ္စာရဒ္ဓ ဝီရိယံ-အလွန်အားထုတ်သည်ရှိသော်၊ ဥဒ္ဓစ္စာယ-ပြန့်လွင့်ခြင်းငှာ၊ သံဝတ္တတိ-ဖြစ်၏၊ အတိလီန ဝီရိယံ-လျော့လျော့ရဲရဲ အားထုတ်သည်ရှိသော်၊ ကောသဇ္ဇာယ-ပျင်းရိခြင်းငှာ၊ သံဝတ္တတိ- ဖြစ်၏၊ တသ္မာ-ထို့ကြောင့်၊ သောဏ- ချစ်သားသောဏ၊ တွံ-သင်သည်၊ ဝီရိယသမ္မတံ-သမာဓိနဲ့ ဝီရိယညီမျှသည်၏ အဖြစ်ကို၊ အဓိဋ္ဌဟ-ဆောက်တည်လော့၊ ဣန္ဒြိယာနဥ္စ-သဒ္ဓိန္ဒြေ၊ သတိန္ဒြေ၊ သမာဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ ပညိန္ဒြေဆိုတဲ့ ဣန္ဒြေငါးပါးတို့ကိုလည်း၊ သမ္မတံ- ညီညွတ်သည်၏ အဖြစ်ကို၊ ပဋိဝိဇ္ဈ- ထိုးထွင်း၍သိလော့၊ တတ္ထ တသ္မိံ-ထိုသို့ ကျင့်ကြံကြိုးစား အားထုတ်ရာ၌၊ တွံ-သင်သည်၊ နိမိတ္တံ- သမထနိမိတ် ဝိပဿနာနိမိတ်ကိုလည်း၊ ဂဏှာဟိ- ယူလော့၊ ဣတိ-ဤသို့၊ ဘဂဝါ- မြတ်စွာဘုရားသည်၊ အဝေါစ- မိန့်ကြားတော်မူပါပေ၏။

ဧဝံ-ဤသို့ မြတ်စွာဘုရားက မိန့်ကြားတော်မူသည်ရှိသော်၊ အာယသ္မာ သောဏော- အရှင်သောဏသည်၊ ဘန္တေ - မြတ်စွာဘုရား၊ ဧဝံ- မြတ်စွာဘုရား

မိန့်တော်မူတဲ့အတိုင်း ကောင်းလှပါသည်၊ ဣတိခေါ်– ဤသို့လျှင်၊ ဘဂဝတော– မြတ်စွာဘုရားဖ၏၊ ဝစနံ–သတိပေးစကား မိန့်ကြားတော်မူခြင်းကို၊ ပဉ္စ သောသိ– ရေး ရှုနားထောင်လေပြီ၊ ပဉ္စသောသိ–ခွန်းတုံ့ပြန်ကြား လျှောက်ထား၍ နား သောတဆင်ပါသတည်း။ "သာဓု၊ သာဓု၊ သာဓုပါဘုရား"

ကဲ ဆိုကြည့်မယ်–

၁။ တင်းလွန်း လျော့လွန်း၊ စောင်းကြိုးညွန်း၊ ရွှေခွန်းသံမသာ။

၂။ မလျှော့မတင်း၊ စောင်းကြိုးညှင်း၊ နားတွင်းအသံသာ။

ဒီအထိဆိုရင်တော့ စောင်းသင်တန်းပေးနေတာလို ဖြစ်နေတာပေါ့၊ ဒါက ဥပမာ ရှိသေးတယ်၊ လိုရင်းအချက်ကို ဆိုရအောင်။

၃။ ထို့တူ ချစ်သား၊ ဝီရိယပွား၊ ညှိထားကျင့်ရာ။

စောင်းတီးသလိုပဲ ချစ်သား၊ ဝီရိယလွန်ကဲလို့ ရှိရင်လဲပဲ ဥဒ္ဓစ္စ ဖြစ်တယ်၊ ဝီရိယ လျှော့လွန်းပြီး သမာဓိ များလွန်းရင်လဲပဲ ကောသဇ္ဇခေါ်တဲ့ ပျင်းရိမှုထိနမိဒ္ဓ ဖြစ်တယ်။

အဲဒီတော့ ဝီရိယလဲ မတင်းလွန်းဘဲနဲ့ ဝီရိယလဲ မလျှော့လွန်းဘဲနဲ့ "မလျှော့မတင်း စောင်းကြိုးညှင်း"ဆိုတာလို တရားအလုပ် အားထုတ်တဲ့အခါမှာ သမာဓိနဲ့ ဝီရိယမျှတအောင် အားထုတ်ဖို့ အရေးကြီးတယ်။

ယေဘုယျအားဖြင့် "ထိုင်ပြီး မှတ်တာက သမာဓိအားကောင်းတယ်" ယေဘုယျလို့ ပြောထားတယ်နော်၊ ယေဘုယျအားဖြင့် ထိုင်ပြီး မှတ်တာက ဘာကို အားပေးသလဲ။ "သမာဓိကို အားပေးပါတယ် ဘုရား"

ယေဘုယျအားဖြင့် "စင်္ကြံသွားပြီး မှတ်တာက၊ ဝီရိယ အားပေးတယ်" စင်္ကြံသွားမှတ်တာက ဘာကို အားပေးတုံး။ "ဝီရိယ အားပေးပါ ဘုရား"

ယောဂီတွေ သတိထားဖို့ လိုတာက စင်္ကြံများလွန်းရင် ပြန့်လွင့်မှု ဥဒ္ဓစ္စဖြစ်တယ်၊ အထိုင်များလွန်းရင် ထိုင်းမှိုင်းမှု ထိနမိဒ္ဓ ဖြစ်တယ်။

တရားထိုင်ပြီးတော့ နေလဲ စင်္ကြံလျှောက်တာကတော့ အပျင်းပြေ လောက်ပါပဲ၊ အညောင်းပြေရုံပါပဲ၊ ထိုင်မှပဲ တရားတွေ့မယ် ဆိုပြီး ထိုင်ပြီးတော့ မျက်စိမှိတ်ပြီး နတ်သမီး မြော်လိုမြော်၊ ဘိုးဘိုးအောင် မြော်လိုမြော်၊ ဘုရားကြွ လာမှာ မြော်လိုမြော်၊ ဒီလို မြော်ပြီး ထိုင်နေရင် တရားရပါ့မလား၊ မရဘူး။

ထိုင်ပြီးတော့ ဖောင်းတယ်ပိန်တယ်ချည်း မှတ်လို့ထိုင်းမှိုင်းလာရင် ထိုင်တယ်လေး တစ်ခု တိုးမှတ်စမ်းပါ၊ သူ့သမာဓိ စိုက်နေမှာစိုးလို့ ဆရာက အမှတ်တိုးပေးတယ်၊ ထိုင်တယ်ထည့်မှတ်ရင် မောတယ်ဘုရား၊ နေရာ မရှိတော့ဘူး၊ ဖောင်းတယ် ပိန်တယ် နှစ်မျိုးပဲ မှတ်လို့ရတယ်၊ နိုင်ငံခြားသား ယောဂီတွေလဲ ဒီလိုပဲ ပြောတာပဲ၊ တရားမှတ်ပြီ ဆိုရင် တရားအသိက အတူတူပါပဲ။

အို–နည်းနည်း တိုးမှတ်စမ်းပါ၊ အသက်ရှူတွေ များများနေလို့ဘုရား ဆိုရင် နည်းနည်းလေး ညှစ်ပြီးတော့ မှတ်ကြည့်ပေါ့လို့ ဒီလို ခိုင်းရတာလဲရှိတယ်။

ခိုင်းတဲ့အတိုင်းမှတ်လို့ စိတ္တဝိသုဒ္ဓိလဲ ဖြစ်ပြီး ပဿဒ္ဓိဆိုတဲ့ ကိုယ်လုံး အေးပြီးတော့ ငြိမ်းလာပြီဆိုတဲ့အခါ ဖောင်းတယ် ပိန်တယ် နှစ်မျိုးတည်းကြီး စိုက်ပြီးတော့ မှတ်ပါများရင် ယောဂီဟာ စိတ်ချမ်းသာတာလေးတွေ လိုက်သွား နေရော၊ ငိုက်တာလား ဘာဖြစ်တာလဲမသိဘူး၊ တစ်ခါတည်း မပီဝိုးတဝါး ဖြစ်ပြီးတော့ လူက ခေါင်း ငိုက်ခနဲ ငိုက်ခနဲ ဖြစ်သွားတယ်၊ ဖြစ်သွားပေမယ့်လို့ တရားနဲ့မေ့ပြီး လိုက်သွားတာ ဆိုတော့ ဆတ်ခနဲဖြစ်လိုက်၊ သတိပြန်ရလိုက် ဆိုရင် "မျက်စိတွေက ကြည်နေတာ၊ ငိုက်တာလဲ မဟုတ်ဘူး ထင်တယ် ဘုရား၊ အိပ်ချင်စိတ်လဲ မရှိဘူး၊ တပည့်တော် ဆတ်ခနဲ ဆတ်ခနဲ ဒီလို ဖြစ် ဖြစ်သွားတယ်" သူ ငိုက်တယ်ဆိုမှာကိုလဲပဲ ဆရာက အပြစ်ပြောမှာ စိုးလို့ ကာကွယ်သေးတာ။

ငိုက်တယ်လဲ မဟုတ်ဘူး၊ ပြီးတော့လဲ ကြည်ကြည်လင်လင်လေးပဲ၊ ယောဂီကလဲ ဒီလိုပြောတယ်၊ ကြည်ကြည်လင်လင်နဲ့ ပုတ်သင်ညို ဖြစ်နေတာ သမာဓိ လွန်သွားလို့ ဘာလွန်သွားလို့ပါလိမ့်။

"သမာဓိ လွန်သွားလို့ပါဘုရား"

သမာဓိ လွန်သွားပြီး ဝီရိယနည်းသွားလို့ အဲဒါ စကြံလေးလျှောက်ပေး ပါဦး ဆိုတော့ ဆယ့်ငါးမိနစ်၊ မိနစ်နှစ်ဆယ်လောက် ဝတ်ကျောတန်းကျောလျှောက်၊ ဒီလိုပဲ ဘိန်းမှိန်းသလို မှိန်းပြီးတော့ အားထုတ်လို့ ရှိရင် ဉာဏ်ဖြစ်ပါအုံးမလား။

"မဖြစ်တော့ပါ ဘုရား"

အဲဒါက သမာဓိများပြီး ဝီရိယ လျော့သွားလို့ ယောဂီက တရားကို လိုချင်တယ်၊ လိုချင်တာမှ ရက်တိုတိုနဲ့ မဂ်ဖိုလ်ကို လိုချင်တယ်၊ အိမ်ကိုလဲ ပြန်ချင်ပြီ၊ တရားကလဲ မတက်ဘူးလို့ ထင်နေတယ်။

အဲဒီလိုယင်နေတော့ ဖောင်းတယ် ပိန်တယ် မှတ်ကြည့်လိုက်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် မှတ်ကြည့်လိုက်၊ ဖောင်းတယ်၊ ပိန်တယ် ထိုင်တယ် ထိတယ် မှတ်ကြည့်လိုက်၊ ပေါ်တော်ကြာ တစ်ခုကို ဖြုတ်ကြည့်လိုက်၊ နှစ်ခု တိုးကြည့်လိုက်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ဘယ်တင်စွန်း ထိတယ်၊ ဖောင်းတယ် ပိန်တယ် ထိုင်တယ် ညာတင်စွန်း ထိတယ်လို့ လုပ်ကြည့်လိုက်၊ တစ်ကိုယ်လုံး ဖြန့်ကြည့်လိုက်။

အို– ခါးလျှောထိုင်တာ မကောင်းဘူး ခုပြီးတော့ ခါးဆန့် ထိုင်ကြည့်လိုက်၊ လျှောထိုင်ကြည့်လိုက်၊ ဟိုဘက် စောင်းလိုက်၊ ဒီဘက် စောင်းလိုက် နည်းနည်း လမ်းလျှောက် မှတ်ကြည့်လိုက်ဦးမယ်၊ တော်ကြာ ရပ်မှတ်လိုက်ဦးမယ်၊ ရပ်တယ်၊ ရပ်တယ်၊ ကာန်နာရီအတွင်း သုံးလေးမျိုးလောက် ပြင်နေရင် အဲဒီယောဂီ သမာဓိ ရပါဦးမလား။ "မရပါဘုရား"

ဘာတွေ လွက်နေတုန်း၊ စိတ်တွေ ဥဒ္ဒစ္စဖြစ်ပြီး လွက်နေတာ။

အို– လှမ်းတဲ့အခါမှာလဲပဲ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်၊ လုပ်ကြည့်၊ ကြွတယ်၊ ချတယ်၊ လုပ်ကြည့်၊ ကြွတယ်၊ ချတယ်၊ လှမ်းတယ်၊ လုပ်ကြည့်၊ ကြွချင်တယ်၊ ကြွတယ်၊ ချတယ်၊ ကြွချင်တယ်၊ ကြွတယ်၊ လှမ်းချင်တယ်၊ လှမ်းတယ် ချချင်တယ်၊ ချတယ် လုပ်ကြည့် အမျိုးမျိုး လုပ်ကြည့်ပြီးတော့ အဲဒါအထာကို မကျနိုင်ဘဲနဲ့ ဗျာများပြီးတော့ နေတယ်ဆိုရင် သမာဓိ ဖြစ်ပါ့မလား။ "မဖြစ်ပါဘုရား"

ဒါကြောင့်မို့လို့ သမာဓိနဲ့ ဝီရိယမျှအောင် ယေဘုယျအားဖြင့် ရှုမှတ်ရမယ်လို့ အလုပ်ပေးတရားဟောတုန်းက ပြောခဲ့ပါပြီ၊ နောက်တစ်ရက် တရားစစ်တော့လဲ ကမ္မဋ္ဌာန်းဆရာများက တစ်နာရီထိုင်၊ တစ်နာရီ စင်္ကြံ လျှောက်လို့ မညွှန်ကြားဘူးလား။

"ညွှန်ကြားပါတယ် ဘုရား"

မကောင်းလဲ တစ်နာရီထိုင်၊ ကောင်းလဲ တစ်နာရီထိုင်၊ မကောင်းလဲ တစ်နာရီ စင်္ကြံလျှောက်၊ ကောင်းလဲ တစ်နာရီ စင်္ကြံလျှောက်လို့ မခိုင်းဘူးလား။

"ခိုင်းပါတယ် ဘုရား"

မှတ်ခါစမှာ ယောဂီဟာ ထိုင်တော့ ဒုက္ခဝေဒနာတွေက တက်တော့ စင်္ကြံလျှောက်ပြီးတော့ အချိန်ဖြုန်းနေပြန်ရော၊ ထိုင်ရင်တော့ နာတော့မှာပဲ ဆိုပြီး ကြောက်နေရော။

အဲဒီတော့ နာသည်ဖြစ်စေ၊ မနာသည် ဖြစ်စေ၊ အမှန်ကို သိအောင် အတွက် မိမိရဲ့ ပြတ်သားတဲ့ အဓိဋ္ဌာန်နာရီ ထားပြီးတော့ မှတ်ဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား"

တကယ်လို့ ဒုက္ခဝေဒနာကို သည်းမခံနိုင်တော့ဘူး၊ ပြုပြင်ပြောင်းလွှဲမယ်ဆိုရင်လဲ အမှတ်သတိကလေးနဲ့ ထားပြီးတော့ ပြုပြင်ပြောင်းလွှဲပြီး မှတ်သွားရင်ကော ဉာဏ်မဖြစ်နိုင်ဘူးလား။

"ဖြစ်နိုင်ပါတယ် ဘုရား"

သတိသမ္ပဇဉ်တရား ထားပြီးတော့ စင်္ကြံလျှောက်ရပါတယ်၊ ဟိုငေးဒီမော၊ ဟိုတွေးဒီတွေးနဲ့ ခြေလှမ်းမှာ စိတ်ကမပါ၊ သတိမကပ်ဘဲနဲ့ လျှောက်နေပြန်ရင်တော့ သမာဓိ ဖြစ်ပါ့မလား။ "မဖြစ်ပါ ဘုရား"

သမာဓိ မဖြစ်ရင်ကော ဉာဏ်ဖြစ်ပါ့မလား။

"မဖြစ်ပါ ဘုရား"

စင်္ကြံဟာ ဝီရိယကို အားပေးတယ်ဆိုသော်လဲပဲ သတိထားပြီး လျှောက်တဲ့ ယောဂီမှာသာ **သမာဓိ** ရနိုင်ပါတယ်။

အထိုင်မှာ **သမာဓိ** လွန်ကဲတတ်တယ်ဆိုသော်လဲပဲ အထိလေးတွေ များများဖြန့်ပြီးတော့ ဂုဏ်းစိုက်စိုက် စေ့စေ့စပ်စပ် ရှုလို့ရှိရင် သူ့မှာကော ဝီရိယ သံပတ်တင်းပေးလို့ မရဘူးလား။ "ရပါတယ် ဘုရား"

အဲဒီတော့ သမာဓိနဲ့ဝီရိယ မျှနေအောင် ကြိုးစားအားထုတ်ဖို့ အရေးမကြီးဘူးလား။ "ကြီးပါတယ် ဘုရား"

## ဝမ်းသာလွန်ရင် ဒီလိုကျင့်ပါ

အခု ဇာတ်ချင်စကားနဲ့ ပြောမယ်ဆိုရင် သမာဓိတွေ များပြီးတော့ ဝမ်းမြောက် ရွှင်လန်းမှုတွေ များနေတဲ့ ယောဂီ ပြန့်လွင့်ပြီး ဝမ်းမြောက်ရွှင်လန်းမှုတွေ များနေတဲ့ယောဂီဟာ သူ့တရားကောင်းတဲ့အကြောင်းပေါ့လေ၊ သူလဲ ဝမ်းသာ၊ သူများကိုလဲ လိုက်ပြော၊ အို- ဟိုအိမ်ကလူတွေလဲ ခေါ် အားထုတ်နိုင်းချင်၊ သာသနာပြုချင်တဲ့စိတ်တွေ ပေါ်၊ လှူချင်တန်းချင်တဲ့စိတ်တွေပေါက်နေတဲ့ ယောဂီဟာ တရားမှတ်လို့ ရသေးရဲ့လား။ "မရတော့ပါ ဘုရား"

စိတ်ဓာတ်ကြွနေတယ်၊ အဲဒီလို စိတ်ဓာတ် တက်ကြွနေတဲ့ ယောဂီဟာ သမာဓိ သမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်ဖြစ်အောင် ပွား ရတယ်။

စိတ်ကို ငြိမ်းငြိမ်းချမ်းချမ်း ကလေးထားပြီးတော့ အကောင်းအဆိုးတွေ ကိုလဲ လျစ်လျူရှုပြီး အမှတ်ကို ရိုရိုသေသေလေး မှတ်ကြရမယ်။

ဒီလို မှတ်သွားရင် တက်ကြွနေတဲ့စိတ်၊ ပြန့်လွင့် ပြေးသွားတဲ့ စိတ် တွေ ငြိမ်ပြီးတော့ သမာဓိ ရလာမယ်၊ သမာဓိ ရနေရာက ဉာဏ်ဖြစ်လာမယ်။

## စိတ်ဓာတ်ကျရင် ဒီလိုကျင့်ပါ

အို- စိတ်ဓာတ်တွေက ကျ၊ ဒုက္ခဝေဒနာတွေက တက်၊ စိတ်ပျက် ပြီးတော့ ထိုင်လိုက်ရင်လဲ ငိုက်၊ အိမ်ပြန်ချင်စိတ်တွေ ပေါက်ပြီးတော့ နေတဲ့ ယောဂီကျတော့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝိရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင် ဖြစ်စေရတယ်။

ပီတိသမ္ဗောဇ္ဈင်ပွားမယ်ဆိုရင် ဗုဒ္ဓပူဇနိယမခေတ်နဲ့ ကြုံတုန်းမို့ ငါ တရား အားထုတ်ရတာ ဤအခွင့်အရေးကြီး ငါလက်လွှတ်လို့ မဖြစ်ဘူး။ အို- တရားအားထုတ်ရတာ သိပ်-ဝမ်းသာဖို့ကောင်းတယ်။

ငြိမ်းချမ်းမှုရှိတဲ့ အချိန်လေး ငါတရားအားထုတ်ရတာ၊ သိပ်ပြီးတော့ တိုင်းပြည် ဆူပွက်နေတဲ့ အချိန်ဆိုလို့ရှိရင် ငါတရား အားထုတ်လို့ ရနိုင်မှာ မဟုတ်ဘူး။

ကျန်းမာနေတုန်း တရားအားထုတ်ရတာ သိပ်မကျန်းမမာဖြစ်ပြီး ဆေးရုံမှာ အော်နေရတဲ့ အချိန်မျိုးဆိုရင် ငါ့တရား အားထုတ်လို့ မဖြစ်ဘူး။

အခုလို ကျန်းကျန်းမာမာ၊ ချမ်းချမ်းသာသာ ငြိမ်းငြိမ်းချမ်းချမ်း ပြသ မည့် ဆရာနဲ့ စောင့်ရှောက်မည့် အဖွဲ့အစည်းနဲ့ နေရာကောင်း ရောက်ရှိနေတဲ့ အချိန်၊ လက်လွှတ်ခံလို့မဖြစ်ဖူးဆိုတဲ့ ဝမ်းသာစရာတွေ တွေးပြီး ဝမ်းသာ လိုက်ရင် ကျနေတဲ့ စိတ်တွေ၊ လျော့နေတဲ့ သဒ္ဓါတရားတွေ တင်းမလာဘူးလား။

"တင်းလာပါတယ် ဘုရား"

အဲဒီကျ တရားအားထုတ်ပြီး တရားမရနိုင်ဘူးလား။

"ရနိုင်ပါတယ် ဘုရား"

ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေကိုလဲ ပွားပေးရတယ်၊ ဝီရိယဓာတ်တွေကိုလဲ တိုးမြှင့်ပေးရမယ်၊ ကြောင့်ကြစိုက် အားထုတ်ပေးရမယ်။

လောကမှာ ဘွဲ့ဒီဂရီလေးတစ်ခုရအောင်တောင်မှ ဆယ်နှစ် ဆယ်မိုးလောက် ကြိုးစားယူရတာ၊ သံသရာဝဋ်က လွတ်အောင် တရားကျင့်တဲ့အလုပ် လုပ်ပြီဆိုရင် နည်းနည်းတော့ ပင်ပန်းမှုရှိမှာပေါ့ဆိုပြီး ကိုယ့်ကိုကိုယ် အားပေးပြီးတော့ ဝီရိယဓာတ်တွေ ထက်မြက်လာအောင် ကြိုးစားပေးဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား"

ကဲ ဆိုကြည့်မယ်-

၃။ ထို့တူချစ်သား၊ ဝီရိယပွား၊ ညှိထား ဣန္ဒြိယာ၊
၄။ နိမိတ် ကောင်းယူ၊ သတိမူ၊ ကြည်ဖြူကျင့်မှန်စွာ။
၅။ ဤသို့ဆုံးမ၊ မြတ်ဗုဒ္ဓ၊ ပြန်ကြွဂိစ္ဈကုဋ်မှာ။

နိမိတ်ကောင်းယူရမယ်၊ ညှိထားရမယ်၊ မြတ်စွာဘုရား ဟောတယ်။

သမထနိမိတ်၊ ဝိပဿနာနိမိတ်၊ သမထနိမိတ်ကတော့ သမထကမ္မဋ္ဌာန်းပွားတာ မဟုတ်တဲ့အတွက်ကြောင့် ယူစရာ မလိုပါဘူး၊ ဝိပဿနာနိမိတ်ဆိုတာ ရှုမှတ်မှုအကြောင်း အာရုံတွေပါပဲ။

ဝိပဿနာ ရှုမှတ်မှုအကြောင်း အာရုံတွေဟာ ဒို့သတိပဋ္ဌာန်စကားနဲ့ ပြောရင် ကိုယ်အမူအရာတွေ ရှုမှတ်တာ ကာယာနုပဿနာ သတိပဋ္ဌာန်၊ ခံစားမှုတွေ ရှုမှတ်တာ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊ စိတ်အမျိုးမျိုးတွေကို ရှုမှတ်ရတာ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊ မြင်သဘော၊ ကြားသဘော၊ နံ့သဘော၊ စားသဘော၊ တွေ့ထိသဘော၊ စိတ်ကူးသဘော၊ စဉ်းစားကြံစည် သဘော၊ သဘောတရားတွေကို ရှုမှတ်တာဟာ ဓမ္မာနုပဿနာ သတိပဋ္ဌာန် ရှုမှတ်တဲ့အခါ ယထာပါကဋံ ဝိပဿနာ ဘိနိဝေသော-ဆိုတဲ့အတိုင်း ဝိပဿနာ ရှုတဲ့ယောဂီဟာ ထင်ရှားတာ ရှုရမယ်လို့ ဝိသုဒ္ဓိမဂ် မဟာဋီကာ ညွှန်ကြားချက်အတိုင်း မဟာစည်ဆရာတော်ဘုရားကြီးက ဖောင်းတယ် ပိန်တယ်ဆိုတဲ့ နိမိတ်ကို ရှုမှတ်စရာအဖြစ် ပေးထားတယ်။

## ထိုင်ရှုမှတ်ပုံ

ဝိပဿနာ ကမ္မဋ္ဌာန်းအနေအားဖြင့် အသက်ရှူတိုင်း ရှိုက်ကိုင်း လှုပ်ရှားတဲ့ ဝါယောဖောဋ္ဌဗ္ဗရုပ်တွေကို အမှန်အတိုင်း သိအောင်၊ ဖောင်းတယ် ပိန်တယ် မမှတ်ရဘူးလား။ “မှတ်ရပါတယ် ဘုရား”

အဲဒီလို မှတ်တဲ့ နေရာမှာလဲ ဖောင်းတဲ့အခါ ဖောင်းတာကို ဖောင်းတယ်လို့ ရှုမှတ်ရမည်၊ ပိန်တဲ့အခါ ပိန်တာကို ပိန်တယ်လို့ ရှုမှတ်ရမည် ဆိုတဲ့အတိုင်း နိမိတ်အမှတ်လက္ခဏာအနေအားဖြင့် ယောဂီမှတ်တတ်အောင် ဖောင်းလာတဲ့အခါ ဖောင်းနေတာလေးကို ဖောင်းတယ်လို့မှတ်၊ ပိန်ကျသွားတဲ့အခါ ပိန်တာလေးကို ပိန်တယ်လို့မှတ်၊ အဲဒီလို မှတ်တတ်ပြီဆိုလို့ရှိရင် တရားမရနိုင်ဘူးလား၊ “ရနိုင်ပါတယ် ဘုရား”

ဘယ်လှမ်းတဲ့အခါ ဘယ်လှမ်းတာကို ဘယ်လှမ်းတယ်လို့မှတ်၊ ညာလှမ်းတဲ့အခါ ညာလှမ်းတာကို ညာလှမ်းတယ်လို့မှတ်၊ ဒါရိုးရိုး ဖြောင့်ဖြောင့်တန်းတန်း ပြောသွားတာ။

ဖောင်းတာကို ပိန်တယ်လို့ မမှတ်နဲ့၊ ပိန်တာကို ဖောင်းတယ်လို့ မမှတ်နဲ့၊ ဘယ်လှမ်းတာကို ညာလှမ်းတယ်လို့ မမှတ်နဲ့၊ ညာလှမ်းတာကို ဘယ်လှမ်းတယ်လို့ မမှတ်နဲ့၊ အကုန်လုံး လွဲချော်ပြီးတော့ အင်း– စိတ်နှလုံးသွင်းက တခြား၊ ရုပ်နာမ်ဖြစ်ပျက်က တခြား ဖြစ်နေရင် လွဲနေရင် တရားရပါ့မလား။ “မရပါဘုရား”

အဲဒီတော့ သူ့ဖြစ်စဉ်နဲ့ သူ့စိတ်အာရုံပြုတဲ့ အမှတ်သတိလေးတွေနဲ့ အံကျ ဖြစ်ဖြစ်သွားအောင် မှတ်ဖို့မလိုဘူးလား။ “လိုပါတယ်ဘုရား”

“ဖောင်းတယ်၊ ပိန်တယ်” နိုင်နင်းလာရင် “ဖောင်းတယ် ပိန်တယ် ထိုင်တယ်” သုံးမျိုးမှတ်၊ အောက်က ခွေခွေ အပေါ်ကမတ်မတ် ထိုင်နေတာလေးကိုပင်လျှင် ကိုယ့်စိတ်အာရုံက သိသွားအောင် ထိုင်တယ်လို့ မှတ်လိုက်တာပဲ။

မှန်ထဲမှာ ကြည့်သလို ကိုယ့်ရုပ်ကို ပေါ်လာအောင် စိတ်နဲ့ ကြည့်ပြီးတော့ ထိုင်တယ်လို့ မှတ်ရမှာမဟုတ်ပါဘူး။

ကိုယ်တကယ် ငုတ်တုတ်ထိုင်နေတာကို ထိုင်မှန်းသိအောင် စိတ်နဲ့ ခေါင်းကနေ အောက်တင်ပလ္လင်ခွေ ဆုံးသွားအောင် ထိုင်တယ်၊ ဒါကို မှတ်ရတာ။

ဆရာကပေးတာက တခြား၊ မှတ်တာက တခြား ဖြစ်နေတတ်တယ်၊ တည့်အောင်မှတ်ဖို့ လိုတယ်၊ ဒီလို ထိုင်တယ်လို့ မှတ်တဲ့အခါမှာ အဝတ်ပါးပါး ကလေးနဲ့ ခြုံချလိုက်သကဲ့သို့ ခေါင်းက နေပြီးတော့ အောက်ခွေခွေလေး ဆုံးသွားသည့်အထိ သိသွားရတယ်။

နေပူက လာတဲ့အခါ အရိပ်ကလူကို မျိုသွားသကဲ့သို့ အမှတ်အသိဓာတ်က ခေါင်းကနေပြီးတော့ တစ်ခါတည်း အောက်ခွေခွေလေး ဆုံးသွားသည် အထိ အရေပြားလေးတွေပေါ်မှာ ပွတ်တိုက်သွားသလို မှတ်စိတ်က ထိုင်တယ်၊ အဲသလို ဖြစ်သွားရမှာ။

ရေလောင်းချလိုက်ရင် ခေါင်းကနေပြီးတော့ ရေဟာ တစ်ကိုယ်လုံး စိုစွတ်သွားသကဲ့သို့ မှတ်သိစိတ်ဟာ ခေါင်းကနေပြီး အထိုင်ဆုံးသွားအောင် သိသွားရမယ်၊ (ဖောင်းတယ် ပိန်တယ် ထိုင်တယ်) ဖောင်းတယ် ပိန်တယ် ထိုင်တယ်၊ ဒီလို မှတ်တတ်ဖို့ မလိုဘူးလား။ "လိုပါတယ် ဘုရား"

အဲဒါ နိုင်နင်းပြီး သတိက အားကောင်းလွန်းအားကြီးတဲ့အတွက်ဟာနေ ချောင်နေတယ် ထင်ရင် တင်ပါးနဲ့ ကြမ်းပြင်နဲ့ ထိတဲ့နေရာထဲက အထိဆုံးနေရာ၊ အစူးရှဆုံးနေရာကို ကျပ်ပြားဝိုင်းလောက် ဖြစ်ဖြစ် ထိတယ် ထိတယ် မှတ်ပြီးတော့ (ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်) (ဖောင်းတယ် ပိန်တယ် ထိုင်တယ် ထိတယ်)လို့ ဒီလို မှတ်သွားဖို့ မလိုဘူးလား။

"လိုပါဘုရား"

အဲဒါတွေ နိုင်နင်းလာလို့ ဝေဒနာတွေ ပျောက်ကင်းပြီးတော့ ပဿဒ္ဓိတွေက အဖြစ်မြန်လို့ မှတ်စရာ ကုန်သွားတယ်ဆိုရင် အဲဒီ ကုန်မသွားခင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ဘယ်တင်စွန်းဆီကို ထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ညာတင်စွန်းဆီကို ထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ လက်နှစ်ဖက်ကပ်ထားတာကို စိတ်က ထိတယ်၊ ဒီလိုလေး မှတ်သွားရမှာ၊ ဒါ နိုင်နင်းလာပြီဆိုရင် ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ညာတင်စွန်း ထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ညာဒူးထိတယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ လက်ချင်းထိတယ်၊ အဲလို ငါးမျိုးလောက် မှတ်ပါ။

## တစ်ကိုယ်လုံး ဖြန့်မှတ်ပုံ

ဘယ်ဘက်ကနေစပြီး အပေါ်တက်ပြီး အောက်ဆင်းသွားတာပဲ ဖြစ်ဖြစ်၊ ညာဘက်ကနေ စတက်ပြီးတော့ ဘယ်ဘက်ကို ဆင်းသွားလို့ပဲ ဖြစ်ဖြစ်၊ တစ်ပတ်ပတ်သွားအောင် အထိလေးတွေကို စိတ်နဲ့ လွှတ်လွှတ်ပြီးတော့ မှတ်သိသွားဖို့ကော မလိုဘူးလား။

ဒါတွေဟာ ဝိပဿနာနိမိတ်ယူပုံတွေပဲ၊ ဒါမှတ်စရာ နိမိတ်ယူပြီးတော့ မှတ်ရမယ်ဆိုတာ ဒါပြောတာပဲ။

## စင်္ကြံမှာ ၆-ချက်မှတ်

နောက်ပြီးတော့ ကြွတယ်၊ လှမ်းတယ်၊ ချတယ်၊ ဒါနိုင်နင်းလို့ရှိရင် မြေကြီးကနေပြီးတော့ အပေါ်ကြွလိုက်တာကို ကြွတယ်၊ ကြမ်းနဲ့ ဖဝါးနဲ့ လွတ်ပြီဆိုလို့ရှိရင် အပေါ်ကို ဆွဲတယ်၊ နောက်ပြီးတော့ အောက်ကို လွှတ်လိုက်တော့ လွှတ်တယ်၊ ခြေဖဝါးလေးနဲ့ ကြမ်းနဲ့ မထိတထိကို ချတယ်၊ ခြေဖဝါးနဲ့ ကြမ်းပြင်အကုန်လုံး ထိသွားပြီ ဆိုလို့ရှိရင် ဖိနင်းချလိုက်တော့ နင်းတယ် (ကြွတယ်၊ ဆွဲတယ်၊ လှမ်းတယ်၊ လွှတ်တယ်၊ ချတယ်၊ နင်းတယ်) ကြွ၊ ဆွဲ၊ လှမ်း၊ လွှတ်၊ ချ၊ နင်း ကဲ ဆိုကြည့်ပါဦး။

၁။ ကြွ၊ ဆွဲ၊ လှမ်း၊ လွှတ်၊ ချ၊ နင်း။

အဲဒီလို ၆-ချက်မှတ်နေလဲ ရတာပဲ၊ မနိုင်သေးဘဲနဲ့ မှတ်ရင်တော့ ကိုယ်ထောင်ပြီး လဲသွားလိမ့်မယ်၊ လဲကျသွားတတ်တယ်။

မှတ်ပုံနိမိတ်ယူတယ်ဆိုတာ အချိန်ဆလဲ ကောင်းကောင်းနဲ့ စင်္ကြံဆုံးတော့ ရပ်တာတို့၊ လှည့်ချင်တာတို့၊ လှည့်တာတို့၊ ပြန်ရပ်တာတို့၊ နောက်တစ်ခါ သွားချင်တာတို့၊ နောက်ပြီးတော့ ဘယ်လှမ်းတာ၊ ညာလှမ်းတာ၊ ကြွတာ၊ လှမ်းတာ၊ ချတာ စသည်ဖြင့် ဆရာနည်းပြတဲ့အတိုင်း ညွှန်ကြားချက်ကလေးတွေကို မှတ်သားထားပြီးတော့ ထိုင်ရင် ဘယ်လိုမှတ်ရမယ်၊ စင်္ကြံလျှောက်ရင် ဘယ်လိုမှတ်ရမယ်၊ ထမင်းစားရင် ဘယ်လိုမှတ်ရမယ်၊ နေရာတကာ အမှတ် ပါပြီးတော့ မှတ်တတ်အောင် သတိထားပြီးတော့ ရှုမှတ်ခြင်းသည် နိမိတ်ကောင်း ယူတယ်လို့ ခေါ်တယ်။

အဲဒီလို နိမိတ်ယူပြီးတော့ ရှုမှတ်ပြီး ဣန္ဒြေတွေကိုလဲ ညီညီညွတ်ညွတ် ဖြစ်အောင် အားထုတ်ပါလို့ 'သောဏ'ကို မြတ်စွာဘုရားက ဟောပြီး ဂိဇ္ဈကုဋ် တောင်ပေါ်ကို ပြန်ကြွသွားတော်မူတယ်။

## ရဟန္တာဖြစ်သော ရှင်သောဏ

အထခေါ – ထိုသို့ မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ပြန်ကြွသွား တော်မူရာ အခါ၌၊ အာယသ္မာသောဏော– အရှင်သောဏသည်၊ အပရေန သမ ယေန– တစ်ပါးသောအခါ၌၊ ဝီရိယသမတံ– ဝီရိယနှင့် သမာဓိ အညီအညွတ် မျှတသည်၏ အဖြစ်ကို၊ အဓိဋ္ဌာသိ– အဓိဋ္ဌာန်တော်မူလေပြီ၊ ဣန္ဒြိယာနဥ္စ– ဣန္ဒြေတို့၏ညီညွတ်သည်၏အဖြစ်ကို၊ ပဋိဝိဇ္ဈ–ထိုးထွင်း၍ သိလေပြီ၊ တတ္ထ– ထိုသို့အားထုတ်ရာ၌၊ နိမိတ္တဉ္စ–သမထနိမိတ် ဝိပဿနာနိမိတ်ကိုလည်း၊ ဂဟေ သိ–ယူတော်မူလေသတည်း။ "သာဓု–သာဓု–သာဓုပါဘုရား"

အထခေါ– ထိုအခါ၌၊ အယသ္မာသောဏော– အရှင်သောဏသည်၊ ဧကော– အဖော်မမှီး တစ်ပါးတည်း၊ ဝူပကဋ္ဌော–ဆိတ်ငြိမ်ရာအရပ်သို့ ချဉ်းကပ် သည် ဖြစ်၍၊ အပ္ပမတ္တော– မမေ့မလျော့ မပေါ့မဆသော အပ္ပမာဒ သတိတရား မပြတ်ပွားသည် ဖြစ်၍၊ အာတာပီ– ကိလေသာတွေကို လွန်မင်း ပြင်းထန် အမှန်သွေ့ခြောက် ကင်းပြောက်စေတတ်သော သမ္ပပ္ပဓာန်– လုံ့လ ဝီရိယရှိသည် ဖြစ်၍၊ ပဟိတတ္တော– ရက်စက်စိတ်ကြံ အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်သို့ စေလွှတ် အပ်သော စိတ်ရှိသည် ဖြစ်၍၊ ဝိဟရတိ– နေတော်မူ၏။

ဝိဟရတော– နေတော်မူသော၊ အာယသ္မာသောဏော– အရှင်သောဏ သည်၊ နစိရဿေဝ–အခါမလင့် မကြာမြင့်မှီသာလျှင်၊ယဿ– အကြင် အရ ဟတ္တ မဂ်အရဟတ္တဖိုလ်၏၊ အတ္ထာယ–အကျိုးငှာ၊ ကုလပုတ္တာ– အမျိုးကောင်း သားတို့သည်၊ သမ္မဒေဝ– ကောင်းစွာသာလျှင်၊ အဂါရသ္မာ– အိမ်ယာထူထောင် လူတို့ဘောင်မှ၊ နိက္ခမိတွာ–ထွက်၍၊ အနဂါရိယံ– အိမ်ယာ မထောင် ရဟန်း ဘောင်သို့၊ ပဗ္ဗဇန္တိ –ရဟန်းပြုကြကုန်၏။ အနုတ္တရံ–မည်သည့်တရား မနိုင် အားသည့် မြတ်ဖျားခေါင်ထိ သာလွန်တာ မရှိသော၊ ဗြဟ္မစရိယ ပရိယောသာနံ– မဂ္ဂဗြဟ္မစရိယ၏ အဆုံးဖြစ်သော၊ တံ– ထိုအရဟတ္တမဂ် အရဟတ္တဖိုလ်ကို၊ ဒိဋ္ဌေဝဓမ္မေ- မျက်မှောက်ထင်ထင် ရှုမြင်အပ်သော ပစ္စက္ခ အတ္တဘော၌သာလျှင်၊

သယံ-ကိုယ်တိုင်၊ အဘိညာယ-ထူးသောဉာဏ်ဖြင့် သိ၍၊ သစ္ဆိကတွာ-မျက်မှောက်ပြု၍၊ ဥပသမ္ပဇ္ဇ-ကပ်ရောက်၍၊ ဝိဟာသိ-နေပါပြီ။

မေ-ငါ၏၊ ဇာတိ-ပဋိသန္ဓေ တည်နေမှုသည်၊ ခီဏာ-ကုန်ပြီ၊ မေ-ငါသည်၊ ဗြဟ္မစရိယံ-မဂ္ဂဗြဟ္မစရိယကို၊ ဝုသိတံ-ကျင့်သုံးအပ်ပြီ၊မေ-ငါသည်၊ ကရဏီယံ-တစ်ဆယ့်ခြောက်ချက် မဂ်ကိစ္စကို၊ ကတံ-ပြုပြီးပြီ၊ မေ-ငါအား၊ အပရံ-တစ်ဆယ့်ခြောက်ချက် မဂ်ကိစ္စမှ တစ်ပါးသော ပြုဖွယ်သည်၊ အတ္တာယ-မဂ်ကိစ္စအကျိုးငှာ၊နတ္ထိ-ပြုဘွယ်ကိစ္စ မရှိပြီ၊ ဣတိ-ဤသို့၊ အဘိညာသိ-ထိုးထွင်း၍ သိလေပြီ။

အာယသ္မာသောဏော- အရှင်သောဏသည်၊ အရဟတံ-အရဟတ္တာနံ-ရဟန္တာပုဂ္ဂိုလ်တို့တွင်၊ အရဟတံ-အရဟတ္တာနံ- ကိလေသာအညစ်အကြေးတို့မှ ကင်းဝေးစင်ကြယ်စေတတ်တဲ့ အရဟတ္တမဂ် အရဟတ္တဖိုလ်ကို ရသော ရဟန္တာတို့တွင်၊ အညတရော- တစ်ပါး အပါအဝင်သည်၊ အဟောသိ- စင်စစ်မသွေ ဖြစ်ပါပေသတည်း။ "သာဓု၊ သာဓု၊ သာဓုပါဘုရား"

အရှင်သောဏဟာ အဲဒီလို ဘုရားအဆုံးအမကို ရပြီးတော့ သမာဓိနဲ့ ဝီရိယ မျှတအောင် ထားပြီး ဝိပဿနာနိမိတ်ကိုလဲ ယူပြီး တရားအလုပ်အားထုတ်ပါတယ်။

တရားအားထုတ်တဲ့အခါမှာ ဘယ်လိုအင်္ဂါတွေနဲ့ ညီအောင် အားထုတ်သလဲ ဆိုရင် ဧကော- အဖော်မမှီး တစ်ပါးတည်း နေပြီးတော့ အားထုတ်တယ်။

လူတစ်ထောင်နဲ့ နေရနေရ တစ်ယောက်တည်း နေသလို ဝိဝေကရအောင်၊ ကင်းအောင်၊ ဆိတ်ဆိတ်ဖြစ်အောင် နေတတ်ထိုင်တတ်ဖို့ကော အရေးမကြီးဘူးလား။

"ကြီးပါတယ် ဘုရား"

၁။ အဖော်မခင်၊ ကျောင်းခန်းဝင်၊ တွင်တွင်အားထုတ်၊ သင့်အလုပ်။
၂။ အဖော်မခင်၊ ကမ္မဋ္ဌာန်းခွင်၊ တွင်တွင်အားထုတ်၊ သင့်အလုပ်။

အဖော်အပေါင်းတွေအပေါ်မှာ သိပ်ပြီး သံယောဇဉ်မထားဘဲနဲ့ ကိုယ်တစ်ယောက်တည်းနေသလို သူများတွေရဲ့အားထုတ်မှု မထိခိုက်စေဘဲ ကိုယ့်တရားကို ကြိုးကြိုးစားစား အားထုတ်ဖို့ကော အရေးမကြီးပေဘူးလား။

"ကြီးပါတယ် ဘုရား"

တစ်ယောက်တည်းနေမှ ဆိတ်ငြိမ်မှု ရတာ၊ နှစ်ယောက် သုံးယောက် ပေါင်းပြီးတော့ နေလို့ရှိရင် စကားပြောမိမယ်။

ကိုယ့်ကို သူ စောင့်ရတယ်၊ သူ့ကို ကိုယ် စောင့်ရတယ် ဆိုတော့ အမှတ်တွေလဲ လွတ်ကုန်တာပေါ့၊ ဒါကြောင့် တစ်ယောက်တည်း နေသလိုနေပြီး အားထုတ်ဖို့ကော အရေးမကြီးပေဘူးလား။ "ကြီးပါတယ် ဘုရား"

နောက်ပြီးတော့ ဆိတ်ငြိမ်ရာ ချဉ်းကပ်တဲ့ ဆိတ်ငြိမ်ရာ ကိုယ်ကလဲ နေတတ်ရတယ်။

အသံဗလံတွေလဲ နားမထောင်နဲ့၊ ကြားရင်ကြားတယ် မှတ်ပစ်ရမယ်၊ ဟိုဟိုဒီဒီလဲ မကြည့်နဲ့၊ မြင်ရင်မြင်တယ် မှတ်ပစ်ရမယ်၊ စကားတွေလဲ မပြောနဲ့၊သူများတွေက စကားလာပြောရင်လဲ တိုတိုနဲ့ တိုးတိုး၊ မြန်မြန်ပြီးအောင် ဖြတ်ပစ်ပြီးတော့ ကမ္မဋ္ဌာန်းခွင်မှ ထွက်တဲ့အခါ ပြောကြသေးတာပေါ့ဆိုပြီး ဖြတ်ပစ်ရတယ်၊ အားနာလို့ပါဆိုပြီး ပြောချင်တာတွေ ဟောပြောနေလို့ရှိရင် တရားရပါ့မလား။ "မရပါဘုရား"

အဲဒီတော့ ဆိတ်ငြိမ်ရာ ချဉ်းကပ်ပြီးတော့ တရားအားထုတ်ပါ။

အပ္ပမတ္တော– မမေ့မလျော့ပါနဲ့၊ မမေ့မလျော့နေဖို့ အရေးကြီးတယ်။ သွားတာ၊ လာတာ၊ စားတာ၊ သောက်တာ၊ နေတာ၊ ထိုင်တာ၊ အိပ်တာ၊ ရေချိုးတာ၊ အဝတ်အစား၊ ဖိနပ်စီးတာ၊ ချွတ်တာ၊ တံခါးဖွင့်တာ၊ ပိတ်တာက စပြီးတော့ သတိထားရတယ်။

နောက်ပြီးတော့ အာတာပီ

၁။ ရိုးကြောအရေ၊ ကြွင်းကျန်စေ၊ ကုန်စေအသားသွေး၊

၂။ အသက်ကိုမျှ၊ မညှာရ၊ သမ္မပ္ပဓာန်လေး၊

ဝီရိယလွန်ရင်သာ လျှော့ပေးရမယ်လို့ဆိုတယ်၊ ဒီ–သမာဓိနဲ့ ညီမျှလာပြီ ဆိုလို့ရှိရင် ရှုမှတ် အားထုတ်မှုကို တင်းတင်းရင်းရင်း စိတ်ထားရမှာ။

အသက်တောင် သေချင်သေသွားပါစေ၊ အရိုးရယ်၊ အကြောရယ်၊ အရေရယ်လောက်ကျန်ပြီး အသွေးအသားတွေ ခန်းချင်ခန်းသွားပါစေ၊ တရားရအောင် ငါအားထုတ်မယ်။

"ကိုယ်နှင့်အသက် မငဲ့ကွက်၊ ရက်စက်နိုင်ရမည်"ဆိုတဲ့အတိုင်း ပြင်းပြင်းထန်ထန် ဝီရိယတပ်ထားပြီးတော့ တစ်မှတ်နဲ့တစ်မှတ်၊ တစ်ချိန်နဲ့ တစ်

ချိန်၊ တစ်ရက်နဲ့ တစ်ရက်၊ တစ်ခါတည်းပြီး ဝီရိယတွေ ကွင်းဆက်ပြီးတော့ တွန်းအားပေးသွားဖို့ အရေးမကြီးဘူးလား၊ အရေးကြီးတယ်။

## စိတ်ကို နိဗ္ဗာန်သို့ လွှတ်ထား

ပဟိတတ္တော– ရက်စက် စိတ်ကြဲ အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်သို့ စေလွှတ်အပ်သော စိတ်ရှိသည် ဖြစ်၍၊ စိတ်ကို ဘယ်ဆီလွှတ်ထားရမယ်။

"နိဗ္ဗာန်ဆီ လွှတ်ထားရပါမယ် ဘုရား"

နိဗ္ဗာန်ဆီ လွှတ်ထားဆိုတာက နိဗ္ဗာန်ဆီ ရုပ်နာမ်ခပ်သိမ်း ချုပ်ငြိမ်းရာဆီသို့ စိတ်ကို ညွှတ်ထားရတာကို ပြောတာ။

နိဗ္ဗာန်လိုချင်စိတ်နဲ့ အားထုတ်ကြပါ၊ အိမ်ပြန်ချင်စိတ်နဲ့ အားမထုတ်ပါနဲ့၊ ပျော်ချင်စိတ်နဲ့လဲ အားမထုတ်နဲ့၊ သက်သာခိုချင်တဲ့စိတ်နဲ့လဲ အားမထုတ်နဲ့၊ နိဗ္ဗာန်လိုချင်တဲ့စိတ်နဲ့ အားထုတ်၊ နိဗ္ဗာန်ဆိုတဲ့ ရှေ့ကို တစ်ခဏတာလေး မြော်ပြီးတော့ ပေါ်ရာပေါ်ရာ ရုပ်နာမ်ကို ပစ္စုပ္ပန်တည့်တည့် ရှုမှတ်ရမှာနော်၊ နားထွေးမသွားပါစေနဲ့။

## တရားအားထုတ်ရင် အပေါ်မော့ကြည့်

တရားအားထုတ်ရင် အပေါ်မော့ကြည့်ရတယ်၊ စီးပွားရေးလုပ်လို့ရှိရင် အောက်ငုံ့ကြည့်ရတယ်၊ ဘယ်လိုလဲ ဆိုတော့–

"ငါက အိုးနဲ့ အိမ်နဲ့ တိုက်နဲ့ တာနဲ့ အလုပ်နဲ့ အကိုင်နဲ့ ဆန်ဆီလျောင်ပြီး စားနိုင်တယ်၊ ဘယ်သူတွေများ အိုးပိုင် အိမ်ပိုင်တောင် မရှိ၊ ငှားနေရတာ၊အလုပ်အကိုင်ကလဲ အတည်တကျမဟုတ်၊နေ့စား လုပ်နေရတယ်၊ ငါတော်သားပဲလို့ စီးပွားရေးမှာ ရောင့်ရဲတင်းတိမ်ရမယ်"

တရားနဲ့ ပတ်သက်ပြီး မော့ကြည့်ရမယ်၊ "အို– ငါအားထုတ်တာက တစ်လရှိသေးတယ်၊ ငါအားထုတ်တာက (၁၀)ရက် ရှိသေးတယ်၊ ဘယ်သူတွေများ ဘယ်နှစ်ရက်ကြာအောင် အားထုတ်လို့ ဉာဏ်စဉ်နာပြီးပြီ၊ နာပြီးတော့လဲ တစ်နှစ်တစ်ခါ ဒီလို ဝင်နေတာပဲ၊ ငါအားထုတ်တာ ဘာရှိသေးလဲ၊ ငါတရားလိုသေးတယ်၊ ဒီလို အပေါ်မော့ကြည့်ပြီးတော့ အားထုတ်ရတယ်။

စီးပွားရေးနဲ့ ပတ်သက်ရင် အောက်ငုံ့ကြည့်ပြီးတော့ ငါနေသာထိုင်သာရှိသားပဲ ဆိုပြီး တင်းတိမ်ရမယ်၊ အထက်နဲ့အောက်နဲ့ လွဲနေအုံးမယ်နော်။

စီးပွားရေးဆိုင်ရာမှာ အပေါ်မော့ကြည့်နေပြီး မပြီးသေးဘူး၊ တိုက်တစ်လုံးက နှစ်လုံး၊ ကားတစ်စီးက နှစ်စီး၊ ဘယ်လိုဖြစ်အောင် ညာလိုဖြစ်အောင် လုပ်နေတာနဲ့ တရားအားမထုတ်ဘဲ ဖြစ်နေအုံးမယ်။

အို– တစ်ဥပုသ်တစ်ခါ တရားနာနိုင်ရင် တော်ပြီ၊ ဘယ်သူတွေများ ကျောင်းတောင် ရောက်ဖူးတာ မဟုတ်ဘူး၊ ငါက တော်လှပြီဆိုပြီး တရားကို မရောင့်ရဲရဘူး။

အဲဒီလို နိဗ္ဗာန်ဆီ စိတ်ကို ပို့လွှတ်ပြီးတော့ တရားအားထုတ်ရမယ်၊ အဲဒီလို အားထုတ်တယ်ဆိုရင်ဖြင့် တရားတွေ မရနိုင်ဘူးလား။

"ရနိုင်ပါတယ် ဘုရား"

ငါဟာ သာသနာတော်တွင်း လူဖြစ်၊ ဘုရားသာသနာနဲ့ တွေ့ပြီးတော့ ရိပ်သာရောက်လာပြီး တရားအားထုတ်တာ၊ ငါကား တရားရထိုက်တဲ့ ပုဂ္ဂိုလ်မို့လို့ ရိပ်သာထဲရောက်လာတာ၊ ဒီလို ယုံကြည်ကြရမယ်၊ ယုံကြည်လို့ ရှုမှတ်သူ တရားထူးတွေ ရမှာပဲ။

ပေါ်တိုင်း မပြတ်ရှုမှတ်တဲ့အတွက် သတိမမြဲပေဘူးလား။

"မြဲပါတယ် ဘုရား"

လွှတ်သွားတာတွေ၊ ဝေနေတာတွေ၊ ငေးမောနေတာ၊ ပြန့်လွင့်သွားတာ မရှိရအောင် သမာဓိ ဆောက်တည်ရမယ်၊ သမာဓိရအောင် သတိထားရမယ်။

လျော့မသွားအောင်၊ ပေါ့မသွားအောင်၊ တွန့်မသွားအောင် ဝီရိယ ဆောင်ထားရမယ်၊ အမြင်မှန်ရအောင် ရှုရှုစိုက်စိုက် စေ့စေ့စပ်စပ် ပီပီပြင်ပြင် တိတိကျကျ မှတ်ရမယ်။

အဲဒီလို ဣန္ဒြေငါးမျိုး ညီညွတ်သွားရင်ဖြင့် တရားမရနိုင်ဘူးလား။

"ရနိုင်ပါတယ် ဘုရား"

ရှင်သောတာဟာ ဣန္ဒြေတွေ ညီမျှပြီးတော့ တရားရသွားသလို ရသွားနိုင်ကြမယ်။

"မေးမြန်း သန့်စင်၊ ညီမျှယှဉ် ထိုတွင်စိတ်ညွတ်ရာ"ဆိုတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဣန္ဒြေညီညွတ်ရေးတရားတို့ကို အရှင်သောတာဝတ္ထု သာဓကထား၍ ဟောကြားတဲ့တရားကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဤတရားတော် လာတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်လျက် မျက်မှောက်ပြုနိုင်ကြပါစေ ကုန်သတည်း။ ။ "သာဓု–သာဓု–သာဓု"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၉)

### စကားဦး

တရားဟောကြားတဲ့ ဒိနေ့ရက်စွဲက သာသနာတော်နှစ်၂၅၃၄–ခုနှစ်၊ ကောဇာသက္ကရာဇ်၁၃၅၂–ခုနှစ်၊ မိုးဥတုဝါတွင်းကာလ တော်သလင်း လပြည့်ကျော် ၁၁–ရက်နေ့ ဖြစ်တယ်။

တရားဟောရာဌာနက ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး ဖြစ်တယ်။

တရားနာများကတော့ မဟာစည်ယောဂီ ရဟန်းရှင်လူ သူတော်စင် ပရိသတ်များ ဖြစ်ကြပါတယ်။

ဟောကြားမည့် တရားကတော့ သုဗြဟ္မသုတ္တန် နဝမပိုင်း တရားတော် ဖြစ်ပါတယ်၊ ဦးစွာ ပထမ ညောင်ကန်ဆရာတော် ဦးဗုဓ်ရေးသားတော်မူတဲ့ ဝါဆိုစဉ် ဘုရားရှိခိုးဖြင့် ရွတ်ဆိုရှိခိုးပြီး တရားပွဲကို ဖွင့်ကြပါစို့။

### ပဏာမ

### ညောင်ကန်ဆရာတော် ဦးဗုဓ်၏

### ဝါဆိုစဉ် ဘုရားရှိခိုး

၁။ မဟာကာရုဏိကော ဝသံ၊ ပဌမံ ဣသိပတနေ။
ဒွိတိစ္စတု သတ္တရသ၊ ဝီသေ ရာဇဂဟေ ဝသိ။

၂။ ပဥ္စမဋ္ဌ ဝေသာလိယံ၊ ဆဋ္ဌံ မကုဠပဗ္ဗတေ။
သတ္တမံ တာဝတိံသမှိ၊ သံသုမာရဂိရေဋ္ဌမံ။

၃။ နဝမံ ကောသမ္ဗိယဉ္စ၊ ဒသမံ ပါလိ လေယျကေ။
ကောဒသမ နာဠနာယံ၊ ဝေရဉ္ဇာယံ ဒွါဒသမံ။
၄။ တေရသာ စာလိယေ ပဗ္ဗတေ၊ ဝိသေ စာလိယ ပဗ္ဗတေ။
ဇေတဝနေ စုဒ္ဒသမံ၊ ကပိလေ ပဉ္စဒသမံ။
၅။ အာဠဝိယံ သောဠသမံ၊ ပုဗ္ဗာရာမ ဇေတဝနေ။
စတုဝီသတိ ဝဿာနိ၊ အန္တိမ ဝသိ ဝေဠုဝေ။
၆။ တတ္ထ တတ္ထ ဝသန္တော ဟာ၊ ဗုဒ္ဓဝန္တာမိ အာဒရံ။
ပဉ္စတာလီသဝဿာနိ၊ ဉာတိ လောကဟိတာဝဟာ။

၁။ မဟာကာရုဏိကော– ကြီးမြတ်သော ကရုဏာ ရှိတော်မူသော၊ ဝါ–ကရုဏာရှိသောသူတို့ထက် မြတ်တော်မူသော မြတ်စွာဘုရားသည်၊ ပဌမံ ဝဿံ– တစ်ရာသုံးခုနှစ် ဘုရားဖြစ်စ ပဌမဝါ၌၊ ဣသိပတနေ– ဘုရားပစ္စေက ဗုဒ္ဓါအရိယာတို့၏ ကောင်းကင်မှ သက်ဆင်းကျရာ ကောင်းကင်သို့ တက်ကြွရာ ဖြစ်၍ ဣသိပတန အမည်ရသော မိဂဒါဝုန်တော၌၊ ဥပဂန္တွာ– ပဉ္စဝဂ္ဂီတို့အား တရားဦးဟောဖို့ရာ ဦးစွာ ကပ်ရောက်တော်မူ၍၊ဝသိ–မိမိထံမှောက် ရောက် လာသူတို့အား တရားဟောဖော်ရန် မှန်းရည်မြော်၍ သီတင်းသုံးနေတော်မူပါ၏။

ဒွိတိစ္စတု သတ္တရသဝိသေ– နှစ်ကြိမ်မြောက်၊သုံးကြိမ်မြောက်၊ လေး ကြိမ်မြောက်၊ ဆယ့်ခုနစ်ကြိမ်မြောက်နှင့် နှစ်ဆယ်ကြိမ်မြောက်သော ဝါတို့ကို၊ ရာဇဂဟေ–ဣသိဂိလ ပဏ္ဍဝနှင့် ဂိဇ္ဈကုဋ်ဘာန် ဝိပုလန်ဟု တောင်ရှင်ါးလုံး ပိတ်ဖုံး ကာခို ရာဇဂြိုဟ်ပြည်၌၊ ဥပဂန္တွာ–မေတ္တာရှေ့ထားကရုဏာပွားထောက် မှန်စွာ ကပ်ရောက်တော်မူ၍၊ ဝသိ– မိမိထံမှောက် ရောက်လာသူတို့အား တရားဟော ဖော် မှန်းရည်မြော်၍ သီတင်းသုံးနေတော်မူပါ၏။

၂။ ပဉ္စမဉ္စ–ထုင်ရှားရှုထောက် ငါးခုမြောက်သောဝါကိုကား၊ ဝေသာ လီယံ– ဝေသာလီပြည်၌၊ ဥပဂန္တွာ– မေတ္တာရှေ့သွား ကရုဏာပွားထောက် မှန်စွာ ကပ်ရောက်တော်မူ၍၊ ဝသိ– မိမိထံမှောက် ရောက်လာသူတို့အား တရားဟော ဖော်ရန် ရည်မြော်၍ သီတင်းသုံး နေတော်မူပါ၏၊ ဆဋ္ဌ– ခြောက်ခုမြောက်သော ဝါကို၊ မကုဠပဗ္ဗတေ– မကုဠတောင်၌၊ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာပွား ထောက်မှန်စွာ ကပ်ရောက်တော်မူ၍၊ဝသိ–မိမိထံမှောက်သို့ ရောက်လာသူတို့ အား တရားဟောဖော်ရန် ရည်မြော်၍ သီတင်းသုံးနေတော်မူပါ၏။သတ္တမံ–

ခုနစ်ကြိမ်မြောက်သော ဝါကို၊ တာဝတိံသမှိ– တာဝတိံသာ နတ်ပြည်ခင်စစ် ပင်လယ်ကသစ်ပင်ရင်း ခင်းထားအပ်သော ပဏ္ဍုကမ္ဗလာကျောက်ဖျာ ပလ္လင် ထက်၌၊ ဥပဂန္တွာ– မယ်တော်ကျေးဇူး ပေးဆပ်ဦးမည် စိတ်တော်ရှည်မြော် ကပ်ရောက်တော်မူ၍၊ ဝသိ– မယ်တော်ဖြစ်ခဲ့ဖူးသော သန္တုသိတနတ်သား အမှူး ထား၍ နတ်ဗြဟ္မာများအား အဘိဓမ္မာတရားကို ဟောကြားမြွက်ဖော် သီတင်း သုံးနေတော်မူပါ၏။ အဋ္ဌမံ– ရှစ်ခုမြောက်သောဝါကို၊ သံသုမာရဂိရေ– သံသုမာရ ပြည်၏အနီး ဘေသကလာတောသွားနေရာ ပဲခင်းပုံတော၌၊ ဥပဂန္တွာ– မေတ္တာ ရှေ့ထား ကရုဏာပွားထောက် မှန်စွာကပ်ရောက်တော်မူ၍၊ ဝသိ– မိမိထံ မှောက် ရောက်လာသူတို့အား တရားဟောဖော် မှန်းရည်မြော်၍ သီတင်းသုံး နေတော်မူပါ၏။

၃။ နဝမံ– ကိုးခုမြောက်သောဝါကိုကား၊ ကောသမ္ဗိယံ– ကောသမ္ဗီ ပြည် ၌၊ ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာပွားထောက် ကပ်ရောက်တော်မူ၍၊ ဝသိ– မိမိထံမှောက် ရောက်လာသူတို့အား တရားဟောဖော်ရန် အမှန်ရည်မြော်၍ သီတင်းသုံး နေတော်မူပါ၏၊ ဒသမံ– ဆယ်ကြိမ်မြောက်သောဝါကို၊ ပါလိလေယျ ကေ– ပလလဲဆင်မင်း မှီတင်းနေထိုင်သော ပလလဲတော၌၊ ဥပဂန္တွာ –ကွဲပြားနေ ကြား တပည့်သံဃာများအား မြစ်တားဆုံးမရေး ရည်မြော်တွေး၍ ရပ်ဝေးသို့လာ ကေစာ မြော် ကပ်ရောက်တော်မူ၏၊ ဝသိ– ပလလဲဆင်မင်း လုပ်ကျွေးခြင်းကို မယွင်းခံယူ သီတင်းသုံး ဝါဆိုတော်မူ၏၊ ဧကာဒသမံ– ဆယ့်တစ်ခုမြောက်သော ဝါကို၊ နာဠာယ– နာဠမည်သော ပုဏ္ဏားရွာ၌၊ ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာပွားထောက် ကပ်ရောက်တော်မူ၍၊ ဝသိ– မိမိထံမှောက် ရောက်လာသူ တို့အား တရားဟောဖော်ရန် အမှန်ရည်မြော်၍ သီတင်းသုံးနေတော်မူပါ၏။ ဒွါဒသမံ– ဆယ့်နှစ်ကြိမ်မြောက်သော ဝါကို၊ ဝေရဉ္ဇာယံ–ဝေရဉ္ဇာပြည် နဠေရု ဘီလူး၏နေရာ တမာပင်ကြီးထံအနီး၌၊ ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာပွား ထောက် မှန်စွာကပ်ရောက်တော်မူ၍၊ ဝသိ– မိမိထံမှောက်သို့ ရောက်လာသူ တို့အား တရားဟောဖော်ရန် အမှန်ရည်မြော် သီတင်းသုံးနေတော်မူပါ၏။

၄။ တေရသာဋ္ဌာရ သေကူနဝီသေ– ဆယ့်သုံးကြိမ်၊ ဆယ့်ရှစ်ကြိမ်၊ ဆယ့်ကိုးကြိမ်မြောက်သော ဝါတို့ကို၊ စာလိယပဗ္ဗတေ– စာလိယတောင်၌။ ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာ ပွားထောက်မှန်စွာ ကပ်ရောက်တော်မူ၍၊

ဝသီ– မိမိထံမှောက် ရောက်လာသူတို့အား တရားဟောဖော်ရန် အမှန်ရည်မြော် သီတင်းသုံးနေတော်မူပါ၏၊ စတုတ္ထသမံ–ဆယ့်လေးကြိမ်မြောက်သော ဝါကို၊ ဇေတဝနေ–သာဝတ္ထိပြည်မှုန် ဇေတဝန်ကျောင်းကြီး၌၊ ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာပွားထောက် မှန်စွာကပ်ရောက်တော်မူ၍၊ ဝသီ–မိမိထံမှောက် ရောက်လာသူတို့အား တရားဟောဖော်ရန် အမှန်ရည်မြော် သီတင်းသုံးနေတော်မူပါ၏။ ပဉ္စဒသမံ– ဆယ့်ငါးကြိမ်မြောက်သော ဝါကို၊ ကပိလေ– ကပိလဝတ်ပြည်၌၊ ဥပဂန္တွာ– မေတ္တာရှေ့ထား ကရုဏာ ပွားထောက်မှန်စွာ ကပ်ရောက်တော်မူ၍၊ ဝသီ– မိမိထံမှောက် ရောက်လာသူတို့အား တရား ဟောဖော်ရန် အမှန်ရည်မြော် သီတင်းသုံးနေတော်မူပါ၏။

၅။ သောဠသမံ၊ တစ်ဆယ့်ခြောက်ကြိမ်မြောက်သော ဝါကို၊ အာဠဝိယံ၊ အာဠဝီပြည်၌၊ ဥပဂန္တွာ–မေတ္တာရှေ့သွား ကရုဏာပွားထောက်မှန်စွာ ကပ်ရောက်တော်မူ၍၊ ဝသီ– မိမိထံမှောက် ရောက်လာသူများတို့အား တရားဟောဖော်ရန် အမှန်ရည်မြော် သီတင်းသုံးနေတော်မူပါပေ၏၊ ဘာဂေဟာ–ယိုဝါတော် နှစ်ဆယ်မှ အသီးသီး နေရာနေတော်မူပြီးရာအခါမှ၊ စတုဝီသဟဲဝဿ–နို–ပါတော် နှစ်ဆယ့်လေးဝါတို့ကို၊ ပုပ္ဖာရာမဇေတဝနေ– သာဝတ္ထိပြည် ပုပ္ဖာရုံကျောင်း ဇေတဝန်ကျောင်းတို့၌၊ ပရိယာယေန–တစ်ကျောင်းတစ်ခါ လှည့်လည်ကာဖြင့်၊ ဥပဂန္တွာ– မေတ္တာရှေ့သွား ကရုဏာပွားထောက်မှန်စွာ ကပ်ရောက်တော်မူ၍၊ ဝသီ– မိမိထံမှောက်ရောက်လာသူတို့အား တရားဟောဖော်ရန် အမှန်ရည်မြော် သီကင်းသုံးနေတော်မူပါ၏၊ အန္တိမံ– အဆုံးစွန်းရောက် လေးဆယ့်ငါးခုမြောက်သောဝါကို၊ ဝေဠုဝေ–ဝေသာလီပြည်၏အနီးဝေဠုဝရွာ၌၊ ဥပဂန္တွာ–မေတ္တာရှေ့သွား ကရုဏာပွားထောက်မှန်စွာ ကပ်ရောက်တော်မူ၍၊ ဝသီ–မိမိထံမှောက် ရောက်လာသူတို့အား တရားဟောဖော်ရန် အမှန်ရည်မြော် သီတင်းသုံးနေတော်မူပါ၏။

၆။ ဣတိ–ဤသို့ဤပုံ၊ ပဉ္စတာလီသဝဿာနိ– သက်တော် ရှစ်ဆယ် ဝါလေးဆယ့်ငါးတို့ ကာလပတ်လုံး၊ တတ္ထတတ္ထ–ဆိုခဲ့ပြီးရာ ထိုထို မြို့ပြည်ရွာတို့၌၊ ဝသန္တော၊ လျှောင်းထိုင်ရပ်သွား လေးပါးဣရိယာ သာယာ ရွှင်ပျော် ဝါဆိုဝါကပ်တော်မူလျက်၊ လောကဟိတာဝဟံ– လူနတ်ဗြဟ္မာ သတ္တဝါတို့၏ ပစ္စုပ္ပန်သံသရာလောကီ လောကုတ္တရာ အကျိုးစီးပွားများကို ဆောင်တော်မူသော၊ ဝါ–လူနတ်ဗြဟ္မာ စုံချမ်းသာနှင့် ဈာန်ချမ်းသာ၊ ဝိပဿနာချမ်းသာ မဂ်ချမ်းသာ

ဖိုလ်ချမ်းသာ နိဗ္ဗာန်ချမ်းသာ ကောင်းကျိုး ချမ်းသာ အဖြာဖြာကို ရရှိလာအောင် ပို့ဆောင်တော်မူသော၊ ဗုဒ္ဓ– သိစရာ ရှိသမျှ တစ်စမကျန် အမှန်ကိုယ်တိုင် သိစွမ်းတော်မူနိုင်သော သဗ္ဗညုတ ဉာဏ်သခင် မြတ်စွာဘုရားရှင်ကို၊ အဟံ– တရားဟော တရားပြ အကျိုးဆောင် ရမှန် ညောင်ကန်ဣန္ဒက နာမတွင်ခေါ် တပည့်တော်သည်၊ ဝါ– ခန္ဓာငါးခု ငါဟုသမုတ် အကျွန်ုပ်သည်၊ အာဒရ– လေးဆယ့်ငါးဝါ သာသနာပြုပုံ ဗုဒ္ဓဂုဏ်ကို အာရုံမှန်းထား သဒ္ဓါပွားများ လေးစား ရိုသေစွာ၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား၊ ဝန္ဒာမိ–သဒ္ဓါဟုန်စက်ခလုတ်နှိုးသဖြင့် အဖြာဖြာအစုံစုံ လက် အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏မြတ်စွာဘုရား။"သာဓု–သာဓု–သာဓု"

ကဲ– မြတ်စွာဘုရား၏ ၄၅–ဝါ သာသနာပြုပုံ ဝါဆိုစဉ် ဘုရားရှိခိုးဖြင့် ရွတ်ဆို ရှိခိုးပြီးတော့ တရားပွဲကြီးကို ဖွင့်လှစ်ပြီးတဲ့အခါ၊ အဋ္ဌမပိုင်းတုန်းက မပြီးပြတ်သေးတဲ့ သုဗြဟ္မသုတ်တရားကို ယနေ့ နဝမပိုင်းအနေနဲ့ ဆက်လက် ဟောကြားကြပါဦးစို့။

ဒီကနေ့ ဆက်လက်ဟောကြားရမှာက ဣန္ဒြေငါးပါး ညီညွတ် ထက် မြက်ကြောင်းပဲ ဖြစ်ပါတယ်။

## ဣန္ဒြေငါးပါး ညီညွတ်ထက်မြက်ကြောင်း

၁။ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာ။
၂။ အစိုးရမှု၊ ဤငါးခု၊ ခေါ်ပြု ဣန္ဒြေပါ။

တရားအလုပ်အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ ဣန္ဒြေငါးပါး ညီညွတ်ဖို့ အရေးကြီးတယ်။

သဒ္ဓါလွန်ကဲလို့ ဝက္ကလိ တရားမရနိုင်ဘဲ ဖြစ်ပြီး ဘုရားက တခြား ဣန္ဒြေတွေပါ ထက်သန်လာရလေအောင် ညှိပေးပြီး ဩဝါဒ ပေးတဲ့အတွက် တရားနာ ကျင့်သုံးလို့ ဝက္ကလိ ရဟန္တာဖြစ်ပုံ၊ ဝီရိယ လွန်ကဲပြီးတော့ တခြား ဣန္ဒြေတွေ လျော့နေတဲ့ သောဏမထေရ်ကို ဘုရားက မလျော့မတင်း စောင်း ကြိုးညှင်း ပမာပြလို့ ကြိုးစားအားထုတ်ပါက တရားရမယ်ဆိုတဲ့ ဩဝါဒတရားကို နာကြားရတဲ့အရှင်သောဏဟာ ဒီအတိုင်းလိုက်နာအားထုတ်လိုက်တာ ကိလေ သာကုန်ခန်း ရဟန္တာဖြစ်သွားပုံ ဒါတွေကို ဟောခဲ့ပြီးပါပြီ။

ပန–ဆက်၍ဆိုဦးအံ့။ ဧတ္တ–ဤကြွေငါးပါး ညီညွတ်ရမည့်အရာ၌၊ ဝိသေသတော– အထူးအားဖြင့်၊ သဒ္ဓါပညာနံ– သဒ္ဓါပညာတို့၏ လည်းကောင်း၊ သမာဓိ ဝီရိယာနဥ္စ– သမာဓိနှင့် ဝီရိယတို့၏လည်းကောင်း၊သမတံ– ညီညွတ်သည်၏အဖြစ်ကို၊ ပသံသန္တိ–ဘုရားအစရှိတဲ့ သူတော်ကောင်းများက ချီးကျူးဟောကြားကြလေကုန်သတည်း။ "သာဓု–သာဓု–သာဓုပါဘုရား"

## သဒ္ဓါနှင့် ပညာ ညီညွတ်ရမယ်

ကြွေငါးပါးထဲမှာ သဒ္ဓါကြွေနဲ့ပညာကြွေ ဒီနှစ်ခု ညီညွတ်ဖို့လဲလိုတယ်။ မလိုဘူးလား။

"လိုပါတယ် ဘုရား"

၁။ သဒ္ဓါ ပညာ၊ ညီညွတ်တာ၊ မှန်စွာတရား ရနိုင်သည်။

ဒါကတစ်ချက်၊ မှတ်ထားလိုက်။

၂။ သမာဓိ ဝီရိယ၊ ညီညွတ်မှ၊ မုချတရား ရနိုင်သည်။

ကြွေငါးပါးထဲမှာ သဒ္ဓါကြွေနဲ့ ပညာကြွေနှစ်ပါး ညီညွတ်ရမယ်၊ သမာဓိနဲ့ ဝီရိယကြွေနှစ်ပါး ညီညွတ်ရမယ်၊ ပေါင်းတော့ လေးပါး၊ ဘာ ကျန်နေတုံး၊ သတိကြွေ ကျန်နေတယ်၊ နောက်ကျတော့ သတိကြွေထဲ ပါလာမှာပေါ့၊ အဲဒီတော့ သဒ္ဓါနဲ့ပညာ ညီညွတ်ရမယ်။

ဗလဝသဒ္ဓါ–သဒ္ဓါအားကြီးသော၊ မန္ဒပညော–အသိပညာ နုံ့နဲ့သော သူသည်၊ မုဓပ္ပသန္နော– ချွတ်လွဲစွာ ကြည်ညိုတတ်သည်၊ မိုက်မိုက် ကန်းကန်း ကြည်ညိုတတ်သည်၊ ဟောတိ– ဖြစ်၏၊ အဝတ္ထုသ္မိံ– အရာ မဟုတ်သည်၌၊ ပသီဒတိ– ကြည်ညိုတတ်၏၊

သဒ္ဓါနဲ့ ပညာ ညီညွတ်မှ အမြင်မှန် တရားမှန်ရပြီးတော့ နိဗ္ဗာန်ရောက်မယ်၊ မညီညွတ်ဘဲနဲ့ သဒ္ဓါက လွန်ကဲပြီး ပညာက နည်းနေမယ်ဆိုရင် ကြည်ညိုမှု ချွတ်လွဲတတ်ပါတယ်၊ ဘာဖြစ်တတ်တယ်။

"ကြည်ညိုမှု ချွတ်လွဲတတ်ပါတယ် ဘုရား"

၃။ ရတနာသုံးပါး၊ ကံတရား၊ ကျိုးများပစ္စုပ်၊ တမလွန်၊

၄။ ယုံကြည်သမှု၊ မနောက်ကျု၊ ခေါ်ပြု သဒ္ဓါမွန်။

ဘုရား တရား သံဃာ၊ ပစ္စုပ္ပန်လောက၊ တမလွန်လောက၊ အကြောင်းအကျိုးများကို ယုံကြည်ခြင်းသည် သဒ္ဓါတရား၊ ပစ္စုပ္ပန်တရား၊ တမလွန်တရား၊ အကြောင်းအကျိုး ပဋိစ္စသမုပ္ပါဒ်ဆိုတာလဲပဲ ရတနာသုံးပါးထဲမှာ သွတ်သွင်းလိုက်ရင် တရားရတနာထဲ ပါသွားတာပဲ၊ ဘယ်ထဲပါလဲ။

"တရားထဲပါဘုရား"

အဲဒီတော့ ကြည်ညိုစရာ ဝတ္ထုအာရုံဟာ ဘုရား၊ တရား၊ သံဃာ ဖြစ်တယ်၊ ကြည်ညိုတဲ့သဒ္ဓါတရားလောက်သာ ရှိပြီးတော့ အမှားအမှန် ဝေဖန်နိုင်တဲ့ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေဟာ ကြည်ညိုစရာမဟုတ်တဲ့ ဝတ္ထုတွေအပေါ်မှာလဲပဲ သွားပြီးတော့ ကြည်ညိုတတ်တယ်။

အဲဒီတော့ ဘုရား၊ တရား၊ သံဃာကို ကြည်ညိုတာ သဒ္ဓါတရားခေါ်တယ်၊ ဘာခေါ်တယ်။

"သဒ္ဓါတရား ခေါ်ပါတယ် ဘုရား"

ကြည်ညိုစရာကို ကြည်ညိုရင် သဒ္ဓါဖြစ်တယ်၊ ကြည်ညိုစရာကို ကြည်ညိုရင် ဘာဖြစ်တယ်။

"သဒ္ဓါဖြစ်ပါတယ် ဘုရား"

ကြည်ညိုစရာ မဟုတ်တဲ့ ဒီ-ဘုရား၊တရား၊ သံဃာမှတစ်ပါး တခြားတွေကို သွားပြီးတော့ ကြည်ညိုမိရင် သဒ္ဓါဖြစ်ပါ့မလား။ "မဖြစ်ပါ ဘုရား"

အကြည်ညိုခံ ဝတ္ထုလွဲနေတော့ သဒ္ဓါတရား ဖြစ်နိုင်ပါ့မလား။

"မဖြစ်နိုင်ပါ ဘုရား"

ဒါကြောင့်-

၅။ ကြည်ညိုစရာ၊ ကြည်ညိုတာ၊ သဒ္ဓါရှိတော့သည်၊
၆။ မကြည်ညိုစရာ၊ ကြည်ညိုတာ၊ အညာမိတော့သည်။

ဘုန်းကြီးတို့ အရင် သတိပေးဖူးပါတယ်၊ ကြည်ညိုစရာကို ကြည်ညိုရင် ဘာဖြစ်နိုင်သလဲ၊ သဒ္ဓါ၊ သဒ္ဓါဖြစ်တော့ သဒ္ဓါရှိလာတာပေါ့၊ မကြည်ညိုစရာကို သွားပြီးတော့ ကြည်ညိုမိလို့ရှိရင် အညာမိနိုင်တယ်။

ဘုရား တရား သံဃာကို အားထားကိုးကွယ် ယုံကြည်တယ် ဆိုတာ သံသရာဝဋ်က လွတ်ချင်လို့ အရှင်းသားပဲ၊ ဗုဒ္ဓဘာသာတွေရဲ့ ဦးတည်ချက်၊ ဘုရားက နိဗ္ဗာန်လမ်းညွှန်ပြနိုင်လို့၊ တရားကျင့်ရင် နိဗ္ဗာန်ရောက်နိုင်လို့၊ သံဃာ

ဆိုတာလဲပဲ ဘုရားဟောတဲ့ တရားကို ကိုယ်တိုင်သိပြီးတော့ သူတစ်ပါးတွေကို နိဗ္ဗာန်ညွှန်ပေးလို့ ဘုရားကို ကြည်ညိုတယ်၊ တရားကို ကြည်ညိုတယ်၊သံဃာကို ကြည်ညိုတယ်၊ သုံးပါးလုံးကို အားကိုးတယ်၊ ဒီလိုပါ။

အဲဒီတော့ ဘုရားကြည်ညိုခြင်းသည် နိဗ္ဗာန်လမ်းညွှန်တဲ့အတွက်ကြည်ညိုတာဆိုရင် ဘုရားညွှန်ကြားတဲ့ နိဗ္ဗာန်ရောက်အောင် ကျင့်ချင်လို့ ကြည်ညိုတာ၊ တရားကို ကြည်ညိုတယ်ဆိုတာလဲပဲ ဒီတရားကို ကျင့်လို့ရှိရင် တစ်ကြောင်းတည်းသော၊ တစ်ခုတည်းသော လမ်းဖြင့် နိဗ္ဗာန်ကို ရောက်နိုင်တာ ဖြစ်တဲ့အတွက် နိဗ္ဗာန်လိုချင်လို့ တရားကြည်ညိုတာ၊ သံဃာကြည်ညိုတယ်ဆိုတာလဲပဲ ဘုရားဟောတဲ့ တရားတွေကို လိုက်နာကျင့်သုံးပြီး ကိုယ်တိုင်သိမြင်ပြီးတော့ တရားတွေကို မပျောက်ပျက်ရအောင် သယ်ဆောင် စောင့်ရှောက် ထိန်းသိမ်းပြီး ဒကာဒကာမတွေကို ပြန်လှန်ဟောပြတဲ့အတွက်ကြောင့် သံဃာကို ကြည်ညိုတာ၊ ကိုးကွယ်တာပဲ။

သံဃာတော်တွေ ပြန်ဟောပြတဲ့ တရားတွေက ဘာရောက်ကြောင်းတရားတွေတုံး၊ နိဗ္ဗာန်ရောက်ကြောင်းတရားတွေ၊ ဒါကြောင့် ဘာကို ကြည်ညိုတာတုံး။

"သံဃာကို ကြည်ညိုတာပါ ဘုရား"

ကြည်ညိုတာရဲ့ ဦးတည်ချက်က အဲဒီလို ဖြစ်ရမယ်။

အဲဒါ ဘေးရန်အန္တရာယ်တွေ ကြောက်လို့ ကြည်ညိုတာ၊ ရာထူးတက်ချင်လို့ ရောင်းဝယ်ကောင်းအောင်လို့ ကြည်ညိုတာ၊ ချောချင် လှချင်လို့ ကြည်ညိုတာ စသည်စသည်ပေါ့၊ အဲဒီလို ဦးတည်ချက်ကလေးတွေက သိမ်ငယ်နေတော့ တကယ့်အစစ်အမှန်ဆီကို ရောက်နိုင်ပါ့မလား။

"မရောက်နိုင်ပါ ဘုရား"

အဲဒီတော့ ဘုရား၊ တရား၊ သံဃာကို ကိုးကွယ် အားထားရင် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊ ကောင်းကျိုးချမ်းသာ မင်္ဂလာနဲ့ ပြည့်စုံနိုင်တယ်လို့ အဲဒါလောက်ဆိုရင် ကြည်ညိုမှု ဦးတည်ချက် မှန်ပြီ။

ဒါမှမဟုတ် ကိုယ်က ရာထူးတက်ချင်တာ၊ ရောင်းဝယ် ကောင်းချင်တာ၊ ပီယသိဒ္ဓိ ပေါက်ချင်တာ၊ လူချစ်လူခင် ပေါချင်တာ၊ အဲဒီလိုဟာတွေ ဖြစ်လာတဲ့ အခါကျတော့ နိဗ္ဗာန်ဆိုတာ နောက်မှ ဖြစ်သွားပါရော၊ ပိုအရေးကြီးနေတာက

ဘိုးတော်ကို ကိုးကွယ်ရင် ရာထူး မြန်မြန်တက်တယ်တို့– ဘာတို့၊ ဘိုးတော်ဆီကို ရွှေတစ်ကျပ်သား ပေးလိုက်ရင် တစ်ဆယ်သားရအောင် ပြန်လုပ်ပေးတယ်၊ မယ်တော်ကြီးဆီ သွားရင် ဘာဖြစ်နိုင်တယ်၊ အဲဒီလို ဖြတ်လမ်းလိုက်တော့ အရဟံဂုဏ်စတဲ့ ဣတိပိသော ပုတီးစိပ်တာတောင်မှ ဘိုးတော်ပေးတဲ့ ပုတီးနဲ့ စိပ်ရမှ၊ ဘယ်နားက ဘာကိုးကွယ်တဲ့ဘုရားဆီ သွားပြီး တရားကျင့်မှတရား က ပေါက်တာ၊ ဒီထက်မက ရှုပ်ပွနေတာပဲ။

ရှုပ်ပွလာတဲ့အခါကျတော့ သူ့စိတ်က လောဘနဲ့သွားတော့ ဟိုကလဲ လောဘနဲ့ အကိုးကွယ်ခံ၊ နောက်ဆုံးကျတော့ ကိုယ့်ဆီက ရှုံးသွားတာပဲ၊အညာ ခံရတာ မများဘူးလား။ "များပါတယ် ဘုရား"

ပစ္စည်းရှုံးတဲ့လူကော မရှိဘူးလား၊ ပစ္စည်းတင် မကဘူး၊ လူပါ ဆုံးရှုံး တဲ့ လူလဲ ရှိတာပဲ၊ ကြောက်စရာ မကောင်းဘူးလား၊ အင်မတန် ကြောက်စရာ ကောင်းတယ်၊ "မကြည်ညိုစရာ၊ ကြည်ညိုတာ၊ အညာမိတော့သည်"၊ ဒီလို မဟုတ်လား၊ မကြည်ညိုစရာကို သွားပြီး ကြည်ညိုရင် ဘာဖြစ်တယ်။

"အညာမိပါတယ် ဘုရား"

ဒါကြောင့် ပညာမပါသော သဒ္ဓါတရားသည် ဒုက္ခမရောက်စေဘူးလား။

"ရောက်ပါတယ် ဘုရား"

သဒ္ဓါစင်စစ်ကတော့ နတ်ရွာ နိဗ္ဗာန်ကို တွန်းပို့ပေးပါရဲ့၊ ပညာမပါတဲ့ အတွက် တလွဲကြည်ညိုမိရင် ဒုက္ခ မရောက်ကြရဘူးလား။

"ရောက်ပါတယ် ဘုရား"

အဲဒီတော့ ကြည်ညိုရာမှာလဲ ဘာပါသင့်သေးလဲ ဆိုတော့ ပညာဆိုတဲ့ ရှုးစမ်းဆင်ခြင်မှု ပါသင့်သေးတယ်။

လောကမှာ ဘုန်းတော်အနန္တ၊ ကံတော်အနန္တ၊ ဉာဏ်တော်အနန္တ၊ တန်ခိုးတော်အနန္တတို့နှင့် လုံးဝဥဿုံ ပြည့်စုံတော်မူတဲ့ မြတ်စွာဘုရားရှင် ထင်ထင်ရှားရှား ပွင့်နေတယ်၊ တရားတွေလဲ ဟောဖော် ညွှန်ပြ၊ ဆိုဆုံးမပြီးတော့ ဗုဒ္ဓသာဝက တပည့်ရဟန်းတွေလဲ ခြံရံတဲ့လောကမှာ ဒီတိုင်းပြည်မှာ ရတနာ သုံးပါး ပေါ်ထွန်းနေပါလျက်ကယ်နဲ့ ဘုရားနဲ့ ယှဉ်ပြိုင်ပြီးတော့ လုပ်နေတဲ့ တိတ္ထိတွေကို မိစ္ဆာဒိဋ္ဌိတွေကို ကြည်ညိုနေတယ်၊ တပည့်ခံနေတဲ့ လူတွေကော မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီလို ကြည်ညိုနေတဲ့ ပုဂ္ဂိုလ်တွေဟာ ကြည်ညိုခံအာရုံကလွဲနေတဲ့ အကြောင်းကြောင်းကြောင့် သူတို့ကောင်းကျိုး ရပါ့မလား။

"မရပါ ဘုရား"

သဒ္ဒါစစ် သဒ္ဒါမှန်ကော ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ မက္ခလိဂေါသာလ၊ ပူရဏကဿပ၊ သဉ္စယဗေလဋ္ဌပုတ္တ၊ နိဂဏ္ဍ နာဋပုတ္တဆိုတဲ့ တိတ္ထိဆရာကြီးတွေကို သွားပြီး ကြည်ညိုနေသူတွေနဲ့ တူနေတယ်။

## ပသာဒသဒ္ဓါ

နောက်ပြီးတော့ ဒီသဒ္ဓါက ဘုန်းကြီးတို့ယောဂီများ မြန်မြန် အဓိပ္ပာယ်ပေါက်လွယ်အောင် ပြောရရင် ရုပ်ပိုင်းဆိုင်ရာ ကြည်ညိုမှု ပသာဒသဒ္ဓါ၊ ရုပ်ပိုင်းဆိုင်ရာ ကြည်ညိုမှုကို ဘာခေါ်တုန်း။

"ပသာဒသဒ္ဓါပါ ဘုရား"

ရွှေဝင်းဝင်း၊ ထုံးဖွေးဖွေး၊ သက်န်းဝါဝါ၊ အသံသာသာ၊ ခင်မင်ရာခင်မင်ကြောင်း၊ ဖြောင်းဖြောင်းဖြဖြ ကြိုးကြိုးစားစား ပြောဆို ဆက်ဆံတတ်တဲ့ ခင်မင်စရာ ကောင်းတဲ့ ရဟန်း စသည်ဖြင့် ဒီလိုအပေါ်ယံလောက် ကြည်ညိုတာကိုတော့ ပသာဒသဒ္ဓါ။

ပသာဒသဒ္ဓါ ကုသိုလ်မရဘူးလား၊ ရတယ်၊ အဲဒီပသာဒသဒ္ဓါက ဉာဏ်အား နည်းသေးတယ်၊ သူက လောကမှာ ပြောရမယ် ဆိုရင်ဖြင့် ဣဋ္ဌာရုံ၊ အလိုရှိအပ်တဲ့ အာရုံ၊ ချစ်ဖွယ်ကောင်းမြတ်တဲ့ အာရုံတွေနဲ့ တွဲပြီးတော့ ဂေဟသိတပေမလေးနဲ့တွဲပြီးတော့ ကြည်ညိုတာဖြစ်တဲ့အတွက် ဒီသဒ္ဓါဟာ တဲတဲလေး ရှိတာ၊ ဝေဖန်လိုက်လို့ရှိရင် သိပ်ပြီး ဝေဖန်မခံနိုင်ဘူး၊ ရွှေဝင်းဝင်း ကြည်ညိုတယ်ဆိုတော့ ရွှေမဝင်းတဲ့ ဘုရားကျ မကြည်ညိုတတ်ဘူး၊ ထုံးဖွေးဖွေးနဲ့ ကြည်ညိုတယ်ဆိုတော့ ထုံးမဖွေးတဲ့ ဘုရားအို၊ ဘုရားပျက်တွေကျတော့ မကြည်ညိုတတ်တော့ဘူး။

ရုပ်ရည်အဆင်း လှပသပ္ပါယ်တဲ့ ကိုယ်တော်မှ ကြည်ညိုတတ်ရင် ရုပ်ရည်အဆင်း မလှမပ မသပ္ပါယ်တဲ့ ကိုယ်တော်ကျရင် မကြည်ညိုတတ်တော့ဘူး၊ အသံသာသာလေး ကြည်ညိုတတ်ရင် အသံမသာတဲ့အခါ မကြည်ညိုတတ်တော့ဘူး။

ကိုယ်နဲ့ ဖြောင့်ဖြောင့်ဖြူးဖြူး ပြေပြေလည်လည်ပြောတတ် ဆိုတတ်လို့ ကိုယ်နဲ့ သင့်မြတ်ခင်မင်နေတဲ့အတွက်ကြောင့် ကြည်ညိုနေတယ်ဆိုရင် ကိုယ်နဲ့ ရန်ဖြစ်တဲ့အခါ၊ သဘောထားကွဲတဲ့အခါ မကြည်ညိုတတ်တော့ဘူး၊ ဟုတ်လား၊ အဲဒါကြောင့် အဲဒီပသာဒသဒ္ဓါ ခိုင်မြဲသလားဆိုတော့ မခိုင်မြဲသေးဘူး။

ပသာဒသဒ္ဓါက ဘယ်ဘက်ကို သွားပြီးတော့ ချော်တောငေါ်တတ်သေးသလဲဆိုရင် "သဒ္ဓါလွန်ရင် တဏှာကျွံတတ်တယ်" ဒီလိုလဲ ရှိတတ်တယ်၊ ရှိကြတယ်။

ဝက္ကလိ မြတ်စွာဘုရားကို ကြည်ညိုနေတာဟာ ဂေဟသိတပေမခေါ်တဲ့ တဏှာအနုစားမျိုးပါပဲ၊ ကျက်သရေရှိလို့၊ လှလို့၊ အတုမရှိ သပ္ပါယ်လို့ ကြည်ညိုတာ၊ အကြည်ညိုခံဝတ္ထုက ဘုရားဖြစ်နေတဲ့အတွက်ကြောင့်၊ မှန်နေပါတယ်။ ဒါပေမဲ့လို့ သူက ရုပ်ပိုင်းဆိုင်ရာလောက်သာလျှင် ကျက်သရေရှိလို့ ကြည့်ချင်ပြီး မျက်စေ့နဲ့ မခွာနိုင်လောက်အောင် မြင်နေရအောင် ကြည့်နေချင်တာ၊ ကြည်ညိုတာလောက်ပဲ ရှိတယ်၊ တရားကျင့်ချင်တာ ပါရဲ့လား။ (မပါပါဘုရား)

အဲဒီတော့ သူက သိပ်ပြီးတော့ မခိုင်မြဲလှဘူး။

ဘုရားက ငါ့ကြည့်နေလို့ အကျိုးမရှိဘူး၊ ငါဟောတဲ့တရားကျင့်မှ အကျိုးရှိမှာ၊ ငါ့နား မနေနဲ့သွားဆိုပြီး နှင်ချလိုက်မှ ဘုရားအပေါ်မှာ ကြည်ညိုတဲ့ စိတ်တွေ ပြောင်းသွားတယ်။

ဒီသဒ္ဓါတရားက ခိုင်မာရဲ့လား။

"မခိုင်မာပါဘုရား"

ဒို့တရားနာ ပရိသတ်တွေ ကြားဖူးကြပါတယ်၊ ရှင်ကစ္စည်းမထေရ်ကို တွေ့မြင်ရတဲ့အတွက် ရှင်ကစ္စည်းမထေရ်ကို ကြည်ညိုရာက နေပြီးတော့ လွန်ကဲပြီး လူတွေရဲ့ အမြင်နဲ့ ဖိုမစိတ်ဓာတ် ပြောင်းသွားပြီးတော့ "ဒီအရှင်ဟာ ငါ့ရဲ့အိမ်သူဇနီး ဖြစ်မယ်ဆိုရင် ဘယ်လောက်ကောင်းလိုက်မလဲ" ဆိုတဲ့ အနေမျိုး ရောက်သွားပါလေရော၊ ပြစ်မှားကျူးလွန်တဲ့ အကုသိုလ် စေတနာဖြစ်သွားတော့တယ်။

ကြည်ညိုရာကနေပြီးတော့ ဒီပေမစိတ်တွေ၊ တဏှာစိတ်တွေ ဝင်လာပြီး ပြစ်မှားမိတဲ့အတွက် မောင်မစ္စက ယောကျ်ားကနေ မိန်းမဖြစ်တယ်ဆိုတာတွေ ဒို့တရားနာ ပရိသတ်တွေ ကြားဖူးတာပဲ၊ အဲဒါ ဘာတဲ့တုန်း၊ သဒ္ဓါလွန်လို့ တဏှာဘက်ကိုကျွံသွားတာ၊ ကြောက်စရာ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

ဟိုခေတ်တုန်းက နိုင်ငံတော် သံဃ နာယက အဖွဲ့ကြီး မပေါ်ခင်က တဖက်စွန်းရောက်တဲ့ ပရမတ်သမား၊ ဓာတ်သမားတွေ၊ ဝိပဿနာ ဓမ္မကထိက ဆရာတွေ၊ လူဝတ်နဲ့ ဟောကြ ပြောကြသူတွေ ရှိခဲ့တယ်။

အဲဒီဆရာကြီးဦးမြတ်သိန်းထွန်းဆိုလို့ရှိရင် အဟောကောင်း အပြောကောင်း၊ ဓာတ်ကြီးလေးပါးအကြောင်း၊ ရုပ်နာမ်အကြောင်း၊ အခုပဲ သောတပန်ဖြစ်သွားတယ်လို့ ထင်ရအောင်ပေါ့လေ၊ တခြား အဟောကောင်း အပြောကောင်း ပုဂ္ဂိုလ်တွေကို သွားပြီး ကြည်ညိုရင်း၊ ကြည်ညိုရင်းနဲ့ စောစောက ပြောခဲ့တဲ့ အတိုင်း လူပါ သွားအပ်တော့ ဟိုကလဲ ဖေါက်ပြန်တဲ့အတွက်ကြောင့် ဒုက္ခ အကြီးအကျယ် ရောက်ကုန်ကြတယ်ဆိုတာ၊ ဝိနိစ္ဆယတွေ ဘာတွေ ချပြီးတော့ စာတမ်းတွေ ဘာတွေ ထုတ်ယူရတယ်။

အဲဒါသဒ္ဓါလွန်လို့ ဘာဖြစ်သွားတုံး ၊တဏှာကျွံတာ၊ တဏှာကျွံတယ်ဆိုတာ ဉာဏ်မပါလို့၊ အဲဒီပသာဒသဒ္ဓါဟာ သဒ္ဓါတော့ သဒ္ဓါပဲ၊ စောစောက ပြောသလို သူက ဟိုဘက်ကို အဆွဲများတော့ ပညာဉာဏ်က နည်းပါးသွားတာ။

## ဩကပ္ပနသဒ္ဓါ

ပြီးတော့ နာမ်ပိုင်းဆိုင်ရာ ကြည်ညိုမှု၊ ဘုရားဆိုရင် "အရဟံ" စတဲ့ ဂုဏ်ကိုးပါးနဲ့ ပြည့်စုံတဲ့ ဘုရား၊ တရားဆိုရင်"သွာက္ခာတတာ"အစရှိတဲ့ ဂုဏ်တော်ခြောက်ပါးနဲ့ ပြည့်စုံတဲ့တရား၊"သုပ္ပဋိပန္နတာ"အစရှိတဲ့ ဂုဏ်တော်ကိုးပါးနဲ့ ပြည့်စုံတော်မူတဲ့ သံဃာ၊ ဘုရားဗုဒ္ဓုပ္ပတ္တိနှင့်တကွ ဘုရားမှာ ရှိတဲ့ ဂုဏ်အရည် အသွေးတွေကိုပါ သက်ဝင်ပြီးတော့ ကြည်ညိုတာကို "ဩကပ္ပနသဒ္ဓါ" ဘာ သဒ္ဓါတဲ့တုံး။ "ဩကပ္ပနသဒ္ဓါပါဘုရား"

တရားတော်ရဲ့ ဂုဏ်တော်ခြောက်ပါးတွေကိုပါ သိပြီးတော့ အဲဒီတရား နည်းလမ်းတွေကိုပါ သုံးသပ်ပြီးတော့ သိမြင်ပြီးတော့ ကြည်ညိုတဲ့ ဩကပ္ပန သဒ္ဓါ။

သံဃာတော်ရဲ့ ဂုဏ်တော်ကိုးပါးတွေကို သိပြီးတော့ ကျေးဇူးတွေကိုပါ သိပြီး ဂုဏ်အရည်အသွေးကိုပါ သိပြီးတော့ ကြည်ညိုတတ်တဲ့ ဩကပ္ပနသဒ္ဓါ။

ဒီသဒ္ဓါကတော့ ဗုဒ္ဓဘာသာ ပီပီသသဖြစ်လာပြီလို့ ဆိုရမှာပဲ၊ ဒီသဒ္ဓါ ဆိုလို့ရှိရင်ဖြင့် ထိန်းနိုင်သိမ်းနိုင်လာပြီ၊ ရှောင်းဝင်းထုံးပွေးပွေးလောက်မှုမကဘဲနဲ့

သက်တော်ထင်ရှား မြတ်စွာဘုရားရဲ့ ဗုဒ္ဓပုဗ္ဗ တ္တိတွေ၊ ဂုဏ်အရည်အချင်းတွေကိုပါ သိပြီးတော့လာတယ်ဆိုတော့ ရွှေဝင်းဝင်းနဲ့ ဘုရားမှာလဲပဲ သက်တော်ထင်ရှား မြတ်စွာဘုရားရှင်ကိုယ်တော်မြတ်ကြီးရဲ့ဂုဏ်အထိ ရောက်အောင် အာရုံပြု တတ်တယ်၊ ကြည်ညိုတတ်တယ်၊ ထုံးဖွေးဖွေးနဲ့ ဘုရားမှာလဲ သက်တော် ထင်ရှား ဘုရားရဲ့ဂုဏ်အရည်အချင်းတွေ ရောက်အောင် ကြည်ညိုတတ်တယ်။

ထုံးလဲမရှိ၊ ရွှေလဲမရှိ၊ ပုံပျက်နေတဲ့ ဘုရားအပြိုအပျက် စေတီပျက်ကို တွေ့ရပြန်သော်လဲပဲ သက်တော်ထင်ရှား မြတ်စွာဘုရား ရှင်ကိုယ်တော်မြတ်ကြီးရဲ့ ဗုဒ္ဓပုဗ္ဗတ္တိတွေနဲ့တကွ ဂုဏ်အရည်အချင်းတွေကိုပါ ရောက်အောင် အာရုံပြု ပြီးတော့ ကြည်ညိုတတ်တယ်ဆိုရင် ဒီသဒ္ဓါတရားက မလေးနက်ဘူးလား၊ လေးနက်တယ်၊ တုန်လှုပ်မှု မနည်းဘူးလား။

"နည်းပါတယ်ဘုရား။"

## အဓိဂမသဒ္ဓါ

တုန်လှုပ်မှုနည်းသွားတယ်၊ ခိုင်မာလာတယ်၊ ဒီလိုဖြစ်လာပါတယ်၊ အဲဒီဟာတွေကိုပဲ ဝိပဿနာတရားတွေ ကျင့်ကြံ ကြိုးစား အားထုတ်ပြီးတော့ မဂ်ဖိုလ်နိဗ္ဗာန်တွေကို ရပြီးတဲ့နောက် ဆင်ခြင် ထင်မြင် ကြည်ညိုတဲ့သဒ္ဓါကို တော့ အဓိဂမသဒ္ဓါလို့ ခေါ်တယ်၊ ဘာသဒ္ဓါတဲ့တုံး။

"အဓိဂမသဒ္ဓါပါဘုရား"

အဲဒီအဓိဂရသဒ္ဓါကတော့ဖြင့် ဘယ်တော့မှ မပြောင်းလွဲတော့ဘူးတဲ့၊ အသက်အန္တရာယ်ကြောင့်လဲ မပြောင်းလဲတော့ဘူး၊ စီးပွားရေး ဂုဏ်ကာမဂုဏ် ကြောင့်လဲ မဖောက်ပြန် မပြောင်းလဲတော့ဘူး၊ ဘဝပြောင်းသော်လဲ ဘာသာ မပြောင်းတော့ဘူး၊ အဲဒီလို အဓိဂမသဒ္ဓါဖြစ်ဖို့ရာ လိုတယ်။

## အာဂမသဒ္ဓါ

အာဂမ သဒ္ဓါဆိုတာကတော့ ဘုရားဆုပန် ဗျာဒိတ်ရပြီးသည်မှစ၍ ဘုရားဖြစ်တော်မူသည်အထိ ယုံကြည်တဲ့ ဘုရားအလောင်းရဲ့သဒ္ဓါတရားဖြစ် တယ်၊ ဒီသဒ္ဓါတရားအနုအရင့်တွေကို ချိန်ပြီးတော့ ကြည့်ရင် ပသာဒသဒ္ဓါ အဆင့်ကနေပြီးတော့ ဩကပ္ပနသဒ္ဓါ အနည်းဆုံးရှိအောင်၊ သိအောင် ကျင့်ဖို့ မလိုဘူးလား၊ "လိုပါတယ်ဘုရား"

အာဂမသဒ္ဓါကို ရသွားရင် ဘာမှ ပြောဖွယ်ရာမလိုတော့ဘူး၊ အတော့်ကို ဝမ်းသာစရာကောင်းသွားပြီ၊ အဲဒါကြောင့် "သဒ္ဓါလွန်ရင် ပညာနည်း၊ ချွတ်လွဲ ကြည်ညိုတတ်ပါသည်" အဲဒီလို ဘုန်းကြီး ဟောခဲ့တယ်။

## ပညာလွန်က ကောက်ကျစ်စဉ်းလဲတတ်

ဗလဝပညော– အားကြီးသော ပညာရှိသော၊ မန္ဒသဒ္ဓေါ– နည့်သော သဒ္ဓါရှိသော ပုဂ္ဂိုလ်သည်၊ ကေရာဋိကပက္ခံ– ကောက်ကျစ်စဉ်းလဲရှိသူ၏ အဖို့သို့၊ ဘဇတိ–ကပ်ရောက်တတ်ပါပေ၏၊ ကောဝိယ–အဘယ်ကဲ့သို့ နည်းဟူမူကား၊ ဘေသဇ္ဇသမုဋ္ဌိတော–ဆေးများသောကြောင့် ထကြွ ဖြစ်ပေါ်လာသော၊ ရောဂေါ–ရောဂါသည်၊ အတေကိစ္ဆော– ဆေးကုခြင်းငှာ မထိုက်သည်၊ ဆေး အကုရ ခက်သည်၊ ဆေးကုဖို့ မလွယ်သည်၊ ဟောတိဝိယ– ဖြစ်သကဲ့သို့ ဖြစ်နေပါ၏။

စိတ္တုပ္ပါဒမတ္တေနေဝ–စိတ်ဖြစ်ခါမျှဖြင့်သာလျှင်၊ကုသလံ– ဒါနကုသိုလ်သည်၊ ဟောတိ– ဖြစ်တော့၏၊ ဣတိ– ဤသို့၊ အတိဓာဝိတွာ– ကျော်လွန်၍၊ ဒါနာဒီနိ–ဒါနစသော ကောင်းမှုတို့ကို၊ အကရောန္တော–မပြုတော့သည်၊ ဟုတွာ– ဖြစ်၍၊ နိရယေ–ငရဲ၌၊ ဥပ္ပဇ္ဇတိ– ဖြစ်ရလေ၏။

ဒါနမှုမှာ အလှူပဲ၊ ပစ္စည်းဝတ္ထုတစ်ခုခုမပေးစွန့်ဘဲ အလှူမြောက်တယ်လို့ ယူဆပြီး ဒါနမပြုဘူး၊ တစ်မျိုးကြီးပေါ့၊ ကဲ– ဆိုရမယ်–

၁။ ပညာလွန်ကဲ၊ သဒ္ဓါမွဲ၊ စဉ်းလဲ ကောက်ကျစ်တတ်ပေသည်။

ပညာလွန်ကဲ ဗဟုသုတတွေ များလွန်းပြီးတော့ ပညာပိုင်း ဆိုင်ရာတွေကိုသာ သိပ်လေ့လာလွန်းအားကြီးပြီးတော့၊ ယုံကြည်တဲ့ သဒ္ဓါက နည်းသွားပြန်ပြီဆိုရင် အဲဒီပုဂ္ဂိုလ်မျိုးဟာလဲ ကောက်ကျစ် စဉ်းလဲတတ်တယ်၊ ကြောက်စရာ မကောင်းဘူးလား။

"ကြောက်စရာ ကောင်းပါတယ် ဘုရား"

သဒ္ဓါနည်းတော့လဲပဲ ကြည်ညိုဖို့ရာတွေ ကုသိုလ်လုပ်ဖို့ရာတွေကို သူက ရှောင်ကွင်းလာတာ၊ အဲဒီတော့ စောစောကဟာ ပြန်ပြောရမယ်ဆိုရင် "အို– သိရင်ပြီးတာပဲ၊ ကျင့်နေစရာ မလိုဘူး၊ အာရုံမသိတာက ရုပ်၊ အာရုံကို သိတာက နာမ်၊ ရုပ်နာမ်နှစ်ပါးမှုရှိတာ၊ မျက်စိအဆင်း၊ အရောင်အလင်း၊

နလုံးသွင်း” ဒီလေးမျိုး အကြောင်းဆုံသောကြောင့် သိမြင်မှု ပေါ်တာ၊ ထာဝရ ဘုရားသခင် ဖန်ဆင်းလို့ဖြစ်တာ မဟုတ်ဘူး၊ အကြောင်းအကျိုး ဖြစ်တာပဲ၊ ဒီလိုသိသွားရင် ပြီးတာပါပဲ၊ ရုပ်နဲ့နာမ် အကြောင်းအကျိုးတွေကလဲ ပေါ်ပြီး ပျောက်၊ အနိစ္စတွေ၊ ဒုက္ခတွေ၊ အနတ္တတွေ သိပြီးတာပဲ၊ ဘာလုပ်ဖို့ လိုသေးတုံး၊ သင်တန်းပေးတဲ့အနေမျိုးနဲ့ သင်ပုန်းကြီးထဲမှာ ရေးပြလိုက်ပြီး နားထဲမှာ ရိုက်သွင်းလိုက်တာ၊ မင်းတို့ ငါအခုပြောတဲ့အတိုင်း ငါပြောတဲ့တရား၊ ငါ ဟောတဲ့တရား နားလည်ပလား၊ နားလည်ရင် အဲဒါ သောတဆိုတာက နား၊ အာပန္နဆိုတာက ရောက်တာ၊ ငါပြောတဲ့စကား မင်းတို့နားထဲ ရောက်သွားပြီ ဆိုရင် မင်းတို့သောတာပန် ဖြစ်ပြီ၊ အဲလို ပြောလွှတ်လိုက်ရော။

စောစောပိုင်းက ဝိပဿနာ ဓမ္မကထိကတချို့က မင်း ငါပြောတာ နားလည်ပြီ၊ ရိပ်သာ သွားအားထုတ်နေစရာ လိုသေးလားကွ၊ ဆန်အိတ်ကြီးတွေ၊ ဆီပုံးကြီးတွေ ထမ်းပို့ရမှ အလုပ်လုပ်တယ်လို့ ထင်တာကိုးကွ၊ စားပွဲပေါ်မှာ ဖောင်တိန်နဲ့စာရွက်နဲ့ နေလဲပဲ ပညာခေါ်တာပဲ၊ ရိပ်သာ သွားအားထုတ်တယ်ဆိုတဲ့ကောင်တွေက ကူလီလို ဉာဏ်မွဲတဲ့ကောင်တွေ အားထုတ်တာ၊ ငါတို့လို စားပွဲနဲ့ ကုလားထိုင်နဲ့ အထက်တန်းက နေပြီးတော့ ပညာရှိတဲ့ကောင်မျိုးတွေ အားထုတ်စရာ မလိုဘူး၊ ဘာညာနဲ့ဆိုပြီး ပြောလိုက်တာ၊အဲလို ပြောတဲ့သူတွေကို ကောက်ကျစ်စဉ်းလဲတယ်လို့ ခေါ်တယ်။

ဘုရားဟောတဲ့တရားကို သူ ဘာသာပြန်ပြီးတော့ သင်တန်း သဘော လောက် သုတမယလောက်နဲ့ သိတဲ့ ပုဂ္ဂိုလ်ပဲ၊ သူ့တကယ်သိပြီး၊ ကျင့်ပြီး အားထုတ်ပြီးရတဲ့ ဘာဝနာမယ အစစ်မရောက်သေးတာ၊ အဲဒီ ပုဂ္ဂိုလ်ကြီးတွေက နေရင်းထိုင်ရင်းနဲ့ သူဟာ အရက်ကလဲ သောက်ချင်၊ စီးပွားရေးကလဲ လုပ်ချင်၊ အဲလို ဖြစ်လာတဲ့အခါကျတော့ အရက်ကလဲသောက်၊ သမ္မာဒိဋ္ဌိဆိုတာ ခေါင်းကနေ ကိုင်လိုက်ရင် ဥဿျောင်ကိုင်တဲ့နည်း အကုန်လုံး ပါလာတယ်၊ သမ္မာဒိဋ္ဌိဆိုတဲ့ အမြင်မှန် ပညာရလာပြီဆိုရင်သမ္မာဝါစာ၊သမ္မာကမ္မန္တ၊သမ္မာအာဇီဝ ဘာညာဆိုတာတွေဟာ အကုန်လုံးပြီးသွားပြီကွ၊ သမ္မာဒိဋ္ဌိပေါက်ဖို့ပဲ အရေး ကြီးတာပဲ။

သီလပိုင်းတွေ အလကား၊ ပစ်ထားလိုက်စမ်း၊ မင်းတို့ ဥပုသ်စောင့်ရင် ထမင်းဆာရင် စားသာစား၊ ရုပ်နာမ်သိဖို့တော့ အရေးကြီးတယ် ဆိုပြီးတော့ ဒီလိုပြောလိုက်တော့ လွဲမကုန်ဘူးလား။ “လွဲပါတယ် ဘုရား”

အဲဒီလို လွဲနေသူတွေကိုတော့ ပညာများပြီး သဒ္ဓါတရား နည်းပါးတဲ့ အတွက် ကောက်ကျစ် စဉ်းလဲသူတွေတဲ့၊ သာမည ပညာရှိတဲ့၊ ပညာရှိလို့ဆိုတဲ့ စကားလုံးလေးတော့ နမြောပါရဲ့၊ ဒါပေမယ့် သာမည– ပညာရှိလို့တော့ ပြောမှဖြစ်မှာ၊ အဲဒါကြောင့်မို့လို့ အဲဒီပုဂ္ဂိုလ်ကတော့ဖြင့် ဘာနဲ့ တူသလဲ ကြည့်ရအောင်–

ဆေးမှားရောဂါ၊ ကုခက်စွာ၊ ပမာတူလှသည်။

ကိလေသာရောဂါ စွဲတာကို သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးရပ်နဲ့ အမြစ်ပြတ်အောင် ကုမှ ကိလေသာရောဂါ ပျောက်တာ၊ အဲဒီတော့ သီလကျင့် စရာ မလို၊ သမာဓိလဲ ထူထောင်စရာ မလိုဘူး၊ ငါပြောတာ သိရင်ပြီးရောဆိုတဲ့ အခါကျတော့ ဆေးကုမှားတဲ့ အတွက် ဆေးမှားစားမိတဲ့အတွက် ရောဂါဖြစ်တယ် ဆိုတာ အကုရ မခက်ဘူးလား။"ခက်ပါတယ် ဘုရား"

မြန်မြန်လဲ သေသွားတတ်တာ၊ မြန်မြန်လဲ ဒုက္ခရောက်သွားတတ်တာပဲ၊ အဲဒီတော့ ဆေးမှားကို စားမိသလို၊ သဒ္ဓါမပါဘဲနဲ့ ပညာအားက များနေသူမှာ အမှန်အကန် အသိဉာဏ် တရားထူးတွေကို ရနိုင်ပါတော့မလား။

"မရနိုင်ပါ ဘုရား"

ကဲ ဆို–

၁။ စိတ်ဖြစ်ရုံမျှ၊ ကုသိုလ်ရ၊ တွေးဆမှားတတ်သည်။
၂။ ဒါနစသား၊ ကုသိုလ်များ၊ ပယ်ရှား အပါယ် ကျတတ်သည်။

စိတ်ဖြစ်ရုံနဲ့ ကုသိုလ် ရနေတာပါ၊ ဒါန၊ သီလ၊ ဘာဝနာတွေ ပွား နေစရာ မလိုပါဘူး၊ စိတ်ကောင်းရှိပြီးသားပဲ၊ ကျုပ်က ကောင်းကောင်းနေတာ၊ ဘာရိပ်သာ လိုက်စရာ လိုသေးတုန်း၊ ဘာသာမဲ့သမားလိုလို ဘာလိုလို၊ ဒီလို ပြောတဲ့ သူတွေကော မရှိကြဘူးလား။

"ရှိကြပါတယ် ဘုရား"

"ခင်ဗျားတို့ အကျင့်မကောင်းလို့ မိုက်ပြစ်ရှိတဲ့သူတွေ သွား တရား အားထုတ်၊ ကျုပ်တို့ကတော့ ကောင်းကောင်း နေတာ၊ ဘာမှ အားထုတ်စရာ မလိုဘူး"လို့ ချော်သလိုလို၊ ပျက်သလိုလိုနဲ့ ပြောတဲ့သူတွေက ပညာရှိယောင် ဆောင်ပြီးတော့ သဒ္ဓါတရားမရှိတဲ့သူတွေပဲ၊ အဲဒီလို လူတွေကို ရှောင်ရမယ်၊

သူတို့စကားကို နားမထောင်လေနဲ့၊ တချို့ကလဲ "ကုသလာ ကုသလံ ဇဟံ" ဆိုတဲ့ နမက္ကာရ ဘုရားရှိခိုးကို ကြည့်ပြီးတော့ ဘုရားရဟန္တာဟာ ကုသိုလ် အကုသိုလ်ကို ပယ်တယ်၊ ကုသိုလ်ပြုရင် လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာ့ပြည် ရောက်ပြီး သံသရာလည်တယ်၊ အကုသိုလ်ပြုရင် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ်ဆိုတဲ့ အပါယ်လေးပါးကျရောက်ပြီး သံသရာလည်တယ်၊ အဲဒါ ကြောင့် ကျုပ်တို့ကတော့ အကုသိုလ် ပြုရင်၊ အပါယ်သွားမှာမို့လို့ မပြုဘူး၊ သမထလုပ်ရင်လဲ ဗြဟ္မာ့ပြည် ရောက်မှာမို့လို့ ဗြဟ္မာသေ သေမှာမို့လို့ မလုပ် တော့ဘူး၊ ဒီအတိုင်းလေး စိတ်အငြိမ်ထားရင် ပြီးတာပဲလို့ ပြောကြ ဆိုကြသူ တွေရဲ့စကားကိုလဲ အမှန် မယူကြလေနဲ့။

ဒါန၊ သီလ၊သမထ၊ဝိပဿနာမှ မပြုရင် ကုသိုလ်မဖြစ်ဘူး၊ ကုသိုလ် မဖြစ်ရင် သူ့မှာ ဘာဖြစ်နေတုန်း၊ အကုသိုလ် ဖြစ်နေမှာ၊ အကုသိုလ်ဖြစ်က ဘယ်ကို သွားမယ်၊ အပါယ်ကို သွားမယ်။

ကျင့်တော့ ကျင့်ကြတာပေါ့၊ ဘုရားလက်ထက်တုန်းက တချို့ဆိုလို့ ရှိရင် အဝတ်အစားမဝတ်ဘဲနဲ့ လေးဘက်ထောက်ပြီး မြေကြီးပေါ်မှာ ပုံကျွေး မှ ခွေးနွားလို ဟတ်ပြီးတော့ စားတယ်ဆိုတဲ့ အကျင့်တွေကိုတောင် ကျင့်တာ၊ ကျင့်တော့ ကျင့်ပါတယ်၊ အကျင့်မှားတွေကို ကျင့်ကြတာ၊ တော်တော့ကို ပြင်းပြင်းထန်ထန် ကျင့်ကြတာ၊ ဒါပေမယ့် သူကျင့်နေတဲ့ အကျင့်တွေက မှား နေတော့ ဘယ်ဆီ ရောက်သွားသလဲ။

"အပါယ်ရောက်သွားပါတယ် ဘုရား"

အင်မတန် ကြောက်စရာ ကောင်းတာ၊ ပရမတ်ဉာဏ်၊ ဓာတ်ဉာဏ် သမားတွေတဲ့၊ တချို့ အဲဒီလို ပြောတယ်၊ များသောအားဖြင့် ဒကာမတွေက သဒ္ဓါလွန်ကဲတတ်တယ်၊ ဒကာတွေက ပညာလွန်ကဲတတ်တယ်၊ လွန်ကဲရင် ဘယ်သူက မှန်တုန်း၊ ဘယ်သူမှ မမှန်ဘူး၊ လွန်ရင် မကောင်းဘူး၊ သဒ္ဓါနဲ့ ပညာ ညီညွတ်မှသာလျှင် ကောင်းတယ်၊ မှန်တယ်၊ နိဗ္ဗာန်ရောက်မယ်။

## ပညာလွန်ကဲ သဒ္ဓါမဲ့သော ဖြစ်ရပ်

တစ်ခါတုန်းက ဓမ္မကထိကနိုင်ငံကျော်တစ်ပါး ပြောသွားတာ မှတ်သား စရာ ကောင်းတယ်၊ မန္တလေးမြို့မှာ လင်မယားနှစ်ယောက်ရှိတယ်၊ ဗုဒ္ဓဘာသာ

ချည်းပဲ ပေါ့လေ၊ ဒကာမကြီးက သဒ္ဓါတရား အလွန်ကောင်း၊ ဒကာကြီးက ပညာ ဗဟုသုတ အလွန်များ၊ သူတို့နှစ်ယောက် နေကြတဲ့အခါ ဒကာမကြီးက နံနက်စောစော သုံးနာရီခွဲလောက်ထ၊ အရုဏ်ဆွမ်းချက်၊ ချက်ပြီးလို့ ရှိရင် မဟာမြတ်မုနိဘုရား ဆွမ်းသွားကပ်၊ သူ့ဒကာကြီးကိုလဲ အိပ်ရာက နိုးနိုးပြီးတော့ ခေါ်သွားတာ၊ ဆောင်းခါရောက်တော့ နှင်းကလဲကျ၊ အေးကလဲအေးတော့ ဒကာကြီးက ဒကာမကြီး ချက်ပြီးသားကို အတူတူ သွားပြီး ဆွမ်းကပ်ရမှာကို မလိုက်နိုင်ဘူး။

မလိုက်ချင်တော့ "အမလေးကွာ ဘုရားပဲ၊ ငါ့အိမ်ထဲကရှိတဲ့ ခေါင်းရင်းက ဘုရားကပ်လဲ အတူတူပဲ၊ မင်းဟာကလဲ မဟာမြတ်မုနိမှ ဖြစ်သလား၊ ဗိုက်ထဲ ဘုရားရှိနေရင် ပြီးတာပါပဲ"လို့ ဒကာကြီးက အိပ်ချင်မူးတူးနဲ့ ဗိုက်ထဲ ဘုရားရှိနေတာပဲ၊ ဘယ်သွား ဘုရားဖူးနေရမှာတုန်း ပြောရော၊ အဲဒါကို ဒကာမကြီးက အမေ့ကောက်ပြီး မှတ်ထားရော။

အဲဒီလို မှတ်ထားပြီးနောက် လေးငါးရက်ကြာ၊ ဒကာကြီးက အလုပ်က မောမောပန်းပန်းနဲ့ ပြန်လာပြီးတော့ "အမလေးကွာ ညောင်းလို့ဒီနေ့ နည်းနည်း ပါးပါး တက်နင်းပေးစမ်းပါလို့ ပြောတော့" "အမလေး မနင်းရဲပေါင်တော်။ တော့်ဗိုက်ထဲ ဘုရားတွေနဲ့ မနင်းရဲပေါင်၊ ငရဲကြီးကုန်ပါ့" အဲဒီလိုဆိုတော့ အနင်းတောင်မှ ခံလို့ မဖြစ်တာတွေ ဖြစ်ကုန်လိမ့်မယ်၊ ဗိုက်ထဲ ဘုရားရှိတာ ဘာသွား ပူဇော်စရာလိုသေးတုန်းဆိုရင်လဲပဲ အစွန်း မထွက်ဘူးလား။

"ထွက်ပါတယ်ဘုရား"

ဒါကြောင့်မို့လို့ သဒ္ဓါနဲ့ ပညာ ဘာဖြစ်ရမယ်၊ ချိန်ခွင်လျှာ ညီညွတ်ဖို့ အရေးကြီးတယ်၊ ကြည်ညိုတာလဲ ဉာဏ်လေးနဲ့ ယှဉ်ကြည်ညို၊ ဆင်ခြင်ဉာဏ်အားကြီးပြီး ကိုးကွယ်စရာ ကြည်ညိုစရာမရှိဘဲနဲ့ ပညာလွန်တော့ မာန ဖြစ်ပြီး တိတ္ထိဖြစ်သွားမှာလဲ စိုးရတယ်နော်။

ဒါကြောင့် ဓမ္မဝိစယ သမ္ဗောဇ္ဈင် ပညာဉာဏ် အမှန်ဖြစ်ကြောင်း တရားထဲမှာ ဣန္ဒြေငါးပါး ညီညွတ် ထက်မြက်ဖို့ ဟောကြားတဲ့ တရားထဲမှာ သဒ္ဓါနဲ့ ပညာ ချိန်ခွင်လျှာ ညီညွတ်ရမယ်၊ ညီညွတ်မှသာလျှင် သစ္စာလေးပါး ထိုးထွင်းသိပြီးတော့ နိဗ္ဗာန်ကို ရောက်မယ်ဆိုတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း

တရားကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဤတရားတော် လာတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစားအားထုတ်နိုင်ကြ၍ ဒုက္ခကင်းရာ နိဗ္ဗာန်ကို လျင်မြန်စွာ ဆိုက်ရောက်  မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၀)

### စကားဦး

ဒီနေ့ရက်စွဲက ၁၃၅၂–ခုနှစ်၊ မိုးဥတု တော်သလင်းလပြည့်ကျော်၁၂–ရက်နေ့ ဖြစ်ပါတယ်။

ဌာနက ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီး ဖြစ်ပါတယ်။

မဟာစည် ယောဂီ ရဟန်းရှင်လူများအား ဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေးတရားတော် ဒသမပိုင်း ဖြစ်ပါတယ်၊ ဒီတရားပွဲကို "သံသရာကူးမြောက်ရေး ဘုရားရှိခိုး" ဖြင့် ရှိခိုးဖွင့်လှစ်ပါမယ်။

### ပဏာမ

### လွတ်မြောက်ရေးဘုရားရှိခိုး

တိဏ္ဏော သောဘဂဝါ၊
တရဏာယ ဓမ္မံ ဒေသေတိ၊
တံ ဘဂဝန္တံ အဟံ ဝန္ဒာမိ။

သောဘဂဝါ– အကျွန်ုပ်တို့အများ၏ အားထားကိုးကွယ်ရာအစစ် ဖြစ်တော်မူသော ထိုမြတ်စွာဘုရားသည်၊ တိဏ္ဏော–ကာမောဃ ဘဝေါဃ ဒိဋ္ဌော

ဃ အဝိဇ္ဇောဃ ဟုဆိုအပ်သော ဩဃလေးဖြာသံသရာမှ မှန်စွာ ကူးမြောက်တော်မူပြီးသည်ဖြစ်၍၊ တရဏာယ–သတ္တဝါအများ အကျွန်ုပ်တို့အားလည်း အလားတူစွာ ကူးမြောက်ကြပါစေခြင်း အကျိုးငှာ၊ ဓမ္မံ– ကူးမြောက်စေရန်တရားမှန်ကို၊ ဒေသေတိ– ကရုဏာရှေ့သွား ပညာအားဖြင့် ဟောကြားတော်မူပါပေ၏၊ တံဘဂဝန္တံ– သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ– အကျွန်ုပ်သည်၊ ဝန္ဒာမိ– ရိုသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။

"သာဓု– သာဓု– သာဓု"

## ဣန္ဒြေညီညွတ်ကြောင်းတရား

ယခုသုပြဟ္မသုတ္တန်ထဲက ဓမ္မဝိစယသမ္ဗောဇ္ဈင်နှင့်ပတ်သက်ပြီး ဣန္ဒြေညီညွတ်ကြောင်း တရားကို ဆက်ဟောရမယ်။

သမာဓိနှင့် ဝီရိယ၊ ဝီရိယ လွန်ကဲပြန်ရင်လဲပဲ ပြန့်လွင့်မှု ဥဒ္ဓစ္စတွေဖြစ်တတ်ပုံ၊ သမာဓိ လွန်ကဲပြန်ရင်လဲ ထိုင်းမှိုင်းမှု ထိနမိဒ္ဓတွေ၊ ပျင်းရိမှု ကောသဇ္ဇတွေ ဝင်တတ်ပုံ ဒါတွေလဲပဲ ပြောခဲ့ပါပြီ။

အခု ဆက်ပြီးတော့ ဣန္ဒြေငါးပါး ညီညွတ်မှုနဲ့ ပတ်သက်ပြီး အဋ္ဌကထာ ဖွင့်ပြချက်ကို ဆက်ဟောဖို့ပါပဲ။

ဥဘိန္နံ သမတာယ၊ သဒ္ဓါနဲ့ပညာနှစ်ခုတို့၏ မျှတသည်၏အဖြစ်ကြောင့်၊ ဝတ္ထုသ္မိံယေဝ–ကြည်ညိုစရာ ဝတ္ထုရတနာသုံးပါး၌သာလျှင်၊ပသီဒတိ– ကြည်ညိုတတ်၏။ (ဒီ–၄–၂–၃၇၇)

ဗလဝ သမာဓိံ ပန မန္ဒဝီရိယံ – သမာဓိဿ ကောသဇ္ဇ ပက္ခတ္တာ ကောသဇ္ဇံ အဘိဘဝတိ ဗလဝဝီရိယံ မန္ဒသမာဓိံ ဝီရိယဿ ဥဒ္ဓစ္စ ပက္ခတ္တာ ဥဒ္ဓစ္စံ အဘိ ဘဝတိ။ (ဒီ–၄–၂–၃၇၇)

ဒါလဲပဲ အရင်ဟောပြီးသားလေး ထပ်ပြီးတော့ ကြည်လင် ပြတ်သားသွားအောင် ဆက်ဖွင့်ပြတဲ့ အဓိပ္ပာယ်အဖွင့်ပါပဲ။

ပန– ဆက်ဦးအံ့၊ ဗလဝ သမာဓိံ– သမာဓိလွန်ကဲ သမာဓိအား ရှိလွန်းနေသော၊ မန္ဒဝီရိယံ– ဝီရိယအားနည်းချက် ရှိသော၊ ပုဂ္ဂလံ– ပုဂ္ဂိုလ်ကို၊ ကောသဇ္ဇပက္ခတ္တာ–ပျင်းရိခြင်းအဖို့ ရှိသည်၏အဖြစ်ကြောင့်၊ ကောသဇ္ဇံ– ပျင်းရိခြင်းသည် (ဝါ–က)အဘိဘဝတိ– လွှမ်းမိုး နှိပ်စက်၏။

သမာဓိကများပြီး ဝီရိယက နည်းနေရင် အားထုတ်နေတဲ့ ယောဂီမှာ ပျင်းရိခြင်းတွေ ဖြစ်ပေါ်လာတယ်၊ ပျင်းရိခြင်း ထိနမိဒ္ဓတွေ လွှမ်းမိုးလာနိုင်တယ်။

ဗလဝဝီရိယံ– ဝီရိယ လွန်ကဲလျက်ရှိသော မန္ဒသမာဓိ– နုံ့နှေးသော သမာဓိရှိသော၊ ပုဂ္ဂလံ– ပုဂ္ဂိုလ်ကို၊ ဝီရိယဿ– ဝီရိယ၏၊ ဥဒ္ဓစ္စ ပက္ခတ္တာ– ပြန့်လွင့်ခြင်းအဖို့ ရှိသည်၏အဖြစ်ကြောင့်၊ ဥဒ္ဓစ္စံ–ပြန့်လွင့်ခြင်းသည်၊ အဘိ ဘဝတိ– လွှမ်းမိုးနှိပ်စက်၏၊ ဒီလို ဖွင့်ပြထားတယ်၊ ဒါလေးကို ဆိုကြည့်မယ်။

သမာဓိလွန်က ထိနမိဒ္ဓ၊ ဝီရိယလွန်က ဥဒ္ဓစ္စ။

အရင်က ပြောပြီးသားပါပဲ၊ သမာဓိလွန်ကဲလာရင် ထိနမိဒ္ဓဝင်တတ်တယ်၊ ဝီရိယလွန်ကဲရင် ဥဒ္ဓစ္စ ဝင်တတ်တယ်၊ ဒီလောက်ပဲ မှတ်ထားသေးတာပေါ့။

သမာဓိ ပန ဝီရိယေန သံယောဇိတော ကောသဇ္ဇေ ပတိတုံ လဘတိ၊ ဝီရိယံ သမာဓိနာ သံယောဇိတံ ဥဒ္ဓစ္စေ ပတိတုံ နလဘတိ၊ တသ္မာ တဒုဘယံ သမံ ကာတဗ္ဗံ၊ ဥဘယသမတာယဟိ အပ္ပနာ ဟောတိ။

ပန– ဆက်ဦးအံ့၊ သမာဓိ– စူးစိုက် တည်ငြိမ်မှုဆိုတဲ့ သမာဓိသည်၊ ဝီရိယေ– အားထုတ် ကြောင့်ကြမှုဆိုတဲ့ ဝီရိယဒ္ဓ၊ သံယောဇိတော– ယှဉ်သည်၊ သမာနော– ဖြစ်လတ်သော်၊ ကောသဇ္ဇေ– ပျင်းရိမှုဒ္ဓ၊ ပတိတုံ– ကျခြင်းငှာ၊ နလဘတိ– မရ။

တစ်မှတ်နဲ့တစ်မှတ် ဆက်စပ်ပြီး ပြတ်လတ်သွားတာမရှိဘဲနဲ့ တည်ငြိမ်နေတယ်ဆိုတဲ့ သမာဓိဟာဆက်ဆက်ပြီး အားထုတ်မှုဆိုတဲ့ ဝီရိယနဲ့ ယှဉ်တဲ့ပြီးတော့ ညီညွတ်နေမယ်ဆိုရင် ပျင်းရိခြင်း ထိုင်းမှိုင်းခြင်းဆိုတဲ့ ကောသဇ္ဇ ထိနမိဒ္ဓဟာ မကျရောက်နိုင်တော့ပါဘူး။

ရှုမှတ်တဲ့ အာရုံလွတ်–လွတ်မသွားဘဲနဲ့ ရှုမှတ်မှု တစ်ဆက်တည်း ဖြစ်အောင် သမာဓိရအောင် ကြိုးစားဖို့ လိုအပ်သလို အဲဒီလို မလွတ်အောင် ကြိုးစားနေရင် အဲဒါလေးကို ပီပီပြင်ပြင် ထင်ထင်ရှားရှား သိဖို့ရာ စိတ်လျော့ကျ မသွားအောင် ကြောင့်ကြစိုက်ပြီး စူးစူးစိုက်စိုက်ကလေး ကြိုးစား အားထုတ်တဲ့ ဝီရိယကလဲ မပါရဘူးလား။ "ပါရပါတယ် ဘုရား"

အဲဒီလိုသမာဓိကလဲ ရှိမယ်၊ ဝီရိယကလဲ ရှိမယ် ဆိုလို့ရှိရင် ပျင်းရိမှုတို့၊ ထိုင်းမှိုင်းမှုဆိုတာတွေ လာနိုင်ပါဦးမလား။ "မလာနိုင်ပါဘုရား"

ဟိုတစ်နေ့က ပြောခဲ့တဲ့ အတိုင်းပေါ့၊ လွှတ်– လွှတ်နေတာကလေးကို ဘိန်းမှိန်းသလို မှိန်းပြီးတော့ လိုက်သွားပြီး ကြောင့်ကြမှု၊ ပေါ့လျော့သွားရင် ထိနမိဒ္ဓဖြစ်မှာ ထိုင်းမှိုင်းသွားမှာ မှန်ရဲ့လား။

"မှန်ပါတယ် ဘုရား"

အဲဒါကြောင့် သမာဓိ တက်လာပြီဆိုရင် အသိကလေးတွေ များများဖြန့်ပေး၊ ကြောင့်ကြစိုက်ပေးလို့ ဘုန်းကြီးတွေက မပြောဘူးလား။

"ပြောပါတယ် ဘုရား"

အဲဒီလို မလုပ်လို့ ရှိရင်တော့ ဝိုးတိုးဝါးတား ဖြစ်ပြီးတော့ မှိုင်းတိုင်းတိုင်းနဲ့ အဲဒါကောသဇ္ဇထိနမိဒ္ဓ ဝင်လာတော့တာပဲ။

အဲဒီတော့ မှတ်ရတာကလဲ ဝိုးတဝါးနဲ့ ဆိုတော့ "သိတယ်၊သိတယ်" ဒါပဲ မှတ်နေရတော့တာပဲ၊ ဘာညာနဲ့ ပျင်းလာတာ ဘာပြုလို့တုံး။

"ဝီရိယ နည်းလို့ပါဘုရား"

အေး –ဟုတ်တယ်၊ ဝီရိယံ–ဝီရိယကို၊ သမာဓိနာ–သမာဓိနှင့်၊ သံယောဇိတံ–ယှဉ်စပ်သည်ရှိသော်၊ ဥဒ္ဒစ္စေ–ပြန့်လွင့်မှု၌၊ ပတိတုံ–ကျခြင်းငှာ၊ နလဘတိ–မရ။

အဲဒါ ဝီရိယ၊ ကြိုးစားအားထုတ်မှု၊ ကြိုးစား အားထုတ်မှုဆိုတာကလဲပဲ ကြောင့်ကြစိုက်ပြီးတော့ တစ်မှတ်နဲ့ တစ်မှတ်၊ တစ်ထိုင်နဲ့ တစ်ထိုင်၊ တစ်ချိန်နဲ့ တစ်ချိန်၊ တစ်ရက်နဲ့ တစ်ရက် ကွင်းဆက်မိသွားအောင် ကြိုးစားအားထုတ်မှု ဝီရိယ၊ အဲဒီ ဝီရိယ အားထုတ်တဲ့နေရာမှာလဲပဲ ကြောင့်ကြစိုက်မှု၊ အားထုတ်မှုတွေသာ ရှိပြီးတော့ ကွင်းဆက်မမိဘဲနဲ့ ရှုမှတ်စရာ အာရုံနဲ့ ရှုမှတ်မှုသတိ၊ ခွင်မကျတော့ဘဲနဲ့ ကြောင့်ကြစိုက်မှုတွေ၊ အားထုတ်မှုတွေသာ များပြီးတော့ စိတ်တွေက ပြန့်ပြီးတော့နေမယ်ဆိုရင် မှတ်သမျှ ဉာဏ်လဲမဖြစ်ဘူး၊ အလကားပဲ။

အဲဒီတော့ ကြောင့်ကြမှု၊ အားထုတ်မှု ထက်သန်လာပြီဆိုလို့ရှိရင်လဲပဲ စိတ်မလွှတ်ရအောင် တည်ကြည်မှုဆိုတဲ့ သမာဓိရအောင် သတိထားဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"

တသ္မာ- ထို့ကြောင့်၊ တဒုဘယံ- ထိုနှစ်ပါးစုံသော သဒ္ဓါနဲ့ပညာ+ သမာဓိနှင့် ဝီရိယကို၊ ကာတဗ္ဗံ-ပြုအပ်ပါ၏၊ ဥဘယသ မတာယ- သဒ္ဓါနှင့် ပညာ+ ဝီရိယနှင့် သမာဓိတို့၏တူမျှသည်၏အဖြစ်ကြောင့်၊ အပ္ပနာ-အပ္ပနာ သည်၊ ဟောတိ- ဖြစ်၏။

အပ္ပနာ ဆိုက်တယ် ဆိုတာကတော့ သမထယာနိက၊ သမထအတွက် ပြောတာပါပဲ၊ ဈာန်အပ္ပနာဆိုက်သွားမယ် ဆိုလို့ရှိရင် အဲဒါ သမာဓိ အထွတ် အထိပ်ပဲ၊ ဟိုဘက်မှာ မရှိတော့ဘူး၊ ဈာန်အပ္ပနာ ဆိုက်သွားပြီဆိုရင်ဖြင့် သမာဓိ အထွတ်အထိပ် ရောက်သွားပြီ၊ ကဲ- ဆိုကြည့်မယ်။

သမာဓိတွင်၊ ဝီရိယယှဉ်၊ ညီလျှင် ထိနမိဒ္ဓ မဝင်နိုင်။

ကြိုးစား အားထုတ်မှု ဝီရိယတွေ ထက်သန်လာတယ်၊ အားကောင်း မောင်းသန်လာတယ်ဆိုလို့ရှိရင် စိတ်မပြန့်လွင့်ဘူး၊ သမာဓိလေး ရလာအောင် ယှဉ်တွဲနိုင်အောင် သတိထားဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား"

ကြောင့်ကြစိုက်မှု၊ အားထုတ်မှုတွေကသာ လွန်ကဲပြီးတော့ သမာဓိက မရဘူးဆိုလို့ရှိရင် မောတာပဲ အဖတ်တင်မယ်၊ အဲဒီတော့ ကြောင့်ကြစိုက်တိုင်း၊ ကြောင့်ကြစိုက်တိုင်း အားထုတ်တိုင်း၊ အားထုတ်တိုင်း လွတ် လွတ်မသွားရ လေအောင် ပေါ်တာကို မိ မိလာလေအောင် တစ်မှတ်တည်း တစ်ဆက်တည်း ဖြစ်ရလေအောင် သတိထားဖို့ မလိုဘူးလား။"လိုပါတယ်ဘုရား"

ကဲ- ဆိုကြည့်မယ်။

နှစ်မျိုးညီက၊ သမာဓိရ၊ ဈာနအပ္ပနာတိုင်။

ဒါဆိုရင်ဖြင့် တရားအားထုတ်နည်းနဲ့ ပတ်သက်၍ ဉာဏ်ခြေညီညွတ်ဖို့ ဖွင့်ပြချက်တွေ အထပ်ထပ် ဟောပြတာဆိုတော့ ဒို့ယောဂီတွေ အတော်လေးတော့ သဘောပေါက်လောက်ပါပြီ။

အပိစ သမာဓိကမ္မိကဿ ဗလဝတိပိ သဒ္ဓါ ဝဋ္ဋတိ၊ ဧဝံ သဒ္ဒဟန္တော ဩကပ္ပေန္တော အပ္ပနံ ပါပုဏိဿတိ။ (ဒီ-ဋ-၂-၃၇၈)

အပိစ- စင်စစ် ဆိုဖွယ် ရှိထားပါ၏၊ သမာဓိကမ္မိကဿ- သမာဓိ အလုပ်ရှိသော ယောဂီပုဂ္ဂိုလ်၏၊ ဗလဝတိပိ- အားရှိသည်လည်း ဖြစ်သော၊

သဒ္ဓါ– သဒ္ဓါသည်၊ ဝဋ္ဋတိ– သင့်ပါ၏၊ ဇဝံ– ဤသို့ သဒ္ဓါအားရှိလတ်သော်၊ သဒ္ဓဟန္တော– သဒ္ဓါဖြင့် ယုံကြည်သော၊ ဩကပ္ပန္တော– သဒ္ဓါဖြင့် သက်ဝင်သော ယောဂီပုဂ္ဂိုလ်သည်၊ အပ္ပနံ– လောကီအပ္ပနာသို့၊ ပါပုဏာတိ– ရောက်လတ့်၊ အဲဒီလို ဖွင့်ပြထားတယ်၊ ဒါလဲ ဆိုကြည့်မယ်။

၁။ သမာဓိ ယောဂီအား၊ သဒ္ဓါများ၊ ဖြစ်ငြားသင့်ပါသည်။
၂။ ထိုယောဂီဟာ၊ အပ္ပနာ၊ သေချာရနိုင်သည်။

သမာဓိလုပ်ငန်းလုပ်တဲ့ ယောဂီ၊ သမာဓိလုပ်ငန်း သီးသန့်လုပ်တဲ့သူ ကတော့ သမထတရား အားထုတ်တဲ့ ယောဂီပေါ့။

ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ အစရှိတဲ့ အနုဿတိ ၁၀–ပါး၊ ပထဝီမြေကသိုဏ်း အာပေါရေကသိုဏ်း စတဲ့ ကသိုဏ်း ၁၀–ပါး၊ အဲဒီ သမထကမ္မဋ္ဌာန်းတွေ ကြိုးစားအားထုတ်တဲ့ ယောဂီဆိုလို့ရှိရင် သဒ္ဓါတရား များများဖြစ်ဖို့ လိုတယ်၊ အဲဒီ သမာဓိ ကမ္မဋ္ဌာန်း အားထုတ်လို့ စိတ်ကလေး တည်ငြိမ်မှု ရနေလို့ရှိရင် သဒ္ဓါတရားဖြစ်ပွားလာတာကို သမာဓိက ထိန်းသွား နိုင်တာ ဖြစ်တဲ့အတွက် အဲဒီ သဒ္ဓါများလာခြင်းသည် သမာဓိရှိတဲ့ ယောဂီအတွက် အန္တရာယ် မဖြစ်နိုင်ပါဘူး၊ သဒ္ဓါများလာလို့ရှိရင် သမာဓိရှိဖို့ကော မလိုဘူးလား။

"လိုပါတယ်ဘုရား"

စောစောပိုင်းက ပြောခဲ့တာကတော့ ဉာဏ်နှင့် ယှဉ်ပြီး သုံးသပ်ဖို့ လိုတယ်လို့ ပြောခဲ့ပါတယ်၊ သမထ အလုပ်လုပ်တယ်ဆိုတာ သဒ္ဓါရှိလာရင်လဲပဲ ယုံကြည်မှုသဒ္ဓါဟာ မှန်ကန်ရာကို ရောက်စေနိုင်ပါတယ်။

သမာဓိပညာသု ပန သမာဓိကမ္မိကဿ ဧကဂ္ဂတာ ဗလဝတီ ဝဋ္ဋတိ၊ ဇဝံဠိသော အပ္ပနာ ပါပုဏာတိ။

ပန–ဆက်၍ ဆိုဦးအံ့၊ သမာဓိပညာသု–သမာဓိပညာတို့တွင်၊ သမာဓိ ကမ္မိကဿ– သမထကမ္မဋ္ဌာန်း စီးဖြန်း အားထုတ်သော ပုဂ္ဂိုလ်၏၊ ဧကဂ္ဂတာ– တစ်ခုတည်းသောအာရုံ၌ တည်ကြည်ခြင်းသည်၊ ဗလဝတီ–အားရှိသည်၊ သမာနာ– ဖြစ်သည်ရှိသော်၊ ဝဋ္ဋတိ–သင့်၏၊ ဟိ– အကျိုးကား၊ ဇဝံ– ဤသို့ ဧကဂ္ဂတာ–အားရှိလတ်သော်၊ သော–ထိုသမာဓိကမ္မိက ယောဂီသည် ပုဂ္ဂိုလ်သည် အပ္ပနံ–အပ္ပနာသို့၊ ပါပုဏာတိ–ရောက်လတ့်(ဝါ) ရောက်နိုင်၏။

သူ့အဌကထာ အရိုကိုတော့ဖြင့် ဗဟုသုတလဲ ဖြစ်ရလေအောင် မှတ်တမ်းတင်ကြဦးစို့။

* သမာဓိ ယောဂီအား၊ ကေဝ္ဂတာများ၊ ဖြစ်ငြားသင့်ပါသည်။
* ထိုယောဂီဟာ၊ အပ္ပနာ၊ သေချာရနိုင်သည်။

ဒါကတော့ အပေါ်က အတန်းနဲ့ အတူတူပါပဲ၊ အဲဒီတော့ သမာဓိ အားထုတ်တဲ့ ယောဂီ ကေဂ္ဂတာ ဖြစ်လာတယ် ဆိုလို့ရှိရင် သင့်လျော်ပါတယ်၊ သမာဓိအား ကောင်းလာလို့ရှိရင်ဖြင့် ကေဂ္ဂတာ– တစ်ခုတည်းသော အာရုံတည်မှုဆိုတာ ဖြစ်လာနိုင်တာပါပဲ။

ဝိပဿနာ ကမ္မိကဿ ပညာဗလဝတိ ဝဋ္ဋတိ– ဧဝဉ္စိ သော လက္ခဏ ပတိဝေဓံ၊ ပါပုဏာတိ၊ ဥဘိန္နံ ပန သမတာယပိ အပ္ပနာ ဟောတိယေဝ။

သမာဓိနဲ့ဝီရိယ၊သမာဓိနဲ့ပညာ၊ အဲဒီသဘောတရားတွေဟာအချင်းချင်း ကျေးဇူးပြုပြီးတော့ ညီညီမျှမျှ ဖြစ်သွားဖို့ အထူးပဲ အရေးကြီးပါတယ်။

ဝိပဿနာကမ္မိကဿ– ဝိပဿနာ အလုပ်ရှိသော ယောဂီပုဂ္ဂိုလ်၏၊ ပညာ– အမှန်ကို သိမြင်မှုပညာသည်၊ ဗလဝတိ– အားကြီးသည်၊ သမာနာ– ဖြစ်သည်ရှိသော်၊ ဝဋ္ဋတိ– သင့်၏။

အဲဒါ ဝိပဿနာ အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဆိုရင်တော့ ပညာအား ကောင်းလာခြင်းသည် အပြစ်မဖြစ်နိုင်ပါဘူး၊ ဝိပဿနာတရား အားထုတ်နေတဲ့ ပုဂ္ဂိုလ် ပညာဖြစ်လာလို့ရှိရင် ကောင်းပါတယ်တဲ့၊ ဘယ်လိုကောင်းသလဲဆိုတော့–

ဟိ– အကျိုးကား၊ ဧဝံ– ဤသို့ ပညာအားရှိလတ်သော်၊ သော– ထို ဝိပဿနာကမ္မိကပုဂ္ဂိုလ်သည်၊ ဝါ– ဝိပဿနာ ယောဂီပုဂ္ဂိုလ်သည်၊ လက္ခဏ ပတိဝေဓံ– မမြဲ ဆင်းရဲသဘောပဲဟူသောအနိစ္စ၊ ဒုက္ခ၊ အနတ္တ လက္ခဏာရေး သုံးပါးကို ထိုးထွင်း၍ သိခြင်းသို့၊ ပါပုဏာတိ– ရောက်နိုင်ပါ၏။ ပန– ဆက်ဦးအံ့၊ ဥဘိန္နံ– သမာဓိ ပညာနှစ်ပါးစုံတို့၏၊ သမတာယပိ– ညီညွတ်သည်၏အဖြစ်သည်၊ သတိ–ရှိသော်၊ အပ္ပနာ–အပ္ပနာသည်၊ ဟောတိဧဝ– ဖြစ်နိုင်သည် သာတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

ဝိပဿနာ ယောဂီအား၊ ပညာများ၊ ဖြစ်ငြားသင့်ပါသည်။
ထိုယောဂီက၊ အနိစ္စ၊ ဒုက္ခ အနတ္တ သိနိုင်သည်။

အဲဒီလို အဋ္ဌကထာက ညွှန်ပြထားပါတယ်၊ ဒါ–ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဉာဏ် ဖြစ်ကြောင်း တရားဉာဏ်ဖြစ်တယ်၊ ဉာဏ်ဖြစ်တယ်ဆိုတာ ဉာဏ်က သူ့ချည်းဖြစ်တာမဟုတ်ဘူး၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ဉာဏ် ဖြစ်ချင်တယ် ဆိုလို့ ရှိရင်၊ အခြေခံကစပြီး ပြောမယ်ဆိုရင် သီလဝိသုဒ္ဓိ ဖြစ်ရမယ်၊ အဲဒီသီလဝိသုဒ္ဓိ ပေါ်မှာ အခြေတည်ပြီးတော့ စိတ္တဝိသုဒ္ဓိခေါ်တဲ့ သမာဓိ ရလာတယ်၊ သီလ စင်ကြယ်တော့ စိတ်စင်ကြယ်ပြီး သမာဓိ ရလာတယ်ဆိုရင် အမှတ်သတိကလဲ ကောင်းလာရင် ဉာဏ်မဖြစ်နိုင်ဘူးလား။ "ဖြစ်နိုင်ပါတယ် ဘုရား"

ဉာဏ်ဖြစ်ဖို့ရာ ဝိပဿနာအလုပ် အားထုတ်ရတယ်၊ အားထုတ်တဲ့ ယောဂီဟာ သမာဓိတွေကို အမှီပြုပြီးတော့ အာရုံကို မသိတတ်တဲ့ ဖောက်ပြန် တတ်တဲ့ သဘောသည် ရုပ်၊ အာရုံကို သိတတ်တဲ့၊ အာရုံဆီကို ညွတ်ကိုင်းတတ်တဲ့ သဘောသည် နာမ်၊ ဒီရုပ်နဲ့ နာမ်အမှန်သိတာ၊ အကြောင်းအကျိုး ဖြစ်တာ အမှန်သိတာ ရုပ်နာမ်ရော အကြောင်းအကျိုးတရားပါ သူ့အခိုက်အတန့် အားလျော်စွာ ပေါ်လာပြီး ပျောက်ပျက်သွား၍ မမြဲတာတွေ၊ ဆင်းရဲတာတွေ၊ ကိုယ်မပိုင်တာတွေ၊ သဘောတရားမျှသက်သက် ဖြစ်တယ် ဆိုတာကို သိလာဖို့ မလိုဘူးလား။ "လိုပါတယ် ဘုရား"

အဲဒီလို အမြင်မှန်တွေ ပညာတွေ အသိမှန်တွေ ရလာဖို့ရာလဲ ပြန်ပြီး ချုပ်လိုက်ရင် ဣန္ဒြေငါးပါး ညီညွတ်ရမယ်၊ ထက်မြက်ရမယ်၊ ဘာညီညွတ် ရမယ်။

"ဣန္ဒြေငါးပါး ညီညွတ်ရပါမယ် ဘုရား"

ကဲ– ဒါစပြီးတော့ ပြောလိုက်မယ်ဆိုရင် ဒါ သဒ္ဓိန္ဒြေ၊ နံပါတ်တစ်၊ ဣန္ဒြေက ဘယ်သူလဲ။

"သဒ္ဓိန္ဒြေပါဘုရား"

သဒ္ဓိန္ဒြေ၊ သဒ္ဓါတရားကတော့ဖြင့် ရတနာသုံးပါးကို ယုံကြည်မှုအမှန် တရားလို့ ပြောထားပြီ၊ ဝိပဿနာအလုပ် အားထုတ်တဲ့ ယောဂီတွေ ဗုဒ္ဓရဲ့ နည်းမှန် စနစ်တကျ မဟာစည်သတိပဋ္ဌာန်ဝိပဿနာတရား အလုပ် အားထုတ် တဲ့ ပုဂ္ဂိုလ်တွေဆိုရင်ဖြင့် အခု ဒီ့အားထုတ်တဲ့ တရားဟာ မြတ်စွာဘုရား

ဟောကြားတော်မူတဲ့ မဟာသတိပဋ္ဌာနသုတ္တန်ကြီးကို အခြေခံထားပြီးတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက လက်တွေ့ ကျင့်ကြံ ကြိုးစား အားထုတ်ထားတာ၊ ပရိယတ္တိနဲ့ညီညွတ်တဲ့ ပဋိပတ္တိလမ်းကို ညွှန်ကြားထားတာ၊ အခု ဒို့ အားထုတ်တဲ့ သတိပဋ္ဌာနသုတ်ကြီးမှာ သတိပဋ္ဌာန်တရားတွေကို ကျင့်ကြံတဲ့ ပုဂ္ဂိုလ်တွေဟာဖြင့်-

၁။ စိတ်ညစ်ကိလေသာ ကင်းမယ်၊

၂။ စိုးရိမ်သောက ကင်းမယ်၊

၃။ ငိုကြွေးမှု ပရိဒေဝ ကင်းမယ်၊

၄။ ကိုယ်ဆင်းရဲ ကင်းမယ်၊

၅။ စိတ်ဆင်းရဲ ကင်းမယ်၊

၆။ အရိယာမဂ်ကို ရမယ်၊

၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်၊

အဲဒီလို ဘုရားဟောထားတာ၊ ဘုရားကြွေးကြော်ထားတာ ရှိတယ်၊ဒါ- ဗုဒ္ဓဘုရားရဲ့ ကြေညာချက်ပဲ။

၁။ စိတ်အညစ်ကြေး၊ ကင်းဝေးစေရန်၊
စိုးရိမ်ပူဆွေး၊ ငိုကြွေးလွတ်ရန်၊
ကိုယ်စိတ်ဆင်းရဲ၊ ချုပ်စဲစေရန်၊
မဂ်ဖိုလ်ရောက်၊ မျက်မှောက်ပြုနိဗ္ဗာန်။

ဒီတရားကို အားထုတ်ရင် ဒီအကျိုး၇-မျိုးကို ရနိုင်တယ်လို့ လက်ခံယုံကြည်ခြင်းသည် သဒ္ဓါတရားပဲ၊ လက်ခံယုံကြည်ခြင်းသည် ဘာလဲ။

"သဒ္ဓါပါဘုရား"

အဲဒီတော့- ဘုရားက ရနိုင်တယ်လို့ ကြေညာရုံမကဘဲနဲ့ ဒီကြေညာချက်ကို အာမခံ ထပ်ပေးထားတယ်။

၁။ ကာလမ မလပ်၊ ရှုမှတ်သူဟာ၊
ခုနစ်ရက်မှ၊ အစပြုကာ၊
ခုနစ်နှစ်တွင်း၊ ထင်လင်းသေချာ၊
နိဗ္ဗာန်နန်း၊ စံမြန်းနိုင်သည်သာ။

ဒီသတိပဋ္ဌာန်တရားကို ကျင့်ပွား အားထုတ်တဲ့ ယောဂီဟာ မြန်သူဆိုရင် ခုနစ်ရက်အတွင်း နိဗ္ဗာန်ပါဝင်တဲ့ ဒီအကျိုး ၇–မျိုး ရရှိနိုင်တယ်၊ ဉာဏ်ထိုင်းတဲ့ ပုဂ္ဂိုလ်၊ ပါရမီနည်းတဲ့ ပုဂ္ဂိုလ်ဆိုရင် အကြာဆုံး ၇–နှစ်အတွင်းမှာ ရနိုင်တယ်၊ အမြန်ဆုံး ဘယ်နှစ်ရက်အတွင်း

"၇–ရက်အတွင်းပါဘုရား"

အကြာဆုံး

"၇–နှစ်အတွင်းပါဘုရား"

အဲဒီ (၇)ရက်အတွင်းမှာ ဒီအကျိုး(၇)မျိုးကို ရနိုင်တယ်လို့ မြတ်စွာဘုရား အာမခံချက် ပေးထားတယ်၊ ဒီအာမခံချက်ကို ယုံကြည် လက်ခံတာဟာလဲ သဒ္ဓါတရား၊ အဲဒီသဒ္ဓါတရားကို ဒို့တရားအားထုတ်တဲ့ ယောဂီတွေ ယုံကြည် လက်ခံထားရမယ်။

ဒီ– တရားတွေကို မဟာစည် ဆရာတော်ဘုရားကြီးရဲ့ ညွှန်ကြားချက်အတိုင်း ဆရာစဉ်ဆက် ကမ္မဋ္ဌာနာစရိယတွေက ဒို့ကိုညွှန်ကြား ပြသပေးနေတယ်၊ ဒီဆရာတွေရဲ့ ညွှန်ကြားချက်အတိုင်း၊ တစ်ခါထိုင်ရင် တစ်နာရီ၊ စင်္ကြံကလဲ တစ်ကြိမ်မှာ တစ်နာရီ လျှောက်ရင် ၂၄–နာရီမှာ အထိုင်က ရှစ်ကြိမ်၊ စင်္ကြံက ရှစ်ကြိမ်၊ အိပ်ချိန် လေးနာရီ၊ စားတာသောက်တာ၊ ရေချိုးတာ၊ တရားနာတာ၊ တရားဆွေးနွေးတာတွေကလဲ ရှုမှတ်မှုနဲ့ လေးနာရီ၊ ပေါင်းလိုက်ရင်၂၄–နာရီ ရှိတယ်။

အေး– ဘုန်းကြီးတို့သာသနာ့ရိပ်သာမှာ သာသနာ့ရိပ်သာရဲ့ စံအနေအားဖြင့် ဒီလို သေသေချာချာ လေးလေးစားစား အားထုတ်နိုင်တဲ့ ယောဂီတွေဆိုလို့ရှိရင် တစ်လ၊လေးဆယ့်ငါးရက်၊ နှစ်လလောက်ဆိုရင် မိမိမှာ ရရှိသိမြင်ထားတဲ့ ဝိပဿနာဉာဏ်တွေ ပြည့်စုံသလား မပြည့်စုံဘူးလား၊ လိုနေသလားဆိုတာကို သိဖို့ရာအတွက် ဉာဏ်စဉ်တရား နာကြားနိုင်ခွင့်ရသည်အထိ အခွင့်အရေး ရသွားပြီ။

ဉာဏ်စဉ်တရား နာကြားပြီးတော့မှ ပြည့်စုံပြီ၊ မပြည့်စုံသေးဘူးဆိုတာ ကိုယ်အားထုတ်ခဲ့တဲ့ အတွေ့အကြုံနဲ့ အခု ဟောပြချက် တရားမှန်ကြီးထဲမှာ ငါ သုံးပုံနှစ်ပုံလောက်ပဲ မြင်ရသေးတယ်၊ တစ်ပုံကျန်သေးတယ်ဆိုရင် ဆက်လုပ်၊ ငါအကုန်လုံး တွေ့တယ်လို့ ယူဆလို့ရှိရင် ဓိဋ္ဌာန်ပြီးတော့ ကိုယ် ယူဆ

ချက် မှန်- မမှန် ထပ်ပြီးတော့ အားထုတ်၊ မိတ္တာန်တွေကလဲ ပျောယ်လို့ဆိုရင် တကယ်လို့ သောတာပန်ဖြစ်တဲ့ ပုဂ္ဂိုလ်တွေဟာ ငါးပါးသီလမြဲတယ်၊ ရတနာ သုံးပါးကို အသက်နဲ့ထပ်တူထပ်မျှ ကြည်ညိုလေးစားတယ်၊ ကိုယ့်လို သူများ ကောင်းစားချမ်းသာတာကို ဝန်တိုတဲ့မစ္ဆရိယကင်းတယ်၊ ကိုယ့်ထက် သူများ သာတာကို မနာလိုတဲ့ ဣဿာကင်းတယ်၊ နွားလို ခွေးလိုကျင့်တဲ့ ဗုဒ္ဓဝါဒမှ တစ်ပါးသော အကျင့်တွေနဲ့ တရားထူးဉာဏ်ထူး ရနိုင်တယ်ဆိုတာ မဟုတ်ဘူး၊ မဂ္ဂင်ရှစ်ပါး ပွားမှ ဗုဒ္ဓဝါဒနှင့်အညီ တရား အားထုတ်မှ တရားရနိုင်တယ်လို့ သိမြင်တဲ့ သီလဗ္ဗတပရာမာသ သံယောဇဉ် ပြုတ်တယ်။

အဲဒီအင်္ဂါတွေ ငါ့မှာ တကယ်ရှိသလား၊ မရှိဘူးလား၊ တကယ်ပြည့်နေ ပြီးလား၊ မပြည့်သေးဘူးလား၊ ငါးပါးသီလ သူများတွေမသိပေမယ့် ကိုယ့်ဟာ ကိုယ် တိတ်တိတ်ပုန်းကျိုးနေတဲ့ ငါးပါးသီလရှိတယ်ဆိုရင် မဟုတ်သေးဘူး။ ငါ့တရားကို ဆက်ပြီးတော့ လုပ်ရဦးမယ်၊ အဲဒီလိုချိန်ဆပြီးတော့သိနိုင်ခွင့် မရှိဘူးလား။ "ရှိပါတယ် ဘုရား"

ဒါကြောင့် ဒီတရားကို အားထုတ်လို့ရှိရင် ဝိပဿနာဉာဏ် ကေန် ဖြစ်နိုင်တယ်၊ ကံ ဉာဏ် ဝီရိယ ညီမျှလို့ရှိရင် မဂ်ဖိုလ်နိဗ္ဗာန် ကေန်ရောက်နိုင်တယ် လို့ ယုံကြည်ထားခြင်းသည် သဒ္ဓါတရားပဲ။

ငါတရားရနိုင်တဲ့ပုဂ္ဂိုလ် ဟုတ်ရဲ့လားလို့ ဆိုရင်တော့ ရိပ်သာထဲဝင်ပြီး တရားအားထုတ်နေဘာကိုက တရားရထိုက်တဲ့ ပါရမီအကြောင်း ကံပါလို့ ရောက်နိုင်တာ၊ မရသေးလို့ရှိရင်တော့ အားထုတ်မှု လိုသေးလို့ပါဘဲ။

နည်းကလဲ မှန်ပြီ၊ အားကလဲ ထုတ်နေပြီ၊ မရသေးဘူးဆိုရင် လိုသေး လို့ပေါ့၊ အဲဒီတော့ ရအောင် ဘာလုပ်ရမတုံး။ "အားထုတ်ရပါမယ်ဘုရား"

ဆက်အားထုတ်ရမယ်၊ အားထုတ်တာကလဲ ပေါ့ပေါ့လေး အားထုတ်ရ မှာ မဟုတ်ဘူး၊ (၂၄)နာရီမှာ (၄)နာရီလောက်သာ အိပ်ပြီး စံချိန်မီ ပြည့်ပြည့် ဝဝ အားထုတ်ရမှာ၊ ဒီလိုတရားအလုပ်တွေကို အားထုတ်လို့ ရှိရင်ဖြင့် ရနိုင် တယ်လို့ ဒီတရားကို ဘုရားဟောခဲ့တယ်ဆိုတာကိုလဲ ယုံကြည်တယ်၊ ဒီတရား ကို ဟောခဲ့တဲ့ဘုရား ပွင့်ခဲ့တယ် ဆိုတာကိုလဲ ယုံကြည်တယ်၊ အဲဒါကို သဒ္ဓါ တရား ခေါ်တယ်၊ အဲဒီသဒ္ဓါတရား ထက်မြက်ပြီးတော့ နေဖို့ အရေးမကြီး ဘူးလား။ "ကြီးပါတယ်ဘုရား"

စမ်းတော့ အားထုတ်ကြည့်လိုက်ဦးမယ်၊ ရရင်လဲ ရပေ့၊ မရရင်လဲ ပြန်မှာပဲ၊ အဲဒါ မယုံ့တယုံနဲ့ စမ်းသပ်တဲ့အနေမျိုးနဲ့ လာအားထုတ်တဲ့လူတွေ ရပ့်မလား။"မရပါဘုရား"

ယုံကြည်မှု ပြတ်သားရမယ်၊ ဇောက်ချထားရမယ်၊ နောက်ပြီးတော့ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မလို့ခေါ်တဲ့ သတိပဋ္ဌာန် အာရုံလေးပါးအပေါ်မှာ သတိလေးက ထပ်ခနဲထပ်ခနဲနေအောင် ရှုမှတ်ပွားများတဲ့ သတိလေးကလဲပဲ ထက်မြက်ရမယ်။

ဉာဏ်ဖြစ်ကြောင်း ဣန္ဒြေငါးပါးထဲက သဒ္ဓါရယ်၊ သမာဓိရယ်၊ ဝီရိယရယ်၊ ပညာရယ် အကြောင်း တော်တော်စုံသွားပြီ။

အခု–သတိ၊ သတိဟာ ပေါ်တိုင်း မပြတ်ရှုမှတ်ရတဲ့ သတိ၊ ဒါလေးကို ငုံမိရင် အဲဒီသတိ ပြည့်စုံပြီလား၊ မပြည့်စုံဘူးလား ဆိုတာ ဆုံးဖြတ်ချက်ရပြီ၊ ပေါ်လာတိုင်း အာရုံကို မပြတ်ရအောင် မှတ်သိနေနိုင်တဲ့ သတိဆိုရင် သတိဣန္ဒြေ ဖြစ်သွားပြီး ထက်မြက်ပြီး အားကောင်းပြီ။

လွတ်သွားတာတွေ ရှိသေးတာဆိုရင် သတိမပြည့်စုံသေးဘူး၊ ဒါကိုယ့်ကိုကိုယ် သိတာနော်၊ ပြီးတော့ သမာဓိ၊ အဲဒီလိုသတိက လွတ်သွားတာ မရှိအောင် မှတ်နိုင်တယ်ဆိုလို့ရှိရင် သမာဓိ အလိုအလျောက် တည်ငြိမ်မှုရရှိလာပြီ။

ဟိုက သတိက မလွတ်လို့ အာရုံတိုင်း အာရုံတိုင်း မှတ်မိပြီးတော့နေ၊ ဒီလို တည်ငြိမ်နေပြီဆိုရင် တရားအာရုံထဲမှာ သတိလေးက စူးပြီးတော့ ဝင်နေပြီလို့ ယူလို့ရှိရင် သမာဓိ အားကောင်းတယ်။

အဲ– နောက်ပြီး ဝီရိယ၊ ဖောင်းစ၊ ဖောင်းလယ်၊ ဖောင်းဆုံး၊ ပိန်စ၊ ပိန်လယ်၊ ပိန်ဆုံး၊ (၃)သတိလုံးမှာ သေသေချာချာကလေး ကပ်ခနဲချပ်ခနဲ သတိကို ဖြစ်စေရမယ်၊ ဘယ်လှမ်းတယ်၊ ညာလှမ်းတယ်လို့ပဲဆိုဆို ကြွတယ်၊ ချတယ်လို့ပဲ ဆိုဆို၊ ကြွတယ်၊ လှမ်းတယ်၊ ချတယ်လို့ပဲ ဆိုဆို၊ စတင်ပြီး ခြေထောက်ကြွ၊ ရွှေ့ပြီ၊ လှမ်းပြီ၊ ဟိုဘက်ကျသွားတဲ့အထိ အမှတ် သတိဟာ ကပ်ပြီးတော့ တစ်ခါတည်း တစ်စဉ်တန်း ပါသွားတယ်။

အဲဒီလိုသတိကပ်ပြီးတော့ ပါသွားအောင် (ကြွတယ်၊ လှမ်းတယ်၊ ချတယ်) (ကွေးတယ်၊ ဆန့်တယ်) (စားတယ်၊ သောက်တယ်) (ဖောင်းတယ်၊ ပိန်တယ်) (ထိုင်တယ်၊ ထိတယ်) စသည်အားဖြင့် ဒလစပ် ရှုမှတ်ပြီးတော့

ကြိုးစား အားထုတ်မှု လျှော့ကျမသွားစေဘဲနဲ့ ပီပီပြင်ပြင်၊ ပြတ်ပြတ်သားသား ဖြစ်ရလေအောင် စူးစိုက်ပြီးတော့ ကြောင့်ကြစိုက်ပြီးတော့ နေတဲ့ သဘောက ဘာလဲ၊ ဝီရိယ။

တစ်မှတ်ပြီး တစ်မှတ်၊ တစ်ထိုင်ပြီး တစ်ထိုင်၊ အဆင့်ဆင့် တစ်ခါ ထဲပြီး လျှော့ကျမသွားစေဘဲနဲ့၊ မပြတ်ဒလစပ် မီးပွတ်တဲ့ ယောကျ်ားကဲ့သို့ ဆိုတာမျိုး ဒီလို မှတ်သွားရင် ဝီရိယအားကောင်းတာပါပဲ။

"လူပျင်းလုံ့လ တစ်ခဏ"ဆိုတဲ့အတိုင်း ကောက်ရိုးမီးလို ဝုန်းခနဲဆို ငြိမ်းသွား၊ အစကတော့ အားထုတ်လိုက်တာ၊ ဝုန်းဝုန်းဒိုင်းဒိုင်းနဲ့ တစ်ခါတည်းပြီး ထက်ထက်သန်သန် အားထုတ်လိုက်တာ၊ နှစ်ရက်သုံးရက်လောက်လဲရောက်ရော ဒုက္ခဝေဒနာတွေကတွေ့၊ စိတ်တွေကလဲ မနိုင်မနင်းဖြစ်တဲ့အခါကျတော့ ပျော့ခွေသွားပြီး နောက်တစ်ခါ ထိုင်ရမှာလဲ ကြောက်၊ ထိုင်ပြန်ရင်လဲ နာရီ မစေ့သေးတာ မြော်၊ ဒီလိုဆိုရင် ဝီရိယတွေ လျော့သွားပြီ ဘာလျော့သွားတုံး။

"ဝီရိယပါ ဘုရား"

ဒါကြောင့် ဝီရိယ အမြဲတမ်း အားထုတ်ပေးဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"

တစ်ခါတည်းပြီး နိဗ္ဗာန်ရောက်သည်အထိ ဆိုပါတော့၊ အဲဒီ ဝီရိယ အားကောင်း မောင်းသန်ဖို့ လိုတယ်၊ အဲဒီ ဝီရိယ အားကောင်း မောင်းသန်ရင် ဝီရိယိန္ဒြေ ဖြစ်တယ်။

ဒီလို ဖြစ်လာပြီ ဆိုလို့ရှိရင် သတိ၊ သမာဓိ၊ သဒ္ဓါ၊ ဝီရိယတွေပေါ် အမှိုပြုပြီးတော့ မှတ်လိုက်တိုင်း မှတ်လိုက်တိုင်း တောင့်တင်း လှုပ်ရှားလာတဲ့ သဘောတွေ၊ ဒါလေးတွေကို အဆင့်ဆင့် သိသိနေတဲ့သဘော၊ ဒါလေးတွေ အကုန်လုံး တစ်တွဲစီ၊ တစ်တွဲစီ ပေါ်လာပြီး၊ ပေါ်လာပြီး ပျောက်ပျောက်သွားတဲ့ သဘောတွေကို သိသိပြီးလာတယ်ဆိုလို့ ရှိရင်ဖြင့် ဒါဟာ အနိစ္စသညာထင်တာပဲ။

အနိစ္စဆိုတာ ဘာလဲဆိုလို့ ရှိရင်ဖြင့် သူ့အလိုလို ဖြစ်ပေါ် ပျောက်ပျက် ပြီးတော့ နေတဲ့ခန္ဓာငါးပါးက အနိစ္စတရား၊ မျက်စိနဲ့အဆင်း ဆုံတိုင်း၊ နားနဲ့ အသံ ဆုံတိုင်း၊ နှာခေါင်းနဲ့အနံ့ ဆုံတိုင်း၊ လျှာနဲ့အရသာ ဆုံတိုင်း၊ ကိုယ်နဲ့ တွေ့ထိစရာ ဆုံတိုင်း၊ စိတ်နဲ့တွေးစရာအာရုံနဲ့ ဆုံတိုင်း အဲဒီလို [illegible]

ဆုံတိုင်း သူ့ဟာသူ ပေါ်ပြီး ပျောက်၊ ဖြစ်ပြီးပျက်နေတဲ့ သဘောတရားသည် အနိစ္စတရား၊ ဘာတရားလဲ။ "အနိစ္စတရားပါဘုရား"

"ဟုတ္တာ အဘာဝတောအနိစ္စံ"တဲ့ ဖြစ်ပေါ်လာပြီးနောက် ကွယ်ပျောက်သွားတာသည် အနိစ္စလက္ခဏာ၊ ဖြစ်ပေါ်ပြီး ပျောက်ကွယ်သွားတဲ့ သဘောသည် ဘာလဲ။

"အနိစ္စလက္ခဏာပါ ဘုရား"

အော်– အနိစ္စဆိုတာ ပေါ်ပြီး ပျောက်သွားလို့ အဲဒါ အနိစ္စခေါ်တယ်၊ ပေါ်ပြီး ပျောက်သွားတာဟာ အနိစ္စခေါ်တယ်လို့ မှတ်ထားလိုက်တယ်၊ အဲဒီ အနိစ္စလို့ သိကြောင်းပေါ်ပြီး ပျောက်သွားတဲ့သဘောသည် အနိစ္စလို့ သိကြောင်း အမှတ်လက္ခဏာပဲ။

အဲဒီအမှတ်လက္ခဏာ ရှိတဲ့အတိုင်း တရားအလုပ် အားထုတ်ပြီး သီလ ဝိသုဒ္ဓိ ဖြစ်လာပြီး သမာဓိတွေ ကောင်းလာပြီး ကောင်းလာတဲ့အခါကျတော့ "ဘာပေါ်ပေါ် မှတ်လိုက်ရင် ပျောက်သွားတာ၊ မှတ်လိုက်ရင် ပျောက်သွားတာ" တင်ပါးနဲ့ ကြမ်းနဲ့ထိတဲ့ နေရာလေးက ပူတယ် ဆိုပါတော့၊ အဲဒီ ပူလာတာ သည် ပေါ်လာတာပဲ၊ ဒီပူလာတဲ့ သဘောလေး ပြောရမယ်ဆိုရင် ပူနေတာ သည် တေဇောရုပ်၊ ပူလို့ အခံခက်တာက ဒုက္ခဝေဒနာ၊ ပူရှံသက်သက်ကလေး ကတော့ တေဇောရုပ်၊ အဲဒီတေဇောရုပ်ကလေးကို ပူတယ်၊ပူတယ်လို့ ယောဂီက မှတ်၊ မှတ်ရင်းမှတ်ရင်း ပူတာလေးက ဘာဖြစ်သွားတုံး၊ ပျောက်သွားတယ်၊ ရှိသေးလား။ "မရှိပါဘုရား"

ရှုမှတ်ဆဲမှာ၊ ပေါ်လာပြီးနောက် ပျောက်သွားတာကို သိရ၍ မမြဲလို့ သိတာက အနိစ္စာနုပဿနာဉာဏ်။

ရှုမှတ်ရင်း တန်းလန်း ပေါ်လာတာလေးကို မှတ်နေလို့၊ ပျောက်သွားတာ ကို တွေ့တဲ့အတွက် သြော်– ဒါ မမြဲဘူးလို့ ဆုံးဖြတ်ချက် ချနိုင်တဲ့ ဉာဏ် သည် ဘာဉာဏ်လဲ၊ အနိစ္စာနုပဿနာဉာဏ်၊ မရှုတဲ့လူ သိနိုင်ပါ့မလား။

"မသိနိုင်ပါဘုရား"

မရှုသေးခင်က သိတယ်ဆိုတာဟာ သုတမယပညာ၊ ရှုပြီး သိတာ ဘာဝနာမယပညာ၊ အဲဒီလိုရှုမှတ်ဆဲ ယောဂီမှာ ပေါ်လာပြီးနောက် ပျောက်သွား ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်။

အဲဒီ အနိစ္စာနုပဿနာဉာဏ် ရှုနေတဲ့ ယောဂီကို အနိစ္စာနုပဿီပုဂ္ဂိုလ်လို့ ခေါ်တယ်၊ "အနိစ္စမြင်ရင်၊ ဒုက္ခထင်သည်၊ ဒုက္ခထင်တော့ အနတ္တ မြင်သည်၊ အနတ္တမြင်၊ နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်။ နိဗ္ဗာန် မြင်က၊ အပါယ်မှ၊ မုချ လွတ်တော့သည်"လို့ ဆိုတဲ့အတိုင်း ဒီအနိစ္စသညာတွေ၊ ဒုက္ခသညာတွေ၊ အနတ္တသညာတွေ၊ အနိစ္စာနုပဿနာဉာဏ်တွေ၊ ဒုက္ခာ နုပဿနာဉာဏ်တွေ၊ အနတ္တာနုပဿနာတွေ ပြည့်စုံလာပြီ ဆိုလို့ရှိရင်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို ရသွားနိုင်တယ်၊ ဝိပဿနာဉာဏ်တွေ အစုံအလင် ပြည့်စုံ အားကောင်းနေရင် ဘာကို ရနိုင်တယ်။

"နိဗ္ဗာန်ကို ရနိုင်ပါတယ် ဘုရား"

ကဲ- နိဂုံးချုပ်တော့မယ်၊ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း၊ ဣန္ဒြေညီညွတ်ရေး တရားကို နာကြားရတဲ့ ကုသိုလ် စေတနာတို့ကြောင့် ဤတရားတော်လာ အတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည် ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

# သုဖြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၁)

### စကားဦး

ဒီသုဖြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် ကောဒသမပိုင်းဟာ ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁-ရက်နေ့တွင် ရန်ကုန် မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ် ဓမ္မာရုံကြီး၌ မဟာစည်ရဟန်းရှင်လူ ယောဂီ သူတော်စင်များအား ဟောကြားတဲ့ တရားတော် ဖြစ်ပါတယ်။

### ပခုက္ကူမှူ- သုတ်မဟာဝါ အဋ္ဌကထာနိဿယ

### ပဏာမ ဘုရားရှိခိုး

ဒီတရားပွဲတွင် ပခုက္ကူမြို့၊ မဟာဝိသုတာရာမတိုက် အဂ္ဂမဟာပဏ္ဍိတ ကျေးဇူးရှင် ဘဒ္ဒန္တနန္ဒဝံသ ဆရာတော်ဘုရားကြီး၏ ဒီဃနိကာယ် သုတ်မဟာဝါ အဋ္ဌကထာ နိဿယစာအုပ် ပဏာမ ၂-ဂါထာကို ရွတ်ဆို ဘုရားရှိခိုပါဦးမယ်။

၁။ ယော ဘာသိတွာန သဒ္ဓမ္မံ၊ ဂမ္ဘိရံ ဒုန္နယံ ဝရံ။
ဒီဃဒဿီ စိရကာလံ၊ ပတိဋ္ဌာပေသိ သာဓုကံ။

၂။ ဝေနေယျေ္ဗ္ဗာ သယေဆေကံ၊ မဟာဒယံ မဟာမတိံ၊
သဗ္ဗေ အာစရိယေ သာဓု၊ သံဃံ ဂါရဝဘာဇနံ။

၁။ ဒီဃဒဿီ- ကာလမြင့်တည် ကောင်းကြောင်းရည်၍ အရှည်ကို မြင်ခြင်းအလေ့ ရှိတော်မူသော၊ ယောဘဂဝါ- အကြင် ကိလေသာ နက်ကြုတ်

သဘက်ယုတ်ကို ဖျက်ဖြုတ် ချိုးဖဲ့ ဖျက်ဆီးတော်မူသော မြတ်စွာဘုရားသည်၊ ဂမ္ဘီရ- ဓမ္မ, အတ္ထ,ဒေသနာ, ပဋိဝေဓအားဖြင့် နက်နဲသော၊ ဒုန္နယ- သိခြင်းငါ ခဲယဉ်းသော၊ ဝရ- တောင့်တအပ်မြတ်သော၊ သဒ္ဓမ္မ- သူတော်ကောင်းတို့၏ ဥစ္စာဖြစ်သော ပရိယတ္တိ၊ ပဋိပတ္တိ၊ ပဋိဝေဓ တရားတော်ကို၊ ဘာသိတွာန- လေးဆယ့်ငါးဝါ မြင့်ရှည်ကြာအောင် ကောင်းစွာဟောတော်မူပြီး၍၊ သာဓုကံ- ကျင့်သုံးသူခပဲ ဆင်းရဲကင်းပြတ် ချမ်းသာတတ်သည်၊ ကောင်းမြတ်သော သာသနာတော်ကို၊ စိရကာလံ- ငါးထောင်သာသနာ မြင့်ရှည်ကြာအောင်သော ကာလပတ်လုံး၊ သာဓုကံ- ပတိဋ္ဌာပေသိ၊ ကောင်းကျိုးများတွေ ရကြလေအောင် တည်စေတော်မူခဲ့ပေပြီ။

၂။ ဝေနေယျရွှာသယေ- ဆုံးမထိုက်စွာ သတ္တဝါ၏ နှစ်ဖြာယုတ်မြတ် အလို အစျာသယဓာတ်၌၊ ဆေက-ပြိုင်ဖက်မပေါ် လိမ္မာတော်မူသော၊ မဟာဒယ- ကြီးကျယ်များမြတ် ပူဇော်အပ်သော အသာဓာရဏ ကရုဏာ ရှိတော်မူသော၊ မဟာမတိ-ကြီးကျယ်များမြတ် ပူဇော်အပ်သော အရဟတ္တမဂ္ဂ ပညာ သဗ္ဗညုတ ပညာ ရှိတော်မူသော၊ သသဒ္ဓမ္မသံဃ-ဆယ်ပါးသော သူတော်ကောင်းတို့၏ တရား, ရှစ်ပါးသော အရိယာသံဃာနှင့်တကွ ဖြစ်တော်မူသော၊ ဂါရဝဘာဇနံ၊ အလေးပြုတတ်သော ပုဂ္ဂိုလ်တို့၏ ဥစ္စာဖြစ်သော သီလ, သမာဓိ, မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ ပစ္စဝေက္ခဏာဉာဏ်တို့၏ဆရာ ဖြစ်တော်မူသော၊ တံဘဂဝန္တံ၊ ထိုကိလေသာ နက်ကြုတ် သဘက်ယုတ်ကို ဖျက်ဖြုတ် ချိုးဖဲ့ ဖျက်ဆီးတော်မူတတ်သော မြတ်စွာဘုရားကို၊ အဟံ- အကျွန်ုပ်သည်၊ နမာမိ- ဘယ,လာဘ, သမ္မောဟနှင့် ကုလအာစာ မိစ္ဆာကျင့်ရိုး မဖြော်ကိုးဘဲ ဖြောင့်ရိုးမှန်ယူ ကြည်ဖြူသဒ္ဓါ ကံသုံးဖြာဖြင့် ရိုသေညွတ်ကျိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

"သာဓု၊ သာဓု၊ သာဓု"

## သုဗြဟ္မာနတ်သား၏ လျှောက်ထားချက်

သုဗြဟ္မာနတ်သားဟာ ကိုယ်နဲ့ ချစ်ခင်တဲ့ နတ်သမီးငါးရာ ငရဲရောက်သွားတာတွေ့လို့ စိုးရိမ်ပင်ပန်းမှုက ဖြစ်ပေါ်ပြီးသား ပင်ပန်းမှု၊ ကျန်တဲ့ နတ်သမီးငါးရာနဲ့ သူပါ နောက် ၇-ရက်ကြာရင် သေပြီးတော့ အဲဒီလို ငရဲရောက်ရဦးမယ်ဆိုတာ သိတဲ့အတွက် မဖြစ်ပေါ်သေးတဲ့ ပင်ပန်းမှု၊ အဲဒီ

ပင်ပန်းမှုနှစ်ခု ဖြစ်နေတဲ့အတွက်ကြောင့်"တပည့်တော်ဟာ စိတ်တွေ ခြောက်ခြား တုန်လှုပ်ပြီးတော့ ကြောက်ရွံ့နေတဲ့အတွက်ကြောင့် တကယ်လို့ ကြောက်ရွံ့ကင်းတဲ့ တရားများ ရှိရင် ပေးတော်မူပါ မြတ်စွာဘုရား"လို့၊ သုဗြဟ္မာနတ်သားက ဒီလိုလျှောက်ထားပါတယ်၊ အဲဒီတော့ မြတ်စွာဘုရားက–ဒီလို ဟောကြားတယ်။

## ဘုရားဟောတရား

နာညတြ ဗောဇ္ဈာတပသာ၊ နာညတြိန္ဒြိယသံဝရာ၊
နာညတြ သဗ္ဗနိဿဂ္ဂါ၊ သောတ္ထိံ ပဿာမိ ပါဏိနံ။

သုဗြဟ္မာနတ်သားတဲ့၊ ဗောဇ္ဈင် ၇–ပါး အကျင့်တရားတွေကို ချန်ထားပြီးတော့ သတ္တဝါတွေရဲ့ ချမ်းသာကြောင်းကို ငါဘုရား မြင်တော်မမူဘူး၊ ချမ်းသာချင်တယ် ကြောက်ရွံ့ကင်းချင်တယ်ဆိုရင် ဗောဇ္ဈင် ၇–ပါး တရားကျင့်ပွားရမယ်၊ တပ–ခေါ်တဲ့ ဓုတင် ၁၃–ပါး အကျင့်တရားတွေ ဝီရိယတရားတွေကို ချန်ထားပြီးတော့ သတ္တဝါတွေရဲ့ ချမ်းသာကြောင်းကို ငါဘုရား မြင်တော်မမူဘူး၊ ချမ်းသာချင်တယ်၊ ကြောက်ရွံ့ကင်းချင်တယ်ဆိုရင် ဓုတင် ၃–ပါး တရားတွေကို ကျင့်ပွားကြရမယ်၊ နောက်ပြီးတော့ ဣန္ဒြေ ၆–ပါး၊ တံခါး ၆–ပေါက်ကို လုံအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်းဆိုတဲ့ ဣန္ဒြိယ သံဝရ သီလတရားတွေကို ကြဉ်ဖယ်ထားပြီးတော့ သတ္တဝါတွေရဲ့ ချမ်းသာကြောင်းကို ငါဘုရား မြင်တော်မမူ၊ ချမ်းသာချင်ကြတယ်ဆိုရင်ဖြင့် ဣန္ဒြေ၆ -ပါး၊ တံခါး ၆–ပေါက်ကို စောင့်သုံးခြင်းဆိုတဲ့ ဣန္ဒြိယသံဝရ တရားတွေကို ကျင့်ပွားရမယ်၊ အလုံးစုံသော ဝဋ်ဆင်းရဲက လွတ်ကင်းရာဖြစ်တဲ့၊ နိဗ္ဗာန်ကို ချန်ထားပြီး သတ္တဝါတွေရဲ့ ချမ်းသာကြောင်း၊ အကြောက်အရွံ့ ကင်းကြောင်း မရှိဘူးတဲ့၊ ကြောက်ရွံ့ကင်းချင်တယ်၊ ချမ်းသာချင်တယ် ဆိုရင်ဖြင့် နိဗ္ဗာန် ရောက်အောင် တရားကျင့်ပွားရမယ်၊ဘုရားက ဒီလိုဟောတယ်၊ အနက်အဓိပ္ပာယ် နှင့်တကွ အကျယ်ဟောလာခဲ့တာ ဆယ်ကြိမ်တောင် ရှိလာပါပြီ၊ အဲဒီမှာ ဗောဇ္ဈင်(၇)ပါး အကျင့်တရားတွေ ကျင့်ရင် ကြောက်ရွံ့ကင်းနိုင်တယ်၊ ချမ်းသာနိုင်တယ်လို့ ဟောတဲ့အပိုင်း ရောက်လာပြီ၊ ကဲ ဆိုကြည့်ရအောင်–

သစ္စာလေးပါး သိသူ၏အကြောင်းအင်္ဂါကို ဗောဇ္ဈင်ဟု ခေါ်သည်၊
သစ္စာလေးပါး သိမှု၏ အစိတ်အပိုင်းကိုလည်း ဗောဇ္ဈင်ဟု ခေါ်သည်၊

သစ္စာလေးပါး သိမှု၏အစိတ်အပိုင်းလဲ ဗောဇ္ဈင်၊ သစ္စာလေးပါးသိသူ၏ အကြောင်းအင်္ဂါလဲ ဗောဇ္ဈင်၊ သစ္စာလေးပါး သိပြီး အရိယာ ဖြစ်ချင်တယ်ဆိုရင် ဗောဇ္ဈင်တရားတွေနဲ့ ပြည့်စုံအောင် အားထုတ်ရမယ်၊ မဂ်ဉာဏ် ဖိုလ်ဉာဏ်ရချင်တယ်ဆိုရင်လဲ ဒီဗောဇ္ဈင်တရားတွေကို ကျင့်ပွားရမယ်။

အဲဒီဗောဇ္ဈင်က ဘယ်နှစ်ပါးရှိသလဲ ဆိုရင် သတိသမ္ဗောဇ္ဈင်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယ သမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်၊ သမာဓိ သမ္ဗောဇ္ဈင်၊ ဥပေက္ခာသမ္ဗောဇ္ဈင်လို့ ဗောဇ္ဈင် (၇)ပါး ရှိတယ်၊ အခု ဘုန်းကြီး ဟောလာခဲ့တာ ဗောဇ္ဈင် ၇–ပါးအနက်က သတိသမ္ဗောဇ္ဈင်ပြီးသွားပြီ၊ သတိ သမ္ဗောဇ္ဈင်ရဲ့နောက် ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို ဟောလာတယ်။

## ဓမ္မဝိစယသမ္ဗောဇ္ဈင်ဆိုတာ

"ရုပ်နာမ်ခွဲခြမ်း၊ စူးစမ်းသိသည်"ဆိုတဲ့ အတိုင်း ဒွါရနဲ့ အာရုံဆုံတဲ့ အခါ ပေါ်ပြီး ပျောက်တဲ့ တရားတွေကို ရှုမှတ်တဲ့ ယောဂီပုဂ္ဂိုလ်၊ အဲဒီပုဂ္ဂိုလ်ဟာ အရှုခံ ဖောင်းတဲ့ တရားလေးက ရုပ်တရားပဲ၊ ရှုဉာဏ် ဖောင်းတယ်လို့ မှတ်တဲ့ တရားက နာမ်တရားပဲလို့ အဲဒီလို ရုပ်နဲ့ နာမ် ကွဲပြားပြီးတော့ မသိဘူးလား။

"သိပါတယ်ဘုရား"

အရှုခံပိန်တဲ့ ဝါယောဖောဋ္ဌဗ္ဗရုပ်ကလေးက ရုပ်တရား၊ ပိန်တယ်လို့ သိတဲ့ အသိဉာဏ်တရားလေးက နာမ်တရား၊ အဲဒီလိုကော မသိဘူးလား။

"သိပါတယ် ဘုရား"

မျက်စိနဲ့ အဆင်းဆုံလို့ မြင်ရင် မျက်စိနဲ့ အဆင်းက ရုပ်တရား၊ မြင်သိတာက နာမ်တရား၊ နားနဲ့ အသံနဲ့ ဆုံရင် ကြားသိတဲ့အခါ နားနဲ့ အသံက ရုပ်တရား ၊ ကြားသိတာက နာမ်တရား စသည် စသည်အားဖြင့်ပေါ့လေ၊ သွားချင် ရပ်ချင် ထိုင်ချင်၊ လျောင်းချင်တာက နာမ်တရား၊ သွားတာ– ရပ်တာ– ထိုင်တာ– လျောင်းတာက ရုပ်တရား၊ သွားတာ–ရပ်တာ–ထိုင်တာ– လျောင်းတာကို သိတာက နာမ်တရား၊ အဲဒီလို ရုပ်နဲ့နာမ်တွေကို ခွဲခြမ်းပြီးတော့ သိတာဟာ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်တယ်။

နောက်ပြီးတော့ ဖောင်းတယ်၊ ပိန်တယ်၊ မှတ်ရင်း တောင့်တင်းမှု၊ လှုပ်ရှားမှု၊ ရွေ့သွားမှု၊ ဝါယောဓာတ်ရဲ့ သဘောမှန်တွေကို မသိဘူးလား။

"သိပါတယ် ဘုရား"

ထိုင်တယ်လို့ မှတ်လို့ရှိရင် တောင့်ပြီးတော့ ထောက်ကန်ထားတဲ့ သဘော၊ ရပ်တယ်လို့ မှတ်ရင် တောင့်တင်းပြီးတော့ ထောက်ကန်ထားတဲ့ သဘော၊ ဒီဝါယောဓာတ်ကိုကော မသိဘူးလား။ "သိပါတယ် ဘုရား"

အေး- ထိုင်တဲ့အခါ၊ စကြံသွားတဲ့အခါ၊ တင်ပါးနဲ့ ကြမ်းနဲ့ ထိတဲ့အခါ ခြေဖဝါးနဲ့ ကြမ်းနဲ့ ထိတဲ့အခါ၊ မာခြင်း၊ ပျော့ခြင်း၊ နူခြင်း၊ ကြမ်းခြင်း ဆိုတဲ့ သဘောလေးတွေဟာ ပထဝီဓာတ်ရဲ့ သဘောမှန်ပဲလို့ မသိဘူးလား။

"သိပါတယ်ဘုရား"

နောက်ပြီးတော့ ပူတာ၊ အေးတာ၊ နွေးတာ၊ ခန္ဓာကိုယ်မှာလာပြီးတော့ ကာယနဲ့ ဖောဋ္ဌဗ္ဗဆုံတဲ့အတွက်ကြောင့် ပူမှု၊ အေးမှု၊ နွေးမှုဆိုတဲ့ သဘော မှန်တွေကိုကော မသိရဘူးလား။ "သိရပါတယ်ဘုရား"

အဲဒါလဲ ဓမ္မဝိစယသမ္ဗောဇ္ဈင်တွေပဲ။

နောက်ပြီးတော့ ခန္ဓာကိုယ်ကြီး ကြီးလာတာ၊ ချွေးတွေ ယိုစီးလာတာ၊ မျက်ရည်တွေ ကျလာတာ၊ နှာရည်တွေ ကျလာတာ၊ ကြိုးနဲ့ တုပ်ထားသလို ကြပ်လာတာ၊ အသက်ရှူလို့တောင် မရတော့ဘူးလို့ ဖြစ်လာတာ၊ ဒီသဘောတွေ ဟာ အာပေါဓာတ်ရဲ့ လွန်ကဲမှုဆိုတဲ့ ဖွဲ့စည်းမှုသဘောမှန်တွေပဲ၊ သဘောမှန် သိလာတာကို ဓမ္မဝိစယသမ္ဗောဇ္ဈင် ခေါ်တယ်။

အေး-ပူတော့ တစ်မျိုး၊ အေးတော့ တစ်မျိုး၊ လောဘဖြစ်တော့တစ်မျိုး၊ ဒေါသဖြစ်တော့ တစ်မျိုး၊ စားရတော့ တစ်မျိုး၊ မစားရတော့ တစ်မျိုး စသည် အားဖြင့် ရုပ်တွေဟာ အမျိုးမျိုး ဖောက်ပြန်ပြီးနေတဲ့ သဘောတွေသည် ရုပ် သဘောပဲလို့ ဆိုတာကော မသိဘူးလား။ "သိပါတယ်ဘုရား"

နောက်ပြီးခါကျတော့ စိတ်က အာရုံဆီကို သွားတာ၊ ညွတ်ညွတ်ပြီးတော့ သွားတာ၊ လူက ဓမ္မာရုံထဲ ထိုင်နေပေမယ့်လို့ စိတ်က အိမ်ဆီသွား-သွားနေ တဲ့ သဘောသည် နာမ်တရား၊ လူက ထိုင်ပြီးတော့ ရှုမှတ်ပြီးတော့ နေသော်လဲပဲ ဈေးတွေ ဘာတွေထဲ လျှောက်ပြီးတော့ သွားနေတဲ့ စိတ်သဘောသည် နာမ် တရား၊ လူက ဒီမှာထိုင်ပြီးတော့ အိမ်ကရှိတဲ့လူတွေ အိမ်ကရှိတဲ့ ပစ္စည်းတွေ၊

ဈေးက ရှိတဲ့ အရာဝတ္ထုတွေကို ကိုယ်တရားထိုင်နေတဲ့ ရှေ့တည့်တည့်ကို စိတ်နဲ့ ညွှိ့ယူပြီးတော့ ကြည့်တဲ့ သဘောကလဲပဲ နာမ်တရားပဲ၊ ဘာပါလိမ့်။

"နာမ်တရားပါ ဘုရား"

ကိုယ့်ရှေ့မှာရောက် ရောက်မလာဘူးလား။

"ရောက်လာပါတယ် ဘုရား"

တစ်ခါတလေ တကယ်များ ရောက်လာသလားလို့ မျက်စိဖွင့်ကြည့်တဲ့ လူက ရှိသေးတယ်နော်၊ အေး– ထားလိုက်ပါတော့၊ အဲဒါနာမ်ရဲ့ သဘောမှန်၊ ရုပ်ရဲ့ သဘောမှန်၊ ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောဓာတ်တွေရဲ့သဘောမှန်၊ အဲဒီသဘောမှန်တွေ ထင်ရှားစွာ သိတာကိုလဲ ဓမ္မဝိစယ သမ္ဗောဇ္ဈင် ခေါ်တယ်၊ ဘာခေါ်တုံး။ "ဓမ္မဝိစယသမ္ဗောဇ္ဈင် ခေါ်ပါတယ် ဘုရား"

အဲဒီရုပ်တရား၊ နာမ်တရား၊အကြောင်းရော၊ အကျိုးတရားရော တစ်စုံ၊ တစ်စုံ ဖြစ်ပြီးပျက်–ပျက်သွားတယ်၊ နှိပ်စက်နေတယ်၊ အတ္တကောင်၊ ငါကောင် မဟုတ်ဘူးလို့ အနိစ္စ– ဒုက္ခ– အနတ္တဆိုတဲ့ သဘောမှန်တွေကိုလဲ မတွေ့မဝေ၊ ရှင်းရှင်းလင်းလင်း ကွက်ကွက်ကွင်းကွင်း မတွေ့ရဘူးလား။

"တွေ့ရပါတယ်ဘုရား"

အဲဒါ ဓမ္မဝိစယသမ္ဗောဇ္ဈင်ခေါ်တယ်။

* မေးမြန်းသန့်စင်၊ ညီမျှယှဉ်၊ ထိုတွင် စိတ်ညွတ်ရာ။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ချင်တယ် ဆိုလို့ရှိရင်ဖြင့် မေးမြန်းသင့်တဲ့ တရားတွေကို မေးမြန်းပြီး မှတ်ထားရမယ်၊ ဉာဏ်ဖြစ်ချင်တယ်ဆိုတဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်ဖြစ်ကြောင်း တရားတွေကို သိထားဖို့လိုတယ်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဉ်ဆိုတဲ့ သဘောတွေက ခန္ဓာငါးပါး ဒွါရနဲ့ အာရုံဆုံတဲ့အခါ ဖြစ်ပေါ်ပျောက်ပျက်နေတဲ့ တရားတွေဟာ ခန္ဓာငါးပါးတွေပဲလို့ ဘုန်းကြီးတွေ ဟောတာ အကြိမ်ကြိမ် ကြားပြီးသားတွေ။

**မြင်တဲ့အခါ ခန္ဓာငါးပါးဖြစ်**

မြင်တယ်ဆိုရင်ဖြင့် မျက်စိနဲ့ အဆင်းကရုပ်၊ မြင်ကောင်း– မကောင်းက ဝေဒနာက္ခန္ဓာ၊ ဖြူနီကြောင်ကြား မှတ်ထားလိုက်တာက သညာက္ခန္ဓာ၊ မြင်အောင် ကြောင့်ကြစိုက်ကြည့်တာက သင်္ခါရက္ခန္ဓာ၊ မြင်တယ်လို့ သိတာက ဝိညာဉ်ရယ်လို့

နာမ်ခန္ဓာ(၄)ပါး၊ ရုပ်တရား(၁)ပါး၊ မြင်တဲ့အခါ ခန္ဓာငါးပါး ဖြစ်သွားသလို ကြားတဲ့အခါ၊ နံတဲ့အခါ စားတဲ့အခါ တွေ့ထိတဲ့အခါ စိတ်ကူးစဉ်းစား ကြံစည်တဲ့အခါမှာလဲ မဖြစ်ဘူးလား။ "ဖြစ်ပါတယ် ဘုရား"

အဲဒီလို ဖြစ်နေတဲ့ တရားတွေဟာ ခန္ဓာငါးပါး တရားတွေပါပဲလို့ သိထားဖို့ မလိုဘူးလား။ "လိုပါတယ်ဘုရား"

တရားရှုမှတ်ပြီး ဒါတွေတွေ့တော့ သြော်–ခန္ဓာပေါ်တာကိုးလို့ ဉာဏ်နဲ့ မဆုံးဖြတ်နိုင်ဘူးလား။

"ဆုံးဖြတ်နိုင်ပါတယ် ဘုရား"

ဆုံးဖြတ်ပြီး သိရတယ်ဆိုရင်ဖြင့် ဘာသမ္မောဇ္ဈင် ခေါ်မလဲ။

"ဓမ္မဝိစယသမ္မောဇ္ဈင်ခေါ်ပါတယ် ဘုရား"

## ဓာတ် ၁၈–ပါး

သြော်–မျက်စိ၊ နား၊ နှာခေါင်း၊ လျှာ၊ ကိုယ်၊ စိတ်ဆိုတာက အတွင်းအာယတနခြောက်ပါး၊ အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ၊ စိတ်ကူးစရာအာရုံတွေက အပြင်အာယတနခြောက်ပါး၊ ဘာလို့ အာယတန ခေါ်တာတုံး၊ ချဲ့ထွင်တတ်လို့ အာယတန ခေါ်တယ်။

နောက်ပြီးတော့ မျက်စိကလဲ ဓာတ်တစ်မျိုး၊ အဆင်းကလဲ ဓာတ်တစ်မျိုး၊ မျက်စိနဲ့အဆင်း ဆုံသောကြောင့် ပေါ်လာတဲ့ သိမြင်မှုကလဲ ဓာတ်တစ်မျိုး၊ စက္ခုဓာတ်၊ ရူပဓာတ်၊ စက္ခုဝိညာဏဓာတ်၊ မျက်စိပေါက်နဲ့ ပတ်သက်ပြီးတော့ ဘယ်နှစ်မျိုးလဲ။

"၃–မျိုးပါဘုရား"

ကျန်တဲ့ ဒွါရတွေကလဲ ဓာတ် ၃–မျိုးဆိုရင် (၆)သုံးလီ အဲဒါကို ဓာတ်တစ်ဆယ့်ရှစ်ပါးလို့ ခေါ်တယ်၊ အဲဒီ ဓာတ်သဘောတွေကိုလဲပဲ သိထားဖို့လိုတယ်။

အတွင်း အာယတနခြောက်ပါး ဆိုတာက အခံဓာတ် ခြောက်ပါး၊ အပြင်အာယတန ခြောက်ပါးဆိုတာက အတိုက်ဓာတ် ခြောက်ပါး၊ ဝိညာဏဓာတ် ခြောက်ပါးဆိုတာက အပွင့်ဓာတ် ခြောက်ပါး၊ အခံဓာတ်နဲ့ အတိုက်ဓာတ်တွေ့ရင် ဘာဖြစ်တုံး၊ အပွင့်ဓာတ် ဖြစ်တယ်၊ မြင်တယ်၊ ကြားတယ်၊

နံ့တယ်စသည်ဖြင့် ဖြစ်တာတွေကတော့ ဘာတွေတုံး၊ အပွင့်ခာတ်တွေ၊ဒီခာတ် (၁၈)ပါးကိုလဲ သိထားဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"

ခမ္မဝိစယညာဏ် ဖြစ်ကြောင်းထဲမှာ ဒါပါတယ်၊ ဣန္ဒြေငါးပါး ဆိုတာ ကတော့ဖြင့် အခု ဟောနေတာပါပဲ၊ "သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာ၊ အစိုးရမှု ဤငါးခု ခေါ်ပြု ဣန္ဒြေပါ" ဆိုတဲ့အတိုင်း အဲဒီငါးပါးကို ဣန္ဒြေ ငါးပါးလို့ ခေါ်တယ်၊ အဲဒီငါးပါးကိုပဲ ဆန့်ကျင်ဘက်ကိလေသာတွေကို ပယ် ဖျက်ရာမှာ မတုန်လှုပ်တဲ့အနက်ကြောင့် ဗိုလ်လို့လဲ ခေါ်တယ်။

မဂ္ဂင်ရှစ်ပါးကော ခဏခဏ မကြားဖူးဘူးလား။

"ကြားဖူးပါတယ်ဘုရား"

နောက်ပြီးတဲ့အခါကျတော့ ဈာန်တရား"ရှုးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန် ဟု ခေါ်ဝေါ်သည်" ရှုးစိုက်ပြီး ထက်ရှုတဲ့ သဘောသည် ဘာတဲ့လဲ။

"ဈာန်ပါဘုရား"

"တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန် ခေါ်သည်" အာရုံတစ်ခုတည်း စိတ်ကလေး ငြိမ်နေအောင် ရှုတာက ဘာလဲ၊ သမထဈာန်။

"လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿဈာန်ခေါ်သည်" လက္ခဏာသုံးရပ် အနိစ္စ၊ ဒုက္ခ၊ အနတ္တကွဲပြားအောင် သိအောင် ရှုတဲ့ တရားသည် ဝိပဿနာဈာန်၊ အဲဒီတော့ ဈာန်ကိုလဲ သိရမယ်၊ ဝိပဿနာကိုလဲ သိရမယ်ဆိုတဲ့အတိုင်း အခု သိမသွားဘူးလား။ "သိသွားပါဘုရား"

အဲဒီခန္ဓာ၊ အာယတန၊ ခာတ်၊ ဣန္ဒြေ၊ ဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ သမထ၊ ဝိပဿနာတရားတွေကိုလဲပဲ မေးမြန်းပြီးတော့ ထားရမယ်၊ ဟောတဲ့အခါ မှတ်သားပြီးတော့ ထားရမယ်၊ အဲဒီလိုသိထားမယ်ဆိုရင်ဖြင့် ဉာဏ် ဖြစ်ကြောင်း ခမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း အင်္ဂါတစ်ပါး။

"သန့်စင်မှုတဲ့"ဆဋ္ဌမပိုင်းမှာ အကျယ်ဟောခဲ့ပြီး ဖြစ်တဲ့အတွက် ဒီနေရာ မှာ ဆက်မဟောတော့ပါဘူး။

သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာဆိုတဲ့ ဣန္ဒြေငါးပါး ညီညွတ် ရမယ်၊ သဒ္ဓါနဲ့ပညာက တစ်တွဲ၊ ဝီရိယနဲ့သမာဓိက တစ်တွဲ၊ သဒ္ဓါလွန်ကဲပြီးတော့ နေမယ်ဆိုရင်လဲ ကျန်တဲ့ ဣန္ဒြေ နံ့ညံ့တဲ့အခါ ဉာဏ်ဖြစ်ပါ့မလား။

"မဖြစ်ပါဘုရား"

မဖြစ်ဘူး၊ ပညာလွန်ကဲပြီး ဝေဖန်မှုတွေက တအားကြီးပြီးတော့ ယုံကြည်မှုသဒ္ဓါ၊ လက်ခံမှုသဒ္ဓါတရားနဲ့ လက်တွေ့အားထုတ်မှုမရှိဘဲနဲ့ ဝေဖန်ဆန်းစစ်မှုချည်းပဲ များနေရင်ကော တကယ် အစစ်အမှန်ဉာဏ် ရပါ့မလား။

"မရပါဘုရား"

မရဘူး၊ အဲဒီတော့ သဒ္ဓါပညာ ချိန်ခွင်လျှာဟာ ကိုက်ညီရမယ်။

ဝီရိယနဲ့ သမာဓိ ညီမျှဖို့လိုတယ်၊ သမာဓိအား သိပ်ကောင်းလွန်းပြီးတော့ လွယ်လွယ်လေး သက်သက်သာသာလေး ဖောင်းတယ်၊ ပိန်တယ် ၂-မျိုးတည်း ဘယ်လှမ်းတယ်၊ ညာလှမ်းတယ် နှစ်မျိုးတည်းနဲ့ နေပြီးတော့ အလွယ်လိုက် လွန်းအားကြီးနေရင် သက်သာခိုလွန်းအားကြီးသွားတယ် ဆိုရမှာပေါ့လေ၊ အဲဒီကျရင်လဲ အာရုံတွေက မပီမသဖြစ်ပြီးတော့ ဒိုက်တာလား၊ ဘာဖြစ်တာလား မသိဘူး ဖြစ်သွားပြီးနော်၊ ဝီရိယတွေက များလွန်းအားကြီးတော့ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ်၊ ထိတယ် (၄)မျိုး မှတ်ရင် ကောင်းမလား၊ ဖောင်းတယ်၊ ပိန်တယ်၊ ထိုင်တယ် (၃)မျိုးလောက် မှတ်ရင် ကောင်းမလား၊ ဒါမှမဟုတ် နှစ်မျိုး မှတ်ရင် ကောင်းမလား၊ ဘယ်ဘက်စောင်းထိုင်ရ ကောင်းမလား၊ ညာဘက် စောင်းထိုင်ရကောင်းမလား၊ ကိုင်တာ တစ်နာရီလောက်တောင် ရှိသွားပြီ၊ စင်္ကြံလျှောက်ကြည့်ဦးမယ်။

အို- ငါ စင်္ကြံလျှောက်တာ ၁၅-မိနစ်ရှိပြီ၊ နောက်တစ်ခါ ပြန်ထိုင်လိုက်ဦးမယ်၊ တစ်ခါတည်း ကြောင့်ကြမှုတွေ သိပ်များပြီးတော့ ဘယ်လို လုပ်လို့ရှိရင် တရားမြန်မြန် ရပါ့မလဲ၊ ရတဲ့နည်းက ဘိုးဘိုးအောင်ဆီ သွားရမှာလား ဘာလားနဲ့ အဲလိုတွေ ဗျာများနေလို့ရှိရင်တော့ တရားရမလား။ "မရပါဘုရား"

ဝီရိယ လွန်ကဲရင်လဲပဲ သမာဓိ မဖြစ်တော့ ဉာဏ်မဖြစ်ဘူး၊ သမာဓိ လွန်ကဲတော့လဲ လွယ်လွန်းအားကြီးတော့ မှုံမှိုင်း- ထုံထိုင်းသွားတော့ ဉာဏ် မဖြစ်ဘူး၊ ဝီရိယနဲ့ သမာဓိ ဘာဖြစ်ရမယ်။

"ညီမျှရပါမယ် ဘုရား"

ညီမျှရမယ်၊ မြတ်စွာဘုရားက မဟော့မတင်း တရားအားထုတ်ဖို့ ညွှန်ကြားတဲ့အတွက် အရှင်သောဏ တရားရသွားတဲ့ဝတ္ထုလဲ နာခဲ့ရပြီ၊ သဒ္ဓါနဲ့ ပညာ ညီညွတ်ရမယ်၊ ဝီရိယနဲ့ သမာဓိ ညီညွတ်ရမယ်၊ အဲဒီတော့ သဒ္ဓါ၊

သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာ ဣန္ဒြေငါးပါး ဟောလာတာ သဒ္ဓါနဲ့ပညာ တစ်တွဲ၊ ဝီရိယနဲ့သမာဓိ တစ်တွဲဆိုတော့ ဘာကျန်နေလဲ။ သတိ- ယောဂီတွေ ဘာကျန်နေလဲ- "သတိပါ-ဘုရား"

**အဲဒီသတိက ဘာလဲဆိုရင်-**

သတိပန သဗ္ဗတ္ထ ဗလဝတီ ဝဋ္ဋတိ။ သတိ ဟိ စိတ္တံ ဥဒ္ဓစ္စပက္ခိကာနံ သဒ္ဓါ ဝီရိယ ပညာနံ ဝသေန ဥဒ္ဓစ္စ ပါတတော ကောသဇ္ဇ ပက္ခိကေ နစ သမာဓိနာ ကောသဇ္ဇ ပါတတော ရက္ခတိ။

ဗလဝတီ-အားရှိသော၊ သတိပန-သတိသည်ကား၊ သဗ္ဗတ္ထ- အလုံးစုံ တွန့်သောစိတ်၊ ပျံ့လွင့်သော စိတ်တို့၌၊ ဝဋ္ဋတိ-သင့်၏၊ ဟိသစ္စံ- မှန်၏၊ သတိ-သတိသည်၊ စိတ္တံ-စိတ်ကို၊ ဥဒ္ဓစ္စပက္ခိကာနံ-ပျံ့လွင့်ခြင်း အဖို့ ရှိကုန်သော၊ သဒ္ဓါဝီရိယပညာနံ- သဒ္ဓါဝီရိယ ပညာတို့၏၊ ဝသေန- အစွမ်းအားဖြင့်၊ ဥဒ္ဓစ္စပါတတော- ပျံ့လွင့်ခြင်း ဥဒ္ဓစ္စသို့ ကျခြင်းမှလည်းကောင်း၊ ကောသဇ္ဇပက္ခိကေန- ပျင်းရိခြင်းအဖို့ ရှိသော၊ သမာဓိနာ- သမာဓိကြောင့်၊ ကောစဇ္ဇပါတတောစ-ပျင်းရိခြင်း ကောသဇ္ဇသို့ ကျခြင်းမှလည်းကောင်း ရက္ခတိ- စောင့်၏။

သတိက စိတ်ကို စောင့်ရှောက်၏၊ သဒ္ဓါလွန်နေတဲ့ ပုဂ္ဂိုလ်ကလဲပဲ သတိထားရမှာပဲ၊ ပညာလွန်နေတဲ့ ပုဂ္ဂိုလ်ကလဲ သတိထားရမှာပဲ၊ ဝီရိယ လွန်နေတဲ့ ပုဂ္ဂိုလ်ကလဲပဲ သတိထားရမှာပဲ၊ သမာဓိ လွန်နေတဲ့ ပုဂ္ဂိုလ်ကလဲ သတိထားရမှာပဲ၊ သတိက အကုန်လုံးနဲ့ ပတ်သက်ပြီးတော့ မလိုအပ်ဘူးလား၊ အရေးမကြီးဘူးလား၊ အရေးကြီးတယ်၊ ကဲ- ဆိုကြည့်မယ်။

* သဒ္ဓါဝီရိ၊ ပညာရှိ၊ သတိကင်းက ပျံ့နိုင်သည်။
* သတိဆိုတာ၊ အားလုံးမှာ၊ မှန်စွာအားရှိသင့်ပါသည်။

## အရာရာတိုင်းကို သတိနဲ့ ထိန်းရမယ်

ယောဂီတစ်ယောက်ဟာ ရတနာသုံးပါးကို ယုံကြည်တယ်၊ ဘုရားကိုလဲ ကြည်ညိုတယ်၊ တရားကိုလဲ ကြည်ညိုတယ်၊ သံဃာကိုလဲ ကြည်ညိုတယ်၊ ကြည်ညိုတာ တစ်ခုတည်းနဲ့ ဉာဏ်ဖြစ်ပါ့မလား။

"မဖြစ်ပါဘုရား"

ကြည်ညိုလွန်းအားကြီးတော့ တရားအားထုတ်ရင်း ဘာလေး ကြည်ညိုရတာနဲ့၊ ဆွမ်းကျွေး ပြုလုပ်ချင်ရတာနဲ့၊ အိမ် ဖုန်းဆက်ပြီး ဘာမှာချင်ရတာနဲ့၊ ဘယ်တော့ အလှူလုပ်စရာကိစ္စတွေက ဒီထဲဝင်ရတာနဲ့ဆိုရင် သဒ္ဓါအားကြီးရင်လဲ စိတ်ဘာဖြစ်သလဲ၊ ပြန့်လွင့်တယ်၊ဆင်ခြင်မှုတွေ များတယ်။တကယ် အားထုတ်တဲ့ ဘာဝနာမယဉာဏ် မဟုတ်ဘဲနဲ့ ဉာဏ်ဖြစ် လမ်း ထင်ရတဲ့ ရှာမှုတွေပေါ့လေ၊ ကြံစည်မှု ဆင်ခြင်သုံးသပ်မှုတွေ များလွန်းနေလို့ရှိရင် ဘာဖြစ်တယ်၊ ပြန့်လွင့်တာပဲ။

အဲဒီတော့ သဒ္ဓါကလဲ ဥဒ္ဓစ္စဖြစ်ဖို့ နီးတယ်၊ ပညာကလဲ ဥဒ္ဓစ္စဖြစ်ဖို့ နီးတယ်၊ ဝီရိယကလဲ ဥဒ္ဓစ္စဖြစ်ဖို့ နီးတယ်၊ အဲဒီ ဥဒ္ဓစ္စမဖြစ်ရလေအောင် ဘယ်သူနဲ့ထိန်းထားရမယ်၊ သတိနဲ့ထိန်းထားရမယ်၊ သတိမဖျင်းစေနဲ့၊ သတိဖျင်းရင် ပြန့်သွားမယ်၊ ကဲ–ဆိုကြည့်မယ်။

သတိမပါ၊ သမာဓိဟာ၊ ပျင်းတာ ကောသဇ္ဇ ဝင်နိုင်သည်။

အင်း–သတိမပါ၊ သမာဓိဟာ ဖျင်းတာ ဝင်နိုင်သည်ဆိုလဲ ရပါတယ်၊ ကောသဇ္ဇဆိုတဲ့ ပါဠိလေး ခဏခဏကြားဖူးနေကြတာ ဘာသာပြန်က–

ဖျင်းတာဟာ ကောသဇ္ဇပဲ၊ ပျင်းတယ်ဆိုတာ သမာဓိနား ကပ်နေတယ်။ သမာဓိ လွန်သွားတော့ ထိနမိဒ္ဓ ဖြစ်သွားပြီး ပျင်းသွားရော၊ မှန်ရဲ့လား၊အေး–ဒါကြောင့် သမာဓိအား လွန်ကဲနေတဲ့ ပုဂ္ဂိုလ် မပီဝိုးဝါး အသိဉာဏ်တွေ မဖြစ်ဘဲနဲ့ ဖြစ်နေရင် ဘယ်သူနဲ့ ထိန်းရမလဲ။

"သတိနဲ့ ထိန်းရမှာပါဘုရား"

ကောင်းပြီ။ ကဲ–ဆို

သတိစောင့်က၊ ဥဒ္ဓစ္စ၊ ကောသဇ္ဇလဲ ပယ်နိုင်သည်။

## သတိပါမှ တရားရမယ်

အရှင်မဟာမောဂ္ဂလာန် သောတာပန်ဖြစ်ပြီးနောက် သကဒါဂါမ် အနာဂါမ် ရဟန္တာဖြစ်ဖို့အတွက် အားထုတ်တဲ့အခါ ဒီကောသဇ္ဇထိနမိဒ္ဓ ဝင်နေတဲ့အတွက် ငိုက်နေတဲ့အတွက် တရားမရနိုင်ဘဲ ဖြစ်နေလို့ ဘုရားက အငိုက် ပယ်ရှားနည်း (၇)ပါးကို လာဟောပြီးတော့ သတိထားဖို့ဟောတဲ့အတွက်

သတိနဲ့ ထိန်းပြီး မှတ်တဲ့အတွက် အရှင်မဟာမောဂ္ဂလာန်ရဟန္တာ ဖြစ်မသွားဘူးလား။

"ဖြစ်သွားပါတယ်ဘုရား"

## အငိုက်ပယ်ရှားနည်း (၇)မျိုး

၁။ သညာပြောင်းပေး၊ စာကြဲထွေး၊ ရွတ်ရေးနားဆွဲမြေ၊
၂။ မျက်နှာသစ်ရန်၊ အလင်းကြံ၊ စင်္ကြံလျှောက်ပါလေ၊
၃။ ငိုက်မျဉ်းပယ်ရှား၊ ခုနစ်ပါး၊ ဘုရားညွှန်ကြားပေ။

ဝက္ကလိ– ဘုရားကို ရုပ်ပုံတော်ကြီးတွင် ကြည်ညိုလွန်းအား ကြီးပြီးတော့ ဘုရားကို အရိပ်တကြည့်ကြည့် နေတာနဲ့ တရားမရနိုင်လို့ ဘုရားက နှင်ထုတ်လိုက်တော့၊ ဘုရားမဖူးရရင် ငါသေတော့မယ်ဆိုပြီးတော့ တောင်ထိပ်တက်ပြီး ခုန်ချမယ်လုပ်တော့မှ ဘုရားက ဘွားခနဲ ရောင်ခြည်တော်လွှတ်ပြီးတော့ တရားဟောလို့ ဉာဏ်ဖြစ်ပြီးတော့ သတိထားပြီး ကျင့်လို့ ရဟန္တာ ဖြစ်သွားတယ်။

အရှင်သောဏဟာ ခြေဖဝါးကတောင် မွေးညင်းပေါက်ပြီး နူးညံ့တဲ့ ပုဂ္ဂိုလ် တောထဲမှာသွားပြီး ဒလကြမ်း တရားအားထုတ်လိုက်တာ သူ လမ်းလျှောက်တဲ့ လမ်းကြီးတစ်ခုလုံး နွားသတ်ထားတဲ့ နေရာ ကျနေတာပဲ၊ သွေးတွေကို ရဲနေအောင် ခြေထောက်က ကွဲပြီးတော့ ထွက်နေတာ၊ အဲဒီလောက်ကြီး ပြင်းပြင်းထန်ထန် လုပ်တော့လဲ တရားမရနိုင်ဘူး ဆိုပြီး ဘုရားက တရားပြလို့ သတိထားပြီး ကျင့်တော့ ဘာရတယ်၊ တရားရတယ်၊ အဲဒီတော့ ဒီသတိဟာ အရာရာ သူပါမှ ပြီးတယ်၊ သူပါလို့ရှိရင် တရားရတယ်၊ သတိပါနေဖို့ အရေး မကြီးဘူးလား။

"ကြီးပါတယ်ဘုရား"

တသ္မာ သာ လောကာရုပနံ့ ဝိယ သဗ္ဗတ္ထ္ထိ နေသု၊ သဗ္ဗကမ္မိက အမစ္စော ဝိယ စ သဗ္ဗရာဇကိစ္စေသု သဗ္ဗတ္ထ ဣစ္ဆိတဗ္ဗာ။ တေနာဟ သတိစပန သဗ္ဗတ္ထိကာ ဝုတ္တာ ဘဂဝတာ။

တသ္မာ– ထို့ကြောင့်၊ သာ– ထိုသတိကို၊ သဗ္ဗတ္ထ္ထိနေသု– အလုံးစုံသော ဟင်းလျာတို့၌၊ လောကာရုပနံ့–ဆားငန်ခြင်းကို၊ ဝိ–ဆားသင့်ခြင်းကို၊ ဣစ္ဆိတဗ္ဗံ

ဝိယစ– အလိုရှိအပ်သကဲ့သို့ငှင်း၊ သဗ္ဗတ္ထရာဇေသု– အလုံးစုံသော မင်းရေးမင်းမှုတို့၌၊ သဗ္ဗကမ္မိကအမစ္စော–အလုံးစုံသောအမှု၌ ယှဉ်သောအမတ်ကို၊ ဣစ္ဆိတဗ္ဗာဝိယစ–အလိုရှိအပ်သကဲ့သို့ငှင်း၊ တထာ–ထို့အတူ၊ သဗ္ဗတ္ထ– အလုံးစုံတွန့်သောစိတ် ပျံ့လွင့်သော စိတ်အဖို့ရှိသော ငါးပါးသောဣန္ဒြေတို့၌၊ ဣစ္ဆိတဗ္ဗာ–အလိုရှိအပ်၏၊ တေန–ထို့ကြောင့်၊"သတိစပန သဗ္ဗတ္ထိကာ ဝုတ္တာ ဘဂဝတာ၊ ကိံ ကာရဏာ၊ စိတ္တံဟိသတိ ပဋိသရဏံ၊ အာရက္ခ ပစ္စုပဋ္ဌာနာ စ သတိ၊ န ဝိနာ သတိယာ စိတ္တဿ ပဂ္ဂဟ နိဂ္ဂဟော ဟောတီတိ" ဟောတိ– ဟူ၍၊ အာဟ–ရှေးအဋ္ဌကထာ၌၊ ဆရာ– ဆိုပါ၏။

သတိပန– သတိကိုကား၊ သဗ္ဗတ္ထိကာ– အလုံးစုံသော တွန့်သောစိတ်ပျံ့လွင့်သော စိတ်တို့၌ အလိုရှိအပ်၏ဟူ၍၊ ဝါ– အလုံးစုံ တွန့်သောအခါပျံ့လွင့်သောအခါတို့၌ ပွားစေအပ်သော ဗောဇ္ဈင်တရားတို့ကို အလိုရှိကြောင်းဟူ၍၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဝုတ္တာ–ဟောတော်မူအပ်၏။ ကိံကာရဏာ– အဘယ့်ကြောင့်နည်းဟူမူကား၊ ဟိယသ္မာ– အကြင်ကြောင့်၊ စိတ္တံ–ကုသိုလ်စိတ်သည်၊ သတိပဋိသရဏံ–သတိလျှင် လဲလျောင်းရာရှိ၏။ သတိ–သတိသည်၊ အာရက္ခပစ္စုပဋ္ဌာနာ–စောင့်ရှောက်အပ်သောတရားဟု ယောဂီဉာဏ်အား ရှေးရှုထင်၏၊ သတိယာ–သတိနှင့်၊ ဝိနာ–ကင်း၍၊ စိတ္တဿ– စိတ်ကို၊ ပဂ္ဂဟ နိဂ္ဂဟော–ချီးမြှင့်ခြင်း၊နှိပ်ချခြင်းသည်၊ နဟောတိ– မဖြစ်၊ တသ္မာ–ထို့ကြောင့်၊ သဗ္ဗတ္ထိကာ– အလုံးစုံသော အရာ၌ သတိအလို ရှိအပ်၏ဟူ၍၊ ဘဂဝတာ–မြတ်စွာဘုရားသည်၊ ဝုတ္တာ–ဟောတော်မူအပ်၏။

ဟင်းမှာ ဆားခတ်၊ မင်းအမတ်၊ လိုအပ်သလိုပါ။

အေး– ဟင်းအမျိုးမျိုး မြန်မာလူမျိုးများရဲ ဟင်းအမျိုးမျိုး၊ အခြားလူမျိုးခြားများရဲ့ ဟင်းအမျိုးမျိုး၊ ထမင်းနဲ့ စားတဲ့ ဟင်းတိုင်းမှာ ဆားဟာလိုအပ်နေပါသည်၊ ဆားမပါတဲ့ဟင်းသည် အရသာ မရှိဘူး၊ ဟင်းက ဘာပါမှ အရသာရှိတယ်။

"ဆားပါမှ အရသာရှိပါတယ်ဘုရား"

အဲဒါ သွေးတိုးသာ ဖြစ်ရင်တော့ ပြီးရော၊ အရသာမရှိတဲ့ ဟင်းတွေ–ထမင်းတွေ စားနေရတာနော်၊ အေး– ဒါကြောင့် ဆားဟာ ဟင်းတိုင်း၊ ဟင်းတိုင်းမှာ အလိုရှိအပ်တယ်၊ အချိုလေးချက်လဲ ဆားပါမှနော်၊ အချဉ်လေး

ချက်ရင်လဲ ဆားပါမှ၊ အဖန်လေးဆိုလဲ ဆားပါမှ၊ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး လေးဆိုရင်လဲ ဆားပါမှ၊ ရေတံသီးကြီး ထောင်းစားလဲ ဆားလေး ထည့်လိုက်မှ၊ ဆားပါမှ အရသာရှိတယ်။

အဲဒီတော့ ဟင်းလျာတိုင်း ဆားဟာ လိုအပ်နေသလိုပဲ ဣန္ဒြေငါးပါး ရှိတဲ့အနက် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေထဲမှာ ဟောဒီ သတိမပါ ရင် သဒ္ဓါတရားလဲ မှန်ကန်စွာ မဖြစ်ဘူး၊ သတိမပါရင် သမာဓိလဲ မဖြစ်နိုင် ဘူး၊ သတိမပါရင် ဝီရိယအားထုတ်မှုလဲ မဖြစ်နိုင်ဘူး၊ သတိမပါရင် အမှန်ကို မြင်တဲ့ ပညာလဲ မဖြစ်နိုင်ဘူး၊ အဲဒီတော့ ဣန္ဒြေ ငါးပါးလုံးတွင် ဘယ်ဟာက အရေးကြီးဆုံးလဲ။

"သတိအရေးကြီးဆုံးပါဘုရား"

## မင်းထက် အမတ်က အရေးကြီး

နောက်ပြီးတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်များမှာ အထွေထွေ ကိစ္စတွေကို ဆောင်ရွက်တဲ့အမတ်တွေ ကောင်းဖို့၊ အကြံပေးဉာဏ်ပေး အမတ် တွေ ကောင်းဖို့၊ ရွက်ဆောင်တဲ့ အမတ်တွေ ကောင်းဖို့၊ မှူးချုတဲ့ အမတ်တွေ ကောင်းဖို့ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ် ဘုရား"

လိမ္မာ ကျွမ်းကျင်တဲ့ အမတ် မရှိဘဲနဲ့ တိုင်းပြည်အုပ်ချုပ်မယ် ဆိုလို့ ရှိရင် တိုင်းပြည် တိုးတက်ပါ့မလား။ "မတိုးတက်ပါဘုရား"

မတိုးတက်ဘူးတဲ့၊ အမတ်ကောင်းမှ မင်းရဲ့ အုပ်ချုပ်ရေးဟာ အဆင်ပြေ တယ်၊ တိုင်းပြည်စည်ကား တိုးတက်တယ်၊ ချမ်းသာတယ်၊ တိုင်းပြည်တစ်ပြည် မှာ မင်းထက် ဘယ်သူကောင်းဖို့ အရေးကြီးသလဲဆိုရင် အမတ်က ပိုအရေး ကြီးတာ၊ ဒီစာထဲမှာ ဆိုတာ မှန်ရဲ့လား။ "မှန်ပါတယ် ဘုရား"

အဲဒီတော့ တိုင်းပြည် တစ်ခု ကောင်းစားရေးအတွက် စီမံ ခန့်ခွဲတဲ့ အကြံပေးတဲ့ ပြုလုပ်ဆောင်ရွက်တဲ့ အမတ်တွေဟာ ကောင်းဖို့လိုသလိုပါပဲ၊ ဣန္ဒြေငါးပါး ထက်မြက် ညီညွတ်ဖို့ရာအတွက်၊ နိဗ္ဗာန်ရောက်ချင်တဲ့ ယောဂီတွေ အတွက် ဆိုရင် ဘာအရေးကြီးဆုံးလဲ၊ သတိအရေးကြီးဆုံးပဲ၊ ဒို့ယောဂီတွေက သတိပဋ္ဌာန် များမ[illegible]မှ[illegible]ဖို့ အရေးကြီးတယ်၊ ဘာပွားဖို့ အရေးကြီးတုံး။

"သတိပဋ္ဌာန်ပါဘုရား"

သဒ္ဓါမလွန်အောင် ဘာလုပ်ရ၊ သတိထား၊ ဝီရိယမလွန်အောင် သတိထား၊ ပညာမလွန်အောင် သတိထား၊ သမာဓိမလွန်အောင် သတိထား၊ အရာရာဘာလုပ်ရမယ်၊ သတိထားရမယ်၊ သတိပဋ္ဌာန်ဆိုတာ သတိထားပြီး ဆောင်ရွက်ဖို့လိုတယ်နော်၊ တော်ကြာ"သတိပဋ္ဌာန် အထိမခံ"ဘူးကွ ဆိုပြီး ဒေါသတွေပွားနေရင်လဲ ဖြစ်ပါ့မလား၊ အထိခံရမယ်နော်၊ တစ်ခါတည်းပြီး သည်းခံမှုဆိုတဲ့ ခန္တီတရားလဲ ရှိထားဖို့ မလိုဘူးလား၊ အင်မတန် လိုတယ်၊ အဲဒါကြောင့် သတိပဋ္ဌာန်တရားကို ပွားများဖို့ အရေးကြီးတယ်။

ကုသိုလ်စိတ်ပေါင်း၊ သတိကောင်း၊ လဲလျောင်းရာရှိသည်။

ကုသိုလ်စိတ်မှန်သမျှဟာ သတိပင် လဲလျောင်းရာ ရှိတယ်၊ လဲလျောင်းရာ ရှိတယ်ဆိုတာ ကုသိုလ်စိတ်မှန်သမျှ သတိပေါ်က ဖြစ်သွားကြတယ်၊ သတိအောက်က ဝင်သွားကြတယ်၊ အဲဒါကြောင့် လောကမှာ တစ်မျိုးသောအကျင့်ကိုကျင့်ရင် နှစ်မျိုးသောအကျိုးကို ရနိုင်တာ ဘာရှိပါသလဲလို့ ကောသလမင်းကလျှောက်တော့ မြတ်စွာဘုရားက သတိကျင့်တဲ့၊ သတိကျင့်ရင် ပစ္စုပ္ပန်လဲချမ်းသာတယ်၊ တမလွန်မှာလဲ ချမ်းသာတယ်၊ မြေပြင်မှာသွားတဲ့ ခြေရာအားလုံးဟာ ဆင်ရဲ့ခြေရာအောက်ကို အကုန်ရောက်သလိုပဲ မြတ်စွာဘုရားဟောတဲ့ ကုသိုလ်တရားအားလုံးဟာ သတိထဲ အကုန်ဝင်သွားတယ်၊ သတိထဲဘာတွေ ဝင်သလဲ။

"ကုသိုလ်တွေ ဝင်ပါတယ် ဘုရား"

အဲဒီတော့သတိဆိုတာ လောကီသောဘဏစေတသိတ်မျှသာ ဖြစ်တယ်၊ မဂ်လေးပါး ဖိုလ်လေးပါးဆိုတဲ့ လောကုတ္တရာတရား ဆိုတာကတော့ လောကထက် လွန်မြောက်တဲ့ အမြတ်တရားကို ဆိုသားတယ်၊ လောကီတရားကို ဘုရားက ဒီသုတ္တန်မှာ ဒီလောက် ဘာကြောင့် ချီးမွမ်းဟောရသလဲ၊ အဲဒါလွန်မသွားဘူးလားတဲ့၊ မလွန်ပါဘူး၊ မဂ်လေးပါးဖိုလ်လေးပါးဖြစ်တဲ့ လောကုတ္တရာတရားကိုးပါးဟာ သတိပဋ္ဌာန် မပွားဘဲနဲ့ မရပါဘူး၊ သတိပဋ္ဌာန် ပွားမှသာလျှင်ရနိုင်တာ ဖြစ်တဲ့အတွက် လောကီထက် လွန်မြတ်တဲ့ လောကုတ္တရာဖြစ်သော်လဲ သတိမပါရင် မရနိုင်ဘူး၊ ရနိုင်ပါမလား။ "မရနိုင်ပါ–ဘုရား"

ဘယ်အောက်ကနေ ဝင်သွားရသလဲ။

"သတိအောက်ကနေ ဝင်သွားရပါတယ်-ဘုရား"

ဘယ်အပေါက်က ဝင်သွားရ။

"သတိတံခါးပေါက်က ဝင်သွားရပါတယ်-ဘုရား"

သတိ တံခါးကနေ၊ သတိပေါက်ကနေ ဝင်သွားရတာ ဖြစ်တယ်၊ ဒါကြောင့် သတိဟာ အမြတ်ဆုံးပါပဲ၊ အကျယ်ဆုံး ပါပဲ၊ အလိုအပ်ဆုံးပါပဲ၊ သတိစောင့်ရှောက်၊ နိုပ်ချိုးမြှောက်၊ ပေါက်ရောက်သိမြင်သည်။

အဲဒီတော့ သတိတည်းဟူသော အစောက်အရှောက် ရထားမယ်ဆိုရင် ဆိုကြပါတော့၊ စိတ်တွေ တက်ကြွလွန်း- ပျံ့လွင့်လွန်းအားကြီးလို့ ဘဝင်တောင်မှ မြင့်တင့်တင့် ဖြစ်နေတယ်၊ ဥဒယဗ္ဗယဉာဏ် အနုပိုင်းလောက် ရောက်တဲ့ ယောဂီတွေ "ငါအကုန်သိတယ်၊ ငါ-အကုန်မြင်တယ်၊ ငါ အကောင်း ဆုံးပဲ၊ ငါထက်ကောင်းတဲ့ ပုဂ္ဂိုလ်မရှိဘူး"လို့ အဲဒီလို လွတ်တွက်-တွက် ဖြစ်နေရင် သတိနဲ့နှိပ်ပေးရတယ်၊ ဘာလုပ်ပေးရမတုံး။

"သတိနဲ့ နှိပ်ပေးရပါတယ်-ဘုရား"

အေး-သမာဓိအားကောင်းလွန်းအားကြီးလို့ ထိနမိဒ္ဓဝင်ပြီး နောက်ဆုတ်ချင်စိတ်တွေ၊ အိမ်ပြန်ချင်စိတ်တွေ၊ လျှော့ချင်စိတ်တွေ ကျနေပြန်လို့ရှိရင်လဲ ချိုးမြှောက်ပေးဖို့ မြှင့်တင်ပေးဖို့ ဘယ်သူနဲ့လုပ်ရတုံး။

"သတိနဲ့လုပ်ရပါတယ်-ဘုရား"

အဲဒါကြောင့် သတိက နှိမ်သင့်ရင်နှိမ်ပေး၊ မြှင့်ပေးသင့်ရင် မြှင့်တင်ပေးတယ်၊ အဲဒီလိုထိန်းပြီး တရားကျင့်ပေးရင် ဘာရမလဲ၊ တရားရမယ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေ ဖြစ်နိုင်တယ်ဆိုတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း၊ ဤဖြေသိုသွတ်ရေးတရားကို နာကြားရတဲ့ ကုသိုလ် စေတနာတို့ကြောင့် ဤ တရားတော်လာအတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည် ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေ၊ ဘုရားဖက်၍ အသက်ရှည်ကြပါစေ၊ တရားဖက်၍ အမျက်ပြေ ကြပါစေ၊ သံဃာဖက်၍ ဘခက်ဝေ ကြီးပွား တိုးတက်ကြပါစေ၊ သာသနာ ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု- သာဓု- သာဓုပါဘုရား

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၂)

### စကားဦး

ဒီနေ့ရက်စွဲက ကောဇာသက္ကရာဇ်၁၃၅၂–ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၂–ရက်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာဖလ်ယဉ်ဓမ္မာရုံကြီးတွင် မဟာစည် ယောဂီ ရဟန်းရှင်လူ သူတော်စင်များအား ယခု ဟောကြားမည့် တရားတော်က "သုဗြဟ္မသုတ္တန်" ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် ဒွါဒသမပိုင်း ဖြစ်ပါတယ်။

ဦးစွာပထမ တရားပိုင်ရှင် ဘုရားသခင်အား ကဝိမဏ္ဍန မေဒနိကျမ်းတွင် နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလ ဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ ဆီးပန်းနီဆရာတော် ဘုရားကြီး ရေးသားတော်မူသော "ဗိန္ဒု ဗိန္ဒု" ဘုရားရှိခိုး ဂါထာဖြင့် ရှိခိုး ပူဇော်ကြပါဦးစို့။

### ပဏာမ

### ဆီးပန်းနီ ဆရာတော် ဘုရားကြီး၏ ဗိန္ဒု ဗိန္ဒု ဘုရားရှိခိုး

ဗိန္ဒု ဗိန္ဒု ပကတျမ္ဗု၊
ပဇ္ဇုန္နေန ပမောဒ္ဒတ္တာ၊
ဒွီဒုပက္ခာ သုခါမိသု၊
မလ္လာ ပုပ္ဖာ ဝိဓာယိသု၊
တထာ ဂတံ အဟံဝန္ဒေ။ (ဂါထာ သာမညာ)

ချက်ရင်လဲ ဆားပါမှ၊ အဖန်လေးဆိုလဲ ဆားပါမှ၊ ချို၊ ချဉ်၊ စပ်၊ ဖန်၊ ခါး လေးဆိုရင်လဲ ဆားပါမှ၊ ငရုတ်သီးကြီး ထောင်းစားလဲ ဆားလေး ထည့်လိုက်မှ၊ ဆားပါမှ အရသာရှိတယ်။

အဲဒီတော့ ဟင်းလျာတိုင်း ဆားဟာ လိုအပ်နေသလိုပဲ ဣန္ဒြေငါးပါး ရှိတဲ့အနက် သဒ္ဓိန္ဒြေ၊ ဝီရိယိန္ဒြေ၊ သမာဓိန္ဒြေ၊ ပညိန္ဒြေထဲမှာ ဟောဒီ သတိမပါရင် သဒ္ဓါတရားလဲ မှန်ကန်စွာ မဖြစ်ဘူး၊ သတိမပါရင် သမာဓိလဲ မဖြစ်နိုင်ဘူး၊ သတိမပါရင် ဝီရိယအားထုတ်မှုလဲ မဖြစ်နိုင်ဘူး၊ သတိမပါရင် အမှန်ကို မြင်တဲ့ ပညာလဲ မဖြစ်နိုင်ဘူး၊ အဲဒီတော့ ဣန္ဒြေ ငါးပါးလုံးတွင် ဘယ်ဟာက အရေးကြီးဆုံးလဲ။

"သတိအရေးကြီးဆုံးပါဘုရား"

## မင်းထက် အမတ်က အရေးကြီး

နောက်ပြီးတော့ တိုင်းပြည်အုပ်ချုပ် မင်းလုပ်တဲ့ပုဂ္ဂိုလ်များမှာ အထွေထွေ ကိစ္စတွေကို ဆောင်ရွက်တဲ့အမတ်တွေ ကောင်းဖို့၊ အကြံပေးဉာဏ်ပေး အမတ်တွေ ကောင်းဖို့၊ ရွက်ဆောင်တဲ့ အမတ်တွေ ကောင်းဖို့၊ မှူးချုတဲ့ အမတ်တွေ ကောင်းဖို့ အရေးမကြီးဘူးလား။

"အရေးကြီးပါတယ် ဘုရား"

လိမ္မာ ကျွမ်းကျင်တဲ့ အမတ် မရှိဘဲနဲ့ တိုင်းပြည်အုပ်ချုပ်မယ် ဆိုလို့ ရှိရင် တိုင်းပြည် တိုးတက်ပါ့မလား။ "မတိုးတက်ပါဘုရား"

မတိုးတက်ဘူးတဲ့၊ အမတ်ကောင်းမှ မင်းရဲ့ အုပ်ချုပ်ရေးဟာ အဆင်ပြေ တယ်၊ တိုင်းပြည်စည်ကား တိုးတက်တယ်၊ ချမ်းသာတယ်၊ တိုင်းပြည်တစ်ပြည် မှာ မင်းထက် ဘယ်သူကောင်းဖို့ အရေးကြီးသလဲဆိုရင် အမတ်က ပိုအရေး ကြီးတာ၊ ဒီစာထဲမှာ ဆိုတာ မှန်ရဲ့လား။ "မှန်ပါတယ် ဘုရား"

အဲဒီတော့ တိုင်းပြည် တစ်ခု ကောင်းစားရေးအတွက် စီမံ ခန့်ခွဲတဲ့ အကြံပေးတဲ့ ပြုလုပ်ဆောင်ရွက်တဲ့ အမတ်တွေဟာ ကောင်းဖို့လိုသလိုပါပဲ၊ ဣန္ဒြေငါးပါး ထက်မြက် ညီညွတ်ဖို့ရာအတွက်၊ နိဗ္ဗာန်ရောက်ချင်တဲ့ ယောဂီတွေ အတွက် ဆိုရင် ဘာအရေးကြီးဆုံးလဲ၊ သတိအရေးကြီးဆုံးပဲ၊ ဒီ့ယောဂီတွေက သတိပဋ္ဌာန် များများပွားဖို့ အရေးကြီးတယ်၊ ဘာပွားဖို့ အရေးကြီးတုံး။

"သတိပဋ္ဌာန်ပါဘုရား"

သဒ္ဓါမလွန်အောင် ဘာလုပ်ရ၊ သတိထား၊ ဝီရိယမလွန်အောင် သတိထား၊ ပညာမလွန်အောင် သတိထား၊ သမာဓိမလွန်အောင် သတိထား၊ အရာရာ ဘာလုပ်ရမယ်၊ သတိထားရမယ်၊ သတိပဋ္ဌာန်ဆိုတာ သတိထားပြီး ဆောင်ရွက်ဖို့ လိုတယ်နော်၊ တော်ကြာ"သတိပဋ္ဌာန် အထိမခံ"ဘူးကွ ဆိုပြီး ဒေါသတွေ ပွားနေရင်လဲ ဖြစ်ပါ့မလား၊ အထိခံရမယ်နော်၊ တစ်ခါတည်းပြီး သည်းခံမှုဆိုတဲ့ ခန္တီတရားလဲ ရှိထားဖို့ မလိုဘူးလား၊ အင်မတန် လိုတယ်၊ အဲဒါကြောင့် သတိပဋ္ဌာန်တရားကို ပွားများဖို့ အရေးကြီးတယ်။

ကုသိုလ်စိတ်ပေါင်း၊ သတိကောင်း၊ လဲလျောင်းရာရှိသည်။

ကုသိုလ်စိတ်မှန်သမျှဟာ သတိပင် လဲလျောင်းရာ ရှိတယ်၊ လဲလျောင်းရာ ရှိတယ်ဆိုတာ ကုသိုလ်စိတ်မှန်သမျှ သတိပေါ်က ဖြစ်သွားကြတယ်၊ သတိအောက်က ဝင်သွားကြတယ်၊ အဲဒါကြောင့် လောကမှာ တစ်မျိုးသောအကျင့်ကို ကျင့်ရင် နှစ်မျိုးသောအကျိုးကို ရနိုင်တာ ဘာရှိပါသလဲလို့ ကောသလမင်းက လျှောက်တော့ မြတ်စွာဘုရားက သတိကျင့်တဲ့၊ သတိကျင့်ရင် ပစ္စုပ္ပန်လဲ ချမ်းသာတယ်၊ တမလွန်မှာလဲ ချမ်းသာတယ်၊ မြေပြင်မှာသွားတဲ့ ခြေရာအားလုံးဟာ ဆင်ရဲ့ခြေရာအောက်ကို အကုန်ရောက်သလိုပဲ မြတ်စွာဘုရားဟောတဲ့ ကုသိုလ်တရားအားလုံးဟာ သတိထဲ အကုန်ဝင်သွားတယ်၊ သတိထဲ ဘာတွေ ဝင်သလဲ။

"ကုသိုလ်တွေ ဝင်ပါတယ် ဘုရား"

အဲဒီတော့သတိဆိုတာ လောကီသောဘဏစေတသိတ်မျှသာ ဖြစ်တယ်၊ မဂ်လေးပါး ဖိုလ်လေးပါးဆိုတဲ့ လောကုတ္တရာတရား ဆိုတာကတော့ လောကထက် လွန်မြောက်တဲ့ အမြတ်တရားကို ဆိုသားတယ်၊ လောကီတရားကို ဘုရားက ဒီသုတ္တန်မှာ ဒီလောက် ဘာကြောင့် ချီးမွမ်းဟောရသလဲ၊ အဲဒါလွန်မသွားဘူးလားတဲ့၊ မလွန်ပါဘူး၊ မဂ်လေးပါးဖိုလ်လေးပါးဖြစ်တဲ့ လောကုတ္တရာတရားကိုးပါးဟာ သတိပဋ္ဌာန် မပွားဘဲနဲ့ မရပါဘူး၊ သတိပဋ္ဌာန် ပွားမှသာလျှင် ရနိုင်တာ ဖြစ်တဲ့အတွက် လောကီထက် လွန်မြတ်တဲ့ လောကုတ္တရာဖြစ်သော်လဲ သတိမပါရင် မရနိုင်ဘူး၊ ရနိုင်ပါမလား။ "မရနိုင်ပါ-ဘုရား"

ဘယ်အောက်ကနေ ဝင်သွားရသလဲ။

"သတိအောက်ကနေ ဝင်သွားရပါတယ်–ဘုရား"

ဘယ်အပေါက်က ဝင်သွားရ။

"သတိတံခါးပေါက်က ဝင်သွားရပါတယ်–ဘုရား"

သတိ တံခါးကနေ၊ သတိပေါက်ကနေ ဝင်သွားရတာ ဖြစ်တယ်၊ ဒါကြောင့် သတိဟာ အမြတ်ဆုံးပါပဲ၊ အကျယ်ဆုံး ပါပဲ၊ အလိုအပ်ဆုံးပါပဲ၊ သတိစောင့်ရှောက်၊ နှိပ်ချိုးမြှောက်၊ ပေါက်ရောက်သိမြင်သည်။

အဲဒီတော့ သတိတည်းဟူသော အစောက်အရှောက် ရထားမယ်ဆိုရင် ဆိုကြပါတော့၊ စိတ်တွေ တက်ကြွလွန်း– ပျံ့လွင့်လွန်းအားကြီးလို့ ဘဝင်တောင်မှ မြင့်တင့်တင့် ဖြစ်နေတယ်၊ ဥဒယဗ္ဗယဉာဏ် အနုပိုင်းလောက် ရောက်တဲ့ ယောဂီတွေ "ငါအကုန်သိတယ်၊ ငါ–အကုန်မြင်တယ်၊ ငါ အကောင်း ဆုံးပဲ၊ ငါထက်ကောင်းတဲ့ ပုဂ္ဂိုလ်မရှိဘူး"လို့ အဲဒီလို လွတ်တွက်–တွက် ဖြစ်နေရင် သတိနဲ့နှိပ်ပေးရတယ်၊ ဘာလုပ်ပေးရမတုံး။

"သတိနဲ့ နှိပ်ပေးရပါတယ်–ဘုရား"

အေး–သမာဓိအားကောင်းလွန်းအားကြီးလို့ ထိနမိဒ္ဓဝင်ပြီး နောက်ဆုတ်ချင်စိတ်တွေ၊ အိမ်ပြန်ချင်စိတ်တွေ၊ လျှော့ချင်စိတ်တွေ ကျနေပြန်လို့ရှိရင်လဲ ချိုးမြှောက်ပေးဖို့ မြှင့်တင်ပေးဖို့ ဘယ်သူနဲ့လုပ်ရတုံး။

"သတိနဲ့လုပ်ရပါတယ်–ဘုရား"

အဲဒါကြောင့် သတိက နှိမ်သင့်ရင်နှိမ်ပေး၊ မြှင့်ပေးသင့်ရင် မြှင့်တင်ပေးတယ်၊ အဲဒီလိုထိန်းပြီး တရားကျင့်ပေးရင် ဘာရမလဲ၊ တရားရမယ်၊ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေ ဖြစ်နိုင်တယ်ဆိုတဲ့ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း၊ ဣန္ဒြေညီညွတ်ရေးတရားကို နာကြားရတဲ့ ကုသိုလ် စေတနာတို့ကြောင့် ဤတရားတော်လာအတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည် ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေ၊ ဘုရားဖက်၍ အသက်ရှည်ကြပါစေ၊ တရားဖက်၍ အမျက်ပြေကြပါစေ၊ သံဃာဖက်၍ အခက်ဝေ ကြီးပွား တိုးတက်ကြပါစေ၊ သာသနာ ပြုနိုင်ကြပါစေကုန်သတည်း။

သာဓု– သာဓု– သာဓုပါဘုရား

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၂)

## စကားဦး

ဒီနေ့ရက်စွဲက ကောဇာသက္ကရာဇ်၁၃၅၂–ခုနှစ်၊ သီတင်းကျွတ် လပြည့်ကျော် ၂–ရက်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မြို့မဟာစည် သာသနာ့ရိပ်သာဖလ်ယဥ်ဓမ္မာရုံကြီးတွင် မဟာစည် ယောဂီ ရဟန်းရှင်လူ သူတော်စင်များအား ယခု ဟောကြားမည့် တရားတော်က "သုဗြဟ္မသုတ္တန်" ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် ဒွါဒသမပိုင်း ဖြစ်ပါတယ်။

ဦးစွာပထမ တရားပိုင်ရှင် ဘုရားသခင်အား ကဝိမဏ္ဍန မေဒနီကျမ်းတွင် နရိန္ဒာဘိ သီရိသဒ္ဓမ္မ ဇောတိပါလ ဓဇ မဟာဓမ္မရာဇာဓိ ရာဇဂုရု ဘွဲ့တံဆိပ်တော်ရ မန္တလေးမြို့ ဆီးပန်းနီဆရာတော် ဘုရားကြီး ရေးသားတော်မူသော "ဗိန္ဒု ဗိန္ဒု" ဘုရားရှိခိုး ဂါထာဖြင့် ရှိခိုး ပူဇော်ကြပါဦးစို့။

### ပဏာမ

### ဆီးပန်းနီ ဆရာတော် ဘုရားကြီး၏ ဗိန္ဒု ဗိန္ဒု ဘုရားရှိခိုး

ဗိန္ဒု ဗိန္ဒု ပကတျမ္ဗု၊
ပဇ္ဇုန္နေန ပမောဒန္တာ၊
ဒွိဒုပက္ခာ သုခါမိံသု၊
မလ္လာ ပုပ္ဖာ ဝိဇာယိံသု၊
တထာ ဂတံ အဟံဝန္ဒေ။ (ဂါထာ သာမည)

ပဒ္မနေ့နေ–ကာမရူပ အရူပဟု ဘဝသုံးဆိုင် ခရိုင်ထိပ်ဖွေ ကွန့်မြူးတွေဖြင့် ကုဋေသိန်းလုံး အကိန်းကျူးလျက် ထစ်ချုန်းတရား အနန္တကြားသား ဘုရားဟူသည် ရောင်ဖြူပလင်း မိုးနတ်မင်းသည်၊ ပမောဒန္တာ–သဟံဗြဟ္မာ နတ်သုဒ္ဓါလျှင် ရတနာဒါမ မေရုမျှသား အလှထွင့်ဆုံး ရွှေပန်းကုံးဖြင့် ညွတ်ရုံးစေတနာ ပန်ထွာသော့အလျောက် နှစ်သက်ဝမ်းမြောက်၍၊ အမ္ဗူ–နိကာယ်ငါးဖြာ နဝင်္ဂါနှင့် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်းလေးထောင် ကျော်အောင် ပွားများ တရားဟူသည် မိုးပေါက်ရည်ကို၊ ဗိန္ဒုဗိန္ဒု–အပေါက်အပေါက်၊ ပကတိ–ပကာပေတိ၊ ဗောဇနေ ယျနရမရူ နတ်လူဗြဟ္မာ သစ္စာရေသန့် သောက်ပါအံ့ဟု ငံ့သည့်သူအား တရား အာဝဋ် ယာဉ်ပြိုင်လွှတ်၍ ဖျန်းဆွတ်အေးမြ ပေးဝေမျှလျက် ကျရောက် စေ တော်မူတတ်၏၊ မလ္လာပုပ္ဖာ–လောကုတ္တရာလောကီ နှစ်လီခေါ်ထွေ ရေပန်း ကြည်းပန်း လေးခန်းသစ္စာ စုံနှစ်ဖြာတို့သည်၊ ဝိဇ္ဇာယိ သု–ဆွဆွထွားထွား တရားနာသူ ရှင်ဖြူမြတ်ဖျား ရှစ်ယောက်အားလျှင် တရားချိန်သင့် ပွင့်တော် မူစေပြီ၊ ဒွိဒုပက္ခာ–သမထ ဝိပဿနာ ဘာဝနာ အထောင်နှစ်ဘက်ဆောင်သည် များမြောင်လှစွာ သတ္တဝါဗိုလ်ခြေ ဝေနေယျပညတ် ငှက်မြတ်အပေါင်းတို့သည်၊ သုခါမိ သု–ဓာတိဇရာ ဗျာဓိ မရဏာ စသည်ကြိမ်ကြိမ် ဆုံးမတိမ်သား နှောင် အိမ်ညွတ်ကွင်း ခြံချိုင့်တွင်းမှ ထွက်ကင်းဆုံးစွန် ပျံနိုင်ကွန်၍ အလွန်ချမ်းသာ ကြကုန်ပြီ၊ အဟံ–အကျွန်ုပ်သည်၊ တထာဂတံ၊ ဝိပဿိ–အစ ကဿပ အဆုံး နှောင်တော်ထုံးလျှင် ချစ်ဆုံးကြည်စွာ သစ္စာရေအေး တိုက်ပေးလေတတ် သုံးလူ့နတ်ကို၊ ဝန္ဒေ– ဝန္ဒာမိ၊ ကုမုဒြာ လက်သည်းကြာဖြင့် သဒ္ဓါရှင်လန်း ချီးမွမ်းထောပနာ ရှိခိုးပါ၏ မြတ်စွာဘုရား။

"သာဓု– သာဓု– သာဓု"

ဒီဘုရားရှိခိုးတွင် ဗိန္ဒု ဗိန္ဒု– ဆိုတဲ့ ပါဠိစကားလုံးများကို အစချီရေး ထားတာကြောင့် "ဗိန္ဒု ဗိန္ဒု ဘုရားရှိခိုး"လို့ လွယ်လွယ် အမည်ပေးထား ပါတယ်၊ ဒီဂါထာအရ ဗိန္ဒု–ဆိုတာ မိုးရေပေါက်လို့ အဓိပ္ပာယ်ရပါတယ်၊

အမှန်ကတော့ ဒီဘုရားရှိခိုးတွင်
မြတ်စွာဘုရားကို မိုးနတ်သားဥပမာ၊
တရားတော်ကို မိုးရေပေါက်ဥပမာ၊
သစ္စာလေးပါးကို ကြာပန်းဥပမာ၊

သတ္တဝါများကို ၄ကျမ်းဥပမာအားဖြင့် ပြဆိုကာ မြတ်စွာဘုရားရှင်ရဲ့ ဂုဏ်တော်ကို ထုတ်ဖော်ထားတဲ့ ဘုရားရှိခိုး ဖြစ်ပါတယ်။

ပါဠိဂါထာကို မြန်မာတို့ ရွတ်ဆို ရှိခိုးလို့ကောင်းအောင် စီကုံးပြီး မြန်မာလင်္ကာသွားနဲ့ အနက်ယောဇနာ ထားတာပါ။

## ဓမ္မဝိစယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရား

ဘုရားရှိခိုးပြီးတဲ့အခါ သုဗြဟ္မသုတ္တန် တရားကို ဆက်ဟောကြပါစို့၊ သုဗြဟ္မာနတ်သားက ဘုရားထံလာပြီး သူ့မှာ မဖြစ်သေးတဲ့ ပင်ပန်းမှု၊ ဖြစ်ပြီးသား ပင်ပန်းမှုများကြောင့် စိတ်များ တုန်လှုပ် ချောက်ချားနေပါတယ်၊ ကြောက်ရွံ့နေပါတယ်၊ ကြောက်ရွံ့စိတ်ကင်းကြောင်း နည်းလမ်းကောင်းတရားကို ဟောတော်မူပါလို့ လျှောက်ထားတယ်။

ဒီတော့မြတ်စွာဘုရားက ဗောဇ္ဈင်တရားမှလွဲပြီး သတ္တဝါများ ကြောက်ရွံ့ကင်းပြီး ချမ်းသာကြောင်း တရား မရှိပါ၊ ကြောက်ရွံ့ကင်းချင်ရင် ဗောဇ္ဈင်တရားကို ကျင့်ပါလို့ ဟောတော်မူပါတယ်၊ ဒီနေ့ အဲဒီဗောဇ္ဈင် ခုနစ်ပါးထဲက ဓမ္မဝိစယသမ္ဗောဇ္ဈင်ဉာဏ် ပညာ ဖြစ်ကြောင်းကို ဆက်လက် ဟောပါမယ်။

သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ၊ ပညာဆိုတဲ့ ဣန္ဒြေငါးပါး ညီညွတ်ရမယ်၊ ဣန္ဒြေငါးပါးတွင် တစ်မျိုး လွန်ကဲပြီး ကျန်တဲ့ဟာတွေက နန့်ပြီးတော့ နေမယ်၊ တုံးပြီးတော့ နေမယ်၊ မထက်မြက်ဘူး ဆိုရင်လဲ တရားမရနိုင်ဘူး၊ ဒါကြောင့် ငါးမျိုးလုံး ညီညွတ် ထက်မြက်ရမယ်ဆိုတာ ဟောထားခဲ့ပြီးပါပြီ၊ ညီညွတ်ထက်မြက်အောင် လုပ်တဲ့ ကျင့်တဲ့ နည်းတွေပါ ဟောပြီးပြီ။

ပညာဖြစ်ဖို့အတွက် အဲဒီအင်္ဂါအကြောင်း ဒီနေ့ဆက်ဟောဖို့ ပါပဲ၊ အရင်တုန်းကလဲ ဒီဆောင်ပုဒ်တော့ ရထားပြီးပါပြီ၊ ကဲ– ဆိုကြည့်မယ်။

"ဉာဏ်နဲ့ရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာ"
ဉာဏ်မရှိတဲ့၊ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ပါ။
ဒုပ္ပည ပုဂ္ဂလ ပရိဝဇ္ဇနာနာမ ခန္ဓာဒိဘေဒေ အနော
ဂါဠှ ပညာနံ ဒုမ္မေဓ ပုဂ္ဂလာနံ အာရကာ ပရိဝဇ္ဇနာ။

ဒုပ္ပည ပုဂ္ဂလပရိဝဇ္ဇနာနာမ– ပညာမရှိသော ပုဂ္ဂိုလ်ကို ကြဉ်သည်၏ အဖြစ် မည်သည်ကား၊ ခန္ဓာဒိဘေဒေ– ခန္ဓာ အစရှိသည်ဖြင့် ကွဲပြားသော တရား၌၊ အနောဂါဠှ ပညာနံ– မသက်ဝင်သော ပညာရှိကုန်သော၊ ဒုမ္မေဓ

ပုဂ္ဂလာနံ– ပညာမရှိသော ပုဂ္ဂိုလ်တို့ကို၊ အာရကာ– ဝေးစွာ၊ ပရိဝဇ္ဇနာ– ရှောင်ကြဉ်ခြင်းတည်း။

"ခန္ဓာစသား၊ မသိပြား၊ ရှောင်ရှား ဒုပ္ပညာ"

အဲဒီတော့ ခန္ဓာ၊ အာယတန၊ ဓာတ်၊ စောစောကပြောတဲ့ ဣန္ဒြေဗိုလ်၊ ဗောဇ္ဈင်၊ မဂ္ဂင်၊ ဈာန်၊ သမထ ဝိပဿနာတွေကို မသိတဲ့ ပုဂ္ဂိုလ်၊ ဟော မပြနိုင်တဲ့ပုဂ္ဂိုလ်၊ ရှင်းမပြနိုင်တဲ့ပုဂ္ဂိုလ်တွေကို မမှီဝဲနဲ့၊ အဲဒီလို ခန္ဓာ၊ အာယတန စတဲ့ ပညာမျိုးတွေ သိတဲ့ ပုဂ္ဂိုလ်ဆိုတာလဲပဲ သာသနာတော် ထွန်းလင်းတဲ့ သာသနာတော်တွင်းမှာမှ ပေါ်ပေါက်တာမျိုးပဲ၊ သာသနာပကာလမှာ ဆိုရင်ဖြင့် ဒါနတရား၊သီလတရား၊ သမထတရားမျှလောက် ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြတာ ကြားကြရ သိကြရတာ ဖြစ်တယ်။

အခု ဒီလိုခန္ဓာ၊ အာယတန၊ ဓာတ်စတဲ့ ဒီသစ္စာလေးပါးနဲ့ ပတ်သက်တဲ့ အနှစ်သာရရှိတဲ့ တရားဆိုတာ သာသနာအတွင်းမှာသာ သိရတယ်၊ ဘုရားအစရှိတဲ့ သူတော်ကောင်းတွေသာလျှင် သိကြ၊ မြင်ကြတာ ဖြစ်တယ်၊ မြတ်စွာဘုရားနှင့် ရှင်သာရိပုတ္တရာ၊ ရှင်မဟာ မောဂ္ဂလာန်စတဲ့ ဘုရားရဲ့ တပည့်သားသံဃာတွေသာလျှင် ဒီခန္ဓာ၊ အာယတန၊ ဓာတ်စတဲ့ နက်နဲတဲ့ တရားတွေကို ဟောပြော ပြသနိုင်တာ ဖြစ်တယ်၊ အဲဒီတော့ ဓမ္မဝိစယခေါ်တဲ့ ဉာဏ်ဖြစ်ချင်တဲ့ ပုဂ္ဂိုလ်ဟာ ဉာဏ်မရှိတဲ့ ဒုပ္ပညခေါ်တဲ့ ပညာမရှိတဲ့ ပုဂ္ဂိုလ်တွေကို မှီခိုအားကိုးခြင်းဖြင့် ကိုယ့်အသိဉာဏ် ရနိုင်ပါ့မလား။ "မရနိုင်ပါဘုရား"

အေး– မရနိုင်ဘူး၊ ပညာမရှိသူကို ရှောင်ကြဉ်ရမယ်ဆိုတာ အထူးတောင် ချဲ့ထွင်ပြီး ပြောစရာ မလိုတော့ပါဘူး။

## ဤသို့သော ပညာရှိကို မှီဝဲ

ပညဝန္တ ပုဂ္ဂလ သေဝနာနာမ သမပညာ သလက္ခဏ ပရိဂ္ဂါဟိကာယ ဥဒယဗ္ဗယ ပညာယ သမန္နာဂတ ပုဂ္ဂလ သေဝနာ။

ပညဝန္တပုဂ္ဂလသေဝနာနာမ– ပညာရှိသော ပုဂ္ဂိုလ်ကို မှီဝဲသည်၏ အဖြစ် မည်သည်ကား၊ သမပညာ သလက္ခဏ ပရိဂ္ဂါဟိကာယ– အညီအမျှ ငါးဆယ်သော လက္ခဏာကို သိမ်းဆည်းတတ်သော၊ ဥဒယဗ္ဗယပညာယ–

ဖြစ်ခြင်း ပျက်ခြင်း ပညာနှင့်၊သမန္နာဂတပုဂ္ဂလသော၀နာ–ပြည့်စုံသောပုဂ္ဂိုလ်ကို မှီဝဲခြင်းတည်း။

ဓမ္မဝိစယ သမ္ဗောဇ္ဈင် ဖြစ်ချင်ရင် ဒီလို ပညာရှိမျိုးကို ရှာဖွေပြီးတော့ မှီဝဲပါ။ ကဲ– လိုက်ဆိုကြ–

ငါးဆယ်တိကျ၊ ဥဒယဗ္ဗယ၊ ဉာဏသိသူ မှီဝဲပါ။

ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ချင်တယ်ဆိုရင် ဥဒယဗ္ဗယဉာဏ် ၅၀–ကို သိတဲ့ ပုဂ္ဂိုလ်ကို မှီဝဲပါ။ ဥဒယဗ္ဗယဉာဏ်ဆိုတာ ဘာလဲဆိုတော့–

ပစ္စုပ္ပန္နာနံ ဓမ္မာနံ ဝိပရိနာမာနုပဿနေ ပညာ၊
ဥဒယဗ္ဗယာနုပဿနေ ဉာဏံ။

ပစ္စုပ္ပန္နာနံ–ဒွါရနဲ့ အာရုံဆုံတဲ့အခါမှာ ဖြစ်ပေါ်လာကြသော ပစ္စုပ္ပန်ဖြစ်ကုန်သော၊ ဓမ္မာနံ–ဥပါဒါနက္ခန္ဓာတရားငါးပါးတို့၏၊ ဝိပရိဏာမာ နုပဿနေ–ဖောက်ပြန်ပျက်စီးခြင်းကို အဖန်ဖန် ရှုမှတ်သိမြင်ခြင်း၌၊ ပညာ– ပညာအသိသည်၊ ဥဒယဗ္ဗယာနုပဿနေဉာဏံနာမ–ဥဒယဗ္ဗယာ နုပဿနာဉာဏ် မည်၏။

ဥဒယဗ္ဗယဉာဏ်ဆိုတာ ဥပါဒါနက္ခန္ဓာငါးပါးတို့ကို ရှုမှတ်နေတဲ့အခါမှာ ဖြစ်ပေါ်ပျောက်ပျက်ပြီးတော့ သွားတဲ့ဟာတွေကို သိတဲ့ဉာဏ်ကို ဥဒယဗ္ဗယဉာဏ်၊ အဲဒါကို ရှုမှတ်သိမြင်နေတဲ့ ပုဂ္ဂိုလ်ကိုတော့ဖြင့် ဥဒယဗ္ဗယာ နုပဿီပုဂ္ဂိုလ်လို့ ခေါ်တာပေါ့၊အဲဒီလိုဥဒယဗ္ဗယဉာဏ်ကိုသိရမယ်တဲ့၊ဥဒယဗ္ဗယဉာဏ်ဆိုတာကလဲ ရုပ်ရဲ့ဖြစ်ခြင်း၊ ရုပ်ရဲ့ပျက်ခြင်း၊ အဲဒါတွေကို သိရမယ်၊ နောက်ဝေဒနာရဲ့ ဖြစ်ခြင်း၊ ဝေဒနာရဲ့ ပျက်ခြင်း၊ သညာရဲ့ ဖြစ်ခြင်း၊ သညာရဲ့ ပျက်ခြင်း၊ သင်္ခါရရဲ့ ဖြစ်ခြင်း၊ သင်္ခါရရဲ့ပျက်ခြင်း၊ဝိညာဏရဲ့ ဖြစ်ခြင်း၊ဝိညာဏရဲ့ ပျက်ခြင်းတွေကို သိတဲ့ဉာဏ်၊ အဲဒါ ဥဒယဗ္ဗယဉာဏ်လို့ ခေါ်တယ်။

အဲဒီ ဥဒယဗ္ဗယဉာဏ် စပြီး ပြောမယ်ဆိုလို့ရှိရင်ဖြင့် အခု အနန္တကျေးရှူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ ညွှန်ကြားပြသတော်မူတဲ့အတိုင်း သတိပဋ္ဌာန် ဝိပဿနာတရားတွေကို ရှုမှတ်ပွားများတဲ့ ယောဂီ၊ အဲဒီ ယောဂီရဲ့ ရှုမှတ်မှု လုပ်ငန်းဟာ ဘာလဲလို့ ဆိုလို့ရှိရင်ဖြင့် ဒွါရနဲ့ အာရုံဆုံတဲ့အခါပေါ်ပြီး ပျောက်နေတဲ့ တရားတွေကို မြင်တိုင်း မြင်တိုင်း မြင်တယ်၊ ကြားတိုင်း ကြားတယ်၊ နံတိုင်း နံတယ်၊ စားတိုင်း စားတယ်၊ တွေ့ထိတိုင်း တွေ့ထိ

တယ်၊ စိတ်ကူးတိုင်း စိတ်ကူးတယ်၊ ကြံစည်တိုင်း ကြံစည်တယ်လို့ ရှုမှတ်တာကို ဝိပဿနာ ရှုမှတ်တာလို့ ခေါ်တယ်။

ဝိပဿနာ ရှုတဲ့အခါ စလျှင်စခြင်း မရှုမှတ်တတ်သေးတဲ့ ယောဂီတွေအတွက် "ယထာပါကဋ္ဌ ဝိပဿနာ ဘိနိဝေသော ဟောတိ"လို့ဆိုတဲ့ အတိုင်း ဝိပဿနာရှုမှတ်ခါစ ပုဂ္ဂိုလ်ဟာ ထင်ရှားရာက စပြီး ရှုရတယ်၊ အဲဒီ ထင်ရှားရာကစပြီး ရှုတဲ့ ယောဂီအတွက် ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယော ဆိုတဲ့ ဓာတ်ကြီးလေးပါး စရှုရတယ်၊ အဲဒီဓာတ်ကြီးလေးပါးမှာ အခု တရားအားထုတ်မည့် ယောဂီ ပုဂ္ဂိုလ်ဟာ ဦးစွာပထမ ဆိတ်ငြိမ်ရာ အရပ်ကို ချဉ်းကပ်ပြီးတော့ ရတနာသုံးပါး ရှိခိုးပြီးတော့ သီလဆောက်တည် စင်ကြယ်စေရမယ်၊ ပြီးတော့ တင်ပလ္လင်ခွေ ဒူးတုပ်ပြီး ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထား၍ ထိုင်ရမယ်၊ လက်နှစ်ဖက်ကို အဲဒီဒူးတုပ်ရဲ့ တင်ပလ္လင်ခွေပေါ်မှာ ဘယ်ဘက်က အောက်က၊ ညာဘက်က အထက်က လက်ဖဝါးချင်း ထပ်တင်ထားရမယ်၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ် ထားပြီးတော့ မျက်စိနှစ်လုံးကို အသာမှိတ်ပြီး ထားရမယ်၊ အသာမှိတ်ပြီးတော့ ဝင်သက်၊ ထွက်သက်ကို အိမ်မှာနေစဉ်ကအတိုင်း ပုံမှန်ရှုရှိုက်ရမယ်၊ ပုံမှန်အတိုင်းဆိုတဲ့ အတွက်ကြောင့် နှေးအောင်လဲ မလုပ်ရဘူး၊ မြန်အောင်လဲ မလုပ်ရဘူး၊ အဲဒီလိုမနှေးမမြန် ခပ်မှန်မှန်ရှုရှိုက်နေရင်း ဝါယောဖောဋ္ဌဗ္ဗလို့ခေါ်တဲ့ ရှုရှိုက်လေက ကာယပသာဒခေါ်တဲ့ ဝမ်းဗိုက်ကို သွားထိတွေ့တဲ့ အတွက် တောင့်တင်းပြီး တက်လာတာကို ဖောင်းတယ်၊ လျှော့ကျသွားတာကို ပိန်တယ်လို့ ရှုရမယ်၊ အဲဒီလိုဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်လို့ စပြီးတော့ ရှုဖို့ ညွှန်ကြားထားတယ်၊ အဲဒီလို ဖောင်းတယ် ပိန်တယ်လို့ ရှုတဲ့အခါ ရောက်တိုင်း ရောက်တိုင်း ယောဂီတွေကို အားထုတ်နည်း ရှုမှတ်နည်း လွဲနေမှာစိုးလို့ အထပ်ထပ် ပြောရတယ်၊ ဖောင်းအောင် ပိန်အောင် မလုပ်နဲ့ ဖောင်းတာ၊ ပိန်တာ သိအောင်လုပ်၊ မှန်ရဲ့လား၊ ကဲ–ဆိုစမ်းပါဦး။

"ဖောင်းအောင် ပိန်အောင် မလုပ်နဲ့၊
ဖောင်းတာ ပိန်တာ သိအောင်လုပ်–"

အဲဒါ ဖောင်းအောင် ပိန်အောင် တမင်လုပ်ဖို့ မလိုဘူး၊ အသက်မှန်မှန်ရှုရှိုက်လို့ သူ့အလိုအလျောက် ဖောင်းလာတာ၊ သူ့အလိုအလျောက် ပိန်ကျသွားတာကိုသာလျှင် သတိဉာဏ်နဲ့ ရှုစိုက်ပြီး သိအောင် လုပ်ရမယ်၊ အဲဒါ

တချို့က ရောက်ခါစ မပီပြင်ဘူးဆိုပြီး၊ ဖောင်းအောင် ပိန်အောင် တမင်လုပ်တာ၊ ရှုးရှဲရှုးရှဲနဲ့ လုပ်တော့၊ ချွေးတွေ ဘာတွေထွက်၊ ရင်တွေဘာတွေ တုန် တစ်ခါတည်း မောသွားပြီး ရေနည်းနည်း ထသောက်လိုက် နောက်တစ်ခါ ရှုးရှဲရှုးရှဲ လုပ်ပြန်ရော၊ အဲဒီလိုဆိုတော့ မှားတယ်၊ ဒါကြောင့် ဖောင်းအောင် ပိန်အောင် မလုပ်နဲ့၊ ဖောင်းတာပိန်တာ သိအောင်လုပ်၊ ကိုယ်က လုပ်ယူရမှာ မဟုတ်ဘူး၊ သူ ဖြစ်ပေါ်ပြီးနေတာကို ကိုယ်က သိအောင်လုပ်ရမှာ၊ အဲဒါလေး သတိထားဖို့ လိုတယ်၊ အနတ္တလို့ ဘုရားက ဟောထားပြီးသား၊ သူ့သဘော အတိုင်း သူဖြစ်ပျက်သွားတဲ့ ကိုယ့်အလိုကြိုက် မလိုက်လို့ ဘာခေါ်တယ်။

"အနတ္တခေါ်ပါတယ်ဘုရား"

အနတ္တ– အဲဒါကို ဖောင်းလာရမယ်၊ ပိန်လာရမယ်၊ ထင်ရှားရမယ်၊ ဘယ်လို ဖြစ်ရမယ်၊ ညာလို ဖြစ်ရမယ် ကိုယ် စီမံခန့်ခွဲနေလို့ ရပါ့မလား။

"မရနိုင်ပါဘုရား"

မရဘူး၊ ကိုယ်စီမံခန့်ခွဲလို့ ရရင် ဘာဖြစ်မလဲ။ "အတ္တပါဘုရား"

အတ္တ–အဲဒီတော့ ဘုရားက"အတ္တမဟုတ်ဘူး၊ အနတ္တပါ"လို့ ဟောထားတဲ့အတိုင်း အနတ္တကို သိအောင် လုပ်ဖို့လိုတယ်၊ မလိုဘူးလား။

"လိုပါတယ် ဘုရား"

လိုတယ်၊အဲဒီလိုဖောင်းတာ၊ ပိန်တာမှတ်နေရင်း မျက်စိထဲက ဘာဘာ ညာညာ မြင်ရရင် မြင်တယ် မြင်တယ်လို့ မှတ်၊ ပျောက်သွားရင် ဖောင်းတယ်၊ ပိန်တယ် ပြန်မှတ်၊ နားထဲက အသံတွေကြားရင် ရှုမှတ်မှု ပျက်ပြားလောက်အောင် ဝင်ပြီးတော့ ဆောင့်တဲ့အသံကို ကြားရရင် ကြားတယ် ကြားတယ် မှတ်၊ ပျောက်သွားရင် ဖောင်းတယ်၊ ပိန်တယ်မှတ်။

နှာခေါင်းထဲမှာ အနံ့တွေ နရင် နံတယ် မွှေးရင် မွှေးတယ်လို့မှတ်၊ ပျောက်သွားရင် ဖောင်းတယ်၊ ပိန်တယ် ပြန်မှတ်။

ကိုယ်ထဲက ယားယံကိုက်ခဲလာရင် ယားယံကိုက်ခဲတာတွေကို မှတ်၊ ပူတာ အေးတာတွေ ပေါ်ရင်လဲ အကုန်မှတ်၊ ပျောက်သွားရင် ဖောင်းတယ် ပိန်တယ် ပြန်မှတ်။

စိတ်ကူးရင် စဉ်းစားရင် စိတ်ကူးတယ် စဉ်းစားတယ်လို့မှတ်၊ ပျောက် ရင် ဖောင်းတယ် ပိန်တယ်ပြန်မှတ်၊ ဒီလို မမှတ်ရဘူးလား။

"မှတ်ရပါတယ်ဘုရား"

အဲဒီလို ထိုင်လျက် ရှုမှတ်တာ တစ်နာရီလောက် ကြာလာလို့ရှိရင်ဖြင့် ထိုင်ရာကနေ စိတ်က စပြီး ထချင်တယ် ထချင်တယ်၊ ထဟယ် ထတယ်၊ ရပ်တယ် ရပ်တယ်၊ လှည့်ချင်တယ် လှည့်ချင်တယ်၊ လှည့်တယ် လှည့်တယ်၊ စင်္ကြံသွားမည့်ဘက်ကို မျက်နှာမူမိတဲ့အခါ ခေါင်းကနေခြေဆုံးအောင် မျက်လွှာကလေးပါချပြီး၊ ခေါင်းကြီးကို ငုံ့မထားဘဲ မတ်မတ်ကလေးနေပြီးတော့မျက်လွှာက ချထားပြီးတော့ ခေါင်းကနေ ခြေဆုံးအောင် တောင့်တောင့်ကြီး ထောင်ထောင်ကြီး ရပ်နေတဲ့ကိုယ်ကို ရပ်ပြီးတော့ နေတာကို သိအောင် ရပ်တယ် ရပ်တယ်လို့ ဆယ်ကြိမ်လောက် အနည်းဆုံး ဆိုပြီးတော့မှတ်၊ ပြီးတော့မှ သွားမည့်ဘက်ဆီကို စိတ်ဖြစ်ပေါ်လာတဲ့အခါ သွားချင်တယ်၊သွားချင်တယ်လို့ ဆယ်ကြိမ်လောက် မှတ်ပြီးတော့မှ ဘယ်လှမ်းရင် ဘယ်လှမ်းတယ်၊ ညာလှမ်းရင် ညာလှမ်းတယ်၊ အဲဒါ ဒန်းစီးတဲ့အခါ ဒန်းပေါ်မှာ ပါသွားသလိုပဲ ဘယ်ဘက်ခြေထောက်ပေါ်မှာ စိတ်ကလေး အသိကလေးက ဒါ ဘယ်လှမ်းတယ် ကပ်ပါသွားပါစေ၊ ညာဘက်ရောက်တော့လဲ ညာလှမ်းတယ် စိတ်ကလေး ကပ် ပါသွားပါစေ၊ အဲဒီလိုမှတ်ပြီးတော့ နိုင်နင်းလာရင် ခြေတစ်ဖက်နှစ်ချက်၊ ကြွတယ်၊ ချတယ်၊ အဲဒီလိုက နိုင်နင်းလာရင် ခြေတစ်ဖက် သုံးချက် ကြွ တယ်၊ လှမ်းတယ်၊ ချတယ်၊ စင်္ကြံဆုံးသွားတော့ ရပ်တယ်၊ ရပ်တယ်၊ လှည့်ချင်တယ် လှည့်ချင်တယ်၊ လှည့်တယ် လှည့်တယ်၊ ရပ်တယ် ရပ်တယ်၊ သွား ချင်တယ် သွားချင်တယ်၊ ညာလှမ်းတယ် ဘယ်လှမ်းတယ် စသည်ဖြင့် အဲဒီလို စင်္ကြံလဲ တစ်နာရီ ကြာအောင် မှတ်၊ ထိုင် တစ်နာရီ စင်္ကြံတစ်နာရီ၊ မှုမှန်အတိုင်း မှတ်သွား၊ကြားထဲမှာ ရေချိုးတာ ထမင်းစားတာ အင်္ကျီလုံချည် ဝတ်တာဆင်တာ စသည်တွေကိုလဲပဲ ပြုလုပ်တိုင်း ပြုလုပ်တိုင်း အကုန်လုံးမှတ်။

အဲဒီလို အကုန်လုံး မှတ်ပြီးတော့ နေသော်လဲပဲ ရှုမှတ်ခါစ ယောဂီမှာ တပ်မက်မှု ရာဂဆိုတဲ့ ကာမစ္ဆန္ဒနီဝရဏတွေကလဲ ဖြစ်ပေါ်လာတတ်တယ်၊ နှစ်သက်နေတဲ့ အိမ်သူအိမ်သားတွေ ပစ္စည်းဥစ္စာ ရတနာတွေ၊ အပေါင်းအသင်းတွေ အဲဒီဟာတွေဆီကို ရောက်ပြီးတော့ စိတ်ကလေးက တွယ်တာပြီးတော့ ထွက်သွားလို့ရှိရင် ထွက်တယ်၊ အိမ်ရောက်တယ်၊ တပ်မက်တယ်၊ ခင်မင်တယ် စသည်ဖြင့် ပေါ်တဲ့အတိုင်း မှတ်ပြီးတော့ ပယ်ရတယ်၊ အဲဒီကနေ ပြီးတော့

ကိုယ့်ကိုယ်ကို မကျေနပ်၊ ပတ်ဝန်းကျင် မကျေနပ်၊ ပူတာ၊ အေးတာ မကျေနပ်၊ အကုန်လုံး မကျေနပ်တာတွေ ဖြစ်ပြီးတော့နေတဲ့ စိတ်ဆိုးမှု ဒေါသတွေလဲ ပြဲ့ပေါ်နေတတ်တယ်၊ ဒေါသတွေကိုလဲ စိတ်ဆိုးတယ်၊ စိတ်ပျက်တယ်၊ ဝမ်းနည်းတယ်၊ အားငယ်တယ် စသည်ဖြင့် မှတ်ပြီးတော့ ပယ်ရတယ်။

အဲဒီလို ရှုနေရင်းကနေ ပြီးတော့ တစ်ရံတစ်ခါကျတော့ စိတ်တွေက ထွက်ပြေးလိုက်တာ ဘယ်ရောက်သွားမှန်းကို မသိဘူး၊ ထွက်သွားလိုက်တာ၊ မီးဖိုထဲ မီးကျိုးခဲရဲရဲထဲကို မဖြစ်စလောက်ရေလေး ဖြန်းလိုက်လို့၊ "ဝုန်းခနဲ" ဆို တက်တဲ့ပြာတွေ တက်သွားသလို၊ စိတ်က ဝုန်းခနဲဆို ဘယ်ကို တက်တက်သွားမှန်းကို မသိဘူး၊ ပြန့်သွားတာ၊ အဲဒီလို ပြန့်လွင့်တဲ့ စိတ်ကလေး ဖြစ်သွားလို့ရှိရင် စိတ်ကလေးကို ချော့သလိုပေါ့၊ အေးအေးထားပြီးတော့ အနည်းဆုံး ငါးမိနစ်လောက် ပြန့်လွင့်တယ် ပြန့်လွင့်တယ်လို့ စိတ်အေးအေး ထားပြီး မှတ်လိုက်ရတယ်၊ ပြန့်လွင့်တာတွေ ငြိမ်းသွားတော့တာပါပဲ။

အဲဒီကနေပြီးတော့ ငါ မိဘစိတ်ဆင်းရဲအောင် လုပ်ခဲ့တယ်၊ ငါ ဘာ ကောင်ကို သတ်ဖူးတယ်၊ ဘာခိုးဖူးတယ်၊ ကိုယ်မကောင်းတာ လုပ်ခဲ့တာတွေကို ကိုယ့်ကိုယ်ကို လှည့်ပြီးတော့ နောက်ကြောင်းပြန် ပူပန်တဲ့စိတ်တွေ ဖြစ်တတ် တယ်၊ အဲဒါတွေကို "ပူပန်တယ် ပူပန်တယ်"လို့ ပျောက်ငြိမ်းသွားအောင် မှတ်ရမယ်။

အဲဒီကနေ မှတ်ရင်းထဲက ထိုင်းမှိုင်းတာ၊ ပျင်းရိတာ၊ မျက်ရည်ပူတွေ ကျတာ၊ သွားရည်တွေ ကျတာ၊ သန်းတာ၊ ဝေတာ၊ ငိုက်တာ စတဲ့ ဒီလိုဟာ တွေ ပေါ်လာတာကို ထိနမိဒ္ဓ ခေါ်တယ်၊ ပြန်ချင်တာ၊ တရားအားထုတ်မှု ရပ်စဲပစ်ချင်တာ၊ နောက်ဆုတ်ချင်တာ၊ အဲဒီစိတ်တွေကိုလဲပဲ ထိုင်းမှိုင်းတယ်၊ ပျင်းရိတယ် စသည်ဖြင့် ရှုမှတ်ပစ်ရမယ်၊ အဲဒါတွေငြိမ်းသွားလို့ရှိရင် တရား တက်ပြီလို့ မှတ်ရမယ်။

အဲဒီကနေ "တရားကမှန်မှ မှန်ရဲ့လား၊ ငါ့တရားပြတဲ့ ဘုန်းကြီးကကော တရားရအောင် ပြုပြင်နိုင်တဲ့ဘုန်းကြီးမှ ဟုတ်ရဲ့လား၊ ဒီနည်းလမ်းတွေ ဘုရား ဟောခဲ့တဲ့ တရားတွေမှ ဟုတ်ရဲ့လား၊ နည်းလမ်း မှန်တယ်၊ ဘုန်းကြီးကလဲ တရားရအောင် ပြနိုင်တယ်၊ ငါကတော့ တရားရထိုက်တဲ့ ပုဂ္ဂိုလ် ဟုတ်ရဲ့လား၊ အခု လုပ်နေတာ လွဲများနေသလား" စသည်ဖြင့် တရားနဲ့ ဆက်စပ်ပြီး

မယုံကြည်စရာ၊ သံသယဖြစ်စရာတွေကို တွေးပြီးတော့ သံသယ ဖြစ်ပေါ်နေရင် ဒါတွေကိုလဲပဲ ယုံမှားတယ်၊ သံသယဖြစ်တယ်၊ ယုံမှားတယ် သံသယဖြစ်တယ်၊ ဆင်ခြင်တယ် စဉ်းစားတယ်လို့ အကုန်လုံးကို ထိထိမိမိမှတ်။

အဲဒီ နီဝရဏငါးမျိုး မရှိတော့ဘဲနဲ့ မှတ်စိတ်ချည်းပဲ အသားတင်ကလေးပေါ်၊ သန့်သန့်ရှင်းရှင်း စင်စင်ကြယ်ကြယ် မှတ်နေရတဲ့ သဘောကို တွေ့ရင် ဘာဖြစ်တယ်၊

"စိတ္တဝိသုဒ္ဓိပါဘုရား"

အေးဟုတ်တယ်၊ တချို့တလေ တစ်လကြာလို့တောင် စိတ္တဝိသုဒ္ဓိက မဖြစ်ဘူး၊ တချို့တလေ ဆယ်ရက် ဆယ့်ငါးရက်လောက် ဆိုရင် ဖြစ်ပါရဲ့၊ တစ်ပတ်လောက်ဆိုရင်လဲ ဖြစ်တတ်ပါရဲ့၊ ရက်ကြာတိုင်း တရားရတာ မဟုတ်ဘူး၊ ရိုရိုသေသေ လေးလေးစားစား မှတ်မှ တရားရတာ၊ အဲဒီတော့ ရိုသေမှုလဲ မရှိ၊ လေးစားမှုလဲ မရှိ၊ မြန်မြန်ကလဲ ပြန်ချင်တယ်၊ တရားကလဲ လိုချင်တယ်ဆိုရင် ဒီလူအတွက် တရားရအောင် ဘုန်းကြီးတို့ လုပ်မပေးနိုင်ဘူး၊ မတတ်နိုင်ဘူးနော်။

## နာမရူပ ပရိစ္ဆေဒဉာဏ်

အဲဒီတော့ ရိုရိုသေသေ၊ သေသေချာချာ၊ စေ့စေ့စပ်စပ် တရား မှတ်ရတယ်၊ ဒီလိုမှတ်တဲ့အခါကျတော့ မှတ်စိတ်ချည်း စင်ကြယ်လာတဲ့ အခါကျတော့ မှတ်စရာ တခြား၊ မှတ်တာက တခြားဆိုပြီး နှစ်မျိုး ကွဲကွဲ ပြားပြား ဖြစ်ပြီးတော့ လာတာကိုတော့ နာမရူပ ပရိစ္ဆေဒဉာဏ်လို့ ခေါ်ပါတယ်၊ ဘာဉာဏ်တဲ့တုံး။ "နာမရူပ ပရိစ္ဆေဒဉာဏ်ပါ ဘုရား"

## အသိအမြင် စင်ကြယ်ရင် ဒိဋ္ဌိဝိသုဒ္ဓိ-တဲ့

ဟုတ်တယ်– နာမရူပ ပရိစ္ဆေဒဉာဏ်၊ အဲဒီကနေ ပြီးတော့ မှတ်စရာနှင့် မှတ်တာ၊ မှတ်တာနှင့် မှတ်စရာ၊ ဒီနှစ်မျိုးသာ ရှိတယ်၊ အင်း– နာမ်ရှိလို့သာ ရုပ်ကြီး လှုပ်ရှားတယ်၊ နာမ်မရှိရင် ရုပ်ကြီး လှုပ်ရှားစရာအကြောင်း မရှိဘူး၊ နာမ်မရှိရင်တော့ ငုတ်ပျောတုံး လက်ပံတုံးလိုပဲ၊ အသေကောင်ကြီးပဲ၊ နာမ်တရား၊ ခြယ်လှယ်မှု၊ စောင့်ရှောက်မှုကြောင့် ဒီရုပ်ကြီးက သွားလာ လှုပ်ရှားနေရတာ၊ အဲဒီတော့ ဒီအသိနာမ်တရားလေး ရှိတော့လဲ ရုပ်ကြီးကို အမှီပြုပြီးတော့ဖြစ်ပေါ်

နေရတာပဲ၊ ဒီနာမ်နဲ့ ရုပ်နှစ်မျိုးကလွဲရင် ဖောင်းတာနဲ့ သိတာ၊ ပိန်တာနဲ့ သိတာ၊ ဘယ်လှမ်းတာနဲ့ သိတာ၊ ညာလှမ်းတာနဲ့ သိတာ၊ ဒီနှစ်မျိုးကလွဲပြီး ငါ၊ သူတစ်ပါး၊ ယောကျ်ား၊ မိန်းမ မရှိဘူးလို့ အသိအမြင် စင်ကြယ်ရင် "ဒိဋ္ဌိဝိသုဒ္ဓိ"လို့ ခေါ်တယ်။

## ပစ္စယပရိဂ္ဂဟဉာဏ်

အဲဒီက နောက်မှာ၊ ဟိုဘက်ဆက်ပြီးတော့ မသွားခင် သွားချင်စိတ် ပေါ်တာ မရပ်ခင် ရပ်ချင်စိတ် ပေါ်တာ၊ မထိုင်ခင် ထိုင်ချင်စိတ် ပေါ်တာ၊ မအိပ်ခင် အိပ်ချင်စိတ် ပေါ်တာလေးတွေကိုပါ သိပြီးတော့ သွားချင်၊ ရပ်ချင်၊ ထိုင်ချင်၊ အိပ်ချင်စိတ်ကြောင့် သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ အိပ်မှု ဆိုတဲ့ သဘော တရားတွေ ပေါ်ရတာပဲ၊ အကြောင်းအကျိုး ဖြစ်တယ်၊ အကြောင်းမရှိရင် အကျိုးမရှိဘူး၊ အဲဒီလိုပိုင်းခြားပြီးတော့ သိလာတာကိုတော့ဖြင့် ပစ္စယပရိဂ္ဂဟ ဉာဏ်လို့ ခေါ်တယ်။

မျက်စိနဲ့အဆင်း ဆုံသောကြောင့် ဒါမှမဟုတ် မျက်စိနဲ့အဆင်း အရောင် အလင်း နှလုံးသွင်းဆိုတဲ့ စက္ခု၊ ရူပ၊ မနသိကာရ၊ အာလောကလို့ ဆိုတဲ့ ဒီတရားတွေကြောင့် မြင်သိမှုဆိုတာ ဖြစ်ပေါ်လာတာ၊ မျက်စိမရှိရင် မြင်ရ ပါ့မလား။ "မမြင်ရပါဘုရား"

မမြင်ရဘူး၊ မျက်စိတော့ ရှိပြီး အဆင်းမရှိရင်လဲ မမြင်ရဘူး၊ မျက်စိလဲ ရှိလို့ အဆင်းလဲ ရှိလို့ မြင်ရတယ်၊ မျက်စိနဲ့ အဆင်းသာရှိပြီး မှောင် မိုက်နေတယ်၊ မီးလဲ မရှိဘူးဆိုရင် အလင်းမရှိလို့ မမြင်ရဘူး၊ မျက်စိလဲ ရှိတယ်၊ အဆင်းလဲရှိတယ်၊ အရောင်အလင်းလဲရှိမှ မြင်ရတာ၊ မှန်ရဲ့လား။

"မှန်ပါတယ်ဘုရား"

မျက်စိရယ်၊ အဆင်းရယ်၊ အရောင်အလင်းရယ်တော့ ရှိပါတယ်၊ နေ့ကြောင်တောင်ကြီး တိုင်ကို ဝင်တိုက်နေတာ၊ အဲ–နေ့ကြောင်တောင် တံခါးပေါင်ကြီး ဝင်ဆောင့်လိုက်တာ"ဒိုင်းခနဲ"၊ မျက်စိလဲ ရှိတယ်၊ အဆင်း လဲ ရှိတယ်၊ နေ့ကြောင်တောင်ဆိုတော့ မီးလဲ ထွန်းစရာ မလိုဘူး၊ သူ့ဟာသူ လင်းနေတာ၊ အဲဒါကြီးကို ဘာပြုလို့ ဝင်တိုက်ရတာတုံး၊ ဒီနားမှာ တိုင်ကြီးရှိတယ် ဆိုတာကို နှလုံးမသွင်းမိလို့ သတိမထားမိလို့၊ မှန်ရဲ့လား၊"မှန်ပါဘုရား"

နှလုံးသွင်းရှိမှလဲ မြင်တယ်၊ မှန်ရဲ့လား။ ကဲ ဆိုစမ်းပါဦး-

မျက်စိရှိလို့လဲ မြင်သည်၊
အဆင်းရှိလို့လဲ မြင်သည်၊
အရောင်အလင်းရှိလို့လဲ မြင်သည်၊
နှလုံးသွင်းရှိလို့လဲ မြင်သည်၊

အဲဒီ အကြောင်းတရားတွေ မရှိလို့ရှိရင် မြင်ပါ့မလား။"မမြင်ပါဘုရား"

ဒီအကြောင်းတရားတွေ ဆုံရင်တော့ ဘာဖြစ်တုံး၊ မြင်မှာပဲ၊ အဲဒီ မြင်အောင် ဖန်ဆင်းပေးတဲ့ အတ္တကောင် အာဏာပေးတဲ့ ဝိဉာဉ်ကောင်လေးတွေ ဆိုတာ မရှိဘူး၊ အကြောင်းကြောင့် အကျိုး ဖြစ်နေတာ၊ မြင်အောင် ဖန်ဆင်းပေးနေတဲ့ ထာဝရသခင် မရှိဘူး၊ ဗြဟ္မာသိကြား မရှိဘူး၊ အကြောင်းဆုံလို့ အကျိုးတွေ ပေါ်နေတာပဲ၊ မသိနိုင်ဘူးလား။ "သိနိုင်ပါ ဘုရား"

အဲဒီလိုအစရှိသည်ဖြင့် အကြောင်းအကျိုးတွေကို ပိုင်းခြားပြီး သိတာကိုတော့ ပစ္စယပရိဂ္ဂဟဉာဏ်လို့ ခေါ်တယ်။

## ကင်္ခါဝိတရဏ ဝိသုဒ္ဓိဖြစ်ရင်

ဒီအကြောင်းအကျိုးမှ လွဲပြီးတော့ ငါကောင်၊ သူကောင်၊ သတ္တဝါကောင် မရှိဘူးဆိုတာ ယုံမှား ကင်းလောက်အောင် အသိအမြင် ရှင်းတဲ့ သဘောကိုတော့ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ-တဲ့၊ ဘာပါလိမ့်။

"ကင်္ခါဝိတရဏ ဝိသုဒ္ဓိပါဘုရား"

ကင်္ခါဝိတရဏ ဝိသုဒ္ဓိ ဖြစ်သွားရင် ဖန်ဆင်းဝါဒ ပြုတ်သွားပြီး ဖန်ဆင်းဝါဒအစွဲ ရှိနိုင်ပါဦးမလား။ "မရှိနိုင်တော့ပါ ဘုရား"

မရှိနိုင်တော့ဘူး၊ အဲဒီကနေဆက်ပြီးတော့ ရှုမှတ်တဲ့အတွက် အာရုံရဲ့ အစ၊ အလယ်၊ အဆုံး အကုန်လုံး သိလာတယ်၊ ဖောင်းစ၊ ဖောင်းလယ်၊ ဖောင်းဆုံး၊ ပိန်စ၊ ပိန်လယ်၊ ပိန်ဆုံး၊ ဘယ်လှမ်းတယ် ဆိုရင် ဘယ်လှမ်းတာလေးကို စပြီးတော့ လှမ်းတာ၊ လှမ်းနေတာ၊ လှမ်းတာကလေး အဆုံးသတ်သွားတာ၊ ဘယ်လှမ်းတာ အစ၊ ဘယ်လှမ်းတာ အလယ်၊ ညာလှမ်းတာ အဆုံး သတ်သွားတာ၊ တင်ပါးက ပူလာရင် ပူလာတဲ့ အစ၊ ပူတယ်၊ ပူတယ်၊ နောက်တစ်ခါ ပူတာလေး မပြောင်းမခြင်း ပူတယ်၊ ပူတယ်၊ ပူတာလေး

အဆုံးသတ်သွားတာ အဲလိုပေါ့၊ အာရုံအစ၊ အလယ်၊ အဆုံးတွေကို သေသေချာ ကွဲသိတယ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်လောက်တုန်းက ဆိုလို့ရှိရင် ဖိုးသူတော်ကြီး မြင်လို့မြင်တယ်၊ မြင်တယ်မှတ်၊ ဖိုးသူတော်ကြီးမှ မပျောက်သေးဘူး၊ ဘုန်းကြီး တစ်ပါးကြွလာတာနဲ့ ဖိုးသူတော်ကြီး ဒီအတိုင်းထားပြီး ဘုန်းကြီးကို မြင်တယ် မြင်တယ် ဆက်မှတ်ရမယ်၊ ဘုန်းကြီးမှတ်တုန်း ရှိသေး ဖိုးသူတော်က ဘယ် အချိန် ပျောက်နေရစ်မှန်း မသိဘူး၊ အဲတော့ အာရုံရဲ့ အစနဲ့ အလယ်ကိုသာ သိတယ်၊ အဆုံးသတ်ကို မသိလိုက်ဘူး။

ခါးကနာတာ မှတ်တုန်းရှိသေး ပေါင်က အောင့်တာနဲ့ အောင့်တယ် အောင့်တယ်မှတ်၊ ခါးနာတာက ဘယ်လို ပျောက်နေရစ်မှန်း မသိဘူး၊ အပြီး ကို မသတ်ခဲ့ဘူး၊ အာရုံနှစ်မျိုး နှစ်မျိုး ထပ်ထပ်နေတယ်။

အခု– ဒီဉာဏ် အစိတ်အပိုင်း ရောက်တော့ အာရုံမြင်တဲ့ အာရုံတစ်ခု၊ တောတောင်မြင်ရင် တောတောင်ကို မှတ်ရင်း မှတ်ရင်းနဲ့ ဝေးဝေးပြီးတော့ ဖြစ်ဖြစ်၊ သေးသေးပြီးတော့ ဖြစ်ဖြစ်၊ မှုန်မှုန်ပြီးတော့ ဖြစ်ဖြစ် ပျောက်သွားတာ၊ အဲဒီ တောတောင်ကြီး ပျောက်သွားတော့မှ အလင်းရောင်ကြီး မြင်တယ်၊ မြင်တယ်၊ တစ်ခုပြီးတစ်ခု ခါးကနာတာ ပျောက်သွားပြီးတော့မှ ပေါင်က အောင့်တာကို တစ်ခုပြီးမှ တစ်ခု၊ အတန်းလိုက်၊ အတန်းလိုက် ပြတ်သွားအောင် မှတ်နိုင်တဲ့ အသိဉာဏ်ကို သမ္မသနဉာဏ်လို့ ခေါ်တယ်။

အဲဒီရောက်တော့ အလင်းရောင်လေးလဲ မြင်လာရ၊ ပီတိပဿဒ္ဓိတွေလဲ နည်းနည်းလေးတော့ စလာပြီ၊ အဲဒီလို ပေါ်ပြီးတိုင်း ပျောက်သွားတာတွေ၊ နှိပ်စက်နေလို့မို့ ဆင်းရဲတယ်၊ ငါကောင် သူကောင် မဟုတ်ဘူးဆိုတာတွေလဲ သိတော့ ပရိယတ္တိ ဗဟုသုတဉာဏ်ရှိတဲ့ ပုဂ္ဂိုလ်တွေကဆိုရင် အဲဒါ– စာပေ အသိဉာဏ်နဲ့ပတ်သက်ပြီး တရားနာဖူးတာနဲ့ ပြန်လည် ချိန်ကိုက်၊ ချိန်ကိုက် ပြီးတော့ တရားကို ပြန်လည် သုံးသပ်နေတာနဲ့ အမှတ်က ရှေ့ မရောက်ဘူး၊ သုံးသပ်လို့ကလဲ ကောင်းကောင်းနဲ့ ဆိုတော့ ရှေ့မရောက်ချင်လဲနေ၊ သုံးသပ်လို့ ကောင်းကောင်းနဲ့ သုံးသပ်နေတော့တာ၊ အဲဒါ စိန္တာမယနဲ့ ဘာဝနာမယနဲ့ လုံးထွေးပြီးတော့ သွားတယ်၊ အဲ– ထားလိုက်ပါတော့၊ အဲဒီကနေ ဟိုဘက်ကို တော်တော်လေး တက်လာပြီ ဆိုတော့ အရောင်အလင်းတွေကလဲ သိပ်ပြီးတော့ မြင်ရတယ်၊ မီးဆလိုက်နဲ့ ထိုးလိုက်သလို ညကြီးမှာပဲ နေကြီး ထွက်လာသလို

ကားမီးဆလိုက် အထိုးခံရသလို မျက်စိကို စိမ်းသွားလောက်အောင် အရောင် အလင်းကြီးတွေ ဖြစ်လာတယ်၊

ပီတိပဿဒ္ဓိတွေကလဲ တလိမ့်လိမ့်၊ တသိမ့်သိမ့်၊ တစိမ့်စိမ့်၊ တရှိန်းရှိန်း၊ ကိုယ်တွေရော၊ စိတ်တွေရော၊ နှလုံးသားတွေရော အကုန်လုံး ဆတ်ဆတ်ကို ခါအောင် လှုပ်ပြီးတော့ တစ်ခါတည်းပြီး ပီတိတွေ ဖြစ်တယ်၊ မှတ်လိုက်တိုင်း မှတ်လိုက်တိုင်း ပေါ်ပြီး ပျောက်၊ ပေါ်ပြီးပျောက် ပျောက်သွားတာ တွေကိုလည်း မမှတ်နိုင်တာမရှိ၊ မသိနိုင်တာရယ်လို့လဲ မရှိပဲနဲ့ အကုန်လုံးဉာဏ်တွေကလဲ ထက်မြက်နေတော့ "ဟာ ဒါတွေဟာ တရားထူးတွေပဲ၊ ငါမို့လို့ ရတာ၊ ဟိုကောင်မတွေ ငါ့လိုတောင် မြင်မှာ မဟုတ်ဘူး၊ ဘာညာနဲ့ အဲလို မာနလေး ဘာလေး ဝင်လာတော့ လမ်းလွဲနေပြီ၊ လမ်းလွဲကို မရောက်စေဘဲနဲ့ ပစ္စုပ္ပန် တည့်တည့်လေး မှတ်ပြီးတော့ အသိဉာဏ်လေး ရှင်းနေဖို့ မလိုဘူးလား၊ လိုတယ်နော်၊ ရှင်းရှင်းလေးသိအောင် မှတ်ရမယ်၊ မမှတ်ဘဲ ဒါကို အကောင်း ထင်နေတာ၊ ဒါငါ့ဥစ္စာပဲ၊ ဘာပဲနဲ့ ငါမို့လို့ တွေ့တာပဲ"လို့ အထင်လွဲနေတာ အလင်းရောင် ပီတိပဿဒ္ဓိတွေပေါ်မှာ သာယာနေတာတွေဟာ လမ်းလွဲနေတာပဲ၊ ဒါတွေကို ဂရုမစိုက်ဘဲ ကိုယ့်အမှတ်ကို ဆက်ပြီး မှတ်နိုင်တာကမှ လမ်းမှန်၊ လမ်းမှန်အတိုင်း မှတ်နေပါက တရားမှန်တွေကို သိမလာနိုင်ဘူးလား။

"သိလာနိုင်ပါဘုရား"

သိလာနိုင်တယ်၊ အဲဒီလို သိလာတဲ့ အခါကျတော့ အာရုံပေါ်လာပြီး ပျောက်သွားမှု၊ ပေါ်လာမှု၊ ပျောက်သွားမှုတွေကိုကော မသိရဘူးလား။

"သိရပါတယ်ဘုရား"

သိလာရတယ်၊ ဘာမဆို ပေါ်တာနဲ့ ပျောက်တာ၊ ပေါ်တာနဲ့ ပျောက် တာ၊ အလယ်ခေါင်မှာ တည်နေတာကို မှတ်နေတာ မရှိဘူး၊ မှတ်လိုက် ပျောက် လိုက်၊ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်တာလဲမှတ်၊ ပျောက်တာလဲ မှတ်ပြီး သိပြီးသား ဖြစ်နေတာ အဲဒီလို ဉာဏ်မျိုးကို ဥဒယဗ္ဗယ ဉာဏ်လို့ ခေါ်ပါတယ်။

အဲဒီ ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာပြီ ဆိုလို့ရှိရင် စာပေ ဗဟုသုတကလဲ ရှိထားတဲ့ ပုဂ္ဂိုလ်ဆိုရင် စာပေကပေးတဲ့ ဗဟုသုတနဲ့ ရောယှက်ပြီးတော့ ဆင်ခြင်မှုတရားတွေ ဖြစ်ပေါ်လာတယ်၊ ဩော်– သွားချင်စိတ် ဖြစ်သောကြောင့် သာ သွားမှု ရုပ် ဖြစ်ရတယ်၊ သွားချင်စိတ် မရှိရင် သွားမှုရုပ် မဖြစ်နိုင်ဘူး၊

ရုပ်ချင်စိတ်ကြောင့်သာ ရုပ်မှုရုပ် ဖြစ်ရတယ်၊ ရုပ်ချင်စိတ် မရှိရင် ရုပ်မှုရုပ် မဖြစ်ဘူးဆိုတာကိုလည်းပဲ သိမလာဘူးလား။ "သိရပါဘုရား"

ရုပ်ဆိုပါတော့၊ ဒီရုပ်ဟာ ဘာကြောင့် ဖြစ်ရတာတုံး၊ အစာအာဟာရတွေ နေ့တိုင်းစားသောက်ပေးပြီးတော့ နေတဲ့အတွက် ရုပ်တွေ အကြိမ်ကြိမ် အခါခါ ဖြစ်နေတာ၊ အာဟာရဓာတ်တွေသာ ပြတ်သွားမယ်ဆိုရင် ဒီရုပ်ကြီး တည်နိုင်မှာ မဟုတ်ဘူး၊ မှန်ရဲ့လား။ "မှန်ပါတယ်ဘုရား"

နောက်ပြီးတော့ အစာအာဟာရတွေ စားပြီး နေရတာ ရှိသလို ရှေးဘဝက ဒီရုပ်ခန္ဓာကိုယ်ကြီး ရအောင် ပြုလုပ်ခဲ့တဲ့ကံရှိလို့ ဒီလို ရုပ်ကြီးရတာ ဖြစ်တာ၊ ဒီကံသာ မရှိရင် ဒီရုပ်ကြီး မဖြစ်နိုင်ဘူး၊ ရှေးဘဝက အကောင်းထင်ပြီးတော့ လိုချင်ခဲ့တဲ့ တဏှာရှိခဲ့လို့သာ ဒီရုပ်ကြီး ဖြစ်တာ၊ တဏှာမရှိရင် ဒီရုပ်ကြီး မဖြစ်နိုင်ဘူး၊ ရှေးဘဝက သစ္စာလေးပါးတွေကို ပြောင်းပြန်သိတဲ့ အမှန်မသိတဲ့ အဝိဇ္ဇာမရှိခဲ့ရင် ဒီရုပ်ကြီးမဖြစ်ဘူး ဆိုပြီးတော့ ဒီလိုကော မဆင်ခြင်တတ်ဘူးလား။ "ဆင်ခြင်တတ်ပါဘုရား"

ဆင်ခြင်ပြီး အမှန်ကို မသိဘူးလား။ "သိပါဘုရား"

အဲ–ဆိုကြည့်စမ်း၊ ရူပက္ခန္ဓာမှာ ဖြစ်ကြောင်း ဖြစ်မှု ငါးပါး၊ ချုပ်ကြောင်း ချုပ်မှုငါးပါး၊ အဲဒီတော့ ငါးပါးနှစ်ခု ပေါင်းရင် (၁၀)ပါး၊ ရူပက္ခန္ဓာမှာ ဥဒယဗ္ဗယဉာဏ် (၁၀)ပါး ဆိုကြည့်မယ်။

ရှေးအဝိဇ္ဇာ တဏှာကံပါ၊
ယခုဘဝ အာဟာရပါ၊
ဤလေးပါးပေါင်း ဖြစ်ကြောင်းရုပ်ပါ၊
ချုပ်ကြောင်းလဲ မလွှဲဤလေးဖြာ။
ဖြစ်ချုပ်မှု တစ်ခုစီဖြည့်ပါ။

ဖြစ်ကြောင်းက ဘာတွေလဲ၊ အဝိဇ္ဇာရယ်၊ တဏှာရယ်၊ ကံရယ်၊ အာဟာရရယ်၊ ရုပ်ဖြစ်ကြောင်းက ဘာတဲ့တုံး။ "အဝိဇ္ဇာ၊ တဏှာ၊ ကံ၊ အာဟာရ"

ဘာဖြစ်ကြောင်းတုံး။ "ရုပ်ဖြစ်ကြောင်း"

ဘယ်နှစ်ခုလဲ "လေးခု"

အဲဒီ ဖြစ်ကြောင်းလေးခုကြောင့် ဖြစ်တာဆိုတဲ့ ဖြစ်မှုလေး တစ်ခု ထည့်လိုက်ရင် (ငါးခု) ဘယ်နှစ်ခုလဲ။

"ငါးခုပါဘုရား"

အဝိဇ္ဇာမရှိရင် တဏှာမရှိဘူး၊ တဏှာမရှိရင် ကံမရှိဘူး၊ တဏှာနဲ့ကံ မရှိရင် ဘဝမဖြစ်တော့ဘူး၊ ဘဝဆိုတဲ့ ရုပ်နာမ်မှ မရှိရင် အာဟာရ ဖြည့်ပေးစရာ လိုသေးသလား။ "မလိုပါဘုရား"

မလိုဘူး၊ အဲဒီချုပ်ကြောင်းကလဲ လေးခု၊ အဲဒီ ချုပ်ကြောင်းလေးခုရယ်၊ ချုပ်မှုတစ်ခုရယ် ထည့်လိုက်ရင် ငါးခု၊ အဲဒီတော့ ဥဒယဗ္ဗယဉာဏ်ရုပ်နဲ့ ပတ်သက်ပြီး ဖြစ်ကြောင်းဖြစ်မှုက ငါးခု၊ ချုပ်ကြောင်းချုပ်မှုက ငါးခု၊ စုစုပေါင်း ဘယ်နှစ်ခုတုံး။ "၁၀–ခုပါဘုရား"

၁၀–ခု၊ မှတ်ထားကြပါ။

ဒါကရုပ်ဖြစ်ကြောင်းနှင့် ရုပ်ဖြစ်မှု၊ ဒါလောက်ဆို လုံလောက်ပြီ၊ ဝေဒနာရယ် သညာရယ်၊ သင်္ခါရရယ်၊ ဒါသုံးမျိုးကလဲ သဘောအားဖြင့် တူတယ်၊ အဲဒါ ဝေဒနာကို အရင်ဆိုလိုက်မယ်။

ရှေးအဝိဇ္ဇာ၊ တဏှာကံပါ၊
ယခုဘဝ၊ ဖဿမှတ်ပါ၊
ဤလေးပါးပေါင်း၊ ဖြစ်ကြောင်း "ဝေ"ပါ
ချုပ်ကြောင်းလဲ၊ မလွဲ ဤလေးဖြာ။
ဖြစ်ချုပ်မှု၊ တစ်ခုစီဖြည့်ပါ။

ရုပ်ဖြစ်ကြောင်း ဖြစ်မှုမှာ အာဟာရနေရာကို ဖဿလေးလဲ ထည့်လိုက်၊ အာဟာရကို နုတ်ထား၊ ဖဿကို ဖြည့်ထည့်လိုက်ရင် ဝေဒနက္ခန္ဓာ ဖြစ်ကြောင်း ဖြစ်မှု၊ ဝေဒနက္ခန္ဓာ ချုပ်ကြောင်း ချုပ်မှု၊ သူလဲ ဘယ်နှစ်ပါးလဲ၊ ၁၀–ပါး၊ "ဝေ"ပါဆိုတာ ဝေဒနက္ခန္ဓာကို ဆိုလိုတယ်၊ ကဗျာမို့လို့ တစ်လုံးတည်း အစ တုန်းက "ရုပ်"ပါ၊ ရုပ်ဆိုတာကတော့ ထင်ရှားပြီနော်၊ ကဲ–အခု ဝေဒနာပြီးတော့ သညာလာမယ်၊ သညာလာတဲ့အခါမှာ ဖြစ်ကြောင်း "ဝေ"ပါဆိုတဲ့ နေရာမှာ ဖြစ်ကြောင်း "သင်"ပါလို့ဆိုမှာ အဲဒီ သင်–ဆိုတဲ့ စကားလုံးလေးကို "ဝေ" နေရာမှာ ပြောင်းလဲ ထည့်လိုက်ရုံပဲ။

ရှေးအဝိဇ္ဇာ၊ တဏှာကံပါ၊
ယခုဘဝ၊ ဖဿမှတ်ပါ၊
ဤလေးပါးပေါင်း၊ ဖြစ်ကြောင်း "သင်"ပါ၊
ချုပ်ကြောင်းလဲ မလွဲဤလေးဖြာ။

အဲဒီတော့ သညက္ခန္ဓာကလဲပဲ ဖြစ်ကြောင်း ဖြစ်မှု၊ ဘယ်နှစ်ပါးလဲ၊ ငါးပါး၊ ချုပ်ကြောင်း ချုပ်မှု ငါးပါး နှစ်ခုပေါင်းရင် ၁၀-ပါး အဲဒီမှာလဲ ဉာဏ် ၁၀-ပါး ရှိတယ်တဲ့။

သင်္ခါရ- သင်္ခါရကျတော့ "ဝေ"ပါ၊ "သင်"ပါဆိုတဲ့ နေရာလေးကို "ခါ"ပါလို့ ပြောင်းလိုက်၊ သင်္ခါရနော်၊ သညာကလဲ သညက္ခန္ဓာ၊ သင်္ခါရကလဲ သင်္ခါရက္ခန္ဓာ၊ "သင်"ဆိုရင် "သင်" နှစ်ခု ထပ်နေမှာမို့ "ခါ"ကို ယူထားတာ၊ "ခါ"ကို သင်္ခါရလို့မှတ်။ ဆိုကြည့်မယ်-

ရှေးအဝိဇ္ဇာ၊ တဏှာကံပါ၊
ယခုဘဝ၊ "ဖဿ"မှတ်ပါ၊
ဤလေးပါးပေါင်း၊ ဖြစ်ကြောင်း"ခါ"ပါ၊
ချုပ်ကြောင်းလဲ၊ မလွဲဤလေးဖြာ၊
ဖြစ်ချုပ်မှု၊ တစ်ခုစီဖြည့်ပါ။

နောက်ပြီးတော့ ဝိညာဏက္ခန္ဓာပေါ့လေ၊ ဝိညာဏက္ခန္ဓာကျတော့ ဝိညာဏက္ခန္ဓာမှာ ဖဿနေရာကို နာမ်ရုပ်၊ နာမရူပါဆိုတဲ့ နာမ်နဲ့ရုပ်ကို ဖလှယ်ထည့်ရမှာ၊ ဖဿနေရာမှာ ဘာဖြစ်သွားမယ်၊ နာမ်ရုပ် ဖြစ်သွားရပါမယ်၊ နာမ်ရုပ်၊ နောက်ပြီးတော့ "ဤလေးပါးပေါင်း ဖြစ်ကြောင်း ဝိဉ်" ဝ-လေးလုံးကြီးတင်နဲ့ ည-တစ်ခြမ်းပဲ့ သတ်လိုက်ရင် ဝိဉ်၊ ဝိညာဏက္ခန္ဓာကို ဆိုလိုတယ်၊ ဖြစ်ကြောင်း "ဝိဉ်"ပါလို့ ပြင်ပေးရမယ်။ ကဲ- ဆို

ရှေးအဝိဇ္ဇာ၊ တဏှာကံပါ၊
ယခုဘဝ၊ နာမရူပါ၊
ဤလေးပါးပေါင်း၊ ဖြစ်ကြောင်း "ဝိဉ်"ပါ၊
ချုပ်ကြောင်းလဲ၊ မလွဲဤလေးဖြာ။
ဖြစ်ချုပ်မှု၊ တစ်ခုစီဖြည့်ပါ။

အဲဒီ ဝိညာဏက္ခန္ဓာမှာလဲပဲ ဉာဏ်ဘယ်လောက်တုံး (၁၀)ပါး၊ ခန္ဓာက ဘယ်နှစ်ပါးလဲ (၅ပါး)၊ ခန္ဓာတစ်ပါးမှာ ဉာဏ်က (၁၀–ပါး)ဆိုရင် ပေါင်းလိုက်ရင် ၅၀၊ ဥဒယဗ္ဗယ ဉာဏ်ပေါင်း ၅၀၊ အဲဒီ (၅၀)ကို ဟောပြ ရှင်းနိုင်တဲ့ ပုဂ္ဂိုလ်မျိုးကို မှီဝဲပါ။

အခု ဒကာ–ဒကာမတို့ ဟောပြနေကြတဲ့ ဒီမဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယ၊ သံဃာ့ဝန်ဆောင် ဆရာတော်တွေက ဒီဥဒယဗ္ဗယဉာဏ် (၅၀)တို့ကိုလဲ ကိုယ်တိုင် ရှုမှတ်ပြီးတော့ သိမြင်ထားတဲ့ စာပေပရိယတ္တိ အနေအားဖြင့်လဲ သိပြီးဖြစ်နေတဲ့ ဆရာတော်တွေ ဖြစ်တယ်၊ အဲဒီ ဆရာတော်တွေရဲ့ အဆုံးအမ ဩဝါဒ လိုက်နာပြီးတော့ ကျင့်ပွားအားထုတ်ရင် ဓမ္မဝိစယ သမ္ဗောဇ္ဈင် မဖြစ်နိုင်ဘူးလား။ "ဖြစ်နိုင်ပါတယ် ဘုရား"

ဖြစ်ရင် မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူးလား။ "ရနိုင်ပါတယ်ဘုရား"

ရနိုင်ပါတယ်။ နောက်ပြီးတော့–

ဂမ္ဘီရဉာဏစရိယပစ္စဝေက္ခဏာနာမ– နက်နဲသော ဉာဏ်အကျင့်ကို ဆင်ခြင်ခြင်း မည်သည်ကား၊ ဂမ္ဘီရေသု– နက်နဲကုန်သော၊ ခန္ဓာဒီသု– ခန္ဓာ စသည်တို့၌၊ ပဝတ္တာယ–ဖြစ်သော၊ဂမ္ဘီရပညာယ–နက်နဲသောပညာ၏၊ ပဘေဒ ပစ္စဝေက္ခဏာ–အပြားကို ဆင်ခြင် ရှုမြင်သည်၏ အဖြစ်ပေတည်း၊

အဲဒီ ခန္ဓာ၊ အာယတန၊ ဓာတ်၊ သစ္စာတွေကို မိမိသဏ္ဍာန် အလုပ်နှင့် သရုပ်သိအောင် ကပ်ပြီးတော့ ရှုမှတ်နိုင်ဖို့၊ သိနိုင်ဖို့ရာ ဆိုလို့ရှိရင်၊ စူးစူးစမ်းစမ်း၊ စေ့စေ့စပ်စပ်၊ လေးလေးနက်နက် သုံးသပ် ဆင်ခြင်ဖို့ မလိုဘူးလား။

"လိုပါတယ် ဘုရား"

လိုတယ်၊ ကဲ ဆိုကြပါစို့၊ မျက်စိနဲ့ အဆင်းဆုံလို့ မြင်တယ်လို့ မှတ်တယ်ဆိုလို့ ရှိရင် မျက်စိက ကြည့်လို့ မြင်ရတယ်၊ မျက်စိက အဆင်းဆီကို ရောက်ရောက်သွားတာ၊ မြင်တယ်ဆိုတာ မျက်စိမှီပြီး မြင်တာပဲ စသည်အားဖြင့် မြင်မှုနဲ့ ဆက်စပ်ပြီး စက္ခုပသာဒ တစ်ခုတည်း လက္ခဏာ၊ ရသ၊ ပစ္စုပဋ္ဌာန်တွေ၊ အဲဒါတွေကို တရားမှတ်ရင်း ယောဂီရဲ့ ဉာဏ်ထဲမှာ ဒက်ခနဲ ဒက်ခနဲ သိသိပြီးတော့ သွားအောင် ရှုမှတ်လို့ရှိရင် နက်နက်နဲနဲတွေ သိလာတာပါပဲ၊ မှန်ရဲ့လား။

"မှန်ပါဘုရား"

အဲဒီလို နက်နက်နဲနဲတွေ သိလာဖို့လဲပဲ အရေးမကြီးဘူးလား၊ ကြီးတယ်၊ နောက်ပြီးတော့ အဲဒီ ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ချင်တဲ့ စိတ်ညွတ်ကိုင်းမှု ရှိဖို့လဲ မလိုဘူးလား။

"လိုပါတယ်ဘုရား"

အဲဒီညွတ်ကိုင်းလိုမှုရှိဖို့လဲ လိုတာပါပဲ၊ ဒါကြောင့်မို့ "ဉာဏ်မဲ့ရှောင်ကြဉ်၊ ဉာဏ်ရှိယှဉ်၊ ဆင်ခြင်နက်နဲမှာ" နက်နက်နဲနဲ ဆင်ခြင်တယ်ဆိုရင် ဒီဉာဏ်တွေ မဖြစ်နိုင်ဘူးလား။

"ဖြစ်နိုင်ပါတယ်ဘုရား"

ဖြစ်လို့ရှိရင်ဖြင့် မဂ်ဖိုလ်နိဗ္ဗာန်တွေကို မရနိုင်ဘူးလား။

"ရနိုင်ပါဘုရား"

ရနိုင်တယ်၊သုဗြဟ္မာနတ်သားနဲ့ နောက်ပါ နတ်သမီးငါးရာတို့အား ဘုရားဟောတဲ့ တရားတွေကို နာကြားပြီး ရှုမှတ်ပွားများလို့ ဓမ္မဝိစယ သမ္ဗောဇ္ဈင်တွေပါ ပြည့်စုံပြီး သောတာပတ္တိ မဂ်ဖိုလ်ဉာဏ်ကို ရသွားကြပါတယ်၊ ဒါကြောင့် ဒီသုဗြဟ္မသုတ္တန် ဒွါဒသမပိုင်း ဓမ္မဝိစယသမ္ဗောဇ္ဈင် ဖြစ်ကြောင်းတရားတို့ကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့်၊ ဤတရားတော်လာ အတိုင်း လိုက်နာ ကျင့်ကြံကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။ ။

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၃)

### စကားဦး

ဒီနေ့နေ့စွဲက ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ မိုးဥတု၊ သီတင်းကျွတ်လပြည့်ကျော် ၆–ရက်နေ့ ဖြစ်တယ်။

ဒီနေ့ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ မဟာစည် ယောဂီများအား ဘုန်းကြီးဟောကြားမယ့် တရားတော်ကတော့ သုဗြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် တေရသမပိုင်း ဖြစ်ပါတယ်။

### ပဌမ

### မန္တလေးမြို့ ဆီးပန်းနီ ဆရာတော်ဘုရားကြီး၏

### အစိန္တေယျဘုရားရှိခိုး

၁။ အစိန္တေယျံ အဘိန္ဒေယျံ၊
အတိဏ္ဏေယံ စိန္တံ ဘိန္ဒံ။
တိဏ္ဏံ ဓိနော ကောသော သတ္တာ၊
မျှာ အဝါဒီ တီဟိဒ္ဒါရေ။ ။

၂။ ဝေ ဝေဒ္ဒက္ကဂူ ဟော ဟောမန္တဂူ၊
ဇေ ဇေယျက္ကဂူ ဘူ ဘူသံ။
သံစာလံ ဘဂျဝတ္တံ ဝန္ဒံ၊
သုခံ သစ္စံ ဖုလ္လံ သဒါ ဒဒါ မမ။ ။

၁။ အစိန္တေယျံ– အနန္တဝင် ကောင်းကင်မြေရေ ကိန်းဝပ်နေသား အုပ် ထွေများစွာ ဝေနေယျာတို့၏ ပညာစက္ခုဖြင့် မြော်ရှုဆုံးတိုင် မရောက်နိုင်သော မြိုင်အမှန် မြိုက်နိဗ္ဗာန်ကို၊ စိန္တံစိန္တန္တော– ဒိပက်ရာ မြတ်စွာရှေ့မှောက် ကျောက်ဆစ်တံတား ပစ်ထားခင်းလျှ ဆုယူတွက်ကျူး ပန်ဆင်ကုံးလျက် ဆုံးဖြတ်ပုံသေ ဥဏှောဝိဖွံ့ သီတလံ ဝိဇ္ဇတိ အစရှိသော ပါဠိပမာ တန္တျရှာလျက် မှန်စွာ တိတိ သိတော်မူပြီးထသော။

အဘိန္ဒေယံ– ဓါးလှန်ချွန်းတောင်း အဲမောင်းဖွေးဖွေး လေးမြား နပုံး ဘုန်းမြ တပူ လေးဆူပြင်းရှိန် ဝရဇိန်ကြိုးထစ် မိုးဖြစ်သံချောင်း မျက်စောင်း ဒသော မုတ္တာ မုတ္တ စသည်ဝေဖြိုး လက်နက်မျိုးတို့ဖြင့် ပစ်ထိုးမှောင့်ရောင့် မနိုင်းကောင့်သော တစ်ထောင့်ငါးရာ ကိလေသာမီး ရန်သူကြီးကို၊ ဘိန္ဒံ– ဘိန္ဒန္တော–သချာလေးထပ် ကပ်တစ်သိန်းဝေး ကာလရှေးမှ တိုက်သွေး ဖန်ဖန် ဉာဏ်လေးဆင့်မဂ် ဓားသန်လျက်ဖြင့် ပယ်ဖျက်ခုတ်ထွင် သုတ်သင်တော်မူပြီးထသော၊ အတိဏ္ဏေယံ–ဉာဏဗလ သံသာရနှင့် နရသာဂရာမြစ်လေး ဖြာတွင် သြဃာယောဂ နိဝရဏသုံးစုံ တံပိုးဟုန်ဖြင့် ဥမ္မိဝေဂ–ပြွမ်းပြွမ်းထလျက် ကူးနိုင်ခက်သား စက်သံသရာ ကျယ်ပြောစွာကို၊ တိဏ္ဏံ တိဏ္ဏန္တော–မလျော့မခပ် မတပ်ကြိုးလျား တွန်းဝါးမယှဉ် လင်းယဉ်မဖက် မီးစက်မခုတ် ဥဿာဟကျော် တက်မတော်ဖြင့် ရစ်ဖော်ဖောင်ကြီး တက်စီးစိုးမူး ဖြောင့်စူးစူးလျှင် ကူးတော်မူပြီးထသော၊ သောသတ္ထာ–နိဗ္ဗာန်မြင်ပြီး ဖျက်ဆီးကိလေ ကူးနိုင်ပေသည့် ရွှေဘုန်းတော်ရှင် သခင်မြတ်စွာ ထိုဆရာကား၊ ကော–လူရပ်နတ်ပြည် ဘုံသုံးမည်တွင် အဘယ်အမည်ရှိသနည်း၊ ဓိနော– မာရ်ငါးပါးကို အောင်မြင်တော်မူသော ဘုရားပေတည်း၊မျှာ-မယာ– အကျွန်ုပ်သည်၊ တံဇိနံ– ထိုငါးမာရ် အောင်မြင် ဘုရားရှင်ကို၊ တီဟိ–သုံးပါးကုန်သော၊ ဒွါရေဒွါရေဟိ–ဒွါရတို့ဖြင့်၊ အဝါဒိ–ရှိခိုးလိုက်ပါပြီ။ (သာဓု၊ သာဓု၊ သာဓု)

၂။ ဟေ–သူတော်ကောင်းအပေါင်းတို့၊ ဝေ–စင်စစ်၊ဝေဒန္တဂူ–အနည တည အညတာဝိန် အညိန္ဒြေ ဉာဏ်သုံးထွေဖြင့် နေရဗ္ဗာန်ရှူးရှူး ကူးခပ်တော်မူပြီး ထသော၊ ဟေမန္တဂူ–ပြောထူများစွာ သတ္တဝါကို ကွယ်ကာ မေးမှိန် မှောင်နှင့်ချိန်လျက် အဝိန္ဒိယ အမည်ရသည့် ဗုဒ္ဓမ္မော အဝိဇ္ဇာဟု သံသရာမြင့်ညောင်း ပစ္စည်းလောင်းသား ဦးခေါင်းမည်ရင်း ဆီးနှင်း၏အဆုံးသို့ ရောက်တော်မူထ

သော၊ အဇေ–ဗိုလ်ခြေများစွာ သတ္တဝါတို့ အောင်ရာမထင် မာရ်ငါးအင်ကို၊ ဇေယျတ္တဂ္ဂ–အလျှသီတင်း ထွက်ခြင်းအစ ဒသပါရမီ အလီသုံးဆင့် ဘုန်းတော်လွှင့်၍ အောင်ခြင်းအဆုံးသို့ ရောက်တော်မူထသော၊ ဘူ–သီလာပံသု နှစ်ထုတွက်ကိန်း နှစ်သိန်းလေးသောင်း မြေအပေါင်းကို၊ ဘူသံ– ပြင်းထန်လှစွာ၊ သံစာလံ–သံစာလန္တော၊ အိုးထိန်း ယန္တ ရား စက် ရထားနှင့် ချား၏ပမာ ချာချာရစ်ခွေ တုန်လှုပ်စေလျက်၊ သစ္စံ– ကြောင်းကျိုးနှစ်စုံ သစ္စာပုံကို၊ ဖုလ္လံ– ဖုလ္လန္တံ၊ ရှေးညွန်မရှာ ကိုယ်တော်သာလျှင် ဆရာမလင့် အခါသင့်၍ ပွင့်စေတော်မူနိုင်သော၊ ဘဂျဝန္တံ– ဣဿရိယ ဓမ္မသီရိ လက်မွန်ချိသား ဘုန်းရှိသခင် ရှင်ပင်ထွတ်ထား မြတ်ဘုရားကို၊ အဝန္ဒိ–ရှိခိုးလိုက်ပြီ၊ မမ–စေတနာသုံးတန် အထိုက်တန်လျက် ပန်ဆင်လက်အုပ် အကျွန်ုပ်အား၊ သဒါ–သံသရာပစ္စုပ္ပန် နှစ်တန်ကာလ နှစ်ဘဝလုံး၊ သုခံ–ကိုယ်စိတ်နှစ်ဖြာ ချမ်းသာခြင်းကို၊ ဒဒါ– ဒဒါတု–ပေးတော်မူပါစေသတည်း။ "သာဓု– သာဓု– သာဓု"

ဒီ အစိန္တေယျ ဘုရားရှိခိုးတွင် မကြံအပ် မကြံစည်နိုင်အောင် ထူးခြားဆန်းကြယ်သည့် နိဗ္ဗာန်တရားမြတ်ကို ကြံစည်တော်မူတဲ့ မြတ်စွာဘုရားစသည်အားဖြင့် မြတ်စွာဘုရားရှင်ရဲ့ဂုဏ်တော်များကို ချီးကျူးလျက် ရှိခိုးတဲ့ဘုရားရှိခိုး ဖြစ်ပါတယ်၊ ဒီဘုရားရှိခိုးတွင် ပါဠိဂါထာကို မြန်မာလို ရွတ်ဆိုကောင်းအောင် စည်းချက်ဝါးချက် ကျနပိုင်နိုင်စွာ ရေးသားပြီး မြန်မာ လင်္ကာသွားနဲ့ အနက် ပြန်ဆိုထားပါတယ်၊ ဒီဆီးပန်းနီ ဆရာတော်ဘုရားကြီး၏ ဘုရားရှိခိုးကလဲ အလွန်ကောင်းမြတ် တန်ဖိုးရှိတဲ့ ဘုရားရှိခိုးပါ၊ ယခု အဲဒီဘုရားရှိခိုးကြီးဖြင့် ရှိခိုးပြီးပါပြီ၊ ဘုန်းကြီးတို့ဟောလက်စ ရှိတဲ့ သုဗြဟ္မ သုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် တေရသမပိုင်းကို ဆက်လက်ဟောကြပါစို့။

## ဝီရိယသမ္ဗောဇ္ဈင်

သုဗြဟ္မာနတ်သားဟာ ဖြစ်ပြီး ပင်ပန်းမှု၊ မဖြစ်သေးတဲ့ ပင်ပန်းမှုနှစ်မျိုးကြောင့် သူ့စိတ်များကို မထိန်းနိုင်ဘဲ ကြောက်ရွံ့မှု လွန်ကဲနေပါတယ်ဘုရား၊ ကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်း တရားဆေးကို တိုက်ကျွေးဟောကြားတော်မူပါဘုရားလို့ မြတ်စွာဘုရားထံတွင် လာရောက် လျှောက်ထားပါတယ်။

ဒီအခါ မြတ်စွာဘုရားက ဗောဇ္ဈင်ခုနစ်ပါး တရားမှတစ်ပါး ကြောက်ရွံ့ကင်းကြောင်း တရားမရှိဘူး၊ ကြောက်ရွံ့ကင်းချင်ရင် ဗောဇ္ဈင်ခုနစ်ပါး တရားကို ကျင့်ပွားပါလို့ မိန့်တော်မူပါတယ်၊ အဲဒီဗောဇ္ဈင် ခုနစ်ပါးထဲက ဒီနေ့ဟောဖို့ အလှည့်ကျတဲ့ ဗောဇ္ဈင်က ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ပါတယ်။

ဝီရိယသမ္ဗောဇ္ဈင်ဟာ သူလဲ တော်တော်အရေးကြီးတာပဲ။

နယိဒံ သိထိလမာရဗ္ဘ၊ နယိဒံ အပ္ပေန ထာမသာ၊
သဗ္ဗဒုက္ခပမောစနံ၊ နိဗ္ဗာနံ အဓိဂန္တဝေ။

သဗ္ဗဒုက္ခပမောစနံ–အလုံးစုံသော ဝဋ်ဆင်းရဲတို့မှ လွတ်ကင်းရာဖြစ်သော၊ ဣဒံနိဗ္ဗာနံ–ဤနိဗ္ဗာန်ကို၊ သိထိလ မာရဗ္ဘ–လျော့လျော့ပေါ့ပေါ့ကလေး အားထုတ်၍၊ အပ္ပေနထာမသာ–နည်းနည်းပါးပါး စွမ်းအားဖြင့်၊ နအဓိဂန္တဝေ–မရနိုင် မရောက်နိုင်။

သံသရာဝဋ်က လွတ်နိုင်တဲ့ နိဗ္ဗာန်ချမ်းသာကို ပေါ့ပေါ့တန်တန်လျော့ရဲရဲ အားထုတ်ရုံမျှနဲ့ ရနိုင်ပါ့မလား၊ နည်းနည်းပါးပါး စွမ်းအားလေးနဲ့ အားထုတ်ရုံမျှ ရနိုင်ပါ့မလား။

"မရနိုင်ပါဘုရား"

မရနိုင်ဘူးတဲ့ ၊ များများစားစား ကြိုးကြိုးစားစား အားထုတ်လို့ရှိရင် မရနိုင်ပေဘူးလား။

"ရနိုင်ပါတယ်ဘုရား"

ရနိုင်တယ်၊ အဲဒါကြောင့် ဝီရိယရှိရှိနဲ့ ကြိုးစားအားထုတ်မှု အရေးမကြီးဘူးလား။

"အရေးကြီးပါဘုရား"

ဥဿာဟ လက္ခဏံ ဝီရိယံ၊
သဟဇာတာနံ ဥပထမ္ဘန ရသံ၊
အသံ သီဒနဘာဝ ပစ္စုပဋ္ဌာနံ၊

လို့ ကျမ်းဂန်များမှာ ဝီရိယသမ္ဗောဇ္ဈင်နဲ့ ပတ်သက်ပြီး ပြဆိုထားတာ အဲဒါကို လွယ်လွယ်နဲ့ ရှင်းရှင်းလေး သိရအောင် မဟာစည်ဆရာတော်ဘုရားကြီးက ဆောင်ပုဒ်စီထားတယ်၊ လိုက်ဆို။

ကြောင့်ကြပြုလုပ်၊ အားထုတ်တတ်သည်။
စိတ်အားတက်ရေး၊ အားပေးတတ်သည်။
မဆုတ်နစ်ဘဲ၊ စိတ်ခွဲသန်သည်။
ဝီရိယ မှတ်ကြဗောဇ္ဈင်မည်။

အဲဒါ ဝီရိယသမ္ဗောဇ္ဈင်တဲ့၊ မဟာစည် သာသနာ့ရိပ်သာများမှာ ရောက်လာတဲ့ ယောဂီများအား သီလဆောက်တည်ပေးပြီးတဲ့နောက် တရားရှုမှတ်ပုံ၊ အားထုတ်ပုံ၊ အားထုတ်နည်း၊ အလုပ်ပေးတရား ဟောပြတယ်၊ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့အသံတော်နဲ့ သွင်းထားတဲ့ အသံသွင်း ကြိုးခွေကို ဖွင့်ပြီးတော့ အလုပ်ပေးတရား ဟောတယ်၊ မြင်တိုင်း၊ ကြားတိုင်း၊ နံတိုင်း၊ စားတိုင်းစတဲ့ အာရုံတွေကို မြင်တယ်၊ နံတယ်၊ စားတယ်စသည်ဖြင့် မပြတ်ရှုမှတ်ရမယ်လို့ အလုပ်ပေးတရားညွှန်ကြားတော်မူတယ်။

## လူအလို လူမမာလို ကျင့်ရမယ်

အဲဒီ တရားအားထုတ်တဲ့ အခါမှာတဲ့၊ ယေဘုယျအားဖြင့် ထိုင်တာက တစ်နာရီ၊ စင်္ကြံက တစ်နာရီ၊ နှစ်ဆယ့်လေးနာရီမှာ အထိုင်က ရှစ်ကြိမ်၊ စင်္ကြံက ရှစ်ကြိမ်– ၁၆နာရီ ကုန်ရော၊ အိပ်ချိန်က (၄)နာရီ၊ နာရီ(၂၀)ရှိသွားပြီ၊ တရား နာတာ၊ တရားစစ်မေးတာ၊ ရေချိုးတာ၊ စားတာ၊ သောက်တာကလဲ ရှုမှတ်မှု တရားဖြင့်ပင် (၄)နာရီ၊ အားလုံးပေါင်းရင် ဘယ်နှစ်နာရီလဲ။

"၂၄ – နာရီပါဘုရား"

အဲဒီ ၂၄နာရီ စံချိန်မီအောင် အားထုတ်ရမယ်လို့ ညွှန် ကြားထားတယ်၊ အဲဒီ (၂၄)နာရီ စံချိန်မီ တင်းတင်းရင်းရင်း အားထုတ်ရမှာ၊ လျော့လျော့ အားထုတ်လို့ ရပါမလား။ "မရပါဘုရား"

ဘယ်လိုအားထုတ်ရမလဲ၊ လေးလေးစားစား တင်းတင်းရင်းရင်း အားထုတ်ရမယ်၊ အဲဒီလို လေးလေးစားစား တင်းတင်း ရင်းရင်း အားထုတ်နေမှုကို ဝီရိယ သမ္ဗောဇ္ဈင်ခေါ်တယ်၊ ဘယ်လောက် လေးလေးစားစား အားထုတ်ရမလဲ ဆိုရင် မျက်စိက မမြင်သလိုနေရမယ်၊ နားက မကြားသလိုနေရမယ်၊ ပါးစပ်က မပြောတတ်တဲ့ လူလိုနေရမယ်၊ ထိုင်တာ၊ ထတာ၊ သွားတာ လာတာမှာ လူမမာလို ဖြေးဖြေးသက်သာ အမှတ်သတိထားပြီးတော့ လေးလေး စား စား သွားလာရမယ်၊ ဒီလို မညွှန်ကြားဘူးလား။ "ညွှန်ကြားပါတယ်ဘုရား"

အဲဒါ ဘာဗောဇ္ဈင် ဖြစ်စေချင်လို့လဲ၊
"ဝီရိယသမ္ဗောဇ္ဈင် ဖြစ်စေချင်လို့ပါ ဘုရား"

## မရမနေ အသက်ပင်သေပါစေတော့

နောက်ပြီးတော့ မီးပွတ်တဲ့ယောက်ျားကဲ့သို့ သစ်သားချောင်းနှစ်ခုကို မီးထွက်အောင် ပွတ်တဲ့ ပုဂ္ဂိုလ်ဟာ မီးမထွက်မချင်း မရပ်မနားပဲနဲ့ တရစပ် ခွဲကောင်းကောင်းနဲ့ ပွတ်သွားဖို့ လိုသလို တရားအားထုတ်တဲ့ ယောဂီကလဲပဲ တရားမရမချင်း ရပ်နားရမလား၊ "မရပ်နားရပါဘုရား"

မရပ်မနားပဲနဲ့ တ ရ စပ်ရှုမှတ်ပြီးတော့နေဖို့ အရေးကြီးတယ်၊ ဒီလို တော့ မညွှန်ကြားဖူးလား၊ "ညွှန်ကြားပါဘုရား"

အဲဒီ ညွှန်ကြားချက်အတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစားအားထုတ်တဲ့ ယောဂီမှာ ဘာဗောဇ္ဈင်ဖြစ်မလဲ၊ "ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ပါဘုရား"

ဝီရိယသမ္ဗောဇ္ဈင်ဖြစ်မယ်၊ ဝီရိယသမ္ဗောဇ္ဈင် အားကောင်းရင် သတိ သမ္ဗောဇ္ဈင်စတဲ့ ကျန်တဲ့ သမ္ဗောဇ္ဈင်တွေကော မဖြစ်နိုင်ဘူးလား။

"ဖြစ်နိုင်ပါဘုရား"

ဖြစ်လာနိုင်တယ်၊ အဲဒီ ဝီရိယသမ္ဗောဇ္ဈင်ရဲ့ သဘောလက္ခဏာကတော့ ကြောင့်ကြတယ်၊ ပြုလုပ်တယ်၊ အားထုတ်တယ်၊ အားထုတ်တယ် ဆိုတာက ဝီရိယသမ္ဗောဇ္ဈင် စိတ်အားတက်ရေး အားပေးတတ်သည်ဆိုတဲ့အတိုင်း သူများ တွေအားထုတ်ရင် ငါလဲ အားထုတ်နိုင်ရမှာပဲ၊ မရရင်မနေဘူး၊ ကိုယ်နှင့်အသက် ကို စွန့်ပြီးတော့ တရားရအောင် အားထုတ်မယ်၊ ဒီလိုစိတ်ကို အားပေးပြီးတော့ နေတဲ့ သဘောလဲပဲ–ဝီရိယသမ္ဗောဇ္ဈင်ရဲ့ရသကိစ္စ ခေါ်တယ်။

## ဝီရိယသမ္ဗောဇ္ဈင်၏ ပစ္စုပဋ္ဌာန်

၁။ လမ်းဆုံးမရောက်၊ လက်မပြောက်၊ တောက်လျှောက် သွားရမည်။
၂။ ကိုယ်နှင့်အသက် မငဲ့ကွက် ရက်စက်နိုင်ရမည်–

ဆိုတဲ့အတိုင်း လမ်းဆုံး မရောက်ရင်တော့ ငါလက်ပြောက် အရှုံးမပေး ဘူး၊ လေ့သမား လေ့ပြိုင်သလို၊ လေ့သမားများပြိုင်တဲ့ အခါမှာ တက်ကျိုးရင် လက်ထိုးလှော်မယ်ဆိုတဲ့ စကားပုံတောင်ရှိပါတယ်၊ ဒါက ခွဲသတ္တိကို ဖော်ပြ

တာပဲ၊ တစ်ခါတည်း မရောက်မချင်း တက်ကိုမထောင်၊ မရောက်မချင်း အားမလျော့ အနိုင်ရအောင်၊ ပန်းတိုင်ရောက်အောင် လှော်ခတ်မယ်ဆိုတဲ့ ပုံသဏ္ဍာန်လိုပဲ၊ နိဗ္ဗာန်မရောက်မချင်းမပေါ့တော့ဘူး၊ မလျော့တော့ဘူး ရောက်အောင်သွားမယ် အားထုတ်မယ် ဆိုတာဟာ ဝီရိယသမ္ဗောဇ္ဈင်ရဲ့ ပစ္စုပဋ္ဌာန်ဖြစ်တယ်–တဲ့။

တို့ယောဂီတွေကော ဒီလိုဆုံးဖြတ်ချက် ချထားရဲ့လား၊ တော်ကြာ မနက်ဖန်ခါပြန်မယ်၊ သဘက်ခါပြန်မယ် မပြောနဲ့ဟုတ်လား၊ ကဲ–ဆုံးဖြတ်ချက်ချပြီး သေသေချာချာ အားထုတ်ဖို့ အရေးမကြီးဘူးလား။ (အရေးကြီးပါဘုရား)

## ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ရေးအတွက် အင်္ဂါ ၁၁–ပါး

အပိစ ဧကာဒသဓမ္မာ ဝီရိယသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ အပါယဘယ ပစ္စဝေက္ခဏတာ၊ အာနိသံသ ဒဿာဝိတာ, ဂမနဝီထိပစ္စဝေက္ခဏတာ, ပိဏ္ဍပါတာ ပစာယနတာ, ဒါယဇ္ဇ မဟတ္တ ပစ္စ ဝေက္ခဏတာ, သတ္ထုမဟတ္တ ပစ္စဝေက္ခဏတာ, ဇာတိမဟတ္တ ပစ္စဝေက္ခဏတာ, သဗြဟ္မစာရီ မဟတ္တ ပစ္စဝေက္ခဏတာ, ကောသိတပုဂ္ဂလ ပရိဝဇ္ဇနတာ,အာရဒ္ဓဝီရိယ ပုဂ္ဂလ သေဝနတာ, တဒဓိမုတ္တတာတိ။

အပိစ အပရော–တစ်ပါးသော၊ နယော–နည်းကို၊ မယာ– ငါသည်၊ ဝုစ္စတေ– ဆိုဦးအံ့၊ အပါယဘယပစ္စ ဝေက္ခဏတာ–အပါယ်ဘေးကို ဆင်ခြင်သည်၏ အဖြစ်ကိုလည်းကောင်း၊ အာနိသံသဒဿာဝိတာ– ဝီရိယ၏အကျိုးအာနိသင်ကို မြင်လေ့ရှိသည်၏ အဖြစ်လည်းကောင်း၊ဂမနဝီထိပစ္စ ဝေက္ခဏတာ–နိဗ္ဗာန်သို့သွားကြောင်း ဖြစ်သောခရီးကို ဆင်ခြင်သည်၏ အဖြစ်လည်းကောင်း၊ ပိဏ္ဍပါတာ ပစာယနတာ– ပြည်သူတို့၏ဆွမ်းကို ပူဇော်တဲ့ ပူဇော်သည်၏အဖြစ်လည်းကောင်း၊ ဒါယဇ္ဇ မဟတ္တ ပစ္စဝေက္ခဏတာ– အမွေခံ၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်သည်၏အဖြစ်လည်းကောင်း၊သတ္ထု မဟတ္တပစ္စ ဝေက္ခဏတာ– မြတ်စွာဘုရား၏အဖြစ်ကို ဆင်ခြင်သည်၏ အဖြစ်လည်း ကောင်း၊ သဗြဟ္မစာရီမဟတ္တ ပစ္စ ဝေက္ခဏတာ– သီတင်းသုံးဖော်၏ မြတ်သည်၏ အဖြစ်ကို ဆင်ခြင်သည်၏အဖြစ်လည်းကောင်း၊ ကုသိတ ပုဂ္ဂလပရိ ဝဇ္ဇနတာ– ပျင်းရိသောပုဂ္ဂိုလ်ကို ရှောင်ကြဉ်သည်၏အဖြစ်လည်းကောင်း၊ အာရဒ္ဓဝီရိယ ပုဂ္ဂလ

သေဝနတာ–အားထုတ်သော ဝီရိယရှိသော ပုဂ္ဂိုလ်ကို မှီဝဲသည်၏အဖြစ်လည်းကောင်း၊ တဒဓိ မုတ္တတာ–ထိုဝီရိယ သမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း စိတ်ညွတ်သည်၏ အဖြစ် လည်းကောင်း၊ ဣတိ–ဤသို့၊ ဧကာဒသ–တစ်ဆယ့်တစ်ပါးကုန်သော၊ ဓမ္မာ–တရားတို့သည်၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂဿ– ဝီရိယသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒါယ– ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ– ဖြစ်ကုန်၏။

သံဝတ္တန္တိ–အဋ္ဌကထာဖွင့်ထား ၁၁–ပါးတို့ ဖြစ်ကြပါပေသတည်း။

"သာဓု၊ သာဓု၊ သာဓု"

ကဲ– လိုက်ဆိုကြ–

* အပါယ်ဘေး ဆင်ခြင်၊ အာနိသင်၊ လမ်းစဉ်ရှိသေပါ။
* ဆွမ်းကျိုးတုံ့ပြန်၊ မြတ်မွေခံ၊ ရှုရန်မြတ်ဆရာ။
* သာကီမျိုးတော်၊ ကျင့်သုံးဖော်၊ ရှမျှော်ဆင်ခြင်ပါ။
* ပျင်းရိသူကြဉ်၊ ဖွဲ့ကောင်းယှဉ်၊ ထိုတွင်စိတ်ညွတ်ရာ၊
* ဝီရိပွားရန်၊ ဆယ့်တစ်တန်၊ ထုတ်ပြန်ဋ္ဌကထာ။

အဲဒီတော့ ဝီရိယသမ္ဗောဇ္ဈင် ပွားရန်နှင့် ပတ်သက်ပြီး အဋ္ဌကထာက ၁၁–နည်း ပေးထားတယ်၊ နံပါတ်တစ်က အပါယ်ဘေးကို ဆင်ခြင်ပြီး ဝီရိယ သမ္ဗောဇ္ဈင်ကို ပွားရမယ်။

## ငရဲကျသွားရင်ဖြင့် ဝိပဿနာအားထုတ်ချင်လဲ မရတော့

တတ္ထ– ထိုဝီရိယပွားကြောင်း (၁၁)မျိုးတို့တွင်၊ နိရယေသု– ငရဲဘုံတို့၌၊ နိရယေသု– ချမ်းသာကင်းပ ဆင်းရဲဒုက္ခတွေ ပေါလှတဲ့ ငရဲဘုံတို့၌၊ ပဥ္စဝိဓ ဗန္ဓန ကမ္မကာရဏာတော–ငါးမျိုးသောအဖွဲ့အနှောင်တို့ဖြင့် ဖွဲ့နှောင် ချည်တုပ်ရာ အခါကာလမှ၊ ပဋ္ဌာယ– စ၍၊ မဟာဒုက္ခာနုဘဝနကာလေပိ– ကြီးစွာသော ဆင်းရဲကို ခံစားရရာအခါ၌လည်းကောင်း

အကုသိုလ် ဒုစရိုက်တွေ ပြုတဲ့အတွက် မိမိရဲ့အကုသိုလ်ကံအားလျော်စွာ ငရဲကို ကျသွားတယ်ဆိုလို့ရှိရင်ဖြင့် မိမိ၏ကံအားလျော်စွာ ငရဲသား အာဏာသားတွေက ငရဲကို ရောက်လာတဲ့ ပုဂ္ဂိုလ်ကို ဦးစွာပထမ ဖမ်းယူပြီးတော့ လက်နှစ်ဖက်ကိုလဲ သံချွန်နဲ့ ရိုက်တယ်၊ ခြေနှစ်ဖက်ကိုလဲပဲ သံချွန်နဲ့ ရိုက်တယ်၊ ရင်ပတ်ကိုလဲပဲ သံချွန်နဲ့ ရိုက်တယ်၊ ခန္ဓာကိုယ် ငါးနေရာလောက် ကားစင်မှာ

တင်ပြီးတော့ သံချွန်နဲ့ ရိုက်သလို ရိုက်ပြီးတော့ မိမိတို့ကို အမျိုးမျိုး အဖုံဖုံ ညှဉ်းဆဲမှုတွေနဲ့ ညှဉ်းဆဲသတ်ဖြတ်ကြတယ်၊ ညှဉ်းဆဲနှိပ်စက်ခံရပေမယ့် အကုသိုလ်ကံ မကုန်သေးဘူး ဆိုလို့ရှိရင် ဘယ်လောက်ပင် ညှဉ်းဆဲ ညှဉ်းဆဲ လှွကြီးတွေနဲ့ တိုက်တိုက်၊ ဘယ်လိုပင် ဓားတွေနဲ့ ခုတ်ခုတ်၊ တစ်ခါတည်း သေမသွားဘဲနဲ့ အကြိမ်ကြိမ် အဖန်ဖန် မသေမရှင်နဲ့ ဆင်းရဲဒုက္ခတွေ ခံစား ရပါတယ်။

အဲဒီလို ဆင်းရဲဒုက္ခတွေ ခံစားပြီးတော့နေတဲ့ အချိန်ကာလမှာဆိုရင် သတိပဋ္ဌာန် ဝိပဿနာတရားအလုပ်တွေကို အားထုတ်ချင်လှချည်ရဲ့ ကြိုးစား ချင်လှချည်ရဲ့ ဆိုသော်လဲပဲ အားထုတ်နိုင်ခွင့် ရပါ့မလား၊ "မရပါဘုရား"

ဝီရိယသမ္ဗောဇ္ဈင်တွေကို ပွားခွင့် ရနိုင်ပါ့မလား။ "မရနိုင်ပါဘုရား"

## ငရဲဆင်းရဲတွေကို ဆင်ခြင်ပြီး အားထုတ်ပါ

ငရဲသက်ကလဲပဲ လူ့အသက်နဲ့ နှိုင်းချိန်ပြီးတော့ ကြည့်မယ်ဆိုရင် နှစ်ပေါင်း သိန်းသန်းကုဋေ ချီပြီးတော့တောင် ရှိတာကိုး၊ အင်မတန် ကြောက် စရာကောင်းပါတယ်၊ အဲဒီငရဲကို ကျ၊ ငရဲဆင်းရဲတွေကို ခံနေရတဲ့ အချိန်မှာ ဆိုရင် ဒီဝီရိယသမ္ဗောဇ္ဈင်တွေကို ပွားနိုင်ခွင့် မရှိဘူး၊ သတိပဋ္ဌာန် တရားတွေကို အားထုတ်နိုင်ခွင့် မရှိဘူး၊ အခုဗုဒ္ဓသာသနာတော်နှင့် ငါတွေ့နေတာ၊ အပါယ် ဘေးမှ လွတ်ကင်းနေတာ၊ ဘုရားသာသနာ ရှိနေတုန်း လူဖြစ်လို့ တရားဓမ္မ တွေကို ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ရန် ဆရာသမားတွေက အဆင်သင့်၊ နေရာထိုင်ခင်းတွေကလဲ အဆင်သင့်၊ ဝေယျာဝစ္စ လုပ်မည့်သူတွေက အဆင်သင့်၊ ငါ့ရဲ့ ကျန်းမာရေးကလဲ ကောင်းနေတုန်း သံယောဇဉ်တွေကိုလဲ အခိုက်အတန့် ဖြတ်တောက် ထားပစ်ခဲ့ပြီး အရတော်လှတဲ့ ဒီလိုအချိန်မျိုးမှာ သတိပဋ္ဌာန်တရား တွေကို ပွားမှ ဖြစ်မယ်၊ ဝီရိယသမ္ဗောဇ္ဈင်တွေ ပွားမှ ဖြစ်မယ်၊ ပေါ့ပေါ့တန်တန် နေလို့ ငါသေသွားပါက ငရဲကိုများ ရောက်သွားရင် ဒီအခွင့်အရေးကြီး လက်လွတ်သွားပြီ၊ အဲဒီလိုလက်လွတ်မသွားခင် ဒီငရဲနဲ့ ဘယ်တော့မှ ဆက်စပ်မှု မရှိတဲ့ အပါယ်ဘေးမှ လွတ်ကင်းအောင် ကယ်တင်တဲ့ တစ်မဂ် တစ်ဖိုလ် လောက်တော့ ရအောင် ငါကြိုးကို ကြိုးစားမှ ဖြစ်မယ်လို့ ငရဲကို ဆင်ခြင်ပြီး တော့လဲ ဝိပဿနာတရားတွေ ကြိုးစား အားထုတ်ရပါမယ်။

## မထေရ်ကြီး၏ သတိပေးစကား

သက ဂေဟသဒိသာ–တဲ့၊ မာတိကမာတာဝတ္ထုမှာ ရဟန်းတော် ပေါင်း (၆၀)တို့ တောထဲ ထွက်ပြီးတော့ ကောသလတိုင်း တောင်ခြေမှာရှိတဲ့ မာတိကာရွာကို အမှီပြု ဆွမ်းခံပြီး တရားအားထုတ်ကြတယ်၊ ရဟန်းတော် ခြောက်ကျိပ်ကို မထေရ်ကြီးက ဆုံးမတဲ့ ဩဝါဒ ကထာထဲမှာ “ငါ့ရှင်တို့၊ အပ္ပမတ္တာဟောထ၊ သင်တို့တစ်တွေ မမေ့မလျော့၊ မပေါ့မဆ နေကြကုန်တော့၊ ငါတို့ မေ့မေ့လျော့လျော့ ပေါ့ပေါ့ဆဆနေမိလို့ တရားအားထုတ်မှု လျော့ရဲ လို့ ကိလေသာတွေ ဝင်နှိပ်စက်ပြီးတော့ ဒုစရိုက်တွေများ ပြုမိလို့ ငရဲကို ကျ သွားရမယ်ဆိုရင် အင်မတန်မှ ကြောက်စရာ ကောင်းတယ်၊ သံသရာမှာ ပုထုဇဉ်အဖြစ်က မလွတ်သေးရင်ဖြင့် အပါယ်လေးပါးမှာ ရောက်နေတာက အကြာဆုံး ဖြစ်တယ်၊လူ့ပြည်၊နတ်ပြည်၊ ဗြဟ္မာပြည်ရောက်ရတာက ခဏလေး ရယ်၊ အဲဒါ လူ့ပြည်၊ နတ်ပြည်၊ ဗြဟ္မာပြည် ရောက်ရောက်လာတာဟာ ခဏတဖြုတ် သူများအိမ် အလည်လာတာနဲ့တူတယ်”တဲ့၊ ငရဲကတော့ ကိုယ့် အိမ်လိုပဲတဲ့၊ အမြဲတန်း ငရဲဆင်းရဲတွေ ခံနေရတာတွေက များတယ်၊ လွတ်ခွင့် ရှိတဲ့အချိန်မျိုးမှာ ငရဲဆိုတဲ့ အိမ်ကို ဘယ်တော့မှ ပြန်မသွားရဘဲနဲ့ အရိယာ စံအိမ်တော်ထဲမှာ နေကြရလေအောင် တရားအလုပ်တွေကို ကြိုးစား အားထုတ် ကြပါလို့ ဒီလိုကော သတိမပေးဘူးလား၊

“ပေးပါတယ် ဘုရား”

အဲဒီလို ကိုယ့်ကိုကိုယ် သတိပေးဖို့ အရေးမကြီးဘူးလား။

“အရေးကြီးပါတယ် ဘုရား”

အင်မတန်မှ အရေးကြီးတယ်၊ အေး– သတိပေးတဲ့အတိုင်း ဝိပဿနာ ကို အားထုတ်ကြ။

နောက်ပြီးတော့ တိရစ္ဆာနယောနိယံ– တိရစ္ဆာန်အမျိုး၌၊ ဇာလ ခိပနကုမိနာဒီဟိ– ပိုက်ကွန် မြှုံးစသည်တို့ဖြင့်၊ ဂဟိတကာလေပိ– ဖမ်းယူသော အခါ၌၎င်း၊ ပါဇနကဏ္ဍကာဒိပ္ပဟာရတုန္နသ– နှင်တန် ဆူး စသည်တို့ဖြင့် ပုတ်ခတ်အပ်ထိုးအပ်သော နွား၏၊ သကဋဝဟနာဒိကာလေပိ– လှည်းကိုဆောင် ခြင်း စသောအခါ၌လည်းကောင်း၊

အဲဒီလို တိရစ္ဆာန်ဖြစ်ပြန်ပြီးဆိုလို့ရှိရင်လဲပဲ မသက်သာ၊ ငါး ဖြစ်တယ် ဆိုပါတော့၊ ဖြစ်တယ်ဆိုရင်ဖြင့် ငါးထောင်သမားတွေ၊ ငါးဖမ်းသမားတွေရဲ့ ပိုက်ကွန်အတွင်း မြှုံးအတွင်းမှာ မိသွားပြီဆိုလို့ရှိရင် သတ်စားတာ ခံရတယ်၊

အတောင်ပေါက်တဲ့ သတ္တဝါ၊ ခြေလေးချောင်းနဲ့ ပြေးသွားတဲ့သတ္တဝါ၊ ခြေနှစ်ချောင်းနဲ့ ပြေးသွားတဲ့ သတ္တဝါ၊ အဲဒီလို– တိရစ္ဆာန် သတ္တဝါ ဖြစ်တဲ့ အခါမှာလဲ မုဆိုးထောင်ထားတဲ့ ပိုက်ကွန်တွင်း မိတယ်ဆိုလို့ရှိရင် သေရမှာ ကြောက်လို့မို့ မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖိုးဖိုးဖတ်ဖတ် အသားတွေပါ တုန် အောင် ကြောက်ရွံ့ပြီးတော့နေတဲ့ သတ္တဝါမျိုးလေးတွေကော မရှိဘူးလား။

"ရှိပါတယ် ဘုရား"

အဲဒီနေရာများ ငါရောက်သွားရင် အဲဒီလို စဉ်းစားမိပါက ကြောက်စရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

အဲဒီလို ကြောက်စရာ ကောင်းလှတဲ့ တိရစ္ဆာန်အဖြစ်ကိုလဲ ဆင်ခြင်ပြီး တော့ တရားအလုပ် အားထုတ်ရမယ်၊ အဲဒီလိုအဖြစ်မျိုးမှ လွတ်နိုင်တဲ့ အခွင့် အရေးကြီးကို ရနေတဲ့အခါ ငါပေါ့ပေါ့လျှော့လျှော့ နေလို့ မဖြစ်ဘူး၊ ကြိုးစား အားထုတ်မှ ဖြစ်မယ်လို့ ကိုယ်ကိုကိုယ် အားမပေးထိုက်ဘူးလား။

"အားပေးထိုက်ပါတယ်ဘုရား"

အားပေးရမယ်၊ အားပေးပြီးတော့ မပျင်းမရိဘဲနဲ့ ဘာလုပ်ရမှာတုံး။

"တရားအားထုတ်ရမှာပါဘုရား"

တရားအားထုတ်ရမယ်။

နောက်ပြီးတော့ မြင်းဖြစ်မယ်၊ နွားဖြစ်မယ် ဆိုလို့ရှိရင် လူတွေက ကြိုးနဲ့ နှာခေါင်းကို ဖောက်ပြီးတော့ ညှပ်ကြိုးတွေ လုပ်ပြီးတော့ ချည်တုတ် ပြီးတော့ မသွားချင်လဲပဲ သွား၊ သွားချင်လဲပဲသွား၊ အိပ်ချင်လဲပဲ လူက အိပ်ခွင့် မပေးသေးလို့ရှိရင် မအိပ်ရရှာဘူး၊ သံချွန်တွေ ဆူးတွေနဲ့ ရိုက်နှက်ပြီး ထိုးဆွ အတင်း ညှဉ်းပန်း နှိပ်စက်ခိုင်းနေမှုကို ခံကြရတယ်၊ မနိုင့်တနိုင်တွေကို ရုန်း ရတယ်၊ လမ်းကြမ်းရော၊ လမ်းချောရော၊ ရွှံ့ဗွက်ထဲရော၊ အဲဒီလို ရုန်းကန် ပြီးတော့ နေရတာတွေကို တွေ့မြင်ကြရဖူးတယ် မဟုတ်လား။

"မြင်ဖူးပါတယ် ဘုရား"

အဲဒီလို နေရတာမျိုးကို မိမိရောက်သွားမယ် ဆိုရင်ဖြင့် တွေးရဲစရာ ရှိရဲ့လား။ "မတွေးဝံ့အောင် ရှိပါဘုရား"

အေး– ပေါ့ပေါ့တန်တန်နေလို့ ဒုစရိုက် ဒုရာဇဝတွေ ပြုမိလို့ရှိရင် အဲဒီလို တိရစ္ဆာန်တွေများ ဖြစ်သွားရင် သိပ်ပြီးတော့ ကြောက်စရာ ကောင်းတာပဲလို့၊ တိရစ္ဆာန်အဖြစ်ကိုလဲ ဆင်ခြင်ပြီးတော့ ဘာလုပ်ရမယ်၊ တရားအားထုတ်ရမယ်၊ အဲဒီ တိရစ္ဆာန်အဖြစ်တွေကို ကြောက်ရွံ့ပြီးတော့လဲပဲ သံဝေဂ ဖြစ်ပြီးတော့လဲပဲ တရားအလုပ်တွေကို အားထုတ်ရမယ်၊ ဘုန်းကြီး အမြွက်လောက် ပြောလိုက်တယ် ဆိုရင် တို့–တို့တရားနာ ပရိသတ်တွေ သဘောပေါက်ပါပြီ၊ သဘောပေါက်ကြလား။ "ပေါက်ပါတယ်ဘုရား"

သဘောပေါက်ပါပြီနော်။

နောက်ပြီးတော့– ပေတ္တိဝိသယေ– ပြိတ္တာဘုံ၌၊ အနေကာနိပိဝဿသဟဿာနိ– များစွာသောနှစ်အထောင်တို့ ကာလပတ်လုံးလည်းကောင်း၊ ဧကံဗုဒ္ဓန္တရမ္ပိ– နှစ်ဆူသောဘုရားတို့၏ တစ်ခုသော အကြားကာလပတ်လုံးလည်းကောင်း၊ ခုပ္ပိပါသာဟိ– အစာငတ်မွတ်ခြင်း ရေငတ်ခြင်းတို့ဖြင့်၊ အာတုရီဘူတကာလေပိ– ထိုးခြင်း၊ နာကျင်ခြင်းစသောကာလ၌လည်းကောင်း ပြိတ္တာဖြစ်တယ်။

ပြိတ္တာဖြစ်တယ်ဆိုရင် တို့တရားနာပရိသတ် ကြားဖူးတဲ့အတိုင်း ပြိတ္တာဟာ ဝဝလင်လင် စားရဖို့ နေနေသာသာ ရေလေးတောင် လည်ချောင်းထဲ တင်းတိမ် အားရလောက်အောင်ထိ မဝင်ဘဲနဲ့ ငတ်မွတ်ပြီးတော့ နှစ်ပေါင်းများစွာ ထောင်နဲ့ချီပြီး သောင်းနဲ့သိန်းနဲ့ချီပြီးတော့ ငတ်မွတ်တဲ့ ဒုက္ခတွေကို တွေ့ကြုံခံစားနေရတယ်ဆိုရင် ကြောက်စရာ မကောင်းဘူးလား။

"ကောင်းပါတယ် ဘုရား"

အဲဒီလိုပြိတ္တာအဖြစ်မျိုး ကြောက်စရာ ကောင်းတဲ့ အဖြစ်မျိုး ရောက်နေရင် ငါတို့ဝီရိယသမ္မာရှုင်တွေ ပွားချင်ပါတယ်၊ မဂ်ဖိုလ်နိဗ္ဗာန်ကို လိုချင်ပါတယ်၊ အကျိုး၇–မျိုးကို ရစေနိုင်တဲ့ သတိပဋ္ဌာန်တရားတွေကို ကြိုးစားအားထုတ်ချင်ပါတယ်လို့ တောင့်တရင်ကော တောင့်တတိုင်း ဖြစ်နိုင်ပါ့မလား။

"မဖြစ်နိုင်ပါဘုရား"

မဖြစ်နိုင်ဘူးတဲ့၊ ကြောက်စရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

အင်မတန်မှ ကြောက်စရာ ကောင်းပါတယ်။

ကာလကဋ္ဌိကအသုရေသု– ကာလကဋ္ဌိကအသုရာတို့၌၊ သဋ္ဌိဟတ္ထ အသီတိ ဟတ္ထပ္ပမာဏေန– အတောင်ခြောက်ဆယ်၊ အတောင်ရှစ်ဆယ် အတိုင်းအရှည်ရှိသော၊ အဋ္ဌိစမ္မမတ္တေနေဝ– အရိုးအရေမျှသာဖြစ်သော၊ အတ္တ ဘာဝေန– အတ္တဘောဖြင့်၊ ဝါတာတပါဒိဒုက္ခာနုဘဝနကာလေပိ– လေနေပူ စသည်တို့ကြောင့် ဖြစ်သော ဆင်းရဲကို ခံစားသောအခါ၌ လည်းကောင်း၊ ဝီရိယသမ္ဘောဇ္ဈင် – ဝီရိယသမ္ဘောဇ္ဈင်ကို၊ ဥပ္ပါဒေတုံ– ဖြစ်စေခြင်းငှာ၊ နသက္ကာ– မတတ်ကောင်း။

တစ်ခါတည်းပြီး အရိုးနဲ့အရေမျှသာရှိတဲ့ ကာလကဋ္ဌိကခေါ်တဲ့အသူရာ၊ အသူရာဆိုတာကတော့ဖြင့် အသူရကာယ်ဆိုတာကတော့ဖြင့် ပြိတ္တာအကြီးစား ဖြစ်တယ်၊ ပြိတ္တာထက် သိပ်ပြီးတော့ ကိုယ်ကောင်ကြီးတယ်၊ အတောင် ခြောက်ဆယ်၊ အတောင်ရှစ်ဆယ်လောက် လုံးပတ်ကြီးတွေ ရှိသတဲ့၊ အဲဒီ လောက် ရှိတယ်ဆိုရင် အသူရကာယ် ခေါ်တယ်၊ အဲဒီလို အသူရကာယ်ဘုံ ရောက်သွားမယ် ဆိုရင်ကော တရားအားထုတ်ခွင့် ရပါ့မလား၊"မရပါဘုရား"

ဝီရိယကို သမ္ဘောဇ္ဈင်ဖြစ်လောက်အောင် ကြိုးစား အားထုတ်ခွင့် ရ နိုင်ပါ့မလား၊ "မရနိုင်ပါဘုရား"

မရနိုင်တော့ဘူး၊ တို့တရားနာပရိသတ်တွေ ကြားဖူးကြတယ်၊ သုနက္ခတ္တ ရဟန်း၊ ဘယ်သူတဲ့၊ "သုနက္ခတ္တရဟန်းပါဘုရား"

## ပုထုဇဉ်သည် စိတ်မချရ၊ အယူပြောင်းသွားနိုင်

သုနက္ခတ္တရဟန်းဟာ မြတ်စွာဘုရား ကိုယ်တော်မြတ်ရဲ့ သပိတ်တော်ကို ကိုင်ပြီးတော့ အရှင်အာနန္ဒာ အလုပ်အကျွေး တာဝန်ကို အမြဲတန်း မယူခင်က ပေါ့လေ၊ သုနက္ခတ္တရဟန်းက မြတ်စွာဘုရားရဲ့ ဥပဋ္ဌာက အလုပ်အကျွေး ဖြစ်နေတယ်၊ မြတ်စွာဘုရား နောက်ကနေလိုက်ပြီး မြတ်စွာဘုရား သာသနာ တော်မှာ ရဟန်းဝတ်ပြီးတော့ တရားတွေဘာတွေ ကျင့်ကြံ ကြိုးစား အားထုတ် လို့ လောကီဘက်မှာ အဘိညာဉ်လေး ရထားတယ်၊ သုနက္ခတ္တရဟန်း မရတာ ကတော့ ဘာလဲဆိုရင် ဒိဗ္ဗသောတဆိုတဲ့ အဘိညာဉ်ပဲ၊ အဲဒီတော့ သူက ဒိဗ္ဗ သောတအဘိညာဉ်ကို သိပ်လိုချင်တယ်။

အဲဒီတော့ မြတ်စွာဘုရားထံ တောင်းတယ်၊ တပည့်တော်ကို ဒိဗ္ဗသောတ အဘိညာဉ်ရတဲ့နည်းကို ပေးပါဘုရားလို့ နည်းတောင်းတယ်၊ သုနက္ခတ္တမှာ ဒီဘဝတွင် ဒိဗ္ဗသောတအဘိညာဉ်မရနိုင်ဘူးလို့ မြတ်စွာဘုရားက သိတဲ့အတွက် သူ့ကို ဒိဗ္ဗသောတ အဘိညာဉ်ရတဲ့နည်း မပေးဘူး၊ ဘာကြောင့် မရနိုင်တာလဲ ဆိုရင် သူအတိတ်တုန်းက ဘဝတစ်ခုတုန်းက ရှင်ပစ္စေကဗုဒ္ဓါတစ်ပါးအား တစ်ခါတည်းပြီး လက်ဖွမ်းယက်ထက်နဲ့ လက်တည့်စမ်းတဲ့အနေနဲ့ ခဲနဲ့ပေါက် လိုက်တာ၊ ဝဲဘက်နားကနေ ယာဖက်နား ပေါက်ထွက်သွားပြီးတော့ ပရိနိဗ္ဗာန် စံသွားခဲ့ရတယ်၊ အဲဒီလောက်တောင် သူ ပြစ်မှု ကျူးလွန်ခဲ့တဲ့ အပြစ်ရှိတယ်၊ အဲဒီ အပြစ်ကြောင့် ငရဲကို အကြိမ်ကြိမ် အခါခါ ကျခဲ့ရတယ်၊ လူဖြစ်လာတဲ့ အခါမှာလဲပဲ ဆင်းရဲဒုက္ခတွေ အမျိုးမျိုး ကြုံနေရတယ်၊ ဗုဒ္ဓသာသနာတော်တွင်း ရဟန်းဝတ်နေတာတောင် အဲဒီဝဋ်လည်လို့ ဒိဗ္ဗသောတ အဘိညာဉ်ကို မရတာ ဖြစ်တယ်။

ဒါကြောင့် မြတ်စွာဘုရားက သူတောင်းတဲ့နည်းကို မပေးဘူး၊ မပေး တော့ သူ့စိတ်ထဲမှာ မကျေမနပ်ဖြစ်နေတာက မြတ်စွာဘုရားက လျှို့ဝှက် ထားတယ်။ ဒိဗ္ဗသောတ အဘိညာဉ်ရနည်းကျတော့ ငါ့ကို မပေးဘူး၊ ဝန်တို လိုက်တာ၊ကဲ- မကြံကောင်း မစည်ရာ ဘုရားသွားပြီးတော့ ပြစ်မှားတာ၊ မြတ်စွာဘုရားနောက်က သုနက္ခတ္တ လိုက်သွားတဲ့ အခါကျတော့ ကောရခတ္တိယ ဆိုတဲ့ တိတ္ထိကြီးပေါ့လေ၊ အယူမှားနေတဲ့ တိတ္ထိကြီး အဝတ်အစား မပါဘဲနဲ့ နွားများ ခွေးများလို လေးဘက်ထောက် သွားတယ်၊ အိပ်တဲ့အခါမှာလဲပဲ နွားများလို အိပ်ပြီးတော့ ဒကာဒကာမတွေက လာပြီး ဆွမ်းအလှူ လှူတာတွေ ကိုလဲ မြေကြီးပေါ်သွန်ချပြီး ကျွေးမှ ခွေးလိုနွားလို ဟပ် ပြီးတော့ စားတယ်။

အဲဒီ ပုဂ္ဂိုလ်ကြီး မြင်တဲ့အခါကျတော့ ဒိဗ္ဗသောတ အဘိညာဉ်မရလို့ မကျေမနပ် ဖြစ်နေတဲ့ သုနက္ခတ္တရဟန်းက တွေ့မြင်တဲ့ အခါကျတော့ ဒါက မှ တကယ့်ရဟန္တာအစစ်၊ ဒါကမှ တကယ့်ကို ခြိုးခြိုးခြံခြံ သူများ ကျင့်နိုင်ခဲ တာကို ကျင့်တာ၊ ဘုရားဆိုပြီးတော့ ဒီမှာ သင်္ကန်းနဲ့ သပိတ်နဲ့ ဆွမ်းခံစား၊ ကျကျနန ကျောင်းနဲ့ဘာနဲ့ နေတာ၊ ဒါ နည်းနည်း ဖိမ်ခံသေးတယ်၊ ဟိုဟာ က လုံးဝ ဖိမ်မခံတော့ဘူး ဆိုပြီးတော့ အကျင့်မှား ကျင့်တဲ့ ပုဂ္ဂိုလ်အပေါ်မှာ စိတ်ပြောင်းသွားတယ်၊ ကြောက်စရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

တရားကို မမြင်တော့ ဘုရားကို မြင်နေရပေမယ့် မြင်ရာရောက်ရဲ့လား၊

"မရောက်ပါဘုရား"–

အေးဟုတ်တယ်၊ ဝိပဿနာတရား ကြိုးစားအားထုတ်မှုမရှိ၊ ဝိပဿနာဉာဏ်၊ နာမရူပ ပရိစ္ဆေဒဉာဏ်၊ ပစ္စယပရိဂ္ဂဟဉာဏ်စတဲ့ ဝိပဿနာဉာဏ်တွေ မရလို့ မဂ်ဖိုလ် နိဗ္ဗာန် မရသေးဘူးဆိုလို့ရှိရင် ပုထုဇဉ်အဖြစ်ဟာ ကြောက်စရာ မကောင်းဘူးလား။ "ကောင်းပါတယ်ဘုရား"

## မြတ်စွာဘုရား ဗျာဒိတ်စကား မိန့်ကြား

နာနာသတ္တာရ ဥပ္ပေါကနဘေး– အထူးထူးသော ဆရာတို့ရဲ့မျက်နှာ မော်ကြည့်ရတယ်ဆိုတဲ့ ဘေး၊ ဘုရားရှင်ကြီးနောက်က လိုက်နေရတဲ့ ရဟန်းပင် ဖြစ်သော်လဲပဲ ဟော– အဲဒီ အကျင့်မှားနေတဲ့ ပုဂ္ဂိုလ်အပေါ် ဘာဖြစ်တုံး၊ ကြည်ညိုမိတယ်၊ အဲဒီလို ကြည်ညိုမိတဲ့အခါကျတော့ သူက သိပ်ပြီးကြည်ညို သွားတာ၊ ခရီးသွားရင်းက "မြတ်စွာဘုရား ကိုယ့်သပိတ်ကို ကိုယ်ယူကြွပါ"တဲ့၊ အဲဒီတော့ မြတ်စွာဘုရားက သဗ္ဗညုပဲ သိပြီး "သုနက္ခတ္တ ရဟန်း၊ ဒီပုဂ္ဂိုလ်ဟာ အယူမှားနေတဲ့ အကျင့်ကို ကျင့်တာ၊ သင် သူ့ကို သွားပြီး ကြည်ညိုပြီး ငါ့ကို စိတ်ထဲက ပြစ်မှားမနေနဲ့၊ ဒီပုဂ္ဂိုလ်ဟာ နောက် (၇)ရက်ကြာရင် သေမယ်၊ သေတာမှ စားပိုးနင့်ပြီး သေလိမ့်မယ်၊ စားပိုးနင့် သေပြီးနောက် သူ့တပည့်တွေက အလောင်းကောင်ကို မြှုပ်နှံတဲ့အခါ ပိန်းမြက်တောသုသာန်ထဲကိုသာ မြှုပ်နှံရ လိမ့်မယ်၊ အဲဒီလို မြှုပ်နှံပြီးတဲ့နောက် သူ့ရဲ့မြေပုံကို ခေါက်ပြီးတော့ မေးလို့ ရှိရင် ကာလကဉ္စိက အရိုးနဲ့ အရေသာရှိတဲ့ ပြိတ္တာ ဖြစ်နေရတဲ့အကြောင်း အလောင်းကောင်ကို ပူးပြီးတော့ သူက ပြောလိမ့်မယ်"အဲဒီလို ဘုရားက ဗျာဒိတ် သုံးမျိုး ပေးတယ်။

## ဗုဒ္ဓစကား သုနက္ခတ္တ မယုံကြည်

အဲဒီဗျာဒိတ်သုံးမျိုး ပေးတာကိုပင် သူမယုံမကြည်နဲ့ သုနက္ခတ္တရဟန်းက ကိုယ့်သပိတ်ကိုသာ ယူကြွပါတော့၊ တပည့်တော် ဒီနား နေရစ်တော့မယ်ဆိုပြီး အဲဒီ တိတ္ထိတက္ကဒ္ဒန်း အယူလွဲတဲ့ပုဂ္ဂိုလ်ကြီးနား သွားပြီးတော့ "ငါလဲဂေါတမ

ကို မကျေနပ်ဘူး၊ မင်း ဂေါတမနဲ့ စင်ပြိုင်ကျင့်တာဆိုရင် အဲဒါ ဂေါတမက ဗျာဒိတ်ပေးသွားတယ်၊(၇)ရက်နေရင် မင်း စားပိုးနင့်သေလိမ့်မယ်တဲ့၊ အစားအသောက်များ ဆင်ခြင်ပါ၊ ဒါမှ မုသာဝါဒနဲ့ ဘုရားစွပ်စွဲပြီး မင်းတို့ တန်ခိုးကြီးမယ်၊ ဘုရားတန်ခိုး မှိန်သွားလိမ့်မယ်" ဆိုပြီး သွားပြောတယ်။

အဲဒီလိုပြောတော့ ဟိုကလဲစဉ်းစားပြီး ကြောက်လန့်ပြီးတော့ ဘုရားက ပြောတာဆိုတော့ သိပ်တန်ခိုးကြီးတဲ့ဘုရားဆိုတော့ ကြောက်လန့်ပြီး ထမင်းမစားဘဲနဲ့ နေတယ်၊ ခုနစ်ရက် ကြာသွားတယ်။

အတွေးလွဲသွားတယ်၊ (၇)ရက်ကြာအောင်မစားဘဲ နေတော့ ဒီနေ့မစားဘဲ နေရင် ဘာဖြစ်မှာလဲ၊ သေမှာ။

## ကောရခတ္တိယ တိတ္ထိကြီး သေပြီ

အဲဒီတော့ ဒကာတစ်ယောက်ကလဲ ငါ့ကိုယ်တော်ကြီးပေါ့လေ၊ ဆွမ်းမစား တာ ကြာလှပြီ၊ ကနေ့တော့ ကောင်းကောင်းမွန်မွန် သွားကျွေးဦးမှပဲ ဆိုပြီး ထမင်းတွေ ဟင်းတွေ ကောင်းကောင်းမွန်မွန် ဆွမ်းတွေ ပြင်ဆင်ပြီးတော့ ရှေ့မှာပဲ၊ ခါတိုင်းလိုပေါ့လေ၊ မြေကြီးပေါ်မှာ မှောက်သွန်ချလိုက်တဲ့အခါ သိပ်စားချင်ဇောအား ကြီးလာတော့ ဂေါတမ ဘုရားရဲ့ ဗျာဒိတ်က "စားပိုးနင့်ပြီး သေလိမ့်မယ်တဲ့" စားပိုးနင့်တာ မနင့်တာ နောက်ထား၊ အခု ငါတော်ပြီး သေတော့မှာပဲ၊ သေရမှာအတူတူ မထူးပါဘူး၊ ငါစားပြီး သေရတာ ကောင်းသေးတယ် ဆိုပြီး စားတာ၊ အစာကလဲ (၇)ရက်လောက် မစားဘဲ နေတော့ ငတ်လွန်းအား ကြီးပြီး တစ်ဆက်တည်း စားလိုက်တာ ဘုရားပြောထားတဲ့အတိုင်း စားပိုးနင့်ပြီး သေရော၊ အလောင်းကောင်ကြီးလဲ ပိန်းမြက်တောထဲ ချကြရတာပဲ၊ ကြိုတင် ပြောပြထားတဲ့ ဘုရားရဲ့စကား(၂)ခွန်းလုံး မှန်နေပေမယ့် တက္ကဒွန်းရဲ့ တပည့်တွေထဲက တချို့ပေါ့လေ၊ ဒီ(၂)ချက်ကတော့ မှန်နေပြီ၊ အလောင်းကောင်ကနေ စကားပြောမယ် ဆိုတာတော့ ဂေါတမရဟန်းကြီး အကြွားလွန်ချက်ပဲ၊ မဖြစ်နိုင်တာပဲ ဆိုပြီး ဘုရားကို စွပ်စွဲပြီး အလောင်းကောင်ကြီးကို မေးကြည့်ကြပါရော၊ ကာလကဥ္စိက အသူရာဖြစ်နေတယ် ဆိုတာကို ကြားကြရရော၊ အသံကလဲ တုန်တုန်ကြီးတဲ့၊ ဆင်းဆင်းရဲရဲ ဘယ်လိုပင် ကျင့်ခဲ့သော်လဲ ဆင်းရဲကျိုးမနပ်ဘဲ ကျင့်နည်းမှားနေလို့ ယခုလို ပြိတ္တာဖြစ်ရတယ်၊ အသူရကာယ်

ဖြစ်ရတယ်၊ ကြောက်စရာကောင်းတယ်၊ ငါ့လို မကျင့်ကြနဲ့လို့ တငိုငို တရီရီ ငိုသံပါကြီးနဲ့ ပြောသွားတယ်တဲ့၊ အဲဒီလို ဖြစ်နေမယ်ဆိုရင်တော့ ဝီရိယ သမ္ဗောဇ္ဈင် ပွားခွင့်ရပါ့မလား။ "မရပါဘုရား"

မရဘူးတဲ့၊ အေး– ဟုတ်တယ် အင်မတန်မှ ကြောက်စရာ ကောင်းတယ်။

ဘိက္ခု–ရဟန်း၊ တေ–သင်သည်၊ အယမေဝ–ဤရဟန်းစင်စစ် ဖြစ်စဉ် အခါသည်သာ၊ ဝီရိယကရဏာယ–ဝီရိယသမ္ဗောဇ္ဈင်ကိုပြုလုပ်ခြင်းငှာ၊ ကာလော–အခွင့်အခါကောင်းအချိန်ကာလ ဖြစ်ပါပေ၏။ ဧဝံ– ဤသို့၊ အပါယဘယံ– အပါယ်ဘေးကို၊ ပစ္စဝေက္ခန္တဿာပိ– ဆင်ခြင်သော ပုဂ္ဂိုလ်အား လည်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ– ဝီရိယ သမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– အမှန်မုချ ဖြစ်နိုင်ပါပေသတည်း။ "သာဓု–သာဓု–သာဓု"

ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားတို့ကို နာကြားရတဲ့ ကုသိုလ် စေတနာ သုပြဟ္မသုတ္တန် တေရသမပိုင်းကို နာကြားရတဲ့ ကုသိုလ် စေတနာ တို့ကြောင့် ဤတရားတော်လာအတိုင်း ဝီရိယသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရား တို့ကို အကြိမ်ကြိမ် အားထုတ်နိုင်ကြ၍ ဝီရိယသမ္ဗောဇ္ဈင်တရားနှင့် ပြည့်စုံ သည်ဖြစ်၍ ဒုက္ခကင်းရာနိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု– သာဓု– သာဓုပါဘုရား"

# သုပြဟ္မသုတ္တန်
## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်
## အပိုင်း(၁၄)

### စကားဦး

ဒီနေ့ ရက်စွဲက ၁၃၅၂–ခုနှစ်၊ မိုးဥတု သီတင်းကျွတ် လပြည့်ကျော် ၇–ရက်နေ့ ဖြစ်တယ်။

ဒီနေ့ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်မှော်ရုံတွင် မဟာစည် ရဟန်းရှင်လူ ယောဂီများအား ဘုန်းကြီး ဟောကြားမယ့် တရားတော်က သုပြဟ္မသုတ္တန် ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော် စုဒ္ဒသမပိုင်း ဖြစ်ပါတယ်။

### ပဏာမ

### ပဋ္ဌာန်းရောင်ခြည်တော်ဖွင့် ဘုရားရှိခိုး

ဦးစွာပထမ လယ်တီပဏ္ဍိတ ဦးမောင်ကြီး၏ ပဋ္ဌာန်း ရောင်ခြည်တော် ဖွင့် ဘုရားပင့် ရှိခိုးဂါထာဖြင့် တရားပွဲကို ဖွင့်ပါမည်။

နီလာနီလာ နိစ္ဆရန္တိ၊ ပီတာပီတာစ ရံသိယော။
လောဟိတာ လောဟိတာ စာဘာ၊ ဩဒါတော ဒါတရံသိယော။
တမှာတမှာစ မဥ္ဇိဋ္ဌာ၊ ပဘာဿန္တိပဘာဿရာ။
ဇဝံဆဗ္ဗဏ္ဏာ ရံသိယော၊ ဌာတု မေ ဘဂဝါ သိရေ။

ပဋ္ဌာန်–နက်နဲ ထူးဆန်း ပဋ္ဌာန်းကျမ်းကို၊သမ္မာသမ္ဗုဒ္ဓ–အနုလုံ ပဋိလုံ အစုန်အဆန် အဖန်ဖန် ဆင်ခြင်တော်မူသော ဘုရားရှင်ကိုယ်တော်မြတ်၏၊ နီလာ–ဆံတော်–မုတ်ဆိတ်တော်–မျက်ဝန်းတော်တစ်ခို စိမ်းညိုသော အရပ်

ဌာနမှ၊ နီလာ– ကြာညို– ခွာညို– ရတနာအညိုကဲ့သို့ စိမ်းတစိုစို မြသားလိုဖြင့် ညိုမှောင်သော ရောင်ခြည်တော်တို့သည်၊ နိစ္စရန္တိ– နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော် မူကြလေကုန်၏၊ ပီတာစ– သီဂီရွှေလော့ အရေတော်မှလည်း၊ ပီတာ– မဟာလှေကား ရွှေစကားနှင့် ရွှေသားရွှေရည် ထိန်ကြည်သစ်လင်း ပပဝင်းကုန်သော၊ ရံသိယော– ဝါရောင်ဝင်းလျှပ် ရွှေသောရောင်ခြည်တော်ဓာတ်တို့သည်၊ နိစ္စရန္တိ– နေအထောင် လအထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော် မူကြလေကုန်၏၊ လောဟိတာ–အာတော် လျှာတော်နှုတ်ခမ်းတော်နှင့် ခြေတော် ဖဝါး လက်ဖဝါးစသော ကိုယ်တော် အစိတ်စိတ်မှ၊ လောဟိတာ– ခေါင်ရမ်း နှင်းဆီ ကမ္ဗလာနီနှင့် ကြာနီအလား ပတ္တမြားအဆင်း ရှိကုန်သော၊ အာဘာ– နီရောင်ဝင်းလျှပ် နီသော ရောင်ခြည်တော်ဓာတ်တို့သည်၊ နိစ္စရန္တိ– နေအထောင် လအထောင် ပြဟ္မာနတ် အရောင် ရတနာ နဝရတ်အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော် မူကြလေကုန်၏၊ ဩဒါတာ– စွယ်တော်၊ သွားတော် မျက်ဖြူတော်အစုံ ဥဏ္ဏာလုံ မွေရှင်တော်ဓာတ်မှ၊ ဩဒါတရံသိယော–စံပယ်ကြက်ရုံး ဇွန်ပန်းကုံး နှင့် ငွေတုံးဘော်ဆိုင် စိန်ပန်းခိုင်အတူ ဝတ်လဲတော်ဘွဲ့ဖြူနှင့် ကြာဖြူပန်း အသွေးကဲ့သို့ ဖြူဖွေး စင်ကြယ်သော ဖြူသော ရောင်ခြည်တော်ဓာတ်တို့သည်၊ နိစ္စရန္တိ –နေအထောင်လအထောင် ပြဟ္မာနတ်အရောင် ရတနာနဝရတ် အရောင် တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်း တကြယ် ကွန့်မြူးတော် မူကြလေကုန်၏၊ တမှာတမှာ– အထက်ဆံဖြားတော် တစ်လျှောက်မှ အောက်ခြေ ဖဝါးတော်တခို ထိုထို ထိုထို ကိုယ်တော် အစိတ် စိတ်မှ၊ မဉ္ဇိဋ္ဌာစ–ခရမ်းသွေးအရောင် မရမ်းသွေးအရောင် တဝေဝေ တပြောင် ပြောင် သပြေရောင်အဆင်းကဲ့သို့ ထိန်ဝင်း ညိုမှောင်သော ရောင်ခြည်တော် တို့သည်လည်းကောင်း၊ ပဘ သရာစ–နတ်မီးအရောင် လျှပ်စီးအရောင် ရတနာ မျိုးစုံအရောင် ကြာမျိုးစုံအရောင် ထိန်ပြောင်ဝင်းလက် ကြက်လျှာပြန် စိန် ရောင်ထွက်သကဲ့သို့ ရိုးရိုးရက်ရက် ပြိုးပြိုးပြက်သော ရောင်ခြည်တော်တို့သည်

လည်းကောင်း၊ ပဘာသန္တိ - နေအထောင်၊ လအထောင် ဗြဟ္မာနတ်အရောင် ရတနာနဝရတ် အရောင်တို့ကို ထိပ်ခေါင်က လွှမ်းမိုး၍ ဖြိုးဖြိုးကြွယ်ကြွယ် အံ့ဩဖွယ်လျှင် အဆန်းတကြယ် ကွန့်မြူးတော်မူကြလေကုန်၏၊ ဝဝံ- ဤ ရောင်ခြည် ခြောက်သွယ် ဂုဏ်တော်အထူးကို ချီးကျူး ဖွင့်ဆိုခဲ့သည့်အတိုင်း၊ ဆဗ္ဗညုတ္တရှုံသိယော-အညိုတဖြာ အဝါတလီ အနီတစ်ဆူ အဖြူတကြောင်း အမောင်းတစ်ချက် ပြိုးပြက်ငွါးငွါး ခြောက်ပါးရောင်ဆိုင် အပြိုင်ပြိုင်ကို စိုးပိုင် ရရှိတော်မူပေထသော၊ ဘဂဝါ- ဘုန်းတော်သရဖူ ဆောင်းတော်မူ၍ အောင်သူ ညွှတ်ရုံး အထွတ်ဆုံးလည်း ဖြစ်တော်မူပေထသော၊ သော-ထိုသုံးလောကညွန့်ဖူး နိဗ္ဗာန်မှူး ဖြစ်တော်မူပေသော ရှင်တော်မြတ်ဘုရားသည်၊ မေ-ပဋ္ဌာန်းပစ္စည်း ဆက်သွယ်နည်းဖြင့် ဖွဲ့စည်းကလာပ် ရုပ်နာမ်ဓာတ်ကို စွဲမှတ်သမုတ် အကျွန်ုပ်၏၊ သိရေ-ဆံပင်ဂနိုင် ပန်းမြိုင်တောညို စိမ်းစိုနွဲ့နှောင်း ဦးခေါင်းတွင်ခေါ် တောင် ထွင့်ပေါ်၌၊ ဌာတု-ပဋ္ဌာန်းဉာဏ်သွား ဈာန်ကစားလျက် တန့်နား ကိန်းဝပ်တော်မူ လှည့်ပါ သုံးလောကကေသျှောင် ရွှေဘုန်းခေါင် ကိုယ်တော်မြတ်ကြီးဘုရား။

"သာဓု-သာဓု - သာဓု"

## ဝီရိယသမ္ဗောဇ္ဈင် အာနိသင်

သုဗြဟ္မာနတ်သားက ဖြစ်ပြီး ပင်ပန်းမှု၊ မဖြစ်သေးတဲ့ ပင်ပန်းမှုများ ကြောင့် စိတ်များ တုန်လှုပ် ကြောက်ရွံ့နေပါတယ် ဘုရား၊ ကြောက်ရွံ့ ကင်း ကြောင်း နည်းလမ်းကောင်းရှိက မိန့်ကြားပါဘုရားလို့ လျှောက်ထားပါတယ်၊

ဒီတော့- မြတ်စွာဘုရားက ဗောဇ္ဈင်ခုနစ်ပါးမှတစ်ပါး ကြောက်ရွံ့ ကင်းကြောင်း နည်းလမ်းကောင်း မရှိပါ၊ ချမ်းသာချင်ရင် ဗောဇ္ဈင်ခုနစ်ပါးကို ပွားပါလို့ မိန့်ပါတယ်။

အဲဒီ ဗောဇ္ဈင်(၇)ပါးထဲက ဝီရိယသမ္ဗောဇ္ဈင် မနေ့က ဟောခဲ့ပါပြီ၊ ကြောင့်ကြပြုလုပ် အားထုတ်တာဟာ ဝီရိယသမ္ဗောဇ္ဈင် ခေါ်တယ်၊ စိတ်အား တက်ရေး အားပေးတာကလဲ ဝီရိယသမ္ဗောဇ္ဈင် ခေါ်တယ်၊ လှုပ်လှုပ်ရှရှ ကြောင့်ကြစိုက်တာကလဲပဲ ဝီရိယသမ္ဗောဇ္ဈင်တဲ့၊ အဲဒီ ဝီရိယသမ္ဗောဇ္ဈင်တွေ ဖြစ်ရအောင် ကျင့်ရတဲ့အကျင့် အင်္ဂါတရားတွေက (၁၁)ပါးရှိတယ်၊ ကဲ- ဆိုကြည့်မယ်။

"အပါယ်ဘေး ဆင်ခြင်၊ အာနိသင်၊ လမ်းစဉ် ရှိသေပါ။"

အဲဒါ မနေ့တုန်းက ဟောခဲ့တာ၊ ဝီရိယသမ္ဗောဇ္ဈင် နည်းပါးနေတဲ့ ယောဂီ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ပွားလာအောင် အပါယ်ဘေး ဆင်ခြင်ရမယ်၊ အပါယ်လေးပါး ကျရောက်သွားရင် ဝီရိယသမ္ဗောဇ္ဈင် မဖြစ်နိုင်ဘူး၊ အပါယ်လေးပါးမှ လွတ်တဲ့ ယခုလိုအချိန်မျိုးမှသာ ဝီရိယသမ္ဗောဇ္ဈင် ကျင့်နိုင်တယ်လို့ ဆင်ခြင်ပြီးတော့ ဝီရိယများများထားပြီး တရားအားထုတ်ရတယ်။

## ဝီရိယသမ္ဗောဇ္ဈင်၏ အာနိသင်

နောက်ပြီးတော့"အာနိသင်"တဲ့၊ ဝီရိယသမ္ဗောဇ္ဈင်ရဲ့ ကြိုးစား အားထုတ်ခြင်းရဲ့ အကျိုးအာနိသင်လဲပဲ မြော်မြင်ပြီးတော့ ဝီရိယသမ္ဗောဇ္ဈင် တရားတွေကို ကိုယ့်သန္တာန်မှာ ဖြစ်အောင်ပွားရမယ်၊ အဲဒီတော့ ကိုယ့်သန္တာန်မှာ ဝီရိယသမ္ဗောဇ္ဈင်ပွားဖို့ရာအတွက် ဝီရိယရဲ့ အကျိုးအာနိသင်တွေကို ဆင်ခြင်ရမယ်။

န သက္ကာ ကုသိတေန နဝလောကုတ္တရဓမ္မံ လဒ္ဓုံ၊ အာရဒ္ဓဝီရိယေနေဝ သက္ကာ အယမာနိသံသော ဝီရိယဿာတိ ဧဝံ အာနိသံသဒဿာဝိနောပိ ဥပ္ပဇ္ဇတိ။

ကုသိတေန–ပျင်းရိတွန့်ဆုတ် အလုပ်မလုပ်ချင်သောသူသည်၊ နဝလောကုတ္တရဓမ္မံ–မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဆိုတဲ့ ကိုးပါးသောလောကုတ္တရာတရားကို၊ လဒ္ဓုံ–ရခြင်းငှါ၊ နသက္ကာ–မတတ်နိုင်၊ ပျင်းတဲ့လူ မဂ်ဖိုလ် နိဗ္ဗာန် ရနိုင်ပါ့မလား။

"မရနိုင်ပါဘုရား"

အာရဒ္ဓဝီရိယေနေဝ–ကြိုးစားအားထုတ်မှု ဝီရိယရှိသူသည်သာလျှင်၊ နဝလောကုတ္တရဓမ္မံ–ကိုးပါးသော လောကုတ္တတရားကို၊ လဒ္ဓုံ–ရခြင်းငှါ၊ သက္ကာ–တတ်ကောင်း၏၊ အယံ–ဤသည်ကား၊ ဝီရိယဿ–ဝီရိယ၏၊ အာနိသံသော–အကျိုးအာနိသင်ပေတည်း၊ အာနိသံသဒဿာဝိနောပိ–ဝီရိယအကျိုးအာနိသင်ကို မြင်သောပုဂ္ဂိုလ်အားလည်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ–ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ–ထင်ရှားဖြစ်ပေါ်လာပါတော့သတည်း။

"သာဓု–သာဓု၊ သာဓုပါဘုရား"

ပျင်းတဲ့လူ ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ပါ့မလား။

"မဖြစ်ပါဘုရား"

ဝီရိယသမ္ဗောဇ္ဈင် မရှိတဲ့ပုဂ္ဂိုလ်ကို လောကုတ္တရာတရား ကိုးပါးဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို ရနိုင်မလား၊ "မရနိုင်ပါဘုရား"

မရနိုင်ဘူးတဲ့။ မပျင်းမရိ အားထုတ်တဲ့ ဝီရိယသမ္ဗောဇ္ဈင် ရှိသူဆိုရင် လောကုတ္တရာတရား ကိုးပါးဆိုတဲ့ မဂ်ဖိုလ်နိဗ္ဗာန်ကို မရနိုင်ဘူးလား။

"ရနိုင်ပါဘုရား"

ရနိုင်တယ်၊ အဲဒါ ဝီရိယသမ္ဗောဇ္ဈင်ရဲ့ အကျိုးအာနိသင် ဖြစ်တယ်။

## လူပျင်းတို့၏ အကြောင်းပြချက်

အတိသီတံ အတိဥဏှံ၊ အတိသာယမိဒံ အဟု၊
ဣတိဝိဿဋ္ဌ ကမ္မန္တေ၊ အတ္တာ အစ္စန္တိ မာဏဝေ။

ဣဒံ–မိုးရွာနှင်းကျ စောလွန်းလှသည့် ဤအချိန်ကာလသည်ကား၊ အတိသီတံအဟု–တခိုက်ခိုက်တုန်အောင် အပုံကြီးအေးမြ၍ ဘေးဘယဖြစ်စရာ အချိန်အခါကာလပါပေတည်း၊ ဝီရိယမရှိတဲ့လူ ပျင်းတဲ့လူတွေက ဆောင်းအခါ ရောက်လာပြီဆိုရင် ဤအချိန်လေး အားလပ်တယ်၊ တရားအားထုတ်ကြ ရအောင်လို့ ပြောရင် 'အမယ်လေး အေးကအေးနဲ့အားမထုတ်နိုင်ပါဘူး၊ ဒီလောက် ခိုက်ခိုက်တုန်အောင်အေးနေတာ အအေးမိသေမှာပေါ့'လို့ ပျင်းတဲ့ လူက ပြောတယ်တဲ့၊ ဘယ်သူက ပြောတာလဲ။

"ပျင်းတဲ့သူကပါဘုရား"

ဣဒံ–နေပူကျဲကျဲ ရှားမီးခဲနှင့် ငရဲပမာ ဤအချိန်ကာလသည်ကား၊ အတိဥဏှံ– အပူဒီဂရီများစွာနှင့် ဖျားနာဖို့ရာ အချိန်ကာလပါပေတည်း၊ ကဲနွေဦးပေါက်တော့ ကျောင်းတို့ဘာတို့လဲပဲပိတ်တော့ ဒို့အားတယ်၊ အားတဲ့ ဒီအချိန် တရားအားထုတ်ရအောင် အဖော်ညှိကြည့်တဲ့အခါ 'ဒီလောက်တောင် ချွေးတစ်လုံးလုံး နေကပူ ဖုံတွေကထနဲ့ ပျင်းစရာကြီး အားမထုတ်နိုင်ပါဘူး' ဆိုပြီး ပူတော့လဲပူလို့ ဆင်ခြေမကန်ဘူးလား။

"ကန်ပါတယ်ဘုရား"

ဣဒံ–လရောင်ကကွယ် ကြယ်ရောင်ကမှိန် ဤအချိန်ကာလသည် ကား၊ အတိသာယံ–အချိန်မရှိ မှောင်အတိကျ အလွန်မိုးချုပ်လှတဲ့ အချိန်

ကာလပါပေတည်း၊ အဲဒီတော့ ဒီလရောင်ကွယ်ပြီးတော့ ကြယ်ရောင်မှိန်နေတဲ့ လဆုတ်ရက်ကြီး တရားနာဖိတ်တာ၊ တရားကလဲ အားအားရှိတိုင်း ဟောနေကြတာ၊ မှောင်ကြီးထဲ ဒို့တော့ မသွားချင်ပေါင်၊ လဆုတ်ရက်ကြီး တရားအားထုတ်သွားဖို့ဆိုတာလဲ အဆင်မပြေဘူးလို့ဆိုပြီး၊ မှောင်တော့လဲ မှောင်လို့ မိုးချုပ်လို့ဆိုပြီးတော့ တရားအားမထုတ်ချင်သူတွေ၊ တရားမနာချင်သူတွေ၊ ပျင်းတဲ့လူတွေက ပြောလွှတ်သတဲ့၊ ဆင်ခြေကန်တာပါပဲ၊ ဘာလုပ်တယ်။

"ဆင်ခြေကန်တာပါဘုရား"

ဏှတိ ဝိဿဋ္ဌ ကမ္မန္တေ၊ ဏှတိ-ဤသို့ သောသောဝေဝေ ဆင်ခြေတွေပေးကြကုန်လျက်၊ ဝိဿဋ္ဌကမ္မန္တေ-မိမိအလုပ် အားမထုတ်ဘဲ နောက်ဆုတ်ဖယ်ရှား စွန့်လွှတ်၍ သွားကြကုန်သော၊ မာဏဝေ-ဝီရိယလျှော့ လူပေါ့လူတေလူပျင်းတွေကို၊ အတ္ထာ-ပစ္စုပ္ပန်အကျိုး ဖွင့်ဖွင့်တိုးမည့် မဂ်မျိုး ဖိုလ်ပွင့်လောကုတ္တရာ ဆိုတဲ့ အတန်းအဆင့်တို့သည်၊ အစ္စန္တိ- နင်တို့လိုလူပျင်းတွေကို မစောင့်ဘူးရယ်လို့ ဖြောင့်ဖြူးစွာ အရှိန်သန်လျက် အချိန်မှန် အခါမရွှေ့ဘဲ တရွေ့ရွေ့ လွန်မြောက်ခါ သွားကြလေကုန်၏။

အနဂ္ဂသာရမဥ္စရီကျမ်းမှာ ဒီလို ဆုံးမထားတယ်၊ ဘုန်းကြီးရေးတဲ့ မြန်မာဂါထာလေးလဲ ရှိတယ်၊ ကဲ-ဆိုကြည့်မယ်။

၁။ အလွန်ဆာသေး ဗိုက်လေးသကွယ်၊
မိုးချုပ်လှပေါ့၊ စောတော့စောတယ်၊
အပူအအေး၊ လွန်သေးတကယ်၊
လူပျင်းမျိုး ဆိုရိုးဖြစ်ခြောက်သွယ်။

မှန်ရဲ့လား (မှန်ပါဘုရား)၊ အဲဒီထဲ ပျင်းတဲ့လူတွေ၊ ပျင်းပြီးတရားအားမထုတ်ချင်တဲ့ သူတွေက ပူတော့လဲ ပူတယ်၊ အေးတော့လဲ အေးတယ်လို့ တရားနဲ့ ဝေးကွာတဲ့ စကားတွေကို ပြောကြတယ်၊ ထမင်းတောင်မစားရသေးဘူး၊ ထမင်းကဆာလိုက်တာ၊ ဥပုသ်စောင့်ပြီးတော့ တရားအားထုတ်ရမယ် ဆိုရင် ကျုပ်အစာအိမ် ရောဂါနဲ့ တရားနဲ့ မတည့်ဘူးတဲ့၊ ငြင်းပယ်ကြတယ်၊ ဘာပြုကြတယ်။

"ငြင်းပယ်ကြပါတယ်ဘုရား"

စားပြီးပြန်တော့လဲပဲ ဒီလောက်တောင် စားပြီးစ ဝအီပြီးတော့ အိပ်ချင်နေတဲ့ အချိန်ကြီး ဘယ်တရားအားထုတ်နိုင်လိမ့်ဦးမလဲ၊ တစ်မှေးလောက်တော့ အိပ်လိုက်ဦးမှ ဖြစ်မယ်လို့ ထမင်းစားပြီး ပြန်တော့လဲ နပ်တယ်ဆိုပြီးတော့ အိပ်လိုက်သေး၊ အဲဒါ ဂလိုင်လှုပ်လို့လဲ ထွက်မလာ၊ တံခါးပိတ်တော့မယ်ပြောလဲ ပြောမရ၊ အတင်းနှိုးပြန်တော့လဲပဲ ခေါင်းမူးလို့ပါဆိုပြီး အိပ်နေရစ်ရောနော်၊ အဲဒီလိုအိပ်နေရစ်ရင် တရားရနိုင်ပါမလား။

"မရပါဘုရား"

မရဘူးနော်၊ မရတာမှ မုချ မရမှာ။

စောတော့လဲပဲ စောသေးလို့၊ မိုးချုပ်တော့လဲပဲ မိုးချုပ်သွားပြီ လို့ဆိုပြီး ဆင်ခြေတွေကြံပြီးတော့နေတဲ့ ပုဂ္ဂိုလ်တွေအတွက် တရားရနိုင်ပါ့မလား။

"မရနိုင်ပါဘုရား"

ဒီလို ပူတာ အေးတာတွေ ဘေးထားပြီးတော့ တရားရသင့်ရထိုက်တဲ့ အချိန်ကာလလေးကို လက်မလွတ်ရအောင် အချိန်ရှိခိုက် လုံ့လစိုက်ဆိုတဲ့ အတိုင်း တရားအားထုတ်လိုက်ဦးမယ်ဆိုပြီး ကြိုးစားတဲ့ ယောဂီတွေ တရားမရနိုင်ဘူးလား။

"ရနိုင်ပါတယ်ဘုရား"

ရနိုင်တယ် ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ တရားရသွားတာတွေလဲပဲ ကုဋေကုဋာ မရေသာအောင် အများကြီးပါ၊ အဲဒါတွေကို စံနမူထားပြီး အာနိသင်ကိုလဲ ဆင်ခြင်ရမယ်။

## ဒီလမ်းစဉ်ကို ရှိသေပါ

သဗ္ဗဗုဒ္ဓ ပစ္စေကဗုဒ္ဓ မဟာသာဝကေဟိ–ဂါဝါဠ သဲစုမက ပွင့်ကုန်ကြသား အားလုံးသော သဗ္ဗညုဘုရားရှင်တို့နှင့် ပစ္စေကဗုဒ္ဓါ မဟာ သာဝကတို့သည်၊ ပထမဂ္ဂေါ– သွားအပ်ပြီးသော၊ ကြွသွားတော်မူအပ်ပြီးသော လမ်းကို၊ တေ– သင်သည်၊ ဂန္တဗ္ဗော– သွားထိုက်ပါပေ၏။

အဲဒါ လမ်းစဉ်ကို ရှိသေရမယ်၊ ဘယ်သူ့လမ်းစဉ်ကို ရှိသေရမှာလဲ၊ ဗုဒ္ဓလမ်းစဉ်၊ ဘယ်သူ့လမ်းစဉ် ရှိသေရမှာလဲ။

"ဗုဒ္ဓလမ်းစဉ်ကိုပါဘုရား"

လမ်းစဉ်ကိုလဲပဲ ရှိသေရမယ်၊ ဘုရား ပစ္စေကဗုဒ္ဓါ အရိယာသာဝက တွေ ကြွသွားတော်မူကြတဲ့ လမ်းဟာ သတိပဋ္ဌာန်လမ်း ဖြစ်တယ်၊ ပွင့်ပြီးသား ဘုရားနဲ့ ပစ္စေကဗုဒ္ဓ ပရိနိဗ္ဗာန် စံသွားကြတဲ့ အခု ပွင့်တော်မူလာတဲ့ ဂေါတမ မြတ်စွာဘုရားနဲ့ တပည့်သာဝကတွေ နိဗ္ဗာန်ကို ကြွသွားတော်မူကြတာလဲ ဒီ သတိပဋ္ဌာန်လမ်းကပဲ ဖြစ်တယ်။

အခု သာသနာ့နောက်ပိုင်းက ဒို့၊ သူ၊ ငါ၊ ဘွားကျန်ရစ်၊ ဘိုးကျန်ရစ် တွေ နိဗ္ဗာန်ကို ရချင်ရင် ဘယ်လမ်းကို လိုက်ကြမလဲ။

"သတိပဋ္ဌာန်လမ်းကို လိုက်ကြပါမယ်ဘုရား"

ဘယ်မရောက်လို့ ကျန်ရစ်ခဲ့ကြတာတုံး၊ နိဗ္ဗာန်မရောက်လို့ ကျန်ရစ်ကြ တာတွေ ဒို့တတွေပေါ့၊ နိဗ္ဗာန်ကို လိုက်ချင်ကြတယ်ဆိုရင် အခု သာသနာ မကွယ်သေးဘူး၊ အချိန်ရှိသေးတယ်၊ လိုက်လို့ မရဘူးလား၊ နောင် ပွင့်တော် မူလတ္တံ့ ဖြစ်တဲ့ ဘုရားရှင်နှင့် တပည့်သာဝကတွေ နိဗ္ဗာန်ကို ကြွကြဦးမယ်ဆိုရင် ဘယ်လမ်းကို ကြွရမှာလဲ။

"သတိပဋ္ဌာန်လမ်းက ကြွကြပါမယ်ဘုရား"

နိဗ္ဗာန်ကြွဖို့ရာ ဒီတစ်လမ်းပဲ ရှိတယ်တဲ့။ ဘုရားက ပြောပြထားတာ။

ဒါနနဲ့ နိဗ္ဗာန် ရောက်တယ်ဆိုရင်လဲ သတိပဋ္ဌာန်ပွားမှ စာဂါနုဿတိ- ကနေ ဝိပဿနာကူးမှ နိဗ္ဗာန်ရောက်တယ်၊ မှန်ရဲ့လား။

"မှန်ပါတယ် ဘုရား"

သီလနဲ့ နိဗ္ဗာန်ရောက်တယ် ဆိုတာလဲပဲ သီလဝိသုဒ္ဓိကို မှီပြီး သတိ ပဋ္ဌာန် တရားတွေကို ကျင့်ပွားမှ နိဗ္ဗာန်ရောက်တယ်၊ သစ္စာလေးပါး သိပြီး ထိုးထွင်းပြီး နိဗ္ဗာန်ရောက်တယ် ဆိုတာလဲ သတိပဋ္ဌာန်ကို ပွားမှ သစ္စာလေးပါး ထိုးထွင်း သိနိုင်တာ ဖြစ်တယ်၊ နိဗ္ဗာန်သွားဖို့ လမ်းတစ်လမ်းသာ ရှိပါတယ်၊ ဘုရား အစရှိတဲ့ သူတော်ကောင်းတွေ ကြွတဲ့လမ်း၊ ဒို့တစ်တွေ အခု မသွားသင့် ဘူးလား၊ "သွားသင့်ပါတယ် ဘုရား"

အဲဒီ ဗုဒ္ဓလမ်းစဉ်ကို ရှိသေ လေးစားသောအားဖြင့် ဗုဒ္ဓလမ်းစဉ်ကို ကျင့်သုံးပြီးတော့ ဘယ်ကို သွားရမှာလဲ။

"နိဗ္ဗာန်ကို သွားရမှာပါဘုရား"

နိဗ္ဗာန်ကို သွားရမယ်။

သောစ နသက္ကာ ကုသိတေန ဂန္တုံ နိဗ္ဗာနံ ဖဝံ ဂမနဝီထိံ ပဇ္ဇ ဝေကနန္တ သဿာပိ ဥပ္ပဇ္ဇတိ။

သောစ– ထိုဘုရားပစ္စေကဗုဒ္ဓါ အရိယာသာဝကတွေ သွားတဲ့ လမ်းသည်လည်း၊ ဝါ–သွားတဲ့လမ်းကိုလည်း၊ ကုသိတေန– တရားအလုပ် အားမထုတ်တဲ့၊ ပျင်းရိတွန့်ဆုတ်တဲ့ ပုဂ္ဂိုလ်သည်၊ ဂန္တုံ–သွားခြင်းငှာ၊ နသက္ကာ–မတတ်နိုင်၊ ဣတိ– ဖဝံ– ဤသို့၊ ဂမနဝီထိံ– သွားရာလမ်းကို၊ ပဇ္ဇဝေကနန္တ သဿာပိ– ဆင်ခြင်သောသူအားလည်း၊ ဝီရိယ သမ္ဗောဇ္ဈင်္ဂေါ– ဝီရိယ သမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ထင်ရှား ဖြစ်ပါလေတော့သတည်း။"သာဓု– သာဓု–သာဓုပါဘုရား"

အပါယ်ဘေး ဆင်ခြင်ပြီးတော့လဲ ဝီရိယသမ္ဗောဇ္ဈင် ပွားဖြစ်အောင်ပွားပါ၊ ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်တွေ မဂ်ဖိုလ်နိဗ္ဗာန်ရတယ်ဆိုတဲ့ အာနိသင်ကို သိပြီးတော့လဲပဲ ဝီရိယသမ္ဗောဇ္ဈင်တွေကို ပွားကြပါ၊ဘုရား အစရှိတဲ့ ပစ္စေကဗုဒ္ဓါ အရိယာ သာဝကအလောင်းသူတော်ကောင်းတွေ သွားကြတဲ့လမ်းကို လမ်းစဉ်ချမှတ်ခဲ့တာကို ရှိသေသောအားဖြင့် ဝီရိယသမ္ဗောဇ္ဈင်ကိုပွားကြပါ။

"အပါယ်ဘေး ဆင်ခြင်၊ အာနိသင်၊ လမ်းစဉ် ရှိသေပါ။ ဟုတ်ရဲ့လား။"

"ဟုတ်ပါတယ်ဘုရား"

ကဲ– ရှေ့ဆက်ဆို။

## အလှူရှင် စေတနာကို ငဲ့ညှာ

၁။ ဆွမ်းကျိုးတုံ့ပြန်၊ မြတ်မွေခံ၊ ရှုရန်မြတ်ဆရာ၊ မနေ့တုန်းက ချပြီးသားတွေနော်၊ ဆွမ်းအကျိုး တုံ့ပြန်သော အားဖြင့်လည်း ဝီရိယ သမ္ဗောဇ္ဈင်ကို ပွားပေးရမယ်၊ လှူဆိုရင် ထမင်းအာဟာရပေါ့။

ယေတံ ပိဏ္ဍပါတာဒီဟိ ဥပဋ္ဌဟန္တိ၊ ဣမေ တေ မနုဿာ နေဝဉာတကာ၊ နဒါသကမ္မကရာ၊ နာပိ တံ နိဿာယ ဇီဝိဿာမာတိ တေ ပဏီတာနိ စီဝရာဒီနိ ဒေန္တိ။

ယေ– အကြင်ပစ္စည်းလေးပါး လှူဒါန်းကြတဲ့ ဒကာ ဒကာမတို့သည်၊ တံ– သင့်ကို၊ ပိဏ္ဍပါတာဒီဟိ– ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လေးပါး သော ပစ္စည်းတို့ဖြင့်၊ ဥပဋ္ဌဟန္တိ – ပြုစု လုပ်ကျွေးကြကုန်၏။ နေဝဉာတကာ–

ဆွေမျိုးဉာတိတို့လည်း မတော်စပ်ကြလေကုန်၊ နဒါသကမ္မကရာ– ကျွန်အမှု လုပ်တို့လည်း မဟုတ်ကြလေကုန်၊ တံ– သင့်ကို၊ နိဿာယ– မှီ၍၊ ဖိဝိဿာ မာတိ– ငါတို့ အသက်မွေးကြကုန်အံ့ဟု၊ မနသိကရိတွာ– နှလုံးသွင်း၍၊ တေ–သင့်အား၊ ပဏီတာနိ–မွန်မြတ်ကုန်သော၊ စီဝရာဒီနိ–သင်္ကန်း စသည်တို့ကို၊ နာပိဒေန္တိ– ပေးလှူကြသည်လည်း မဟုတ်ကြကုန်။

တရားအားထုတ်တဲ့ ရဟန်း၊ တရားအားထုတ်တဲ့ ယောဂီက အခု ငါတို့ တရားအားထုတ်တဲ့အခါ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လေးပါးတွေ ထောက်ပံ့ပြီးတော့ ဒကာဒကာမတွေက တရားအားထုတ်နိုင်အောင် ဆိုပြီး လှူဒါန်းထောက်ပင့်ထားတာ ဖြစ်တယ်၊ ဆွမ်းစရိတ်လောက် ပေးကမ်းလှူဒါန်း ပြီး အားထုတ်တာဖြစ်စေကာမူ လူတွေလှူဒါန်းထားတဲ့ ကျောင်းပေါ်မှာနေပြီး တော့ ဒို့အားထုတ်ရတာ ဖြစ်တယ်၊ ထောက်ပံ့တဲ့လူတွေရဲ့ ဝေယျာဝစ္စပြုစု စောင့်ရှောက်မှုတွေ ခံယူပြီးတော့လဲပဲ ဒို့တတွေ တရားအားထုတ်နေရတာ ဖြစ်တယ်၊ အားထုတ်ပြီးတော့နေတဲ့ ယောဂီတွေဟာ စဉ်းစားဖို့ရာ ကောင်းတယ်၊ အခု ငါတို့ကို ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လေးပါးသော ပစ္စည်းတွေနဲ့ ထောက်ပံ့ လှူဒါန်းနေတဲ့ ပုဂ္ဂိုလ်တွေဟာ ငါတို့ရဲ့ ဆွေမျိုးတွေလဲ မဟုတ်ဘူး၊ ဆွေမျိုးတော်လို့ လှူတာတန်းတာမဟုတ်ဘူး၊ ပြုစုစောင့်ရှောက်နေတာ မဟုတ် ဘူးတဲ့၊ ငါတို့ရဲ့ လခစားကျေးကျွန်တွေလဲ မဟုတ်ကြပါဘူး၊ ဒို့ရဲ့ အခိုင်းအစေ ကျွန်တွေလဲ မဟုတ်ဘူး၊ ဒို့ကို မှီပြီးတော့ အသက်မွေးကြရတာပဲလို့ ဆိုရ လောက်အောင်ပဲ အသက်မွေးဝမ်းကျောင်းကြတာလဲ မဟုတ်ဘူးတဲ့၊ ဟုတ်ရဲ့ လား။ "မဟုတ်ပါဘုရား"

ဒါပေမယ်လို့ ငါတို့ရဲ့အပေါ်မှာ မွန်မြတ်တဲ့ ကျောင်း၊ သင်္ကန်း၊ဆွမ်း၊ ဆေး လေးပါးသော ပစ္စည်းတွေ လှူဒါန်းနေကြတယ်၊ ဒို့တရားအလုပ် အား ထုတ်နိုင်ရေးအပေါက် ဝေယျာဝစ္စတွေ ဆောင်ရွက်ပေးနေကြတယ်၊ မပေး ဘူးလား။ "ပေးပါတယ်ဘုရား"

အထခေါ် အတ္တနော ကာရာနံ မဟပ္ဖလတံ ပစ္စာသီသမာနာ ဒေန္တိ။

အထခေါ်– စင်စစ်သော်ကား၊ အတ္တနော–မိမိ၏၊ ကာရာနံ– ပြုအပ် သော ကောင်းမှုတို့၏၊ မဟပ္ဖလတံ– ကြီးမြတ်သောအကျိုး ရှိသည်၏အဖြစ်

ကို၊ ပစ္စာသီသမာနာ–တောင့်တမျှော်လင့်ကြကုန်သည်ဖြစ်၍၊ ဒေန္တိ – ပေးလှူကြကုန်၏၊ ဒေန္တိ–ပေးလှူနေကြသူတွေသာ ဖြစ်ပါသတည်း။

"သာဓု–သာဓု–သာဓု"

တရားအလုပ် အားထုတ်တဲ့ သီလ၊ သမာဓိ၊ ပညာ အကျင့်ကျင့်တဲ့ ရဟန်းရှင်လူ သူတော်စင်ယောဂီတွေကို ငါတို့ ကျွေးမွေးပြုစုရရင် လှူဒါန်းပေးကမ်းရရင် ငါတို့မှာ ကြီးမြတ်သော အကျိုးအာနိသံသ ရနိုင်တယ်။ ကြီးမြတ်သော အကျိုးအာနိသံသကို ရလိုတဲ့အတွက်ကြောင့် ဒီလို ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး ပစ္စည်းလေးပါးတွေကို လှူဒါန်းနေကြတာ ဖြစ်တယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

သတ္ထာရာပိ "အယံ ဣမေ ပစ္စယေ ပရိဘုဥ္စ္စာ ကာယဒဠှိ ဗဟုလော သုခံ ဝိဟရိဿတိ" တိ န ဇဝံ သမ္ပဿတော တုယှံ ပစ္စယာ အနုညာတာ။

သတ္ထာရာပိ– မြတ်စွာဘုရားကလည်း၊ အယံ– ဤငါ၏သားတပည့်ဖြစ်သော ရဟန်းသည်၊ ဝါ– ယောဂီပုဂ္ဂိုလ်သည်၊ ဣမေပစ္စယေ– ဤပစ္စည်းတို့ကို၊ ပရိဘုဥ္စ္စာ–ဘုဉ်းပေးသုံးဆောင်ကြကုန်၍၊ ကာယဒဠှိ ဗဟုလော–များသော ကိုယ်၏ တောင့်တင်းခိုင်မာအောင် ပြုခြင်းရှိသည်၊ ဟုတွာ– ဖြစ်၍၊ ဝိဟရိဿတိ– နေရစ်လိမ့်လတ့်၊ ဣတိဇဝံ–ဤသို့၊ သုခံ– ချမ်းသာစွာ၊ သမ္ပဿတော– ကောင်းစွာ မြော်မြင်သည် ဖြစ်၍၊ တုယှံ– သင့်အား၊ ပစ္စယာ– ပစ္စည်းတို့ကို၊ နအနုညာတာ– ခွင့်ပြုတော်မူအပ်ခဲ့သည်လည်း မဟုတ်ချေ။

မြတ်စွာဘုရားက ငါရဲ့သာသနာတွင် သက်ဝင်ပြီးတော့ သီလ၊ သမာဓိ၊ ပညာတွေကို ကျင့်ကြံ ကြိုးစား အားထုတ်တဲ့ ရဟန်းတွေ၊ ယောဂီ ပုဂ္ဂိုလ်တွေကိုတဲ့ လှူနိုင်တယ်၊ တန်းနိုင်တယ်ဆိုရင် အကျိုးရှိတယ်လို့ မြတ်စွာဘုရားက ဟောကြားခဲ့ခြင်း၊ ခွင့်ပြုခဲ့ခြင်းသာဖြစ်တယ်၊ ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး လေးပါးသော ပစ္စည်းတွေကို အလှူခံပြီးတော့ လှပအောင်၊ ဝဖြိုးအောင်၊ ခန္ဓာကိုယ် တောင့်တင်း ခိုင်မာအောင်၊ ချမ်းချမ်းသာသာ ဇိမ်ခံပြီးနေလိမ့်မယ်လို့ မျှော်လင့် ပြီးတော့ ပစ္စည်းလေးပါးတွေကို ဘုရား ခွင့်ပြုတာ မဟုတ်ပါဘူး၊ ဟုတ်ပါ့မလား။ "မဟုတ်ပါဘုရား"

မဟုတ်ပါဘူး။

အထခေါ“ အယံ ဣမေ ပရိဘုဥ္ဇမာနော သမဏဓမ္မံ ကတွာ ဝဋ္ဋဒုက္ခတော မုစ္စိဿတိ” တိ တေ ပစ္စယာ အနုညာတာ။

အထခေါ– စင်စစ်သော်ကား၊ အယံ– ဤငါ၏သားတော် ဖြစ်သော ရဟန်းသည်၊ ဣမေပစ္စယေ– ဤပစ္စည်းတို့ကို၊ ပရိဘုဥ္ဇမာနော– ဘုဉ်းပေး သုံးဆောင်လျက်၊ သမဏဓမ္မံ– ရဟန်းတရားကို၊ ကတွာ– ပြု၍၊ ဝဋ္ဋဒုက္ခတော– ဝဋ်ဒုက္ခမှ၊ မုစ္စိဿတိ– လွတ်လိမ့်လတ့်၊ ဣတိ– ဤသို့ နှလုံးသွင်းတော်မူ၍၊ တေ– သင့်အား၊ ပစ္စယော– ပစ္စည်းတို့ကို၊ အနုညာတာ– ခွင့်ပြုတော်မူအပ် ပါသည်။

မြတ်စွာဘုရားက ပစ္စည်းလေးပါးတွေကို လူတွေလှူဒါန်းတာ ခံယူနိုင် ဖို့အတွက် ခွင့်ပြုထားခဲ့တာဟာ ငါ့ရဲ့သားတော် ရဟန်းသည် ပစ္စည်းလေးပါး တွေကို ခံယူသုံးဆောင်ပြီးတော့ သံသရာဝဋ်က လွတ်တဲ့ အလုပ်တွေကို လုပ် ပြီး ဝဋ်ဆင်းရဲက လွတ်လိမ့်မည်လို့ ရည်ရွယ်ပြီး မြတ်စွာဘုရား ခွင့်ပြုခဲ့ တာပါ။

သောဒါနိတွံ ကုသိတော ဝိဟရန္တော နတံ ပိဏ္ဍံ အပစာယိဿတိ။

ဒါနိဣဒါနိ–ယခုအခါ၌၊ သောတွံ–ထိုသင်သည်၊ ကုသိတော– ပျင်းရိ သည်၊ ဟုတွာ–ဖြစ်၍၊ ဝိဟရန္တော–နေပါမူ၊ တံပိဏ္ဍံ–ထိုပြည်သူတို့၏ဆွမ်းကို၊ အပစာယိဿတိ– တုံ့ပြန်၍ ပူဇော်နိုင်လိမ့်မည် မဟုတ်၊

အဲဒီလူတွေက ရည်ရွယ်ချက်နဲ့ ကိုယ့်ကို လှူဒါန်းနေတာ၊ ပေးကမ်း နေတာ ထောက်ပံ့နေတာ ပြုစုနေတာကို သတိမထားဘဲနဲ့ ကိုယ်က ပျင်းရိ တွန့်ဆုတ်ပြီး နေမယ်ဆိုလို့ရှိရင် လူတွေလိုလားတဲ့ နတ်ရွာနိဗ္ဗာန်ချမ်းသာ မျှော်မှန်းချက်ကို ကိုယ်က တုံ့ပြန်ပြီးတော့ ပေးစွမ်းနိုင်တဲ့ ပုဂ္ဂိုလ်မဖြစ်နိုင်ဘူးတဲ့၊ ဖြစ်နိုင်ပါ့မလား။ “မဖြစ်နိုင်ပါဘုရား”

အာရဒ္ဓဝီရိယဿေဝ ဟိ ပိဏ္ဍပါတာပစာယနံ နာမ ဟောတီတိဇဝံ ပိဏ္ဍ ပါတာပစာယနံ ပစ္စဝေက္ခန္တဿာပိ ဥပ္ပဇ္ဇတိ အယျမိတ္တတ္ထေရဿ ဝိယ။

အာရဒ္ဓဝီရိယ ဿေဝ– ကြိုးစား အားထုတ်သော ဝီရိယ ရှိသောသူအား သာလျှင်၊ ပိဏ္ဍပါတာပစာယနံနာမ–ဆွမ်းအကျိုးကို တုံ့ပြန်နိုင်သောသူမည် သည်၊ ဟောတိ–ဖြစ်၏။ ဣတိ–ဤသို့၊ ပိဏ္ဍပါတာပစာယနံ– ဆွမ်းအကျိုး

တုံ့ပြန်ခြင်းကို၊ ပစ္စဝေက္ခန္တ သာပိ–ရှုဆင်ခြင်သော ပုဂ္ဂိုလ်အားလည်း၊ ဝိရိယ သမ္ဗောဇ္ဈင်္ဂေါ– ဝိရိယသမ္ဗောဇ္ဈင်သည်၊ ဉပ္ပဇ္ဇတိ– ထင်ရှား ဖြစ်ပေါ်လာလေ တော့သတည်း။"သာဓု– သာဓု– သာဓုပါဘုရား"

ကြိုးစားအားထုတ်တဲ့ ပုဂ္ဂိုလ်များသာလျှင် လူတွေရဲ့အလှူကို တုံ့ပြန်နိုင် လိမ့်မယ်၊ မြော်မှန်းထားတဲ့ လူတွေရဲ့ မျှော်မှန်းချက်တွေကို ပြည့်စုံအောင် ဖြည့်ဆည်းပေးနိုင်တဲ့ ပုဂ္ဂိုလ် ဖြစ်လိမ့်မယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

အဲဒီလိုမြော်မှန်းခဲ့ရတဲ့ ပုဂ္ဂိုလ်ဖြစ်အောင် ဘာလုပ်ရမလဲ၊ ဝိရိယ သမ္ဗောဇ္ဈင် ပွားရမယ်၊ အဲဒီလို ဝိရိယသမ္ဗောဇ္ဈင်ပွားရင် မြော်မှန်းချက်ကို ဖြည့်ပေးသူ ဖြစ်တယ်။

## အယျမိတ္တမထေရ်ဝတ္ထု

ကောဝိယ= အဘယ်ပုဂ္ဂိုလ်ကဲ့သို့နည်း ဟူမူကား၊

အယျမိတ္တထေရဿဝိယ= အယျမိတ္တ မထေရ်ကဲ့သို့ ပြည်သူ့ဆွမ်းကို ပူဇော်နည်း ဖြစ်ပါသတည်း။

"သာဓု– သာဓု– သာဓုပါဘုရား"

အဲဒီဝိရိယသမ္ဗောဇ္ဈင်ပွားတာနဲ့ဆက်ပြီး အယျမိတ္တ မထေရ်ကို နမူနာ ယူပြီးတော့ ကြိုးစားအားထုတ်သင့်ပါတယ်။

ထေရော ကိရ ကဿက လေဏနာမ ပဋိဝသတိ၊ တဿစ ဂေါစရဂါမေ ဧကာ မဟာ ဉပါသိကာ ထေရံ ပုတ္တံ ကတွာ ပဋိဇဂ္ဂတိ။

ကိရ– တစ်ဆင့်စကား ကြားဖူးသည်ကား၊ ထေရော– အယျမိတ္တ မထေရ်သည်၊ ကဿကလေဏနာမ– ကဿကာလိုဏ်၌၊ ပဋိဝသတိ– သီတင်းသုံး နေတော်မူ၏၊ တဿ– ထိုအယျမိတ္တမထေရ်၏၊ ဂေါစရဂါမေ– ဆွမ်းခံရွာ၌၊ ဧကာ– တစ်ယောက်သော၊ မဟာဉပါသိကာ– ရတနာသုံးရပ်ကို ခစားဆည်းကပ် ကျင့်ဝတ်မြတ်ကို ပြတတ်သောဉပါသိကာမကြီးသည်၊ ထေရံ– မထေရ်ကို၊ ပုတ္တံကတွာ–သားအဖြစ်ပြု၍၊ ပဋိဇဂ္ဂတိ–ပြုစုလုပ်ကျွေး လှူဒါန်း နေ၏။

အဲဒီအယျမိတ္တမထေရ် ဆွမ်းခံကြွတဲ့ ရွာက အဲဒီရွာက ဒကာမကြီး တစ်ယောက်က အယျမိတ္တမထေရ်ကို သားအဖြစ်ပမာ မေတ္တာထားပြီးတော့

သံယောဇဉ်ကပ်ပြီးတော့ လှူဒါန်းပြုစုပြီးတော့ နေပါတယ်၊ အဲဒီလို ပြုစု လှူဒါန်းပြီးတော့နေတဲ့ ဒါယိကာမကြီးတစ်ယောက် ရှိတယ်။

## ဒါယိကာမကြီး၏ အမှာစကား

သာ ကေဒိဝသံ အရညံ ဂစ္ဆန္တီ ဓိတရံ အာဟ "အမ္မ အသုကသ္မိံ ဌာနေ ပုရာဏတဏ္ဍုလာ၊ အသုကသ္မိံ ခိရံ အသုကသ္မိံ ဖာဏိတံ၊ တဝ ဘာတိကဿ အယျမိတ္တဿ အာဂတကာလေ ဘတ္တံ ပစိတွာ ခိရသပ္ပိဖာဏိတေဟိ သဒ္ဓိံ ဒေဟိ၊ တွဥ္စ ဘုဥ္ဇေယျာသိ။

သာ– ထိုဒါယိကာမကြီးသည်၊ ကေဒိဝသံ– တစ်နေ့သ၌၊ အရညံ– တောကို၊ ဂစ္ဆန္တီ–သွားလိုလတ်သည် ရှိသော်၊ ဓိတရံ–သမီးကို၊ အာဟ– ပြောဆိုလေပြီ၊ကိံ အာဟ–အဘယ်ကဲ့သို့ ပြောဆိုလေသနည်း၊ အမ္မ–ချစ်သမီး၊ အသုက သ္မိံ ဌာနေ–ဤအရပ်၌၊ ပုရာဏတဏ္ဍုလံ–ဆန်ကောင်းသည်၊ အတ္ထိ– ရှိ၏။ အသုကသ္မိံ– ဤအရပ်၌၊ သပ္ပိ– ထောပတ်သည်၊ အတ္ထိ– ရှိ၏။

အသုကသ္မိံ–ဤအရပ်၌၊ ခိရံ– နို့သည် နွားနို့သည်၊ အတ္ထိ– ရှိ၏။ အသုကသ္မိံ–ဤအရပ်၌၊ ဖာဏိတံ–တင်လဲသည်၊ အတ္ထိ–ရှိ၏။ တဝ– သင်၏၊ ဘာတိကဿ– အစ်ကိုတော်ဖြစ်သော၊ အယျမိတ္တဿ– အယျမိတ္တ မထေရ်၏၊ အာဂတကာလေ–လာသောအခါ၌၊ ဘတ္တံ– ထမင်းကို၊ ပစိတွာ– ချက်၍၊ခိရသပ္ပိဖာဏိတေဟိ–နို့ရည်ထောပတ် တင်လဲတို့နှင့်၊ သဒ္ဓိံ– တကွ၊ ဒေဟိ–ပေးလှူလိုက်ပါတော့လော့၊ တွံစ–သင်သည်လည်း၊ သေသကံ– အကြွင်း ကို၊ ဘုဥ္ဇေယျာသိ– စားပါလော့လေ။

တောသွားခါနီး အဲဒီဥပါသိကာအမျိုးသမီးကြီးက သူ့ရဲ့သမီး ကလေး ကို မှာနေတာ၊ သမီးရေ–အမေတော့ သွားတော့မယ်နော်၊ ညည်းမောင်၊ ညည်း အစ်ကိုတော်ဖြစ်တဲ့ အယျမိတ္တမထေရ် တော်တော်ကြာရင် ဆွမ်းခံကြွလာ တော့မယ်၊ အဲဒီလို ဆွမ်းခံကြွလာပြီဆိုရင် ဟောဒီနားမှာ ဆန်ဟောင်းတွေ ရှိတယ်၊ ဆန်ဟောင်းဆိုတာ ဆန်သစ်ထက် ကောင်းတာပေါ့၊ အကောင်းစား ဆန်ဟောင်းတွေ ရှိတယ်။

ဟိုနားမှာ ထောပတ်တွေ ရှိတယ်၊ ဟိုနားမှာ နို့ရည်ရှိတယ်၊ နွားနို့ရှိ တယ်၊ ဟောဟိုနားမှာက တင်လဲတွေ ရှိတယ်၊ ညည်းထမင်း မြန်မြန်ကျက်အောင်

အချိန်မီ ချက်ပြီးတော့ ညည်းမောင်တော် ဆွမ်းခံကြွလာရင် အဲဒီ ထောပတ်၊ ပျားတင်လဲ နို့ရည်နဲ့ အတူတကွ မွှန်မြတ်တဲ့ ကောင်းမြတ်တဲ့ ဆွမ်းတွေကို ချက်ပြီးတော့ လောင်းလှူလိုက်ပါအေ၊ လောင်းပြီးတော့ သမီးလဲ စားပေါ့-တဲ့၊ အမေက မှာခဲ့တယ်၊ ဘယ်သူက မှာနေတာတုံး။

"အမေကပါဘုရား"

အဟံ ပန ဟိယျော ပက္ကပါရိဝါသိကဘတ္တံ ကဋ္ဌယေန ဘုတ္တာမှိတိ။

အဟံပန- ငါသည်ကား၊ ဟိယျော- ယမန်နေ့က၊ ပက္ကပါရိဝါသိက ဘတ္တံ-ချက်အပ်ပြီးသော တစ်နေ့ပတ်လုံး တည်စေပြီးသော ထမင်းကို၊ ဟိယျော ပက္ကပါရိဝါ သိကဘတ္တံ- မနေ့ကကျန်တဲ့ ထမင်းကြမ်းကို၊ ကဋ္ဌယေန- ပုန်း ရည်နှင့်တကွ၊ ဘုတ္တာမှိ- စားပြီးပြီ။

ငါ့အတွက်တော့အေ မနေ့က ကျန်တဲ့ ထမင်းကြမ်းနဲ့ ပုန်းရည်ချဉ် ကလေးနဲ့ အခု ငါစားသွားပြီနော်၊ ငါ့အတွက်တော့ မပူနဲ့တော့။ ငါစားပြီးပြီ။

ဒိဝါ ကိံ ဘုဥ္ဇိဿသိ အမ္မ။

အမ္မ- အိုမိခင်၊ ဒိဝါ- နေ့အခါ၌၊ ကိံဘုဥ္ဇိဿသိ-ဘာကိုစားမလဲ။

သမီးက ပြန်မေးတယ်၊ အမေ မနက်က ထမင်းကြမ်းခဲနဲ့ ပုန်းရည် စားသွားတာတော့ ဟုတ်ပါပြီ၊ နေ့ကျတော့ အမေ ဘာစားမှာတုံး၊ အဲလိုဆိုတော့။

သာကပဏ္ဏံ ပက္ခိပိတွာ ကဏတဏ္ဍုလေဟိ အမ္ဗိလယာဂုံ ပစိတွာ ဌပေဟိ အမ္မာတိ။

သာကပဏ္ဏံ- သစ်ရွက်ကို၊ ပက္ခိပိတွာ- ထည့်၍၊ ကဏတဏ္ဍုလေဟိ- ဆန်ကွဲတို့ဖြင့်၊ အမ္ဗိလယာဂုံ- ချဉ်သော ဖျုံးစပ် ယာဂုကို၊ ပစိတွာ- ကျို၍၊ ဌပေဟိ- ထားလိုက်လော့။

ငါ့အတွက်တော့ ပြန်ရင် ငါစားဖို့ နေ့စာတော့အေ ဆန်ကွဲရယ်၊ ဟင်းရွက်ကလေးရယ် ရောစပ်ပြီးတော့ ပုန်းရည်နဲ့ ကျိုပြီး ထားလိုက်ပါ၊ အဲဒါ ငါအပြန်ကျရင် စားမယ်လို့ အမေဖြစ်တဲ့လူက သမီးလေးကို မှာခဲ့တယ်၊ ဘယ်သူ့ကို မှာခဲ့တာလဲ။

"သမီးလေးကိုပါ ဘုရား"

## အယျမိတ္တ ကြားရပြီး ဆင်ခြင်မိ

ထေရော စိဝရံ ပါရုပိတွာ ပတ္တံ နီဟရန္တော၁၀ တံ သဒ္ဒံ သုတွာ အတ္တာနံ ဩဝဒိ မဟာဥပါသိကာ ကိရ ကဋ္ဌိယေန ပါရိဝါသိကဘတ္တံဘုဉ္ဇိ၊ ဒိဝါပိကဏ ပဏ္ဏမ္ဗိလယာဂုံ ဘုဉ္ဇိဿတိ၊ တုယှံ အတ္ထာယ ပန ပုရာဏ တဏ္ဍုလာ ဒိနိ အာစိက္ခတိ၊ တံ နိဿာယ ခေါပနေသာ နေဝ ခေတ္တံ နဝတ္ထုံ နဘတ္တံ နဝတ္ထံ ပစ္စာသီသတိ၊ တိဿော ပနသမ္ပတ္တိယော ပတ္ထယမာနာ ဒေတိ၊ တွံ ဧတိဿာ တာ သမ္ပတ္တိယော ဒါတုံ သက္ခိဿသိ၊ နသက္ခိဿသီတိ။

ထေရော– အယျမိတ္တမထေရ်သည်၊ စီဝရံ– သင်္ကန်းကို၊ ပါရုပိတွာ– ရုံ၍၊ ပတ္တံ– သပိတ်ကို၊ နီဟရန္တော– အိတ်မှ ထုတ်စဉ်သာလျှင်၊ တံသဒ္ဒံ– ထိုဒါယိကာမကြီး ပြောဆိုသောအသံကို၊ သုတွာ– ကြားရ၍၊ အတ္တာနံ– မိမိကိုယ်ကို၊ ဩဝဒိ– ဆုံးမလေပြီ။

ဆွမ်းခံဖို့ အိမ်အနီး ရောက်နေတဲ့ အယျမိတ္တ မထေရ်၊ သပိတ်အိတ်ထဲမှ သပိတ်ထုတ်ပြီးတော့ မတ်တတ်ရပ်နေတုန်း အမေက သမီးကို မှာနေတဲ့စကားတွေကို သဲ့သဲ့ ကြားနေတယ်၊ စိုက်နားထောင်နေတယ်။

မဟာ ဥပါသိကာ– ဥပါသိကာမကြီးသည်၊ ကဋ္ဌိယေန– ပုန်းရည်ချဉ်ဖြင့်၊ ပါရိဝါသိကဘတ္တံ– သိုးလေပြီးသော ထမင်းကို၊ ဘုဉ္ဇိကိရ– စားသွားသတဲ့၊ ဒိဝါပိ–နေ့အဖို့၌လည်း၊ ကဏပဏ္ဏမ္ဗိလယာဂုံ–ဟင်းရွက်ရေ စသော ယာဂုချဉ်ကို၊ဘုဉ္ဇိဿတိ–စားဦးမည်တဲ့၊တုယှံ–သင်၏၊အတ္ထာယပန– အကျိုးအတွက်မူကား၊ တုယှံ– အတ္ထာယပန– သင့်အတွက်မှာမူကား၊ ပုရာဏ တဏ္ဍုလာဒိနိ– အကောင်းစားဖြစ်တဲ့ဆန်ကောင်းတို့ကို၊ အာစိက္ခတိ–ပြောကြားနေ၏။ တံ– သင့်ကို၊ နိဿာယ– မှီ၍၊ ဧသာ– ဤဒါယိကာမကြီးသည်၊ ခေတ္တံ–လယ်ကို၊ နပစ္စာသီသတိ–တောင့်တသည်မဟုတ်၊ဝတ္ထုံ–ယာကို၊နပစ္စာသီသတိ–တောင့်တသည် မဟုတ်၊၊ ဘတ္တံ–ထမင်းကို၊ နပစ္စာ သီသတိ– တောင့်တသည် မဟုတ်၊ ဝတ္ထံ–အဝတ်အစားကို၊ နပစ္စာသီသတိ–တောင့်တသည် မဟုတ်၊ပန– စင်စစ်သော်ကား၊ တိဿော–သုံးမျိုးကုန်သော၊ သမ္ပတ္တိယော–လူနတ်နိဗ္ဗာန် ချမ်းသာတို့ကို၊ ပတ္ထယမာနာ–တောင့်တသည်ဖြစ်၍၊ ဒေတိ– လှူ၏၊ တွံ– သင်သည်၊ ဧတိဿာ– ထိုဒါယိကာမကြီးအား၊ တာသမ္ပတ္တိယော– ထိုလူနတ်နိဗ္ဗာန်ချမ်းသာ

တို့ကို၊ ဒါတဲ့–ပေးခြင်းမှာ၊ သက္ကိသသိ–စွမ်းနိုင်လတဲ့လော၊ နသက္ကိသသိ–မစွမ်းနိုင်ဘူးလော၊ ဣတိ–ဤသို့၊ အတ္တာနံ– မိမိကိုယ်ကို၊ ပုစ္ဆိတွာ– မေး၍၊ ဩဝဒိ– ဆုံးမနေလေပြီ။

အမောင်အယျမိတ္တ၊ အခုဆွမ်းခံမယ်လို့ ဒီနား ရပ်နေတုန်း သင်ကြားလိုက်ရတယ် မဟုတ်လား၊ ဒကာမကြီး ပြောနေတဲ့ စကားထဲမှာ သူ့အတွက်တော့ ပုန်းရည်ချဉ်ကလေးနဲ့ ထမင်းကြမ်းကို စားသွားတယ်၊ နေ့ထမင်းလည်းပဲ ဟင်းရွက်ကလေးနဲ့ ပုန်းရည်ချဉ်နဲ့၊ ဆန်ကွဲနဲ့ ကျိုထားတဲ့ ဘာခေါ်ပါလိမ့်၊ တာလပေါ်ဟင်း ထမင်းလို့ ခေါ်ရမလား မသိပါဘူး၊ အဲဒီလို ကျိုထားတဲ့ ထမင်းကို သူစားမယ်တဲ့၊ သင့်အတွက်ကျတော့ ကြည့်စမ်းပါဦး၊ ဆန်ဟောင်း ဆန်ကောင်းတွေကို ဆီဦးထောပတ် ပျားတင်လဲတွေနဲ့ ရောနှောပြီးတော့မှ လောင်းလှူဖို့ရာ ပြောကြားနေတယ်။

အဲဒီ ဒကာမကြီး အဲဒီလို သူတော့ ညံ့ညံ့စားပြီးတော့ သင့်အတွက်တော့ ကောင်းကောင်းတွေ လှူဖို့ စဉ်းစားပြီးတော့ နေတာဟာ သင့်ကို အမှီပြုပြီးတော့ လယ်တွေ၊ မြေတွေ၊ ယာတွေ၊ ရည်ရွယ်တောင့်တပြီးတော့ ဒီလို လှူဒါန်းနေတာ မဟုတ်၊ သင့်ကို အမှီပြုပြီးတော့ ထမင်းတွေ စားရလိမ့်မယ်၊ သင့်ကို အမှီပြုပြီးတော့ အဝတ်အစားကောင်းတွေ ဝတ်ရလိမ့်မယ်လို့ မျှော်မှန်း တောင့်တပြီးတော့ ဒီလို မွန်မွန်မြတ်မြတ်တွေ လှူဒါန်းနေတာ မဟုတ်။

အမောင်အယျမိတ္တ တကယ်စင်စစ်ကတော့ ဒီဒကာမကြီးဟာ သင့်ကို ဒီလိုမျိုး လှူဒါန်းပြီးတော့ လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာတွေကို ရလိမ့်မယ်လို့ မြော်လင့်တောင့်တချက်နဲ့ လှူဒါန်းနေတာ ဖြစ်တယ်။ အဲဒီတော့ ဟုတ်ပြီ၊ ကဲ မင်းကတော့ သူမြော်မှန်းတဲ့အတိုင်း လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သော ချမ်းသာကို ပေးနိုင်အောင် မင်းသန္တာန်မှာ သီလ၊ သမာဓိ၊ ပညာတွေ ပြည့်ဝပြီလား၊ သူ့အကျိုးကို တုံ့ပြန်နိုင်လောက်ပြီလား၊ မတုံ့ပြန်နိုင် သေးဘူးလား၊ မင်း စဉ်းစားဖို့ သင့်တယ်လို့ သူ့ကိုယ်သူ ဆုံးမနေတယ်၊ ကောင်းလိုက်တာ၊ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

"အယံ ခေါ ပန ပိဏ္ဍပါတော တယာ သရာဂေန သဒေါသေန သမောဟေန နသက္ကာ ဂဏှိတုံ" န္တိ ပတ္တံ ထဝိကာယ ပက္ခိပိတွာ ဂဏ္ဌိကံ

မုဋ္ဌိတွာ နိဝတ္တိတွာ ကာဿကလေဏာ မေဝ ဂန္တွာ ပတ္တံ ဟေဋ္ဌာမဉ္စေ ဌပေတွာ စီဝရံ စီဝရဝံသေ ဌပေတွာ "အရဟတ္တံ အပါပုဏိတွာ န နိက္ခမိဿာမိ"တိ ဝီရိယံ အဓိဋ္ဌဟိတွာ နိသီဒိ။

ခေါပန– စင်စစ်သော်ကား၊ အယံပိဏ္ဍပါတော– ဤဒကာမကြီး လှူဒါန်းတဲ့ ဆွမ်းသည်၊ တနည်း– ဤဆွမ်းကို၊ ဖာယာ–သင်သည်၊ သရာဂေန– ရာဂနှင့်တကွ ဖြစ်သည်၊ သဒေါသေန– ဒေါသနှင့်တကွ ဖြစ်သည်၊ သမောဟေန– မောဟနှင့်တကွ ဖြစ်သည်၊ ဟုတွာ– ဖြစ်၍၊ ဂဏိတုံ– ခံယူခြင်းငှာ၊ နသက္ကာ– မတတ်ကောင်း၊၊တနည်း၊ နသက္ကာ ဂဏိတုံ– မခံယူကောင်း။ အခုသင် ဒီဒကာမကြီးရဲ့ စေတနာထားပုံ မွန်မွန်မြတ်မြတ်တွေ လှူဒါန်းပုံကို ထောက်ချင့်သောအားဖြင့် ဒီဒကာမကြီးရဲ့ဆွမ်းကို ရာဂတန်းလန်း၊ ဒေါသတန်းလန်း၊ မောဟတန်းလန်း၊ ရာဂ၊ ဒေါသ၊ မောဟတွေနဲ့ အလှူခံဖို့တော့ မထိုက်တော့ဘူး။

## ရဟန္တာမဖြစ်ရင် ဂူထဲမှ ငါမထွက်တော့ပြီ

ဣတိ– ဤသို့၊ စိန္တယိတွာ– ကြံ၍၊ ပတ္တံ– သပိတ်ကို၊ ထဝိကာယ– သပိတ်အိတ်၌၊ ပက္ခိပိတွာ– ထည့်၍၊ ဂဏ္ဌိကံ– အနားပတ်သီးကို၊ မုဋ္ဌိတွာ– ဖြေပြီး၍၊ နိဝတ္တိတွာ– ကျောင်းဆီကို ပြန်လှည့်ခဲ့၍၊ ကာဿကလေဏာမေဝ– ကာဿကလိုဏ်သို့သာလျှင်၊ ဂန္တွာ– သွား၍၊ ပတ္တံ– သပိတ်ကို၊ ဟေဋ္ဌာမဉ္စေ– ညောင်စောင်းအောက်၌၊ စီဝရံ– သင်္ကန်းကို၊ စီဝရဝံသေ– သင်္ကန်းတန်းဝါး၌၊ ဌပေတွာ–ထားပြီးတော့၊ အရဟတ္တံ–အရဟတ္တမဂ် အရဟတ္တဖိုလ်သို့၊ အပါပုဏိတွာ– မရောက်မချင်း၊ နနိက္ခမိဿာမိ–လိုဏ်မှ မထွက်တော့အံ့၊ ဣတိ– ဤသို့၊ ဝီရိယံ– ဝီရိယသမ္ဗောဇ္ဈင်ကို၊ အဓိဋ္ဌဟိတွာ–ဆောက်တည်၍၊ နိသီဒိ– ထိုင်နေ ရှင်ပြုံးသိတင်းသုံးကာ နှလုံးသွင်း ကြိုးစားအားထုတ်တော်မူပါသတည်း။

"သာဓု– သာဓု– သာဓုပါဘုရား"

အေး– ဒီဒကာမကြီးရဲ့ ဆွမ်းတွေကို ရာဂ၊ ဒေါသ၊ မောဟတန်းလန်းနဲ့ စားသုံးမှုတော့ မသင့်ဘူးလို့ အဲဒီလို နှလုံးသွင်းပြီးတော့ ဆွမ်းခံဖို့ အိမ်ထဲကို အသံပေးပြီး ကြွမဝင်တော့ဘဲနဲ့ သပိတ်အိတ်ထဲကို သပိတ်ပြန်ထည့်၊ အနားပတ်သီးလေးကို ဖြုတ်ပြီးတော့ သင်္ကန်းရုံကို ဖျက်ပြီးတော့ ရွာအပြင်ဘက်ကို

ပြန်ထွက်ပြီးတော့ သူသီတင်းသုံးတဲ့ ကဿကလိုဏ်ကို သွားပြီး၊ သပိတ်ကို ညောင်စောင်း ကုတင်အောက်မှာထားပြီးတော့ သင်္ကန်းကိုလဲ သင်္ကန်းတန်း ပေါ်မှာ လွှမ်းတင်ပြီးတော့ လိုဏ်ကြီးကို တံခါးပိတ်ပြီး ရဟန္တာမဖြစ်သမျှ ငါမထွက်တော့ဘူး ဆိုပြီးတော့ ဓိဋ္ဌာန်ပြီး တရားအားထုတ်တယ်။

## အယျမိတ္တထေရ် ရဟန္တာ ဖြစ်သွားပြီ

ဒီဃရတ္တံ အပ္ပမတ္တော ဟုတွာ နိဝုတ္ထဘိက္ခု ဝိပဿနံ ဝဍ္ဎေတွာ ပုရေဘတ္တမေဝ အရဟတ္တံ ပတွာ ဝိကသမာနမိဝ ပဒုမံ မဟာခီဏာသဝေါ သိတံ ကရောန္တော နိသီဒိ။

ဒီဃရတ္တံ–ရှည်မြင့်စွာသော ကာလပတ်လုံး၊ အပ္ပမတ္တော– မမေ့မလျော့ မပေါ့မဆသော အပ္ပမာဒ– သတိတရားရှိသည်၊ ဟုတွာ– ဖြစ်ခဲ့၍၊ နိဝုတ္ထဘိက္ခု– နေခဲ့သော ရဟန်းသည်၊ ဝိပဿနံ–ဝိပဿနာကို၊ ဝဍ္ဎေတွာ– အဆင့်ဆင့် ပွားစေ၍၊ ပုရေဘတ္တမေဝ– ဆွမ်း၏ ရှေ့အဖို့၌ပင်လျှင် (ဝါ) ဆွမ်းမစားရသေးမီ နံနက်ပိုင်း၌သာလျှင်၊ အရဟတ္တံ–အရဟတ္တဖိုလ်သို့၊ ပတွာ– ရောက်၍၊ ဝိကသမာနံ–ပွင့်သော၊ ပဒုမံဣဝ– ပဒုမ္မာကြာကဲ့သို့၊ မဟာခီဏာသဝေါ– ခိနာသဝအာသဝေါကုန်ခမ်း ရဟန္တာဖြစ်သည်၊ ဟုတွာ–ဖြစ်၍၊သိတံ– ပြုံးရွှင်ခြင်းကို၊ ကရောန္တော– ပြုလျက်၊ နိသီဒိ– နေထိုင်တော်မူလေသတည်း။

"သာဓု– သာဓု– သာဓု"

အဲဒီ မထေရ်ဟာ ကြာမြင့်စွာသော ကာလပတ်လုံး ဝိပဿနာတရားတွေကို ကြိုးစားအားထုတ်လာခဲ့တာ၊အခုဆွမ်းခံခါနီးမှ ကပ်ပြီးတော့ အားထုတ်လိုက်တာတော့ မဟုတ်ဘူး၊ အရင်တုန်းကတည်းက ဝိပဿနာ အားထုတ်ခဲ့တဲ့ အားတွေ ရှိတယ်၊ အလေ့အကျင့်တွေ ရှိတယ်၊ ဒကာမကြီးရဲ့သဒ္ဓါတရားကို ဉာဏ်နဲ့ ကြည့်ပြီးတော့ လေးလေးစားစား အမှတ်စိပ်စိပ် အားထုတ်လာတာ ရဟန္တာဖြစ်တယ်၊ရဟန္တာမဖြစ်ရင် ဒီလိုဏ်ဂူထဲက မထွက်ဘူးလို့ ဇွဲနပဲကြီးကြီး ထားပြီး ရှုမှတ်လိုက်တာ၊ ယောဂီတွေ နံနက်အရုဏ် မုန့်ဟင်းဆွမ်းဘုဉ်းပေးရန် အလှူခံကြွတော်မူပါလို့ အသံကြားတဲ့အခါ အလှူရှင်ရဲ့ဒါနကို အားရကြည်နူးမှု မရှိကြဘူးလား။

"ရှိကြပါတယ်ဘုရား"

ကြည်နူး ဝမ်းသာတာက ကောင်းပါတယ်၊ ဝမ်းသာရမယ့် ကိစ္စကို ဝမ်းသာပြီးတော့ အလှူရှင်တွေ ကျန်းမာကြပါစေ ချမ်းသာကြပါစေလို့ မေတ္တာ ပို့လိုက်ရတယ်။

အလှူရှင်တွေရဲ့ ဆွမ်းကို စားပြီး ရဟန္တာဖြစ်အောင် အားမထုတ်နိုင် ပေမယ့် ရဟန္တာများ အရိယာများ ကျင့်တဲ့ အကျင့်ဖြစ်တဲ့ အမှတ်သတိလေးနဲ့ သုံးဆောင်ရတယ်၊ အမှတ်သတိလေးနဲ့ သုံးဆောင်ခိုက်မှာ ရာဂ အစရှိတဲ့ ကိလေသာတွေ မဖြစ်ပေါ်ဘဲ ကင်းနေတယ်၊ သို့မှသာ လှူဒါန်းသူတို့ရဲ့ရည်ရွယ် ချက်နဲ့ ကိုက်ညီမှာ ဖြစ်တယ်၊ ဟုတ်ရဲ့လား။

တစ်ခါတုန်းက ရထားနဲ့ ခရီးသွားတော့ နတ်ကတော် တစ်ယောက်က ဘုန်းကြီးတို့စီးတဲ့ ထိုင်ခုံနားက ပါလာတယ်၊ နတ်ကတော်တစ်ယောက်က အရှင်ဘုရားတို့ ဘယ်သွားမလို့လဲတဲ့၊ မန္တလေး သွားမလို့ပါ၊ အရှင်ဘုရားတို့လဲ ဒီရာသီ တရားမဟောရဘူး ထင်တယ်၊ တပည့်တော်တို့လဲ မန္တလေးကနေ ပုပ္ပါးလှည့်သွားမလို့၊ တပည့်တော်တို့လဲ နတ်ကတော်လုပ်နေပေမယ့် တရား မဝေးပါဘူးတဲ့၊ (၁၀)ရက်စခန်းတွေ ဘာတွေ ဝင်ဖူးပါတယ်တဲ့၊ ဘယ်မှာ ဝင်ဖူးတုံးလို့ မေးတော့ ဝင်ဖူးတာပေါ့တဲ့၊ ဆက်ရက်စခန်းဝင်တော့ အရှင် ဘုရားတို့က ဘယ်ကတုံး၊ မဟာစည်က၊ မဟာစည်ကတော့ တော်တော် စည်းကမ်းကောင်းတယ်လို့ ပြောတယ်။

တပည့်တော်တို့ တရားအားထုတ်တဲ့နေရာမှာ ဆယ်ရက်စခန်း တရား ထိုင်တော့ အပ်ကျသံတောင် ကြားရမလောက် ငြိမ်ပြီးတော့ ကြည်ညိုဖွယ် ကောင်းလိုက်တာဘုရားတဲ့၊ အင်မတန် ဝမ်းသာစရာပဲ၊ ဒါပေမယ့်လို့ တရား အထိုင် ဖြုတ်ပြီးတော့ ဖျော်ရည် သုံးဆောင်ရအောင် ကြွကြပါလဲဆိုရော ဖန်ခွက်တွေ လုတာ အကုန်လုံးကွဲကုန်လို့ အဲဒီကျတော့မှ အမှတ်က မပါဘူး တဲ့၊ အရှင်ဘုရားတို့ ရိပ်သာကတော့ အမြဲတန်း မှတ်ရတယ်လို့ ကြားတယ်၊ အဲဒီနတ်ကတော်ကတောင်မှ ဘုန်းကြီးတို့ ရိပ်သာကို အဲဒီလို ထင်ထားတာ၊ ဒီယောဂီတွေကတော့ ဖန်ခွက်တွေ လုတဲ့အထိတော့ ဖြစ်မှာ မဟုတ်ပါဘူးနော်၊ အမှတ်ကလေးတော့ နည်းနည်း ကျဲချင်ကျဲသွားမှာပေါ့၊ ဟုတ်လား၊ မကျဲနဲ့ ဟုတ်လား၊ အမှတ်သတိလေး စိပ်စိပ်လေးမှတ်ဖို့ အရေးမကြီးဘူးလား၊ အရေး ကြီးတယ်။

အဲဒီလို အယျမိတ္တမထေရ် ရဟန္တာဖြစ်သွားတဲ့အခါကျတော့ အဲဒီမထေရ်ကြီးသီတင်းသုံးတော်မူတဲ့ လိုဏ်ပေါက်ဝမှာ ရှိပြီးတော့နေတဲ့ ရက္ခစိုးနတ်က တစ်ခါတည်း ဥဒါန်းကျူးတယ်၊ သိပ်ဝမ်းသာစရာ ကောင်းတယ်။

## လိုဏ်ပေါက်ဝက ရက္ခစိုး ဥဒါန်းကျူးပြီ

နမော တေ ပုရိသာဇည၊ နမော တေ ပုရိသုတ္တမ၊
ယဿ တေ အာသဝါ ခီဏာ၊ ဒက္ခိဏေယျောသိ မာရိသာတိ။

ဆိုပြီးတော့ အဲဒီလို ဥဒါန်းကျူးတယ်။

မာရိသာ– ဒုက္ခကင်းကွာ စိတ်ချမ်းသာရသည့် ရဟန္တာသခင် အရှင်မြတ်ဘုရား၊ ယဿတေ– အကြင် အရှင်ဘုရားအား၊ အာသဝါ-အာသဝေါတရားတို့သည်၊ ခီဏာ–ကုန်ပါပြီ၊ သောတွံ– ထိုအရှင်သည်၊ ဒက္ခိဏေယျော–အလှူခံခြင်းကို ထိုက်သည်၊ အသိ– ဖြစ်ပါပေ၏၊ ပုရိသာဇည–ယောကျ်ားအာဇာနည်ပီသတော်မူပေသော အရှင်ဘုရား၊ တေ–အရှင်ဘုရားအား၊ နမော–ရှိခိုးပါ၏၊ ပုရိသုတ္တမ–ယောကျ်ားမြတ်ဖြစ်တော်မူသော အရှင်ဘုရား၊ တေ–အရှင်ဘုရားအား၊ နမော– ရှိခိုးပါ၏။ (ဘာသာဋီကာ အနက်)

အင်မတန်မှ ချီးကျူးဖွယ် ကောင်းလှပါတဲ့ အိုအရှင်မြတ်ဘုရား၊ အင်မတန်မှ အာဇာနည် စိတ်ထားရှိပါတဲ့ အရှင်မြတ်ဘုရားအား တပည့်တော် ရှိခိုးပူဇော် ကန်တော့ပါတယ်ဘုရား၊ အရှင်ဘုရား အာသဝေါကုန်ခန်း ရဟန္တာဖြစ်ပြီးတော့ မြတ်သောအလှူကို ခံတော်မူထိုက်တဲ့ အရှင် ဖြစ်ပါပေတယ်ဘုရားလို့ အဲဒီလို ဥဒါန်းကျူးပြီးတော့ ပူဇော်ပါတယ်၊ ပူဇော်ပြီးတော့ မထေရ်မြတ်ကလည်းပဲ ဆွမ်းခံဆက်ပြီးတော့ သွားပါတယ်၊ တံခါးပေါက် ဖွင့်ကြည့်လိုက်တော့ ဆွမ်းခံချိန် ရှိနေသေးတယ်ဆိုတာ သိတဲ့အတွက်ကြောင့် ဆွမ်းခံသွားတာပါ၊ ဆွမ်းခံသွားတဲ့အခါ ဆွမ်းလောင်းမယ့် အမျိုးသမီးကလေး လဲပဲ အရှင်မြတ်ကြွလာမှာကို မျှော်ပြီးတော့ ဆွမ်းတွေ၊ ဟင်းတွေ အဆင်သင့်ပြင်ပြီးတော့ မြှော်လင့်နေပါတယ်။

အရှင်မြတ် ကြွလာတာကို မြင်လိုက်ကတည်းက ဝမ်းမြောက်ဝမ်းသာနဲ့ ကြည်ကြည်ညိုညိုနဲ့ အရှင်ဘုရားရဲ့သပိတ်ကို ယူပြီးတော့ ဆွမ်းတွေ၊ ဟင်းတွေ၊ အမေမှာထားတဲ့အတိုင်း ဆီဦးထောပတ်၊ ပျားတင်လဲတွေနဲ့ ရောစပ်ပြီးတော့

လောင်းလှူလိုက်တယ်၊ အဲဒီတော့ မထေရ်က"သုခံဟောတု"သုခံ- ချမ်းသာခြင်း သည်၊ ဟောတု- ဖြစ်ပါစေ။

## ယနေ့ ကြည့်ရတာ- အရင်နဲ့ မတူတော့

အဲဒီလို အနုမောဒနာ ပြုပြီးတော့ ပြန်ကြွသွားတယ်၊ အဲဒီလို ပြန် ကြွသွားတဲ့ အခါကျတော့ အဲဒီဆွမ်းလောင်းတဲ့ အမျိုးသမီးလေးဟာ မထေရ်မြတ် ပြန်ကြွသွားတာကိုလဲပဲ မျက်စိတဆုံး လက်အုပ်ကလေးချီရင်း ဖူးမျှော် ကျန် ရစ်တယ်၊ မထေရ်မြတ်ကြီး အလွန် ကြည်ညိုဖွယ်ရာ ဖြစ်ပြီးတော့နေတာ အရေအဆင်းတွေ သန့်ရှင်းပြီးတော့ နေတာတွေကို ကြည့်ပြီးတော့လဲ ကြည်ညိုလို့ မဆုံးနိုင်အောင် ပီတိတွေ ပွားပြီးတော့ နေတယ်၊ မထေရ်မြတ်ကို ကြည့်ရတာ ထန်းလီးမှည့် ကြွေကာစကို အပေါ်ယံ ခွံလေး လှန်လိုက်တဲ့အခါ အညာရင်းက အရောင်လို ဖြစ်နေတယ်တဲ့၊ မထေရ်မြတ်ရဲ့ ရုပ်ဆင်းသဏ္ဌာန်ဟာ ကြည့်ရှုဖွယ် ကျက်သရေ ရှိနေတယ်။

အရင်ကထက် ကျက်သရေရှိနေတဲ့ အယျမိတ္တမထေရ်ကို ကြည့်ပြီး နေတဲ့အခါ ဥပါသိကာမကြီးက တောကပြန်လာတော့ ဘယ့်နှယ်လဲ ချစ်သမီး ဒီနေ့ ညည့်မောင် ဘုန်းကြီး လာရဲ့လား။ "လာပါတယ် အမေရယ်"

မောင်ဘုန်းကြီးကို ကြည့်ရတာ နေ့တိုင်းနဲ့ မတူဘူး၊ အရေအဆင်း တွေကလဲ သန့်ရှင်းပြီးတော့ ဣန္ဒြေကလဲပဲ သိပ်ပြီးတော့ သိမ်မွေ့တယ်၊ ငြိမ်သက်နေတာပဲ၊ ဆွမ်းတွေဘာတွေ လောင်းလှူလိုက်တဲ့အခါ "ချမ်းသာ ပါစေလို့"ဆုပေးပြီး ပြန်ကြွသွားတယ်၊ ဘုန်းကြီးကို ကြည့်ရတာ ဒီနေ့ ခါတိုင်းနဲ့ မတူဘူး၊ ဒီတစ်ခါ အတော့်ကို ကျက်သရေ ရှိတယ်၊ အတော့်ကို ကြည်ညိုဖွယ် ကောင်းတယ်လို့ ဆိုတော့ အဲဒီလိုဆိုရင် ငါ့သားကြီး ကိလေသာ ကုန်ခန်း ရဟန္တာကြီး ဖြစ်သွားပြီ။

ညည့်မောင် ဒီကရွေ့ လူမထွက်တော့ဘူး၊ သာသနာ့ဘောင် ပျော် သွားပြီလို့ အမေကြီးက ပြောတယ်တဲ့၊ အားကျ ကြည်ညိုဖွယ် မကောင်း ဘူးလား၊ အဲဒီလို အယျမိတ္တမထေရ်ကို ပုံစံပြုပြီးတော့ တရား အားထုတ်ဆဲ ရှင်ရဟန်းရော လူတွေရော ယောဂီအားလုံး ဆွမ်းတုံ့ပူဇော် ထမင်းတုံ့ ပူဇော် တဲ့ စိတ်ထားဖြင့် ဝီရိယသမ္မာဈာင်ကို ပွားထိုက်ပါပေတယ်။

သုပြဟ္မသုတ္တန် စုဒ္ဒသမပိုင်း ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားကို နာကြားရတဲ့ ကုသိုလ် စေတနာတို့ကြောင့် ဤတရားတော်လာတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန် ချမ်းသာ ကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွှေကင်းဝေး ဦးမိုးချမ်းအေး တရားတော်

## အပိုင်း(၁၅)

### စကားဦး

ဒီနေ့ရက်စွဲက ကောဇာသက္ကရာဇ်၁၃၅၂–ခုနှစ်၊ ဆောင်းဥတု တန်ဆောင်မုန်း လပြည့်ကျော် ၅–ရက်နေ့ ဖြစ်တယ်။

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်မွှာရုံတွင် မဟာစည်ယောဂီ ရဟန်းရှင်လူများအား ဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန် တရားတော် ပန္နရသမပိုင်း ဖြစ်ပါတယ်။

ယခုတရားပွဲကို ဇယမင်္ဂလာ အောင်ဂါထာဖြင့် ဖွင့်လှစ်ပါမယ်၊ ဒီဂါထာရဲ့ အနက်ကို အနဋ္ဌသာရ မဥ္ဇရီ၊ ကျမ်းပြု အရှင်နာဂသေက ရေးသားထားပါတယ်၊ ဒီဂါထာပါဋ္ဌိ အနက်များကို ဘုန်းကြီးဟောခါစ ငယ်စဉ်ကတည်းက ရွတ်ဖတ်လာခဲ့ပါတယ်။

### ပဏာမ

#### ဇယမင်္ဂလာ အောင်ဂါထာ

ဇယစက္ကော ဇယန္တောယော၊
ဇယိတဗ္ဗေ ဇယာသနေ၊
ဇယာပေသိ ဇယေသိနံ၊
ဇယံ ဒေတု ဇယုတ္တမော။

ယောဇိနော– ငါးရပ်သော မာန်စွယ်ကို လှန်ပယ်ကာ မြစ်တား၍ စစ်သားမကူ တစ်ဆူဥက္ကဋ္ဌ အကြင် ဘုရားရှင် ကိုယ်တော်မြတ်ကြီးသည်၊ ဇယိတဗ္ဗေ– အောင်စည်ကို ဟိန်း၍ အောင်ကိန်းဆင်သလျက် ဘဝင်ဟာဒယ ကြည်နူး အောင်ပန်းခူးရာ ဖြစ်ပေသော၊ ဇယာသနေ– အောင်သဒ္ဒိ ဆင်မြန်းသည့်

ပလ္လင်နန်း မှန်ကင်း ဗောဓိပင်ရင်း၌၊ ဇယစက္ကော– ပါရမီဆယ်ချက် အောင်လက်နက် စက်ခရိုင်ကို အချက်ပိုင်အောင် ကိုင်ဆောင်တော်မူရသည် ဖြစ်ပါ၍၊ ဇယန္တော–မာရ်စစ်သည် ရန်အလုံးကို ချေမှုန်းကာ ပယ်ရှင်း၍ အောင်ခြင်းကြီး အောင်တော်မူခဲ့လေ၏၊ ဇယေသိန်–ဘဝပေါင်း အနန္တ တွင် ကြံဆ၍ မဆုံးဖွယ် မပြုံးမရယ်နိုင်လောင်ခမန်းမို့ အောင်ပန်းကို အာသာ ကြီး၍ ရှာမှီးကာ နေကြကုန်သော သူတို့အား၊ ဇယာပေသိ– ကိုယ်တော် မြတ်နှင့်အတူ အောင်ပန်းကို ဆွတ်ချူ၍ ထွင့်အင့ အမြိုက်ဓာတ်သို့ ဆိုက်ကပ်စေတော်မူလေပြီ၊ ဇယုတ္တမော–အောင်သူတကာတို့၏မှန်ကင်း အောင်ခြင်းတကာတို့၏ ဥသျှောင် ထွင့်ခေါင်သရဖူ သယမ္ဘူ မကိုဋ်ထီး အောင်ပွဲဝင် ပုဂ္ဂိုလ်ကြီး ဖြစ်တော်မူပေသော၊ သောဇိနော၊ အောင်သိဒ္ဓိ ပလ္လင်နန်း၌ ဆင်မြန်းပန်ဆင်မာရ်နှင်ဟန့်တား ထိုရှင်တော်မြတ်ဘုရားသည်၊ မေ– ဘဝတိုင်း အရှုံးပေး၍ နှလုံး သွေးဆူလောင် အပူကောင်အပူရပ် အကျွန်ုပ်အား၊ ဇယံ– ကြောက်သွေးမတွန့် ရဲဝံ့စေကြောင်း ဆေးကောင်း တရထည် ထူးလည်ကြိုင်လှိုင် အောင်သိဒ္ဓိ မြတ်ပန်းခိုင်ကို၊ ဒေတု–အရှင်ဘုရားတပည့်သားကို သနားသမှု ကိုယ်တိုင်ရှု၍ ယခုမကြာ ပေးတော်မူပါ အရှင်ဘုရား။

"သာဓု၊ သာဓု၊ သာဓု"

ဇတေန သစ္စ ဝဇ္ဇေန– အစစ်အမှန် မြတ်စွာဘုရား၏ ထူးခြားသော ဂုဏ်ပုဒ်ကို ထုတ်ဆိုခါ မွက်ဟလျက် အချက်ကျ အကြောင်းစပ်အောင် ကောင်းမြတ်စွာ ဆိုရသော ဤသစ္စာစကားကြောင့်၊ ဇယကာမာန်– ကိလေသာ စစ်ပွဲမှာ တစ်စွဲကာ အောင်ဇေယျတုနှင့် အောင်ဆုကို လိုလားကြကုန်သော သင်တရားနာပရိတ်အပေါင်း သူတော်ကောင်းတို့၏၊ အဇ္ဈတ္တိက ဗာဟိရေသု– ကိုယ်တွင်းကိုယ်ပ ဥာနနှစ်သွင် ထက်ဝန်းကျင်တို့၌၊ သဗ္ဗန္တ ရာယာ– အလုံးစုံသော အန္တရာယ် ရန်စွယ်ရန်ငြောင့် အမှောင့်ပယောဂရှိသမျှတို့သည်၊ ဝိနာသန္တု–ပိန်းကြာဖွေပြင် ရေမတင်သတဲ့သို့ ကင်းစင်ကာ တန်ခိုးဝေလျက် ချမ်းသာမိုးစွေကြပါစေသတည်း။ "သာဓု၊ သာဓု၊ သာဓု"

## ဝီရိယသမ္ဘောဇ္ဈင်ဖြစ်ကြောင်းတရား

အနဂ္ဃမဥ္ဇရီကျွမ်းထွက်ဖြစ်တဲ့ ဇယမင်္ဂလာ အောင်ဂါထာဖြင့် တရားပွဲဖွင့်လှစ်ကာ အာသီသပတ္ထနာ ပြုပြီးတော့ သုဗြဟ္မသုတ္တန်တရားကို ဆက်လက်ဟောကြားကြပါစို့။

မြတ်စွာဘုရားရှင် သာဝတ္ထိပြည်မှန် ဇေတဝန်ကျောင်းတွင် ကိန်းအောင်း မွေ့လျော် နေတော်မူစဉ်က သုပြဗ္ဗာနတ်သားက ဘုရားထံ လာပြီးတော့ သူမှာဖြစ်ပြီး ဖြစ်လတ့်သော ဘေးဒုက္ခနစ်မျိုးကြောင့် စိတ်များချောက်ချားကြောက်ရွံ့နေပါသဖြင့် ကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်း တရားကို ဟောကြားတော်မူပါ ဘုရားလို့ လျှောက်ထားတယ်။

ဒီအခါ မြတ်စွာဘုရားက "ဗောဇ္ဈင် ခုနစ်ပါးကို ကြဉ်ဖယ်ရှောင်ရှားပြီး၊ သတ္တဝါများရဲ့ချမ်းသာကြောင်းကို မမြင်ပါ၊ ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းရေးကို လိုလားသူတိုင်း ဗောဇ္ဈင်တရားကို ကျင့်ပွားပါလို့ ဖြေကြားတော်မူပါတယ်။

ဤကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်း ဗောဇ္ဈင်ခုနစ်ပါးထဲက ယနေ့ဟောရမည့် ဗောဇ္ဈင်က ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ပါတယ်။

"ဆွမ်းကျိုးတုံ့ပြန်၊ မြတ်မွေခံ၊ ရှုရန်မြတ်ဆရာ" ဆိုတဲ့ အခန်းကဏ္ဍရောက်သွားပြီ။ ဆွမ်းကျိုးတုံ့ပြန်ဖို့နဲ့ ပတ်သက်ပြီးတော့ ဝတ္ထုကြောင်းတစ်ခုလဲပဲ ဟောခဲ့ပါပြီ၊ အခု ဆက်ပြီးတော့ ဆင်ခြင်စရာ၊ ဝီရိယသဗောဇ္ဈင် ပွားစရာတွေနဲ့ ဆက်ပြီးတော့ အဋ္ဌကထာ ဖွင့်ပြချက်တွေကို ဟောဖို့ပါပဲ။

မဟန္တံ ခေါ ပနေတံ သတ္ထု ဒါယဇ္ဇံ ယဒိဒံ သတ္တ အရိယာဓနာနိနာမ၊ တံ နသက္ကာ ကုသိတေန ဂဟေတုံ။

ပန–အဖို့တစ်ပါးကို ဆိုဦးအံ့၊ ယဒိဒံ(ယာနိ+ဣမာနိသတ္တ) အရိယာဓနာနိနာမ–ဤ အရိယဥစ္စာ (၇)ဖြာတို့သည်။ သန္တိ– ရှိကုန်၏၊ ဧတံ–ဤအရိယဥစ္စာ (၇)ဖြာသည်၊ မဟန္တံ– ကြီးကျယ် မြင့်မြတ်သော၊ သတ္ထုဒါယဇ္ဇံ–ဆရာဖြစ်တော်မူသော မြတ်စွာဘုရား၏ အမွေတော်တည်း၊ တံ– ထိုအရိယဥစ္စာ (၇)ဖြာသော အမွေတော်ကို၊ ကုသိတေန– ပျင်းရိသောသူသည်၊ ဂဟေတုံ–ယူခြင်းငှာ၊ နသက္ကာ– မတတ်ကောင်း၊ အဲဒီလို ဆင်ခြင်ပေးရပါမယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ကာလပတ်လုံး ပါရမီတွေ ဖြည့်ကျင့်ပြီးတော့ ဘုရားအဖြစ် ရောက်တော်မူတဲ့အခါမှာ (၄၅)ဝါ ကာလပတ်လုံး သတ္တဝါ ဝေနေယျအများ ချမ်းသာပွားဖို့ရာ အတွက် ဆင်းရဲက လွတ်ဖို့ရာအတွက် ဟောခဲ့တဲ့ တရားတွေ များစွာရှိတယ်၊ အဲဒီ တရားတော်တွေကို (၇)ဖို့ (၇)စု ပြုလိုက်မယ်ဆိုရင်ဖြင့် အရိယဥစ္စာ

(၇)ဖြာလို့ ဆိုတာ ဖြစ်သွားတယ်၊ အရိယဥစ္စာ (၇)ဖြာဆိုတာ ဘာတွေလဲ ဆိုရင် သဒ္ဓါ၊သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်း ဥစ္စာ (၇)ဖြာတွေ ဖြစ်တယ်။

## သဒ္ဓါ

ရတနာသုံးပါးကို ကြည်ညိုမှု ယုံကြည်မှုကိုတော့ သဒ္ဓါတရားလို့ ခေါ်တယ်၊ မြတ်စွာဘုရား ပွင့်တော်မူတယ်၊ အဲဒီ မြတ်စွာဘုရားဟာ အရဟံ အစရှိတဲ့ ဂုဏ်တော်ကိုးပါးနဲ့ အနန္တဂုဏ်တော်တွေနဲ့ ပြည့်စုံတဲ့ ဘုရား၊ အဲဒီလိုဆိုပြီး ယုံကြည်တဲ့ သဒ္ဓါ။

ဘုရားရှင် ဟောကြားတော်မူခဲ့တဲ့ တရားတွေဟာ သွာက္ခာတအစရှိတဲ့ ဂုဏ်တော်ခြောက်ပါးနဲ့ ပြည့်စုံတဲ့ တရား။

၁။ ကြားနာရုံပင် အပူစင်တဲ့တရား၊

၂။ ကိုယ်တိုင်ကျင့်ရင် ကိုယ်တွေ့ မြင်နိုင်တဲ့ တရား၊

၃။ အချိန်မဖင့် ခုရှု ခုငြိမ်းတဲ့တရား၊

၄။ လာပါ- ကျင့်ကြည့်စမ်းပါဟု ဖိတ်ခေါ်ထိုက်တဲ့ တရား၊

၅။ ကိုယ်ထဲ စိတ်ထဲ ဆောင်ထားထိုက်တဲ့တရား၊

၆။ ပညာရှိသူများသာ ကိုယ်စီသိမြင်ခံစားရတဲ့တရား၊

ဒီလောက် ကောင်းမြတ်တဲ့ တရားကို ကိုယ်ကြိုးစား အားထုတ် သိမြင်လာရင် မိမိနဲ့ ခင်မင်တဲ့ မိသားစု မိတ်ဆွေသင်္ဂဟတွေကို လာပြီးတော့ အားထုတ်ကြည့်စမ်း၊ လာပြီးတော့နာကြားကြည့်စမ်း၊ သိပ်ကောင်းတဲ့ တရား ပဲလို့ ဖိတ်ခေါ်ထိုက်တဲ့ တရား၊ ပုဆိုးဥဩျောင်မီးစွဲလောင်သော်လဲပဲ မငြိမ်း အားသေးဘဲနဲ့ ကိုယ်ထဲစိတ်ထဲနှလုံးထဲကို တရားအရင်ရောက်အောင် ကျင့်သုံး ထိုက်တဲ့တရား၊ ကိုယ်ဝတ်နေတဲ့ ပုဆိုး၊ ထဘီ၊ ကိုယ်ပေါင်းထားတဲ့ခေါင်းပေါင်း- မီးလောင်ရင် ငြိမ်းသတ်ဖို့ အရေးမကြီးဘူးလား။

"ကြီးပါတယ်ဘုရား"

စိတ်နှလုံးထဲကို တရားအရင်ရောက်အောင် အားထုတ်ဖို့ရာက ပိုပြီး အရေးကြီးတယ်၊ အဲသလောက်ကို သိရမှာ။

ဒီတရားဟာ တရား မြင်သိ ပညာရှိ အရိယာတွေသာ ကိုယ့်တရားနှင့် ကိုယ် အသီးသီး သိမြင်ခံစားရတဲ့ တရားလို့ အဲဒီလို တရားတော်တွေရဲ့ ဂုဏ်တော်တွေကိုလဲပဲ ယုံကြည်ပြီးတော့ သိတဲ့ "သဒ္ဓါတရား"

သံဃာအကြောင်း ဂုဏ်(၄)ပါး၊ အကျိုးဂုဏ်(၅)ပါး၊ ပေါင်း ဂုဏ်တော် (၉)ပါးနဲ့ ပြည့်စုံတဲ့ သံဃာတော်တွေ။

လောဘ၊ ဒေါသ၊ မောဟ ကင်းကြောင်း သီလ၊ သမာဓိ၊ ပညာ အကျင့်ကောင်းတွေကို ကျင့်နေတဲ့ သံဃာတော်။

ကိုယ်နှုတ်စိတ်ထား အကောက်သုံးပါးကင်းရန် ဖြောင့်မှန်စွာ ကျင့်တဲ့ သံဃာတော်။

နိဗ္ဗာန်အလို့ငှာ လေးလေးစားစား ရိုရိုသေသေ ကျင့်နေတဲ့ သံဃာ၊ လူတွေက လှူဒါန်းမှု၊ ပူဇော်မှု၊ ပြုစုမှုတွေနဲ့ ထိုက်တန်အောင် ကျေးဇူးတုံ့ပေးနိုင်အောင် ကျင့်ပြီးတော့ နေတဲ့ သံဃာတော်။

အဲဒါကြောင့် ဒီသံဃာတွေဟာ နတ်ပြည်က ပစ္စည်းအဖြာဖြာ၊ နိုင်ငံခြားပစ္စည်းဆိုတဲ့ အဝေးပစ္စည်းတွေနဲ့လဲ ပူဇော်ထိုက်တဲ့ သံဃာ၊ ချစ်မြတ်နိုးတဲ့ ဧည့်သည်တွေအတွက် ပြုပြင်ထားတဲ့ ဧည့်ခံပွဲ၊ ပါတီပွဲတွေက စားကောင်းသောက်ဖွယ်တွေနဲ့လဲပဲ ကျွေးမွေး ပြုစုထိုက်တဲ့ သံဃာတော်၊ နောင်တမလွန်အကျိုးကို မျှော်ကိုးပြီး ကောင်းကျိုးချမ်းသာရလိမ့်မယ်လို့ ယုံကြည် ရည်ရွယ်ပြီးတော့ လှူဒါန်းထိုက်တဲ့ သံဃာတော်။

ကောင်းကျိုး ချမ်းသာ မုန်စွာ ရလိမ့်မယ်လို့ ယုံကြည် မျှော်ကိုးလျက် လက်အုပ်မိုး၍ ရှိခိုးထိုက်တဲ့ သံဃာတော်။

ကောင်းမှုမျိုးစေ့ စိုက်ပျိုးဖို့ရာလည်း မြေကောင်း- လယ်မြေဖြစ်တဲ့ သံဃာတော်တွေလို့ သံဃာ့ဂုဏ်ကိုးပါး သိပြီးတော့လဲပဲ မကြည်ညိုရဘူးလား။

"ကြည်ညိုရပါတယ်ဘုရား"

မယုံကြည်ရဘူးလား။

"ယုံကြည်ရပါတယ်ဘုရား"

အဲဒီလို ဘုရားဂုဏ်၊ တရားဂုဏ်၊ သံဃာ့ဂုဏ်တွေကို အာရုံပြုသိမြင်ပြီး ကြည်ညိုတဲ့ တရားကို ဘာခေါ်တယ်- သဒ္ဓါ။

## သီလ

ကိုယ်နဲ့ နှုတ်ကို ထိန်းချုပ်ပြီး စောင့်သုံးတဲ့ အကျင့်ကိုတော့ သီလ၊ လူတွေမှာ ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ရှင်သာမဏေတွေမှာ ဆယ်ပါးသီလနဲ့ (၇၅)ပါးသော သိက္ခာပုဒ်တွေနဲ့ ရဟန်းတော်တွေမှာ (၂၂၇)သွယ် သော သီလ၊ အဲဒီသီလတွေဟာ အကျဉ်းချုပ်လိုက်ရင် အဲဒီသီလတွေရဲ့လိုရင်း ကျင့်သုံးစရာက ဘာလဲ၊ ကိုယ်နဲ့နှုတ်မှ ဒုစရိုက် မလွန်ကျူးအောင် ကျင့်ရတဲ့ အကျင့်၊ ဒါဘာတဲ့တုံး၊ သီလ၊ မှန်ရဲ့လား။ “မှန်ပါတယ် ဘုရား”

## သုတ

သုတ– သုတဆိုတာကတော့ဖြင့် မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး (၄၅)ဝါ ကာလပတ်လုံး မနေမနား ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူတဲ့ ပိဋကတ်သုံးသွယ်၊ နိကာယ်ငါးဖြာ၊ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တွေကို သင်အံ လေ့ကျက် ဆောင်ရွက် ကြားနာခြင်းဆိုတဲ့ သုတ၊ သင်ယူခြင်းဆိုတဲ့ သုတ၊ အဲဒီ သုတတွေကို အကျဉ်းချုံးလိုက်ပြန်ပြီဆိုလို့ရှိရင် ဗောဓိပက္ခိယတရား (၃၇)ပါးပါပဲ၊ သတိပဋ္ဌာန်(၄)ပါး၊ သမ္မပ္ပဓာန် (၄)ပါး၊ ဣဒ္ဓိပါဒ်(၄)ပါး၊ ဣန္ဒြေ (၅)ပါး၊ ဗိုလ်(၅)ပါး၊ ဗောဇ္ဈင်(၇)ပါး၊ မဂ္ဂင်ရှစ်ပါး ဆိုတဲ့ တရားတွေပေါ့။

ဗောဓိပက္ခိယတရား (၃၇)ပါးတွေကို နာကြားတယ်၊ သင်ယူတယ်၊ မှတ်သားတယ်၊ အဲဒီလို နာကြား သင်ယူမှတ်သားတဲ့ သဘောကို သုတမယ ပညာ၊ သုတတဲ့၊ အဲဒီ သုတတွေကို အခြေတည်ပြီးတော့ လက်တွေ့ ကျင့်ကြံ ရှုမှတ် ပွားများအားထုတ်လို့ ဝိပဿနာဉာဏ်၊ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်၊ နိဗ္ဗာန် ကို ရရင်ဖြင့် အဓိဂမသုတလို့ ခေါ်တယ်၊ အဲဒီလိုသုတမျိုးတွေနဲ့ ပြည့်စုံအောင် လုပ်ရတယ်။

## စာဂ

စာဂ– မိမိပိုင် ပစ္စည်းကို လက်ဖက်တစ်ရိုး၊ ကွမ်းရိုးတညှာ၊ ဆွမ်း တစ်ဇွန်း၊ ရေတစ်မှုတ်၊ ပန်းတစ်ပွင့်က စပြီးတော့ စွန့်ကြဲ ပေးကမ်း လှူဒါန်း ခြင်းကိုတော့ဖြင့် စာဂ ခေါ်တယ်။

## ပညာ

ပညာ–အကြောင်းနဲ့အကျိုးကို အမှန်သိတဲ့ ပညာ၊ ကုသိုလ်ရှိတယ်၊ အကုသိုလ်ရှိတယ်၊ ကုသိုလ်ပြုရင် ကောင်းကျိုးရတယ်၊ အကုသိုလ်ပြုရင် မကောင်းကျိုး ဆိုးပြစ် ခံရမယ်လို့ အမှန်အတိုင်းသိတဲ့ ကမ္မဿကတာသမ္မာဒိဋ္ဌိပညာ၊ အဲဒီတော့ ကမ္မဿကတာ သမ္မာဒိဋ္ဌိပညာ အခြေခံထားပြီးတော့ သမထတွေ ပွားလို့ ဈာန်အဘိညာဉ် ရရှိပြီးတော့ နေရင် ဈာနသမ္မာဒိဋ္ဌိပညာ၊ မဂ္ဂင်ရှစ်ပါး တရားတွေ သီလ၊ သမာဓိ၊ ပညာ တရားတွေ အားထုတ်တဲ့ အတွက်ကြောင့် ဝိပဿနာဉာဏ်နဲ့ အမြင်မှန်တွေ ရရှိပြီးတော့လာတဲ့ ဝိပဿနာ သမ္မာဒိဋ္ဌိပညာ၊ မဂ်ဖိုလ်နိဗ္ဗာန်တွေကို ကေန်ရရှိ သိမြင်သွားတဲ့ အတွက်ကြောင့် မဂ္ဂသမ္မာဒိဋ္ဌိပညာတဲ့၊ ဒီပညာတရားတွေကို သိအောင် မြင်အောင် ကျင့်ကြံ ပွားများ အားထုတ်မှု အတိုင်းအတာအလျောက် ရရှိမှုကို ပညာခေါ်တယ်၊ မှန်ရဲ့လား။ “မှန်ပါဘုရား”

## ဟိရီဩတ္တပ္ပ

ဟိရီ၊ ဩတ္တပ္ပ– မကောင်းမှု ဒုစရိုက်တွေကို ပြုရမှာကို ရှက်တယ်၊ မကောင်းမှု အကုသိုလ် ပြုရာမှာ သူတော်ကောင်းတွေ တွေ့မြင် သိမြင်သွားမှာ ရှက်စရာ ကောင်းတယ်၊ သူတော်ကောင်း ကဲ့ရဲ့မှာ ရှက်စရာ ကောင်းတယ်၊ မကောင်းမှု ဒုစရိုက်တွေ ပြုလို့ရှိရင်ဖြင့် ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသုရကာယ်ဆိုတဲ့ အပါယ်လေးပါး ကျပြီးတော့ သံသရာထဲမှာ အိုလိုက်၊ နာလိုက်၊ သေလိုက်နဲ့ နေရမှာ ကြောက်စရာ ကောင်းတယ်၊ မကောင်းမှုပြုရင် ဆင်းရဲဒုက္ခ အကျိုးတွေ ရရှိနိုင်တယ်လို့ မကောင်းမှု ပြုရမှာကို ကြောက်တယ်၊ မှန်ရဲ့လား၊ မကောင်းမှု ပြုရမှာကို ရှက်တာက ဟိရီ၊ မကောင်းမှု ပြုရမှာကို ကြောက်တာက ဩတ္တပ္ပ"

သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီဩတ္တပ္ပဆိုတဲ့ သူတော်ကောင်း ဥစ္စာ(၇)ဖြာဆိုတာက ဘုရားရှင် ဟောထားခဲ့တဲ့ ဘုရားရှင်ရဲ့ အမွေအနှစ် အစစ်ပဲ၊ ဘုရားရှင်ထားတော်မူခဲ့တဲ့ သူတော်ကောင်းဥစ္စာ(၇)ဖြာဆိုတဲ့ အမွေ အနှစ် အစစ်တွေကို ပျင်းရိတဲ့ ပုဂ္ဂိုလ်တွေ ရအောင် မလုပ်နိုင်ဘူး၊ ပျင်းတဲ့ ပုဂ္ဂိုလ်တွေ လုပ်နိုင်ပမလား။

မလုပ်နိုင်ပါဘုရား။

ဘယ်သူတွေ လုပ်နိုင်သလဲ၊ မပျင်းတဲ့ ကြိုးစား အားထုတ်တဲ့ ပုဂ္ဂိုလ်တွေသာ လုပ်နိုင်ပါတယ်။

## ဟော့ မပျင်းနဲ့

ဒီဘုရားရဲ့ အမွေတော်လို့ဆိုတဲ့ သူတော်ကောင်း ဥစ္စာ (၇)ဖြာဆိုတာတွေ မလိုချင်ဘူးလား။ "လိုချင်ပါတယ်ဘုရား။"

လိုချင်ရင် ဘာတဲ့တုံး၊ မပျင်းနဲ့။

"မပျင်းနဲ့၊ မပျင်းနဲ့၊ အခုလဲ မပျင်းနဲ့၊ နောင်လဲ မပျင်းနဲ့"၊ အဲဒီလို မပျင်းတဲ့ ပုဂ္ဂိုလ်တွေ အရိယာဥစ္စာ (၇)ဖြာသော တရားတွေကို မရနိုင်ဘူးလား၊ သူတော်ကောင်းဥစ္စာ (၇)ဖြာတွေကို ရနိုင်တယ်တဲ့၊ အဲဒီလို မပျင်းတဲ့အတွက် အရိယာ ဖြစ်သွားတဲ့ အရေအတွက်ဟာ ကုဋေပေါင်း မြောက်မြားစွာ ရှိသွားပြီတဲ့၊ အဲဒီထဲ ဒို့တွေ ပါရဲ့လား။"မပါပါဘုရား။"

မပါခဲ့သေးဘူး၊ ကျန်ရစ်နေတယ်။

ဘိုးကျန်ရစ်၊ ဘွားကျန်ရစ်၊ မောင်ကျန်ရစ်၊ မယ်ကျန်ရစ်တွေ ဖြစ်နေတယ်၊ မှန်ရဲ့လား။"မှန်ပါဘုရား။"

အဲဒီ ကျန်ရစ်ဘဝက နေပြီးတော့ လွတ်ကင်းရလေအောင်တဲ့ မပျင်းနဲ့ ဟုတ်ရဲ့လား၊ ကြိုးစား အားထုတ်ရမယ်။

## ပျင်းသူအား ဘုရားက အမွေပြတ် ကြော်ငြာ

ယထာပိ ဝိပ္ပဋိပန္နံ ပုတ္တံ မာတာ ပိတရော "အယံ အမှာကံ အပုတ္တော" တိ ပရိဗာဟိရံ ကရောန္တိ၊ သော တေသံ အစ္စယေန ဒါယဇ္ဇံ န လဘတိ၊ ဧဝံ ကုသီ တောပိ ဣဒံ အရိယဓနဒါယဇ္ဇံ န လဘတိ၊ အာရဒ္ဓဝီရိယောဝ လဘ တီတိ ဒါယဇ္ဇမဟတ္တံ ပစ္စဝေက္ခတောပိ ဥပ္ပဇ္ဇတိ။

ဟိ- ဥပမာဖြင့် ထင်အောင် ပြဦးအံ့၊ ဝိပ္ပဋိပန္နံ- ဖောက်ဖောက်ပြန်ပြန် ကျင့်သော၊ ပုတ္တံ-သားကို၊ မာတာပိတရော-မိဘတို့သည်၊ အယံ-ဤသူသည်၊ အမှာကံ- ငါတို့၏၊ အပုတ္တော-သားမဟုတ်၊ ဣတိ-ဤသို့ ကြေညာ၍၊ ပရိ ဗာဟိရံ-သားအဖြစ်မှအပကို၊ ကရောတိ-ပြု၏။ သော-ထိုသားသည်၊ တေသံ-

ထိုမိဘတို့၏၊ အစ္စယေန– ကွယ်လွန်ရာအခါ၌ (ကွယ်လွန်သော ကြောင့်)၊ ဒါယဇ္ဇံ–အမွေကို၊ နလဘာတိယထာ–မရသကဲ့သို့၊ ဧဝံ– ဤအတူ၊ ကုသိတောပိ–ပျင်းရိသူသည်လည်း၊ တံ–ထိုအရိယာဥစ္စာ (၇)ဖြာသော အမွေကို၊ နလဘာတိ–မရ၊ အာရဒ္ဓဝီရိယောဝ– အားထုတ်အပ်သော ဝီရိယရှိသူသည်သာ၊ ဣဒံ–ဤအရိယဥစ္စာ(၇)ဖြာကို၊ လဘတိ–ရနိုင်ပါ၏၊ ဣတိ–ဤသို့၊ ဒါယဇ္ဇ မဟတ္တံ–အမွေ၏မြင့်မြတ်သည်၏အဖြစ်ကို၊ ပစ္စဝေက္ခ တောပိ– ဆင်ခြင်သောပုဂ္ဂိုလ်၏သန္တာန်၌လည်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ–ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ပါပေသတည်း။ "သာဓု– သာဓု– သာဓုပါဘုရား။"

ဟုတ်ရဲ့လား။ "ဟုတ်ပါတယ်ဘုရား။"

မိဘတွေဟာ သားသမီးကို အမြဲတန်း ကြီးပွား ချမ်းသာစေချင်တယ်၊ အမြဲတန်း စားဝတ်နေရေး ပညာရေး စသည်တွေကို ကြီးပွား ချမ်းသာအောင် စောင့်ရှောက်ခဲ့တယ်၊ ကိုယ်အား၊ နှုတ်အား အကြံဉာဏ်အားတွေ ပေးပြီးတော့ အမျိုးမျိုး စောင့်ရှောက်ခဲ့တယ်၊ တချို့ သားဆိုး သမီးမိုက်တွေက ဘယ်လိုပင် ပြုစု စောင့်ရှောက်သော်လဲပဲ မိဘစကားကို နားမထောင်ဘဲနဲ့ မိဘကျေးဇူးကို ကန်းပြီး မိုက်တယ်၊ ဆိုးတယ်ဆိုလို့ရှိရင်ဖြင့် နောက်ဆုံးကျတော့ သားအဖြစ်၊ သမီးအဖြစ်မှ စွန့်လွှတ်ပြီးတော့ အမွေပြတ် ကြော်ငြာတာကိုလဲ ခံရတယ်၊ စွန့်ပစ်ခံရတဲ့ သားဆိုး သမီးဆိုးတွေ ရှိသလို ဘုရားသာသနာတော်မှာလဲပဲ သဒ္ဓါ၊ သီလ၊ သုတ၊ စာဂ၊ ပညာ၊ ဟိရီ၊ ဩတ္တပ္ပဆိုတဲ့ သူတော်ကောင်းဥစ္စာ (၇)ဖြာ အမွေတွေကို ဘုရားက ပေးဖို့ရာအတွက် အဲဒီ အမွေတို့ကိုရအောင် ကျင့်ကြံ အားထုတ်ကြလို့ မြတ်စွာဘုရားက အကြိမ်ကြိမ် အခါခါ တိုက်တွန်းပါတယ်။

ဘယ်လိုပင် တိုက်တွန်းသော်လဲပဲ "လိပ်ကျောကြောင်ကော်၊ ပြောင်ချော်ချော်တည်း"လို့ ဆိုသကဲ့သို့ လိပ်ကျောကုန်းဆိုတာ အင်မတန် ချောနေတာ ဖြစ်တဲ့အတွက် ကြောင်လက်သည်းနဲ့ ခြစ်ပေမယ်လို့ ကော်လို့ကပ်လို့ ဖြစ်အောင်လို့ မလုပ်နိုင်ဘူးတဲ့၊ အဲဒီလိုလူပျင်းတွေလဲ ဘုရားတပည့်သား သံဃာတွေက ဘယ်လောက်ပဲ တဖွဖွ ပြောဟော ဆုံးမ သွန်သင် တိုက်တွန်းပေးသော်လဲ နားထဲကကို လျှံလျှံထွက်သွားပြီး နထုံပေတေး ဆိုတာလိုပေါ့လေ၊ တရားနဲ့ ဝေးပြီးတော့ နေတယ်၊ ဒီလို ပုဂ္ဂိုလ်တွေကော မရှိဘူးလား၊ နဂိုကတည်းက

ဝေးနေသူ ရှိနေသလို နီးနီးကလေးနဲ့ ဝေးနေသူကော မရှိတတ်ဘူးလား၊ ဘယ်လိုပင် ဆုံးမသော်လဲ တရားနဲ့ ဝေးတော့ "အိပ်–စား–ကာမ၊ ဒီသုံးဝ" ပျော်ပြီး ဆိုးမိုက်ပြီး ဒုစရိုက်တွေ ပြုနေတဲ့ပုဂ္ဂိုလ်တွေကို မိဘတွေက အမွေပြတ် ကြော်ငြာသလို ဘုရားရဲ့ အမွေအစစ်ဖြစ်တဲ့ သူတော်ကောင်းဥစ္စာ (၇)ဖြာတွေ ရနိုင်ရဲ့လား၊ မရနိုင်ဘူး၊ ကြောက်စရာ မကောင်းဘူးလား။

ကောင်းပါတယ်ဘုရား။

အဲဒီလို မရနိုင်ဘူးဆိုတာကို ဒို့ယောဂီတွေ ဆင်ခြင်ကြည့်ရင် ငါတို့ လဲပဲ သားဆိုး သမီးမိုက်စာရင်းထဲ မပါရလေအောင် အမွေခံဆိုး မဖြစ်ရ လေအောင် ဘုရားရဲ့သားတော်သမီးတော်ပီပီ ဘုရားရှင် ပေးတော်မူတဲ့ အနှစ် သာရဖြစ်တဲ့ သူတော်ကောင်းဥစ္စာ (၇)ဖြာ အမွေကို ရအောင်ယူမှ ဖြစ်မယ်လို့ ဆင်ခြင်လို့ ရှိရင် ပျင်းရိတဲ့စိတ်တွေ ပျောက်ပြီးတော့ အားထုတ်လိုတဲ့ ဝီရိယ သမ္ဗောဇ္ဈင်တွေ ဖြစ်မလာဘူးလား၊ အဲဒီလိုပဲ ဆင်ခြင်ဖို့ အရေးမကြီးဘူးလား။

အရေးကြီးပါတယ်ဘုရား။

## ဒို့ဆရာဟာ သာမညဆရာ မဟုတ်ဘူး

မဟာ ခေါပန တေ သတ္ထာ၊ သတ္ထုနော ဟိ တေ မာတုကုစ္ဆိသ္မိံ ပဋိသန္ဓိ ဂဏှနကာလေပိ အဘိနိက္ခမနေပိ အဘိသမ္ဗောဓိယမ္ပိ ဓမ္မစက္ကပ္ပဝတ္တန ယမက ပါဋိဟာရိယ ဒေဝေါရောဟနအာယုသင်္ခါရဝေါဿဇ္ဇနေသုပိပရိနိဗ္ဗာနကာလေပိ ဒသသဟဿိလောကဓာတု အကမ္ပိတ္ထ၊ ယုတ္တံ နုတေ ဧဝ ရူပဿ သတ္ထု သာသနေ ပဗ္ဗဇိတွာ ကုသိတေန ဘဝိတုန္တိ ဧဝံ သတ္ထု မဟတ္တံ ပစ္စဝေက္ခတောပိ ဥပ္ပဇ္ဇတိ။

ပန– အဖို့တစ်ပါးကား၊ တေ– သင်၏၊ သတ္ထာ– ချမ်းသာရကြောင်း လမ်းကောင်းညွှန်ပြ ဆုံးမတော်မူတတ်၍ လူနတ်တို့၏ ဆရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည်၊ မဟာ–ကြီးကျယ် မြင့်မြတ်တော်မူပါပေ၏။ဟိ– ချဲ့ဦးအံ့၊ တေ–သင်၏၊ သတ္ထုနော–ဆရာမြတ်စွာဘုရား၏၊ မာတုကုစ္ဆိသ္မိံ– မယ်တော်ဝမ်း၌၊ ပဋိသန္ဓိဂဏှနကာလေပိ– ပဋိသန္ဓေ ယူတော်မူရာအခါ၌ လည်းကောင်း၊ အဘိနိက္ခမနေပိ– တောသို့ ရှေးရှု ထွက်တော်မူရာအခါ၌ လည်းကောင်း၊ အဘိသမ္ဗောဓိယမ္ပိ– သစ္စာလေးပါး တရားကို ထိုးထွင်း၍ သိ တော်မူရာအခါ၌

လည်းကောင်း၊ ဓမ္မစက္ကပ္ပဝတ္တန ယမက ပါဋိဟာရိယဒေဝေါရောဟန အာယု သင်္ခါရဝေါသဇ္ဇနေသုပိ–ဓမ္မစကြာကို လည်စေတော်မူရာအခါ၊ ယမိုက်ပြာဋိဟာကို ပြတော်မူရာအခါ၊ တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူရာအခါ၊ အာယုသင်္ခါရကို လွှတ်တော်မူရာအခါတို့၌လည်းကောင်း၊ ပရိနိဗ္ဗာနကာလေပိ–ပရိနိဗ္ဗာန်စံတော်မူရာ အခါ၌လည်းကောင်း၊ ဒသ သဟဿိ လောကဓာတု–တစ်သောင်းပညတ် လောကဓာတ်သည်၊ အကမ္ပိတ္ထ–တုန်လှုပ်ရလေပြီ၊ တေ–သင့်အား၊ ဝါ–သင်သည်၊ ဝေရူပသ–ဤသို့သဘောရှိသော၊ ဝေရူပသ–ဘုန်းတော်အနန္တ ကံတော်အနန္တ ဉာဏ်တော်အနန္တ စကြဝဠာ ကမ္ဘာမြေမိုး ဖျန်းဖျန်းကျိုးမျှ တန်ခိုးတော်အနန္တတို့နှင့် ဤကဲ့သို့ ပြည့်စုံတော်မူခြင်းသဘော ရှိသော၊ သတ္ထု–မြတ်စွာဘုရား၏၊ သာသနေ–သာသနာတော်၌၊ သာသနေ–ပိဋကသုံးသွယ် နိကာယ်ငါးဖြာ အင်္ဂါကိုးတန် ဓမ္မက္ခန္ဓာပေါင်း ရှစ်သောင်း လေးထောင်တို့ကို သင်အံလေ့ကျက် ဆောင်ရွက်ပို့ချခြင်းဆိုတဲ့ ပရိယတ္တိသဒ္ဓမ္မ ပရိယတ္တိသာသနာ, အဲဒီပရိယတ္တိနှင့်အညီ သီလ သမာဓိ ပညာတွေကို ကျင့်ကြံကြိုးစားအားထုတ်ခြင်း, ဟောပြောပြသခြင်းဆိုတဲ့ ပဋိပတ္တိသဒ္ဓမ္မ ပဋိပတ္တိသာသနာ, အဲဒီ ပရိယတ္တိစည်းမျဉ်းအရ ပဋိပတ္တိတရားတွေကို ကျင့်ကြံကြိုးစား ပွားများ အားထုတ်တဲ့အတွက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်, နိဗ္ဗာန်တွေကို ရရှိသိမြင်ခြင်းဆိုတဲ့ သဒ္ဓမ္မပဋိဝေဓသာသနာဆိုတဲ့ သာသနာသုံးရပ်၌၊ သာသနေ–မြတ်စွာဘုရား ဟောဖော်ကြားသည့် မြတ်စွာဘုရား (၄၅) ဝါကာလပတ်လုံး မနေမနား ဟောဖော်ညွှန်ပြ ဆိုဆုံးမတော်မူသော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ပရိယတ် အမြတ်ဆယ်ဖော် တရားတော်ဟု ဆိုအပ်သော ဗုဒ္ဓအဆုံးအမ သာသနာတော်မြတ်၌၊ ပဗ္ဗဇိတွာ–အိမ်ရာမထောင် ရဟန်းဘောင်သို့ ဝင်ရောက်၍ ရဟန်းအဖြစ်သို့ ကပ်ရောက်၍၊ ကုသိတေန–ပျင်းရိသူသည်၊ ဘဝိတုံ–ဖြစ်ခြင်းငှာ၊ ယုတ္တံ–သင့်အံ့လော၊ ဣတိဧဝံ–ဤသို့၊ သတ္ထုမဟတ္တံ–ဆရာဖြစ်သော မြတ်စွာဘုရား၏ ကြီးမြတ်သောဂုဏ်ကို၊ ပစ္စဝေက္ခတောပိ–ဆင်ခြင်သောပုဂ္ဂိုလ်အားလည်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ–ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်ရပါပေသတည်း။ “သာဓု–သာဓုသာဓု”

သာသနာတော်နဲ့ တွေ့တဲ့သူသည် သာသနာတော်တွင်းသားဖြစ်တယ် မှန်ရဲ့လား၊ ဒို့တစ်ဧွဟာ သာသနာတော်တွင်းသားတွေ မဖြစ်ဘူးလား။

“ဖြစ်ပါတယ်ဘုရား”

အဲဒီလို သာသနာတွင်းသားတွေဖြစ်တဲ့ ငါတို့ရဲ့ဆရာထွတ်ထား မြတ်စွာဘုရားဆိုတာက သိပ်ပြီးတော့ တတ်တဲ့ ဆရာဖြစ်တယ်၊ သာမညဆရာမဟုတ်ဘူး၊ အတ္တုပ္ပတ္တိ သမိုင်းကြောင်း ကျင့်စဉ်နှင့်တကွ သိမြင်တော်မူတဲ့ သစ္စာလေးပါး ထိုးထွင်းသိမြင်တော်မူတဲ့ တရားအလုံးစုံ အကုန်သိမြင်တော်မူတဲ့ သဗ္ဗညုတဉာဏ်၊ သဗ္ဗညုတဉာဏ်နှင့် ပြည့်စုံတော်မူတဲ့ ဘုရား။

## မြေကြီးလှုပ်ခဲ့တာတွေ

တခြားကိုအသာထား၊ ငါတို့ဘုရားရှင်ကိုယ်တော်မြတ်ကြီး မယ်တော်မာယာရဲ့ဝမ်းမှာ ပဋိသန္ဓေ တည်နေတော်မူစဉ်တုန်းကလဲပဲ နှစ်သိန်းလေးသောင်း အထုရှိတဲ့ ဤမြေကြီး တုန်လှုပ်ခဲ့ရတယ်၊ မဟာသက္ကရာဇ် (၆၈) ခု၊ ကဆုန်လပြည့်နေ့မှာ မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထကို ဖွားမြင်ခဲ့တယ်၊ ကပိလဝတ်ပြည်နဲ့ ဒေဝဒဟပြည်ဆိုတဲ့ နှစ်ပြည်ထောင်ကြားမှာ လုမ္ဗိနီဆိုတဲ့ အင်ကြင်းဥယျာဉ်မှာ မြတ်စွာဘုရား အလောင်းတော်ကို ဖွားမြင်ခဲ့တယ်။

အဲဒီကနေ (၁၆) နှစ်အရွယ် ရောက်တဲ့အခါကျတော့ ယသော်ဓရာဆိုတဲ့ မင်းသမီးနဲ့ လက်ထပ်ပြီးတော့ စကြာဝတေး၊ မန္ဓာတ်မင်းဆိုတဲ့ မင်းစည်းစိမ်မျိုးတွေကို (၁၃) နှစ် စံစားပြီး သူအို၊ သူနာ၊ သူသေ၊ ရဟန်းဆိုတဲ့ နိမိတ်ကြီးလေးပါးကို မြင်ပြီး ကာမဂုဏ်တွေကို အပြစ်မြင်တဲ့အတွက်ကြောင့် ထီးနန်းစည်းစိမ်အားလုံးကို စွန့်လွှတ်ပြီးတော့ တောထွက်တော်မူခဲ့တယ်။ အဲဒီလို တောထွက်တော်မူစဉ်ကလဲ ဟောဒီမြေကြီး တုန်လှုပ်ခဲ့ရတယ်၊ ဒီအကြိမ်က ဒုတိယအကြိမ် မြေကြီးလှုပ်တာပဲ။

မဟာသက္ကရာဇ် (၁၀၃) ခုနှစ်၊ ကဆန်လပြည့်ညဉ့်၊ လပြည့်ကျော် တစ်ရက် အရုဏ်မတက်မီ ပစ္ဆိမယာမ် အချိန်ကာလမှာ တရားအလုံးစုံကို သိမြင်ကော်မူတဲ့ ဘုရားအဖြစ်သို့ ရောက်တော်မူစဉ်ကလဲ ဟောဒီမြေကြီး တုန်လှုပ်ခဲ့ရတယ်၊ သုံးကြိမ်ရှိသွားပြီ၊ ဘယ်နှစ်ကြိမ်ရှိပြီလဲ မြေကြီးတုန်လှုပ်တာ၊

"သုံးကြိမ်ရှိပါပြီ ဘုရား"

မဟာသက္ကရာဇ် (၁၀၃) ခုနှစ် ဝါဆိုပြည့်နေ့၊ နေဝင်လထွက် အချိန်အခါမှာ ဓမ္မစက္ကပဝတ္တနသုတ္တန် ထုတ်ပြန်ဟောစဉ်ကလဲပဲ ဟောဒီ မဟာပထဝီမြေကြီး တုန်လှုပ်ခဲ့ရတယ်။ ဒီအကြိမ်ဟာ ၄-ကြိမ်မြောက် စတုတ္ထပါ။

မြတ်စွာဘုရား (၇)ဝါမြောက်မှာ မိခင်ရဲ့ကျေးဇူးကို အထူး ဆပ်မယ် ဆိုပြီးတော့ တာဝတိံသာနတ်ပြည် ပင်လယ်ကသစ်ပင်ရင်း ကြွပြီး အဘိဓမ္မာ တရားတွေကို ဟောကြားပြီးတော့ သီတင်းဝါလကျွတ်တဲ့အခါ သင်္ကာသနဂိုရ် ပြည်ကို ပတ္တမြား စောင်းတန်း, ရွှေစောင်းတန်း, ငွေစောင်းတန်းတွေနဲ့ နတ် ဗြဟ္မာတွေ ခြံရံပြီး ထီးဖြူတွေမိုးပြီး မြတ်စွာဘုရားရှင် တာဝတိံသာနတ်ပြည်က နေပြီးတော့ ကြွဆင်းတော်မူစဉ် အခါ ကာလမှာလဲပဲ မြေတုန်လှုပ်ခဲ့ရပါတယ်၊ ငါးကြိမ် ရှိသွားပြီ။

ဤသာကီဝင် မင်းမျိုးဖြစ်တဲ့ မိဘဘိုးဘွားတွေ၊ ဆွေမျိုးတွေ ဘုရား ရှင်ရဲ့ပေါ်မှာ အထင်သေးပြီးတော့ ငါ့တူပဲ ငါ့သားပဲလို့ ဆိုပြီးတော့ သာကီ ဝင် မာန်နဲ့ အကြည်ညို နည်းပါးပြီးတော့နေစဉ် မြတ်စွာဘုရားရှင် ကိုယ် တော်မြတ် တန်ခိုးပြာဋိဟာ ပြတယ်။

ကဏ္ဍမ္ဗခေါ်တဲ့ သရက်ဖြူပင်ရင်းမှာ မြတ်စွာဘုရားရှင်က တိတ္ထိ ရန်ဘေး ကင်းသွားအောင် တိတ္ထိတွေ သာသနာတော်ကို ဖျက်ဆီးခြင်းဆိုတဲ့ဘေးမှ ကင်းဝေးသွားအောင် တန်ခိုးပြာဋိဟာ ပြတော်မူတယ်၊ အဲဒီရေမီး အစုံအစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူစဉ်ကလဲ မြေတုန်လှုပ်ခဲ့တယ်၊ မြေလှုပ်တာ (၆)ကြိမ် ရှိသွားပြီ၊ ဘယ်နှစ်ကြိမ် ရှိပြီလဲ။ "၆–ကြိမ်ပါဘုရား"

မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော့မယ်လို့ ဝေသာလီပြည်မှာ အာယု သင်္ခါရ လွှတ်တော်မူစဉ်ကလဲပဲ မြေတုန်လှုပ်ခဲ့ရတယ်၊ ဒါ သတ္တမအကြိမ်နော်။

ကုသိနာရုံပြည် မလ္လာမင်းတို့၏ အင်ကြင်းဥယျာဉ်မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန် စံတော်မူစဉ်ကလဲ မြေတုန်လှုပ်ခဲ့ရတယ်၊ အဋ္ဌမ ရှစ်ကြိမ်ဖြစ်တယ်၊ ဘယ်နှစ်ကြိမ်လဲ။

"ရှစ်ကြိမ်ပါဘုရား။"

## ခွင့်သာခိုက်မှ မလိုက်ချင်ရင်

ထူးခြား အံ့သြဖွယ်ကောင်းတဲ့ မြင့်မြတ်တော်မူသော မြတ်စွာဘုရားရဲ့ သာသနာတော်နဲ့ တွေ့ပြီး ဘုရားရဲ့တပည့် ဖြစ်နေပြီးတဲ့ အချိန်အခါမှာ ငါဟာ မြတ်သော ဆရာရဲ့ ဆရာကောင်း တပည့်ပီပီ တရားတွေကို ကျင့်ကြံ ကြိုး ကုတ် အားထုတ်သင့်ပါတယ်၊ ဒီလိုမဆင်ခြင်ရဘူးလား။

"ဆင်ခြင်ရပါတယ်ဘုရား"

ဒီလို ဆရာက မွန်မြတ်၊ သာသနာတော်မြတ်ကြီးနဲ့ တွေ့ပါလျက်ကယ်နဲ့ ငါပျင်းရိနေမယ်ဆိုရင် ငါ့အတွက် ရှုံးပြီ၊ ငါ့ထက် ရှုံးတဲ့ ပုဂ္ဂိုလ် မရှိဘူး၊

"ခွင့်သာခိုက်မှ မလိုက်ချင်ရင်၊ အမိုက်နှင့်ပြင် ရှိသေးလေရဲ့လား"

"ခွင့်သာဆဲကမှ မခဲချင်ရင် အလွဲနှင့်ပြင် ရှိသေးလေရဲ့လား" ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး ဆုံးမတော်မူတဲ့ အတိုင်း ငါ့ထက်မိုက်တဲ့လူ မရှိဘူးလို့ ဆုံးမပြီးတော့ ဘာဝေဟာ့ချွင် ပွားရမယ်။

"ဝီရိယဇောချွင် ပွားရပါမယ်ဘုရား"

ဝီရိယသမ္ဘောချွင် ပွားရမယ်၊ သာသနာကြီးနဲ့ ကြုံတုန်းကြုံခိုက် မဆုံးရှုံးရဘူး၊ ဆိုင်တာဆိုင် မပိုင်ဘူးဆိုရင်ကော အဲဒါ တော့လွဲလေးပေါ့၊ ဘာလွဲလေးလဲ။

"တော့လွဲလေးပါဘုရား"

တော့လွဲလေး လွဲရတယ်ဆိုရင် အသည်းနာစရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

သာသနာတော်နဲ့ လွဲတာကျတော့ အသည်းမနာကြဘူး၊ ဒီပြင်ဟာနဲ့ လွဲတာကျ အသည်းနာကြတယ်၊ အသည်းကနာလိုက်တာ အသည်းနာတဲ့လူတွေကို ပေါလိုက်တာ၊ အဲဒီတော့ ဒီအသည်းက ဘယ်နား နာသွားရတာတုံး၊ သာသနာနဲ့ လွဲမှာ စိုးရိမ်ပြီး နာဖို့ ကောင်းတာ၊ ဒီပြင် နေရာသွားနာနေလို့ မဖြစ်ဘူး။

## သာသနာဆိုတာ ကိုယ်နှင့်ဆိုင်လို့ တွေ့တာ

"သာသနာဆိုတာ– ကိုယ်နှင့်ဆိုင်လို့ တွေ့တာ၊ ပိုင်အောင် လုပ်ပါ၊ ပိုင်အောင်လုပ်မှ နိဗ္ဗာန်ကို ရမှာ၊ နိဗ္ဗာန်ကို ရမှ ဒုက္ခခပ်သိမ်း ချုပ်ငြိမ်း အေးတော့မှာ" မှန်ရဲ့လား။ "မှန်ပါတယ်ဘုရား"

အဲဒီလို ကြိုးစားရမယ်၊ ဆင်ခြင်ပြီးတော့ အခွင့်ထူးကြီး လက်လွှတ်မခံပဲနဲ့ ငါဟာ အချိန်ကို တန်ဖိုးရှိရှိ စက္ကန့်တိုင်း မိနစ်တိုင်း မပြတ်မလပ် ငါရှုမှတ် ပွားများ အားထုတ်သွားမယ်လို့ စိတ်အား တက်ပြီးတော့ စိတ်အား တင်းပြီးတော့ တရား အားမထုတ်ရဘူးလား။ "အားထုတ်ရပါတယ်ဘုရား"

ဒို့ယောဂီတွေ- ဘုန်းကြီးဖြင့် ပြောလိုက်ရတာ အတော် မောသွားပြီ၊ စိတ်အားတက်ရဲ့လား မသိပါဘူး၊ စိတ်အား တက်လိုက်တာ၊ ခွေပြီး ပျော့ များ ကျသွားမလား မသိဘူးနော်။

တောင့်တောင့်တင်းတင်း ရှင်ရှင်လန်းလန်း စူးစူးစိုက်စိုက်နဲ့ စေ့စေ့ စပ်စပ်၊ ထက်ထက်သန်သန် ကြိုးစား အားထုတ်ဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"

သာခွေယိုင်တော့ မလုပ်ကြနဲ့နော်၊ သာခွေယိုင်ဆိုလို့ရှိရင်တော့ ဟန် မကျဘူး၊ အဲဒီလို ဆင်ခြင်ပြီးတော့ပဲ တရားအားထုတ်ရမယ်။

**အမျိုးဇာတ် ဆင်ခြင်ပြီး ငိုရှိယပ္ပား**

သာကီမျိုးတော်၊ ကျင့်သုံးဖော်၊ ရှုမျှော်ဆင်ခြင်ပါ။

အရင်တရားပွဲတွေ တုန်းက ဒီဂါထာပုဒ်တွေ ချပေးထားတယ်။

ဇာတိယာပိ တွံ ဣဒါနိ န လာမကဇာတိကောသိ၊ အသမ္ဘိန္နာယ မဟာ သမ္မတပဝေဏိယာ အာဂတ ဥက္ကာက ရာဇဝံသေ ဇာတောသိ၊ သုဒ္ဓေါ ဒန မဟာရာဇဿစ မဟာမာယာ ဒေဝိယာစ နတ္တာ ရာဟုလဘဒ္ဒဿ ကနိဋ္ဌော၊ တယာနာမ ဝေရူပေန ဇိနပုတ္တေန ဟုတွာ န ယုတ္တံ ကုသိတေန ဘဝိတုန္တိ ဧဝံ ဇာတိမဟတ္တံ ပစ္စဝေက္ခတောပိ ဥပ္ပဇ္ဇတိ။

တွံ-သင်သည်၊ ဇာတိယာပိ-ဇာတ်အားဖြင့်လည်း၊ ဣဒါနိ- ရဟန်း ဖြစ်ရာ ဤအခါ၌၊ ဣဒါနိ- ယောဂီဝတ်ပြီးရာ ဘုရား သားတော် သမီးတော် ဖြစ်ရာ ဤအခါ၌၊ လာမကဇာတိကော-ယုတ်ညံ့သူ၏အဖြစ် ဟူသော ဇာတ် ရှိသူသည်၊ နအသိ- မဟုတ်တော့၊ အသမ္ဘိန္နာယ- အခြားဇာတ်တို့နှင့် မရော ယှက်သော၊ မဟာသမ္မတ ပဝေဏိယာ-မဟာသမ္မတ မင်းအနွယ် အဆက်အား ဖြင့်၊ အာဂတဥက္ကာကရာဇဝံသေ-လာသောဥက္ကာကမင်း၏အနွယ်၌၊ ဇာတော- ဖြစ်သည်၊ အသိ-ဖြစ်၏၊ သုဒ္ဓေါဒန မဟာရာဇဿစ- သုဒ္ဓေါဒန မင်းကြီး၏ လည်းကောင်း၊ နတ္တာ-မြေးတော်သည်၊ အသိ-ဖြစ်ပေ၏။ ရာဟုလ ဘဒ္ဒဿ- ရာဟုလာမင်းသား၏၊ ကနိဋ္ဌော- ညီတော်သည်၊ အသိ- ဖြစ်၏။ တယာနာမ- သင်မည်သည်၊ ဝေရူပေန- ဤသို့ သဘောရှိသော၊ ဇိနပုတ္တေန- သားတော်သည်၊ ဟုတွာ-ဖြစ်၍၊ ကုသိတေန-ပျင်းရိသူသည်၊ ဘဝိတုံ-ဖြစ်ခြင်းငှာ၊ ယုတ္တံ-

သင့်မည်လော၊ ဣတိဇဝံ– ဤသို့၊ ဇာတိမဟတ္တံ–အမျိုး ဇာတိ၏မြင့်မြတ်သည်၏အဖြစ်ကို၊ ပစ္စဝေက္ခတောပိ– ဆင်ခြင်သောသူ၏ သန္တာန်၌လည်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ– ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ထင်ရှား ဖြစ်ပေါ်လာလေတော့သတည်း။ "သာဓု– သာဓု– သာဓုပါဘုရား"

ဇာတ်အားဖြင့်လဲ ဆင်ခြင်ပြီးတော့ ဘုရားရှင်ရဲ့ ဆွေတော် မျိုးတော်၊ သားတော်၊ သမီးတော် ဖြစ်နေပြီဆိုတော့ ကိုယ့်ကိုယ်ကို သိပြီးတော့ အဲဒါ ဝီရိယသမ္ဗောဇ္ဈင် ပွားရမယ်တဲ့ မှန်ရဲ့လား။ "မှန်ပါ့ဘုရား"

မြစ်ကြီးငါးသွယ်၊ မြစ်ငယ်ငါးရာ၊ အရပ်ဒေသ အမျိုးမျိုးမှ စီးဆင်းပြီးတော့ လာတဲ့ မြစ်ရေတွေ အားလုံးဟာ သမုဒ္ဒရာမြစ်တွင်းသို့ ရောက်သွားတယ်ဆိုလို့ရှိရင် တစ်သားတည်း ဖြစ်မသွားဘူးလား၊ အရပ်ဒေသ လူမျိုး စသည်အားဖြင့် အမျိုးမျိုး အထွေထွေ ဘုရားသာသနာဝင်ရောက်ပြီးတော့ အဝါရည်ဆင်မြန်း သင်္ကန်းနဲ့မွေ့လျော်ကြရင် ယောဂီအဝတ် ဝတ်ဆင်ပြီးတော့ တရားဓမ္မတွေ ကျင့်ကြံ အားထုတ်ကြတယ်ဆိုရင် ငါတို့ဟာ သာကီမျိုး ဖြစ်သွားပြီလို့ ကိုယ့်ဟာကို သိရမယ်၊ အခြားသောအမျိုးတွေနဲ့ မရောမယှက်ဘဲနဲ့ ဥက္ကာကရာဇ်မင်းကြီးမှ ဆင်းသက်ပြီးတော့လာတဲ့ အမျိုးတွေ ဖြစ်တယ်။

သုဒ္ဓေါဒန မယ်တော်မာယာရဲ့သား သိဒ္ဓတ္ထ မင်းသားကနေပြီးတော့ ဘုရားဖြစ်လာတယ်ဆိုတော့ သုဒ္ဓေါဒနရဲ့ မြေးတော်တွေ၊ မယ်တော် မာယာရဲ့ မြေးတော်တွေ ဗုဒ္ဓမြတ်စွာရဲ့သားတော် ဖြစ်တယ်၊ အရှင်ရာဟုလာရဲ့ ညီတော်ဖြစ်တယ်၊ ဘုရားရဲ့ဆွေတော်၊ မျိုးတော်တွေ သားတော် သမီးတော်တွေ ဖြစ်တယ်၊ အဲဒီလိုဖြစ်ပြီးတော့ ပျင်းရိ ငြီးငွေ့နေမယ်ဆိုရင်ဖြင့် မြင့်မြတ်သောအမျိုးရဲ့ အမွေအနှစ်ကို မရထိုက်ဘူးဆိုရင် လူဖြစ်မရှုံးဘူးလား။

"ရှုံးပါတယ်ဘုရား"

သာသနာတော်နဲ့ တွေ့ရကျိုး နပ်ပါ့မလား၊ မနပ်ဘူး၊ ဒါ့ကြောင့်မို့လို့ အဲဒီလို ဆင်ခြင်ပြီးတော့ ငါတို့ဟာ သာကီမျိုးတော်တွေ ဖြစ်တဲ့အတွက် အမျိုးဇာတ် မြင့်မြတ်သူတွေပီပီ၊ အဲဒီအမျိုးဇာတ် မြင့်မြတ်တဲ့ ဘုရားအမျိုးတွေ၊ ဘုရားရဲ့ တပည့်သာဝကတွေ ရယူသွားတဲ့ မဂ်ဖိုလ်နိဗ္ဗာန်တရားကို ငါတို့လဲ ရအောင် ယူမယ်၊ ရအောင် ကြိုးစား အားထုတ်မယ်လို့ ဒီလို ဆင်ခြင်ပြီး ဝီရိယသမ္ဗောဇ္ဈင်တွေ ပွားရမယ်။

## ဝီရိယဖြင့်သာ သာဝကများ တရားထူးရသွားကြ

သာရိပုတ္တ မဟာမောဂ္ဂလာနာ စေဝ အသီတိစ မဟာသာဝကာ ဝီရိယေနေဝ လောကုတ္တရဓမ္မံ ပဋိဝိဇ္ဈိံသု၊ တွံ့ ဧတေသံ သဗ္ဗြဟ္မစာရိနံ မဂ္ဂံ ပဋိပဇ္ဇသိ, နပဋိပဇ္ဇသီတိ ဧဝံ သဗြဟ္မစာရိမဟတ္တံ ပစ္စဝေက္ခတောပိ ဉပ္ပဇ္ဇတိ။

သာရိပုတ္တ မဟာမောဂ္ဂလာနာစေဝ=အရှင်သာရိပုတ္တရာ, အရှင်မဟာမောဂ္ဂလာန်တို့သည် လည်းကောင်း၊ အသီတိ- ရှစ်ကျိပ်သော၊ မဟာသာဝကာ- မဟာသာဝကတို့သည် လည်းကောင်း၊ ဝီရိယေနေဝ- ဝီရိယဖြင့်သာလျှင်၊ ကြိုးစား အားထုတ်မှုဖြင့်သာလျှင်၊ လောကုတ္တရဓမ္မံ- မဂ်လေးပါး ဖိုလ်လေးပါး နိဗ္ဗာန်ဆိုတဲ့ လောကုတ္တရာတရား ကိုးပါးကို၊ ပဋိဝိဇ္ဈိံသု- ထိုးထွင်း၍ သိကြကုန်၏။ တွံ- သင်သည် (တွံ- သင်သည်ဆိုတာ ကိုယ့်ကိုယ်ကို ပြောတာ) ဧတေသံသဗြဟ္မစာရီနံ- ဤသီတင်းသုံးဖော်တို့၏၊ မဂ္ဂံ- ကြွသွားတော်မူကြသော နိဗ္ဗာန်လမ်းမကို၊ သတိပဋ္ဌာန်လမ်းကို၊ ပဋိပဇ္ဇသိ- သွားသလော၊ နပဋိပဇ္ဇသိ- မသွားပဲ နေသလော၊ ဣတိဧဝံ- ဤသို့၊ သဗြဟ္မစာရိမဟတ္တံ- သီတင်းသုံးဖော်တို့၏ ကြီးမြတ်သည် အဖြစ်ကို၊ ပစ္စဝေက္ခတောပိ- ဆင်ခြင်သော သူအားလည်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ- ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဉပ္ပဇ္ဇတိ- ထင်ရှား ဖြစ်ပေါ်လာတော့သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

ငါတို့မြတ်စွာဘုရားရဲ့လက်ယာရံ အဂ္ဂသာဝက အရှင်သာရိ ပုတ္တရာ၊ လက်ဝဲရံ မဟာမောဂ္ဂလာန်နှင့် ရှစ်ကျိပ်သော မဟာသာဝကကြီးတို့ရဲ့လမ်း၊ သူတို့သွားကြတဲ့ နိဗ္ဗာန်ရောက်ရန် အကြောင်းတည်း ဟူသော သတိပဋ္ဌာန်လမ်း (ဟို ကျောက်မြောင်းထဲက သတိပဋ္ဌာန်လမ်းကို ပြောတာမဟုတ်ဘူး။ တရားအလုပ် အားထုတ်တဲ့ အမှတ်သတိ ပွားတဲ့လမ်း)၊ သတိပဋ္ဌာန်လမ်း၊ အဲဒီသတိပဋ္ဌာန်လမ်းပေါ်မှာ ငါတို့ရောက်ပြီးတော့ အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလာန်၊ အသီတိမဟာသာဝကတွေ သွားကြတဲ့လမ်းအတိုင်း၊ အခု ငါ သွားနေတဲ့ပုဂ္ဂိုလ် ဟုတ်ရဲ့လား၊ ရပ်နေတဲ့ပုဂ္ဂိုလ် ဖြစ်နေသလား၊ဆင်ခြင်ကြည့်ပါ။

မမှတ်ဘဲနဲ့ နေရင် ဘာဖြစ်နေပါလိမ့်၊ ရပ်နေတာ၊ မှတ်နေရင် သွားနေတာ၊ ကဲ ယောဂီတွေ သွားနေ့သလား၊ ရပ်နေသလား။

"သွားနေပါတယ်ဘုရား"

ဘုန်းကြီးဖြင့် တယ်မယုံချင်ပေါင်၊ သွားလိုက်၊ ရပ်လိုက်၊ သွားလိုက်၊ ရပ်လိုက်နဲ့ အဲဒီလို ဖြစ်နေတယ် ထင်တာပဲ၊ တစ်ဆက်တည်းသွားဖို့ အရေးမကြီးဘူးလား၊ အင်မတန် အရေးကြီးတယ်။

အဲဒါကြောင့်မို့လို့ သွားတဲ့ လူဖြစ်နေအောင် ရပ်တဲ့လူ မဖြစ်ရအောင် မိမိကိုယ်ကို ဆန်းစစ်ဝေဖန်ပြီးတော့၊ သုံးသပ်ပြီးတော့၊ အားပေးပြီးတော့ အားထုတ်ရမယ်၊ မပြတ်တရစပ် မှတ်နေရမယ်။

## နဂါး ယောဂီကို ရှောင်ကြဉ်

ကုစ္ဆိံ ပူရေတွာ ဠိတအဇဂရသဒိသေ ဝိဿဋ္ဌကာယိက စေတသိက ဝီရိယေ ကုသိတပုဂ္ဂလေ စ ပရိဝဇ္ဇန္တဿာပိ အာရဒ္ဓ ဝီရိယေ ပဟိတတ္တေ ပုဂ္ဂလေ သေဝန္တဿာပိ၊ ဌာနနိသဇ္ဇာဒိသု ဝီရိယုပ္ပါဒနတ္ထံ နိန္နပေါဏပဗ္ဘာရ စိတ္တဿာပိ ဥပ္ပဇ္ဇတိ ဇဝံ ဥပ္ပန္နဿ၊ ပနဿ အရဟတ္တမဂ္ဂေန၊ ဘာဝနာ ပါရိပူရိ ဟောတီတိ ပဇာနာတိ။

ကုစ္ဆိံ-ဝမ်းကို၊ ပူရေတွာ-ပြည့်စေ၍၊ ဌိတအဇဂရသဒိသေ-တည်သော စပါးကြီးမြွေနှင့်တူကုန်သော၊ ဝိဿဋ္ဌကာယိကစေတသိကဝီရိယေ-စွန့်လွှတ်အပ်သော ကာယိကဝီရိယ စေတသိက ဝီရိယရှိကုန်သော၊ ကုသိတ ပုဂ္ဂလေ-ပျင်းရိတွန့်ဆုတ်သော ပုဂ္ဂိုလ်တို့ကို၊ ပရိဝဇ္ဇန္တဿာပိ-ရှောင်ကြဉ်သော ပုဂ္ဂိုလ်၏ သန္တာန်၌ လည်းကောင်း၊ အာရဒ္ဓဝီရိယေ-ကြိုးစား အားထုတ်သော ဝီရိယရှိကုန်သော၊ ပဟိတတ္တေ-ရက်စက်စိတ်ကြံ အဓိဋ္ဌာန်ဖြင့် နိဗ္ဗာန်သို့ စေလွှတ်သော စိတ်ရှိကုန်သော၊ ပုဂ္ဂလေ-ပုဂ္ဂိုလ်တို့ကို၊ သေဝန္တဿာပိ-မှီဝဲ ဆည်းကပ်သော ပုဂ္ဂိုလ်၏သန္တာန်၌လည်းကောင်း၊ ဌာနနိသဇ္ဇာဒိသု-ထိုင်ခြင်း၊ ရပ်ခြင်း စသည်တို့၌၊ ဝါ-ထိုင်ခြင်း၊ ရပ်ခြင်း၊သွားခြင်း၊ အိပ်ခြင်းတို့၌၊ ဝီရိယုပ္ပါဒနတ္ထံ-ဝီရိယဖြစ်ခြင်းငှာ၊ နိန္နပေါဏ ပဗ္ဘာရစိတ္တဿာပိ- ညွတ်ယိမ်း ကိုင်းရှိုင်းသော ပုဂ္ဂိုလ်၏သန္တာန်၌ လည်းကောင်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ- ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်၏။ ဥပ္ပဇ္ဇတိ- ထင်ရှားမသေ့ ဖြစ်ပါပေသတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

ပန- ဆက်၍ ဆိုဦးအံ့၊ ဧဝံ- ဤသို့၊ ဥပ္ပန္နသ- ဖြစ်သော၊ အသ- ထိုဝီရိယသမ္ဗောဇ္ဈင်၏၊ အရဟတ္တမဂ္ဂေန- အရဟတ္တမဂ်ဖြင့်၊ ဘာဝနာပါရိပုရီ- ပွားများခြင်း၏ ပြည့်စုံခြင်းသည်၊ ဟောတိ-ဖြစ်၏၊ ပဇာနာတိ- သိရပါသတည်း။ "သာဓု- သာဓု- သာဓုပါဘုရား"

ဝမ်းပြည့်အောင် စားပြီး မိုက်ကားအောင် အိပ်တဲ့ စပါးကြီးမြွေနဲ့ တူတဲ့ ပုဂ္ဂိုလ်မျိုးကို ရှောင်ရမယ်တဲ့၊ အအိပ်များရင် နဂါးနဲ့ တူတယ်လို့ ပြောရင် နိဗ္ဗာန်သွားမယ် ဆိုနိုင်ပါ့မလား။ "မဆိုနိုင်ပါဘုရား"

* တရားမပွား၊ အအိပ်များ၊ နဂါးယောဂီ ခေါ်ပါသည်။

ဒို့ ယောဂီတွေ နဂါးယောဂီတွေ ဖြစ်နေရင် တရားရပါ့မလား၊ မရဘူး၊ နိဗ္ဗာန်ကို စိတ်လွတ်ပြီးတော့၊ ညွတ်ပြီးတော့ ကြိုးကြိုးစားစား အားကျပြီးတော့ အားထုတ်တဲ့ ပုဂ္ဂိုလ်တွေကို မှီဝဲပါ၊ ရပ်ခြင်း ထိုင်ခြင်းစတဲ့ ဣရိယာပုတ်တွေမှာ လဲပဲ ကြိုးစားအားထုတ်မှု ဝီရိယသမ္ဗောဇ္ဈင် ဖြစ်အောင် ညွတ်ကိုင်းတဲ့ စိတ်နဲ့ ကြိုးစား အားထုတ်ပါ၊ အဲဒီလိုဆိုရင် တရားမရနိုင်ဘူးလား၊ ရနိုင်တယ်၊ အဲဒီ ဝီရိယသမ္ဗောဇ္ဈင်မျိုးတွေဖြစ်နေရင် မဂ်ဖိုလ်နိဗ္ဗာန်ကို ရသွားမှာပဲ။

သုပြဟ္မသုတ္တန် ပန္နရသမပိုင်း ဝီရိယသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားကောင်းတို့ကို ကြားနာရတဲ့ ကုသိုလ်ကံ စေတနာတို့ကြောင့် ဤ တရားတော် အတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေ ကုန်သတည်း။

"သာဓု- သာဓု- သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၆)

### စကားဦး

ဒီနေ့ ရက်စွဲက ၁၃၅၂–ခုနှစ်၊ ဆောင်းဥတု တန်ဆောင်မုန်းလဆုတ် ၂–ရက်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်မွှာရုံတွင် မဟာစည် ယောဂီ ရဟန်းရှင်လူများအား ဘုန်းကြီး ဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန် တရားတော် သောဠသမပိုင်း ဖြစ်ပါတယ်။

### ပဏာမ

### စေတီတော်ဖွင့်ဘုရားရှိခိုး

အမရပူရမြို့၊ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီးရဲ့ ရတနာ့ဂုဏ်ရည် ကျမ်းလာ စေတီတော်ဖွင့် ဘုရားရှိခိုးဖြင့် ဒီတရားပွဲကို ဖွင့်ပါတယ်။

စရံယော ယဒိဝါ တိဋ္ဌံ၊
နိသိန္နော ဥဒဝါသယံ၊
နိဗ္ဗာယံ ဓာတုဘာဝေန၊
ဟိတံ သတ္တာန မာစရေ။

ယောဘဂဝါ– အကြင် ရွှေဘုန်းတော်သခင် ဘုရားရှင်သည်၊ စရံဝါ– သံယာတော်များ ရှေ့တော်ဖျားက ကြွသွားထိုဉ် စက်တော်ချီလျက် လည်း ကောင်း၊ ယဒိဝါတိဋ္ဌံ–မကြွမသွား ရွှေတောင်လားသို့ မားမားမတ်မတ် ရပ်တန့်တော်မူလျက် လည်းကောင်း၊ နိသိန္နောဝါ– ပရိသတ်အလယ် ရောင်ခြောက်သွယ်

ဖြင့် သပ္ပါယ်ထူးထွေ ယိုင်နေတော်မူလျက်လည်းကောင်း၊ ဥဒဝါသယ်-အမေးပုစ္ဆာ ဖြေရှင်းကာဖြင့် ညဉ့်အခါ ကျောင်းပေါ် လျောင်းတော်မူလျက်လည်းကောင်း၊ နိဗ္ဗာယ်- ဝါလေးဆယ့်ငါး သက်တော်အားဖြင့် ကြီးမားလေးဘိ ရှစ်ဆယ်ပြည့်လျက် ပရိနိဗ္ဗာန် စံတော်မူခါနီးသည် ရှိသော်၊ ဓာတုဘာဝေန-နောင်ခါစင်စစ် ကိုးကွယ်ရစ်ဖို့ အနှစ်အမွေ ဓာတ်တော်အနေဖြင့် လည်းကောင်း၊ သတ္တာနံ- သုံးတိုက်ဝေနေ ဗိုလ်ခြေများစွာ သတ္တဝါတို့၏၊ ဟိတံ- လူ့ရွာနတ်ဌာန် နိဗ္ဗာန်အထိ ချမ်းသာရှိကြောင်း ကောင်းသောအစီးအပွားကို၊ အာစရေ- ရင်သွေးရာဟု ပမာရှုလျက် အမှုသင့်စွာ ပြုကျင့်တော်မူခဲ့ပါပေသည် ဘုရား၊ တံ- ဘဂဝန္တံ- သက်တော်ထင်ရှား ထိုမြတ်စွာဘုရားကို၊ အဟံ-အကျွန်ုပ်သည်၊ ဝန္ဒာမိ-ရှိသေမြတ်နိုး လက်အုပ်မိုး၍ ရှိခိုးပူဇော်ပါ၏ မြတ်စွာဘုရား။ "သာဓု- သာဓု- သာဓု"

အဲဒီ သုပြဟ္မသုတ္တန်မှာ ဒီနေ့ ဟောဖို့ အလှည့်ကျတာက ပီတိသမ္မောဈင်ပဲ၊ ဘာအပိုင်း ရောက်သွားပြီလဲ။

"ပီတိသမ္မောဈင် အပိုင်းရောက်သွားပါပြီ ဘုရား"

## ပီတိသမ္မောဈင်

သမ္ပိယာယန လက္ခဏာပီတိ၊ ကာယစိတ္တ ဖရဏရသာ။
ဩဒဂျပစ္စုပဋ္ဌာနာလို့ ပီတိရဲ့ လက္ခဏာရသ ပစ္စုပဋ္ဌာန်ကို ကျမ်းဂန်များမှာ ဒီလိုဆိုထားတယ်၊ အဲဒီ စာဆိုကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက မြန်မာပြန်ပြီးတော့ သိသာရန် ဆောင်ပုဒ်စီထားတယ်၊ ကဲ လိုက်ဆိုကြရမယ်။

၁။ နှစ်သိမ့်ရောင့်ရဲ- ဝမ်းလဲမြောက်သည်၊
ရုပ်ကောင်းရုပ်သန့်- ပျံ့နှံ့စေသည်၊
ကိုယ်စိတ်ပေါ့လျက်- ကြွတက်ထင်သည်၊
မြတ်ပီတိ- မှတ်သိဗောဈင်မည်။

အဲဒါ ဒီပီတိတွေ ဘယ်အချိန်မှာ ဖြစ်ပေါ်ပြီးတော့ လာတတ်ပါသလဲ ဆိုရင်ဖြင့် ဒို့ယောဂီတွေအတွက် သတိပဋ္ဌာန် ဝိပဿနာတရားအလုပ်တွေကို အားထုတ်တဲ့အခါ စိတ္တဝိသုဒ္ဓိ ဖြစ်ပြီးတော့ ရုပ်နာမ် ခွဲခြမ်းပြီး သိတဲ့ အချိန်

သမ္မသနဉာဏ်ပိုင်း၊ ဥဒယဗ္ဗယဉာဏ်ပိုင်းများမှာ ဒီပီတိတွေဟာ ထက်ထက် သန်သန် ဖြစ်ပေါ်ပြီးတော့ လာတတ်ပါတယ်။

## ရုပ်နာမ်ကွဲရင် ကလျာဏ ပုထုဇဉ်

ယတော ယတော သမ္မသတိ၊ ခန္ဓာနံ ဥဒယဗ္ဗယံ။
လဘတိ ပီတိပါမောဇ္ဇံ၊ အမတံ တံ ဝိဇာနတံ။

ယတော ယတော– အကြောင်း အကြောင်းအခါ၌၊ ခန္ဓာနံ– ဥပါဒါနက္ခန္ဓာ တရားငါးပါးတို့၏၊ ဥဒယဗ္ဗယံ– ဖြစ်နေပုံ ပျက်နေပုံကို၊ သမ္မသတိ– မမြဲ ဆင်းရဲသဘောပဲဟု ဉာဏ်ထဲ ရှင်းအောင် ရှုမှတ်ဆောင်၏၊ တတောတတော– ထိုထိုအခါ၌၊ ပီတိပါမောဇ္ဇံ– နှစ်သက် ဝမ်းမြောက်မှုဆိုတဲ့ ဓမ္မပီတိပါမောဇ္ဇကို၊ လဘတိ– ရရှိပါပေ၏၊ တံ– ထိုပီတိပါမောဇ္ဇကို ရခြင်းသည်၊ ဝိဇာနတံ– လောကကို ထောက်တွေးတော့ ကြောက်သွေးစိမ့်စိမ့် ကျောတသိမ့်သိမ့်နဲ့ အေးငြိမ်းစေရန် နိဗ္ဗာန်မျှော်ငြောင်း သတိပဋ္ဌာန် ဝိပဿနာ တရားအလုပ် အားထုတ်ကြတဲ့ သူတော်ကောင်း ယောဂီပုဂ္ဂိုလ်တို့၏၊ အမတံ– ကာမဂုဏ်နှင့် မစပ်ဘဲနှင့် တရားနဲ့သာ ဆက်စပ်သော ပီတိပါမောဇ္ဇ အမြိုက်အရသာကို၊ လဘတိ– ကိုယ်တွေ့မှ ယုံကြည် လက်ခံမည့် မုချ အရကြီး ရပါသတည်း။

"သာဓု– သာဓု– သာဓုပါဘုရား"

ဥပါဒါနက္ခန္ဓာငါးပါးတို့ရဲ့ အဖြစ်အပျက်ဆိုတာဟာ ဒွါရနဲ့ အာရုံ ဆုံတဲ့အခါ ပေါ်တိုင်း ပျောက်ပြီးတော့ နေတဲ့ မြင်မှု၊ ကြားမှု၊ နံမှုစတဲ့ တရားတွေပါပဲ၊ အဲဒီတရားတွေကို မြင်တိုင်းမြင်တယ်၊ ကြားတိုင်း ကြားတယ်၊ နံတိုင်း နံတယ်၊ စားတိုင်း စားတယ်၊ တွေ့ထိတိုင်း တွေ့ထိတယ်၊ စိတ်ကူး တိုင်း စိတ်ကူးတယ်၊ အဲဒီလိုရှုမှတ်ပြီးတော့ နေတဲ့ ယောဂီ၊ အဲဒီယောဂီ စော စောက ပြောခဲ့တဲ့အတိုင်း နီဝရဏငါးမျိုးတွေ ကင်းပြီးတော့ စိတ်ထွက် စိတ် ပျက်တွေ ကင်းပြီးတော့ ရှုမှတ်ရာ ရှုမှတ်ရာ အာရုံမှာသာ သတိကလေးကလဲ ကပ်ခနဲကပ်ခနဲ ဖြစ်လာပြီဆိုရင် (ဖောင်းတာက တစ်ခု၊ သိတာက တစ်ခု)၊ (ပိန်တာက တစ်ခု၊ သိတာက တစ်ခု၊) (ဘယ်လှမ်းတာက တစ်ခု၊ သိတာက တစ်ခု၊) (ညာလှမ်းတာက တစ်ခု၊ သိတာက တစ်ခု)၊ ဒွါရနဲ့ အာရုံ ဆုံလို့ မြင်ရင် မြင်တယ်၊ မှတ်လို့ရှိရင်ဖြင့် မျက်စိနဲ့ အဆင်းက ရုပ်၊ မြင်သိတာလေးက

နာမ်၊ နားနဲ့ အသံက ရုပ်၊ ကြားသိတာလေးက နာမ်၊ အဲဒီလို ရုပ်နာမ်လေးတွေ ကွဲပြီးတော့ လာတယ်။

အဲဒီလို ရုပ်နာမ်လေးတွေ ကွဲပြီးတော့ လာလို့ရှိရင်ဖြင့် ငါ သူတစ်ပါး ယောကျ်ား၊ မိန်းမ မရှိဘူး။ ရုပ်နာမ်မျှသာ ရှိတယ်။

"ရုပ်နာမ်ကွဲရင် သက္ကာယဒိဋ္ဌိစင် ကလျာဏ ပုထုဇဉ်" အဲဒီလို ရုပ်နာမ်ကွဲလာရင် သက္ကာယဒိဋ္ဌိဆိုတဲ့ အမြင်မှားကင်းစင်ပြီးတော့ မျက်စိ ရုပ်နာမ်ကို မြင်သိတဲ့ ဉာဏ်မျက်စိ ရလာတဲ့ ကလျာဏပုထုဇဉ် ဖြစ်တယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား။"

## ဖန်ဆင်းဝါဒပြုတ်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်

အဲဒီကနေ ဆက်မှတ်လို့ အသိဉာဏ် အားကောင်းလာပြီ ဆိုလို့ရှိရင်ဖြင့် သွားချင်၊ ရပ်ချင်၊ ထိုင်ချင်၊ လျောင်းချင်တာက အကြောင်း၊ သွားတာ၊ ရပ်တာ၊ ထိုင်တာ၊ လျောင်းတာက အကျိုး၊ သွားနေ၊ ရပ်နေ၊ ထိုင်နေ၊ လျောင်းနေတာက အကြောင်း၊ သွားတယ်၊ ရပ်တယ်၊ ထိုင်တယ်၊ လျောင်းတယ် လို့ ရှုမှတ်တာက အကျိုး၊ ဖောင်းနေ ပိန်နေတာက အကြောင်း၊ ဖောင်းတယ် ပိန်တယ်လို့ သိတာက အကျိုး၊ မျက်စိနဲ့အဆင်းဆုံတာက အကြောင်း၊ မြင်သိမှု ပေါ်လာတာက အကျိုး၊ ကြောင်းကျိုးတွေကိုကော သိမြင်မလာဘူးလား။

သိမြင်လာပါတယ်ဘုရား။

အကြောင်းနဲ့အကျိုးမျှသာ ရှိတယ်တဲ့– အကြောင်းကြောင့် အကျိုး ဖြစ်တာသာ ရှိတယ်၊ ငါကောင် သတ္တဝါကောင် ဖြစ်ပေါ်လာအောင် ဖန်ဆင်း ပေးနေတဲ့ ငါကောင်၊ အတ္တကောင်၊ ဝိညာဉ်ကောင် မရှိဘူး၊ အသက်ကောင် လိပ်ပြာကောင် မရှိဘူး၊ ထာဝရဘုရားတွေက ဖန်ဆင်းလို့ ဖြစ်လာတာမဟုတ် ဘူး၊ အကြောင်းကြောင့် အကျိုးတွေ ဖြစ်နေတာပဲ ရှိတယ်၊ ဖန်ဆင်းဝါဒ ပြုတ်သွားသည်အထိ အမြင်မှန်တွေကို ရလာတဲ့ သဘောတွေ ပစ္စယပရိဂ္ဂဟ ဉာဏ်၊ ဘာဉာဏ်တဲ့။ "ပစ္စယ ပရိဂ္ဂဟဉာဏ်ပါ ဘုရား။"

အဲဒါကြောင့် "ကြောင်းကျိုးကွဲရင် ဝိစိကိစ္ဆာစင် စူဠသောတာပန်ပင်" အကြောင်းအကျိုးတွေ ကွဲလာလို့ ဝိစိကိစ္ဆတွေ ကင်းစင်သွားရင် ရတနာသုံးပါး တွေအပေါ်မှာ ယုံမှားသံသယတွေ ကင်းပြီးတော့ သွားပြီဆိုလို့ရှိရင်ဖြင့် အဲဒါ စူဠသောတာပန် ခေါ်တယ်တဲ့၊ ဘာခေါ်ပါလိမ့်။

ရုပ္ပသောတာပန် ခေါ်ပါဘုရား။

အဲဒီကနေ အဆင့်တက်၊ တစ်ဆင့်ထက် တစ်ဆင့် ရင့်ကျက်ပြီးတော့ ဆက်လက် အားထုတ်တဲ့အခါ အာရုံရဲ့ အစ အလယ် အဆုံး အကုန်သိသိပြီး လာတယ်၊ ဖောင်းစ၊ ဖောင်းလယ်၊ ဖောင်းဆုံး၊ ပိန်စ၊ ပိန်လယ်၊ ပိန်ဆုံး၊ ပူတဲ့သဘောပေါ်ရင် ပူတာရဲ့အစ၊ ပူတာရဲ့အလယ်၊ ပူတာရဲ့အဆုံး၊ အေးတဲ့ သဘော ပေါ်လာရင် အေးတာရဲ့ အစ၊ အေးတာရဲ့ အလယ်၊ အေးတာရဲ့ အဆုံး၊ မြင်တဲ့သဘောပေါ်ရင် မြင်စ၊ မြင်လယ်၊ မြင်ဆုံး၊ မြင်တယ် မြင်တယ်မှတ်မြင် မြင်တာရဲ့အစ၊ အလယ်၊အဆုံး အကုန်ပေါ့၊ဘာမဆို အစ အလယ် အဆုံး စပေါ်တာကိုရော မှတ်နေတာကိုရော၊ နောက် ပျောက်သွား တာကိုရော အကုန်လုံးကို သိတယ်၊ အဲဒီလိုသိလာပြီဆိုရင်ဖြင့် မမြဲတဲ့တရား တွေ၊ ဆင်းရဲတဲ့တရားတွေ၊ အစိုးမရတဲ့တရားတွေရယ်လို့ သိလာရင် သမ္မသန ဉာဏ်တဲ့၊ ဘာဉာဏ်ပါလိမ့်၊ "သမ္မသနဉာဏ်ပါဘုရား။"

အဲဒီသမ္မသနဉာဏ်ပိုင်းဆိုလို့ ရှိရင်ဖြင့်လဲပဲ ပီတိပဿဒ္ဓိတွေက တော် တော်လေး ဖြစ်လာပြီ၊ ယောဂီတို့ရဲ့သန္တာန်မှာ ဖြစ်လာပြီ။

အဲဒီကနေ အားကောင်းပြီးတော့ အလယ်ပိုင်း တည်တာတောင် မရှိ ဘူး၊ ပေါ်လိုက်၊ ပျောက်လိုက်၊ ပေါ်လိုက် ပျောက်လိုက်၊ ပေါ်တာနဲ့ ပျောက် သွားတာနဲ့ မှတ်သိရင်း မှတ်သိရင်း ပေါ်လာတာနဲ့ ပျောက်သွားတာ နှစ်မျိုးပဲ ရှိတယ်၊ အလယ်ခေါင် မှတ်နေရတာတောင် မရှိဘူး၊ ပူခနဲ ပေါ်လာရင် မှတ်လိုက် ပျောက်သွား၊ ပူတယ်ပူတယ် လေးငါးဆယ်ခွန်းတောင် မှတ်မနေရ တော့ဘူး၊ အေးခနဲ ပေါ်လာ၊ မှတ်လိုက်၊ ပျောက်သွား၊ ရိပ်ခနဲ ပေါ်လာ မြင်တယ်၊ မှတ်လိုက် ပျောက်သွားပြီ၊ မြင်တာလေးက မပျောက်နိုင်လို့ သေး သေး ဝေးဝေး သွားနေတာ၊ ဘာမှမရှိတော့ဘူး၊ မှတ်လိုက်ပျောက်၊ မှတ်လိုက် ပျောက်၊ ဟုတ်လား၊ အဲဒီလို အဖြစ်နဲ့ အပျက် နှစ်မျိုးသာ သိမြင်လာလို့ရှိရင် ဥဒယဗ္ဗယဉာဏ် ခေါ်တယ်၊ ဘာခေါ်ပါလိမ့်။ "ဥဒယဗ္ဗယဉာဏ်ပါဘုရား"

အဲဒီလိုသိလာတော့ ယောဂီက ဩော်–ငါ ငယ်ငယ်ကတည်းက ဗုဒ္ဓ ဘာသာ ဖြစ်လာခဲ့တာ၊ မိဘ ဗုဒ္ဓဘာသာဖြစ်တော့ ငါလဲ ဗုဒ္ဓဘာသာ ဖြစ်လာ ခဲ့တယ်၊ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊ ဓမ္မံသရဏံ ဂစ္ဆာမိ၊ သံဃံသရဏံ ဂစ္ဆာမိလို့ သရဏဂုဏ်(၃)ပါး ဆောက်တည်ပြီးကော့ ဗုဒ္ဓဘာသာဝင် ဖြစ်လာခဲ့တယ်၊

ကုသိုလ်ရှိတယ်၊ အကုသိုလ် ရှိတယ်၊ ကုသိုလ်ပြုရင် ကောင်းကျိုးရတယ်၊ အကုသိုလ်ပြုရင်ဖြင့် ဆိုးပြစ်ခံရတယ်လို့ ငါလဲပဲ သိလာခဲ့တယ်၊ လက်ခံလာခဲ့တယ်။

ရုပ်နဲ့နာမ် (၂)ပါးမျှသာ ရှိတယ်၊ အကြောင်းနဲ့အကျိုး (၂)မျိုးမျှသာ ရှိတယ်၊ အဲဒီ ရုပ်နာမ်ရော– အကြောင်းနဲ့ အကျိုးရော၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေသာ ဖြစ်တယ်၊ ဘာမှ ကိုယ်ပိုင်တာတွေ မဟုတ်ဘူး၊ မြဲတာတွေ မဟုတ်ဘူး၊ ချမ်းသာတာတွေ မဟုတ်ဘူးလို့ လက်ခံခဲ့တာတွေ ကြားသိ သုတမယနဲ့ ငါလက်ခံလာခဲ့တာ၊ အခု တကယ်သိလာတော့၊ တကယ့်ရုပ်နာမ် (၂)မျိုးမျှသာရှိတာပါကလား၊ တကယ် အကြောင်းအကျိုးမျှသာ ရှိတာပါကလား၊ တကယ် အနိစ္စ၊ ဒုက္ခ၊ အနတ္တမျှသာ ရှိတာပါကလား၊ အခု ငါရှုမှတ်ရင်း သိရတွေ့ရတယ်။

သိရသောအားဖြင့် နှစ်ပေါင်း နှစ်ထောင့်ငါးရာကျော်ကာလက ဘုရားဟောခဲ့တဲ့ တရား၊ ဒီနေ့ထိ မပျက်စီးဘဲနဲ့ နည်းမှန် လမ်းမှန်အတိုင်း ရှိနေသေးတယ်၊ ရှိလို့ ငါအခု အမှန်အတိုင်း တွေ့ရတာ ဝမ်းသာစရာ ကောင်းလိုက်တာလို့ ဆင်ခြင်ပြီး ဝမ်းမသာဘူးလား။ "ဝမ်းသာပါတယ်ဘုရား။"

နည်းလမ်းမှန်သော တရားရှိနေသောအားဖြင့် ဒီတရားကို ဟောခဲ့တဲ့ ဘုရားလဲ ပွင့်ခဲ့တယ်ဆိုတာ ဆုံးဖြတ်ချက် ချနိုင်တယ်၊ ဘုရားမဟောခဲ့ရင် ဒီတရား ဘယ်ရှိပါ့မလဲ၊ အခု ငါမှတ်ရှုပြီးတော့ သိမြင်နေတဲ့ အမှန်တရားတွေဟာ ဘုရားဟောခဲ့တာပဲ၊ ဘုရားပွင့်ခဲ့တာပဲ ဆိုတာကိုရော မဆုံးဖြတ်နိုင်ဘူးလား။ "ဆုံးဖြတ်နိုင်ပါတယ်ဘုရား။"

ကောင်းတဲ့ တရားတွေကို လိုက်နာ ကြိုးစား အားထုတ်တဲ့ ယောဂီတွေဟာ သိမြင်ပြီး ကိလေသာ စင်ကြယ်တဲ့ အရိယာတွေ ဖြစ်သွားခဲ့တယ်။ အရိယာတွေ ဖြစ်သွားခဲ့တယ်၊ အရိယာသံဃာဆိုတာ ရှိခဲ့တယ်၊ အဲဒီအကျင့်ကို ကျင့်လို့ ကိုယ့်ပါရမီဉာဏ် ပြည့်စုံရင် ငါလဲ အဲဒီ အရိယာစာရင်းထဲ ဝင်သွားနိုင်တယ်၊ အရိယာ ဖြစ်သွားနိုင်တယ်လို့ မယုံကြည်ဘူးလား။

ယုံကြည်ပါဘုရား။

အဲဒီလို ရတနာသုံးပါးကို ယုံကြည်တယ်၊ အထောက်အထားနဲ့ ကိုယ်တွေ့နဲ့ ယှဉ်ပြီးတော့ ယုံကြည်လာတဲ့အတွက်ကြောင့် ဝမ်းမသာဘူးလား။

ဝမ်းသာပါဘုရား။

## ပီတိငါးမျိုး

အဲဒီဝမ်းသာတဲ့ အခါကျတော့ တစ်ကိုယ်လုံး တစိမ့်စိမ့် တသိမ့်သိမ့်နဲ့ ကြက်သီးမွေးညင်း တဖျင်းဖျင်းထပြီး သေးငယ်စွာ ဖြစ်လာတဲ့ ခုဒ္ဒကာပီတိ။

လျှပ်စစ်လက်သလို တစ်ကိုယ်လုံး စိမ့်စိမ့် စိမ့်စိမ့်နဲ့ ဖြစ်လာတဲ့ ခဏိကာပီတိ။

လှိုင်းလုံးကြီးတွေ လှမ်းမိုးခံရသလို တစ်ရှိန်ရှိန်နဲ့ တစ်ကိုယ်လုံး လှမ်းခြုံ လှမ်းခြုံလာတဲ့ ဩက္ကန္တိကာပီတိ။

ကိုယ်တွေ၊ ခြေတွေ၊ လက်တွေ၊ ခေါင်းတွေ၊ တစ်ကိုယ်လုံးပင် ကြွကြွပြီးတော့ တက်သွားအောင် ဖိန်းရှိန်းသွားလောက်အောင် ဆတ်ဆတ်ခါလောက်အောင် ဖြစ်ပြီးတော့လာတဲ့ ဥဗ္ဗေဂါပီတိ။

ဂွမ်းထဲမှာ ဆီထည့်ထားသလို စိမ့်ပြီးတော့ အေးပြီးတော့ ကောင်းပြီးတော့ ချမ်းသာပြီးတော့နေတဲ့ ဖရဏာပီတိ။

ပီတိတွေ မဖြစ်နိုင်ဘူးလား။

"ဖြစ်ပါတယ်ဘုရား။"

အဲဒီပီတိတွေကို ဝမ်းသာတယ်၊ ချမ်းသာတယ်၊ ဝမ်းသာတယ်၊ ချမ်းသာတယ်၊ စိမ့်တယ်၊ ငြိမ့်တယ်၊ လှုပ်တယ်၊ တုံတယ် စသည်အားဖြင့် မှတ်လိုက်ရင် ဒါတွေကော မြဲသလား။

"မမြဲပါဘုရား။"

မမြဲတာတွေကို သိမြင်ပြီးတော့ ဉာဏ်စဉ်တွေ တိုးသွားမယ်ဆိုရင် ပီတိကို ရှုပြီးတော့ နိဗ္ဗာန်ရောက်နိုင်ပုံကို အဋ္ဌကထာဆရာက အဋ္ဌကထာများမှာ ပြထားတယ်။

ပီတိသမ္ဗောဇ္ဈင် ဖြစ်ပွားအောင် ကြိုးစား အားထုတ်ဖို့ကော အရေးမကြီးဘူးလား။

"ကြီးပါတယ်ဘုရား။"

အဲဒီပီတိသမ္ဗောဇ္ဈင် ဖြစ်ချင်တယ်ဆိုရင်ဖြင့် မြတ်စွာဘုရားက ဟောထားတဲ့ သတိပဋ္ဌာန်တရားကို ကြိုးစားအားထုတ်ပါ၊ အဲဒီပီတိ ဖြစ်ချင်ရင် ဘယ်လိုပွားရမယ်ဆိုတာ သတိပဋ္ဌာန်အဋ္ဌကထာမှာ ဒီလိုဆိုထားတယ်။

## ပီတိသမ္ဗောဇ္ဈင် ဖြစ်ချင်ရင် ဒီ(၁၁)ပါးကို ပွား

အပိစ ဧကာဒသဓမ္မာ ပီတိသမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ ဗုဒ္ဓါနုဿတိ၊ ဓမ္မ သံဃ သီလ စာဂ ဒေဝတာနုဿတိ ဥပသမာ နုဿတိ လူခပုဂ္ဂလ ပရိဝဇ္ဇနတာ သိနိဒ္ဓပုဂ္ဂလ သေဝနတာ ပသာဒနီယသုတ္တန္တ ပစ္စဝေက္ခဏတာ၊ တဒဓိမုတ္တတာတိ။

အပိစ အပရော–တစ်ပါးသော၊ နယော–နည်းကို၊ မယာ– ငါသည်၊ ဝုစ္စတေ–ဆိုဦးအံ့။ ဗုဒ္ဓါနုဿတိ–အရဟာတာ စသော မြတ်စွာဘုရား ဂုဏ်တော်ကိုးပါးကို အဖန် တလဲလဲ အောက်မေ့ခြင်း လည်းကောင်း၊ ဓမ္မာနုဿတိ–သွာက္ခာတတာ စသော တရားတော်ဂုဏ်တော်ခြောက်ပါးကို အဖန် တလဲလဲ အောက်မေ့ခြင်းလည်းကောင်း၊ သံဃာနုဿတိ–သုပ္ပဋိ ပန္နတာ စသော သံဃာတော်ဂုဏ်ကိုးပါးကို အဖန်တလဲလဲ အောက်မေ့ခြင်း လည်းကောင်း၊ သီလာနုဿတိ– မိမိသီလ၏ အစ လအစရှိသော ဂုဏ်ကို အဖန်ဖန်အမှတ်ရခြင်း လည်းကောင်း၊ စာဂါနုဿတိ–မိမိစွန့်ကြဲခြင်းဂုဏ်ကို အဖန်ဖန်အမှတ်ရခြင်း လည်းကောင်း၊ ဒေဝတာ နုဿတိ–သဒ္ဓါစသောဂုဏ်နှင့် ပြည့်စုံသော နတ်တို့သည် နတ်၏အဖြစ်သို့ ရောက်ကုန်၏၊ ထိုသဒ္ဓါစသောဂုဏ်တို့သည် ငါ၌လည်း ရှိကုန်၏ဟု နတ်တို့ကို သက်သေအရာ၌ထား၍ နတ်တို့၏သဒ္ဓါစသောဂုဏ်နှင့် တူသော၊ မိမိ၏သဒ္ဓါစသောဂုဏ်ကို အဖန်တလဲလဲ အောက်မေ့ခြင်းလည်းကောင်း၊ ဥပသမာနုဿတိ–နိဗ္ဗာန်၏ငြိမ်းမှုသန္တဘာဝဂုဏ်ကို အဖန် တလဲလဲ အောက်မေ့ခြင်းလည်းကောင်း၊ လူခပုဂ္ဂလပရိဝဇ္ဇနတာ–ကြမ်းတမ်းသော၊ ဝါ–ဒေါသများသော ပုဂ္ဂိုလ်ကို ကြဉ်ခြင်းရှိသူ၏အဖြစ်လည်းကောင်း၊ သိနိဒ္ဓပုဂ္ဂလ ဒသေဝနတာ– သိမ်မွေ့နူးညံ့သော ပုဂ္ဂိုလ်ကို မှီဝဲခြင်းရှိသူ၏အဖြစ် လည်းကောင်း၊ ပသာဒနီယ သုတ္တန္တ ပစ္စဝေက္ခဏတာ– ကြည်ညိုဖွယ် ကောင်းသော သုတ္တန်ကို ဆင်ခြင်ခြင်းရှိသူ၏အဖြစ်လည်းကောင်း၊ တဒဓိမုတ္တတာ– ထိုပီတိသမ္ဗောဇ္ဈင်ကို ဖြစ်ဖို့ရန် စွဲစွဲမြဲမြဲရှိသူ သက်ဝင်သူ၏အဖြစ်လည်းကောင်း၊ ဣတိ–ဤသို့၊ ဧကာဒသ–တစ်ဆယ့်တစ်ပါးကုန်သော၊ ဓမ္မာ–တရားတို့သည်၊ ပီတိသမ္ဗောဇ္ဈင်္ဂဿ–ပီတိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒါယ– ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ– မုချမသွေ ဖြစ်ကြပါပေသတည်း။ "သာဓု– သာဓု– သာဓု"

ပီတိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း အင်္ဂါ(၁၁)ပါး ရှိတယ်၊ဘယ်နှစ်ပါးလဲ။
(၁၁)ပါးရှိပါဘုရား၊ ကဲ ဆိုပါဦး။

ရတနာသုံးစုံ၊ သီလဂုဏ်၊ စွန့်ပုံ အောက်မေ့ပါ။

အဲဒါက တစ်ခု၊ ပီတိသမ္ဗောဇ္ဈင် ဖြစ်စေချင်လို့ ရှိရင် ဘုရားဂုဏ် အောက်မေ့ဆင်ခြင်၊ တရားဂုဏ်ကို အောက်မေ့ ဆင်ခြင်၊ သံဃာဂုဏ်ကို အောက်မေ့ဆင်ခြင်ပါ၊ မိမိဆောက်တည် စောင့်ထိန်းထားတဲ့ သီလ စင်ကြယ်ပုံကို အောက်မေ့ ဆင်ခြင်ပါ၊ မိမိလှူဒါန်းခဲ့သမျှ ဝမ်းမြောက်ဖွယ်ရာတွေကို တွေးပြီး တော့ ဆင်ခြင်ပါ၊ အဲဒီလို ဆင်ခြင်ရင် ပီတိတွေ ဖြစ်နိုင်ပါတယ်။

"ဗုဒ္ဓဂုဏေ အနုဿရန္တဿာပိ ဟိ ယာဝ ဥပစာရာ သကလသရီရံ ဖရမာ နော ပီတိသမ္ဗောဇ္ဈင်္ဂေါ ဥပ္ပဇ္ဇတိ၊ ဓမ္မသံဃဂုဏေ အနုဿ ရန္တဿာပိ"

ဟိဝိတ္ထာရရေမိ–ချဲ့ဦးအံ့၊ ဗုဒ္ဓဂုဏေ–ဘုရား၏ဂုဏ်ကျေးဇူးတို့ကို၊ အနုဿ ရန္တဿာပိ– အဖန်ထပ်တလဲလဲ အောက်မေ့သော ပုဂ္ဂိုလ်အားလည်း၊ ယာဝ ဥပစာရာ– ဥပစာရဈာန်တိုင်အောင်၊ ပီတိသမုဋ္ဌာနေဟိ– ပီတိလျှင် ဖြစ်ကြောင်း ရှိကုန်သော၊ ပဏီတရူပေဟိ–မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့်၊ သကလသရီရံ– ကိုယ်အလုံးကို၊ ဖရမာနော–နှံ့စေလျက်၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ– ပီတိသမ္ဗောဇ္ဈင် သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဓမ္မသံဃဂုဏေ–တရားသံဃာဂုဏ်တို့ကို၊ အနုဿရန္တ ဿာပိ–အဖန်ဖန် တစ်လဲလဲ အောက်မေ့သောပုဂ္ဂိုလ်အားလည်း၊ ယာဝဥပစာ ရာ–ဥပစာရဈာန် တိုင်အောင်၊ ပီတိသမုဋ္ဌာနေဟိ– ပီတိကြောင့် ဖြစ်ကုန်သော၊ ပဏီတရူပေဟိ–မွန်မြတ်သောရုပ်တို့ဖြင့်၊ သကလသရီရံ– အလုံးစုံသောကိုယ်ကို၊ ဖရမာနော–ပြန့်နှံ့ကုန်လျက်၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ– ပီတိ သမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

အဲဒီတော့ ဘုရားဂုဏ်ကို အာရုံပြုဆင်ခြင်မိလို့၊ ဘုရားဆိုတာ လောက မှာ ထင်ရှားပွင့်တယ်၊ ဘုရား ပွင့်လာလို့ ရှိရင်ဖြင့် အဝိဇ္ဇာကိလေသာ အမိုက် မှောင်အပူတွေရှင်းပြီးတော့ ဝိဇ္ဇာဉာဏ်အလင်းရောင် ငြိမ်းချမ်းမှုဆိုတဲ့ တရား ချမ်းသာတွေရအောင် ဟောပြတဲ့ဘုရား၊ အဲဒီဘုရားကို အမှီပြုပြီးတော့ သတ္တဝါ အားလုံး ချမ်းသာနိုင်တယ်လို့ အဲဒီလိုကြည်ညိုပြီးတော့ အရဟံစတဲ့ ဘုရား

ဂုဏ်တော်တွေကို ဆင်ခြင်ရင်လဲပဲ ပီတိတွေ ဖြစ်ပေါ်လာပါတယ်၊ ဘာတွေ ဖြစ်ပေါ်လာတယ်။ "ပီတိတွေပါဘုရား။"

## သာတာဂိရိနဲ့ဟေမဝတ တွေ့ဆုံကြ

ဒို့တရားနာ ပရိသတ်တွေ ကြားဖူးကြတဲ့ ဒီမြတ်စွာဘုရား ဓမ္မစကြာ တရားဦးဟောတဲ့ည၊ ဓမ္မစကြာ တရားဦးဟောတဲ့ မဟာသက္ကရာဇ်(၁၀၃) ခု ဝါဆိုလပြည့်ည၊ တရားနာ ပရိသတ်ထဲက သာတာဂိရိဆိုတဲ့ နတ်ဘီလူးက တရားပွဲမှာ သူ့သူငယ်ချင်း ဟေမဝတနတ်ဘီလူး မပါဘူးဆိုတာ သိတဲ့အတွက် ကြောင့် တရားနာခေါ်ရန် တရားတစ်ဝက်တစ်ပျက်နဲ့ နတ်တို့ရဲ့ ကမ္မ ဇိဒ္ဓိတန်ခိုးနဲ့ ကောင်းကင်က ပျံသွားတယ်၊ ဟိမဝန္တာတောင်ဆီကို လိုက်သွားတယ်။

ဟိမဝန္တာတောင်ဝန်းကျင်မှာလဲပဲ ဘုရားရဲ့ တရားဦးပွဲကို ပူဇော်တဲ့ အနေနဲ့ တစ်တောလုံး၊ တစ်တောင်လုံး ပန်းစုံပွင့်ဖူးနေတာကို တွေ့ရတဲ့အတွက် ဟေမဝတနတ်ဘီလူးက သူ့သူငယ်ချင်း သာတာဂိရိနတ်ဘီလူးကို တောတောင် ကြည့်ရန် ခေါ်ဖို့ ကောင်းကင်ကနေ လာတယ်၊ သူတို့နတ်ဘီလူး အုပ်စုနှစ်ခုဟာ ရာဇဂြိုဟ်မြို့ပေါ် ကောင်းကင်တွင် ဆုံမိကြတယ်၊ ဆုံမိတဲ့အခါကျတော့ "ဟာ သူငယ်ချင်း ငါ မင်းဆီ လာတာ"

"ဟာ ငါကလဲ မင်းဆီ လာတာ"

" ဘာကိစ္စတုံး "

"အိုတစ်သက်နဲ့တစ်ကိုယ် ဟိမဝန္တာတောတောင်တစ်ခွင်မှာ ဒါလောက် တောင် ပန်းစုံတွေ ပွင့်ဖူးပြီးတော့ ကြည်နူးဖွယ်ကောင်းတာ ငါ တစ်ခါမှ မတွေ့ဖူးဘူး၊ ထူးလွန်းလို့ မင်းကို ပြချင်လို့ ငါလာခေါ်တာ" ဟေမဝတ နတ်ဘီလူးက ပြောတော့

"သာတာဂိရိနတ်ဘီလူးက အောင်မယ်လေး ဒါများ ဆန်းသလားဟ "

"တစ်သက်မှ ဒီတစ်ခါ ပွင့်တာဆန်းတာပေါ့။"

"မင်းကလဲ ဟိမဝန္တာတောတောင်မှာသာ ဒီလိုဖြစ်တယ် ထင်သလား။ ဒီကနေ ဟိုဟိုဒီဒီ ဝန်းကျင်ကြည့်စမ်းပါဦး။"

"ဟာ–ဟုတ်ပ "

"ဟာ–မင်းဘယ်လောက်များ ထူးတယ်ထင်သလဲ၊ မင်း မြင်နိုင် သလောက် နတ်တန်ခိုးနဲ့ ဟောဒီလောကကြီးကို ကြည့်စမ်း "

"ဟာ–တစ်လောကလုံး ဒီလိုဖြစ်နေတာပါလား၊ အဲဒါ ဘာကြောင့်တုံး၊ မင်း သိလား"

"မသိပါဘူးကွာ"

"အဲဒါ တခြားကြောင့် မဟုတ်ဘူး သူငယ်ချင်း။"

လပြည့်စက်ဝန်း၊ တက်ထွန်းစင်ကြယ်၊
ပန်းစုံဖူးပွင့်၊ နတ်မြင့်ပျော်ဘွယ်၊
ရှင်ဂေါတမ၊ မည်ရမျိုးနွယ်၊
ဒို့ဘုရား၊ ခုသွားဖူးစို့ကွယ်။

ဝါဆိုလပြည့်ညကြီးဆိုတော့ လပြည့်ညထွက်တဲ့ လကြီးကလဲပဲ ဝိုင်းဝိုင်း စက်စက် သိပ်ပြီးတော့ ကြည်နူးဖွယ်ကောင်းတယ်၊ အဲဒီဣသိပတန အမည်ရတဲ့ မိဂဒါဝုန်တောမှာ မြတ်စွာဘုရား ပွင့်ပြီး တရားဦးဟောနေတဲ့ပွဲ ရှိတယ်၊ ဒီလရောင်ဝင်းဝင်းထိန်နေတဲ့ ညကြီးမှာ ဘုရားရဲ့နီလ,ပီတ,လောဟိတ, ဩဒါတ, မဉ္ဇိဋ္ဌ, ပဘာဿရခေါ်တဲ့ ရောင်ခြည်တော်ခြောက်သွယ်တွေကလဲ ကွန့်မြူးနေလို့ ကြည်နူးဖွယ်ကောင်းနေတယ်။

အဲဒီ တရားဦးပွဲကိုလာပြီးတော့ နာကြားတဲ့ ကုဋေကုဋာများစွာသော နတ်ဗြဟ္မာတွေရဲ့ အရောင်အဝါတွေကလဲ ထိန်ထိန်ညီးနေတယ်။

လရောင်ကလဲ ထွန်းထိန်နေတယ်၊ ဘုရားရဲ့ရောင်ခြည်တော် ခြောက်သွယ်ကလဲ ထွန်းထိန်နေတယ်၊ နတ်ဗြဟ္မာတွေရဲ့ကိုယ်ရောင်ကိုယ်ဝါတွေကလဲ ထွန်းထိန်ပြီးတော့နေတယ်၊ အင်း–ပန်းစုံတွေကလဲ ပွင့်ဖူးပြီးတော့ နေတယ်၊ သူငယ်ချင်း မင်းကို ဘုရားဖူးပြီး တရားနာစေချင်တဲ့အတွက် ငါလာခေါ်တာ၊ ကဲ–သွားကြစို့လားလို့ သာတာဂီရိနတ်ကခေါ်တာ၊ ဘယ်သူက ခေါ်တာတဲ့။

"သာတာဂီရိနတ်ကခေါ်တာပါဘုရား။"

အဲဒီတော့ ဟေမဝတနတ်ဘီလူးက ဘုရားပွင့်တယ်ဆိုတာ ကြားတော့ ငါ သိပ် ဝမ်းသာပါတယ်ကွာ၊ ဒါပေမယ်လို့ လောကမှာ ဘုရားပွင့်တယ်ဆိုတဲ့ ကောလာဟလအကြောင်းပြုပြီးတော့ မက္ခလိ ဂေါသာလ၊ ပုရာဏကဿပ၊ သဉ္စယဗေလဋ္ဌပုတ္တ၊နိဂဏ္ဌနာဋပုတ္တ စတဲ့ ဒိတ္ထိဆရာကြီးတွေကလဲ သူတို့က ဘုရားလို့ ကြွေးကြော်ပြီးတော့ လူတွေပေါ် အမြတ်ထုတ်ပြီးတော့ တပည့်စုပြီး တော့ နေကြတာတွေလဲ ရှိတယ်၊ ဘုရားမှားနဲ့တွေ့ရင်လဲ ဒုက္ခပဲ၊ မင်းတွေ့တဲ့

ဘုရားဟာ အစစ် ဟုတ်ရဲ့လား၊ ဘုရားဆိုရင် ကာယကံ စင်ကြယ်ရတယ်၊ ကာယဒုစရိုက် သုံးပါး စင် ကြယ်ရတယ်၊ ဝစီဒုစရိုက်လေးပါး စင်ကြယ်ရတယ်၊ မနော ဒုစရိုက်သုံးပါး စင်ကြယ်ရတယ်၊ မင်းတွေ့တဲ့ဘုရားက ဒီအင်္ဂါတွေနဲ့ ပြည့်စုံရဲ့လား ၊(ပြည့်စုံပါတယ်ကွာ)၊ မင်းနဲ့ငါ ကဿပဘုရားလက်ထက်တုန်းက ပိဋကသုံးပုံ တတ်ကျွမ်းခဲ့တဲ့ ပုဂ္ဂိုလ်တွေ ဖြစ်ခဲ့တာပဲ၊ ငါလဲပဲ ဒီပရိယတ်အသိနဲ့ နှိုင်းကြည့်နိုင်ပါတယ်၊ တကယ်ကို ဘုရားအစစ်ပါ။

၁။ ကိုယ်ရောနှုတ်ရော၊ မနောစင်ကြယ်၊
ဝိဇ္ဇာစရဏ၊ စုံလှပေတယ်၊
ရှင် ဂေါတမ၊ မည်ရမျိုးနွယ်၊
ဒို့ ဘုရား၊ ခသွားဖူးစို့ကွယ်။

ဆိုပြီးတော့ သာတာဂီရိကခေါ်တာနဲ့ ဟေမဝတနှင့်အတူ နတ်နှစ်ပါး ဦးစီးတဲ့ နတ်ဘီလူးအုပ်စုနှစ်စုလုံး တရားဦးပွဲ သွားပြီးတော့ ဘုရားဖူး၊တရား နာကြလို့ သူတို့ သောတာပတ္တိမဂ်ဖိုလ်ဉာဏ်ကို ရပြီး နတ်ဘီလူး ဖြစ်ကြသော်လဲပဲ အဆင့်အတန်း တက်ပြီးတော့ သောတာပန် ဖြစ်သွားကြတယ်၊ မဟုန်ဘူးလား။

"ဟုန်ပါတယ်ဘုရား။"

## ဗုဒ္ဓသတင်းကြားရုံနဲ့ မယ်ကာဠီ သောတာပန် ဖြစ်သွား

အဲဒီ နတ်ဘီလူးနှစ်ဦး ဘုရား၊တရား ဆွေးနွေးတဲ့ စကားကို နတ်ဘီလူးနှစ်ဦးရဲ့ အောက်တည့်တည့်မှာရှိတဲ့ အိမ်အပေါ်ထပ်မှာရှိတဲ့ ရာဇဂြိုဟ် သူဌေးရဲ့သမီး မယ်ကာဠီ ဆိုတာကလဲ ကိုယ်ဝန်ကြီးနဲ့၊ကိုယ်ဝန်ကိုဆောင်ရင်း နွေနဲ့မိုး စပ်ကူးမတ်ကူး ဥတု ကြမ်းလွန်းတော့ ပြူတင်းပေါက်တွေ ဖွင့်ပြီးတော့ လေညင်းခံနေတာကိုး၊ ကောင်းကင်က နတ်နှစ်ပါးပြောလိုက်တဲ့စကား ကြား လိုက်တော့ ဘုရားပွင့်တယ်လဲ ကြားလိုက်ရော ဝမ်းသာလိုက်တာ။

လောကတွင် အမှောင်တွေ ကင်းပြီး အလင်းတွေ ဆောင်တော့မယ်၊ အပူတွေ ငြိမ်းပြီး အအေးတွေ့ရတော့မယ်၊ လောကကြီးမှာ အသိဉာဏ်တွေ ရကြတော့မယ်၊ ဘုရားပွင့်တယ်ဆိုတာဖြင့် သိပ်ပြီးတော့ ကံထူးတာပဲလို့၊ အဲဒီလို ကိုယ်ဝန်နဲ့ မယ်ကာဠီက အိမ်ပေါ်ကနေ နတ်သားနှစ်ပါး ပြောတဲ့ စကားကြားပြီးတော့ ပီတိ သိမ့်ခနဲ သိမ့်ခနဲ ဖြစ်နေတယ်။

ပီတိတွေ ဖြစ်လိုက်တာ စောစောကပြောတဲ့ ငါးမျိုးသော ပီတိ တစ်ကိုယ်လုံး တသိမ့်သိမ့် တစိမ့်စိမ့် တငြိမ့်ငြိမ့်နဲ့ တအိအိနဲ့၊ ငြိမ်းအေးပြီးတော့ ချမ်းသာတဲ့ ပီတိတွေဖြစ်လာတော့“ဝမ်းသာစိတ်ကို ဝမ်းသာတယ်၊ချမ်းသာတဲ့ ပီတိဇရုပ်တွေကိုလဲပဲ ချမ်းသာတယ်” မှတ်တယ်၊ အဲဒါကို မှတ်တဲ့ အခါကျတော့ ဝမ်းသာတာလဲ ပေါ်ပြီး ပျောက်၊ ဝမ်းသာတယ်လို့ ရှုမှတ်တဲ့ သတိလဲ ပေါ်ပြီး ပျောက်တယ်၊ မှတ်ပြီး ပျောက်တယ်၊ ချမ်းသာတာလဲ ပေါ်ပြီးပျောက်တယ်၊ ချမ်းသာတယ်လို့ မှတ်တဲ့သတိလဲ ပေါ်ပြီး ပျောက်တယ်၊ ပီတိတွေ ပေါ်ပျောက်သွားတာ တွေ့ဖူးကြလား။ “တွေ့ဖူးပါတယ်ဘုရား။”

ရှုမှတ်ဆဲမှာ ပေါ်လာပြီးနောက် ပျောက်သွားတာကို တွေ့ရ၍ မမြဲဟု သိတာက အနိစ္စာနုပဿနာဉာဏ်၊ ဘာဉာဏ်ဖြစ်ပါလဲ။

“အနိစ္စာနုပဿနာဉာဏ်ပါဘုရား။”

အနိစ္စမြင်တော့၊ ဒုက္ခထင်သည်၊
ဒုက္ခထင်တော့၊ အနတ္တမြင်သည်၊
အနတ္တမြင် နိဗ္ဗာန်ခွင်၊ ပြေးဝင်ဆိုက်ရောက်သည်။
နိဗ္ဗာန်မြင်က အပါယ်မှ၊ မုချလွတ်မြောက်သည်။

ဆိုတဲ့အတိုင်း မယ်ကာဠီ သောတာပန်ဖြစ်သွားတယ်၊ ပရိသတ်များ ဒီတရားကို နာကြားပြီးသားတွေ ဖြစ်ပေမယ့် တိုက်ဆိုင်တော့ ထပ်ပြောရတာပဲ။

ဗုဒ္ဓဘုရားပွင့်တယ်ဆိုတဲ့သတင်းကြားတာလေးနဲ့ ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီဖြန်းပြီး ရထားတဲ့ ပီတိကို ဝိပဿနာရှုခြင်းကြောင့် သောတာပန် ဖြစ်သွားတယ်၊

ဘာကြောင့် သောတာပန် ဖြစ်သွားတာလဲ။

“ဝိပဿနာရှုလို့ပါဘုရား။ ”

ဝမ်းသာဖို့မကောင်းဘူးလား၊ “ကောင်းပါဘုရား။”

တရားကို အာရုံပြုပြီးတော့ ပီတိသောမနဿတွေ ဖြစ်တယ်၊အဲဒီ ပဥ္စဝဂ္ဂီ ငါးဦးတို့၊ တရားဦးနာတဲ့ နတ်ဗြဟ္မာတို့၊ သာတာဂိရိနဲ့ ဟေမဝတ နတ်ဘီလူးတို့လဲပဲ တရားဦးနာရင်း တရားအပေါ် သဘောကျပြီး ဝမ်းမြောက် ဝမ်းသာဖြစ်ပြီးတော့ တစ်ကိုယ်လုံး တသိမ့်သိမ့် တစိမ့်စိမ့် ဖြစ်လာတဲ့ ပီတိ ပဿဒ္ဓိတွေကို ရှုမှတ်ရင်း သူတို့လဲပဲ တရားထူးတရားမြတ်တွေကို ရကြတယ်။

သံဃာ့ဂုဏ်ကိုအာရုံပြုပြီးတော့ ပီတိပဿဒ္ဓိတွေကို ဝိပဿနာရှုလို့ တရားထူး ရသွားကြတယ်ဆိုတဲ့ သာဓကဝတ္ထုတွေလဲ များစွာ ရှိတယ်။

## ကျားဆွဲတာတောင် မအော်မိ

သီလ၊ သီလနဲ့ပတ်သက်ပြီးတော့လဲ ဒို့တရားနာ ပရိသတ်တွေ ကြားဖူးကြတဲ့ သံဃာတော်သုံးကျိပ် တောထဲသွားပြီးတော့ သစ်ပင်တစ်ပင်မှာ ကိုယ်တော်တစ်ပါးကျ ထိုင်နေပြီး တရား အားထုတ်နေကြတယ်၊ တရားအားထုတ်နေကြတဲ့အခါမှာ ညကျတော့ ငိုက်တာပေါ့၊ ငိုက်နေတဲ့ ရဟန်းတစ်ပါးတစ်ပါးကို ကျားက ဆွဲ ဆွဲစားသွားတယ်၊

ဒို့ယောဂီတွေ ကြားဖူးကြတယ်၊ ငိုက်ငိုက်နေတဲ့ ယောဂီတွေ ရဟန်းတစ်ပါးတစ်ပါးကို ဘာဆွဲဆွဲသွားတုံး၊(ကျားကဆွဲဆွဲသွားပါတယ်ဘုရား)၊ ငါ့ယောဂီတွေ ငိုက်တုန်းလာဆွဲရင်တော့ အကုန်ကုန်မယ် ထင်တယ် နော်၊ သတိထားကြ၊ ရိပ်သာမှာတော့ ကျားက မရှိပါဘူး၊ အေး ငိုက်နေတုန်း ဆွဲဆွဲစားသွားတာ(၁၅)ရက်ကြာတော့ (၁၅) ပါးကုန်သွားရော၊ အဲဒီတော့ ဥပုသ်ပြုတဲ့အခါ သံဃာရေတွက်ကြည့်တော့ တစ်ဝက်လျော့နေတယ်၊ မထေရ်ကြီးက မေးတယ်၊"ဘာဖြစ်လို့ သံဃာလျော့နည်းသွားလဲ"တဲ့၊ ကျားဆွဲခံရလို့ ပျံတော်မူကုန်တာပါဘုရား၊ ဟင်–မအော်ဘူးလား၊ အော်ရင် ဘေးကယောဂီတွေ ကြားပြီးတော့ သူတို့ သမာဓိ ပျက်ပြီး တရားပျက်မှာ စိုးလို့ စောင့်ထိန်းပြီးတော့ အသံမပြည်အောင် လိုက်ပါသွားတယ်တဲ့၊ မယုံနိုင်လောက်အောင် ဖြစ်ရပ်တွေပါပဲ၊ သည်းခံနိုင်လွန်းတဲ့ အရှင်မြတ်တွေပဲ၊ သူတစ်ပါးမှာ သမာဓိပျက်မှာ စိုးရိမ်လို့တဲ့၊ ကြည်ညိုစရာ ကောင်းလိုက်တာ–ကြည်ညိုစရာ မကောင်းပေဘူးလား။

ကောင်းပါတယ်ဘုရား ။

ယောဂီစည်းကမ်းကို စောင့်နိုင်လွန်းတာမို့ ကြည်ညိုဖို့ သိပ်ကောင်းတာပဲ၊ တချို့ ဝီရိယကောင်းတဲ့ ယောဂီတွေက ခေါင်းလောင်း မခေါက်ခင်လေး၊ ခေါင်းလောင်းခေါက်ခေါက်ချင်း အပေါ်ရောက်ပြီးတော့ ထိုင်ပြီး တရား မှတ်လို့ (၁၅)မိနစ်လောက် တော်တော်လေးအရှိန်ရလာခါ ရှိသေးတယ်၊ အဲဒါဝီရိယနည်းတော့ နောက်မှ ဒရောသောပါးလာပြီးတော့ ကြမ်းတွေလဲ ဂျမ်းဂျမ်

ဂျမ်းဂျမ်းနဲ့နင်းပြီး နောက်ကနေ ဖုန်ခါလိုက်တော့ ဖုန်းတုန်းနဲ့၊ ခါလိုက်တာ ရေ့ကမှတ်နေတဲ့ယောဂီမှာ ဖုန်းထိုးပြီးတော့ သာမာဓိတွေ ပျက်ကုန်ရောနော်၊ အသံတွေ ဘာတွေ မပြည့်အောင် သူများ အားထုတ်နေရင် အသံ မပြည့်အောင် ကိုယ့်အမှတ်ကလေးနဲ့ ကိုယ်ရှုမှတ်နေတတ်ဖို့ အရေးမကြီးဘူးလား၊

"ကြီးပါဘုရား။"

ကျွားပါဘုရား၊ ကျွားပါဘုရား

အဲဒီလိုပဲ လိုက်ပါသွားကြတယ်ဆိုတော့၊ အသက်အန္တရာယ်ရှိရင်တော့ အော်စတမ်းလို့ မယောရ်ကြီးက ခြွင်းချက်ထား ခွင့်ပြုလိုက်တယ်၊ အမိန့် ထုတ်လိုက်တယ်ဆိုပါတော့၊ အဲဒီလို ကတိကဝတ် ခြွင်းချက်ထားလိုက်တဲ့အခါ နောက်တစ်ည ဒီလိုပဲ တရားအလုပ်အားထုတ်တော့ ညရောက်တော့ ငိုက်တယ်၊ ငိုက်တော့ အင်း ယောဂီရဟန်းတစ်ပါးကို ကျွားဆွဲတယ်၊ ကျွားဆွဲတော့"ဗျာ့ ဘန္တေ –ကျွားပါဘုရား၊ ကျွားပါဘုရား" လို့ တစ်ခါတည်း ကိုယ်တော်လေးက အော်လိုက်တာကိုး။

## လက်လျှော့ကြရပြီ

ဒီတစ်ခါတော့ အော်လိုက်ပြီ၊"အော်နိုင်တယ်" လို့ခွင့်ပြုထားတာကိုး၊ အဲဒီလို အော်လိုက်တဲ့အခါကျ ထိတ်လန့်ပြီးတော့ တချို့ကိုယ်တော်တွေလဲ မျက်စိတွေ ဘာတွေ ဖွင့်လာပြီးတော့ ဟ –ဘာဖြစ်တာတုံး ၊ ဘာဖြစ်တာ တုံး ဆိုပြီးတော့၊ တောင်ဝှေးတို့ မီးစည်း မီးတုတ်တို့ ယူပြီးတော့ လွတ်ရာ လွတ် ကြောင်း လိုက်ကြတာ၊ လိုက်တော့ ကျွားက လည်ကုတ်ကို ကိုက်ထားပြီး ဟိုဘက်ကမ်း တစ်ခါတည်း ကူးသွားလိုက်တာ၊ ကမ်းပါးပြတ်ကြီးတွေ လွန် သွားတော့ ကိုယ်တော်တွေလဲ ဒီဘက်ကနေ ဘယ့်နှယ်မှ မတတ်နိုင်၊ အစ ကတည်းက ကျွားချီထားရာမှ လွတ်ရာလွတ်ကြောင်းရည်ရွယ်ချက်နဲ့ တားဆီး ကြ လိုက်ကြတာ၊ သတ်ဖို့ ညှဉ်းဆဲဖို့ စိတ်ကူးမှမပါဘဲ၊ ဟိုဖက် ရောက်တော့ ကျောက်ဖြာပေါ်မှာ ပက်လက်လှန်ထားပြီးတော့ ကျွားက စားတော့မယ် လုပ် ခါနီး ဒီဘက်က ရဟန်းတွေက လှမ်းအော် သတိပေးတဲ့ အသံကို ကျွားချီခံရ တဲ့ ရဟန်းက ကြားလိုက်တယ်။

## သီတင်းသုံးဖော်များရဲ့ နောက်ဆုံးသတိပေးစကား

"ငါ့ရှင်–တရားမမှတ်ဘဲ နေရင်လဲ ကျားစားပြီး သေမှာပဲ၊ တရားမှတ်နေရင်လဲ ကျားစားပြီး သေမှာပဲ၊ အဲဒီတော့ သေမယ့် အတူတူ အမှတ်မပါဘဲနဲ့ အသေခံမလား၊ အမှတ်နဲ့ အသေခံမလား၊ သင်ချင်းစားကြည့်စမ်း" ဆိုတော့ တရားကို ရှုမှတ်တတ်နေတော့ ကြောက်တဲ့စိတ်၊ နာတဲ့ဝေဒနာတွေကို ထိထိမိမိ ရှုမှတ်နေတယ်၊ ကျားကိုက်တာကို မထိတ်လန့်ဘူးပေါ့။

## နှလုံးသား မစားခင် ရဟန္တာဖြစ်

အဲဒီလိုတရားရှုမှတ်တော့ မိမိရဟန်းဝတ်တဲ့နေ့က စပြီးတော့ သီလတွေ မပေါက်မကျိုး စင်ကြယ်ပြီးတော့ ဘောင်ရှေ့ကယ်ဆိုတာကိုလဲ ဖျတ်ခနဲ အတွေးဝင် ဆင်ခြင်ပြီးတော့ ပီတိပဿဒ္ဓိတွေ ဖြစ်တယ်၊ အနည်းဆုံး အခုငါသေရင် ငါ့မှာရှိနေတဲ့ ငါ့သီလနဲ့ အပါယ်မလေးပါ၊ မကျနိုင်ဘူး၊ ငါ့သီလ စင်ကြယ်နေတုန်း သေရင် တော့ သုဂတိ အသားမလေး ရောက်နိုင်တယ်လို့– ဝမ်းသာပီတိဖြစ်နေတာကို တရားရှုမှတ်နေတုန်း ကျားက ခြေထောက်မှစ၍ စားတာ ခြေမျက်စိစားမိတဲ့အခါ သောတာပန်၊ ဒူးကို စားနေတုန်း သကဒါဂါမ်၊ ပေါင်ကိုစားနေတုန်း အနာဂါမ်၊ နှလုံးသားမစားခင် ရဟန္တာဖြစ်ပြီး ပရိနိဗ္ဗာန် စံတယ်တဲ့၊ အံ့ဩစရာ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား။"

အဲဒီတော့ သီလဂုဏ်ကို ဆင်ခြင်ပြီးတော့ တစ်စပ်တည်း ဝိပဿနာ ရှုပွားတဲ့အတွက် နိဗ္ဗာန်ရောက်သွားတာကို မှတ်ရမယ်၊ ဒုက္ခဝေဒနာနုပဿနာနှင့် စပ်ရာမှာ နည်း ယူထားရမယ်၊ ဘာယူရမယ်။ "နည်းယူရမှာပါဘုရား၊"

ကိုယ်ရဲ့ စင်ကြယ်တဲ့ သီလကိုဆင်ခြင်ပြီး ပီတိကို စူးစိုက် ရှုမှတ်တတ်ဖို့ အရေးမကြီးလား။ "ကြီးပါတယ်ဘုရား။"

ဒီဃရတ္တံ အခဏ္ဍံ ကတွာ ရက္ခိတံ စတုပါရိသုဒ္ဓိသီလံ ပစ္စဝေက္ခန္တဿာပိ၊ ဂိဟိနောပိ ဒသသီလံ ပဉ္စသီလံ ပစ္စဝေက္ခန္တဿာပိ။

ဒီဃရတ္တံ –ကြာရှည်စွာသော ညဥ့်နေ့ပတ်လုံး၊ အခဏ္ဍံ– မကျိုးသည်ကို၊ကတွာ–ပြု၍၊ ရက္ခိတံ–စောင့်အပ်သော၊ စတုပါရိသုဒ္ဓိသီလံ–စတုပါရိ သုဒ္ဓိ

သီလကို၊ ပစ္စဝေက္ခန္တဿာပိ– ဆင်ခြင်သောပုဂ္ဂိုလ်အားလည်းကောင်း၊ ဒသသီလံ–ဆယ်ပါးသော သီလကို၊ ပဉ္စသီလံ–ငါးပါးသော သီလကို၊ ပစ္စဝေက္ခန္တဿ– ဆင်ခြင်သော၊ ဂိဟိနောပိ– လူအားလည်းကောင်း၊ ယာဝဥပစာရာ– ဥပစာရရောက်တိုင်အောင်၊ သကလသရီရံ– အလုံးစုံသောကိုယ်ကို၊ တစ်ကိုယ် လုံးကို၊ ဖရမာနော–နှံ့စေလျက်၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–ပီတိသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်နေပါသတည်း။ "သာဓု – သာဓု – သာဓု"

## ပေးကမ်းစွန့်ကြဲမှုကို ဆင်ခြင်

ဒုဗ္ဘိက္ခဘယာဒိသု ပဏီတဘောဇနံ သဗြဟ္မစာရီနံ ဒတွာ 'ဧဝံ နာမ အဒမှာ' တိစာဂံ ပစ္စဝေက္ခန္တဿာပိ၊ ဂိဟိနောပိ – ဧဝရူပေ ကာလေ သီလဝန္တာနံ ဒိန္နဒါနံ ပစ္စဝေက္ခန္တဿာပိ။

ဒုဗ္ဘိက္ခဘယာဒိသု–ငတ်မွတ်ခြင်းဟူသော ဘေးစသည်တို့၌၊ ပဏီတဘောဇနံ– မွန်မြတ်သောဘောဇဉ်ကို၊ သဗြဟ္မစာရီနံ–သီတင်းသုံးဖော်တို့အား၊ ဒတွာ–ပေးလှူပြီး၍၊ "ဧဝံနာမ–ဤသို့သဘောရှိသော ဘောဇဉ်ကို၊ အဒမှာ–ပေးလှူခဲ့ကုန်ပြီ"၊ ဣတိ–ဤသို့၊ စာဂံ–စွန့်ကြဲခြင်းကို၊ ပစ္စဝေက္ခန္တဿာပိ–ဆင်ခြင်သောရဟန်းအားလည်းကောင်း၊ ဧဝရူပေ–ဤသို့သဘောရှိသော၊ ကာလေ–ငတ်မွတ်ခေါင်းပါးခြင်းစသော ဘေးဖြစ်သောအခါ၌၊ သီလဝန္တာနံ–သီလရှိကုန်သော ပုဂ္ဂိုလ်အား၊ ဒိန္နဒါနံ– ပေးအပ်ပြီးသော အလှူကို၊ ပစ္စဝေက္ခန္တဿ–ဆင်ခြင်သော၊ ဂိဟိနောပိ–လူတို့အားလည်းကောင်း၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ– ဝီရိယသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏။

စာဂါနုဿတိ အကြောင်းပြုပြီးတော့ အဲဒီလိုဝမ်းမြောက်ဝမ်းသာဖြစ်ပြီး အဲဒါလှူရတာ အကြောင်းပြုပြီး ဝမ်းသာဝမ်းမြောက်ဖြစ်ပြီးတော့ ပီတိတွေဖြစ်လာတယ်၊ အဲဒီ ပီတိတွေကို ဝမ်းသာတယ်၊ ချမ်းသာတယ်လို့ ရှုမှတ်ပြီး ဝိပဿနာပွားရင် နိဗ္ဗာန်ရောက်နိုင်တယ်။

ရဟန်းဖြစ်ရင်လဲပဲ ငတ်မွတ်ခေါင်းပါးရှားပါးတဲ့ အချိန်အခါမှာ ဆွမ်းခံပြီး ရလာသမျှဆွမ်းတွေကို ကိုယ်တိုင်လဲ ဘုဉ်းပေးရတယ်၊ လာဘ်လာဘနည်းပါးသူ ဆွမ်းမရတဲ့ ပုဂ္ဂိုလ်တွေကိုလဲပဲ ကျွေးမွေးလှူဒါန်းရတယ်၊ ဒါမှမဟုတ် မိမိဘုန်းကံအလျောက် ပစ္စည်းလေးပါး လာဘ်လာဘတွေကို တခြားသော

ရဟန်းတော်တို့အား၊ ယောဂီတို့အား လှူဒါန်းရတယ်ဆိုရင်ဖြင့် အဲဒီစာဂါနုဿတိ ဒါနကို ဆင်ခြင်အောက်မေ့ပြီးတော့ ကိုယ်လှူဒါန်းရတာ အကြောင်းပြုပြီး ဝမ်းသာတဲ့ ပီတိ မဖြစ်နိုင်ဘူးလား။

ဖြစ်နိုင်ပါတယ် ဘုရား။

အေး လူတွေဆိုရင်လဲ သီလဝန္တပုဂ္ဂိုလ်တွေကို သီလ၊ သမာဓိ၊ ပညာ ဂုဏ်နဲ့ ပြည့်စုံတဲ့ ရဟန်းတော်တွေ ဆရာတော်၊ သံဃာတော်တွေကို ဒို့ ဆွမ်းတစ်နပ်လှူရတယ်၊ ဆွမ်းတစ်ဇွန်း လောင်းလှူရတယ်၊ မုန့်တစ်ခု လှူရတယ်၊ ဆီမီးတစ်တိုင်၊ ပန်းတစ်ခိုင် လှူရတယ် စသည်အားဖြင့် လှူရတာလေးတွေ အကြောင်းပြုပြီးတော့ အလှူအားလျော်စွာ ဝမ်းသာတဲ့ ပီတိတွေ ဖြစ်လာတယ်၊ အဲဒီပီတိတွေကို ရှုပြီးတော့ ဝိပဿနာပွားလိုက်ရင် နိဗ္ဗာန်ကို ရောက်တဲ့အကြောင်းကို အဋ္ဌကထာတွေက ဖော်ပြထားတယ်။

## ဒေဝတာနုဿတိ

ယေဟိ ဂုဏေဟိ သမန္နာဂတာ ဒေဝတာ ဒေဝတ္တံ ပတ္တာ၊ တထာ ရူပါနံ ဂုဏာနံ အတ္တနိ အတ္ထိတံ ပစ္စဝေက္ခန္တဿာပိ။

ယေဟိဂုဏေဟိ– အကြင်သဒ္ဓါစသော ဂုဏ်တို့နှင့်၊ သမန္နာဂတာ– ပြည့်စုံကုန်သော၊ ဒေဝတာ–နတ်တို့သည်၊ ဒေဝတ္တံ–နတ်၏အဖြစ်သို့၊ ပတ္တာ– ရောက်ကုန်၏၊ တထာရူပါနံ–ထိုသို့သဘော ရှိကုန်သော၊ ဂုဏာနံ– သဒ္ဓါစသော ဂုဏ်တို့၏၊ အတ္တနိ– မိမိ၌၊ အတ္ထိတံ– ရှိသည်၏အဖြစ်ကို၊ ပစ္စဝေက္ခန္တဿာပိ– ဆင်ခြင်သောပုဂ္ဂိုလ်အားလည်း၊ ယာဝဥပစာရာ– ဥပစာရရျာန်တိုင်အောင်၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ–ပီတိသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ပါပေသတည်း။

"သာဓု–သာဓု–သာဓု။"

ဒေဝတာနုဿတိတဲ့– နတ်ပြည်ခြောက်ထပ်တွေ ရှိတယ်၊ အဲဒီနတ်ပြည်ကို ရောက်သွားတဲ့ နတ်တွေဟာ ရတနာသုံးပါးကို ယုံကြည်ပြီး ဒါန သီလ စတဲ့ ကုသိုလ်ကောင်းမှုတွေပြုတဲ့အတွက် နတ်ပြည်ရောက်သွားကြတာပဲ၊ နတ်ပြည်ရောက်သွားရင် နတ်စည်းစိမ် ခံစားရတာက လူ့ပြည်လို စားဝတ်နေရေးအတွက် ရှာဖွေမနေရဘူး၊ အဆင်သင့် ကိုယ်ရဲ့ကံကြောင့် ဖြစ်ပေါ်လာတဲ့ နတ်ဩဇာတွေကို စားပြီးတော့ ချမ်းချမ်းသာသာ ကြည်ကြည်နူးနူး နေနိုင်ကြ

တယ်၊ အခု ငါ့သန္တာန်မှာလဲ နတ်ဖြစ်ကြောင်း၊ နတ်တွေမှာရှိတဲ့ သဒ္ဓါအစရှိတဲ့ ဂုဏ်မျိုးတွေ ငါ့မှာလဲရှိတယ်၊ ငါလဲပဲ အခုလို ဒါန၊ သီလ၊ ဘာဝနာမှုမျိုးနဲ့ နေပြီးတော့ သေသွားရင် နတ်ပြည်လောက်တော့ အသာလေး ရောက်သွားနိုင်တယ်၊ သေရမှာ ကြောက်စရာမလိုဘူး၊ အဲဒါ ဒါနသီလ ကုသိုလ်အကြောင်းပြု ပြီးတော့ သေရမှာမကြောက်ဘဲနဲ့ သေမယ်ဆိုရင်တောင်မှ ဝမ်းမြောက်ဝမ်းသာ အားကိုးရာရှိတဲ့အတွက် ရွှင်ရွှင်လန်းလန်း ဖြစ်လာတယ်၊ ပီတိတွေ ဖြစ်လာတယ်။

ကြောက်ကြောက်လန့်လန့် သေဖို့များ လိုသလား။

"မလိုပါဘုရား"

မလိုတော့ဘူး၊ အဲဒါကြောင့် အဲဒီလိုပီတိကို ဝိပဿနာရှုရင်လဲပဲ မဂ်ဖိုလ် နိဗ္ဗာန် ရောက်သွားနိုင်တယ်လို့ မှတ်ထားပြီးတော့ ရှုမှတ်နေတတ်ကြရမယ်။

## ဥပသမာနုဿတိ

သမာပတ္တိယာ ဝိက္ခမ္ဘိတာ ကိလေသာ သဋ္ဌိပိ သတ္တတိပိ ဝဿာနိ န သမုဒါ စရန္တီတိ ပစ္စဝေက္ခန္တဿာပိ။

သမာပတ္တိယာ– ဈာန်သမာပတ်ဖြင့်၊ ဝိက္ခမ္ဘိတာ– ခွာအပ်ကုန်ပြီးသော၊ ကိလေသာ–ကိလေသာတို့သည်၊ သဋ္ဌိပိဝဿာနိ–အနှစ်ခြောက်ဆယ်တို့ ပတ်လုံး လည်းကောင်း၊ သတ္တတိပိဝဿာနိ– အနှစ်ခုနစ်ဆယ်တို့ပတ်လုံးလည်းကောင်း၊ နသမုဒါစရန္တိ– မဖြစ်ကုန်၊ ဣတိသ္မာ–ထို့ကြောင့်၊ နေသံ– ထိုကိလေသာတို့၏၊ တံအသမုဒါစရံ–ထိုသို့ကိလေသာမဖြစ်ခြင်းကို၊ ပစ္စဝေက္ခန္တဿာပိ– ဆင်ခြင် သောပုဂ္ဂိုလ်အားလည်း၊ ယာဝဥပစာရာ–ဥပစာရဈာန်တိုင်အောင်၊ ပီတိ သမ္ဗောဇ္ဈင်္ဂေါ– ပီတိသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်ပေါ်ပါသတည်း။

သာဓု–သာဓု–သာဓု။

မြင်တယ် မြင်တယ်စသည်ဖြင့် ဝိပဿနာရှုတဲ့အခါ မရှုမှတ်ရင် ဖြစ်ပေါ်လာနိုင်တဲ့ လောဘ ဒေါသ မောဟတွေ ရှုမှတ်သောအားဖြင့် ဖြစ်ခွင့် မရဘဲ ငြိမ်းငြိမ်းသွားတာကို အနုပ္ပါဒနိရောဓ၊ တဒင်္ဂ နိရောဓလေးတွေ မှတ် တိုင်း မှတ်တိုင်း နိရောဓသဘောလေးတွေ ပါဝင်ပါဝင်ပြီးသွားတဲ့အခါ ရှုမှတ်မိ တဲ့ အာရုံနဲ့စပ်ပြီးတော့ လောဘ၊ဒေါသ၊ မောဟ မဖြစ်တော့ဘဲနဲ့ ငြိမ်းငြိမ်းသွား ပါတယ်တဲ့။

ဝိပဿနာက ပယ်တဲ့ တဒင်္ဂပဟာန်၊ ကိလေသာကို ရှုမှတ်မှုနဲ့ တဒင်္ဂပဟာန်နဲ့ပယ်ထားတာ၊ အဲဒီအမှတ်လေး မိမိပြီးတော့ လောဘ၊ ဒေါသ၊ မောဟတွေ မဖြစ်ဘဲ ငြိမ်းငြိမ်းနေတာကို မှတ်နေရင်း တွေ့ရရင်ကော မချမ်းသာဘူးလား၊

ချမ်းသာပါတယ် ဘုရား။

အဲဒီကနေပြီး အမှတ်က ကောင်းလာတဲ့အတွက် မမှတ်ပဲနဲ့နေရင်တောင်မှ ကိလေသာတွေ ပေါ်မလာပဲနဲ့ ငြိမ်းငြိမ်းတော့နေတယ်၊ မမှတ်မိပဲနဲ့တောင် ဆိုတာ ယောဂီဟာ မှတ်တော့ မှတ်နေတာပဲ၊ သိပ်လွယ်ကူပြီးတော့ ကိုယ်ကဉာဏ်တက်လာတဲ့အခါ မှတ်တယ်လို့မထင်ဘဲနဲ့ အဲဒါ မှတ်ပြီးသားဖြစ်နေတာ၊ အဲဒီ အချိန်အခါမျိုးမှာလဲ ကိလေသာတွေကငြိမ်းမနေဘူးလား။

ငြိမ်းနေပါတယ်ဘုရား။

ဒီတစ်လပဲ နှစ်လပဲ အားထုတ်လိုက်တဲ့အခါ များဆိုလို့ရှိရင်လဲ ဒီအတိုင်းလွတ်ထားတယ်ဆိုလို့သာ အမှတ်သတိက မှတ်ပြီးသား ဖြစ်နေတာ၊ လွတ်ထားတာတော့ မဟုတ်ဘူး၊ ကိလေသာဟာ ဝင်ကိုမဝင် ငြိမ်းပြီးတော့နေတဲ့ သဘောလေးကိုကော မတွေ့ရဘူးလား။ "တွေ့ရပါတယ် ဘုရား။"

တဒင်္ဂ အားကောင်းလာပြီဆိုတော့ ဝိက္ခမ္ဘနပဟာန်နဲ့ ကိလေသာတွေကို ပယ်တယ်၊ သမထကမ္မဋ္ဌာန်းအားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်တွေမှာဆိုရင် ရက်ပေါင်းများစွာ အနှစ်(၆၀) အနှစ်(၇၀)ပတ်လုံး ကိလေသာတွေ ငြိမ်းပြီးတော့ ဝေးကွာနေတာရှိတယ်၊ ရှေးတုန်းက ရသေ့သူတော်မြတ်တွေ ဈာန်အဘိဉာဏ် ကောင်းကင်တောင်မှ ပျံပြီးတော့နေတယ်။

ကိလေသာတွေ ဝေးကွာနေတယ် နှစ်ပေါင်းများစွာတွေပေါ့၊ ဒါပေမယ့်လို့ အမျိုးသမီး ဝိသဘာဂ အာရုံတွေ ဘာတွေ မြင်လိုက်ရင်တော့ စိတ်ထွက်သွားပြီး အမှတ်လွတ်သွားပြီဆိုတော့ ကောင်းကင်ကနေ ဈာန်လျှောပြီး အောက်ကျလာတာ ကြားဖူးကြလား။

ကြားဖူးပါတယ် ဘုရား။

အဲဒီလို ဝိသဘာဂ အာရုံတွေကို မတွေ့မြင်ရဘဲနဲ့ ကိုယ့်ဟာကိုယ် အမှတ်သတိနဲ့နေလို့ နှစ်ပေါင်းများစွာ ကိလေသာတွေကို ဝိက္ခမ္ဘနပဟာန်အားဖြင့် ပယ်ခွာထားလိုက်တော့ အပူကိလေသာ မရှိလေတော့ ကြည်လင် ချမ်းသာနေတယ်တဲ့၊ တကယ် သမုစ္ဆေဒပဟာန်အားဖြင့် ကိလေသာပယ်ပြီး နိဗ္ဗာန်

မျက်မှောက်ပြုတဲ့ အရိယာဖြစ်သွားမယ်ဆိုရင် ချမ်းသာကို ခဏခဏ ခံစားနိုင်တယ်၊ နိဗ္ဗာန်ချမ်းသာကိုရပြီးလို့ နောင်အခါမှာ ပြန်လည် ဆင်ခြင်မိရင် ဥပသမာနုဿတိခေါ်တယ်၊ အဲဒီအနုဿတိတွေ ပွားပြီး ဖြစ်ပေါ်လာတဲ့ပီတိတွေကို ဝိပဿနာရှု၊ အဲဒီ ပီတိ လောကီ ကုသိုလ်ကိုရှုရင် လောကုတ္တရာမဂ်ဖိုလ်တွေ ရနိုင်တယ်။

## ကြမ်းတမ်းသူကို ရှောင်-နူးညံ့သူကို ပေါင်း

စေတိယဒဿနဗောဓိဒဿနထေရဒဿနေသု အသက္ကာကစ္စကိရိယာယ သံသုစိတလူခဘာဝေ ဗုဒ္ဓါဒိသု ပသာဒသိနေဟာဘာဝေန ဂဒြဘပိဋ္ဌေရဇသဒိသေ လူခပုဂ္ဂလေပရိဝဇ္ဇန္တဿာပိ။

စေတိယဒဿန ဗောဓိဒဿနထေရဒဿနေသု- စေတီကို ဖူးမြင်ခြင်း၊ ဗောဓိပင်ကို ဖူးမြင်ခြင်း၊ မထေရ်ကို ဖူးမြင်ခြင်းတို့၌၊ အသက္ကစ္စကိရိယာယ- မရိုမသေပြုခြင်းဖြင့်၊ သံသုစိကလူခဘာဝေ- ထင်ရှား ပြအပ်သော ကြမ်းတမ်းသူ၏အဖြစ်ရှိကုန်သော၊ ဗုဒ္ဓါဒီသု-ဘုရားအစရှိသည်တို့၌၊ ပသာဒသိနေဟာဘာဝေန- ကြည်ညိုခြင်းတည်းဟူသော အစေးမရှိခြင်းကြောင့်၊ ဂဒြဘပိဋ္ဌေ-မြည်းကျောကုန်း၌၊ ရဇသဒိသေ-မြူနှင့်တူကုန်သော၊ လူခပုဂ္ဂလေ- ခြောက်ကပ်သော ပုဂ္ဂိုလ်တို့ကို၊ ပရိဝဇ္ဇန္တဿာပိ- ကြဉ်သော ပုဂ္ဂိုလ်အားလည်း၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ- ပီတိသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ- ဖြစ်ပေါ်ပါပေသတည်း။

"သာဓု-သာဓု-သာဓု"

ဘုရား တရား သံဃာ ရတနာသုံးပါးတို့ကို မရိုမသေ ပြုလုပ်တဲ့ပုဂ္ဂိုလ်၊ မကြည်ညိုတဲ့ပုဂ္ဂိုလ်၊ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်၊ အဲဒီ ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ပြီးတော့ ကိုယ့်ကျင့်တရားလေးကို တိုးပွားနေရင်လဲ ပီတိသမ္ဗောဇ္ဈင်မဖြစ်နိုင်ဘူးလား၊

ဖြစ်နိုင်ပါဘုရား။

ကိုယ်ကတော့ တရားပွားပါရဲ့၊ ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်တွေ၊ ရောထွေးတဲ့ ပုဂ္ဂိုလ်တွေဆီ သွားနေမိရင် သူတို့ကြောင့် တရားတွေ မပျက်နိုင်ဘူးလား၊ ဒါကြောင့် ကြမ်းတမ်းတဲ့ ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်းဟာလဲ ပီတိသမ္ဗောဇ္ဈင် ဖြစ်ဖို့ရာ အကြောင်းတစ်ခုပါပဲ။

ဗုဒ္ဓါဒီသု ပသာဒဗဟုလေ မုဒုစိတ္တေ သိနိဒ္ဓပုဂ္ဂလေ သေဝန္တဿာပိ၊ ရတနတ္တယ ဂုဏပရိဒီပကေ ပသာဒနိယသုတ္တန္တေ ပစ္စဝေက္ခန္တဿာပိ၊ ဌာနနိသဇ္ဇာ ဒီသု ပီတိဥပ္ပါဒနတ္ထံ နိန္နပေါဏပဗ္ဘာရစိတ္တဿာပိ ဥပ္ပဇ္ဇတိ။

ဗုဒ္ဓါဒီသု– ဘုရားအစရှိသည်တို့၌၊ ပသာဒဗဟုလေ–များသော ကြည်ညို ခြင်း ရှိကုန်သော၊ ဝါ– ကြည်ညိုခြင်း များကုန်သော၊ မုဒုစိတ္တေ–နူးညံ့သောစိတ် ရှိကုန်သော၊ သိနိဒ္ဓပုဂ္ဂလေ၊ ပြေပြစ်သော ပုဂ္ဂိုလ်တို့ကို၊ သေဝန္တဿာပိ– မှီဝဲသော ပုဂ္ဂိုလ်အားလည်း၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ– ပီတိ သမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ– ဖြစ်၏၊ ရတနတ္တယဂုဏပရိဒီပကေ–ရတနာသုံးပါး၏ ဂုဏ်ကျေးဇူးကို ပြတတ်ကုန်သော၊ ပသာဒနိယသုတ္တန္တေ – ကြည်ညိုဖွယ်ရှိသော သုတ်တို့ကို၊ ပစ္စဝေက္ခန္တဿာပိ–ဆင်ခြင်သော ပုဂ္ဂိုလ်အားလည်း၊ ယာဝဥပစာရာ– ဥပစာရ ဈာန်တိုင်အောင်၊ ပီတိသမုဋ္ဌာနေဟိ–ပီတိကြောင့် ဖြစ်ကုန်သော၊ ပဏီတ ရူပေဟိ– မွန်မြတ်သော စိတ္တဇရုပ်တို့ဖြင့်၊ သကလသရီရံ– အလုံးစုံသော ခန္ဓာကိုယ်ကို၊ ဖရမာနော–ပျံ့နှံ့လျက်၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ– ပီတိသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ–ဖြစ်၏၊ ဌာနနိသဇ္ဇာဒီသု–ရပ်ခြင်း၊ ထိုင်ခြင်း စသည်တို့၌၊ ပီတိဥပ္ပါဒ နတ္ထံ–ပီတိကို ဖြစ်စေခြင်းငှာ၊ နိန္နပေါဏပဗ္ဘာရစိတ္တဿာပိ– ညွတ်သောစိတ်၊ ကိုင်းသောစိတ် ရှိုင်းသောစိတ်ရှိသော ပုဂ္ဂိုလ်အားလည်း၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ– ပီတိသမ္ဗောဇ္ဈင်သည်၊ ဥပ္ပဇ္ဇတိ–မုချမသွေ ဖြစ်ပေါ်လာပါပေသတည်း။

"သာဓု–သာဓု–သာဓု"

၁။ နတ်ဖြစ်ဖွယ်စု– ငြိမ်းအေးမှု– တွေးရှုအောက်မေ့ပါ၊

၂။ မွဲခြောက်သူကြဉ်၊ စိုပြည်ရှင်၊ ထိုထွင် စိတ်ညွတ်ရာ၊

၃။ ကြည်ညိုဖွယ်ညွန်ကြား၊ သုတ္တ န်များ၊ စဉ်းစားဆင်ခြင်ပါ၊

၄။ ပီတိပွားရန် ၁၁–တန်၊ ထုတ်ပြန်ဌကထာ။

အဲဒီ ပီတိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရားကောင်းတို့ကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဤတရားတော်လာအတိုင်း လိုက်နာကျင့်ကြံကြိုးစား အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု–သာဓု–သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်
## အပိုင်း(၁၇)

### စကားဦး

ဒီနေ့ရက်စွဲကတော့ ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော်(၃)ရက်နေ့ ဖြစ်တယ်။

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံ၌ မဟာစည်ယောဂီရဟန်းရှင်လူများအား ဘုန်းကြီးဟောကြားမည့် တရားတော်က သုဗြဟ္မသုတ္တန်တရားတော် သတ္တရသမ–အပိုင်း(၁၇)ဖြစ်ပါတယ်။

ဒီတရားတော်ကို မုံရွာမြို့ ကျေးဖူးရှင် လယ်တီဆရာတော် ဘုရားကြီး၏ ခုနစ်နေ့ ဘုရားရှိခိုးလင်္ကာဖြင့် ရွတ်ဆို ဖွင့်လှစ်ပါမယ်။

### ပဌမ

### ခုနစ်နေ့ဘုရားရှိခိုး

၁။ သုံးလူ့ရှင်ပင်၊ ကျွန့်ထိပ်တင်၊ သောင်းခွင်စကြာဝဠာ၊ နတ်ဗြဟ္မာတို့၊ ညီညာပေါင်းစု၊ တောင်းပန်မှုကြောင့်၊ ရတုနဂို၊ ရွှန်းရွှန်းစိုသည်၊ ဝါဆိုလပြည့်၊ ကြွက်မင်းနေ့ဝယ်၊ ချမ်းမြေ့ကြည်ဖြူ၊ သန္ဓေယူသည်၊ နတ်လူငြိမ်းဖို့ ကိန်းပါကို။

၂။ သန္ဓေယူကာ၊ ဆယ်လကြာသော်၊ မဟာသက္ကရာဇ်၊ ခြောက်ဆယ့်ရှစ်ကြို၊ ကဆုန်လပြည့်၊ သောကြာနေ့ဝယ်၊ ချမ်းမြေ့စုံစီ၊ လုမ္ဗိနီဌ၊ မဟီလိုက်ဆူ၊ ဖွားတော်မူသည်၊ နတ်လူအောင်မြို့ လမ်းပါကို။

၃။ ဖွားမြင်မြောက်သော်၊ ဆယ့်ခြောက်နှစ်ရွယ်၊ ပျိုနုနယ်၌၊ သုံးသွယ်ရွှေနန်း၊ သိမ်းမြန်းပြီးလစ်၊ ဆယ့်သုံးနှစ်လျှင်၊ ဘုန်းသစ်လျှံလူ၊ စံတော်မူ၍၊ ရွယ်မူနုဖြိုး၊ နှစ်ဆယ့်ကိုးဝယ်၊ လေးမျိုးနိမိတ်၊ နတ်ပြဟိတ်ကြောင့်၊ ရွှေစိတ်ငြင်ငြိုး၊ သံဝေပိုက၊ ဝါဆိုလပြည့်၊ ကျားမင်းနေ့ဝယ်၊ ချမ်းမြေ့ရဂုံ၊ တောရပ်လှုံသည်၊ စုံမြိုင်ပင်ရိပ် ခန်းမှာကို။

၄။ တောရပ်မြိုင်ပေါ်၊ ခြောက်နှစ်ကျော်၍၊ ခါတော်တပုံ၊ ပွင့်ချိန်ကြုံက၊ ကဆုန်လပြည့်၊ ဆင်မင်းနေ့ဝယ်၊ မြေ့ပရမေ၊ ပလ္လင်ဗွေထက်၊ ရွှေညောင်တော်ကြီး၊ ဗိတာန်ထီးနှင့်၊ မညည်းကြည်ဖြူ၊ နေတော်မူလျက်၊ ရန်မြူခပင်း၊ အမိုက်သင်းကို၊ အရှင်းပယ်ဖျောက်၊ အလင်းပေါက်က၊ ထွန်းတောက်ဘုန်းတော်၊ သောင်းလုံးကျော်သည်၊ သုံးဘော်လူတို့ ငြိမ်းပါကို။

၅။ ဘုရားဖြစ်ခါ၊ မိဂဒါသို့၊ စကြာရွှေဖွား၊ ဖြန့်ချီသွား၍၊ ငါးပါးဝဂ္ဂီ၊ စုံအညီနှင့်၊ မဟီတစ်သောင်း၊ တိုက်အပေါင်းမှ၊ ခညောင်းရောက်လာ၊ နတ်ဗြဟ္မာအား၊ ဝါဆိုလပြည့်၊ စနေနေ့ဝယ်၊ ကြွေ့ကြွေ့လျှံတက်၊ ဓမ္မစက်ကို၊ မိန့်မြွက်ထွေပြား၊ ဟောဖော်ကြားသည်၊ တရားနတ်စည် ရွှမ်းတယ်ကို။

၆။ တရားနတ်စည်၊ ဆော်ရွှမ်းလည်က၊ သုံးမည်ဘုံခိုက်၊ တစ်သောင်းတိုက်ဝယ်၊ ကျွတ်ထိုက်သသူ၊ နတ်လူဗြဟ္မာ၊ သတ္တဝါကို၊ ခေမာသောင်သို့၊ ဖောင်ကူး တို့ဖြင့်၊ ဆောင်ပို့ပြီးခါ၊ ဝါလေးဆယ့်ငါး၊ သက်ကား ရှစ်ဆယ်၊ စုံပြည့်ကြွယ်က၊ နယ်မလ္လာတိုင်း၊ စံနိုင်းမယုတ်၊ ကုသိနာရုံ၊ အင်ကြင်းစုံ၌၊ ကဆုန်လပြည့်၊ အင်္ဂါနေ့ဝယ်၊ ချမ်းမြေ့နိဗ္ဗူ၊ စံတော်မူသည်၊ ဂုမ်းဆူသောင်းလုံး ကျော်တယ်ကို။

၇။ နိဗ္ဗူစုံပြီ ၊ ရှုမအီသား၊ သိင်္ဂီရွှေလျှော်၊ အလောင်းတော်ကို၊ ထိုရော်ကဆုန်၊ လဆုတ်ကြုံ၍၊ ဂဠုန်နေ့ဝယ်၊ ခိုးငွေ့မနော၊ ဓာတ်တေဇောလျှင်၊ ရှင်စောဉာဏ်စက်၊ မိဒ္ဒါန်ချက်ဖြင့်၊ လျှံတက်ကော်ရော်၊ မီးပူဇော်သည်၊ မွေတော်ရှစ်စိတ် ကြွင်းတယ်ကို။

ထိုခုနစ်နေ့၊ သာချမ်းမြေ့ကို၊ ဆွေ့ဆွေ့ကြည်ဖြူ၊ အာရုံယူလျက်၊ သုံးလူတို့နတ်၊ မြက်ထက်မြတ်သား၊ ကိုယ်တော်ဖျားကို၊ သုံးပါးမွန်စွာ၊ ဝန္ဒာနာနှင့်၊ သဒ္ဒါဖြိုးဖြိုး၊ ကျွန်ရှိခိုးသည်၊ ကောင်းကျိုးခပ်သိမ်း ကြွယ်စေသော်။

"သာဓု–သာဓု–သာဓု"

ဗောဇ္ဈင်(၇)ပါးထဲက ဒီနေ့ ဟောရမယ့် ဗောဇ္ဈင်က ပဿဒ္ဓိသမ္ဗောဇ္ဈင်ပဲ၊ ဒီနေ့ဘာဗောဇ္ဈင်လဲ။

"ပဿဒ္ဓိသမ္ဗောဇ္ဈင်ပါဘုရား"

## ပဿဒ္ဓိသမ္ဗောဇ္ဈင်

ကာယစိတ္တဒရထဝူပသမလက္ခဏာ ပဿဒ္ဓိ၊
ကာယစိတ္တ ဒရထ နိမ္မဒ္ဒနရသာ၊
ကာယစိတ္တာနံ အပရိပ္ဖန္ဒ သီတိဘာဝ ပစ္စုပဋ္ဌာနာ။

အဲဒီကျမ်းဂန်မှာလာတဲ့ ပဿဒ္ဓိအကြောင်း ဆိုကြည့်ရအောင်။

၁။ ကြောင့်ကြပူရေး – ငြိမ်းအေးနေသည်။
ကြောင့်ကြပူခြင်း – နှိပ်နင်းပယ်သည်။
လှုပ်ရှားမှုကင်း – အေးခြင်းထင်သည်။
ပဿဒ္ဓိ – မှတ်သိဗောဇ္ဈင်မည်။

ပဿဒ္ဓိသမ္ဗောဇ္ဈင်တဲ့– ပဿဒ္ဓိသမ္ဗောဇ္ဈင်ဆိုတာ ကာယစိတ္တ ဒရထ ဝူပသမလက္ခဏာ ပဿဒ္ဓိ–ကြောင့်ကြမှုကင်းတယ်၊ ပူပန်မှုကင်းတယ်၊ ငြိမ်းအေးပြီးနေတယ်ဆိုတာ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရဲ့ လက္ခဏာဖြစ်တယ်။

တရားရှုမှတ်လို့ဥါဏ်နဲ့ အာရုံဆုံတဲ့အခါမှာ ပေါ်ပြီးနောက် ပျောက်နေတဲ့ တရားတွေ ပေါ်တိုင်း ပျောက်တိုင်း သိအောင်၊ မြင်တိုင်းမြင်တယ်၊ ကြားတိုင်း ကြားတယ်၊ နံတိုင်း နံတယ်၊ စားတိုင်း စားတယ်၊ တွေ့ထိတိုင်း 'တွေ့ထိတယ်'၊ စိတ်ကူးတိုင်း 'စိတ်ကူးတယ်'၊ စဉ်းစားတိုင်း 'စဉ်းစားတယ်'လို့ မပြတ်ရှုမှတ်နေတဲ့ ယောဂီဟာ နီဝရဏငါးပါးကင်းပြီးတော့၊ စိတ်ထွက် စိတ်ပျက်ပြီးတော့ စိတ္တဝိသုဒ္ဓိလို့ဆိုတဲ့ စိတ်စင်ကြယ်မှုရလာတယ်၊ အဲဒီလို စိတ်စင်ကြယ်မှုရလာတဲ့အခါကျတော့ ရှုမှတ်ရာ ရှုမှတ်ရာ အာရုံမှာသာ စိတ်ကလေးက ကပ်ခနဲ

ကပ်ခနဲ တည့်တည့်ပြီးတော့ အရှုခံနဲ့ အရှုဉာဏ် နှစ်မျိုး ကွဲကွဲပြားပြား ဖြစ်ပြီးတော့ နေတာလေးသည် ရှုချက်နဲ့ ရှုကွက်နှစ်မျိုး ကွဲကွဲပြားပြားလေး ဖြစ်သွားတာကိုလဲ သိတယ်။

ရုပ်နဲ့နာမ်အမှန်သိလာတယ်၊ အဲဒီကနေ ရှုမှတ်အခါခါများလာတဲ့ အခါကျရင် သွားချင်၊ ရပ်ချင်၊ ထိုင်ချင်၊ လျောင်းမှုကြောင့် သွားမှု၊ ရပ်မှု၊ ထိုင်မှု၊ လျောင်းမှုဆိုတာတွေ ပေါ်ရတယ်။

အကြောင်းကြောင့် အကျိုးတွေဖြစ်ပြီးတော့ နေတာတွေပဲ၊ မျက်စိနဲ့ အဆင်းဆုံသောကြောင့် မြင်ရတယ်၊ မျက်စိနဲ့အဆင်း မဆုံရင် မမြင်ရဘူး စသည်အားဖြင့် အကြောင်းအကျိုးလေးတွေလဲပဲ သိလာတယ်၊ အဲဒီရုပ်နာမ်ရော၊ အကြောင်းကျိုးရော၊ မှတ်လိုက်တိုင်း မှတ်လိုက်တိုင်းပေါ်ပြီး တစ်စုံတစ်စုံ ပေါ်ပေါက်လာပြီး ပျောက်ပျောက်သွားတဲ့ မမြဲတာတွေလဲ သိတယ်၊ တစ်ပျောက် တည်းပျောက်၊ တစ်ပျက်တည်းပျက်ပြီးတော့ နှိပ်စက်နေတဲ့အတွက်ကြောင့် ဆင်းရဲတာတွေကိုလဲ သိတယ်၊ ကိုယ်စိုးကိုယ်ပိုင်မဟုတ်၊ ကိုယ့်အလိုအကြိုက် တစ်ခုမှမပါ၊ သဘောတရား သက်သက်သာဖြစ်တဲ့ အနတ္တဆိုတာလဲသိတယ်။

အဲဒီလို အနိစ္စ၊ ဒုက္ခ၊ အနတ္တတွေ သိမြင်ပြီးတော့ စိတ်ရောကိုယ်ပါ တည်ငြိမ် ငြိမ်းချမ်းပြီးတော့ လာတဲ့သဘော၊ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ နေပြီး ရှုမှတ်နေတဲ့ သဘော၊ ဒုက္ခဝေဒနာတွေလဲ လွန်မြောက်၊ ပူပန်ကြောင့်ကြမှုလဲ ကင်း၊ ခုခေတ်ပြောကြတဲ့ ရေခဲစိမ်ထားတယ်ဆိုတာမျိုးပေါ့၊ ကိုယ်ရော စိတ် ရော အေးပြီး ငြိမ်းပြီးတော့ ကြည်ပြီးတော့ နေတဲ့သဘောကို ပဿဒ္ဓိသမ္ဗောဇ္ဈင် တဲ့၊ဘာဖော့ဈင်ပါလိမ့်။

"ပဿဒ္ဓိ သမ္ဗောဇ္ဈင်ပါဘုရား။"

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်နေပြီ ဆိုလို့ရှိရင်ဖြင့် ဘာမှ ကြောင့်ကြ ပူပန် စရာမရှိတော့ဘူး။

နေထိုင်မကောင်းတာလဲမရှိ ငြိမ်းပြီး အေးနေတယ်၊ အဲဒီ ကြောင့်ကြမှု ပူပန်မှုတွေ ကင်းပျောက်နေတဲ့သဘော၊ ကြောင့်ကြမှုပူပန်မှုတွေကို နှိပ်နင်းပြီး သား သဘော၊ ဖယ်ရှားပြီးသား ဖြစ်နေတဲ့သဘောသည် ပဿဒ္ဓိ သမ္ဗောဇ္ဈင် ရဲ့ကိစ္စ ရသပဲ၊ အဲဒါကြောင့် ကိုယ်ရော စိတ်ရော လှုပ်ရှားမှု ဘာမှမရှိဘူး၊ ငြိမ်းပြီးတော့ အေးနေတယ်။

အဲဒီလို ငြိမ်းပြီးတော့ အေးနေတဲ့သဘောသည် ယောဂီဉာဏ်အား ရှေးရှုထင်တယ်ဆိုတဲ့ ပဿဒ္ဓိသမ္ဗောဇ္ဈင်ရဲ့ ပစ္စုပ္ပဋ္ဌာန်ပဲ၊ ဒီတရားတွေကော မထင်ရှားဘူးလား၊ "ထင်ရှားပါတယ်ဘုရား။"

ထင်ရှားတယ်၊ အေး ဒါကြောင့် ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ကြောင်း တရား ချမ်းသာ အရသာလေးအကြောင်းလဲ ဟောရမယ်။

## ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်းခုနစ်ပါး

အဲဒီပဿဒ္ဓိသမ္ဗောဇ္ဈင် မိမိတို့သန္တာန်မှာ ရောက်လာအောင် ဘယ်လို ကျင့်ရမလဲဆိုရင် အပိစအပရော– တခြား တစ်ပါးသော၊ နယော– နည်းကို၊ ဝုစ္စတေ– ဆိုဦးအံ့၊ ပဏီတဘောဇန သေဝနတာ၊ မွန်မြတ်သော ကောင်းမွန်သော ဘောဇဉ်ကို မှီဝဲ စားသောက်သူ၏ အဖြစ် လည်းကောင်း၊ ပဿဒ္ဓိသမ္ဗောဇ္ဈင် အခန်းကိုတော့ ဒို့ယောဂီတွေ သဘောကျမှာပါ။

ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်အောင် အစားကိုကောင်းတာလေး၊ မွန်မြတ်တာ ကလေး၊ ကြေညက်တာကလေးကို စားရမယ်တဲ့၊ သဘောကျလား၊ သဘော ကျစရာ ကောင်းလိုက်တာနော်၊ ပဿဒ္ဓိဖြစ်အောင် မကောင်းတဲ့အစားအစာ မစားနဲ့၊ကောင်းတဲ့အစားအစာကိုသာစား၊ ဒေါသအပြစ် ရှိတဲ့အစာမျိုးတွေ မစားနဲ့၊ ဒေါသအပြစ်မရှိတဲ့ အစာမျိုးတွေ စားရမယ်။

## အပူအအေး မျှတအောင်နေ

ဥတုသုခ သေဝနတာ–ချမ်းသာတဲ့ဥတုကို မှီဝဲသူ၏အဖြစ် လည်း ကောင်း၊ ချမ်းသာတဲ့သုခ– ချမ်းသာတဲ့ဥတု မှီဝဲရမယ်တဲ့၊ ပူတဲ့ဥတုကိုလဲ လိုအပ်သလောက် မှီဝဲရမယ်၊ အေးတဲ့ဥတုကိုလဲ လိုအပ်သလောက် မှီဝဲရမယ်၊ အပူအအေး မျှတအောင် မှီဝဲ နေထိုင်တတ်ရမယ်။

## အရိယာပုတ် မျှတပါစေ

ဣရိယာပထ သုခ သေဝနတာ–ယောဂီနဲ့ သင့်တော်လျောက်ပတ်တဲ့ ချမ်းသာသော အရိယာပုထ်ကို မှီဝဲသူ၏ အဖြစ်လည်းကောင်း၊ အဲဒါယောဂီနဲ့ သင့်တော်တဲ့ အရိယာပုထ်ကို မှီဝဲပါ၊ ထိုင်ချည်းပဲလဲ မနေပါနှင့်၊ သွားပြီးတော့

ချည်းပဲလဲ မနေပါနှင့်၊ ထိုင်တာနဲ့ သွားတာ မျှတအောင် မျှမျှတတမှိဝဲပြီးတော့ ကြိုးစားအားထုတ်ပါ။

အဲဒီလိုမှိဝဲအားထုတ်မှသာလျှင် သမာဓိရပြီးတော့ ငြိမ်းချမ်းမှုဆိုတဲ့ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်နိုင်ပါတယ်။

## အလယ် အလတ် အားထုတ်

မဇ္ဈတ္တုပယောဂတာ–အလယ်အလတ်၌ ယှဉ်တွဲခြင်း ရှိသူ၏ အဖြစ်လည်းကောင်း၊ ဝါ–အလယ်အလတ်၌ ကြောင့်ကြစိုက်မှုရှိသူ၏ အဖြစ်လည်းကောင်း၊ မဇ္ဈတ္တုပယောဂ၊ မဇ္ဈိမပဋိပဒါဆိုတဲ့ စကားလိုပေါ့၊ မလျော့လွန်းမတင်းလွန်းတဲ့ အလယ်အလတ် ကြောင့်ကြစိုက် အားထုတ်မှုတွေ ယှဉ်တွဲနေပါစေ၊ အားထုတ်လွန်းရင်လဲ ဝီရိယတွေလွန်ပြီး ဥဒ္ဓစ္စဖြစ်၊ အားထုတ်မှုလျော့ရဲရင်လဲ ထိနမိဒ္ဓဝင်ပြီးတော့ အာရုံတွေ မပီမသနဲ့ ငိုက်မြည်းသွားတတ်တယ် မှန်ရဲ့လား၊ (မှန်ပါတယ်ဘုရား) အားထုတ်မှု အလယ်အလတ်လဲ ရှိပါစေ။

## ပူပန်စိတ်ရှိသူကို ရှောင်ကြဉ်

သာရဒ္ဓကာယ ပုဂ္ဂလ ပရိဝဇ္ဇနတာ– ပူပန်ခြင်းနှင့်တကွ ဖြစ်သောကိုယ်ရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်သူ၏အဖြစ်လည်းကောင်း၊ အဲဒီတော့ ပူပန်တဲ့ပုဂ္ဂိုလ်၊ ကာယ ပူပန်တဲ့ ပုဂ္ဂိုလ်ကိုလဲ ရှောင်ကြဉ်ရမယ်တဲ့၊ ပူပန်တဲ့ ပုဂ္ဂိုလ်ဆိုတာ ဘယ်လိုပုဂ္ဂိုလ်မျိုးလဲဆိုရင်ဖြင့် သူ့အသက်သတ်တဲ့ ပုဂ္ဂိုလ်၊ သူ့ဥစ္စာခိုးတဲ့ပုဂ္ဂိုလ်၊ ကာမဂုဏ်တွေ မှောက်မှားစွာ ကျင့်တဲ့ပုဂ္ဂိုလ်၊ ဒီပုဂ္ဂိုလ်တွေကိုလဲပဲရှောင်ရမယ်တဲ့၊ ဒုစရိုက်လုပ်တဲ့ ပုဂ္ဂိုလ်တွေကို ရှောင်ရမယ်၊ ကြမ်းကြမ်းတမ်းတမ်းသွား၊ ကြမ်းကြမ်းတမ်းတမ်းပြော၊ ရိုင်းရိုင်းစိုင်းစိုင်းသွား၊ ရိုင်းရိုင်းစိုင်းစိုင်းပြော၊ အဲဒီပုဂ္ဂိုလ်တွေလဲပဲ ရှောင်ရမယ်။

ကိုယ်ရောစိတ်ပါ အေးအေးဆေးဆေး နေချင်တဲ့ ပုဂ္ဂိုလ်ဟာ ကြမ်းတမ်းတဲ့ ပတ်ဝန်းကျင်မှာ နေလို့ရှိရင် ရပ့ါမလား။ “မရပါဘုရား”

မရဘူး၊ အဲ ကြမ်းတမ်းရိုင်းစိုင်းတဲ့ ပုဂ္ဂိုလ်တွေ ရှောင်ကြဉ်ရမယ်၊ အဲဒီပုဂ္ဂိုလ်တွေနဲ့ ဝေးရမယ်၊ ကိုယ်ကိုယ်တိုင်လဲ ကြမ်းတမ်းတဲ့ပုဂ္ဂိုလ် မဖြစ်စေရဘူး။

## ငြိမ်းအေးသူကိုမှီဝဲ

ပဿဒ္ဓကာယပုဂ္ဂလ သေဝနတာ– ငြိမ်းအေးသောကိုယ် ရှိသောပုဂ္ဂိုလ်ကို မှီဝဲခြင်းရှိသူ၏အဖြစ်လည်းကောင်း၊ ငြိမ်းအေးတဲ့ကိုယ်ရှိတဲ့ပုဂ္ဂိုလ်၊ ကာယဒုစရိုက်မှ ရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်၊ ဝစီဒုစရိုက်မှ ရှောင်ကြဉ်တဲ့ပုဂ္ဂိုလ်၊ ငြိမ်းငြိမ်းချမ်းချမ်းနေတတ်တဲ့ ပုဂ္ဂိုလ်၊ ကိုယ်မှု ယဉ်ကျေးတဲ့ပုဂ္ဂိုလ်၊ နှုတ်မှု ယဉ်ကျေးတဲ့ပုဂ္ဂိုလ်၊ အဲဒီယဉ်ကျေးတဲ့ ပုဂ္ဂိုလ်၊ သိမ်မွေ့တဲ့ ပုဂ္ဂိုလ်၊ ငြိမ်းချမ်းတဲ့ ပုဂ္ဂိုလ်ပတ်ဝန်းကျင်ကို မှီဝဲပါ။

ဒါကြောင့်မို့လို့ တရားအလုပ် အားထုတ်တယ်ဆိုတာလဲပဲ ဒီလိုသဘောတူတဲ့ သဘာဝတူတဲ့ ပုဂ္ဂိုလ်တွေချင်း အားထုတ်ရတာပဲ၊ အဲဒါ ပျော်ပွဲရွှင်ပွဲတွေများတဲ့နေရာ၊ သတ်တာ ဖြတ်တာ ခိုးတာ ဖဲကစားတာတွေ များတဲ့နေရာ၊ ဒီလိုနေရာမျိုးတွေ သွားပြီး အားထုတ်လို့ ရပါ့မလား။ "မရပါဘုရား။"

ယဉ်ကျေးသိမ်မွေ့တဲ့ အသိုင်းအဝိုင်း၊ ယဉ်ကျေးသိမ်မွေ့တဲ့ ပုဂ္ဂိုလ်ကိုမှီတွယ်ပြီးတော့လဲ အားထုတ်ပါ၊ နေပါမှီဝဲပါ။

တဒဓိမုတ္တတာ– ပဿဒ္ဓိသမ္ဗောဇ္ဈင်ဖြစ်ဖို့ရန် ညွတ်ကိုင်းသူ၏အဖြစ်လည်းကောင်း၊ ဣတိ– ဤသို့၊ သတ္တဓမ္မာ– (၇)ပါးသော တရားတို့သည်၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂဿ–ပဿဒ္ဓိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒါယ– ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ– ထင်ရှား ဖြစ်ပါကုန်သတည်း။ "သာဓု– သာဓု–သာဓုပါဘုရား။"

ကဲ ဒါလေး ဆိုကြရအောင် လိုက်ဆိုပါ။

ဘောဇဉ်ဥတု၊ နေထိုင်မှု၊ မှီပြုသင့်မြတ်ရာ

အဲဒါပဿဒ္ဓိသမ္ဗောဇ္ဈင်ပွားချင်တဲ့ ပုဂ္ဂိုလ်ဟာ ကောင်းမြတ်တဲ့ အဆီအစေးရှိတဲ့ အစားအစာမျိုးတွေကို စားပါ၊ ပူလောင်ဟဲ့ အကြောတက်တဲ့ဖျားစေတတ်တဲ့ အဆိပ်ရှိတဲ့ အစားအစာမျိုးတွေကို မစားပါနဲ့၊ မကောင်းဘူးလား။"ကောင်းပါတယ်ဘုရား"

ဥတု– ချမ်းချမ်းသာသာ တရားနဲ့ လျော်အောင် မှီဝဲနေပါ။ အအေးမိတတ်ရင် နွေးနွေးထွေးထွေး နေပါ၊ အပူလောင်တတ်ရင် အပူဒဏ် မခံနိုင်လို့ရှိရင် အေးအေးမြမြဖြစ်အောင်နေပါ၊ ဉာဏ်နဲ့ယှဉ်ပြီးတော့ နေပါ၊ မကောင်းဘူးလား။ "ကောင်းပါတယ် ဘုရား"

တရားအားထုတ်သူနှင့် သင့်လျော်အောင် ကြည့်နေပါ၊ သင့်မြတ်တဲ့နေရာ၊ ဆိတ်ငြိမ်တဲ့ နေရာမှာလဲပဲ နေဖို့ မလိုဘူးလား။ "လိုပါတယ်ဘုရား"

လိုပါတယ်၊ ကဲ- ဆိုကြရမယ်။

"မလွန်မယုတ်၊ လုံ့လထုတ်၊ ကြမ်းကြုတ်သူ ရှောင်ပါ"

မလျော့လွန်း မတင်းလွန်း၊ မလျော့မတင်း စောင်းကြိုးညှင်း ဆိုတာလိုအရှင်သောဏကို မြတ်စွာဘုရား ဟောကြားတဲ့ နည်းအတိုင်း အားထုတ်ပါ၊ သိပ်ပြီးတော့ မျက်စိတွေမှိတ် အံတွေကြိတ်၊ အံတွေကြိတ်ပြီးတော့ ရင်တွေတုန်၊ ခေါင်းတွေပူ၊ ချွေးတွေက တဖြိုက်ဖြိုက်ကျလောက်အောင်လဲပဲ အားမထုတ်ပါနဲ့။

လျှော့တော့၊ ပေါ့တော့၊ ခွေပြီး တသန်းသန်း တဝေဝေနဲ့ အဲဒီလိုအလျှော့ပေးပြီးတော့ အိပ်ချင်မူးတူးနဲ့လဲ ဘိန်းသမားလို မှိန်းပြီးတော့လဲပဲ အားမထုတ်ပါနဲ့ မှန်ရဲ့လား။

"မှန်ပါတယ်ဘုရား"

အဲဒီတော့ မလျော့မတင်းလေး--ထိထိမိမိလေး ပိုင်ပိုင်နိုင်နိုင်လေးအားထုတ်ပါ၊ ခြသေ့်မင်းများ သားကောင်ဖမ်းတယ် ဆိုတာလိုပေါ့၊ အကောင်ကြီးတဲ့ ဆင်တို့ ကျားတို့လို အကောင်မျိုးတွေ လာလို့လဲပဲ ပိုပြီးတော့ အားမထုတ်ဘဲနဲ့ မိလောက်ရုံ ပိုင်ပိုင်နိုင်နိုင် ဖမ်းပြီးတော့ သုံးသလို၊ ဟောဒါလေးကတော့ ယုန်ကလေးပဲ ဘာလေးပဲ ဆိုပြီးတော့ ပေါ့တီးပေါ့ဆနဲ့လဲ မဖမ်းဘဲနဲ့ ပိုင်ပိုင်နိုင်နိုင်ဖမ်းပြီးတော့ အသုံးချသလို၊ တရားရှုမှတ်တဲ့ ယောဂီလဲပဲဒါကတော့ ဝေဒနာတက်တာပဲ၊ ဒါကတော့ စိတ်ပြန့်လွင့်တာပဲ၊သူတော့ဖောက်ချပြီး တအားကို လုပ်ပစ်လိုက်မှ ဒါကတော့ ထမင်းစားတာ အိမ်သာတက်တာလေးတွေ မဖြစ်လောက်ပါဘူး မှတ်မနေပါနဲ့ ထိုင်တော့မှပဲ မှတ်တာပေါ့ဆိုပြီးတော့ ဒီလိုလဲပဲ အသေးအမွှား ဆိုပြီးတော့ လျစ်လျူရှု မထားရပါဘူးတဲ့၊ အကြီးကြီးတွေ ဆိုပြီးတော့လဲ သိပ်ပြီးတော့ လွန်လွန်မင်းမင်း အားမထုတ်ရပါဘူး၊ အဲဒါ ပုံမှန်အတိုင်း တစ်နာရီထိုင်၊ တစ်နာရီ စင်္ကြံလျှောက်၊ တစ်နာရီထိုင်၊ တစ်နာရီ စင်္ကြံလျှောက်။

"သတိထား၊ ဝီရိယစိုက်၊ ပညာဖြင့်ရှု" ဆိုတဲ့ အတိုင်း ပေါ်လာတာလေးကို မိအောင် ထိအောင်၊ ဖောင်းစ၊ ဖောင်းလယ်၊ ဖောင်းဆုံး (ပိန်စ၊ ပိန်လယ်၊ပိန်ဆုံး) အကုန်လုံးပေါ့လေ သိအောင် သတိထား၊ အဲဒါလေးပေါ်မှာ ကြောင့်ကြ

စိုက်ပြီးတော့ ပီပီပြင်ပြင်လေး ဖြစ်အောင် သတိကို ကပ်ထား၊ နောက်ပြီးတော့ (ရှုစရာနဲ့ ရှုတာနဲ့) တွေ့ပြီးတော့ နှစ်မျိုးလုံးကွာကျပြီး ပျောက်သွားတာလေး သိအောင်၊ ဒါလဲပဲ ရှု၊ "သတိထား၊ ဝီရိယစိုက်၊ ပညာဖြင့်ရှု" မလျော့လွန်း မတင်းလွန်းရှု။

"ဖြစ်အောင်မလုပ်နဲ့၊ ဖြစ်အောင်လုပ်ရင် လောဘ"ဘာဖြစ်ချင်တယ်၊ ညာဖြစ်ချင်တယ်၊ ဘာပေါ်ချင်တယ်၊ ညာပေါ်ချင်တယ်၊ သိကြားတွေ့ချင်တယ်၊ နတ်သမီး မြင်ချင်တယ်၊ စိမ့်စိမ့်လေး၊ ငြိမ့်ငြိမ့် ငြိမ်းငြိမ်းလေး ဖြစ်ချင်တယ်၊ ဖြစ်ချင်တာတွေ ရှေ့တန်းတင်ပြီးတော့ အားထုတ်လို့ရှိရင် လောဘ ဖြစ်နေတယ်၊ လောဘ ပျောက်အောင် အားထုတ်တာ လောဘဖြစ်နေလို့ တရားရပ့်မလား။

"မရပါဘုရား"

ဒီဒုက္ခဝေဒနာပျောက်ရမယ်၊ ဒါကြီး ပျက်ရမယ်၊ ဒီဝေဒနာပျောက်ငြိမ်း သွားအောင် ပျက်သွားအောင် လုပ်ရမယ် ဆိုပြီးတော့ သူ့အချိန် မတိုင်သေးဘဲနဲ့ အတ္တလွန်ကဲပြီးတော့ ဒေါနဲ့မောနဲ့ လုပ်လို့ရှိရင် မပျောက်တော့ ပိုပြီး ဒေါသ ထွက်၊ စိတ်ညစ်၊ အဲဒီလိုတွေ ဖြစ်လာတော့လဲပဲ "ပျက်အောင်လုပ်ရင် ဒေါသ ဖြစ်တယ်" ဘာဖြစ်တုံး။ "ဒေါသဖြစ်ပါတယ်ဘုရား" ဒေါသဖြစ်တယ်။

အဲဒီတော့ ပေါ့ပေါ့လျော့လျော့ မေ့မေ့လျော့လျော့နဲ့ ထိုင်တော့ မှီ ထိုင်၊ စင်္ကြံလျှောက်တော့လဲ အပျင်းပြေရုံမျှ လျှောက်၊ ကျန်တဲ့အချိန် မမှတ် ဘဲနဲ့ ဆိုတာလို နေပြန်ရင်လဲ မောဟတွေ ဝင်တယ်၊ အဲဒီတော့ ဖြစ်အောင် မလုပ်နဲ့၊ (ဖြစ်အောင် လုပ်ရင် လောဘ၊ ပျက်အောင်မလုပ်နဲ့၊ ပျက်အောင်လုပ်ရင် ဒေါသ၊ ဖြစ်တာ ပျက်တာ မသိရင် မောဟ)

ဖြစ်တာပျက်တာ၊ သိအောင်လုပ်၊ ဘာသိအောင် လုပ်ရမှာတုံး။

"ဖြစ်တာပျက်တာပါ ဘုရား"

သိအောင်လုပ်တဲ့ အခါမှာတော့ "သတိထား၊ ဝီရိယစိုက်၊ ပညာနဲ့ ရှုပြီးတော့ သိအောင်လုပ်ပါ" မှန်ရဲ့လား။ "မှန်ပါဘုရား"

နောက်ပြီးတော့ ကြမ်းကြုတ်တဲ့ ပုဂ္ဂိုလ်တဲ့၊ အသွားအလာ၊ အနေအထိုင် အပြောအဆို၊ အဲဒီလို ရိုင်းစိုင်းတဲ့ပုဂ္ဂိုလ်တွေကို ရှောင်ကြဉ်ပြီးနေပါ၊ ဒါကတော့ အထူးပြောဖို့ မလိုပါဘူး၊ ကဲ ဆိုကြည့်ဦးမယ်။

"ငြိမ်းအေးသူတွင်၊ မှီဝဲယှဉ်၊ ထိုတွင် စိတ်ညွတ်ရာ"

သူတော်ချင်းချင်း၊ သတင်းလွှေ့လွှေ့ဆိုတာလို အဲဒါ ငြိမ်းငြိမ်းအေးအေး နေတတ်တဲ့ ပုဂ္ဂိုလ်၊ အဲဒီယောဂီပုဂ္ဂိုလ်မျိုးကို စံနမူနာထားပြီးတော့ အားထုတ်ပါ။ အဲဒီ ငြိမ်းငြိမ်းအေးအေးဆိုတာ ကြောင့်ကြမှု ပူပန်မှု၊ ချေးရှုပ်မှု၊ ဇိဇာကြောင်မှုတွေ မရှိဘဲနဲ့ပေါ့၊ အဲဒီလို စဉ်းစားတဲ့နေရာ၊ ဝတ်တဲ့နေရာ၊ နေတဲ့နေရာ၊ ထိုင်တဲ့ နေရာ၊ တည်တည်မှန်မှန်၊ ငြိမ်ငြိမ်အေးအေး နေတတ်တဲ့ ပုဂ္ဂိုလ်တွေကို မှီဝဲပါ၊ သွားဟာ လာတာ လုပ်တာ ကိုင်တာ မရိုင်းစိုင်းတဲ့၊ ယဉ်ကျေးတဲ့၊ သိမ်မွေ့တဲ့၊ ဒုစရိုက်ကင်းတဲ့၊ ဒုစရိုက်ရှောင်တဲ့ ပုဂ္ဂိုလ်တွေကို မှီဝဲပါ။

စိတ်ကိုလဲပဲ ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်အောင် ငါအားထုတ်မယ်ဆိုတဲ့ စိတ်ကလေးကို ညွတ်ထားပါ၊ မှတ်မိရဲ့လား။

"မှတ်မိပါတယ်ဘုရား"

အဲ- ပူပန်တတ်တဲ့ ပုဂ္ဂိုလ်ဟာ သတ္တဝါမှန်ရင် ပူပန်တတ်တာပေါ့လေ။ ဒါပေမယ့် တချို့တော်တော်ပူပန်တတ်တဲ့ ပုဂ္ဂိုလ်တွေရှိတယ်၊ ပူပန်မှု သိပ်များတာ တရားထိုင်တဲ့နေရာလဲ ပူပန်မှုတွေ၊ ကြောင့်ကြမှုတွေက သိပ်များတယ်၊ သိပ် များလွန်းလို့ရှိရင်ဖြင့် အဲဒါငြိမ်းချမ်းမှု ရှိပ့ါမလား။ "မရှိပါဘုရား" မငြိမ်းချမ်းရင် သမာဓိ ရပ့ါမလား။ "မရပါဘုရား"

သမာဓိ မရရင် ဉာဏ် ဖြစ်ပ့ါမလား။

"မဖြစ်ပါဘုရား"

မဖြစ်ဘူး၊ ငြိမ်းငြိမ်းချမ်းချမ်းကလေးနဲ့ သံယောဇဉ်ပြတ်ပြတ် တောက် တောက်ကလေးနဲ့ သံယောဇဉ်ကင်းကင်းကလေးနဲ့ နေပြီးတော့ တရားရလိုတဲ့ စိတ်တစ်စိတ်တည်း ထားပြီးတော့ အားထုတ်ပါ။

အဲဒီတော့ တရားနဲ့သင့်တော်တဲ့ ဥတု၊ တရားနဲ့သင့်တော်တဲ့ ဣရိယာ ပုထ်၊ တရားနဲ့သင့်တော်တဲ့ အစားအစာ၊ လျော်အောင်နေပါဆိုတာ တရား သမားဆိုလို့ရှိရင် လောကီကိစ္စတွေ ငြိမ်းနိုင်သလောက် ငြိမ်းရမယ်၊ လောကီ မှုတွေနဲ့ ကင်းနိုင်သလောက် ကင်းရမယ်၊ ပျော်ပွဲရွှင်ပွဲတွေ ဘာတွေ အစစ အရာရာပေါ့၊ လောကီရေးရာတွေ ဘာတွေနဲ့ ရှင်းနိုင်သလောက် ရှင်းအောင်နေပါ၊ အဲဒီလိုနေလို့ရှိရင် ဘာဖြစ်မလဲ၊ ချမ်းသာမယ်။

## သုဇာတဂါရအရပ်ကို ချဉ်းကပ်

သုဇာတဂါရံ ပဝိဋ္ဌဿ၊ သန္တစိတ္တဿ ဘိက္ခုနော။
အမာနုသီ ရတိ ဟောတိ၊ သမ္မာဓမ္မံ ဝိပဿတော။

သုဇာတဂါရံ– ထုံဂနိုင်ငယ်၊ စုံမြိုင်ရှုက်စိပ်၊ လူမသန်းတဲ့ ဂူနန်းရိပ် ကမ္မဋ္ဌာန်းကျောင်းသို့၊ ပဝိဋ္ဌဿ– စိတ်ကဖြူဖြူ၊ နိမိတ်ယူလျက်၊ နိဗ္ဗူပရမေ့၊ အမြန်တွေ့ရအောင်ရှာန်တွေ ရှင်လန်း ဝိပဿနာကမ္မဋ္ဌာန်း စီးဖြန်းအားထုတ်ရန် ဝင်ရောက်၍နေသော၊ သမ္မာဓမ္မံဝိပဿတော– မှန်မှန်ကန်ကန် ဝိပဿနာ တရားအလုပ် အားထုတ်နေသော၊ သန္တစိတ္တဿ ဘိက္ခုနော– နီဝရဏငါးအင် ညစ်ကြေးမတင်ဘဲ ဖြူစင်မြင့်မြတ်သော စိတ်ရှိသော၊ တဿဘိက္ခုနော– ထို ယောဂီရဟန်းပုဂ္ဂိုလ်အား၊ အမာနုသီ– လူချမ်းသာတကာတို့ထက် သာလွန်သော၊ ရတိ–တရားဖြင့် ပျော်မွေ့ခြင်းအရသာသည်၊ ဟောတိ–စင်စစ်မသွေ ဖြစ်ပါ ပေတော့၏၊ ဟောတိ– ဝိပဿနာ တရားအလုပ် အားမထုတ်သူတွေနှင့်မဆိုင် ဝိပဿနာ အလုပ်တွေကို ကျကျနန ကြိုးကြိုးစားစား အားထုတ်သူတွေနှင့် သာ ဆိုင်သည့် ကိုယ်ပိုင် ပျော်မွေ့ခြင်း ဖြစ်ပါပေတော့သတည်း။

"သာဓု– သာဓု– သာဓုပါဘုရား"

ဒါ ယောဂီရဲ့ ပျော်မွေ့ခြင်း၊ ငြိမ်းချမ်းမှု အရသာ၊ ငြိမ်းချမ်းသာယာမှု အရသာ ဘယ်မှာရှိတယ်၊ သုဇာတဂါရ– သုဇာတဂါရဆိုတာဘာလဲ– သမီး သား ရေး၊ စီးပွားရေး အပေါင်းအဖော် ကိလေသာတွေမှ ဆိတ်သုဉ်းတဲ့နေရာ၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

အပေါင်းအဖော် ကိလေသာတွေ ဆူဆူညံညံတွေမှ ဆိတ်သုဉ်းတဲ့ နေရာက ဘယ်နေရာလဲ၊ တရားရိပ်သာတွေ၊ တောရဋ္ဌာနတွေဟာ ပူပူညံညံ ကိလေသာ အာရုံကာမဂုဏ်တို့မှ မဆိတ်သုဉ်းဘူးလား၊ ဆိတ်သုဉ်းတယ်၊ အဲဒီတော့ တရားအလုပ်၊ အားမထုတ်တဲ့ ပုထုဇဉ် သတ္တဝါတွေ သိပ်သနားစရာ ကောင်းတယ်။

ဘုန်းကြီး သီရိလင်္ကာနိုင်ငံ၊ ကန္ဒီမြို့ရောက်သွားတဲ့အခါ "ရာဇသင်္ဂဟ ပေါ္ဘဂူး" ကျောင်းတိုက်မှာ တရားဟောရတော့ ဒီသတိပဋ္ဌာန်တရားအလုပ်ကို ကြိုးစား အားထုတ်လို့ရှိရင်–

၁။ စိတ်ညစ်ကိလေသာ ကင်းမယ်။
၂။ စိုးရိမ်သောက ကင်းမယ်။
၃။ ငိုကြွေးမှုပရိဒေဝ ကင်းမယ်။
၄။ ကိုယ်ဆင်းရဲ ကင်းမယ်။
၅။ စိတ်ဆင်းရဲ ကင်းမယ်။
၆။ အရိယာမဂ်ကို ရမယ်။
၇။ နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တယ်။ အဲဒီအကျိုး (၇)မျိုးကို ရနိုင်တယ်။

ဘယ်လောက်အတွင်း ရောက်နိုင်သလဲဆိုရင် (၇)ရက်မှ (၇)နှစ်အတွင်း ရနိုင်တယ်လို့ ဘုရားအာမခံထားတယ်လို့ ဆိုပြီးတော့ တရားအားထုတ်ဖို့ တရားချမ်းသာလေး တွေ့ပုံ၊ နည်းနည်း ဟောပြတယ်၊ တရားပွဲပြီးတော့ မေးချင်တာ မေးနိုင်တယ်ဆိုတော့ "အမျိုးသမီး တစ်ယောက်က ထ,မေးတယ်။ အဲဒီတရား သူလိုချင်တယ်တဲ့၊ ဒါပေမယ့်လို့ အိုးမကွာ အိမ်မကွာ အိမ်မှာနေရင်း အားထုတ်လို့ ရမလား"တဲ့၊ အဲဒီလို မေးတယ်။

သီရိလင်္ကာ အမျိုးသမီးကသာ မေးတာမဟုတ်ဘူး၊ မြန်မာပြည်က လူတွေလဲ အဲဒီလိုပါပဲ၊ သူတို့လဲ အိုးမကွာ၊ အိမ်မကွာ တရားလိုချင်တဲ့ပုဂ္ဂိုလ်တွေ မများဘူးလား၊ များတာပဲ၊ ဟဲ့–ဒီအထိတော့ ဒီမေးခွန်း ဆန့်ကျင်ပြီး ဖြေလို့လဲ မဖြစ်ဘူး၊ ငါးပါးသီလနဲ့ နေပြီးတော့ အားလပ်တဲ့ အချိန်ကလေးမှာ တရားကို ကြိုးစား အားထုတ်ရင် အိပ်ရာဝင်– အိပ်ရာထ၊ အားထုတ်ပြီးတော့ စုဗူးနဲ့ ငွေစုသလို တဖြည်းဖြည်းရှုမှတ်ပြီး နောင်တစ်ချိန်တစ်ခါမှာ (၇)ရက်ပဲ၊ (၁၀)ပဲ၊ (၁၅)ရက်ပဲ၊ တစ်လပဲ အချိန်ရအောင်ယူပြီးတော့ အားထုတ်ရင် ပိုပြီးတော့ ရနိုင်ပါတယ်။

အဲဒီလို (၇)ရက်စသည် ရက်ရှည်မလာရောက်နိုင်သေးခင် အိုးမကွာ အိမ်မကွာ ဆိုရင်တော့ ငါးပါးသီလနဲ့ အိပ်ရာဝင်– အိပ်ရာထ ကိစ္စအားလုံး ပြီးတဲ့အချိန်မှာ နာရီဝက် တစ်နာရီလောက် အချိန်လေးယူ– ယူပြီး ကြိုးစား အားထုတ်လို့ ဖြစ်နိုင်တယ်လို့ ဖြေရတယ်၊ ဒါက အလိုက်သင့် အလျားသင့် ဖြေရတယ်၊ တကယ့်တကယ်ကျတော့ အိမ်ထဲ အိုးထဲမှာ နေတယ်ဆိုလို့ရှိရင် ဘုရားဝတ်တက် ဘုရားရှိခိုးတောင် ဖြောင့်ရဲ့လား။

"မဖြောင့်ပါဘုရား" မဖြောင့်ပါဘူး။

တရားအားထုတ်ဖို့ ဆိုတော့ မလွယ်လှဘူး၊ ကြောင့်ကြစရာတွေက ရှိနေတာကိုး၊ မလွယ်ပါဘူး၊ အားထုတ်နေရင်း ခြေသံကြားရင် အိမ်မှာ လူ မရှိလို့ အိမ်စောင့်ရင်း တရားအားထုတ်တယ်၊ ဧည့်သည်လာရင် မတွေ့မှာ စိုးလို့ တံခါးကလဲ စေ့ရုံစေ့ထားဟာ ခြေသံကြားတယ်ဆို နောက်လှည့်ကြည့် လိုက်၊ ချိုးချိုးချွတ်ချွတ်သံ ကြားတယ်ဆိုရင် အဲဒါ ငါးကြော် ကြောင် နှိုက် သလား၊ ကြည့်လိုက်– ဘာလိုက်နဲ့ ဆိုလို့ရှိရင် တရားရပါ့မလား။

"မရပါဘုရား"

တော်ကြာ ဟိုဘက်ကလင်မယား ရန်ဖြစ်သံကြား၊ ဒီဘက်က ကလေး ငိုသံကြား၊ ဆူသံကြား ဘာဖြစ် ညာဖြစ် ဆိုလို့ရှိရင် တရားရဖို့ လွယ်ပါ့မလား။ ဒါကြောင့် ဦးစွာပထမ ကာယဝိဝေက ဖြစ်ရမယ်၊ တရား အားထုတ်တဲ့ပုဂ္ဂိုလ် ဟာ သစ်ပင်အောက်ဖြစ်စေ၊ တောအရပ်ကို ဖြစ်စေ၊ ဆိတ်ငြိမ်ရာကို ဖြစ်စေ ချဉ်းကပ်ရမယ်လို့ မဆိုဘူးလား။ "ဆိုပါတယ် ဘုရား"

အဲဒီအရပ်ဌာနသည် သူတော်ကောင်းတွေ မွေ့လျော်တဲ့ ငြိမ်းငြိမ်း ချမ်းချမ်းနဲ့ ကာယပဿဒ္ဓိဖြစ်တဲ့ စိတ်တွေ ဖြစ်အောင် ဖန်တီးထားတဲ့ နေရာ တွေ ဖြစ်တယ်။

## ကာယဝိဝေက

ရှေးသူတော်ကောင်းတွေ တောထွက်တယ်၊ တောထွက်တယ်နဲ့ မပြော ကြဘူးလား။ "ပြောကြပါတယ်ဘုရား"

စာတွေထဲမှာကော မဖတ်ရဘူးလား။ "ဖတ်ရပါတယ်ဘုရား"

ဘာဖြစ်လို့ ထွက်တာတုံး၊ အိမ်ထဲ ရွာထဲမှာ ဆူလွန်းလို့ ပူလွန်းလို့ မှန်ရဲ့လား၊ အသံဗလံလောကတွင် ဆူတာမဟုတ်ဘူး၊ ဆူစရာ ပူစရာ၊ စိတ်ညစ်စရာ၊ စိတ်ပျက်စရာ၊ စိတ်ရှုပ်စရာ အများကြီး မရှိဘူးလား၊ အဲဒါ တွေနဲ့ ခွာနေပြီးတော့ ရိပ်သာရောက်လာပြီ ဆိုပါတော့၊ အဲဒါ နေရာချင်း ကွာသွားသည်နှင့် တစ်ပြိုင်နက် အမြင်သစ် အသွင်သစ်နဲ့ လူလဲပဲ ငြိမ်းချမ်း မသွားဘူးလား၊ ငြိမ်းချမ်းသွားတယ်၊ အဲဒီတော့– ကာယဝိဝေက ဖြစ်အောင် လုပ်ပြီးတော့ တရားအားထုတ်နေရင် ငြိမ်းငြိမ်းချမ်းချမ်း နေပါတော့မယ်

ဆိုပြီး အားထုတ်ခါစမှာ တစ်သံသရာလုံး ပျော်မွေ့ခဲ့တဲ့ ကာမဂုဏ် အာရုံတွေ ဆီကို စိတ်မသွားဘူးလား။

"သွားပါတယ်ဘုရား"၊ သွားတယ်။

## စိတ္တဝိဝေက

လူကတော့ အိမ်နဲ့ကွာလာပါရဲ့၊ စိတ်ကမကွာပြန်ဘူး၊ ပြန်ပြန်ရောက် သွားတယ်၊ အဲဒီ သားရေး သမီးရေး စီးပွားရေးတွေဆီ ရောက်ရောက်သွားတယ် ဆိုရင်ကော တရားရပါ့မလား။

"မရပါဘုရား"

မရဘူး၊ အဲဒါကြောင့် ကိုယ်က ဦးဆုံး ခွာလာပြီး စိတ်ကိုလဲ အဲဒီ မပြေးရလေအောင် ပြေးရင်ပြေးတယ် ပြေးတယ်၊ မှတ်ရင်းမှတ်ရင်း ပယ်ခွာပြီး ငြိမ်သွားအောင် တရားထဲမှာ ပျော်လာအောင်လို့ မမှတ်ရဘူးလား၊ မှတ်ရတယ်။

နီဝရဏငါးမျိုးကင်းသွားအောင် ဟိုတစ်နေ့ကလဲ ဟောခဲ့ပါပြီ။ နှစ်သက် လိုချင်တဲ့ နီဝရဏတွေ၊ စိတ်ဆိုး စိတ်ပျက်တဲ့ နီဝရဏတွေ၊ ပျံ့လွင့်ပူပန်တဲ့ နီဝရဏတွေ၊ ထိုင်းမှိုင်းပျင်းရိတဲ့ နီဝရဏတွေ၊ ယုံမှားသံသယဖြစ်တဲ့ နီဝရဏ တွေ၊ အဲဒီနီဝရဏတွေ ကင်းပြီးတော့ ရှုမှတ်ရာ ရှုမှတ်ရာ အာရုံမှာသာ စိတ် ကလေး ကပ်ခနဲ၊ ကပ်ခနဲ၊ ဒက်ခနဲ၊ ဒက်ခနဲနေအောင် ရှုမှတ်ဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"၊ လိုတယ်။

အဲဒီလို ကိုယ်ရော၊ စိတ်ရော အပေါင်းအဖော် ကိလေသာတွေနဲ့ ကွာနေပြီး၊ ဘယ်က ကွာနေတာတုံး၊ အပေါင်းအဖော် ကိလေသာတွေမှာ ခန္ဓာကိုယ်ကြီး ကွဲကွာနေပြီ၊ စိတ်ကလဲ ကွာနေပြီ၊ စိတ်က ဘယ်မှာ နေတုံး၊ တရားအာရုံထဲမှာသာနေတယ်။

အဲဒီလို တရားအာရုံထဲမှာသာ နေတော့ စိတ်ငြိမ်မှုနဲ့ တရားချမ်းသာ အရသာလေးကို တွေ့မလာဘူးလား၊ တွေ့လာတယ်၊ စိတ်ငြိမ်မှုနဲ့ တရား ချမ်းသာကို မရယူတတ်သေးတဲ့ မနေတတ်သေးတဲ့ပုဂ္ဂိုလ်တွေ ဦးဆုံး ရိပ်သာ ထဲ ရောက်လာပြီးတော့ နေလိုက်ခါစက ဆိုရင် နေတတ်ထိုင်တတ်ရဲ့လား။

"မနေတတ်ပါဘုရား"

မနေတတ်ဘူး။

အိမ်မှာ သားတွေသမီးတွေ အပေါင်းအဖော်တွေ၊ ဆွေမျိုးတွေနဲ့ ပျော်ပျော်ပါးပါး၊ လွတ်လွတ်လပ်လပ်၊ စားစားသောက်သောက် ပြောပြောဆိုဆိုနေလာနေလာတော့ ဒီရောက်တော့ ဆိတ်ဆိတ်ငြိမ်ငြိမ် တရားမှတ်ပြီးတော့ နေရတယ်ဆိုတော့ လွမ်းလာသလိုလို၊ ဆွေးလာသလိုလို၊ ဖျားလာသလိုလို မဖြစ်ဘူးလား။

"ဖြစ်ပါဘုရား"

ရေထဲကငါး ကုန်းပေါ်တင်လိုက်တဲ့အခါကျတော့ ငါးက တဖျပ်ဖျပ်လူးနေသလို လူလဲပဲ ရိပ်သာထဲ ရောက်ခါစက ကျွမ်းထိုးမှောက်ခုံ ဖျပ်ဖျပ်လူးနေတာကော မရှိဘူးလား။"ရှိပါဘုရား"

လူက သိပ်ပြီးတော့ ထိန်းတာတောင် စိတ်က ဘယ့်နှယ့်နေတုံး၊ စိတ်ကလဲ တခုန်ခုန် တဆွဆွ တပြေးပြေး တလွှားလွှားနဲ့ မနေဘူးလား၊ နေတယ်၊ အဲဒါ သူတော်ကောင်းစိတ်ဓာတ် မထိန်းသေးလို့ မှန်ရဲ့လား။

"မှန်ပါဘုရား။"

## နှလုံးသွေးအရောင်

တရားရလာတော့ ဒီလိုရိပ်သာထဲ ဘုရားသံနဲ့ တရားသံနဲ့ ယောဂီတွေပတ်ဝန်းကျင် တရားအာရုံတွေနဲ့ နေနေရတာကို ငြိမ်းအေးမှုချမ်းသာ အရသာမတွေ့ဘူးလား၊ တွေ့လာပြီး တရားကလဲပဲ တွေ့လာတဲ့အခါကျတော့ ကိုယ်ရော စိတ်ရော ငြိမ်းချမ်းပြီးတော့ လာတယ်၊ မိမိရဲ့စိတ်တွေဟာ ဟဒယဝတ္ထုခေါ်တဲ့ နှလုံးသွေးမှာ မှီပြီးတော့ ဖြစ်တဲ့အတွက်ကြောင့် နှလုံး သွေးမှာ တပ်မက်မှု၊ လိုချင်မှုတွေ လောဘတရားဆိုး ဖြစ်ပေါ်လာတယ်ဆိုလို့ရှိရင်ဖြင့် နှလုံးသွေးတွေက နီလာတယ်၊ စိတ်ကလဲ ဒေါသတွေ ထွက်တယ်၊ စိတ်ဆိုးတယ် စိတ်ပျက်တယ်ဆိုလို့ရှိရင် နှလုံးသွေးတွေက မည်းညိုညစ်လာတယ်၊ စိတ်က ထွေရာလေးပါး အကြံအစည်တွေ များတယ်ဆိုရင် ပဲပြုတ်ရည်တွေလို နှလုံးသွေးတွေက ပဲပြုတ်ရည်အရောင်မျိုးလို ဖြစ်လာတယ်။

ဘုရား တရား သံဃာ စိတ်တခါမှ မပေါ်ဘဲနဲ့ ဒီလို– အိပ်စားကာမဒီသုံးဝထဲမှာ နစ်မျောပြီးနေတဲ့ နှလုံးသွေးတွေကတော့ဖြင့် မောဟကြောင့်ပါပဲတဲ့၊ မောဟများတဲ့ ပုဂ္ဂိုလ်ကျတော့ သားဆေးရေ လိုပဲတဲ့၊ အသားကို ဆေးတဲ့ရေတွေ ဘယ်လိုနေသလဲဆိုရင် ညိုညစ်ညစ်ပေါ့၊ အဲဒီလို နှလုံးသွေးတွေက

အဲဒီလို ဖြစ်နေတာ၊ အဲဒါ ဘုရား ကြည်ညိုတဲ့ စိတ်၊ တရားကြည်ညိုတဲ့စိတ် သံဃာကြည်ညိုတဲ့စိတ်၊ တရားသိတဲ့ စိတ်၊ အဲဒါ သဒ္ဓါစိတ်ပဲ။

သဒ္ဓါစေတသိက် မိုလာပြီ ဆိုရင်ဖြင့် အဲဒီ နှလုံးသွေးဟာ ရွှေဝါရောင် သန်းလာတယ်တဲ့၊ ဘယ်လို ဖြစ်လာတုံး။

"ရွှေဝါရောင် သန်းလာတယ်ဘုရား"

ဒို့ယောဂီတွေ ရွှေဝါရောင် သန်းလာပြီးလား၊ အဲဒီလို ရွှေဝါရောင်လေး သန်းလာပြီး ဆိုရင် ရုပ်ပဲ၊ နာမ်ပဲ၊ အကြောင်းပဲ၊ အကျိုးပဲ၊ အနိစ္စပဲ၊ ဒုက္ခပဲ၊ အနတ္တပဲဆိုတာကို ကွဲကွဲပြားပြားသိတဲ့ဉာဏ်တွေ တော်တော်များများ ရှိလာပြီ ဆိုလို့ရှိရင် နှလုံးသွေးတွေက အရောင် တောက်လာတယ်၊ ဘာဖြစ်ပါလိမ့်။

"အရောင်တောက်လာပါတယ် ဘုရား"

နှလုံးသွေးက အရောင်တောက်လာတော့ သွေးပြန်ကြောက တစ်ဆင့် တစ်ကိုယ်လုံး ပျံ့နှံ့သွားပြီးတော့ စိတ်ကောင်းတော့ သွေးကောင်း၊ သွေးကောင်း တော့ တစ်ကိုယ်လုံး သွေးနဲ့ထိတဲ့အသားတွေကလဲ ကောင်း၊ အသားအရောင် အဆင်းတွေ ကောင်း၊အသား–အရေ–အဆင်းတွေကလဲ ကောင်းတော့ ကျန်းမာ ပြီးတော့ ကျက်သရေ ရှိလာတယ်၊ တရားရလာတဲ့ ယောဂီတွေရဲ့ မျက်နှာဟာ ဘယ်လို ဖြစ်လာတယ်၊ ကျက်သရေ ရှိလာတယ်၊ အဲ– ကျက်သရေရှိလား– မရှိလား၊ ကိုယ့်ဟာကိုယ် မှန်ထဲ ကြည့်စမ်း၊ ငါ့ကျက်သရေ ရှိလား မရှိလား၊ ကျက်သရေတုံး–တုန်းပဲလား၊ ယခု ကိုယ့်ဟာကိုယ် ကြည့်– ကြည့်ပေါ့။

## ကိုယ်စိတ်ငြိမ်းအေးမှုသည် နိဗ္ဗာန် မဟုတ်သေး

ဆဝိဝဏ္ဏော ပရိသုဒ္ဓေါ– အရေအဆင်းတွေ သန့်ရှင်း ကြည်လင်တယ်၊ တောက်ပတယ်ဆိုတာ မီးပန်းကို မီးရှို့တဲ့ အရောင်မျိုး ဖျတ်ဖျတ်ဖျတ်နဲ့ တောက်ပတာကို ဆိုတာ မဟုတ်ဘူး၊ ကျက်သရေရှိတဲ့ ကြည်လင်လာတာ၊ အဲဒါ မျက်နှာကိုက ကြည့်လိုက်ရင် ကျက်သရေကိုက ရှိလာတာ၊ ယောဂီကို ဘေးက မြင်လိုက်ရင် ကြည်ညိုစိတ်ပေါက်၊ သဒ္ဓါတရားတွေ ပွားလာတာ အဲဒီလိုမျက်နှာမျိုးကို ကြည်လင်တဲ့မျက်နှာ၊ တောက်ပတဲ့ မျက်နှာ၊ ဝိပဿနာ ပညာရဲ့အရောင် သန်းလာတာ မှန်ရဲ့လား။

# ကိုယ်တွေ့ပဿဒ္ဓိ

ကိုယ်ရော စိတ်ရော ငြိမ်းလာတာ၊ ဘုန်းကြီးတို့ တရားအားထုတ်တုန်းကများ အဲဒီလို ငြိမ်းလာတဲ့အခါ ဆရာကို လျှောက်တယ်၊ ဘာမှ မရှိအောင် ငြိမ်းနေပြီး တပည့်တော်ရှာနေတဲ့တရားတော့ တွေ့ပြီထင်တယ်၊ အဲဒီတော့ ဆရာတော်က ပြုံးပြီး "အားထုတ်ပါဦးလေ–ရှိပါသေးတယ်"လို့ ပြောပေမယ့် ဆက်လျှောက်ထားတယ်၊ "တပည့်တော်– အခုကိုယ်ရော စိတ်ရော ဘာမှကို မရှိတော့ဘူး၊ ငြိမ်းနေတာ– အေးနေတာပဲ ဘုရား၊ ငြိမ်းအေးတာ– နိဗ္ဗာန်ဆိုတာ ဒါပဲထင်တယ်""ဟုတ်သေးပါဘူးလေ၊ ရှိပါသေးတယ်၊ အားထုတ်ပါဦး"လို့ အေးအေးဆေးဆေး ပြောတယ်။

အင်း–ကမ္မဋ္ဌာန်းဘုန်းကြီးက ငါလျှောက်တာ နားမလည်ဘူး ထင်တယ်၊ ဆရာတောင် ကျေနပ်တာ မဟုတ်ဘူး၊ ငါ့လို သူ တွေ့မှ တွေ့ဖူးရဲ့လား၊ သွားပြီး အထင်သေး၊ အင်း– ပြောရဦးမယ်၊ ချောက်မြို့နယ်က ဒကာကြီးတစ်ယောက်ကလဲ ကမ္မဋ္ဌာန်းဆရာဟောင်း လူကြီးပေါ့၊ အဲဒီလူကြီး တစ်ယောက်တွေ့တော့ အဲဒီ လူကြီးက ဦးအောင်သိန်းတဲ့၊ ဘုန်းကြီးက တိတ်တိတ်ပုန်းဆွေးနွေးလိုက်တာ၊ ယောဂီ စကားမပြောရဘူးဆိုတော့ တိတ်တိတ်ပုန်းဆွေးနွေးလိုက်တော့ အဲဒီလူကြီးက "အရှင်ဘုရား၊ ခန္ဓာက ဘယ်နှစ်ပါး ရှိတယ်" "ငါးပါး ရှိတယ်၊ လက်လဲ မရှိဘူး၊ ခြေလဲမရှိဘူး၊ ခေါင်းလဲ မရှိဘူး၊ ကိုယ်လဲ မရှိဘူး၊ အသည်းတွေလဲ မရှိဘူး၊ လေဟာပြင်ထဲလို ဖြစ်နေတယ်""အရှင်ဘုရား မသိဘူးလား" ဆိုတော့ "သိတယ်"" သိရင် နာမ်ခန္ဓာ ရှိတယ်ပေါ့" " ရှိတာပေါ့"" နာမ်ခန္ဓာ ဘယ်နှစ်ပါးလဲ"" လေးပါး အရှင်ဘုရား""ဘာမှမရှိတော့ဘူးဆို ""အေးလေ–ဘာမှမရှိတော့ဘူး၊ သိတာတော့ ရှိတာပေါ့၊" "အဲဒီတော့ ခန္ဓာငါးပါးထဲက တစ်ပါးတည်းပဲ ပျောက်နေသေးတာ၊ လေးပါးတောင် ကျန်သေးတယ်၊" "ဟာ–ဟုတ်သားပဲ။"

အဲဒီကျတော့မှ ကာယပဿဒ္ဓိ ဖြစ်ပြီးတော့ စိတ္တပဿဒ္ဓိ ငြိမ်းအေးမှုလေး ရတာဟာ ယောဂီရဲ့ တရား ပျော်မွေ့မှုပဲ ရှိသေးတယ်တဲ့၊ သင်္ခါရ ခပ်သိမ်းချုပ်ငြိမ်းတဲ့ နိဗ္ဗာန်တော့ မဟုတ်သေးဘူး၊ အဲဒီလို ဖြစ်ခဲ့သေးတယ်၊ နိဗ္ဗာန်မဟုတ်သေးဘဲနဲ့တောင်မှ တော်တော် မချမ်းသာဘူးလား။

"ချမ်းသာပါတယ် ဘုရား"

ချမ်းသာတယ်၊ ကဲဆိုကြည့်မယ်၊

၁။ ဆိတ်ငြိမ်ရာသို့ – ဝင်လို့မသွေ၊
ဝိပဿနာတရား – ကြိုးအားထုတ်နေ၊
ထိုယောဂီအား – လူများထက်ပေ၊
မွေ့လျော်ခြင်း – မယှဉ်းရနိုင်ပေ။

အဲဒီလို ပဿဒ္ဓိရပြီးတော့ တရားနဲ့ပျော်မွေ့ခြင်း ရလာတယ်၊

၁။ ဘောဇဉ်ဥတု၊ နေထိုင်မှု၊ မှီပြုသင့်မြတ်ရာ။
၂။ မလွန်မယုတ်၊ လုံ့လထုတ်၊ ကြမ်းကြုတ်သူရှောင်ပါ။
၃။ ငြိမ်းအေးသူတွင်၊ မှီဝဲယှဉ်၊ ထိုတွင်စိတ်ညွတ်ရာ။
၄။ ပဿဒ္ဓိပွား – ၇ –ပါး ညွှန်ကြား ဋ္ဌကထာ။

ဆိုတဲ့ ပဿဒ္ဓိ သမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားတော်ကို နာကြားရတဲ့ ကုသိုလ် မစတနာတို့ကြောင့် ဤတရားတော်လာအတိုင်း လိုက်နာ ကျင့်ကြံ ကြိုးစားအားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက် ပြုနိုင်ကြပါစေကုန်သတည်း ။

"သာဓု –သာဓု –သာဓု ပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၈)

### စကားဦး

တရားပွဲစကြပါစို့၊ ဒီနေ့ရက်ဌဲက ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ ဆောင်းဥတု တန်ဆောင်မုန်း လပြည့်ကျော် ၅-ရက်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မဟာစည် သာသနာ့ရိပ်သာ ဓမ္မယဉ်ခမ္မာရုံတွင် ရဟန်းရှင်လူ မဟာစည်ယောဂီများအား ဘုန်းကြီးဟောကြားမည့် တရားတော်က သုဗြဟ္မ သုတ္တန်တရားတော် အဋ္ဌာရသမပိုင်း ဖြစ်ပါတယ်။

ဦးစွာပထမ ဒီတရားပွဲကို မုံရွာမြို့ ကျေးဇူးရှင် လယ်တီဆရာတော် ဘုရားကြီး၏သတ္တဋ္ဌာနဘုရားရှိခိုးဖြင့် ရွတ်ဆို ရှိခိုးပြီး ဖွင့်ပါမည်။

### ပဏာမ

### သတ္တဋ္ဌာန ဘုရားရှိခိုး

ပထမံ ဗောဓိ ပလ္လင်္ကံ၊ ဒုတိယဉ္စ အနိမိသံ။
တတိယံ စင်္ကမဋ္ဌေဝ၊ စတုတ္ထံ ရတနာဃရံ။
ပဉ္စမံ အဇပါလဉ္စ၊ မုစလိန္ဒဉ္စ ဆဋ္ဌမံ။
သတ္တမံ ရာဇာရတနံ၊ သတ္တဋ္ဌာနံ အဟံ နမေ။

၁။ ပထမံ- ရှေးဦးစွာသော၊ ဗောဓိပလ္လင်္ကံ- အတောင်တစ်ရာကြီးစွာ မြင့်ခေါင်သော ဗောဓိညောင်မှ လေးတောင်ကွာနန်း ပြဋ္ဌာခန်းဝယ် ခြူးပန်း ခြူးနွယ် အံ့ဖွယ်ရတနာ ဆန်းကြယ်စွာသား သစ္စာလေးဆင့် ပွင့်တော်မူရာ ပလ္လင်သာကို လည်းကောင်း၊

၂။ ဒုတိယံ– နှစ်ကြိမ်မြောက်သော၊အနိမိသဋ္ဌ– ဇောဓိပင်မှ ချမ်းမြေ့ငြိမ်းအေး တစ်ဆယ့်လေးငါး အသံရှေ့မြောက် တာဝန်းလောကဝယ် မြော်ထောက်ဆင်ခြင် ပလ္လင်ရတနာ မာန်အောင်ရာဟု သကျာဓိပတိ ထွတ်ဘုန်းရှိလျှင် မျက်စိမမိုတ် စိတ်ခွဲရည်ရော် ရပ်ကဲ့မြော်၍ နေတော်မူရာ အနိမိသာ ရပ်ခန်းဝါကိုလည်းကောင်း၊

၃။ တတိယံ–သုံးကြိမ်မြောက်သော၊ စင်္ကမဋ္ဌ– ဇောဓိပင်နှင့် အနိမိသဌာနနှစ်ပါး အလယ်ကြားတွင် အလျားရှေ့နောက် အခေါက်ခေါက်လျှင်ခြောက်ဆယ်တောင်လျား ကြွသွား၍ ရွှေဖဝါးကြာ စင်္ကြံရာဟု ရတနာအတိဖန်ဆင်းဘိသား သီရိလှဲ့ပါ စင်္ကြံသာကိုလည်းကောင်း။

၄။ စတုတ္ထံ–လေးကြိမ်မြောက်သော၊ ရတနာဃရဋ္ဌ–ဇောဓိပင်မှ သမိပဟု သာလှမြေပြင် နောက်မြောက်ခွင်ဝယ် ခဲအင်လှစွာ ဘိမ္မောကို စိတ်ဖြာခွဲခြမ်း ဉာဏ်တောက်ပြုံး၍ ရှုစမ်း ဆင်ခြင် စံရှင်ပျော်ရာ ရတနာဃရကျော်ပေါက်ပြသား ဒေဝဖန်သန်း ရွှေအိမ်နန်းကိုလည်းကောင်း၊

၅။ ပဉ္စမံ–ငါးကြိမ်မြောက်သော၊ အဇပါလဋ္ဌ–ဇောဓိပင်မှ အလဲ သုံးဆယ် စွန်းကယ်နှစ်ခု ညွှန့်နုမြရောင် ဆိတ်ကျောင်းညောင်မှာ ခြောက်ရောင်ထွန်းပ သုံးလူ့ဘသည့် အေးမြမွေ့လျော် နေတော်မူမှတ် အရပ်မြတ်ကိုလည်းကောင်း။

၆။ ဆဋ္ဌမံ– ခြောက်ကြိမ်မြောက်သော၊ မုစ္စလိန္ဒဋ္ဌ၊ ရွှေငွေ ၊သန္တာ၊နီလာ၊ပတ္တမြား ငါးပါးအရောင် ဝင်းဝင်းပြောင်သား ရွှေညောင်တော်ရှေ့ တောင်စပ်ကွေ့တွင် ချမ်းမြေ့မိုးပြင်း ရွာဘိခြင်းကို ရေမင်းနဂါး ပါးပျဉ်းကာ၍ချမ်းသာရိပ်မြုံ ပျော်ပိုက်တုံသည့် မုစ္စလိန္ဒာ ရွှေကြာနံ့လှိုင် ပန်းစုံအိုင်ကိုလည်းကောင်း။

၇။ သတ္တမံ–ခုနစ်ကြိမ်မြောက်သော၊ ရာဇာရတနဋ္ဌ–ရတနာသီရိဇောဓိပင်ဝန်း ရပ်တောင်စွန်းတွင် လင်းလွန်းမြသို ပင်ရိပ်ခို၍ ဖိုလ်သမာပတ်ဝင်စားလတ်၍ မြတ်တရားထုံ သုံးဘုံတိုက်လင်း တရားမင်း၏ ပျော်ခင်းစံရာ ရာဇာရတန ရပ်ဓေယျကိုလည်းကောင်း။

ဣတိသတ္တဌာနံ– ဤသို့ မြတ်စွာ တင့်အပ်ရာသား ရတနာထူးလည်း ခုနစ်မည်ကို၊ အဟံ–အကျွန်ုပ်သည်၊ နမေနမာမိ–ကုမုဒြာရွှေကြာပွင့်ငုံ ဆယ်ချောင်းရုံလျက် ကြည်ယုံမြတ်နိုး ဦးထိပ်မိုး၍ ရှိခိုးပူဇော်ပါ၏ အရှင်ဘုရား။

"သာဓု –သာဓု – သာဓု "

အခုဟောနေတာ သမာဓိ သမ္ဗောဇ္ဈင် ရောက်လာပါပြီ၊ ဘာဗောဇ္ဈင်လဲ။

"သမာဓိ သမ္ဗောဇ္ဈင်ပါဘုရား"

သမာဓိသမ္ဗောဇ္ဈင် အကြောင်း ရောက်လာပါပြီ၊ သမာဓိသမ္ဗောဇ္ဈင်က ဘာလဲဆိုရင်ဖြင့်–

## သမာဓိ သမ္ဗောဇ္ဈင်

အဝိက္ခေပလက္ခဏော သမာဓိ၊
သဟဇာတာနမ္ပာနံ သမ္ပိဏ္ဍန ရသော၊
ဥပသမ ပစ္စုပဋ္ဌာနော။

လို့ အဲဒီလိုလာရှိပါတယ်၊ အဲဒါကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးက ရှစ်လုံးဘွဲ့ဆောင်ပုဒ် စီထားပါတယ်၊ လိုက်ဆိုရအောင်–

၁၊ ပျံ့လွင့်မထွက် – ကပ်လျက်တည်သည်၊
တစ်အာရုံတည်း – ပေါင်းစည်းစေသည်၊
ငြိမ်သက်သည်ဟု – ရှေးရှုထင်သည်၊
သမာဓိ – မှတ်သိဗောဇ္ဈင်မည်။

အဲဒါသမာဓိသမ္ဗောဇ္ဈင်–သမာဓိသမ္ဗောဇ္ဈင်ရဲ့ လက္ခဏာဟာ ဘာလဲဆိုရင် ပျံ့လွင့်ပြီးမထွက်ဘူး၊ ရှုမှတ်ရာ အာရုံမှာသာ တည်နေတဲ့ သဘောသည် သမာဓိသမ္ဗောဇ္ဈင်ရဲ့ လက္ခဏာဖြစ်တယ်၊ တစ်ခုတည်းသောအာရုံမှာ ပေါင်းစည်းပြီးတော့ တည်နေတဲ့ သဘောဟာလဲပဲ သမာဓိရဲ့ ရသကိစ္စ ဖြစ်တယ်။

ငြိမ်သက်နေတာပဲလို့ ယောဂီရဲ့ဉာဏ်အား ရှေးရှုထင်ခြင်းသည် သမာဓိရဲ့ ပစ္စုပဋ္ဌာန် ဖြစ်တယ်။

အဲဒီ သမာဓိ သမ္ဗောဇ္ဈင် ဖြစ်လာပြီဆိုရင်ဖြင့် "သမာဟိတော ဘိက္ခဝေ ယထာဘူတံ ပဇာနာတိ"လို့ဆိုတဲ့အတိုင်း သမာဓိဖြစ်ရင် ဉာဏ်ဖြစ်တာပဲ၊ သမာဓိဖြစ်ရင် ဘာဖြစ်သလဲ ( ဉာဏ်ဖြစ်ပါတယ်ဘုရား) ဉာဏ်ဖြစ်တယ်။

မြတ်စွာဘုရားရှင် ကိုယ်တော်မြတ်ကြီး ဟောကြားတော်မူတဲ့ တရားဒေသနာတွေကို အနှစ်ချုပ်ပြီးတော့ သုံးအုပ်စုပြုမယ်ဆိုရင် သီလ၊ သမာဓိ၊ ပညာ ဖြစ်တယ်၊ ကိုယ်နှင့်နှုတ်ကို ထိန်းချုပ်ပြီး စောင့်ထိန်းမှုဆိုတဲ့ သီလဝိသုဒ္ဓိ

ဖြစ်တဲ့ ယောဂီမှာ သမထကမ္မဋ္ဌာန်း အားထုတ်တယ်၊ ဝိပဿနာကမ္မဋ္ဌာန်း တရားအားထုတ်တယ်။

အဲဒီလိုအားထုတ်တယ်ဆိုရင်ဖြင့် စိတ္တဝိသုဒ္ဓိဖြစ်တယ်၊ နီဝရဏငါးမျိုး ကင်းစင်ပြီးတော့ စိတ်ကလေး ကြည်ကြည်လင်လင်နဲ့ ငြိမ်းငြိမ်းချမ်းချမ်း ဖြစ်လာတယ်၊ အဲဒီလို ငြိမ်းငြိမ်းချမ်းချမ်းလေး ဖြစ်လာပြီးတော့ ရှုမှတ်ရာ အာရုံမှာသာ ကပ်ခနဲ ကပ်ခနဲ တည်လာပြီဆိုရင်ဖြင့် သမာဓိရတယ်လို့ ခေါ်တယ်။

## ဈာန် (ဆိုတာ)

သမာဓိကို ဈာန်နဲ့ တွဲပြီးတော့ ခေါ်တယ်၊ ဈာန်သမာဓိ၊ အဲဒီ ဈာန် ဟာလဲပဲ အရင်တုန်းက ဟောခဲ့ဖူးပါပြီ၊ စူးစိုက်သမှု၊ ကပ်၍ရှု၊ ဈာန်ဟု ခေါ်ဝေါ်သည်၊ စူးစူးစိုက်စိုက် ရှုမှတ်တာကို ဘာခေါ်တယ်၊ ဈာန်လို့ ခေါ်ပါတယ်၊ ဈာန်စူးစူးစိုက်စိုက် ကပ်ပြီးတော့ ရှုတာ ဈာန်လို့ ခေါ်တယ်၊ စူးစူးစိုက်စိုက် ရှုတာ ဘာခေါ်လဲ။

"ဈာန်ခေါ်ပါတယ်ဘုရား"

## သမထဈာန်

"တည်ငြိမ်ရုံမျှ၊ ရှုနေက၊ သမထဈာန် ခေါ်သည်"အာရုံတစ်ခုအပေါ်မှာ စိတ်ကလေး တည်ငြိမ်ရုံ သက်သက် ရှုတာကိုတော့ သမထဈာန် ခေါ်တယ်၊ ဘာဈာန်တဲ့တုံး၊ (သမထဈာန်) တည်ငြိမ်ရုံမျှ ဆိုသော်လဲ ဒီဗုဒ္ဓါနုဿတိစတဲ့ အနုဿတိတွေ ပွားရင် ဥပစာရသမာဓိ ရနိုင်တယ်၊ နောက်ပြီးတော့ ပထဝီ မြေကသိုဏ်း-အာပေါရေကသိုဏ်း-တေဇော-မီးကသိုဏ်းစတဲ့ ကသိုဏ်းတွေ ရှုပွားမှု ဆိုလို့ ရှိရင်တော့ဖြင့် ဒါတွေက ရူပဈာန်၊ အရူပဈာန်စတဲ့ ဈာန်တရားတွေကို ရနိုင်ပါတယ်။

အဲ သမာဓိအင်အားတွေ ကောင်းလို့ရှိရင်ဖြင့် ဈာန်သမာဓိနဲ့ ကွယ်လွန်သွားမယ် ဆိုရင်ဖြင့် ဗြဟ္မာ့ပြည် ရောက်သွားပြီး လူ့အရေအတွက်နဲ့ ဆိုရင် ကမ္ဘာပေါင်း ကမ္ဘေကမ္ဘာ၊ ကမ္ဘာပေါင်းမြောက်မြား‌စွာ ဗြဟ္မာ့ပြည်မှာ သမာဓိ ဈာန်နဲ့ပဲ တည်နေနိုင်ခွင့် ရှိတယ်။

## ဝိပဿနာစျာန်

"လက္ခဏာသုံးရပ်၊ ရှုသိမှတ်၊ ဝိပဿ်၊ စျာန်ခေါ်သည်" အနိစ္စ၊ ဒုက္ခ အနတ္တ သဘောတွေကို သိမြင်အောင် ရှုမှတ်တဲ့ သဘောကိုတော့ ဝိပဿနာစျာန်၊ ဝိပဿနာစျာန် ရှုတယ်လို့ ခေါ်တယ်၊ ဒီလို နိဗ္ဗာန်ရောက်အောင် တရားအလုပ် အားထုတ်တဲ့အခါမှာ စိတ်တည်ရုံမျှရှိတဲ့ သမထစျာန် အခြေခံပြီးတော့ ဝိပဿနာ ရှုပြီး နိဗ္ဗာန်သွားတဲ့ လမ်းက သမထယာနိက ဝိပဿနာလမ်း၊၊ သမထသမာဓိ သီးသန့်မထူထောင်တော့ဘဲနဲ့ ဒွါရနဲ့ အာရုံဆုံတဲ့အခါမှာ ပေါ်လာသမျှ မြင်မှု၊ ကြားမှု စသည်တွေကို မြင်တယ် ကြားတယ် စသည် ဖြင့် ရှုမှတ် ပွားများ အားထုတ်တဲ့ ယခုယောဂီတွေ ရှုမှတ်တဲ့နည်းကိုတော့ သုဒ္ဓဝိပဿနာ၊ ဝိပဿနာ သက်သက်ရှုတဲ့နည်းလို့ ခေါ်ပါတယ်၊ အဲဒီလို ဝိပဿနာသက်သက် ရှုတယ် ဆိုတဲ့အခါမှာလဲပဲ သီလဝိသုဒ္ဓိ ဖြစ်ပြီးတဲ့နောက် စိတ္တဝိသုဒ္ဓိ ဖြစ်တဲ့အခါ မှတ်ရာအာရုံမှာသာ သတိလေးကပ်ပြီးတော့ ကပ်ခနဲ ကပ်ခနဲ တည်နေတဲ့ ခဏိကသမာဓိ၊ အဲဒီ ခဏိကသမာဓိ အခြေခံ ရှိလာမှ ဝိပဿနာဉာဏ်တွေ ဖြစ်ပွားနိုင်တယ်။

အဲဒီတော့ အပ္ပနာစျာန် ရပြီးသူမှာလဲ စျာန်သမာဓိကို မလိုအပ်ဘူးလား၊ လိုအပ်တယ်၊ ဝိပဿနာရှုပြီးတော့ နိဗ္ဗာန် သွားချင်တယ် ဆိုရင်လဲ ခဏိကသမာဓိ မလိုအပ်ဘူးလား။ "လိုအပ်ပါတယ်ဘုရား"

## သမာဓိရအောင်လုပ်နည်း(၁၁)နည်း

အဲဒီသမာဓိ လိုတယ်ဆိုလို့ရှိရင် သမာဓိရအောင် ဘယ်လို လုပ်ရပါမလဲ ဆိုရင်ဖြင့်–

အပိစ ဧကာဒသဓမ္မာ သမာဓိ သမ္ဗောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ ဝတ္ထုဝိသဒကိရိယတာ ဣန္ဒြိယသမတ္တပဋိပါဒနတာ နိမိတ္တကုသလတာ သမယေ စိတ္တဿ ပဂ္ဂဏှနတာ သမယေစိတ္တဿ နိဂ္ဂဏှနတာ သမယေ သမ္ပဟံသနတာ သမယေအဇ္ဈု ပေက္ခနတာ အသမာဟိတ ပုဂ္ဂလပရိဝဇ္ဇနတာ သမာဟိတ ပုဂ္ဂလသေဝနတာ စျာနဝိမောက္ခပစ္စဝေက္ခဏတာ တဒဓိ မုတ္တတာတိ။

အပိစအပရော–တစ်ပါးသော၊ နယော– နည်းကို၊ မယာ– ငါသည်၊ ဝုစ္စတေ– ဆိုဦးမယ်၊ ဝတ္ထုဝိသဒကိရိယတာ– စိတ်စေတသိက်တို့၏ ဖြစ်ရာ

ခန္ဓာကိုယ် ထိုကိုယ်နှင့် စပ်သော သက်န်း စသော အတွင်းအပ ဝတ္ထုတို့၏ စင်ကြယ်မှုကို ပြုခြင်းရှိသူ၏ အဖြစ်လည်းကောင်း၊ ဣန္ဒြိယ သမတ္တ ပဋိပါဒနတာ–သဒ္ဓါစသော ဣန္ဒြေတို့၏ ညီမျှသည်၏ အဖြစ်ကို ပြီးစေခြင်း ရှိသူ၏ အဖြစ် လည်းကောင်း၊ နိမိတ္တကုသလတာ– ကသိုဏ်း နိမိတ်၌ ကျွမ်းကျင်သူ၏ အဖြစ်လည်းကောင်း၊ သမယေ–ချီးမြှောက်သင့်သောအခါ၌၊ စိတ္တံ– စိတ်ကို၊ ပဂ္ဂဏှနတာ–ချီးမြှောက်ခြင်းရှိသူ၏ အဖြစ်လည်းကောင်း၊ သမယေ–နှိပ်သင့်သောအခါ၌၊ စိတ္တံ– စိတ်ကို၊ နိဂ္ဂဏှနတာ–နှိပ်သည်၏ အဖြစ်လည်းကောင်း၊ သမယေ–ရွှင်စေသင့်သောအခါ၌၊ စိတ္တံ–စိတ်ကို၊ သမ္ပဟံသနတာ– ရွှင်စေခြင်းရှိသူ၏ အဖြစ် လည်းကောင်း၊ သမယေ– လျစ်လျူရှုသင့်သောအခါ၌၊ စိတ္တံ– စိတ်ကို၊ အဇ္ဈုပေက္ခနတာ– လျစ်လျူရှုခြင်းရှိသူ၏ အဖြစ် လည်းကောင်း၊ အသမာဟိတ ပုဂ္ဂလပရိဝဇ္ဇနတာ– မတည်ကြည်သောစိတ် ရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း ရှိသူ၏ အဖြစ်လည်းကောင်း၊ သမာဟိတပုဂ္ဂလ သေဝနတာ– တည်ကြည်သော စိတ်ရှိသော ပုဂ္ဂိုလ်ကို မှီဝဲခြင်း ရှိသူ၏ အဖြစ် လည်းကောင်း၊ ဈာနဝိမောက္ခ ပစ္စဝေက္ခဏတာ– ဈာန်ဝိမောက္ခကို ဆင်ခြင်ခြင်း ရှိသူ၏ အဖြစ်လည်းကောင်း၊ တဒဓိမုတ္တတာ–ထိုသမာဓိသမ္ဗောဇ္ဈင်ကို ဖြစ်စေခြင်း၌ ညွတ်ကိုင်းသည်၏ အဖြစ်လည်းကောင်း၊ ဣတိ–ဤသို့၊ ဧကာဒသဓမ္မာ– ၁၁–ပါးသောတရားတို့သည်၊ သမာဓိ သမ္ဗောဇ္ဈင်္ဂဿ– သမာဓိသမ္ဗောဇ္ဈင်၏၊ ဥပ္ပါဒါယ– ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ– ဖြစ်ပါကုန်သတည်း၊

"သာဓု–သာဓု–သာဓုပါဘုရား"

သမာဓိရအောင် လုပ်နည်း ၁၁–နည်း ရှိတယ်၊ ဘယ်နှစ်နည်းပါလိမ့်၊

"၁၁–နည်းပါဘုရား"

ကဲ ဆိုကြည့်မယ်–

၁။ ဝတ္ထုသန့်စင်– ညီမျှယှဉ်– ကျွမ်းကျင်နိမိတ်မှာ။

၂။ ကြွလျှင်နှိမ်လင့်– ကျလျှင်ပင့်– ရွှင်သင့် ရွှင်စေရာ။

၃။ ညီမျှနေလျှင်– ရှုမြဲပင်– ထိုတွင်စိတ်ညွတ်ရာ။

၄။ ပုံ့လွင့်သူကြဉ်– တည်သူယှဉ်– ဆင်ခြင်ဈာန်မောက္ခာ။

၅။ သမာဓိပွား– ၁၁–ပါး– ညွှန်ကြားအဋ္ဌကထာ။

## ၁။ ဝတ္ထုသန့်စင်ရမယ်

သမာဓိရအောင် ကျင့်တဲ့နည်း(၁၁)နည်း၊ အဲဒီ(၁၁)နည်းထဲမှာ နံပါတ် (၁) ဝတ္ထုသန့်စင်ရမယ်ဆိုတာ အရင်တရားပွဲတွေတုန်းက ဟောခဲ့ပြီးသားပဲ၊ ဝတ္ထုသန့်စင်ရမယ်ဆိုတာ ဟောခဲ့ပြီးဖြစ်သော်လဲ ဒီနေရာသူ့အကွက် ရောက်လာတော့ နည်းနည်းလောက်တော့ ထပ်ပြောရမှာ– ဝိပဿနာ တရားအလုပ်အားထုတ်တဲ့ ယောဂီပုဂ္ဂိုလ်ဟာ သလိပ်– ဒေါသစတဲ့ အညစ်အကြေးတွေ ကင်းပြီးတော့ ကျန်းကျန်းမာမာနဲ့ တရားရှုမှတ်ပြီး ဉာဏ်တွေ တိုးပွားရလေအောင် သမာဓိ ဖြစ်ရလေအောင်၊ အဲဒါ သလိပ် ဒေါသ ရှင်းထားရမယ်၊ အဲ– ဆေးသောက်ထားရမယ်၊ ချွဲကျဆေး သောက်ထားရမယ်၊ ဒီလိုတောင် ဆိုတာ။

အခုတော့ လျက်ဆားများများ လျက်ပေးတာပေါ့၊ဟုတ်လား၊ အဲဒီလိုရှင်းထားရမယ်တဲ့၊ ဝမ်းထဲမှာ အညစ်အကြေးတွေ မရှိစေရဘူး၊ လိုအပ်ရင် ဝမ်းနုတ်ထားရမယ်၊ အတွင်းမှာလဲပဲ ဒေါသအပြစ်ကင်းစင်မှ ကျန်းမာမယ်၊ကျန်းမာမှလဲ တရားအားထုတ်လို့ ရမယ်၊ မှန်ရဲ့လား။ (မှန်ပါ့ဘုရား)

နောက်ပြီးတော့ ခြေသည်းလက်သည်းတွေ ဖြတ်ထားရမယ်၊ အရင်တစ်ခါလဲ ပြောပြီးပါပြီနော်၊ ခြေသည်းလက်သည်းထဲမှာ ချေးညှော်တွေ မရှိစေရဘူးတဲ့၊ အခုခေတ် ခြေသည်းလက်သည်း အရှည်ကြီး ထားတာနဲ့တော့ "ဂွကျ"တာပေါ့ ဟုတ်လား၊ ခြေသည်း လက်သည်းတွေ ညှပ်ထားရမယ်၊ မုတ်ဆိတ် ပယ်ထားရမယ်တဲ့၊ ဆံပင် မွေးညှင်း စသည်တွေလဲပဲ မရှုပ်ထွေးစေရဘူး၊ ချေး မတင်စေရဘူး။

ခန္ဓာကိုယ်ကိုလဲပဲ ရေချိုးပြီးတော့ သန့်ရှင်းရေးလုပ်ထားရမယ်၊ ခန္ဓာကိုယ်မှာ ချေးတွေဘာတွေလဲပဲ မရှိစေရဘူး၊ အဝတ်၊ သင်္ကန်း၊ သပိတ်၊အင်္ကျီ၊ လုံချည်၊ အဝတ်အထည် စသည်တွေကိုလဲပဲ သန့်သန့်ရှင်းရှင်း ထားရမယ်။

အိပ်ရာနေရာ ဝန်းကျင်မှာလဲပဲ အနံ့အသက်တွေ မရှိစေနဲ့ မကောင်းတဲ့ အနံ့အသက်တွေ ကင်းစင်ရမယ်၊ လေဝင်လေထွက်လဲ ကောင်းရမယ်၊ ဖုန်တွေ အမှိုက်တွေ ဘာတွေမရှိစေရဘူး၊ မှန်ရဲ့လား၊ အဲဒါသမာဓိဖြစ်ကြောင်း အင်္ဂါ တစ်ခုပါပဲ၊ ဉာဏ်ဖြစ်ကြောင်းတုန်းကတော့ ချေးတွေ ပေနေတဲ့ ဆီမီးခွက်နဲ့ အညစ်အကြေးပါတဲ့ ရေနံဆီနဲ့ ညစ်ပေနေတဲ့ မီးစာနဲ့ ထွန်းလို့ရှိရင် မီးရောင် မကြည်လင်နိုင်ဘူး၊ သန့်ရှင်းတဲ့မီးခွက်၊ မှန်အိမ်၊ သန့်ရှင်းတဲ့မီးစာ၊

သန့်ရှင်းတဲ့ ဆီနဲ့ ထွန်းလို့ရှိရင် မီးရောင် ကြည်ကြည်လင်လင် အရောင်ထွက်တယ်။

သန့်ရှင်းတဲ့ ရုပ်ခန္ဓာကိုယ်၊ သန့်ရှင်းတဲ့ ဝန်းကျင်ကို အမှီပြုပြီးတော့ ဖြစ်ပေါ်လာတဲ့ စိတ်၊ စိတ်လဲပဲ မကြည်လင်ဘူးလား။

"ကြည်လင်ပါတယ်ဘုရား"

ကိုယ်ရော၊ကိုယ့်ပတ်ဝန်းကျင်ရော၊ ကိုယ့်အဝတ်အစားတွေရော၊ အိပ်ရာနေရာတွေရော၊ သန့်ရှင်းနေရင် အဲဒီမှာ နေရတဲ့လူကလဲ ယေဘုယျ အားဖြင့် စိတ်ချမ်းသာသလား၊ စိတ်ဆင်းရဲသလား။ "စိတ်ချမ်းသာပါဘုရား"၊ စိတ်ချမ်းသာတယ်။

ညီစော်၊ ပုပ်စော်တွေ နံ၊ ချွေးစော်တွေနံ၊ ပုပ်စော်တွေနံ၊ ပိုးဟပ်တွေ၊ ချည်မျှင်တွေ၊ ပိုးမျှင်တွေ ညစ်ပေပြီး လူကလဲပဲ ချေးတွေ ညှော်တွေနဲ့ အဝတ်တွေကလဲ ဟောင်းနွမ်းရိပြီးတော့ အနံ့တွေကလဲ မကောင်း၊ ချွေးတွေကလဲ ထွက်၊ အဲဒီလိုဆိုလို့ရှိရင် အဲဒီလူ နေရထိုင်ရတာ သူ့မမေးဘဲနဲ့ ဘေးကအမြင်နဲ့တောင်မှပဲ ချမ်းသာဖို့ ရှိသလား၊ ဆင်းရဲဖို့ ရှိသလား။

"ဆင်းရဲဖို့ ရှိပါဘုရား"

တရားအားထုတ်တဲ့ ပုဂ္ဂိုလ် အလှပြင်တာ မဟုတ်သော်လဲ အလှအပ ပြင်ဖို့ မလိုအပ်သော်လဲဘဲ ကျန်းမာမှု၊ သန့်ရှင်းမှု ရှိဖို့တော့ မလိုဘူးလား။ ဒါဖြင့် ကျန်းကျန်းမာမာ သန့်သန့်ရှင်းရှင်းနဲ့ မိမိတို့ရဲ့ ကမ္မဋ္ဌာန်း ပတ်ဝန်းကျင်မှာလဲပဲ သန့်ရှင်းလတ်ဆတ်ပြီးတော့ နေအောင် ဆောင်ရွက်ထားခြင်းသည် စိတ်တည်ကြည်မှု၊ သမာဓိရကြောင်း အင်္ဂါတစ်ပါး၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

ဒီလောက်ဆိုရင်ဖြင့် လုံလောက်ပါပြီနော်၊ "ညီမျှယှဉ်တဲ့" ဒါလည်းထပ်တလဲလဲ ပြောနေရတာပေါ့လေ၊ သူကလဲ လိုအပ်နေတာကိုး။

## ၂။ ဣန္ဒြေငါးပါး ညီညွတ်ရမယ်

၁။ သဒ္ဓါ၊ သတိ၊ သမာဓိ၊ ဝီရိယ ပညာ။
ဒခစိုးရမှု ဤငါးခု ခေါ်ပြုဣန္ဒြေပါ။

သဒ္ဓါတရား၊ သတိတရား၊ သမာဓိတရား၊ ဝီရိယတရား၊ ပညာတရား၊ ငါးမျိုး ညီညွတ် ထက်မြက်မှသာလျှင် မဂ်ဖိုလ်နိဗ္ဗာန် ရောက်တယ်၊ အဲဒီ

ငါးမျိုးညီညွတ်ထက်မြက်မှသာလျှင် တည်ငြိမ်မှုဆိုတဲ့ သမာဓိလဲပဲ ရတယ်၊ ဉာဏ်လဲပဲ ဖြစ်နိုင်တယ်၊ အဲဒီနေရာမှာတော့ သမာဓိက လိုရင်း။ "ဘာက လိုရင်းလဲ" "သမာဓိပါဘုရား"

ပညာနဲ့သဒ္ဓါ ချိန်ခွင်လျှာဘောင်ကိုက်မှု၊ ဘယ်ဘက်မှ မသာမှု၊ ယုံကြည်မှု အခြေမခံဘဲနဲ့လဲ သိမြင်မှုဉာဏ်ပညာရအောင် အားထုတ်လို့ ရပါ့မလား၊

"မရပါဘုရား"

ဆင်ခြင်မှုဉာဏ် ရှေ့သွားမရှိဘဲနဲ့လဲ ယုံကြည်ရုံသက်သက်နဲ့ ဆုတောင်းနေရုံနဲ့ကော တရားရပါ့မလား။ "မရပါဘုရား"

သမာဓိဉာဏ် ဖြစ်ပါ့မလား။ "မဖြစ်ပါဘုရား"

ယုံကြည်မှု လမ်းလဲ ခင်းထားမှ ရှုမှတ်ဆင်ခြင် သိမြင်မှု ပညာလဲ ပါလာမှ၊ နှစ်မျိုးစုံမှ သမာဓိဉာဏ်ပညာတွေ ဖြစ်လာနိုင်တာ။

ဝီရိယနဲ့ သမာဓိ၊ ဝီရိယလွန်ကဲပြီး နေရင်လဲပဲ စိတ်တွေ ပျံ့လွင့်နေတော့ သမာဓိပညာ ဖြစ်ပါ့မလား၊ "မဖြစ်ပါဘုရား"

မဖြစ်ဘူး။ သမာဓိ လွန်ကဲပြီးတော့ လွယ်လွန်းပြီးတော့ အရသာလေး ခံပြီးတော့ မှိန်းပြီးတော့ လိုက်နေရုံနဲ့လဲပဲ ဉာဏ်ဖြစ်ပါ့မလား။ "မဖြစ်ပါဘုရား"

မဖြစ်ဘူး၊ သမာဓိဖြစ်ပါ့မလား။ "မဖြစ်ပါဘုရား"

သမာဓိက မှိန်းပြီးတော့ လွယ်လွယ်လေးနဲ့ သုခဝေဒနာ ခံစားလို့ ကောင်းကောင်းနဲ့ပေါ့ဗျာ၊ အဲဒီလိုယောဂီ ဘိန်းမှိန်းနေသလို မှိန်းနေရင်လဲ ကြာတော့ ထိနမိဒ္ဓ ဝင်သွားတာပဲ၊ ဘာဝင်သွားတုံး၊ "ထိနမိဒ္ဓပါဘုရား"

အဲဒီတော့ သမာဓိဉာဏ် ဖြစ်ပါ့ဦးမလား၊ "မဖြစ်ပါဘုရား"၊မဖြစ်ဘူး။

## သူမပါရင် မဖြစ်

သတိထားရမှာပဲ၊ ဘာထားရမှာတုံး၊ ချို၊ ချဉ်၊ ငန်၊ စပ်၊ ဖန်၊ ခါး ဆိုတဲ့ ဟင်းလျာတွေ၊ ထမင်းတွေ အရသာခံပြီး စားကြ၊ သောက်ကြတယ် ဆိုလို့ရှိရင် ဆားမပါတဲ့ ဟင်းသည် အရသာရှိပါ့မလား၊ "မရှိပါဘုရား"

မရှိဘူး၊ ဟင်းတိုင်း ဟင်းတိုင်းမှာ ဆားပါရတယ်၊ တရားရှုမှတ်တဲ့ ယောဂီတွေရဲ့ ဗောဇ္ဈင်တရားစတဲ့ တရားတွေ လိုအပ်တိုင်း လိုအပ်တိုင်း ဘယ်သူ့ကို ရှေ့ဆောင်ရမယ်၊ "သတိ" သတိကို ရှေ့ဆောင်ရမယ်။

တိုင်းပြည်အုပ်ချုပ်တဲ့ မင်းဟာ တိုင်းပြည်အုပ်ချုပ် စီမံရင် ကြီးပွား တိုးတက်ရေး၊ ငြိမ်းချမ်းရေးအတွက် အကြံပေး၊ ဉာဏ်ပေး ပြုလုပ်ဆောင်ရွက်ဖို့ ကျွမ်းကျင်တဲ့ အမတ်ကောင်း ရှိရမယ်။ အမတ်ကောင်းရှိမှ တိုင်းပြည်အုပ်ချုပ် စီမံ ကြီးပွား တိုးတက်အောင် ဆောင်ရွက်လို့ရတယ်၊ မှန်ရဲ့လား၊ "မှန်ပါ့ဘုရား"

သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်တဲ့အခါ ဣန္ဒြေငါးပါးညီညွတ် ထက်မြက်ချင်တယ်ဆိုလို့ရှိရင်လဲပဲ အမတ်ကောင်းနဲ့တူတဲ့ သတိပါဖို့ အရေး မကြီးဘူးလား။ "အရေးကြီးပါဘုရား"

သတိပါဖို့ အင်မတန် အရေးကြီးတယ်၊ အဲဒီတော့ ဣန္ဒြေငါးပါး ညီညွတ်ထက်မြက်ဖို့နဲ့ပတ်သက်ပြီး သတိပါရမယ်တဲ့၊ အဲဒီလိုသတိနဲ့ ညှိပြီး တော့ ထားမယ်ဆိုရင်ဖြင့် ဣန္ဒြေငါးပါး ညီညွတ်ထက်မြက်ရမယ်၊ သမာဓိ ဉာဏ်တရားတွေ ဖြစ်ပြီး မဂ်ဖိုလ်နိဗ္ဗာန်တွေ မရနိုင်ဘူးလား၊ "ရနိုင်ပါဘုရား" ရနိုင်ပါတယ်။

ဒီလောက်ဆိုလို့ရှိရင် "ညီမျှယှဉ်"ဆိုတဲ့ လင်္ကာနဲ့ ပတ်သက်လို့ လုံလောက်ပါပြီ။

## ၃။ နိမိတ်ကျွမ်းကျင်ရမယ်

"ကျွမ်းကျင်နိမိတ်မှာ"- အဲဒီ ကျွမ်းကျင်နိမိတ်မှာ ဆိုတာ သမထ တရား၊ ဈာန်တရားတွေ ရအောင် သမထဈာန် ရှုမှတ်တဲ့ သမထ ယောဂီတွေ အတွက် နိမိတ်အာရုံယူတဲ့ နိမိတ်ကျွမ်းကျင်မှုလိုတယ်လို့ ဆိုတယ်၊ ဝိပဿနာ ယောဂီတွေအတွက်တော့ အဲဒီအာရုံနိမိတ်ကျွမ်းကျင်မှု မလိုအပ်ပါဘူး၊ ဝိပဿနာ ဆိုင်ရာ ရှုနည်းမှတ်နည်း ကျွမ်းကျင်ဖို့တော့ လိုပါတယ်၊ ဘာကျွမ်းကျင်ဖို့ လိုသလဲ၊ "ရှုနည်းကျွမ်းကျင်ဖို့ လိုတယ်"

ရှုနည်း၊ မှတ်နည်း၊ ရှုနည်း၊ မှတ်နည်း ကျွမ်းကျင်ရမယ်ဆိုတာ ရုပ် နာမ်ခန္ဓာတို့ရဲ့ ဖြစ်ပျက်နေပုံကို အရှိအတိုင်း သိမြင်အောင် ရှုမှတ်တတ်ဖို့ လိုတယ်၊ မလိုဘူးလား၊ အဲဒီတော့ ပစ္စုပ္ပန်ကျကျ ရှုမှတ်ရမယ်၊ ဘုန်းကြီးရဲ့ ယောဂီတွေ ဆိုရင် နေ့တိုင်း ပြောနေတယ်၊ အထပ်ထပ်ပြောမှ တော်ကာကျမယ်၊ ပစ္စုပ္ပန် တည့်တည့် ရှုမှတ်ဖို့ ယောဂီအနေနဲ့ပေါ့၊ ပစ္စုပ္ပန္နဉ္စ ယောဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ-ဆိုတဲ့အတိုင်း ပစ္စုပ္ပန်တည့်တည့်ရှုမှတ်ရမယ်ဆိုတာ ဝိထိတို့

ဘာတို့ ချပြီးတော့ အသေးစိတ်၊ အဘိဓမ္မာသဘောတွေ ဘာတွေ ပြောဖို့အချိန်လဲ မရပါဘူး။ ယောဂီအသိ သိဖို့ရာကတော့ ကဲ ဆိုကြည့်မယ်။

ဖောင်းတဲ့အခါ ဖောင်းတာကို ဖောင်းတယ်လို့ ရှုရမယ်။
ပိန်တဲ့အခါ ပိန်တာကို ပိန်တယ်လို့ ရှုရမည်။
ဘယ်လှမ်းတဲ့အခါ ဘယ်လှမ်းတာကို ဘယ်လှမ်းတယ်လို့ ရှုရမည်။

အဲဒါအရေးကြီးတာပဲ၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား၊ တင်ပလ္လင်ခွေ ဒူးတုပ်ချောင်ချိချိ မထပ်မဖိနဲ့ ကြည့်ပြီးတော့ထိုင်၊ ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထား၊ မျက်စိအသာမှိတ်ပြီးတော့ အသက်ရှုလို့ ပုံမှန်အတိုင်း အိမ်မှာနေတုန်းကလို ရှုရှိုက်ပြီးတော့ အသက်ရှုတိုင်း ရှိုက်တိုင်း လှုပ်ရှားနေတဲ့ ဝမ်းဗိုက်ကို စိတ်နဲ့ စိုက်ကြည့်၊ သတိနဲ့ ကပ်ကြည့်၊ သူ့ဟာသူ ဖောင်းတက်လာတာကို ဖောင်းတဲ့အခါ ဖောင်းလာတဲ့သဘာဝကို ဖောင်းတယ်လို့ရှု၊ ပိန်တဲ့အခါမှာ ပိန်တာကို ပိန်တယ်လို့ရှု၊ အဲဒါ မှန်မှန် ရှုတတ်ဖို့ အရေး မကြီးဘူးလား။ "ကြီးပါတယ်ဘုရား"

တချို့ လေးငါးခြောက်ရက်ကြာလို့တောင် ဖောင်းတာ ပိန်တာ တွေ့လားဆို မတွေ့ဘူး ဖြေတဲ့ ယောဂီရှိတယ်။

ဖောင်းတယ် ပိန်တယ် မရှုဘူးလား၊ တပည့်တော် စိတ်ထဲ အသက်ရှုလိုက်ရင် ဖောင်းမှာပဲ၊ လေမှုတ်ထုတ်လိုက်ရင်တော့ ပိန်မှာပဲလို့ မှန်းပြီး နှာခေါင်းကနေ အသက်ရှုရင် ဖောင်းတယ်၊ လေမှုတ်ထုတ်လိုက်ရင် ပိန်တယ်လို့ မှန်းမှတ်နေတယ်၊ ဒါလိုလဲ တချို့ပြောတယ်၊ အဲဒါတကယ်ဝမ်းဗိုက်က ဖောင်းပိန်နေတာကို သူမတွေ့ဘူး၊ တွေ့တောင် အလိုက်သင့် အလျားသင့် သူ့ဟာသူ ဖောင်းလာတာလေးကို ဖောင်းတယ်၊ ပိန်ကျသွားတာလေးကို ပိန်တယ်လို့ မှတ်ဖို့ မလိုဘူးလား၊ တချို့ကလဲပဲ" နမောတဿ"အလွတ်ရလို့ ရွတ်သလိုပေါ့လေ၊ အင်း ဖောင်းတယ်၊ ပိန်တယ်၊ ဖောင်းတယ်၊ ပိန်တယ်၊ စိတ်ထဲက ရွတ်ပြီးတော့ သူ့ဟာသူ ဗိုက်က ဖောင်းချင်ဖောင်း ပိန်ချင်ပိန် ငါနဲ့ မဆိုင်ဘူး၊ ရွတ်နေဖို့သာ လိုတာပဲလို့ ဖောင်းတယ် ပိန်တယ်၊ ဖောင်းတယ် ပိန်တယ်လို့ အဲလိုရွတ်နေတော့ကော ဖောင်းတာလဲမသိ၊ ပိန်ကျသွားတာလဲမသိ၊ လှုပ်ရှား တာလဲမသိ ဆိုလို့ရှိရင် တရားရပ့ါမလား။ "မရပါဘုရား"

ကျွမ်းကျင်နိမိတ်မှာဆိုတော့ ဝိပဿနာသမားနဲ့ ပတ်သက်လာလို့ရှိရင် ကိုယ်ရှုမှတ်တဲ့ အာရုံကို ကျွမ်းကျွမ်းကျင်ကျင် ရှုနည်းမှတ်နည်း ကျွမ်းကျွမ်းကျင်ကျင် လိမ်လိမ်မာမာ ရှုတတ်မှတ်တတ်ဖို့မလိုဘူးလား၊ လိုတယ်၊ အဲဒီလို ဖောင်းတာပိန်တာ အခြေခံထားပြီး မြင်တိုင်းမြင်တယ်၊ ကြားတိုင်း ကြားတယ်၊ ဘာမှမရှိရင် ဖောင်းတယ်ပိန်တယ် မှတ်ရတယ်ဆိုတာ နေ့တိုင်း အထပ်ထပ် ပြောနေပါပြီ၊ နောက်တော့ ဘယ်လှမ်းတဲ့အခါ ဘယ်လှမ်းတာကို ဘယ်လှမ်းတယ်လို့ရှု၊ ညာလှမ်းတဲ့အခါ ညာလှမ်းတာကို ညာလှမ်းတယ်လို့ရှု ဒီလို ခိုင်းထားတယ်၊

လက်နှစ်ဖက်ပိုက်ပြီး ကိုယ်ကို ဖြောင့်ဖြောင့်မတ်မတ်ထားပေး၊ မျက်လွှာကို အောက်ချထားပြီးတော့ ခေါင်းမငုံ့ဘဲနဲ့ ထောင်ထောင်မတ်မတ်ရပ်တဲ့ ခန္ဓာကိုယ်ကို ရပ်တယ်ရပ်တယ်၊ သိအောင်ရှု၊ သွားချင်တဲ့စိတ်ကို သွားချင်တယ် သွားချင်တယ်၊ သွားတော့ ဘယ်လှမ်းတယ် ညာလှမ်းတယ်၊ ဘယ်လှမ်းတယ် ညာလှမ်းတယ်နဲ့ စိတ်ကလိုက်ဆိုတာလေးနဲ့ ဂွင်ကျသွားအောင် ကိုက်ညီသွားအောင် ရှုဖို့မလိုဘူးလား (လိုပါဘုရား) လိုတယ်။

## ဖြစ်အောင်ပျက်အောင်မလုပ်နဲ့ သိအောင်လုပ်

မျက်စိကလဲ ဟိုကြည့်ဒီကြည့်၊ ခါးတွေဆိုတာကလဲ တွန့်လိမ်ပြီးတော့ အညောင်းဖြေရင်း တန်းလန်း၊ ခြေထောက်က သူ့ဟာသူ မလှမ်းလှမ်း လှမ်းလှမ်း ဘယ်နဲ့ကိုက်ကိုက် မကိုက်ကိုက် ဒီလိုလုပ်နေလို့ ရမလား (မရပါဘုရား) မရဘူး၊ သူတကယ်လှမ်းတယ်လို့ဆိုလိုက်တာနဲ့ သတိပြုလိုက်တာလေးနဲ့ လိုက်လိုက်သိသိ ထားဖို့မလိုဘူးလား "လိုပါဘုရား" လိုတယ်၊ အဲဒီလို ကျွမ်းကျင်ဖို့ အရေးကြီးတယ်၊ အရေးမကြီးဘူးလား၊ အရေးကြီးတယ်၊ ကျွမ်းကျင်ဖို့ သတိထားဖို့ နေ့တိုင်းလဲ ပြောနေတာ၊ ကဲဆိုကြည့်ဦး -

ဖြစ်အောင်မလုပ်နဲ့၊ ဖြစ်အောင်လုပ်ရင် လောဘ၊
ပျက်အောင်မလုပ်နဲ့ ပျက်အောင်လုပ်ရင် ဒေါသ၊

ဖြစ်တာပျက်တာမသိရင် မောဟ၊ ဖြစ်တာပျက်တာ သိအောင်လုပ် မှန်ရဲ့လား။

"မှန်ပါဘုရား"

ဘာဖြစ်ရမယ်၊ ညာဖြစ်ရမယ်၊ ဘုရားပုံပေါ်ရမယ်၊ ဘိုးဘိုးအောင်ကြီးမြင်ရမယ်၊ အဲဒီလို တစ်ခါတည်း ကိုယ်လိုချင်တဲ့စိတ်နဲ့ တစ်ခုခု မျှော်လင့်ပြီးမှတ်နေလို့ရှိရင် တရားရပါ့မလား၊ မရပါဘူး၊ စိတ်ကူးလွန်းအားကြီးလို့ အာရုံနိမိတ်နဲ့ ဘိုးဘိုးကြီးက လာပြီးတော့ ရော့ တရား ဆို လက်ထဲ ထည့်ပေးလို့ကော ရမလား၊ မရပါဘူး၊ အလကားပဲနော်၊ အဲဒီတော့ လိုချင်တဲ့စိတ်ကြီးနဲ့ မှတ်နေတာ လောဘဖြစ်နေတာ၊ ဖောင်စီးရင်း ရေငတ်နေတာ၊ ငတ်နေတော့ ရေသောက်လို့လဲ အငတ်က မပြေဘူး၊ ရေတွေလဲ တွေ့နေရတယ်၊ တရားမှတ်နေရင်း မျှော်လင့်ချက် လောဘကြီးက ရောက်ရှိနေပြီးတော့ မှတ်နေတော့ တရားမှတ်ရင်းကို တရားမရအောင် ဖြစ်နေတာတွေ ရှိတယ်နော်။

ဒါကြောင့် သိပ်မျှော်လင့်ပြီး မလုပ်ပါနဲ့၊ နိဗ္ဗာန် ရောက်ရပါလို၏၊ တစ်ခါလောက် ဆုတောင်းပြီးပြီပေါ့၊ ကြားထဲမှာမျှော်မျှော်ပြီးတော့ မနေရဘူး၊ ဘာလုပ်မနေရဘူး "မျှော်မျှော်မနေရပါဘူး ဘုရား"

## ထမင်းချက် ဥပမာ

ယောဂီတွေ ခဏခဏပြောတယ်၊ ထမင်းချက်သလိုပဲ၊ ထမင်းက ဆာလှပြီ၊ အချိန်က လွန်သွားတယ်၊ အဲဒါ နောက်ကျမှ ထမင်းအိုး တည်ရတယ်၊ ထမင်းအိုး တည်ရတော့ မြန်မြန် ကျက်စေချင်တဲ့ ဆန္ဒနဲ့ မီးတွေထိုးတယ်၊ မီးတွေထိုးပြီး ငါးမိနစ်လောက်ရှိသေး အိုးလှပ်ကြည့်လိုက်၊ နောက်တစ်ခါ သုံးမိနစ်လောက် ကြာတော့ တစ်ခါလှပ်ကြည့်၊ နောက်တစ်ခါ နှစ်မိနစ်လောက် ကြာတော့ တစ်ခါလှပ်ကြည့်၊ ခဏခဏလှပ်နေတာနဲ့ ထမင်းအိုးက ပွက်ရဲ့လား မပွက်ဘူး။

မပွက်ချင်ပွက်ချင်နဲ့ သူ့အရင်လိုတော့ ခပ်နေးနေးမှ ပွက်လာတော့ ယောင်းမနဲ့ကော်ပြီးတော့ ထမင်းကို လက်ညှိုးနဲ့ လက်မကြားမှာ ပျော့သလား ဝတ်ဆံကျန်သေးလား၊ ခဏခဏစမ်းကြည့်လိုက်၊ ထမင်းအိုးငှဲ့ပြီးတော့ မီးကြီးပေါ် နှပ်ထား၊ တော်ကြာ ယောင်းမနဲ့ ကော်ကြည့်လိုက် ခဏခဏ လှပ်ကြည့်လို့ရှိရင် ထမင်းစိမ်းစပ် ပျော့မနပ် မဖြစ်ဘူးလား၊ ပွက်ချိန်တန်ရင်ပွက်၊ သူ့ကျက်ချိန်တန်တော့မှကျက်၊ အဲဒီလောက်တော့ ကိုယ်က စောင့်နိုင်ဖို့ မလိုဘူးလား။

"လိုပါတယ်ဘုရား"

တရားမှ ဘယ်လောက်မှ အားထုတ်တာ မကြာသေးဘူး၊ ငါဘာဉာဏ်ရောက်ပြီတဲ့ ၊ ဘုန်းကြီးက သူ့စာအုပ်ကလေးထဲ ငါ့ဉာဏ်အမှတ် ဘယ်လောက်ပေးထား ပါသလဲ၊ ခုတရားသင်တန်းလိုက်တဲ့ ကိုယ်တော်တွေ တိတ်တိတ်ပုန်းသွားမေးရကောင်းမလား၊ ငါဟိုစာအုပ် ခိုးဖတ်ပြီးတော့ ပြောရကောင်းမလား၊ အားထုတ်ပြီးသား လူတွေ မေးရကောင်းမလား၊ ကိုယ်မူရင်းအတိုင်း အားထုတ်ပြီး ကိုယ့်လုပ်အားနဲ့ မယူချင်ဘဲနဲ့ မြှော်လင့်ချက်အားကြီးပြီး ခဏခဏ လိုချင်နေလို့ရှိရင် တရားရပ့ါမလား၊ မရဘူး၊ ဘာဖြစ်သလဲ၊ လောဘ ဟုတ်ရဲ့လား။

ဒီနာတာကြီး ပျောက်သွားအောင်၊ ဒီကိုက်ခဲနေတာကြီး လွန်သွားအောင် တစ်တောင်နဲ့ ကြိတ်မှတ်ရတာ တစ်ခါဒီလိုမှ မဟုတ်ရင်ဖြင့် ဆေးသွားထိုး၊ ဝမ်းနုတ်လိုက်ဦး၊ ဟာ ပြီးတော့ကို တစ်ခါတည်းပြီး တံခါးပိတ်ပြီးတော့ တစ်ယောက်တလဲ အနင်းခံကြည့်၊ ဟာ –အဲဒီလိုတွေ လျှောက်လုပ်နေလို့ကော တရားရပ့ါမလား ၊"မရပါဘုရား" ၊ မရဘူး၊ ဒီဟာကြီးပျောက်ကို မပျောက်ဘူး၊ ဒါကြီးမပျောက်ရင်တော့ ဒီတရားရမှာ မဟုတ်ဘူး၊ တပည့်တော်တော့နာတာနဲ့ တရား မမှတ်နိုင်တော့ဘူး၊ ပြန်တော့မယ်၊ စိတ်ညစ်တယ်။

တစ်ခါတည်း အဲဒီလိုဖြစ်နေတော့ ဒေါသတွေမဖြစ်ဘူးလား ဖြစ်တယ်၊ အဲဒီတော့ ဒေါသဖြစ်ရင်ကော တရားရပ့ါမလား၊ မရပါဘုရား၊ ပျက်အောင်လုပ်တော့ ပျက်ချိန်မတန်လို့ မပျက်၊ ပျောက်ချိန်မတန်လို့ မပျောက်ဘူး၊ သိအောင် လုပ်ဖို့ အရေးကြီးတယ်၊ ပျောက်အောင်လုပ်ဖို့ အရေးမကြီးဘူး၊ ဒုက္ခကို ဒုက္ခမှန်းသိအောင်၊ သုခကို သုခမှန်းသိအောင်၊ ဖြစ်တာကိုဖြစ်တာမှန်းသိအောင်၊ ပျက်တာကို ပျက်တာမှန်းသိအောင် မှတ်ဖို့လိုတာ၊ ကိုယ်က နေပြီးတော့ ဖြစ်ခိုင်း ပျက်ခိုင်းနေဖို့ မလိုဘူး၊ လိုသလား၊ "မလိုပါဘုရား"

ဖြစ်လဲဖြစ်မှန်းမသိ၊ ပျက်လဲပျက်မှန်းမသိ၊ နမော်နမဲ့ စောစောက ပြောသလို စူးစူးစိုက်စိုက် လေ့လေ့လာလာ မရှိဘဲနဲ့ သူများ ထိုင် ထိုင်လိုက်၊ သူများသွား သွားလိုက်၊ သူများစား စားလိုက်၊ အမှတ်ကတော့ မိသလား မမိသလားလဲ မသိဘူး၊ မသေချာဘူးဆိုရင်တော့ မောဟဖြစ်တယ်၊ ဘာဖြစ်တုံး။ (မောဟဖြစ်ပါဘုရား) မောဟကြီးနဲ့ တရားအားထုတ်လို့ရပါမလား၊ (မရပါဘုရား)မရဘူး၊ အဲဒါကြောင့်ဖြစ်အောင် မလုပ်နဲ့ ဖြစ်အောင်လုပ်ရင် လောဘ၊ ပျက်အောင်မလုပ်နဲ့ ပျက်အောင်လုပ်ရင် ဒေါသ၊ ဖြစ်တာပျက်တာ မသိရင်

မောဟ၊ ဘာသိရမှာလဲ ဖြစ်တာပျက်တာ သိအောင်လုပ်၊ ဘာသိအောင် လုပ် ရမယ်၊ "ဖြစ်တာပျက်တာသိအောင်လုပ်ရမှာပါ ဘုရား။"

ဖောင်းတာဖြစ်လာရင်လဲ ဖောင်းလာတာကို ဖောင်းတယ်သိအောင်လုပ်၊ ဖောင်းတာပျက်သွားရင်လဲ ပျက်သွားတာကို သိအောင်လုပ်၊ ပိန်တယ်ဖြစ်လာရင်လဲ ပိန်တယ်လို့ ဖြစ်လာတာလေး သိအောင်လုပ်၊ ပိန်တာအဆုံးသတ်သွားရင်လဲပဲ အဲဒါလေး အဆုံးသတ်သွားတာလေး သိအောင်လုပ်၊ မှန်ရဲ့လား။

"မှန်ပါဘုရား"

သူ့အလိုလို ဖောင်းလာတာကို ကိုယ်က ဖောင်းတယ် သိအောင်လုပ်၊ သူ့အလိုလို ပိန်ကျသွားတာကို ကိုယ်က ပိန်တယ်လို့သိအောင်လုပ်၊ ဖောင်းအောင် ပိန်အောင် မလုပ်နဲ့၊ ဖောင်းတာ ပိန်တာကို သိအောင်လုပ်၊ ဖြစ်အောင်ပျက်အောင် မလုပ်နဲ့၊ ဖြစ်တာ ပျက်တာကို သိအောင်လုပ်၊ ဒါလောက်ဆိုရင် သဘောပေါက်ရဲ့လား။"ပေါက်ပါတယ် ဘုရား"

အဲဒီတော့ တရားနည်းလမ်းကိုလဲ ရှုမှတ် ကျွမ်းကျင်ရမယ်၊ ကျွမ်းကျင်ရင် သမာဓိဉာဏ် မြန်မြန် မရနိုင်ဘူးလား (ရနိုင်ပါဘုရား)။ ရမယ်၊ အဲဒီလို ဆိုပါတယ်တဲ့၊ ကဲ ဆိုကြည့်မယ်။ နောက်ပြီးတော့-

## စိတ်ဓာတ်ကျ ယောဂီ-ပွားရမည့် ဗောဓျှင်-၃-ပါး

၁။ "ကြွလျှင် နှိပ်လင့်-ကျလျှင်ပင့်- ရှင်သင့်ရှင်စေရာ။"

ကျလျှင်တဲ့-ကျလျှင်ဆိုတာ အစတုန်းကတော့ သဒ္ဓါထက်ထက်သန်သန်နဲ့ တစ်လလောက်၊ နှစ်လလောက် နေပြီးတော့ တရားမရမချင်း ငါမပြန်ဘူးဆိုတဲ့ ထက်သန်တဲ့ သဒ္ဓါဓာတ်တွေနဲ့ အိမ်ကိုလဲပဲ အကြောင်းထူးမရှိဘဲနဲ့ အဆက်အသွယ် မလုပ်နဲ့၊ မလာနဲ့၊ တစ်ခါတည်း ဘာမှလဲပဲ လာမပြောကြနဲ့ဆိုပြီးတော့ သေသေချာချာ တင်းတင်းရင်းရင်း လာတာပဲ၊တစ်ရက်လောက်မှတ်၊ နှစ်ရက်မှတ်၊ သုံးရက်လောက်မှတ်၊ ဒုက္ခဝေဒနာတွေ တွေ့၊ စိတ်တွေကထွက်၊ လူက ပျင်းလာပြီး ပျင်းလာတော့ အင်း- တရားအားထုတ်ရင် ချမ်းသာတယ်လို့ ကြားဖူးတယ်၊ အခု တွေ့နေရတာက တရားဆင်းရဲပဲ၊ ဆင်းရဲလိုက်တာ၊ အရိုးတွေလဲ ကွဲထွက်တော့မလား မသိ၊ ခါးတွေလဲ ကျိုးထွက်တော့မလားမသိ၊ လည်ပင်းက ကျပ်လိုက်တာ အသက်များ ပါသွားတော့မလားမသိဘူး၊ ကျပ်တယ်- ကျပ်တယ် မှတ်ရမယ်၊ ဘုန်းကြီးကလဲ ပြော

တယ်၊ ငါကလဲ ကြောက်လိုက်တာ၊ ဒီအတိုင်းတော့ ဒီတရားနဲ့ ငါနဲ့ တည့်မယ်မထင်ဘူးလို့၊ စိတ်ဓာတ်တွေကျ၊ အဲလို စိတ်ဓာတ်ကျလို့ရှိရင် "ပင့်တင်" ပေးရမယ်၊ စိတ်ကို၊ စိတ်ကို ဘာလုပ်ပေးရမယ်၊ ပင့်တင်ပေးရမယ်၊ ပင့်တင်ပေးဖို့ ဆိုကြည့်မယ်။

၁။ ကျလျှင် ဝီရိ၊ ဓမ္မဝိ၊ ပီတိဗောဇ္ဈင်ပွား၊

တရားမှတ်ရင်းတန်းလန်း စိတ်ဓာတ်ကျသွားမယ်ဆိုရင် ဝီရိယသမ္ဗောဇ္ဈင်ပွား၊ ကြိုးစားအားထုတ်မှုတွေ ဖြစ်ပေါ်လာအောင် ဝီရိယသမ္ဗောဇ္ဈင်ဖြစ်နည်းတွေ ဘုန်းကြီးပြောခဲ့ပြီးပါပြီ၊ မှန်ရဲ့လား၊ နောက်ပြီးတော့ ပီတိသမ္ဗောဇ္ဈင်ဖြစ်အောင် အနုဿတိတရားတွေ ဆင်ခြင်ပြီးတော့ ဗုဒ္ဓါနုဿတိ၊ ဓမ္မာနုဿတိ၊ သံဃာနုဿတိ၊ ဘုရားကြည်ညို၊ တရားကြည်ညို၊ သံဃာကြည်ညို ကြည်ညိုပြီးတော့ အဲဒီလိုစိတ်တွေ ရွှင်ပြီးတော့ လာအောင် တရားထဲ ပျော်လာအောင်ပွား၊ မှန်ရဲ့လား။ "မှန်ပါ–ဘုရား"

အသိဉာဏ်လေးတွေ ရှင်းလင်း၊ ပီပီပြင်ပြင် ဖြစ်လာအောင်ပွား၊ အဲဒီ ဓမ္မဝိစယ သမ္ဗောဇ္ဈင်၊ ဝီရိယသမ္ဗောဇ္ဈင်၊ ပီတိသမ္ဗောဇ္ဈင်တွေ ပွားလာလို့ရှိရင် စိတ်ဓာတ်ကျလာတာတွေဟာ စိတ်က ပျော်လာပြီးတော့ အားတက်လာလိမ့်မယ်၊ အားတက်လာရင် သမာဓိဉာဏ်တွေ ရပြီး မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူးလား၊

"ရနိုင်ပါတယ်ဘုရား"

ရနိုင်တယ်၊ ကဲ ဆိုကြည့်ဦးမယ်။

## စိတ်တက်ကြွ ယောဂီ- ပွားရမည့်ဗောဇ္ဈင်၃-ပါး

၁။ ကြွလျှင်ပဿဒ္ဓိ၊ သမာဓိ၊ ပွားညှိဥပေက္ခာများ၊

အဲတော့ ဒီဥဒယဗ္ဗယဉာဏ်လောက် ရောက်လို့ အလင်းရောင်တွေ၊ ကြက်သီးမွေးညင်းတွေထ ပီတိတွေဖြစ်၊ တသိမ့်သိမ့် တစိမ့်စိမ့်နဲ့ ဖြစ်လာဝမ်းသာအားရပြီး ဟိုလူ့ပြောချင်၊ ဒီလူ့ပြောချင်၊ ဟိုဆွေမျိုးခေါ်ပြီး အားထုတ်ခိုင်းချင်၊ ဒီဆွေမျိုးခေါ်ပြီး အားထုတ်ခိုင်းချင်၊ ဟိုဆရာသမား သွားပင့်ချင်၊ ဒီတပည့်ခေါ်ချင်နဲ့ အဲဒီလို ဖြစ်ရင် လူက ကြွတက် ကြွတက်နဲ့ စိတ်တွေက တစ်ခါတည်း ကိုယ်တရားရလာတာတွေကို သူများလိုက်ပြောပြီး တရားပေးချင်

စိတ်တွေ ပေါက်ပြီးတော့ တရားမှတ်လို့ မရဘဲနဲ့ ယောဂီ ကြွတ ကြွတနဲ့ ဖြစ်လာတတ်တာ မရှိဘူးလား။

"ရှိပါတယ်-ဘုရား"

ရှိတတ်တယ်။

ကြွတကြွတနဲ့ ဖြစ်လာလို့ရှိရင် စိတ်ကလဲ လွတ်ထွက်- လွတ်ထွက် ဖြစ်လာ၊ စိတ်က လွတ်ထွက်ထွက် ဖြစ်လာတော့ စကားဟာ ခပ်များများ ဖြစ်လာ၊ အဲဒီတော့ ကိုယ့်ဟာကိုယ် နည်းနည်း ဘဝင်မြင့်တင့်တင့် ဖြစ်ပြီးတော့ တရားမှတ်လို့မရ၊ အဲဒီလို မှတ်လို့မရဘူးဆိုလို့ရှိရင် ယောဂီကြွနေတယ်၊ ဘာဖြစ်နေတုံး ၊ "ကြွနေပါတယ်-ဘုရား"၊ ကြွနေတယ်။

အဲဒီ ကြွနေတဲ့ ကြွတတ-ယောဂီဆိုလို့ရှိရင် ငြိမ်ငြိမ်လေး နေတတ်တဲ့ ပဿဒ္ဓိ ဖြစ်အောင် မနေ့က ဟောခဲ့တဲ့နည်းအတိုင်း ပဿဒ္ဓိသမ္ဗောဇ္ဈင် ဖြစ်အောင်ပွား၊ ကိုယ်ရောစိတ်ရော ငြိမ်းသွားအောင်၊ နောက်ပြီးတော့ တည်တည် ငြိမ်ငြိမ်ဖြစ်အောင် သမာဓိထူထောင်ပေး၊ အကောင်းအဆိုးတွေပေါ်မှာ လျစ်လျူရှု တတ်တဲ့ ဥပေက္ခာဗောဇ္ဈင် ဖြစ်အောင်ပွား၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

ပွားလိုက်လို့ရှိရင် ယောဂီ၊ ကြွတကြွတဖြစ်တဲ့ ယောဂီ ဘာဖြစ်သွား၊ ငြိမ်သွားပြီ၊ ငြိမ်သွားတော့ သမာဓိဉာဏ် မှန်မှန် မရနိုင်ဘူးလား၊ ရတယ်၊ ယောဂီတွေကို ကမ္မဋ္ဌာန်းဆရာက ငါ့ယောဂီ ကျနေတာလား၊ ကြွနေတာလား၊ အကဲခတ်ရတာ၊ ကျနေပြန်လဲ အားပေးတဲ့တရား ဟောပေးရတယ်၊ ကြွတတ ဖြစ်နေပြန်လဲ ခပ်နှိမ်နှိမ်လေး သူ့ကို ခေါက်တောက်တောက် ပြောပေးရတယ်၊ ဟာ ကမ္မဋ္ဌာန်းဆရာ နေ့တိုင်းနဲ့ မတူဘူး၊ ငါ့ကို ဒီနေ့ ခေါက်နေပါတယ်၊ အဲဒီလိုဆိုရင်တော့ သတိထား၊ ငါတော့ ကြွတတ ဖြစ်နေပြီလို့ ဟုတ်လား၊ ငါ့တော့ ဆရာက ဒါကြောင့် ခေါက်နေတာ၊ ဆရာက တစ်ခါတည်း သတိ ပေးနေတာဆိုတာ သိဖို့မလိုဘူးလား၊ လိုတယ်။

အဲဒီတော့ အဲဒီလိုကြွနေရင်လဲပဲ နှိမ်ပေးရမယ်၊ ကျနေရင်လဲပဲ ပင့် ပေးရမယ်တဲ့၊ မှန်ရဲ့လား၊(မှန်ပါဘုရား)မှန်တယ်၊ အဲဒီလိုလုပ်ပေးရင် တရား တွေက မရနိုင်ဘူးလား၊ (ရနိုင်ပါတယ်ဘုရား)၊ သမာဓိဉာဏ်တွေ မဖြစ်နိုင်ဘူး လား။

"ဖြစ်နိုင်ပါတယ်ဘုရား"

ဖြစ်နိုင်ပါတယ်၊ အဲလို ကြိုးစား အားထုတ်ဖို့ အရေးကြီးတယ်၊ အခု သုံးနာရီ ထိုးခါနီးပြီ၊ သမာဓိသမ္ဗောဇ္ဈင်ကတော့ မနက်ဖြန် ဆက်ဟောရ လိမ့်ဦးမယ်။

သုဗြဟ္မသုတ္တန် အဇ္ဈာရသမပိုင်းတရား သမာဓိသမ္ဗောဇ္ဈင် ဖြစ်ကြောင်း တရားတို့ကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဤတရားတော်လာ အတိုင်း လိုက်နာကျင့်ကြံ အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန် ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက်မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

"သာဓု၊ သာဓု၊ သာဓုပါဘုရား"

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၁၉)

### စကားဦး

တရားပွဲစကြပါစို့၊ ဒီနေ့ရက်စွဲက ကောဇာသက္ကရာဇ် ၁၃၅၂-ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၆-ရက်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတွင် ဒီနေ့ ဘုန်းကြီးဟောမည့် တရားတော်က သုဗြဟ္မသုတ္တန် ဇာကနသတိမ-အပိုင်း၁၉ ဖြစ်ပါတယ်။

ဒီတရားပွဲကို ဗုဒ္ဓမြတ်စွာဘုရားရှင် ဘုရားဖြစ်သစ်စက ဦးစွာကျူးရင့်တော်မူတဲ့ဥဒါန်းဂါထာတော်ဖြင့် ဖွင့်လှစ်ပါမယ်၊ နိဿယအနက်ကိုတော့ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးတော်မူပါတယ်၊ ဒီဂါထာများကို ယနေ့ မြန်မာနိုင်ငံထေရဝါဒဗုဒ္ဓဘာသာများက အနေကဇာတင် ပါဠိလို့ ခေါ်ကြပါတယ်။

မိမိတို့ကိုးကွယ်ရန် ပူဇော်ထားတဲ့ ဗုဒ္ဓရုပ်ပွား ဆင်းတုတော်များအား ဤဥဒါန်းဂါထာတော်များကို ရွတ်ဆိုပူဇော်ကြတယ်၊ ဒီဥဒါန်းဂါထာရဲ့ အစပိုင်းတွင် "အနေကဇာတိသံသာရံ"-ဆိုတဲ့ ပါဠိစကားကို အကြောင်းပြုပြီးတော့ ဗုဒ္ဓရုပ်ပွား အသစ်အား အနေကဇာတင်တယ်လို့ ခေါ်ဝေါ်ကြတာဖြစ်ပါတယ်၊ အဲဒါကို သံဃာတော်များက ရွတ်ဖတ်ကြပါတယ်၊ ယခုအဲဒီပါဠိဂါထာ ၂-ပုဒ်ဖြင့် ဒီတရားပွဲကို ဖွင့်ပါမယ်။

## ပဏာမ

## ဥဒါန်းဂါထာ အနေကဇာတင်ဘုရားရှိခိုး

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာ ဇာတိ ပုနပ္ပုနံ။
ဂဟကာရကဒိဋ္ဌောသိ၊ ပုန ဂေဟံ န ကာဟသိ။
သဗ္ဗာတေ ဖါသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

ပုနပ္ပုနံဇာတိ–ဘဝအသစ် အဖန်ဖန်ဖြစ်ရခြင်းသည်၊ ဒုက္ခာ–ဆင်းရဲကြောင်းဖြစ်၍ ဆင်းရဲလှဆိုးဝါးလှ၏။(သာစ–ထိုဘဝအသစ်ဖြစ်ခြင်းသည်လည်း ဂဟကာရေ– အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ်တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာ ယောကျ်ားလက်သမားကို၊ အဒိဋ္ဌေ– အရဟတ္တမဂ်ဉာဏ်ဖြင့် မမြင်ရသေးသည် ရှိသော်၊ နနိဝတ္တတိ– ဆုတ်နစ်ရပ်တန့်ခြင်း မရှိချေ။ တသ္မာ– ထို့ကြောင့်။) ဂဟကာရံ– အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာ ယောကျ်ား လက်သမားကို၊ ဂဝေသန္တော–ဒီပင်္ကရာ မြတ်စွာခြေရင်း တံတားခင်း၍ ဝပ်စင်းဦးချ နိယတဗျာဒိတ် အောင်ဘိသိက်ပန်း ဆင်မြန်းသည်မှ အဦးစ၍ တွေ့ရလေအောင် ကျင့်ဆောင်ရှာမှီးနေသောငါသည်၊(ယေန ဉာဏေန– အကြင်အရဟတ္တဉာဏ်ဖြင့်၊ တံ–ထိုတဏှာလက်သမားကို၊ ဒဋ္ဌုံသက္ကာ– မြင်ခြင်းငှာ စွမ်းနိုင်၏၊ တံဉာဏံ–ထိုတဏှာကို မြင်နိုင်ကြောင်း အရဟတ္တ မဂ်ဉာဏ်တည်းဟူသော ပညာမျက်စိမျက်မှန်ကောင်းကို) အနိဗ္ဗိသံ– မရသေးသည် ဖြစ်၍၊ အနေကဇာတိသံသာရံ– ဘဝများစွာ ခန္ဓာအစဉ်ဟူသော သံသရာသို့ (ဝါ)ဘဝများစွာ သံသရာကာလပတ်လုံး၊ သန္ဓာဝိဿံ– သံသရီ– ပြေးသွားကျင်လည်ခဲ့ရလေပြီ။

ဂဟကာရက-အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာယောကျ်ား ဟဲ့ လက်သမား၊ (ဣဒါနိ၊ အရဟတ္တမဂ်ဉာဏ် ဟူသော သမ္မာ သမ္ဗောဓိဉာဏ် ပညာ မျက်မှန်ကို ရရှိသော ယခုအခါ ကာလ၌၊ တွံ– တဏှာယောကျ်ား သင်လက်သမားကို) ဒိဋ္ဌော–မျက်ဝါးထင်ထင် သိမြင်ရသည်၊ အသိ–ဖြစ်ပေ၏၊ (တသ္မာ–ထို့ကြောင့်၊

တွဲ-တဏှာယောကျ်ား သင်လက်သမားသည်)ဂေဟံ-ငါ၏ခန္ဓာအိမ်ကို၊ ပုန နကာဟသိ- တစ်ဖန် ဆောက်လုပ်တော့မည် မဟုတ်ပေ၊ တေ- သင်၏၊ သဗ္ဗာ-အလုံးစုံကုန်သော၊ ဖာသုကာ-ခန္ဓာအိမ်၏၊(အဝိဇ္ဇာ နောက်လိုက်) ကိလေသာတို့ကို၊ ဘဂ္ဂါ- ချိုးဖျက်အပ်ကုန်ပြီ၊ ဂဟကူဋံ- အိမ်၏ အထွတ်အမှူးပမာ အဝိဇ္ဇာခေါင်ချုပ်ကြီးကို၊ ဝိသင်္ခတံ- ဖျက်ဆီးအပ်ပြီ၊စိတ္တံ- ငါ၏စိတ်သည်၊ ဝိသင်္ခါရဂတံ- သင်္ခါရကင်းရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သက်ဝင်လျက် တည်နေပြီ၊ တဏှာနံ-ဆာလောင်တပ်မက်ဖွယ် သဘောယာတောင့်တ တဏှာဟူသမျှတို့၏၊ ခယံ-ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ- ဖြစ်ပွားစေကာ ကောင်းစွာရလျက် ရှိပေပြီ၊ အဇ္ဈဂါ- ဇေယျမဏ္ဍိုင် ခန်းဝါပိုင်မှာ ဝိပဿနာတရား အလုပ် ကြိုးစားအားထုတ်သဖြင့် အဟုတ်မှန်စွာ ပါရမီကောင်းပြုတ် အငြိမ်းဓာတ် အရဟတ္တဖိုလ်ကို ထူးမြတ်သေချာ ကောင်းစွာလှလှ ရရှိတော်မူပါပေ၏၊ တံဘဂဝန္တံ-မဟာသင်္ကြာဇာဇ် တစ်ရာသုံး မနှစ် မွေ့သစ်ကြိုက်ကြဲ ကဆုန်လပြည့် ဆင်မင်းနေ့၌ ဘုန်းပေါ်လင်းရှား ဘုရားဖြစ်သော ဘုန်းတော်သခင် ဘုရားရှင်ကို၊ အဟံ- အကျွန်ုပ်သည်၊ ဝန္ဒာမိ- ယုံကြည်မြတ်နိုး မာန်ညွှတ်ကျိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။ “သာဓု၊ သာဓု၊ သာဓု”

## သမာဓိ သမ္မောဇ္ဈင် ဖြစ်ကြောင်းတရား ၁၁-ပါး

* ကြွလျှင် နိမ်လင့်၊ ကျလျှင်ပင့်၊ ရှင်သင့်ရှင်စေရာ။

အဲဒါ ရှင်သင့်ရင် ရှင်စေရမယ်တဲ့၊ နိဗ္ဗိဒါဉာဏ်- ဒါက တစ်ခုရှိတယ်၊ တရားအလုပ် အားထုတ်တဲ့အခါမှာ သင်္ခါရဒုက္ခတွေကို ကြပ်ကြပ်မြင်လာတဲ့ အတွက် ဘုံ (၃၁)မှာ ဘယ်ဘဝမှာမှ ဘယ်ဘုံမှာမှ မကောင်းဘူးဆိုတာ သိမြင်ပြီးတော့ အဲဒီသတ္တဝါသင်္ခါရဘုံဘဝတွေမှ လွတ်မြောက်ချင်တဲ့ အတွက်ကြောင့် သတ္တဝါသင်္ခါရတွေအပေါ်မှာ အပြစ်မြင်ပြီးတော့ ပျော်မွေ့မှု မရှိဘဲ ငြီးငွေ့တာကို နိဗ္ဗိဒါဉာဏ် ခေါ်တယ်၊ ဘာဉာဏ်ပါလိမ့်၊ “နိဗ္ဗိဒါဉာဏ်ပါဘုရား” ဟုတ်တယ်၊ နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်၊ အများခေါ်နေကြတာ နိဗ္ဗိန္ဒဉာဏ်။

အဲဒီ နိဗ္ဗိဒါဉာဏ်တရား သိပြီးတော့ ဘဝတွေ-ခန္ဓာတွေ-ဘုံတွေ၊ အဲဒီဘယ်မှာမှ မပျော်မွေ့ဘဲနဲ့ ဘုံဘဝတွေ သင်္ခါရတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို လိုချင်တယ်၊ လောကီဘုံဘဝတွေအပေါ်မှာ ငြီးငွေ့ဟယ်၊ အဲဒါက တစ်မျိုး၊

ပဌမ

## ဥဒါန်းဂါထာ အနေကဇာတင်ဘုရားရှိခိုး

အနေကဇာတိသံသာရံ၊ သန္ဓာဝိဿံ အနိဗ္ဗိသံ။
ဂဟကာရံ ဂဝေသန္တော၊ ဒုက္ခာဇာတိ ပုနပ္ပုနံ။
ဂဟကာရကဒိဋ္ဌောသိ၊ ပုန နကာဟသိ။
သဗ္ဗာတေ ဖါသုကာဘဂ္ဂါ၊ ဂဟကူဋံ ဝိသင်္ခတံ။
ဝိသင်္ခါရ ဂတံစိတ္တံ၊ တဏှာနံ ခယ မဇ္ဈဂါ။

ပုနပ္ပုနံဇာတိ–ဘဝအသစ် အဖန်ဖန်ဖြစ်ရခြင်းသည်၊ ဒုက္ခာ–ဆင်းရဲ ကြောင်းဖြစ်၍ ဆင်းရဲလှဆိုးဝါးလှ၏။(သာစ–ထိုဘဝအသစ်ဖြစ်ခြင်းသည်လည်း ဂဟကာရေ– အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ်တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာ ယောက်ျားလက်သမားကို၊ အဒိဋ္ဌေ– အရဟတ္တမဂ်ဉာဏ်ဖြင့် မမြင်ရသေးသည် ရှိသော်၊ နနိဝတ္တတိ– ဆုတ်နစ်ရပ်တန့် ခြင်း မရှိချေ။ တသ္မာ– ထို့ကြောင့်။) ဂဟကာရံ– အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာ ယောက်ျား လက်သမားကို၊ ဂဝေသန္တော–ဒီပင်္ကရာ မြတ်စွာခြေရင်း တံတား ခင်း၍ ဝပ်စင်းဦးချ နိယတဗျာဒိတ် အောင်ဘိသိက်ပန်း ဆင်မြန်းသည်မှ အဦးစ၍ တွေ့ရလေအောင် ကျင့်ဆောင်ရှာမှီးနေသောငါသည်၊(ယေန ဉာဏေန– အကြင်အရဟတ္တဉာဏ်ဖြင့်၊ တံ–ထိုတဏှာလက်သမားကို၊ ဒဋ္ဌုံသက္ကာ– မြင် ခြင်းငှာ စွမ်းနိုင်၏၊ တံဉာဏံ–ထိုတဏှာကို မြင်နိုင်ကြောင်း အရဟတ္တ မဂ် ဉာဏ်တည်းဟူသော ပညာမျက်စိမျက်မှန်ကောင်းကို) အနိဗ္ဗိသံ– မရသေးသည် ဖြစ်၍၊ အနေကဇာတိသံသာရံ– ဘဝများစွာ ခန္ဓာအစဉ်ဟူသော သံသရာသို့ (ဝါ)ဘဝများစွာ သံသရာကာလပတ်လုံး၊ သန္ဓာဝိဿံ– သံသရီ– ပြေးသွား ကျင်လည်ခဲ့ရလေပြီ။

ဂဟကာရက-အတ္တဘောတည်းဟူသော ခန္ဓာအိမ်ကို အကြိမ်ကြိမ် တီထွင်၍ စီရင်ဆောက်လုပ်တတ်သော တဏှာယောက်ျား ဟဲ့ လက်သမား၊ (ဣဒါနိ၊ အရဟတ္တမဂ်ဉာဏ် ဟူသော သမ္မာ သမ္ဗောဓိဉာဏ် ပညာ မျက်မှန် ကို ရရှိသော ယခုအခါ ကာလ၌၊ တွံ– တဏှာယောက်ျား သင်လက်သမားကို) ဒိဋ္ဌော–မျက်ဝါးထင်ထင် သိမြင်ရသည်၊ အသိ–ဖြစ်ပေ၏၊ (တသ္မာ–ထို့ကြောင့်၊

တွဲ–တဏှာယောကျ်ား သင်လက်သမားသည်)ဂေဟံ–ငါ၏ခန္ဓာအိမ်ကို၊ ပုန နကာဟသိ– တစ်ဖန် ဆောက်လုပ်တော့မည် မဟုတ်ပေ၊ တေ– သင်၏၊ သဗ္ဗာ–အလုံးစုံကုန်သော၊ ဖာသုကာ–ခန္ဓာအိမ်၏၊(အဝိဇ္ဇာ နောက်လိုက်) ကိလေသာတို့ကို၊ ဘဂ္ဂါ– ချိုးဖျက်အပ်ကုန်ပြီ၊ ဂဟကူဋံ– အိမ်၏ အထွတ် အဖူးပမာ အဝိဇ္ဇာခေါင်ချုပ်ကြီးကို၊ ဝိသင်္ခတံ–ဖျက်ဆီးအပ်ပြီ၊စိတ္တံ– ငါ၏စိတ် သည်၊ ဝိသင်္ခါရဂတံ–သင်္ခါရကင်းရာ နိဗ္ဗာန်သို့ အာရုံပြုသောအားဖြင့် သက်ဝင် လျက် တည်နေပြီ၊ တဏှာနံ–ဆာလောင်တပ်မက်ခြင်း သဘောတော်ရှိသော တဏှာ ဟူသမျှတို့၏၊ ခယံ–ကုန်ရာဖြစ်သော အရဟတ္တဖိုလ်ကို၊ အဇ္ဈဂါ– ဖြစ်ပွားစေကာ ကောင်းစွာရလျက် ရှိပေပြီ၊ အဇ္ဈဂါ– ဇောဓိမဏ္ဍိုင် ခန်းဝါပိုင်မှာ ဝိပဿနာတရား အလုပ် ကြိုးစားအားထုတ်သဖြင့် အဟုတ်မှန်စွာ ဟဏ္ဍာကင်းပြတ် အငြိမ်းခတ် အရဟတ္တဖိုလ်ကို ထူးမြတ်မေသချာ ကောင်းစွာလှလှ ရရှိတော်မူပါပေ၏၊ တံဘဂဝန္တံ–မဟာသက္ကရာဇ် ဟစ်ရာ့သုံး မုန္နက် နွေသစ်ကြိုက်ကြဲ ကဆုန်လပြည့် ဆင်မင်းနေ့၌ ဘုန်းဟော့လင်းရှား ဘုရားဖြစ်သော ဘုန်းတော်သခင် ဘုရားရှင်ကို၊ အဟံ– အကျွန်ုပ်သည်၊ ဝန္ဒာမိ– ယုံကြည်မြတ်နိုး မာန်ညွတ်ကျိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။ “သာဓု၊ သာဓု၊ သာဓု”

## သမာဓိ သမ္မောရှင် ဖြစ်ကြောင်းတရား ၁၁–ပါး

* ကြွလျှင် နိမ်လင့်၊ ကျလျှင်ပင့်၊ ရှင်သင့်ရှင်စေရာ။

အဲဒါ ရှင်သင့်ရင် ရှင်စေရမယ်တဲ့၊ နိဗ္ဗိဒါဉာဏ်– ဒါက တစ်ခုရှိတယ်၊ တရားအလုပ် အားထုတ်တဲ့အခါမှာ သင်္ခါရဒုက္ခတွေကို ကြပ်ကြပ်မြင်လာတဲ့ အတွက် ဘုံ (၃၁)မှာ ဘယ်ဘဝမှာမှ ဘယ်ဘုံမှာမှ မကောင်းဘူးဆိုတာ သိ မြင်ပြီးတော့ အဲဒီသတ္တဝါသင်္ခါရဘုံဘဝတွေမှ လွတ်မြောက်ချင်တဲ့ အတွက် ကြောင့် သတ္တဝါသင်္ခါရတွေအပေါ်မှာ အပြစ်မြင်ပြီးတော့ ပျော်မွေ့မှု မရှိဘဲ ငြီးငွေ့တာကို နိဗ္ဗိဒါဉာဏ် ခေါ်တယ်၊ ဘာဉာဏ်ပါလိမ့်၊ “နိဗ္ဗိဒါဉာဏ်ပါဘုရား” ဟုတ်တယ်၊ နိဗ္ဗိဒါဉာဏ်လို့ ခေါ်တယ်၊ အများခေါ်နေကြတာ နိဗ္ဗိန္ဒဉာဏ်။

အဲဒီ နိဗ္ဗိဒါဉာဏ်တရား သိပြီးတော့ ဘဝတွေ–ခန္ဓာတွေ–ဘုံတွေ၊ အဲဒီဘယ်မှာမှ မပျော်မွေ့ဘဲနဲ့ ဘုံဘဝတွေ သင်္ခါရတွေ ချုပ်ငြိမ်းတဲ့ နိဗ္ဗာန်ကို လိုချင်တယ်၊ လောကီဘုံဘဝတွေအပေါ်မှာ ငြီးငွေ့ဘယ်၊ အဲဒါက တစ်မျိုး၊

တရားအားမထုတ်ချင်ဘာ– ပျင်းတာ နိဗ္ဗိန္ဒဉာဏ် မဟုတ်၊ တရားအားထုတ်ရင် ဒီတရားအာရုံကို ထိထိမိမိ အားမထုတ်နိုင်ဘဲနဲ့ ကွဲကွဲပြားပြား ကြည်ကြည် လင်လင် မမြင်ရခင် မတွေ့ရဘဲ အတွက်ကြောင့် တရားထဲကို စိတ်မဝင်စားဘဲနဲ့ ပျင်းရိတယ်ဆိုတာ ဖြစ်တယ်၊ ပျင်းရိတယ်၊ ပျင်းရိတာက ထိနမိဒ္ဓ၊ ပျင်းရိတာ ဘာတဲ့–။

"ထိနမိဒ္ဓပါဘုရား"

တပည့်တော်ဖြင့် ပျင်းလိုက်တာ ဘုရား၊ အဲဒါ ပျင်းလိုက်တာဆိုတာ တရားနဲ့ပတ်သက်တဲ့ နိဗ္ဗိန္ဒဉာဏ်ရပြီလို့ များ မထင်နဲ့၊ တရား အားထုတ်ရမှာ ပျင်းတာက နိဗ္ဗိဒါဉာဏ်–ဟုတ်ကဲ့လား။

ထိနမိဒ္ဓ– ထိနမိဒ္ဓဖြစ်ရင် တရားကို စိတ်မဝင်စားတော့ဘူး၊ တရားနဲ့ မပျော်မွေ့နိုင်တော့ဘူး၊ တရားချမ်းသာဆိုတဲ့သဘောကို မသိတော့ဘူး၊ တရား အားထုတ်ရတာ ခြောက်သွေ့သွေ့ ဖြစ်ပြီးတော့ နေတယ်၊ နွားများ ပျင်းပြီဆိုတော့ ရှေ့ဆက်မသွားတော့ဘဲနဲ့ ပေကပ်ကပ်နေတာ၊ ရိုက်လဲပဲ ပေခံနေ၊ မသွား တော့သလိုပဲ တရားအားထုတ်တဲ့ယောဂီကလဲ ရှေ့ကို ဆက်ပြီးတော့ မသွား ချင်တော့ဘူး၊ တစ်ခါတည်း ဒရွတ်တိုက်နေတာ၊ အဲဒီလိုဖြစ်လာတာကို စိတ် တွေ မရွှင်လန်းဘူးလို့ ခေါ်တယ်၊ အဲလို ဖြစ်လာရင်တဲ့–

သမယေ သမ္ပဟံသနတာတိ တသ္မိံ သမယေ စိတ္တံ ပညာပယောဂ မန္ဒတာယ ဝါ ဥပသမသုခါနဓိဂမေန ဝါ နိရဿာဒံ ဟောတိ၊ တသ္မိံ သမယေ အဋ္ဌ သံဝေဂဝတ္ထူ ပစ္စဝေက္ခဏေန သံဝေဇေတိ။

သမယေ သမ္ပဟံသ နတာတိ– သမယေ သမ္ပဟံသနတာ ဟူသည်ကား၊

တသ္မိံ သမယေ–အကြင်အခါ၌၊ စိတ္တံ–စိတ်သည်၊ ပညာပယောဂ မန္ဒတာယဝါ–ပညာ၏ ဖျာပါရနည်းသည်၏အဖြစ်ကြောင့် လည်းကောင်း၊ ဥပသမသုခါနဓိဂမေနဝါ– နိဗ္ဗာန်ချမ်းသာကို မရသဖြင့်လည်းကောင်း၊ နိရဿာဒံ–သာယာခြင်းကင်းသည်၊ ဝါ–နှစ်သက်ခြင်းကင်းသည်၊ဟောတိ– ဖြစ်၏၊တသ္မိံ သမယေ–ထိုအခါ၌၊ အဋ္ဌသံဝေဂ ဝတ္ထုပစ္စဝေက္ခဏေန–ရှစ်ပါး သောထိတ်လန့်ခြင်း၏အကြောင်းကို ဆင်ခြင်သဖြင့်၊ သံဝေဇေတိ–ထိတ်လန့် စေ၏။

## တရားကို စိတ်မဝင်စားတာ အသိဉာဏ်နှင့် ဝီရိယနည်းနေလို့

တရားပေါ်မှာ စိတ်မဝင်စားဘဲနဲ့ တရားနဲ့ မပျော်ရွှင်တော့ဘူး၊ တရား အားထုတ်ရတာ ခြောက်သွေ့သွေ့ကြီး အရသာမရှိဘူး၊ အဲဒီလိုချည်း ဖြစ်နေတယ်ဆိုတာ ဘာကြောင့်ဖြစ်သလဲဆိုရင် ပညာပယောဂမန္ဒတာယ– အသိဉာဏ်နဲ့ အားထုတ်မှု လုံ့လနဲ့နွေးနေလို့တဲ့၊ ဉာဏ်နည်းနေလို့၊ အားထုတ်မှု လျော့ရဲနေလို့– အဲဒီလိုပျင်းရိတာ၊ မပျော်ရွှင်တာ ဘာနဲ့နေလို့လဲ–ဉာဏ်ရယ်၊ လုံ့လရယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

နောက်တစ်ခုက ဘာလဲဆိုလို့ရှိရင် ဥပသမသုခါနမိဂမေနဝါ– ငြိမ်းအေးခြင်းသုခကို မရခြင်း၊ တရားအလုပ် အားထုတ်ရင် တရားချမ်းသာ ငြိမ်းချမ်းမှု မရတဲ့အတွက်ကြောင့်လဲ တရားပေါ်မှာ စိတ်ဝင်စားမှုနည်းတယ်၊ တရားပေါ်မှာ ပျော်ရွှင်မှု နည်းတယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

ဒုက္ခတွေချည်း တွေ့နေပြီး သုခလေးတစ်ကွေ့လောက်မှမတွေ့လို့တဲ့၊ အဲဒါ ဘာဖြစ်လို့ မတွေ့တာတုန်းဆို၊ စောစောက ပြောတဲ့ ဉာဏ်ဝီရိယနည်းလို့ ဘာဖြစ်လို့တုံး ။

"ဉာဏ်ဝီရိယနည်းလို့ပါ ဘုရား"

ကဲ ဆိုကြည့်မယ်

ဉာဏ်လုံ့လနည်း၊ တရားထဲ၊ ပျင်းပွဲစိတ်မပါ၊

တရားထဲမှာ စိတ်မပါဘူး၊ ပျင်းနေတယ်၊ တရားနဲ့ ပတ်သက်ပြီး စိတ်မှာ စိုစိုပြည်ပြည် မရှိဘူး၊ မွဲခြောက်ခြောက်ကြီး ဖြစ်နေတယ်၊ အဲဒီဉာဏ်ကို "ပြေးဉာဏ်"တဲ့၊ ပြန်ချင်လွန်းတဲ့ ဉာဏ်ပေါ့၊ အဲဒီဉာဏ်ထိ ရောက်ဖူးမှကိုယ်တွေ့သဘောပေါက်မှာ၊ အဲဒီဉာဏ်မှာ ပြန်ချင်တာက တစ်မျိုးချည်း၊ ဒီယောဂီတွေထဲ ဒီဉာဏ် ရောက်ဖူးသူတွေ၊ ရောက်နေသူတွေ ရှိနေမှာပါ၊ ရောက်ဖူး တွေ့ဖူးကြလား။

"တွေ့ဖူးပါတယ်ဘုရား"

တွေ့ဖူးတာက–တစ်ခါတလေကတော့ ကိစ္စမရှိပါဘူး၊ ခဏခဏဖြစ်နေလားတော့ မသိဘူးနော်၊ အဲဒါဆိုရင်တော့ ငါ့မှာ ကြိုးစား အားထုတ်မှု ဆင်ခြင်မှုနှစ်မျိုးတော့ လိုနေပြီလို့ မသိရဘူးလား။ "သိရပါတယ်ဘုရား"

တရားအားမထုတ်ချင်တာ- ပျင်းတာ နိဗ္ဗိန္နဉာဏ် မဟုတ်၊ တရားအားထုတ်ရင် ဒီတရားအာရုံကို ထိထိမိမိ အားမထုတ်နိုင်ဘဲနဲ့ ကွဲကွဲပြားပြား ကြည်ကြည် လင်လင် မမြင်ရခင် မတွေ့ရတဲ့ အတွက်ကြောင့် တရားထဲကို စိတ်မဝင်စားဘဲနဲ့ ပျင်းရိတယ်ဆိုတာ ဖြစ်တယ်၊ ပျင်းရိတယ်၊ ပျင်းရိတာက ထိနမိဒ္ဓ၊ ပျင်းရိတာ ဘာတဲ့-။

"ထိနမိဒ္ဓပါဘုရား"

တပည့်တော်ဖြင့် ပျင်းလိုက်တာ ဘုရား၊ အဲဒါ ပျင်းလိုက်တာဆိုတာ တရားနဲ့ပတ်သက်တဲ့ နိဗ္ဗိန္ဒဉာဏ်ရပြီလို့မျှား မထင်နဲ့၊ တရား အားထုတ်ရမှာ ပျင်းတာက နိဗ္ဗိဒါဉာဏ်-ဟုတ်ကဲ့လား။

ထိနမိဒ္ဓ- ထိနမိဒ္ဓဖြစ်ရင် တရားကို စိတ်မဝင်စားတော့ဘူး၊ တရားနဲ့ မပျော်မွေ့နိုင်တော့ဘူး၊ တရားချမ်းသာဆိုတဲ့သဘောကို မသိတော့ဘူး၊ တရား အားထုတ်ရတာ ခြောက်သွေ့သွေ့ ဖြစ်ပြီးတော့ မနေတယ်၊ နွားမျှား ပျင်းပြီဆိုတော့ ရှေ့ဆက်မသွားတော့ဘဲနဲ့ ပေကပ်ကပ်နေတာ၊ ရိုက်လဲပဲ ပေခံနေ၊ မသွား တော့သလိုပဲ၊ တရားအားထုတ်တဲ့ယောဂီကလဲ ရှေ့ကို ဆက်ပြီးတော့ မသွား ချင်တော့ဘူး၊ တစ်ခါတည်း ဒူးတုတ်တိုက်နေတာ၊ အဲဒီလိုဖြစ်လာတာကို စိတ် တွေ မရွှင်လန်းဘူးလို့ ခေါ်တယ်၊ အဲလို ဖြစ်လာရင်တဲ့-

သမယေ သမ္မဟံသနတာတိ ဝသ္မိံသမယေ စိတ္တံ ပညာပယောဂ မန္ဒတာယ ဝါ ဥပသမသုခါနမိဂမေန ဝါ နိရဿာဒံ ဟောတိ၊ ဝသ္မိံ သမယေ အဋ္ဌ သံဝေဂဝတ္ထူ ပစ္စဝေက္ခဏေန သံဝေဇေတိ။

သမယေ သမ္မဟံသ နတာတိ- သမယေ သမ္မဟံသနတာ ဟူသည်ကား၊

တသ္မိံသမယေ-အကြင်အခါ၌၊ စိတ္တံ-စိတ်သည်၊ ပညာပယောဂ မန္ဒတာယဝါ-ပညာ၏ ဖျာပါရနည်းသည်၏အဖြစ်ကြောင့် လည်းကောင်း၊ ဥပသမသုခါနမိဂမေနဝါ- နိဗ္ဗာန်ချမ်းသာကို မရသဖြင့်လည်းကောင်း၊ နိရဿာဒံ-သာယာခြင်းကင်းသည်၊ ဝါ-နှစ်သက်ခြင်းကင်းသည်၊ဟောတိ- ဖြစ်၏၊တသ္မိံသမယေ-ထိုအခါ၌၊ အဋ္ဌသံဝေဂ ဝတ္ထုပစ္စဝေက္ခဏေန-ရှစ်ပါး သောထိတ်လန့်ခြင်း၏အကြောင်းကို ဆင်ခြင်သဖြင့်၊ သံဝေဇေတိ-ထိတ်လန့် စေ၏။

## တရားကို စိတ်မဝင်စားတာ အသိဉာဏ်နှင့် ဝီရိယနည်းနေလို့

တရားပေါ်မှာ စိတ်မဝင်စားဘဲနဲ့ တရားနဲ့ မပျော်ရွှင်တော့ဘူး၊ တရားအားထုတ်ရတာ ခြောက်သွေ့သွေ့ကြီး အရသာမရှိဘူး၊ အဲဒီလိုချည်း ဖြစ်နေတယ်ဆိုတာ ဘာကြောင့်ဖြစ်သလဲဆိုရင် ပညာပယောဂမန္ဒတာယ– အသိဉာဏ်နဲ့အားထုတ်မှု လုံ့လနဲ့နှေးနေလို့တဲ့၊ ဉာဏ်နည်းနေလို့၊ အားထုတ်မှု လျော့ရဲနေလို့– အဲဒီလိုပျင်းရိတာ၊ မပျော်ရွှင်တာ ဘာနဲ့နေလို့လဲ–ဉာဏ်ရယ်၊ လုံ့လရယ်၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

နောက်တစ်ခုက ဘာလဲဆိုလို့ရှိရင် ဥပသမသုခါနဓိဂမေနဝါ– ငြိမ်းအေးခြင်းသုခကို မရခြင်း၊ တရားအလုပ် အားထုတ်ရင် တရားချမ်းသာ ငြိမ်းချမ်းမှု မရတဲ့အတွက်ကြောင့်လဲ တရားပေါ်မှာ စိတ်ဝင်စားမှုနည်းတယ်၊ တရားပေါ်မှာ ပျော်ရွှင်မှု နည်းတယ်၊ မှန်ရဲ့လား။"မှန်ပါဘုရား"

ဒုက္ခတွေချည်း တွေ့နေပြီး သုခလေးတစ်ကွေ့လောက်မှမတွေ့လို့တဲ့၊ အဲဒါ ဘာဖြစ်လို့ မတွေ့တာတုန်းဆို၊ စောစောက ပြောတဲ့ ဉာဏ်ဝီရိယနည်းလို့ ဘာဖြစ်လို့တုံး ။

"ဉာဏ်ဝီရိယနည်းလို့ပါ ဘုရား"

ကဲ ဆိုကြည့်မယ်

ဉာဏ်လုံ့လနည်း၊ တရားထဲ၊ ပျင်းပွဲစိတ်မပါ၊

တရားထဲမှာ စိတ်မပါဘူး၊ ပျင်းနေတယ်၊ တရားနဲ့ ပတ်သက်ပြီး စိတ်မှာ စိုစိုပြည်ပြည် မရှိဘူး၊ မွဲခြောက်ခြောက်ကြီး ဖြစ်နေတယ်၊ အဲဒီဉာဏ်ကို "ပြေးဉာဏ်"တဲ့၊ ပြန်ချင်လွန်းတဲ့ ဉာဏ်ပေါ့၊ အဲဒီဉာဏ်ထိ ရောက်ဖူးမှကိုယ်တွေ့သဘောပေါက်မှာ၊ အဲဒီဉာဏ်မှာ ပြန်ချင်တာက တစ်မျိုးချည်း၊ ဒီယောဂီတွေထဲ ဒီဉာဏ် ရောက်ဖူးသူတွေ၊ ရောက်နေသူတွေ ရှိနေမှာပါ၊ ရောက်ဖူး တွေ့ဖူးကြလား။

"တွေ့ဖူးပါတယ်ဘုရား"

တွေ့ဖူးတာက–တစ်ခါတလေကတော့ ကိစ္စမရှိပါဘူး၊ ခဏခဏဖြစ်နေလားတော့ မသိဘူးနော်၊ အဲဒါဆိုရင်တော့ ငါ့မှာ ကြိုးစား အားထုတ်မှု ဆင်ခြင်မှုနှစ်မျိုးတော့ လိုနေပြီလို့ မသိရဘူးလား။ "သိရပါတယ်ဘုရား"

## တရားပေါ် စိတ်ဝင်စားအောင် သံဝေဂ ၈-ပါးကိုပွား

တသ္မိံသမယေ-ထိုအခါ၌၊ အဋ္ဌသံဝေဂဝတ္ထုု ပစ္စဝေက္ခဏေန- ရှစ်ပါးသော သံဝေဂတရားကို ဆင်ခြင်ခြင်းအားဖြင့်၊ သံဝေဇေတိ- ထိတ်လန့်စေ၏၊ အဲဒါ သံသရာကြီးကို မကြောက်တဲ့အတွက်ကြောင့်၊ မထိတ်လန့်တဲ့အတွက်ကြောင့် တရားအားထုတ်မှုမှာ နှောင့်နှေးပြီးတော့ ခြောက်သွေ့သွေ့ဖြစ်နေတာ-မှန်ရဲ့လား၊ "မှန်ပါဘုရား"။

သံသရာကြီး သူမကြောက်ဘူးဆိုရင် သံသရာကြီးကို ချစ်ခင်ပြီး အကောင်းထင်ပြီး ပျော်မွေ့နေလို့ပေါ့၊သံသရာထဲက မထွက်ချင်လို့ ဟုတ်ရဲ့လား။

"ဟုတ်ပါတယ်ဘုရား"

ဘယ်က မထွက်ချင်တာတုံး ။

"သံသရာထဲက မထွက်ချင်တာပါဘုရား"

သံသရာထဲက မထွက်ချင်သေးတဲ့ အတွက်ကြောင့် အဲဒီလို တရားနဲ့ ပျော်မွေ့မှုမရှိတာ သံသရာကြီးက ကြောက်စရာကောင်းတယ်ဆိုတာ သိအောင် ကြောက်စရာ ထိတ်စရာ သံဝေဂရှစ်ပါးကို ဆင်ခြင်ပေး၊ ဘာကို ဆင်ခြင်ပေးရမယ်။

"သံဝေဂရှစ်ပါးကို ဆင်ခြင်ပေးရပါမယ် ဘုရား"

သံဝေဂရှစ်ပါး ဒို့တရားနာ ပရိသတ်တွေ ရဖူးနေတာပါ၊ ဆိုကြည့်မယ်။

## သံဝေဂဝတ္ထုု ရှစ်ပါးဟူသည်

အဋ္ဌသံဝေဂဝတ္ထုုနိနာမ ဇာတိဇရာ ဗျာဓိမရဏာနိ စတ္တာရိ အပါယဒုက္ခံ ပဉ္စမံ၊ အတီတေ ဝဋ္ဋမူလကံ ဒုက္ခံ၊ အနာဂတေဝဋ္ဋမူလကံ ဒုက္ခံ၊ ပစ္စုပ္ပန္နေ အာဟာရ ပရိယေဋ္ဌိမူလကံ ဒုက္ခန္တိ။

ဇာတိဇရာဗျာဓိမရဏာနိ- ပဋိသန္ဓေတည်နေရခြင်း၊ အိုခြင်း၊ နာခြင်း၊ သေခြင်းဟူကုန်သော၊စတ္တာရိ-လေးပါးတို့ လည်းကောင်း၊ ပဉ္စမံ- ငါးခုမြောက်သော၊ အပါယဒုက္ခံ- ငရဲတိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် အပါယ်လေးပါး ဆင်းရဲလည်းကောင်း၊ အတီတေ-အတိတ်၌၊ ဝဋ္ဋမူလကံ- ဝဋ်လျှင် အရင်းခံရှိသော၊ ဒုက္ခံ-ဆင်းရဲလည်းကောင်း၊ အနာဂတေ- အနာဂတ်၌၊ ဝဋ္ဋမူလကံ- ဝဋ်လျှင်အရင်းခံရှိသော၊ ဒုက္ခံ-ဆင်းရဲလည်းကောင်း၊ ပစ္စုပ္ပန္နေ- ပစ္စုပ္ပန်၌၊

အာဟာရပရိယေဋ္ဌိမူလက်– အာဟာရကို ရှာရခြင်းလျှင် အရင်းခံရှိသော၊ ဒုက္ခ–ဆင်းရဲလည်းကောင်း၊ ဣတိ–ဤသို့၊ အဋ္ဌ–ရှစ်ပါးတို့သည်၊ သံဝေဂဝတ္ထုနိဒ္ဒေသ–ထိတ်လန့်ခြင်း၏တည်ရာအကြောင်းတို့မည်၏။

## သံဝေဂဝတ္ထု–၈–ပါးလင်္ကာ

၁။ သံဝေဂရှစ်ပါး၊ ဆင်ခြင်ပွား၊ ကြိုးစားမြတ်မေ္မာ ။

၂။ ပဋိသန္ဓေ၊ အိုနာသေ၊ ဝဋ်ဗွေရှေ့နောက်ဆင်းရဲပင်။

၃။ ခုဘဝမှာ၊ စားဖို့ရှာ၊ ဖွေရှာဆင်းရဲပင် ။

၄။ အပါယ်လေးဖြာ၊ ရောက်ရမှာ၊ မုန်စွာဆင်းရဲပင်။

သံဝေဂရှစ်ပါးဆိုတာ ပဋိသန္ဓေ နေရတာလဲ ဆင်းရဲကြီးတဲ့ အတွက်ကြောင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ကောင်းတယ်။

အိုရခြင်းလဲပဲ ဆင်းရဲကြီးတဲ့အတွက်ကြောင့် ကြောက်ရွံ့ ထိတ်လန့်ဖွယ် ကောင်းတယ်၊ နာရခြင်းကလဲ ဆင်းရဲတဲ့အတွက် ထိတ်လန့် ကြောက်ရွံ့ဖွယ် ကောင်းတယ်၊ သေရခြင်းကလဲ ဆင်းရဲတဲ့အတွက်ကြောင့် ကြောက်ရွံ့ ထိတ်လန့်ဖွယ်ကောင်းတယ်။

ပဋိသန္ဓေ အို နာ သေတွေရဲ့ ဆင်းရဲကို မဆင်ခြင်ရင် မထင်ဘူးပေါ့၊ သံသရာတစ်ခွင်ထဲက ဒီလို ပဋိသန္ဓေ အို နာ သေတွေနဲ့ ဆင်းရဲတွေ အထွေထွေ ဖြစ်ခဲ့ရတာတွေ ပြန်လည်အောက်မေ့ ဆင်ခြင်တဲ့အခါ ထိတ်လန့် ကြောက်ရွံ့ဖွယ် ကောင်းတယ်၊ ဒီဘဝမှာ ပေါ့ပေါ့တန်တန်နေလို့ ဒီအတိုင်း သေသွားမယ်ဆိုရင်လဲပဲ ရှေ့မှာ ဒီလို ပဋိသန္ဓေ အို– နာ– သေဆင်းရဲတွေနဲ့ တွေ့ရမှာ၊ ဆင်ခြင်မိရင်လဲ ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းတယ်၊ မကောင်းဘူးလား။

"ကောင်းပါတယ်ဘုရား"

ခုဘဝမှာ စားဝတ် နေရေးအတွက် ရှာရတာတွေကို ဆင်ခြင်သုံးသပ်မယ်ဆိုရင်လဲပဲ ဆင်းရဲလွန်းတဲ့အတွက် ကြောက်ရွံ့ထိတ်လန့်ဖွယ်ကောင်းတယ်၊ မှန်ရဲ့လား၊(မှန်ပါဘုရား)၊ အဲဒီ သံဝေဂတွေကို ဆင်ခြင်ပါ၊ နောက်ပြီးတော့ အပါယ်လေးပါး ကျသွားမှာကိုလဲပဲ ကြောက်ရွံ့ပြီးတော့ ထိတ်လန့်မှု သံဝေဂ ဖြစ်ပါတယ်၊ မှန်ရဲ့လား၊ "မှန်ပါဘုရား"

အဲဒါတွေဟာ ကြောက်စရာ၊ထိတ်လန့်စရာတွေပါပဲ၊ ဘုန်းကြီးတွေ တရားဟောလို့ ရှိရင်ဖြင့် ဒီဟာတွေ အမြဲတမ်းပါတာ၊ ဒါပေမယ်လို့ ကြားရဖန် များလို့လားမသိဘူး၊ ကြောက်အောင်ပြောပေမယ်လို့ လူတွေက မကြောက်ပေါင်၊ အဲဒီတော့ မစိုးရိမ် အဘိဓဇမဟာရဋ္ဌဂုရု ဆရာတော်ကြီးက ဓမ္မကထိကတစ်ပါးကို ပြောတယ်၊ "အေးကွာ- ငါ သံသရာဝဋ်ကို မကြောက်လို့တဲ့၊ နိဗ္ဗာန်ကို မလိုချင်ဘူး၊ငါ့ကို သံသရာဝဋ် ကြောက်အောင် နိဗ္ဗာန်ကို လိုချင်အောင် ဟောစမ်းကွာ၊ အဲဒီလိုပြောတယ်၊ အဲဒီကိုယ်တော်က တစ်ခါတည်း တ၊....တွေ- ဘာတွေဟောပြတယ်၊ ပြီးတော့ ဆရာတော် ဘယ့်နယ်လဲလို့ မေးတော့- "ကြောက် ပေါင်ကွာ- ကြောက်သေးဘူးလို့ဆိုသတဲ့"၊ဆရာတော်ကြီး ကြောက်အောင်ဟောဖို့ဆိုရင်လဲ တော်တော် ခက်တာပဲနော်၊ ဆရာတော်ကြီးက ဓမ္မကထိကရဲ့ဉာဏ်ကို စမ်းကြည့်တာနဲ့ တူပါတယ်၊ အဲဒီလိုပဲတဲ့ - သေသေချာချာ ဉာဏ်နဲ့ဆင်ခြင်ပြီး မသိမြင်သေးလို့ရှိရင် ကြောက်ပါ့မလား၊ မကြောက်ဘူး၊ ဒါကြောင့် ပြောနေရတာပေါ့။

## ၁။ ပဋိသန္ဓေနေရတာ ဒုက္ခ

ပဋိသန္ဓေနေရတာ ချမ်းသာလား၊ ဆင်းရဲလား။ "ဆင်းရဲပါဘုရား"။

ဘာတဲ့ ဇာတိပိဒုက္ခာ-ဓမ္မစကြာတရားတော်မှာ ပဋိသန္ဓေနေရခြင်းဟာ-ဘာတဲ့တုံး ၊ ဆင်းရဲတယ်၊ တိရစ္ဆာန်ဘဝတွေ- ဘာတွေ အသာထား လိုက်ပါဦး၊ လူဘဝတစ်ခုတည်း ကွက်ကွက်ကွင်းကွင်း ကိုးလလွယ် ဆယ်လကြာမှ ဖွားတယ်၊ အစာသစ်အိမ်ကို ခေါင်းပေါ်ရွက်ထားပြီး အစာဟောင်းအိမ်ကို ဖင်ခုထိုင်ထားပြီးတော့ မီးလောင်ဒုတ်တိုပေါ်မှာ မျောက်ကလေးကုပ် ပြီးတော့နေသကဲ့သို့ ကျုံ့ကျုံ့ကလေးနေရတာ- ဘယ်လောက်ကြာကြာ နေရသလဲဆိုရင်ဖြင့် ရှစ်လ၊ ကိုးလ၊ ဆယ်လလောက် နေရတယ်။

အဲဒီတော့ ဖွင့်ထားတဲ့ မစင်အိုးကြီးကို ဖင်ခုပြီးတော့ အံဖတ်တွေကို အပေါ်ကနေ ရွက်ထားရတယ်လို့ ရိုးရိုးလေး စဉ်းစားကြည့်ရင်ကိုပဲ ချမ်းသာသလား၊ ဆင်းရဲသလား၊"ဆင်းရဲပါတယ်ဘုရား"

ခေတ်မီအိမ်သာမဟုတ်တဲ့ မကောင်းတဲ့ အိမ်သာ ညံ့တယ်ဆိုပါစို့။ တောကျကျ အိမ်သာ မလွှဲမရှောင်သာလို့ အဲဒီမှာတက်ရတယ်ဆိုရင် အောက်က

အငွေ့ တစ်ထောင်းထောင်း၊ ပုပ်စော်နံပြီးတော့ နေရင်၊ အိမ်သာဝင်တဲ့လူဟာ နှာခေါင်းကို လက်ကိုင်ပဝါလေးနဲ့ ပိတ်ပြီး မထားရဘူးလား၊ ဘာပြုလို့ပါလိမ့်၊ နံလို့– အသက်ကကော မရှူဘဲနေနိုင်ရဲ့လား။ "မနေနိုင်ပါဘုရား"

အဲဒါသာ နည်းနည်းစဉ်းစားကြည့်ပေါ့ ဟုတ်လား။ နောက်ပြီးတော့ ခေါင်းပေါ်ရွက်ထားဖို့နေနေသာသာ၊ ထန်းရည်မူးတွေ အရက်မူးတွေ အော့လို့၊ အန်လို့၊ လမ်းမှာ ဗွက်ကြမ်းနေတာ၊ တစ်ခု တွေ့ရင်တောင်မှပဲ တစ်ခါတည်း လူတွေဟာ ရှုံ့ပြီးတော့ အန်ချင်စိတ်တွေ ပေါ်မလာဘူးလား၊ ပေါ်လာတယ်၊ ဒီလောက်မှ မရှိတဲ့ဝမ်းခေါင်းကျဉ်းကျဉ်းလေးထဲမှာ အညစ်အကြေး နှစ်ခုကြားမှာ နေရတယ်။

အဲဒါဟာ ပဋိသန္ဓေနေရခြင်း ဆင်းရဲ၊ အမေကများ ငရုတ်သီးတွေ– ဘာတွေ အပူတွေစားလိုက်ရင် သန္ဓေသားမှာ ပူစပ်ပူလောင်ဖြစ်တယ်။ ရေနွေး ပူပူတွေ ဘာတွေ သောက်ချလိုက်မယ်ဆိုရင်လဲပဲ အဲဒါ မသေမရှင် ရေနွေးဖြော ခံရသလိုဖြစ်တယ်။

ရေခဲတွေစားချလိုက်မယ်ဆိုရင်လဲပဲ သိပ်ပြီးတော့ အေးပြီးတော့ ကွေး သွားလောက်အောင် ဆင်းရဲတယ်၊ နောက်ပြီးတော့ အသံတွေ ဘာတွေ အော် ဟစ်ပြီးတော့ ပြောလိုက်မယ်ဆိုလိုက်မယ်ဆိုရင်လဲ နားကွဲမတတ် မိုးခြိမ်း သံကြားရသလို သားသန္ဓေမှာ ဆင်းရဲ ဒုက္ခရောက်တယ်လို့ဆိုတယ်။

သန္ဓေကိုယ်ဝန်ရှိလျက်နဲ့ ကာယ လေ့ကျင့်ခန်းတွေ ဘာတွေ လုပ်လိုက် မယ်ဆိုရင် အထဲမှာ လိမ်ချိုးခံရသလို ဒုက္ခရောက်တယ်၊ ခုန်လိုက်ပေါက် လိုက်မယ်ဆိုရင်တော့ ပြီးရော၊ အဲဒီဒုက္ခတွေ ရောက်တယ်ဆိုတာ ပဋိသန္ဓေ နေခြင်း ဆင်းရဲ၊ ဘာဆင်းရဲ–"ပဋိသန္ဓေ ဆင်းရဲပါဘုရား"

## မွေးကင်းစ ဒုက္ခ

အမိဝမ်းတွင်းမှ ဖွားမြင်ပြီဆိုတဲ့ အခါကျတော့လဲပဲ သေးငယ်တဲ့ သံကောက်ပေါက်ထဲက နေပြီးတော့ ဆွဲထုတ်ခံရသလို အရေတွေ စုတ်ပြဲပြီး မသွားတာလေး တစ်ခုပဲပေါ့လေ၊ အပြင်ဘက်ကို တိုးဝှေ့ပြီး ထွက်လာရတာလဲ ဆင်းရဲ၊ ဘယ်လောက်နူးညံ့တဲ့ လက်အိတ်တွေ ဘာတွေနဲ့ ဘယ်လို ကိုင်တွယ် တယ်ဆိုသော်လဲပဲ အနာသားနုတက်ခါစ အနာလေး ကိုင်ရင် နာကျင်သလို

ပဲတဲ့၊ သားသန္ဓေအသစ်စက်စက်ကလေးကို လက်သယ်တွေ၊ သားဖွားဆရာမ တွေက ကိုင်တွယ်လိုက်တယ်ဆိုရင်လဲပဲ အင်မတန်နာပါတယ်၊ ဒါတွေလဲ ကြောက်ရွံ့ဖွယ် မကောင်းဘူးလား "ကောင်းပါတယ် ဘုရား" ကောင်းတယ်။

ထန်းရေမှူး လက်ထဲကို ကြက်ကလေး၊ ငှက်ကလေး အဖမ်းခံရသလိုပဲ တဲ့၊ အင်မတန်မှ ကြောက်စရာကောင်းပါတယ်၊ အဲဒီကလေးဘဝမှာ နေရ ထိုင်ရတယ်ဆိုလို့ရှိရင်လဲပဲ ကျင်ကြီးကျင်ငယ်တွေထဲမှာလူးလဲပြီးတော့ အဖေ အမေက မသိသေးတော့ ပုစပ်ပုလောင်နဲ့ နေရတာတွေ၊ အောက်က ကျင်ကြီးကျင်ငယ်တွေကြောင့် ပူစပ်ပူလောင်ဖြစ်နေတာကို ငိုတဲ့အခါ မရိပ်မိတဲ့ မိဘတွေက နို့ချိုတွေ အတင်းတိုက်တာ၊ အောက်က ပူစပ်ပူလောင်ဖြစ်နေတာ ကို မဖယ်ရှားဘဲနဲ့ နို့ဆာတယ်ထင်ပြီး အတင်းနို့တိုက်လို့ ရင်ပြည့်တာတွေ၊ ဘာတွေ စသည်ပေါ့၊ ပြည့်လို့ပဲ၊ တစ်ခါတည်း အဲဒီလိုမွေးဖွားခြင်း လူ့ဘဝ ပဋိသန္ဓေတည်နေရခြင်းသည်လဲပဲ ဆင်းရဲပဲဆိုတာကို တွေးထင်မိမယ်ဆိုရင် ဒီအတိုင်း ပေါ့ပေါ့တန်တန်နဲ့သေလို့၊ တရားမရဘဲနဲ့ သေလို့ လူ့ဘဝရောက် ရဦးမယ်၊ ငရဲ၊ တိရစ္ဆာန်၊ ပြိတ္တာ၊ အသူရကာယ် ဘဝရောက်ရဦးမယ်ဆိုရင် ကြောက်စရာကောင်းတယ်လို့ တွေးလိုက်ရင် ကြက်သီးမွေးညင်းထပြီး တရား မြန်မြန် ရအောင်– အားထုတ်ချင်တဲ့စိတ်တွေ မပေါ်ဘူးလား၊ တရားထဲမှာ စိတ်ဝင်စားမှုနည်းပြီး တွန့်ဆုတ်ဆုတ်ဖြစ်နေလို့ရှိရင် ပဋိသန္ဓေ ဆင်းရဲကိုလဲ တွေးကြည့်ရမယ်။

## ၂။ ဇရာ ဒုက္ခ

အိုခြင်း ဆင်းရဲ၊ အိုခြင်းဆင်းရဲကတော့ ကိုယ့်နားတွင်–ကိုယ့်မျက်စိ အောက်တွင် ရှိနေတာ၊ မျက်စိမှုန်၊ နားထိုင်း၊ ခါးကိုင်း၊ သွားကြွေ၊ အရေ တွန့်၊ တုန်တုန်ခိုက်ခိုက်နဲ့ လှုကိုလိုက်ပြီးတော့ ကိုက်တော့မလို လေအားတွေက နည်းဟော့ ခေါင်းတွေ ခြေတွေ လက်တွေက တုန်နေတဲ့ အဘွားကြီးတွေ– အဘိုးကြီးတွေ မမြင်ဘူးလား။ "မြင်ဖူးပါတယ် ဘုရား"

အဘွားအို၊ အဘိုးအိုကို မမြင်ဘူးတဲ့ ကလေးတစ်ယောက် ဆိတ်ကွယ် နေတဲ့ နေရာမှာများ တွေ့ရလို့ ရှိရင် တစ္ဆေသူရဲမှတ်ပြီးတော့ လန့်ပြီး မဖျား လောက်ဘူးလား၊ "ဖျားလောက်ပါတယ် ဘုရား" ဖျားလောက်တယ်၊ ၊ မ–

သုံးလုံးရောဂါဆိုတဲ့ 'မူးတယ်၊မောတယ်၊ မေ့တယ်'– ဆိုတဲ့ လူတွေမှာ မစွဲဘူးလား၊ မူးတာကလဲ ချမ်းသာသလား၊ ဆင်းရဲသလား၊ "ဆင်းရဲပါဘုရား" မောတာကကော "ဆင်းရဲပါဘုရား" ဆင်းရဲတယ်၊ မေ့တာကလဲ "ဆင်းရဲပါဘုရား" ဆင်းရဲတာပေါ့။

လူကြီးမပြောနဲ့ လူငယ်တောင် မေ့တာလေး များလာလို့ရှိရင် သတိချွတ်ယွင်းလာပြီ ဆိုလို့ရှိရင် ဒုက္ခမရောက်ဘူးလား၊ "ရောက်ပါတယ်ဘုရား"

တစ်ခါတလေ အိမ်အောက်ထပ်ကနေ အိမ်ပေါ်ထပ် တက်လာ၊အပေါ်ရောက်တော့ ငါဘာလုပ်မလို့ တက်လာလိမ့်မလဲ၊ စဉ်းစားလို့ မရဘူး၊ ငါးအရိုး မျက်သလို အောင့်သက်သက်နဲ့ မျက်တက်တက်နဲ့ ဒီလိုနဲ့ ယောင်ချာချာနဲ့ အောက်ဆင်းလာရရော၊ လှေကားအထစ် (၂၀)လောက်မြင့်တဲ့ အိမ် ဆိုပါတော့၊ အောက်ရောက်တော့မှ သတိပြန်ရ၊ ဟောတော့၊ ဒုက္ခပါပဲ၊ အခုမှ သတိပြန်ရ၊ မတက်မဖြစ်သေးပါဘူး၊ နောက်တစ်ခေါက် တက်ရတယ်ဆိုတော့ မေ့တာဟာ ချမ်းသာသလား၊ ဆင်းရဲသလား၊ "ဆင်းရဲပါဘုရား" ဆင်းရဲတယ်။

"ကြောင်အိုတော့ ကြွက်မလေး"၊ "လူအိုတော့ ကျီးမလေး၊ ခွေးမခန့်" ဆိုတာ ဖြစ်လာရ၊ အိုပြီဆိုလို့ရှိရင် ငယ်တဲ့လူတွေက ကိုယ့်အပေါ်မှာ ရိုသေကိုင်းရှိုင်းမှု အလေးအမြတ်ထားမှု မရှိတော့ပဲနဲ့ ရိုင်းစိုင်းတဲ့ သားတွေ သမီးတွေ၊ မြေးတွေ၊ တူတွေ၊ ဘာတွေ ဆိုလို့ရှိရင်ဖြင့် အိုတာကိုပင် ပြောင်လှောင်စရာအဖြစ်နဲ့ လာပြီး ပြောင်ကြ၊ လှောင်ကြ၊ ပြက်ကြတယ်၊ အဲဒါ တောင်ဝှေးနဲ့ ရွယ်လိုက်တယ်ဆိုရင် ကိုယ်က လဲသွားမှာစိုးတော့ တောင်ဝှေးလဲ မမြှောက်ရဲဘူး၊ စိတ်ကတော့ ဆိုးနေရတယ်၊ ဒီလို အဖြစ်မျိုးတွေကော မဖြစ်တတ်ဘူးလား၊ "ဖြစ်တတ်ပါဘုရား" ဖြစ်တတ်တယ်။

မျက်စိက မှုန်ပါတယ်ဆိုမှ သူများတွေ ကြည့်တာ မြင်ချင် ကိုယ်ကလဲ မကြည့်ချင်ဘူးလား၊ ကြည့်ချင်တယ်၊ လူကြီးတွေကို မယုံမေးကြည့်၊ အဲကလေးတွေ ဘာတွေက ဟိုကြည့် ဒီကြည့်နေကြလို့ရှိရင် လူကြီးတွေက ရောက်လာ၊ ဟော့– နင်တို့ ဘာကြည့်နေကြတာတုံး ၊အဲဒီ အဘိုးနဲ့အဘွားနဲ့ စကားပြောရတာ လက်ဝင်တယ်၊ တော်တော်နဲ့လဲ ပြီးမှာ မဟုတ်ဘူး ဆိုပြီး တော့ ဘာမှ မဟုတ်ပါဘူးဗျာ၊ သူ့ရောက်တော့မှ သူ့ကို အရာမသွင်းတဲ့ အနေနဲ့ သူ့ကို ဘာမှ မဟုတ်ပါဘူး၊ ဘယ့်နှယ် ဘာမဟုတ်ရမှာတုံး၊ ခုနတုန်းက

နင်တို့ ကြည့်နေတာ မြင်ပါတယ်၊ ဘာတုံး–ပြောစမ်းဆိုတော့ ဘာမှမဟုတ်ပါဘူးဗျာဆိုပြီး ထွက်သွားတော့ အောင့်သက်သက် မကျန်ရစ်ဘူးလား၊ "ကျန်ရစ်ပါဘုရား" ကျန်ရစ်တယ်၊ အဲဒါ ဘာဒုက္ခတုံး၊ အိုတဲ့ ဒုက္ခ၊ မှန်ရဲ့လား။

"မှန်ပါဘုရား"

သူများတွေက ပြောတာဆိုရင်လဲ ပါးစပ်လှုပ်တာ မြင်ရင် ဘာလဲဘာလဲနဲ့မလာဘူးလား၊ "လာပါဘုရား" လူအိုနဲ့ စကားမပြောချင်တဲ့ ပုဂ္ဂိုလ်တွေက ဘာမှမဟုတ်ဘူးဆိုရင်ကော သူစိတ်မဆင်းရဲဘူးလား၊ "ဆင်းရဲပါဘုရား" ဆင်းရဲတယ်၊ မရမက မေးလို့ ပြောပြန်တော့ သူက နားလေးနေတာနဲ့ တစ်ခွန်းက နှစ်ခွန်း ပြောလို့ ကြားရဲ့လား၊ "မကြားပါဘုရား" မကြားဘူး၊ မကြားလို့ အသံ ခပ်ကျယ်ကျယ်နဲ့ ပြောပြန်တော့ နင်တို့ခေတ်လူငယ်တွေ လူကြီး မလေးမခန့်နဲ့ လူကြီး မရိုမသေ ပြောတယ်၊ ငါ့မျာ နားကန်းမှတ်လို့လား၊ ကန်းတော့ မကန်းဘူး၊ လေးနေတာနော်။

အဲဒီတော့ ကလေးတွေနဲ့ ရန်ဖြစ်ရတဲ့ ဆင်းရဲကကော မဆင်းရဲဘူးလား၊ သွားတွေကနာပြီး သွားတွေက မရှိပါဘူးဆိုမှ ပဲလှော်ကျွတ်ကျွတ် သူများက ဝါးရင် ဝါးချင်၊ ကွမ်းလေး တမြုံ့မြုံ့ ဝါးချင်၊ ဒီဒုက္ခတွေကလဲ မလာဘူးလား၊ အဲဒီတော့ ငယ်ငယ်တုန်းကလို ဂျိုးဂျိုး ဂျွတ်ဂျွတ်နဲ့ မဝါးနိုင်တော့ အာသာမပြေပါစေတော့လို့ ဆုံလေးနဲ့ ထောင်းပြီးတော့ ပဲလှော်တို့ ကွမ်းတို့ ဝါးရပြန်တော့လဲ ကျွတ်ကျွတ် ကျွတ်ကျွတ် ဝါးမှ အရသာရှိတဲ့ ဥစ္စာကိုထောင်းပြီးသား ညက်ပြီးသားဆိုတော့ အရသာ ရှိရဲ့လား၊ အားမလို အားမရကြီး မဖြစ်ဘူးလား၊ ဖြစ်တယ်။

လူကြီးတော့ ခံတွင်းကလဲ မပျက်ဘူးလား၊ (ပျက်ပါဘုရား) ပျက်တယ်၊ ငယ်ခါတုန်းကတော့ ဘာဟင်းနဲ့ စားလိုက်ရ၊ စားလိုက်ရ ကောင်းတာချည်းဘဲ၊ ကြီးတဲ့အခါကျတော့ ဘာဟင်းမှလဲ မကောင်းဘူး၊ ဘယ်ဆန်မှလဲ မျိုမကျဘူး၊ အဲဒီတော့ အိုခြင်းဆင်းရဲ မဖြစ်ဘူးလား၊ "ဖြစ်ပါဘုရား"ဖြစ်တယ်၊ ပစ္စည်းအမွေလေး ဥစ္စာလေးဘာလေးရှိရင်ဖြင့် တစ်ခါတည်း အနေကောင်း အသေကောင်း၊ ဟိုသားသမီးက ခေါ်ချင်၊ ဒီသားသမီးက ခေါ်ချင်၊ ကျောထောက်နောက်ခံ အမွေပစ္စည်းလေး ဘာလေးမရှိဘူးဆိုရင်ဖြင့် တစ်လှည့်စီ ခွဲတမ်းချပြီး ဝတ္တရားအရသာ အိမ်ပေါ်တင်ထားရတာ၊ ဘယ်သားသမီးကမှ ကြာကြာ

တင်မထားချင်ဘူး၊ တစ်နှစ်စီဆိုရင်လဲ တစ်နှစ်ပြည့်လို့ရှိရင် အမေ ဟိုသမီးဆီ မသွားသေးဘူးဘား၊ ဟိုသားဆီ မသွားသေးဘူးလားမေးကြတယ်၊ ဒါနဲ့ ဟိုရောက်တော့လဲပဲ နင်တို့အိမ် မနေချင်ဘူးဆိုပြီး ဟိုပြောင်းသွား၊ ဟိုရောက်တော့ လဲ မတည့်ပြန်ဘူး၊ မတည့်တဲ့အခါကျ အဲဒီလိုသားသမီးတွေရဲ့အိမ်နေတာ ဝစ်ပတ်နှစ်ပတ်လည်သွားတယ်၊ စိတ်တိုင်းကျတာ ရှိရဲ့လား။

"မရှိပါ ဘုရား" မရှိဘူး၊

အဲဒါဘာလဲ အိုခြင်း ဆင်းရဲခြင်း ဟုတ်ရဲ့လား၊ သူများစားသလို မစားနိုင်၊ သူများအိပ်သလို မအိပ်နိုင်၊ သူများကြည့်သလို မကြည့်နိုင်၊ သူများ နားထောင်သလို မထောင်နိုင်၊သူများနေသလို မနေနိုင်ဘဲ တခွေခွေ တယိုင်ယိုင်နဲ့ ဆင်းရဲတဲ့ ဒုက္ခ။

၁။ ငါ့မြေးတို့ရဲ့ ညည်းတို့ကြည့်ကုန်၊
ဟောဒီမြင်လား အဖွားဖြစ်ပုံ၊
သွားတွေကျိုးလို့ တစ်မျိုးတမ်ဖုံ၊
ခါးကကိုင်း နားထိုင်းမျက်စိမှုန်၊

အသွားအိုအဘိုးအိုတွေက တရားပြနေသကဲ့သို့ မဖြစ်ဘူးလား၊ (ဖြစ်ပါ ဘုရား)ဖြစ်တယ်၊ ကိုယ်ကိုယ်တိုင် အိုပြီးတော့လဲ အိုခြင်းဆင်းရဲကို ကြောက်ပြီး အိုရမှာ ကြောက်စရာ ကောင်းတယ်၊ မအိုခင် တရားအားထုတ်မှ ကောင်းမယ်လို့ ဆိုပြီး သံဝေဂပွားပြီးတော့ တရားထဲ စိတ်ဝင်စားဖို့ မလိုဘူးလား၊ (လိုပါဘုရား) လိုတယ်။

## ၃။ ဗျာဓိဒုက္ခ

နာခြင်းဆင်းရဲ– ဒီ့တရားနာ ပရိသတ်တွေ နာခြင်း ဆင်းရဲဆိုတာက ကြီးခါကျမှ ရယ်လို့ ဟုတ်ရဲ့လား၊ (မဟုတ်ပါဘုရား) ငယ်ငယ်ကတည်းကကော မတွေ့ရဘူးလား၊ (တွေ့ရပါဘုရား) တွေ့ရတယ်၊ ဒကာကြီး တစ်ယောက်က ပြောတယ်၊"အရှင်ဘုရားတို့ တရားဟောတော့ အိုနာသေ၊ အိုနာသေနဲ့အမြဲပဲ ကြားရတယ်၊ အိုပြီးရင် နာ၊ နာပြီးရင် သေ၊ တပည့်တော် ဒီလိုထင်တာ၊ တပည့်တော် တကယ်တွေ့ရတဲ့အခါကျတော့ အိုတာထဲ နာတာကြီးက ရောပါ

လာတာကိုး ဘုရား”တဲ့၊ တပည့်တော်က နာတာက တခြား သတ်သတ် ရှိသေးတယ်လို့ ထင်နေတာ၊ အိုတာထဲ နာတာကြီးက ပါလာ၊ နာတာကြီးက တစ်ခါတည်း တွဲပါလာတာ များတော့ ဣန္ဒြေကအားနည်း လျော့ပါးကုန်လို့ ဆင်းရဲဒုက္ခ ကြီးလှပါတယ်တဲ့၊ ပထဝီ၊ အာပေါ၊ တေဇော၊ ဝါယောဆိုတဲ့ ဓာတ်ကြီး (၄) ပါးတွေ ဖောက်ပြန်လို့ ဖောက်ပြန်လာတဲ့အတွက် မူးခြင်း၊ ဝေခြင်း၊ အော့ခြင်း၊ အန်ခြင်း၊ နာခြင်း၊အတွင်းက ကလီစာတွေ ခေါ်တာပေါ့လေ၊ အူတွေ၊ အသည်း တွေ၊ ကျောက်ကပ်တွေ၊ နှလုံးတွေ၊ ဘာတွေ ညာတွေ မကောင်းပဲနဲ့ ဖြစ်လာ ပြီးတော့ ချွတ်ယွင်းပြီးတော့ လာတဲ့အတွက် နာခြင်း ဆင်းရဲဖြစ်ပြီးတော့ ဒုက္ခ ရောက်ရတာတွေ မရှိဘူးလား၊ (ရှိပါတယ်ဘုရား) ရှိတယ်။

ဆီးမထိန်းနိုင် ဝမ်းမထိန်းနိုင် အကုန်ပေါ့၊ ဒုက္ခအကြီးအကျယ်ရောက်၊ အဲဒီလို ဒုက္ခအကြီးအကျယ် ရောက်တဲ့ ဆင်းရဲ ဒုက္ခတွေ ရောက်လာတဲ့အခါမှာ တရားထိုင်ချင်လှချည်ရဲ့ ဆိုသော်လဲပဲ တရားရနိုင်ပါဦးမလား၊ (မရနိုင်ပါ ဘုရား) မရနိုင်ဘူး၊ အဲဒီလို ဒုက္ခ အနာရောဂါ အကြီးအကျယ် မနှိပ်စက်ခင် တရားကို ကြိုးကြိုးစားစား အားထုတ်ရတယ်။

## ၄။ မရဏဒုက္ခ

ပြီးတော့သေခြင်းဆင်းရဲ– ဘာဆင်းရဲလဲ “သေခြင်းဆင်းရဲပါဘုရား” သေခြင်းဆင်းရဲ၊ သေခြင်းဆင်းရဲဆိုတာက ကိုယ့်မျက်စိအောက်တွင် သေသွားကြတာတွေ မမြင်ဖူးဘူးလား၊“မြင်ဖူးပါဘုရား” သေကြတဲ့ သတင်းတွေ မကြားဖူးဘူးလား၊ အဲဒီသေရတာတွေဟာ ချမ်းချမ်းသာသာ ဟုတ်ရဲ့လား၊ “မဟုတ်ပါ ဘုရား” မဟုတ်ဘူး။

ဆင်းဆင်းရဲရဲ နောက်ပြီးတော့ သေရမှာကို ကြောက်ကြောက်လန့်လန့်နဲ့ မသေကြဘူးလား၊“သေကြပါဘုရား” သေရတယ်၊ အဲဒီတော့ ကိုယ်လဲ သေရမှာတွေ ကြည့်ရင်း မကြောက်ဘူးလား၊ ကြောက်တာပဲ၊ အမလေး, သေ, ဆိုတဲ့ စကားတွေကို နိမိတ်မရှိ နမာမရှိ ငါ့နား လာမပြောကြနဲ့၊ ဒီလိုတောင် မပြောဘူးလား၊ “ပြောကြပါဘုရား”

မကြားဖူးဘူးလား၊ “ကြားဖူးပါ ဘုရား”

မြို့တစ်မြို့တွင် (၁၂)ရာသီပတ်လုံး တရားပွဲကျင်းပတဲ့အခါ ဝိပဿနာ ခေတ်စားတော့ အိုနာသေ အကြောင်းတွေ၊ ဖြစ်ပျက်အကြောင်းတွေ၊ များများ ဟောတော့အဲဒါ တရားနာလာတဲ့ အသက်(၅၀)ကျော်လောက် သူငယ်ချင်း တစ်ယောက်က တရားပွဲ ကျင်းပတဲ့ နိဗ္ဗာန်ဆော်ကို ပြောတယ်၊ "သူငယ်ချင်းရာ၊ မင်းတို့ တရားပွဲ ငါစိတ်ညစ်လို့ တရားလာနာတာကွာ၊ မင်းတို့ ဘုန်းကြီးတွေ ဟော လိုက်မှဖြင့် အပုပ်ကောင်ဟ အသေကောင်ဟ– အခုသေတော့မယ်၊ မသေသေးဘူးလား၊ သေချင်းဆိုးနဲ့ သေတာ ကြိုက်သလားတဲ့၊ နားထဲမှာကွာ အတုံး လိုက် အတစ်လိုက်၊ ငါဖြင့် စိတ်ညစ်လိုက်တာဟာ၊ စိတ်ညစ်လို့ တရား လာနာတယ်၊ မင်းတို့ ဘုန်းကြီးတွေကလဲ စိတ်ချမ်းသာစရာ တစ်လုံးမှလဲ မပြောဘူး၊ ဆွမ်းလှူတဲ့လူ နတ်ပြည်မှာ နတ်သမီး တစ်ဖက်ငါးရာနဲ့ စံစား ရတာတို့ ဘာတို့ ဒီလိုဟောတဲ့ ဘုန်းကြီးများ ပင့်ခဲ့စမ်းပါဦး၊ ငါဖြင့် စိတ် ညစ်ပါတယ်ကွာ"လို့ ပြောတယ်တဲ့၊ အဲဒီတော့အသက်(၅၀)ကျော်လို့ တောင် မှ အိုနာသေဆိုတဲ့ ဘေးတွေက ဘယ်သူမျှမလွန်နိုင်ဘူး၊ ငါတို့လဲ သေရဦးမှာ၊ ဒါတွေက လွတ်တဲ့ နိဗ္ဗာန်ရောက်အောင် ကြိုးစား အားထုတ်မှ ကောင်းမယ် ဆိုတာကို သဘောမပေါက်တဲ့ လူကြီးလူမိုက်တွေကော မရှိဘူးလား၊ (ရှိပါဘုရား) ရှိတယ်။

အဲဒီလို အိုတာ၊ နာတာ၊ သေတာ မကြားချင်တဲ့လူက တရားနဲ့ နီး သလား၊ ဝေးသလား၊ တရားနဲ့ဝေးတယ်နော်၊ နောက်တော့မအိုခင်၊ မနာခင်၊ မသေခင် ကြိုတင်ပြီးတော့ ဘာလုပ်ရမလဲ၊ တရားအားထုတ်ရမယ်၊ မေ့မေ့ လျော့လျော့ ပေါ့ပေါ့တန်တန်နေလို့ ဒုစရိုက်တွေပွားပြီး အပါယ်လေးပါး ကျသွားမယ်ဆိုရင် ကြောက်စရာ မကောင်းဘူးလား။

"ကောင်းပါဘုရား"

## ၅။ အတိတ်ဘဝ သံသရာလဲ ဒုက္ခပဲ

ကြောက်စရာ ကောင်းတယ်၊ ဒီလိုဆို အိုလိုက် နာလိုက် သေလိုက်နဲ့ အဝိဇ္ဇာ တဏှာ နှိပ်စက်မှုကြောင့် ရှေ့ဘဝတွေတုန်းက ဘဝတွေ ထည်လဲနဲ့ ဖြစ်ပြီးတော့ ဆင်းရဲခဲ့ဘာတွေ တွေးကြည့်ရင်လဲ ကြောက်စရာ မကောင်း ဘူးလား။

"ကြောက်စရာကောင်းပါတယ်ဘုရား"

## ၆။ အနာဂတ် ဘဝသံသရာလဲ ဒုက္ခပဲ

နောင်ဖြစ်ရမည့်ဘဝတွေမှာ ဒီလို အိုဦးမယ်၊ ဒီလို ပဋိသန္ဓေနေဦးမယ်၊ ဒီလိုဆင်းရဲတွေ တွေ့ဦးမယ်ဆိုရင်လဲ ဘဝဖြစ်ရမှာတွေ ကြောက်စရာ မကောင်းဘူးလား။ "ကြောက်စရာကောင်းပါတယ်ဘုရား"

## ၇။ ခုဘဝမှာ ရှာဖွေရတာလဲ ဆင်းရဲပဲ

အခု ဘဝမှာ ရှာရ၊ ဖွေရ၊ လုပ်ရကိုင်ရ၊ ထမင်းလေးတစ်လုပ်တစ်ဆုပ် မနက်တစ်နပ်ညတစ်နပ် မှန်မှန်စားဖို့ရာအတွက် လုပ်ကိုင်ရှာဖွေရတဲ့ ပရိယေသနဒုက္ခတွေ ဆင်ခြင်ကြည့်လိုက်ရင်ကော၊ ပျော်စရာကောင်းသလား၊ ကြောက်စရာ ကောင်းသလား။ "ကြောက်စရာကောင်းပါတယ် ဘုရား"

အင်း ဘုန်းကြီးက တရားပွဲထဲ မေးတာနဲ့ပဲ ကြောက်စရာကောင်းတာ–ခင်ဗျားတို့တော့ ပျော်စရာကောင်းနေတာနော်၊ ရှာလို့ဖွေလို့ကို တစ်ခါတည်း မပျင်းနိုင်ဘူး၊ ဒါပြီးရင် ဘာလုပ်မယ်၊ ဘယ်လောက် အတိုးပေးထားပြီးတော့ အခု ဘာထောင်လိုက်ဦးမယ်။

တရားအားထုတ်ရာကတောင်မှ မထွက်သေးဘူး၊ တရားကထွက်ရင် ဘာလုပ်ဦးမယ်၊ ဒီလိုတွေးတွေးနေတာတွေ ရှိနေတတ်သေးတာ၊ ယောဂီတွေ ပရိယေသန ဒုက္ခကို ကြောက်လို့လား၊ မကြောက်လို့လား၊ (မကြောက်လို့ပါ ဘုရား) မကြောက်လို့လို့ ဆိုရမှာနော်၊ အဲဒီဒုက္ခကိုလဲ သိမြင်ဖို့ အရေးမကြီးဘူးလား၊ (အရေးကြီးပါဘုရား) အခုခေတ်ကြီးမှာ ရှာရဖွေရတာ ဆင်းရဲတယ်၊ ဒုက္ခ ရောက်တယ်၊ အခြေအနေအမျိုးမျိုး ဒုက္ခနဲ့သာ တိုးနေတာတွေ များတဲ့အတွက် ရှာဖွေပြီး လူ့ဘဝအသက်ရှင်နေရတာပင်လျှင် ကြောက်စရာ ကောင်းလှပါတယ်၊ ကြောက်စရာမကောင်းဘူးလား။ "ကောင်းပါဘုရား"

## ၈။ အပါယ်လေးပါးကျမှာလဲ ဒုက္ခပဲ

အပါယ်လေးဖြာ၊ ရောက်ရာမှာ၊ မှန်စွာဆင်းရဲပင်။

ဒီလို ခန္ဓာဝန်အတွက် ရှာဖွေရင်း ဒုစရိုက်ပြုမှားပြီး အပါယ်လေးပါး ကျသွားရင်လဲ ဆင်းရဲဒုက္ခပဲ၊ ကြောက်စရာကောင်းတယ်၊ အဲဒါတွေ တွေးမိရင် ဒါမျိုးတွေက လွတ်တဲ့ နိဗ္ဗာန်ရောက်ဖို့ ဘာလုပ်ရမလဲ၊ တရားအားထုတ်ရမယ်။ ဒါကြောင့် မြတ်စွာဘုရားက–

## ဗုဒ္ဓ၏ သတိပေးစကား

ဈာယထ ဘိက္ခဝေ မာ ပမာဒတ္ထ၊ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟု ဝတ္ထ၊ အယံ ခေါ အမှာကံ အနုသာသနီ။

ဘိက္ခဝေ–သံသရာဘေး လာမည့်ရေးကို မြော်တွေးရှုကြား ချစ်သား တစ်သီး ချစ်သမီးတို့၊ တုမေ– ဒုက္ခမီးစက် ဆူဆူပွက်သည့် ဤဘက်ကမ်းမှ၊ စခန်းထ၍၊ နန်းမခေမံ၊ နေရဗန်ကမ်း၊ နိဗ္ဗာန်နန်းသို့၊ တက်လှမ်းလိုကြား၊ သင်ချစ်သားတစ်သီး ချစ်သမီးတို့သည်၊ ဈာယထ– သတိပဋ္ဌာန် ဝိပဿနာ တရားအလုပ်တွေကို ရှုမှတ်ပွားများ အားထုတ်ကြပါကုန်လော့၊ မာပမာဒတ္ထ– မမေ့ကြကုန်လင့်၊ ပစ္ဆာ–အိုချိန်ရောက်ကျ နောက်ကာလ၌၊ ဝါ–အိုကြီးအိုတော့မှ၊ ပစ္ဆာ–နာချိန်နောက်ကျ နောက်ကာလ၌ နာကြီးနာတော့မှ၊ ပစ္ဆာ–သေချိန်ကျ ရောက် နောက်ကာလ၌၊ ဝါ–သေခါနီးတော့မှ၊ ဝိပ္ပဋိသာရိနော– အသက်အရွယ် ကောင်းစဉ် ကျန်းမာစဉ်က ဝိပဿနာတရားအလုပ်တွေကို မပွားများ အားမထုတ် လိုက်ရလေခြင်းရယ်လို့ နောက်မှ နောင်တ ရကြကုန်သည်၊ မာအဟုဝတ္ထ– မဖြစ်ကြပါကုန်လင့်၊ အယံ– ဤစကားတော်သည်၊ ခေါတုမှာကံ– သင်ချစ်သား တစ်သီး ချစ်သမီးတို့အတွက်၊ အမှာကံ–ငါဘုရားတို့၏၊အနုသာသနီ–အဖန်ဖန် အထပ်ထပ်ဆုံးမတော်မူအပ်တဲ့ အဆုံးအမတော်မြတ် ဖြစ်ပါပေသတည်း။

"သာဓု၊ သာဓု၊သာဓု"

အဲဒီသံဝေဂရှစ်မျိုးကို ကြည့်ပြီးတော့လဲပဲ ဆင်ခြင်ပြီးတော့ပဲ တရား ပေါ်မှာ မပျော်တဲ့ စိတ်မဝင်စားတဲ့ ယောဂီဟာ တရားပေါ်မှာ ပျော်ပြီး စိတ် ဝင်စားအောင် ဆင်ခြင်ပါတဲ့၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

အဲဒါတွေကို ထိတ်လန့်ကြောက်ရွံ့ပြီးတော့ တရားများများ အားထုတ် ပါ၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

အဲဒီလိုတရားပေါ်မှာ မပျော်မွေ့ဘဲနဲ့ တရားထဲ စိတ်မဝင်စားဘူး ဆိုရင် ရတနာသုံးပါးရဲ့ ဂုဏ်တွေကို အာရုံပြုပြီးတော့လဲပဲ တရား အားထုတ်ပါ၊ ဘာကို အာရုံပြုရမယ်။ "ရတနာသုံးပါးဂုဏ်ပါ ဘုရား"

ဘုရားရှင်ရဲ့ဂုဏ်တော်(၉)ပါး၊တရားဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ် တော် (၉)ပါးတွေကို ကြည့်ညိုပြီးတော့ တရားအားထုတ်ပါ၊ နောက်ပြီးတော့

ရတနာသုံးပါး ဖြစ်ထွန်း ပေါ်ပေါက်ဖို့ဆိုတာလဲပဲ ရပ်ပြစ် ရှစ်ပါးက လွတ်မှ ပွင့်ထွန်း ပေါ်ပေါက်တာ၊ ရပ်ပြစ်ရှစ်ပါးထဲ ကိုယ်က ဝင်တိုးနေမယ်ဆိုရင် သာသနာနဲ့ ဘုရား၊ တရား၊ သံဃာနဲ့ တွေ့နိုင်ပါ့မလား။"မတွေ့နိုင်ပါဘုရား" မတွေ့နိုင်ဘူး။

အဲဒါတွေ ဆင်ခြင်ပြီးတော့လဲပဲ ဘုရားရဲ့ ဂုဏ်ကျေးဇူးတွေ သိပြီးတော့ တရားရဲ့ စွမ်းရည်တွေကို သိပြီးတော့ သံဃာတော်တွေကို ကြည်ညိုပြီးတော့ သံဃာတော်တွေရဲ့ ဂုဏ်ကျေးဇူးတွေကိုလဲ သိမြင်ပြီးတော့ တရားအားထုတ် ပါတဲ့၊ အဲဒီလို အားထုတ်ရင် သမာဓိသမ္ဘောချင်တွေ မပွားပေဘူလား။

(ပွားပါဘုရား) ပွားတယ်။ ကဲ ဆို-

၁။ ဉာဏ်လုံ့လနည်း၊ တရားထဲ၊ ပျင်းမွဲ စိတ်မပါ။

၂။ ရတနာသုံးပါး၊ ဂုဏ်တော်များ၊ ရှုပွားဆင်ခြင်ရာ။

အဲဒါကို ဆင်ခြင်ရင် တရားထဲ ပျော်မွေ့လာပါလိမ့်မယ်တဲ့၊-နောက်ပြီးတော့

၃။ တည်ငြိမ်မှုလျှင်၊ ရှုဆင်ခြင်၊ ထိုတွင် စိတ်ညွတ်ရာ-

တည်တည်ငြိမ်ငြိမ် ရှုနေတဲ့၊ မလျော့လွန်း၊ မတင်းလွန်း ရှုမှတ်နေပါတဲ့။ အဲဒါလဲပဲ ပြောပြီးပါပြီ။

## ပျံ့လွင့်သူကိုကြဉ်

၄။ ပျံ့လွင့်သူကြဉ်၊ တည်သူယှဉ်၊ ဆင်ခြင်ဈာန်မောက္ခာ။

ပျံ့ပျံ့လွင့်လွင့် ပေါ့ပေါ့လျော့လျော့နေတဲ့ ယောဂီတွေကို အပေါင်းအသင်းမလုပ်နဲ့၊ အားမကျနဲ့၊ တည်တည်ကြည်ကြည် လေးလေးစားစား တရားအားထုတ်တဲ့ ယောဂီတွေကို အပေါင်းအသင်း လုပ်၊ အားကျပြီးတော့ အားထုတ်၊ စိတ်ကလဲပဲ သမာဓိ ရအောင် အားထုတ်မယ်လို့ ညွတ်ကိုင်းထား သမာဓိပွား။

၅။ သမာဓိပွား၊ ဆယ်တစ်ပါး၊ ညွန်ကြားဌကထာ-

ဆိုတဲ့ သမာဓိဖြစ်ကြောင်းတရားကောင်းတို့ကို နာကြားရတဲ့ ကုသိုလ်စေတနာတို့ကြောင့် ဒီတရားတော်လာတိုင်း လိုက်နာ ကျင့်ကြံ ကြိုးကုတ်

အားထုတ်နိုင်ကြသည်ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေကုန်သတည်း။

“သာဓု၊ သာဓု၊ သာဓုပါဘုရား”

# သုဗြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၂၀)

### စကားဦး

ဒီကနေ့ ရက်စွဲက ကောဇာသက္ကရာဇ် ၁၃၅၂–ခုနှစ်၊ တန်ဆောင်မုန်း လပြည့်ကျော် ခုနစ်ရက်နေ့ ဖြစ်ပါတယ်။

ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်မွှာရုံတွင် မဟာစည် ယောဂီပရိသတ်အား ဘုန်းကြီး ဟောကြားမည့် တရားတော်က “သုဗြဟ္မသုတ္တန် တရားတော်က ဝိသတိမ– အပိုင်း(၂၀)” ဖြစ်ပါတယ်။

ဦးစွာပထမ ဘုန်းကြီး၏ “အောင်ခြင်း ရှစ်ပါးဂုဏ်တော်များ” စာအုပ် တွင်ပါရှိတဲ့ “မာရ်နတ်အောင်မြင် ဘုရားရှင် ပထမ အောင်ခြင်း ဘုရားရှိခိုး”ကို ရွတ်ဆို ရှိခိုးပြီး ဒီတရားပွဲကို ဖွင့်လှစ်ပါမယ်၊ ပရိသတ်အားလုံး လက်အုပ်ချီမိုး ရှိခိုးလျက် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်းကို နှလုံးသွင်းကြည်ညိုကြပါ။

### ပဏာမ

### မာရ်နတ်အောင်မြင် မြတ်ဘုရားရှင် ပထမအောင်ခြင်း ဘုရားရှိခိုး

ဗာဟုံသဟဿ မဘိနိမ္မိတ သာဝုဓန္တံ၊
ဂိရိမေခလံ ဥဒိတဃောရ သသေနမာရံ။
ဒါနာဒိဓမ္မဝိဓိနာ ဇိတဝါ မုနိန္ဒော၊
တံ တေဇသာ ဘဝတုမေ ဇယမင်္ဂလဂ္ဂံ။

ယော မုနိန္ဒော-ပစ္စေကမုနိ, အသေက္ခမုနိ, သေက္ခမုနိ, အနာဂါရိက မုနိ, အာဂါရိကမုနိ ဟုဆိုအပ်သော မုနိငါးပါးတို့ထက် မြတ်သော မုနိထွတ်တင် အကြင်မြတ်ဘုရားရှင်သည်၊ ဂိရိမေခလံ- တောင်လောက်နီးပါး လွန်ကြီးမား၍ အင်အားလွန်ရှိ ဂိရိမေခလာအမည်သာသည့် ဆင်မဟာကို၊ ဥဒိတံ-စစ်တိုက် ဖို့ရင်ဆိုင် ပိုင်ပိုင်နိုင်နိုင် တက်စီးထသော၊ အဘိနိမ္မိတ သာဝုဓန္တံ- ကြောက်မက် ဖွယ်ဟန် အလွန် မာန်သွင်း၍ ဖန်ဆင်းထက်မြက်သည့် လက်နက်မျိုးစုံနှင့် တကွသော၊ ဗာဟုံ သဟဿံ-ဘုရားအလောင်း သူတော်ကောင်းကို ဘဝပြောင်း ရန်အတွက် မပျက်အသုံး ကောင်းနိုင်သည့် လက်ရုံးပေါင်း တစ်ထောင်ရှိသော၊ ဃောရံ-ဒေါသချောင်းချောင်း မျက်မာန်စောင်းဖြင့် မကောင်းနှုတ်သွမ်း ကိုယ် သရမ်း၍ ကြမ်းတမ်းစွာ ထသော၊ သသေနမာရံ- မဟာသက္ကရာဇ် တစ်ရာ့ သုံးခုနှစ်၏ နွေသစ်အကြို ကဆုန်လပြည့် ဆင်မင်းနေ့၏ နေမဝင်မီအချိန်မှာ ဗုဒ္ဓဂယာ မဟာဗောဓိပင်ရင်းဝယ် လောင်းမင်း ဂေါတမ သမဏ မြတ်စွာ တင်ပျဉ်ခွေ ထိုင်နေရာ ဝန်းကျင်ထက်ဝယ် လက်ဝဲလက်ယာ ထက်အာကာမှ တစ်ဆယ့်နှစ် ယူဇနာအရှိ နောက်ဖက်မှာ စကြ ဝဠာထိအောင် ပြည့်ကျပ်နေသော နတ်စစ်သည် ဗိုလ်ပါနှင့်တကွသော၊ တံ- ယုတ်မာဆိုးဝါး ထိုမာရ်နတ်သားကို၊ ဒါနာဒိဓမ္မ ဝိဓိနာ- သင်မာရ်နတ်သား အချောင်သမား ရှောင်ဖယ်ရှားလော့ ငါကားမှန်ပင် ဤပလ္လင်တွက် အစဉ်မပျက် ဖြည့်ကျင့်ခဲ့သော များဖြင့်ပါရမီ အလီလီတွင် ဘုရင်ဝေဿန္တရာ ဖြစ်စဉ်ခါက ပြည်ရွာတိုင်းကား သားမယားပါ စွန့်ခဲ့ ပါသော ဒါနပါရမီကို ဤမဟာပထဝီ သက်သေတည်ဟု ဝစီမြွက်ဖော်၍ လက်ညှိုးတော်ပါ ညွှန်ပြ၍ ပါရမီကုသိုလ်တော် တရားအစီရင်ဖြင့်၊ ဇိတဝါ- မြတ်ဘုရားမြွက်ဟ ထိုခဏ၌ ဇိဝမဖက် မြေကြီးအက်၍ အိုးစက်ပမာ ချာချာ လှုပ်ပေးသဖြင့် မာရ်စစ်သည် ရန်တဖေးတို့ ထွက်ပြေးရှောင်ခွာကြရသောကြောင့် တို့မြတ်စွာကသာ အောင်တော်မူပါလေပြီ၊ တံတေဇသာ- ယုတ်မာဆိုးဝါး မာရ်နတ်သားကို အောင်ကြားမှန်စွာ မြတ်ဗုဒ္ဓါ၏ တေဇာ တန်ခိုးတော်အားဖြင့်၊ မေ- မြတ်ဘုရားကို အားထားခို၍ ကြည်ညိုလေးစား အကျွန်ုပ်အား၊ အဂ္ဂံ- အညွန့်အဖူး အထူးအမြတ်ဖြစ်သော၊ ဇယမင်္ဂလံ- အောင်စရာရှိသမျှ တစ်စ မကျန် အောင်လံစွင့်စွင့် လွင့်တလူလူ အောင်ဆုယူ အဖြာဖြာ အောင်ခြင်း မင်္ဂလာသည်၊ ဇယမင်္ဂလံ- သာသနာပြုရေး ရန်ဘေးကင်းကွာ အောင်ခြင်း

မင်္ဂလာသည်၊ ဘဝတု–စင်စစ်မသွေ ဖြစ်ပါစေသတည်း၊ ဘဝတု– မြေလက်ခတ်နဲ့ မြောက်သည့်ခဲ့သို့ မလွဲပုံသေ ဖြစ်ကြီးဖြစ်ပါစေသတည်း။

"သာဓု၊ သာဓု၊ သာဓု"

ကဲ– တရားနာပရိသတ်များ တိုတိုနဲ့ လိုရင်းမှတ်သား ဆောင်ထားရအောင် မာရ်နတ်အောင်မြင် မြတ်ဘုရားရှင် ပထမ အောင်ဆုပန် ရှစ်လုံးဖွဲ့ မြန်မာကဗျာကို ဘုန်းကြီးက ရှေ့က ပို့ချပေးမယ်၊ အားလုံး လိုက်ဆိုကြပါ။

## ပထမ အောင်ဆုပန် ရှစ်လုံးဘွဲ့

| | | |
|---|---|---|
| ၁။ တောင်ရှိဆင်ကြီး | – | တက်စီးမာန်ထောင်၊ |
| လက်နက်စုံသုံး | – | လက်ရုံးတစ်ထောင်၊ |
| ပလ္လင်လုသတ် | – | မာရ်နတ်ယုတ်ကောင်၊ |
| ဒါနပွား | – | ဘုရားမြတ်ကအောင်။ |
| ၂။ မာရ်နတ်အောင်ကြွေး | – | ဘုရားတေဇာ၊ |
| ယုံကြည်ကိုးစား | – | ဝပ်တွားခါခါ၊ |
| တပည့်တော်အား | – | ထူးခြားမှန်စွာ၊ |
| သာသနာပြု | – | ရန်ထုအောင်စေသာ။ |

## သုဗြဟ္မသုတ္တန် တရားတော်

ပဏာမ ပတ္ထနာ ဘုရားရှိခိုး ဆုတောင်းပြီးသွားတဲ့အခါ ဟောလက်စ သုဗြဟ္မသုတ္တန်တရားတော်ကို ဆက်လက်ဟောကြားကြပါစို့၊ သုဗြဟ္မ နတ်သားက နောက်ပါနတ်သမီးငါးရာနှင့်အတူတကွ ဘုရားမြတ်ထံ လာပြီးတော့ ဖြစ်ပြီး ဖြစ်လတ္တံ့သော ပင်ပန်း ဆင်းရဲမှုကြောင့် သူ့စိတ်များဟာ အမြဲတမ်း တုန်လှုပ်ချောက်ချား ကြောက်ရွံ့နေပါတယ်၊ ကြောက်ရွံ့ကင်းကြောင်း နည်းလမ်းကောင်း တရားကို ဟောကြားပါဘုရားလို့ လျှောက်ထားပါတယ်။

အဲဒီအခါ မြတ်စွာဘုရားက ဗောဇ္ဈင်ခုနစ်ပါး တရားကိုသာ ကျင့်ပွားပါ အားထုတ်ပါ၊ ကြောက်ရွံ့ကင်းစင် စိတ်ကြည်လင် ငြိမ်းချမ်းပါလိမ့်မယ်လို့ ဟောကြားပါတယ်။

## ဗောဇ္ဈင်(၇)ပါး အစဉ်အတိုင်း ဖြစ်တာမဟုတ်

ဒီနေ့ ဟောကြားမည့်တရားက အဲဒီ ဗောဇ္ဈင်(၇)ပါးထဲက ဥပေက္ခာသမ္ဗောဇ္ဈင်ပဲ၊ ဒေသနက္ကမဒေသနာစဉ်အရ ဗောဇ္ဈင်တစ်ပါးချင်း တစ်ပါးချင်း ရှင်းပြီးတော့ ဟောလာတာ၊ ပဋိပတ္တိက္ကမတရား ကျင့်စဉ်မှာတော့ ဗောဇ္ဈင်(၇)ပါး အစဉ်အတိုင်း ဖြစ်တာရယ်လို့ မဟုတ်ပါဘူး၊ သူ့ထက်သန်ရာ ထက်သန်ရာ ရှုမှတ်ရင်း ရှုမှတ်ရင်း အကြောင်းအားလျော်စွာ ဗောဇ္ဈင်တရားများ ဖြစ်လာပါတယ်၊ တစ်ပါးနှင့်တစ်ပါးလဲပဲ အထောက်အပံ့ ပြုပြီးတော့ တစ်နွယ်ငင် တစ်စင်ပါဆိုသလို ဖြစ်လာတာပဲ၊ ဗောဇ္ဈင်(၇)ပါး တရားတွင် ဒီနေ့ အလှည့်ကျတဲ့ ဥပေက္ခာသမ္ဗောဇ္ဈင်ကိုဆက်ဟောရမယ်။

### ဥပေက္ခာသမ္ဗောဇ္ဈင်

သမဝါဟိတလက္ခဏာ ဥပေက္ခာ၊
ပက္ခပါတုပစ္ဆေဒရသာ၊
မဇ္ဈတ္တ ဘာဝ ပစ္စုပဋ္ဌာနာ၊
သမသဿနံ ပဋ္ဌုပေက္ခတာ၊ သာရထိဝိယဒဋ္ဌဗ္ဗာ– အဲဒီလို ကျမ်းဂန်များမှာ ဆိုတယ်၊ လင်္ကာဆောင်ပုဒ် ဆိုကြဦးစို့။

၁။ ဥပေက္ခာက ညီမျှစေသည်၊
၂။ တစ်ဖက်လိုက်ခြင်း ပယ်ခွင်းတတ်သည်၊
၃။ လယ်ဗဟိုမျှ ချိန်ကျနေသည်၊
၄။ နွားစုံကောင်း နှစ်မောင်း တူပေသည်။

ဒါ ကျေးရွာရှင်မဟာစည်ဆရာတော် ရေးထားတဲ့ ဆောင်ပုဒ် ဖြစ်တယ်၊ အင်မတန် ကောင်းပါတယ်။

ဥပေက္ခာဆိုတာ ညီမျှစွာ ရှုတတ်တာကို ဥပေက္ခာ၊ တစ်ဖက်ဖက်ကို တစ်ဖက်သတ်လိုက်ခြင်း မရှိဘဲနဲ့ တစ်ဖက်သတ်လိုက်ခြင်းကို ပယ်ခွင်းတတ်တဲ့ ပယ်ရှားတတ်တဲ့ သဘောလဲ ဥပေက္ခာ၊ ချိန်ခွင်များ အလေးချိန် ညီမျှနေရင် ဟိုဘက်ဒီဘက် လျှာမထွက်ဘဲနဲ့ ချိန်ကိုက်၊ ဘောင်ဝင်ချိန်ကိုက်လို့ ခေါ်တယ်၊ အဲဒီလို "ဘောင်ဝင်ချိန်ကိုက်" နေသလို ရှုတတ်တာ ဥပေက္ခာ၊ နွားစုံကောင်း ပြီးတော့ နေတဲ့အခါ မောင်းလိုက်ရင် တန်းတန်းမတ်မတ်၊ ညက်ညက်ညောညော

ချမ်းချမ်းသာသာ လှည်းနဲ့လိုက်ပါပြီး နေရသလို ဥပေက္ခာဖြစ်လာပြီ ဆိုရင်ဖြင့် အဲဒါ နွားစုံကောင်း နှင်မောင်းခံရသလို လှည်းပေါ်မှာ ပါသွားရသလို ငြိမ့်ငြိမ့် ငြောင်းငြောင်း ဖြောင့်ဖြောင့်ဖြူးဖြူး ငြိမ်ငြိမ်သက်သက် ချမ်းချမ်းသာသာရှိတယ်၊ ဒါ ဥပေက္ခာရဲ့သဘော။

## လူတွေပြောတဲ့ ဥပေက္ခာ

လောကလူတွေ ပြောကြတဲ့ ဥပေက္ခာကတော့ ဒီသား တယ်မိုက်တယ်၊ ဒီသမီး တယ်မိုက်တယ်၊ ဒီတပည့် တယ်ဆိုးတယ်၊ ဥပေက္ခာပြုထားလိုက်စမ်း၊ လောကလူတွေ ပြောကြတာ ဥပေက္ခာ ပြုလိုက်စမ်း၊ ဘာမှ ပြန်မကြည့်နဲ့တော့၊ သူ့ကို တစ်ခါတည်း မျက်နှာလွှဲနေရမယ်လို့ လူတွေပြောတဲ့ ဥပေက္ခာက အဲဒီလို မျက်နှာလွှဲပြီး နေရမယ်ဆိုတာလဲပဲ လျစ်လျူရှုပြီးနေတယ်လို့ ဆိုတာနဲ့တော့ နည်းနည်းတော့ နီးစပ်တာပေါ့၊ ဒါပေမယ့်လို့ ဒီမှာ ဥပေက္ခာရဲ့သဘော ကတော့ ဒီချမ်းသာဆင်းရဲတို့ရဲ့အလယ်မှာ ခံစားမှုသဘောကို ဥပေက္ခာ ဟု ခေါ်တယ်။

## မိဂပဒ ဝလဥ္ဇနနည်း

ဝိပဿနာတရား အားမထုတ်ဖူးသေးတဲ့ ပုဂ္ဂိုလ်တွေကို ဥပေက္ခာသဘော နားလည်အောင် ပြောဖို့ အင်မတန်ခက်ပါတယ်၊ အဲ မိဂပဒဝလဥ္ဇနနည်း ဆိုပြီး တော့ ကျမ်းဂန်များမှာတော့ သမင်ကို မုဆိုးက လိုက်တဲ့အခါ တော်တော် လေး အပြေးသန်တဲ့အတွက်ကြောင့် မျက်ခြေပြတ်သွားတဲ့အခါ ခြေရာကို ကောက်ပြီးတော့ လိုက်ရ၊ အဲဒီလိုကောက်ပြီးတော့ လိုက်သွားတဲ့အခါ ကျောက် ဖျာကြီးတစ်ခုနား ရောက်တော့ ခြေရာက ပျောက်သွားတယ်၊ ကျောက်ဖျာ ဆိုတော့ ခြေရာ ထင်ရဲ့လား၊ "မထင်ပါ ဘုရား"

ကျောက်ဖျာရဲ့ ဒီဘက်စွန်းမှာ ခြေရာ ပျောက်သွား၊ ကျောက်ဖျာရဲ့ ဟိုဘက်အစွန်းမှာ ခြေရာပေါ်တယ်ဆိုရင် သမင် ကျောက်ဖျာပေါ်လဲ ဖြတ်သွား တယ်လို့ မသိနိုင်ဘူးလား၊ အဲလို တရားအားထုတ်တဲ့ ယောဂီတွေ နာတယ်- နာတယ်လို့ မှတ်၊ အဲဒီ နာတာကို သည်းခံပြီး ဖွဲ့ကောင်းကောင်းနဲ့ မှတ်လို့ ရှိရင် နာတာက ပျောက်ပြီပေါ့၊ အပူထုတ်လိုက်သလို၊ ကြပ်ထုပ် ထိုးလိုက်သလို

ငွေ့ငွေ့ငွေ့ငွေ့၊ နွေးနွေး နွေးနွေး၊ ရှိန်ရှိန် ရှိန်ရှိန်နဲ့ နာတာက ဖြည်းဖြည်း ကုန်ပြီး ပျောက်သွားတော့ ဟိုဘက်ရောက်တော့ သိမ့်သိမ့် သိမ့်သိမ့်၊ စိမ့်စိမ့် စိမ့်စိမ့် ချမ်းသာ တွေ့လာတယ်၊ ဘာတွေ့လာတယ်။

"ချမ်းသာတွေ့လာတာပါ ဘုရား"

နာကျင် ကိုက်ခဲတုန်းက ဘာဝေဒနာလဲ၊ ဒုက္ခဝေဒနာ၊ ဟိုဘက်မှာ စိမ့်စိမ့်အေးအေး အေးအေးဖြစ်တော့ ဘာဝေဒနာလဲ၊ သုခဝေဒနာ၊ အလယ်ခေါင်မှာ ဥပေက္ခာဝေဒနာပါသွားပြီ၊ အဲဒီလို သိရတယ်၊ ဒါပေမယ့်လို့ ဒီဥဒယဗ္ဗယ ဉာဏ် ရင့်သန်လို့ အလယ်ပိုင်းဉာဏ်ဖြစ်တဲ့ ဘယ– အာဒီနဝ– ပဋိသင်္ခါဉာဏ် တွေ ကျော်သွားလို့ သင်္ခါရုပေက္ခာဉာဏ်ဆိုတာမျိုး ရောက်ပြီဆိုပါစို့၊ အဲဒီလို သင်္ခါရုပေက္ခာဉာဏ် ရောက်လို့ရှိရင်ဖြင့် ဥပေက္ခာရဲ့သဘောကို ပြောပြလို့ လွယ်သွားပြီ၊ အဲဒီသင်္ခါရုပေက္ခာဉာဏ်ရောက်တဲ့အခါကျတော့ အစတုန်းကတော့ ဥဒယဗ္ဗယဉာဏ် မရောက်ခင်တုန်းက အကြောတွေပြတ်၊ အရိုးတွေ ကျိုးကျေပြီး တော့ သွားတော့မလို ပြင်းထန်စွာ အခံရခက်တဲ့ဒုက္ခဝေဒနာတွေ မတွေ့ ခဲ့ဘူးလား၊ "တွေ့ခဲ့ပါတယ် ဘုရား"၊ တွေ့တယ်။

မျက်ရည်တောက်တောက်ကျအောင် အတော်ခံရခက်တဲ့ ဒုက္ခဝေဒနာ တွေ ဖြစ်ခဲ့တယ်၊ စိတ္တ ဝိသုဒ္ဓိ ဖြစ်ပြီးတော့ အလင်းရောင် ပီတိပဿဒ္ဓိလေးတွေ တွေ့ပြီး ဥဒယဗ္ဗယဉာဏ်ပိုင်း ရောက်လာတော့ ချမ်းသာလိုက်တာ၊ ဘယ်လောက် ချမ်းသာသလဲလို့ မေးကြည့်ရင် လူ့လောကချမ်းသာတွေထဲမှာ ဘယ်ချမ်းသာ တွေနဲ့မှ မတူဘူး၊ လူ့လောက ချမ်းသာအားလုံးထက် လွန်မြတ်တဲ့ ဓမ္မပီတိ တရား ချမ်းသာ ဥဒယဗ္ဗယဉာဏ်ပိုင်းမှာ တွေ့ကို တွေ့ရတယ်၊ တွေ့ဖူးသူ ပါသလား၊ "ပါ–ပါတယ် ဘုရား"

အဲဒီလို တွေ့တဲ့အခါ ဒုက္ခဝေဒနာပိုင်း ရောက်တုန်းက လူဟာ ရှုံ့မဲ့ ရှုံ့မဲ့၊ မျက်ရည်တောက်တောက်ကျရင်လဲ ကျပေါ့လေ၊ အဲဒီလို တော်တော် သည်းခံပြီးတော့ ညှိုးညှိုးနွမ်းနွမ်းနဲ့ အားထုတ်ခဲ့ရတာဖြစ်သလို အဲဒီ ဥဒယဗ္ဗယ ဉာဏ်ပိုင်း ရောက်တော့ ပြုံးပြုံး ရွှင်ရွှင်၊ ထက်ထက်သန်သန်နဲ့ တစိမ့်စိမ့်၊ တငြိမ့်ငြိမ့်နဲ့ မျက်စိ မဖွင့်ချင်လောက်အောင် ကောင်းပြီးတော့ ချမ်းသာတဲ့ သဘောတွေ ၁၀–ရက်၊ ၁၅–ရက်လောက်အကြာမှာ တွေ့တတ်တာ၊ ဒုက္ခ ဝေဒနာ တွေ့ရတဲ့ အပိုင်းတုန်းက မဲ့ပြီးတော့ ရှုံ့ပြီးတော့ ရှုမှတ်ရသလိုလို

ရောက်တော့ ပြုးပြီးတော့ ရှင်ပြီးတော့ ရှုမှတ်ရတယ်၊ သုခနှင့် ဒုက္ခ မထင်ရှား ဘူးလား။ "ထင်ရှားပါတယ် ဘုရား"

အဲဒီလို ပြောင်းပြန်ပေါ့၊ အပူနဲ့ အအေး၊ အခု ဒီသင်္ခါရုပေက္ခာဉာဏ်ပိုင်း ရောက်တဲ့အခါကျတော့ အစပိုင်းက တွေ့တဲ့ ဒုက္ခဝေဒနာမျိုး အသက်သေရ ပါတော့မယ်၊ အရိုးကွဲရပါတော့မယ်ဆိုတဲ့ ဒုက္ခဝေဒနာမျိုးလဲ မထင်ရှားဘူး၊ မလာတော့ဘူး ဆိုပါတော့၊ ဒီအစေးပါတဲ့ ဓမ္မရတိဖြစ်တဲ့ယောဂီက ချမ်းသာ ဘက်ကို မက်မောတဲ့ တရား၊ အရသာကနေ ဓမ္မရတိ ဆိုပြီးတော့ တရား အပေါ်မှာ နှစ်သက်တဲ့တဏှာတောင်မှ ဖြစ်သွားလောက်အောင် ဖြစ်သွားတဲ့ သုခဝေဒနာ၊ အဲဒါဥဒယဗ္ဗယဉာဏ်ပိုင်း၊ အဲဒီလိုသုခဝေဒနာမျိုးလဲပဲ မထင်ရှား တော့ဘူး၊ ဒီအပိုင်း ရောက်တော့ ဘာပဲ ထင်ရှားတော့တုန်းဆိုတော့ခေါင်းလဲ မရှိ၊ ကိုယ်လဲ မရှိ၊ ခါးလဲ မရှိ၊ အရိုးလဲ မရှိ၊ အသားလဲမရှိ၊ အသည်းလဲ မရှိ၊ ကလီစာလဲ မရှိ၊ ဘာမှ မရှိဘူး၊ လေဟာပြင်ထဲမှာ ရောက်ပြီးတော့နေသလို သိနေတဲ့ သဘောလေးပဲ ရှိတော့တာ၊ အဲဒီအခါမှာ သိတယ်၊ သိတယ်–လို့ နာမ်က နာမ်ကို မှတ်နေရတယ်။

တစ်ခါတစ်ရံ ခန္ဓာကိုယ်ကို လေကလေး လာတိုက်လိုက်လို့ ထိ လိုက်ရင်လဲ ထိတယ်၊ ထိတယ်လို့ မှတ်လိုက် ပျောက် ပျောက်သွား၊ တစ်ခါ တစ်ရံ ပူခနဲ ဖြစ်လာ၊ ပူတယ်လို့ တစ်ချက်မှတ်နဲ့ ပျောက်သွားတာလဲ ရှိ တယ်၊ ပူတယ်ပူတယ်လို့ မှတ်ပျောက်၊ သိတယ်၊ သိတယ်လို့ မှတ် ပျောက်၊ အဲဒီလိုတစ်ချက်ချင်း သိတယ်၊သိတယ်လို့ မှတ်နေတဲ့ ယောဂီဟာ ဒုက္ခဝေဒနာ လဲ ထင်ထင်ရှားရှား မလာဘူး၊ လာတယ်ဆိုရင်လဲ ဖျပ်ခနဲဆို ပျောက်သွား တဲ့အတွက် တုန်လှုပ်မှု မရှိဘူး၊ ဒုက္ခနဲ့ ပတ်သက်ပြီးတော့ ညည်းညူရလောက် အောင် စိတ်ပျက်ရလောက်အောင် မရှိဘူး။

## ကြာလေကောင်းလေ– ဟောင်းလေသစ်လေ

သုခဝေဒနာ တစိမ့်စိမ့်၊ တသိမ့်သိမ့်၊ တဖိမ့်ဖိမ့်၊ တရှိန်းရှိန်းနဲ့ နတ်ပူး သကဲ့သို့ လှုပ်ရှားပြီးတော့ ဆိုပါတော့၊ အဲဒီလို မျက်မျက်သက်သက်ကြီး ချမ်းသာမှုဆိုတာလဲပဲ မလာဘူး၊ ချမ်းသာသလိုလို ရှိရင်–မှတ်လိုက်၊ သိတယ်၊ သိတယ်၊ သိတယ်၊ ချမ်းသာလဲ မထင်ရှား၊ ဆင်းရဲလဲ မထင်ရှား၊ သိတဲ့

သဘောတရားလေးလောက်သာ ငြိမ်ငြိမ်သက်သက်နဲ့ အမှတ်အသိ လေးက နာရီစက္ကန့်တံလေးသွားနေသလို တက်တက် တက်တက်နဲ့ သိတယ်- သိတယ်- သိတယ်၊ တစ်ခါတလေများ သိတယ်၊ သိတယ်လို့တောင် မဆိုနိုင်ဘူး၊အမှတ်သတိနဲ့ စိုက်ထား၊ အသိလေးကို စိုက်ထား၊ အဲလိုသဘောမျိုး ဖြစ်လာပြီဆိုရင် ချမ်းသာဘက်လဲ မရောက်၊ ဆင်းရဲဘက်လဲ မရောက်၊ အလယ်သဘောလေးလောက်ပဲ ရှိနေနိုင်ခြင်းသည် ဘာလဲ၊ ဥပေက္ခာတဲ့၊ ဘာတဲ့တုံး။

"ဥပေက္ခာ-ပါဘုရား"

ကြာလေ ကောင်းလေ-ဟောင်းလေ သစ်လေ၊ ဒီဥဒယဗ္ဗယ ဉာဏ်ပိုင်းတုန်းက ပီတိ-ပဿဒ္ဓိအလင်းရောင်တွေနဲ့ ပတ်သက်ပြီး ချမ်းသာတယ်ဆိုတာက တုန်လှုပ်တယ်၊ စိတ်ရော ဘာရော တုန်လှုပ်တယ်၊ ယခု သင်္ခါရုပေက္ခာဉာဏ်ပိုင်းမှာတော့ မတုန်လှုပ်ဘူး၊ တည်ငြိမ်တယ်၊ တည်တည်ငြိမ်ငြိမ်နဲ့ တုန်လှုပ်မှု မရှိဘဲ ညက်ညက်ညောညော ငြိမ်သက်မှု၊ ငြိမ်းချမ်းမှု ချမ်းသာမှုကလေး၊ အဲဒီဉာဏ်ရောက်တဲ့ သူတွေသိတယ်၊ ကိုယ်တွေ့ပွားတွေ့အနေနဲ့ သိတယ်၊ မရောက်ဖူးတဲ့သူ သိပ်မလား။

"မသိပါဘုရား"

ဥပေက္ခာက ချမ်းသာသုခနဲ့ ပိုနီးစပ်တယ်။

## သင်္ခါရုပေက္ခာသဘော

ဒါပေမယ့်လို့ တုန်လှုပ်မှု မရှိဘူး၊ မက်မော တွယ်တာမှုမပါဘူး၊ ရိုးရိုးလေး ငြိမ်သက် ငြိမ်းအေးမှု၊ ငြိမ်သက် ငြိမ်းအေးမှု ဆိုတဲ့ ချမ်းသာလေးပေါ့၊ အဲ (ကြာလေသာ၍ သိမ်မွေ့လေသည်၊ရှည်ကြာစွာလဲ တည်မြဲသူတည်း၊ ) ဆိုတဲ့အတိုင်း ကြာလေ သိမ်မွေ့လေ ကြာလေ သိမ်မွေ့လေ၊ ဘယ်လောက် သိမ်မွေ့တုန်းဆိုရင်ဖြင့် ဆုံထဲ ထည့်ထောင်းတဲ့ မုန့်မှုန့်ထောင်းတဲ့အခါ အစတော့ အဖြုန်းတွေနဲ့ ဇကာနဲ့ချ၊ ဇကာကျဲနဲ့ ချရာကနေ ဇကာစိတ်နဲ့ ချ၊ ဇကာစိတ်နဲ့ ချရာကနေပြီးတော့ နောက်ကျတော့ ဗန်းထဲမှာ ထည့်ပြီးတော့ ဆင့်တယ် ခေါ်တာပေါ့၊ အဲဒီကနေပြီးတော့ ဗန်းဇကာ မျက်နှာပြင်ပေါ်ကို အဝတ်နဲ့ စည်းပြီးတော့ ဒိုင်းခေါ်တာပေါ့၊ အဲဒီလို ဒိုင်းနဲ့ ဆင့်ဖန် များတော့ ဘယ်လောက်ထိအောင် မှုန့်သွားသလဲဆို အမှုန့်ကို လက်ညှိုးနဲ့ လက်မ

ကိုင်လိုက်လို့ရှိရင် အလယ်ခေါင်မှာ အမှန့်မရှိတော့ဘူး၊ ဖျစ်ခနဲဆို ကြေသွားတယ်၊ စမ်းကြည့်လို့ အလယ်ခေါင် ကြားခံနေတာ မရှိလောက်အောင် ပြတ်သွားတာပဲ။

အဲဒီမှာလဲပဲ ဘာပေါ်ပေါ် ဘာသိရသိရ၊ မှတ်လိုက်ရင် အလယ်ခေါင်မှာ သန္တာန်ဒြပ် နိမိတ်အရိပ် ဘာလေးမှ မရှိဘဲနဲ့ တစ်ခါတည်းပြီး သဘော သက်သက် ပူရင်ပူ သဘော၊ အေးရင် အေးသဘော၊ ငြိမ်ရင် ငြိမ်သဘော၊ အဲဒီလိုသဘောတွေပဲ ရှိပြီးတော့နေတဲ့သဘော ဖြစ်လာရင်– ဒါသင်္ခါရုပေက္ခာ သဘောလို့ ခေါ်တယ်၊ ဘာပေက္ခာ။ "သင်္ခါရုပေက္ခာပါဘုရား"

"ကြာလေသာ၍ သိမ်မွေ့လေသည်၊ ကြာရှည်စွာလည်း တည်မြဲသူတည်း" နောက်ပြီးတဲ့အခါကျတော့"တစ်ဖက်လိုက်ခြင်း၊ ကင်းရှင်းပါသည်" လို့ ဆိုတဲ့အတိုင်း ဟို ချမ်းသာဖက်လဲ မလိုက်၊ ဆင်းရဲဘက်လဲ မလိုက်၊ အညီအမျှ ရှုမနေဘူးလား။ "ရှုနေပါဘုရား"

ရှုနေတယ်၊ ဒါကို ဘာခေါ်တယ်၊သင်္ခါရုပေက္ခာပါဘုရား ။

အခု ဗောဇ္ဈင်ပိုင်းနဲ့ ပြောတော့ ဘာဗောဇ္ဈင်လဲ။ ဥပေက္ခာသမ္ဗောဇ္ဈင်။

## ဝေဒနာ ပစ္စယာ တဏှာ

ယောဂီတွေက ကိုယ်တွေ့နဲ့ လျှောက်တယ်၊ တပည့်တော် တရားရှုရတာ မရေမရာကြီး ဘယ်လို အားမရတာကြီး ဖြစ်နေတယ်၊ အဲလို နာတာဖြင့်လဲ နာတယ်၊ မျက်မျက်သက်သက် တစ်ခါတည်း မှတ်လိုက်ရ၊ အားရပါးရ ရှိပါတယ်၊ ချမ်းသာရင်လဲ ချမ်းသာတယ် မှတ်လိုက်ရ၊ အားရပါးရ ရှိပါတယ်၊ တစ်ခါတည်း အားရှိပါးရှိ လေးလေးနက်နက်ရှိတယ်၊ ခုဟာက ချမ်းသာတာလဲ မဟုတ်ဘူး၊ ဆင်းရဲတာလဲ မဟုတ်ဘူး၊ ဘယ်လိုကြီးမှန်းလဲ မသိဘူး၊ ဖမ်းလို့လဲ မမိဘူးထင်တယ်၊ သိတော့လဲ သိနေတယ်၊ ဘာမှလဲ မရှိဘူး၊ အားမလို အားမရ ဖြစ်လိုက်တာလို့ လျှောက်ထားကြတယ်။

ပဋိစ္စ သမုပ္ပါဒ် ဒေသနာအရ တချို့ပြောကြတယ်၊ ဝေဒနာပစ္စယာ ဘာတဲ့ တဏှာ၊ ဝေဒနာပစ္စယာ ဘာတဲ့၊ "တဏှာပါဘုရား"

တဏှာ၊ ဝေဒနာပြီးရင် တပ်မက်မှု တဏှာ ဖြစ်တယ်၊ ဝေဒနာကြောင့် တဏှာဖြစ်တယ်၊ ဒီလိုဟုတ်လား၊ အဲဒီတော့ တစိမ့်စိမ့် တသိမ့်သိမ့် ချမ်းသာပြီး

တော့ နေတဲ့သဘောကို အဲဒီချမ်းသာက စတွေ့ရတဲ့အတွက် အဲဒီလို မလွတ်နိုင်ဘဲနဲ့ ဒါမျိုးလေးတွေ၊ တွေ့နေချင်တယ်ဆိုတာ ဘာလဲ တဏှာ၊ "သုခီ ဘိယျောပိ ဣစ္ဆတိ" သုခီ– ချမ်းသာနှင့် ပြည့်စုံသော သူသည်၊ ဘိယျောပိ– တိုး၍ ချမ်းသာခြင်းကိုလည်း၊ ဣစ္ဆတိ– အလိုရှိပြန်တယ်လို့ ဆိုထားပါတယ်၊ သုခဝေဒနာကြောင့် တဏှာဖြစ်တာ မထင်ရှားဘူးလား။

"ထင်ရှားပါဘုရား"

ဒုက္ခဝေဒနာဖြစ်တော့ နာလိုက် ကျင်လိုက်တာ၊ ကိုက်လိုက် ခဲလိုက်တာ၊ အဲဒီနာတာကျင်တာကြီးကို ချစ်ဖို့ဆိုတာ၊ တဏှာဖြစ်ဖို့ဆိုတာ လွယ်ပါမလား၊ အဲဒါကို ကျော်သွားတာ ဒီဟာကြီး ပျောက်ပြီးတော့ ဒုက္ခဝေဒနာကြီး ပျောက်ပြီးတော့ ချမ်းသာတဲ့ ဝေဒနာလေးကို လှမ်းမျှော်ပြီးလိုချင်တာဘာလဲ။

"တဏှာပါဘုရား"

"ဒုက္ခီ သုခံ ပတ္ထယတိ"

ဒုက္ခီ–ဆင်းရဲသောသူသည်၊ သုခံ–ချမ်းသာကို၊ ပတ္ထယတိ– တောင့်တတယ်လို့ ဆိုထားပါတယ်၊ ဒုက္ခဝေဒနာကြောင့်လဲ တဏှာ ဖြစ်တယ်၊ (မထင်မရှား ထင်ရှားစေချင်၊ တဏှာပင်တည်း) ဒုက္ခလဲ မဟုတ်၊ သုခလဲ မဟုတ်၊ ဒုက္ခရင်လည်း ဖြစ်ချင်ဖြစ်လိုက်စမ်းပါ၊ သုခရင်လဲ ဖြစ်ချင် ဖြစ်လိုက်စမ်းပါ၊ အဲဒ်လိုမထင်မရှားကြီး အားမလို အားမရကြီး မကောင်းပါဘူး၊ ထင်ရှားချင်တယ်၊ ထင်ရှားတာလေး လိုချင်တယ် ဆိုတာကလဲ ဘာပါလိမ့်။

"တဏှာပါဘုရား"

အေး ဒါကြောင့် "ဥပေက္ခာပန သန္တတ္တာ သုခမိစ္စေဝ ဘာသိတာ" လို့ ဆိုထားပါတယ်၊ ဥပေက္ခာပန– အလယ်အလတ် ခံစားမှု ဥပေက္ခာဝေဒနာမူကား၊ သန္တတ္တာ– ငြိမ်သက် သိမ်မွေ့သည်၏ အဖြစ်ကြောင့်၊ သုခမိစ္စေဝ– ချမ်းသာဟူ၍သာလျှင်၊ ဘာသိတာ– ဆိုအပ်ပါတယ်တဲ့။

ကဲ လိုက်ဆို–

၁။ ချမ်းသာပြန်တော့ တိုး၍ တိုး၍ ချမ်းသာချင်သည်။

၂။ ဆင်းရဲနဲ့ တွေ့တော့ ချမ်းသာကို တောင့်တသည်။

၃။ ဥပေက္ခာက သိမ်မွေ့လို့ သုခသဘော ရှိသည်။
ဥပေက္ခာကိုလဲ အားမရလို့ သုခကိုအလိုရှိသည်။

ဥပေက္ခာကို သိတယ်သိတယ်လို့ မရှုရင် သူကလဲ ဘယ်ဘက် သွားမှာတုံး ၊ တဏှာဘက်သွားမှာ၊ ဒုက္ခဝေဒနာက နေပြီးတော့ သုခမြော် လိုချင်တာ မဖြစ်ရအောင် ဒုက္ခမှန် ပိုင်းခြားသိဖို့ မရှုရဘူးလား။ "ရှုရပါဘုရား"

သုခကိုလဲ မလွှတ်နိုင်ဘဲနဲ့ ဖွတ်ကိုင်ပြီးတော့ စွဲမနေရအောင် ချမ်းသာတယ် ချမ်းသာတယ်၊ ပျောက်သွားအောင် မရှုရဘူးလား၊ "ရှုရပါဘုရား"

ရှုရတယ်၊ မထင်ရှားတဲ့ အလယ်အလတ် ဥပေက္ခာကိုလဲပဲ သိတယ် သိတယ်၊ သိတယ်လို့ မြော်လင့်တောင့်တချက်တဏှာ ဝင်မလာရအောင် မရှုရဘူးလား။ "ရှုရပါဘုရား"

ရှုရတယ်၊ ရှုရလို့ရှိရင် ဝေဒနာပစ္စယာ တဏှာဆိုတဲ့ တဏှာဘက်ကူးပါဦးမလား။ "မကူးပါဘုရား"

ဒုက္ခရယ်၊ ဒုက္ခမှန်း သိတာရယ်၊ သုခရယ်၊ သုခမှန်း သိတာရယ်၊ ဥပေက္ခာရယ်၊ ဥပေက္ခာမှန်း သိတာရယ် သိစရာနဲ့ သိတာ၊ သိစရာနဲ့ သိတာ၊ နှစ်မျိုးထဲပေါ်ပြီး ပျောက်သွားလို့ မမြဲဘူးလို့ သိတဲ့ ယထာဘူတ ဝိပဿနာဉာဏ် မဖြစ်ဘူးလား၊ ဝိပဿနာဉာဏ်ဖြစ်လိုက်သည်နှင့် တစ်ပြိုင်နက်တည်း ဟိုဘက် လိုချင်တဲ့ တပ်မက်တဲ့ တဏှာ ဖြစ်ပါဦးမလား၊ မဖြစ်ဘူး။

## တဏှာမဖြစ်အောင် ပေါ်သမျှရှု

အဲဒီလို မဖြစ်အောင် ဒုက္ခဝေဒနာလာလဲရှု၊ သုခဝေဒနာ လာလဲရှု၊ အခု ဥပေက္ခာဝေဒနာပေါ်တဲ့ ဥပေက္ခာသမ္ဘောဇ္ဈင် ပေါ်ရင်လဲ ဘာလုပ်ရမှာတုံး၊

"ရှုရမှာပါဘုရား"

ရှုပါ၊ အဲဒီ ဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်လာပြီ ဆိုရင်တော့ဖြင့် ပင်ပန်းဆင်းရဲမှု၊ ခက်ခဲမှုတွေ မရှိတော့ဘဲနဲ့ အဲဒါ သမာဓိဉာဏ်လဲပဲရပြီး သမာဓိလဲပဲ ဖြစ်ပြီးတော့ အမှန်ကို သိတဲ့ဉာဏ် ဖြစ်လာတော့တာပဲ၊ ဓမ္မဝိစယသမ္ဘောဇ္ဈင်တွေလဲ ပြန်ပြီးတော့ ပေါ်လာတော့တာပဲ၊ ပေါ်လာရင် မဂ်ဖိုလ်နိဗ္ဗာန် မရနိုင်ဘူးလား။

"ရနိုင်ပါတယ်–ဘုရား"

ရနိုင်တယ်၊ ဒီဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်အောင် ပွားဖို့ကော မလိုဘူးလား။

"လိုပါတယ်ဘုရား" လိုတယ်။

## ဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်ကြောင်းငါးပါး

အပိစ ပဉ္စဓမ္မာ ဥပေက္ခာသမ္ဘောဇ္ဈင်္ဂဿ ဥပ္ပါဒါယ သံဝတ္တန္တိ သတ္တမဇ္ဈတ္တတာ သင်္ခါရ မဇ္ဈတ္တတာ သတ္တသင်္ခါရကေလာယနပုဂ္ဂလ ပရိဝဇ္ဇနတာ၊ သတ္တသင်္ခါရ မဇ္ဈတ္တပုဂ္ဂလ သေဝနတာ၊ တဒဓိမုတ္တတာတိ–လို့ အဋ္ဌကထာ ဖွင့်ပြထားတယ်။

အပိစ အပရော–တစ်ပါးသော၊ နယော–နည်းကို၊ မယာ– ငါသည်၊ ဝုစ္စတေ– ဆိုဦးအံ့။

၁။ သတ္တမဇ္ဈတ္တတာ= ပုဂ္ဂိုလ်သတ္တဝါအပေါ်မှာ လျစ်လျူရှုခြင်း ရှိသူ၏ အဖြစ်လည်းကောင်း၊

၂။ သင်္ခါရ မဇ္ဈတ္တတာ= သင်္ခါရတရားတွေအပေါ်မှာ လျစ်လျူရှု သောစိတ် ရှိသူ၏ အဖြစ် လည်းကောင်း၊

၃။ သတ္တသင်္ခါရ ကေလာယနပုဂ္ဂလ ပရိဝဇ္ဇနတာ= သတ္တဝါ သင်္ခါရတို့ အပေါ်မှာ စွဲမက်ခြင်းရှိသော ပုဂ္ဂိုလ်ကို ရှောင်ကြဉ်ခြင်း ရှိသူ၏အဖြစ် လည်းကောင်း၊

၄။ သတ္တသင်္ခါရ မဇ္ဈတ္တပုဂ္ဂလသေဝနတာ= သတ္တဝါသင်္ခါရတို့ကို လျစ်လျူရှုသော ပုဂ္ဂိုလ်ကို မှီဝဲဆည်းကပ်ခြင်း ရှိသူ၏အဖြစ်လည်းကောင်း၊

၅။ တဒဓိမုတ္တတာ= ဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်ဖို့ရန် စွဲစွဲမြဲမြဲ သက်ဝင်သူ၏ အဖြစ်လည်းကောင်း၊

ဣတိ–ဤသို့ ပဉ္စဓမ္မာ– ငါးမျိုးသောတရားတို့သည်၊ ဥပေက္ခာသမ္ဘောဇ္ဈင်္ဂဿ– ဥပေက္ခာ သမ္ဘောဇ္ဈင်၏၊ ဥပ္ပါဒါယ– ဖြစ်ခြင်းငှာ၊ သံဝတ္တန္တိ= ဖြစ်ပါကုန်သတည်း။"သာဓု– သာဓု– သာဓုပါဘုရား" ကဲ ဆိုဦးမယ်၊ လိုက်ဆိုရမယ်။

* ပုဂ္ဂိုလ်ဝတ္ထု၊ လျစ်လျူရှု၊ ညွတ်မှု ထိုတွင်သာ။
* ယုယသူအား၊ ပယ်ရှောင်ရှား၊ စိတ်ထားမျှသူ မှီဝဲပါ။
* ဥပေက္ခာပွား၊ ကြောင်းငါးပါး၊ ညွှန်ကြားဋ္ဌကထာ။

## ပုဂ္ဂိုလ်ဝတ္ထုအပေါ် မစွဲလမ်းနဲ့

အဲဒီတော့ ဥပေက္ခာဖြစ်ဖို့ ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ချင်တယ်ဆိုရင် ပုဂ္ဂိုလ်တွေအပေါ်မှာလဲပဲ သာယာ စွဲလမ်းမှု မရှိစေရဘူး၊ အဲဒါ ဝတ္ထု၊ အရာဝတ္ထုတွေအပေါ်မှာလဲပဲ သာယာစွဲလမ်းမှု မရှိစေရဘူး၊ အဲဒီတော့ ကမ္မသကတာ သမ္မာဒိဋ္ဌိဉာဏ်မျိုးလဲ အရင်းခံရှိရမယ်။

ရေးဘဝက အဝိဇ္ဇာတဏှာကံကြောင့် ယခုဘဝ ဝိညာဏ်ပေါ်ပြီးတော့ အာဟာရတွေ စားသောက်နေတဲ့အတွက် ရုပ်နာမ်ခန္ဓာဆိုတာတွေ ဖြစ်ပေါ်နေရတာပဲ မှန်ရဲ့လား။ "မှန်ပါဘုရား"

ဖဿတရားကြောင့် နာမ်တရားတွေလဲ ဖြစ်နေရတာပဲ၊ အကြောင်းကြောင့် အကျိုးတွေ ဖြစ်နေရတာပဲ၊ သတ္တဝါရယ်လို့ ဖြစ်ပေါ်လာရပြီဆိုရင် နောက်ကျတော့ သေရမှာပဲ၊ မွေးလာပြီးရင် သေရမှာပဲ၊ ငါ-ငါလို့ မှတ်ထားတဲ့ မိမိတည်းဟူသော ပုဂ္ဂိုလ်လဲပဲ မွေးဖွားလာပြီး သေဘက်သွားနေတာ၊ လူလို့ သမုတ်ထားတဲ့ ပုဂ္ဂိုလ်တွေ သတ္တဝါတွေလဲ မွေးဖွားပြီးတော့ သေသွားမှာပဲ။

သူ့ကံ အားလျော်စွာ မွေးဖွား ဖြစ်ပေါ်လာပြီး သူ့ကံ အားလျော်စွာ သေသွားမှာ ပျက်သွားမှာ ဖြစ်တဲ့အတွက် ဘယ်သူ့ဘယ်သူမှ မသေအောင်၊ တည်မြဲနေအောင် စောင့်ရှောက်ထားနိုင်ခွင့် မရှိဘူး၊ အကြောင်းကံ အားလျော်စွာ ဖြစ်ပေါ်လာတဲ့ အကျိုးတရားတွေကလဲပဲ ပျက်စီးသွားရမှာပဲလို့ သဘောပေါက်ပြီး သူမသေအောင်၊ ငါမသေအောင်၊ သူချမ်းသာအောင်၊ ငါချမ်းသာအောင်၊ သူ့အပေါ် တွယ်တာ၊ ငါ့အပေါ် တွယ်တာ ဆိုတဲ့ တဏှာမရှိစေဘဲနဲ့ သူလဲ သူ့ကံ သူထမ်း သူ့လမ်းသူသွား၊ ငါလဲ ငါ့ကံငါထမ်း၊ ငါ့လမ်းငါသွားမှာပဲ၊ အဲဒီတော့ ဘယ်သူ့ကိုမှ တွယ်တာအားကိုးစရာ မဟုတ်တော့ဘူး၊ နှစ်သက်သာယာစရာလဲ မဟုတ်တော့ဘူးလို့ စိတ်သဘောထားနိုင်ခြင်းသည် ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်ကြောင်း၊ မှန်ရဲ့လား။ "မှန်ပါဘုရား"

အတ္တကောင် ငါကောင် ရှိနေပြီးတော့ ငါရှိတယ် သူရှိတယ်၊ ငါဆင်းရဲတယ်၊ သူချမ်းသာအောင် လာလုပ်ပေးတယ်၊ သူဆင်းရဲတယ်၊ ငါချမ်းသာအောင် သွားလုပ်ပေးရဦးမယ်၊ ဘာဖြစ်တယ်၊ ညာဖြစ်တယ်ဆိုရင် အဲဒီမှာ ဥပေက္ခာသမ္ဗောဇ္ဈင် ပွားနိုင်ပါ့မလား။

"မပွားနိုင်ပါဘုရား"

ဝဋ္ဋ– ဘယ်လောက် အဖိုးတန်တဲ့ ဝဋ္ဋပစ္စည်း ဖြစ်ဖြစ်၊ ငါးရာတန်၊ တစ်ထောင်တန် အဝတ်အစားကြီးပဲ ဖြစ်ဖြစ်၊ ဖြစ်ပေါ်လာတဲ့ သင်္ခါရဝဋ္ဋဟာ တစ်နေ့ကျရင် ဘာဖြစ်မလဲ ပျက်သွားမှာပဲ၊ အဲ စီဝိုင်စီ သင်္ကန်း၊ တက်ထရွန် သင်္ကန်း၊ ဘာသင်္ကန်း၊ ညာသင်္ကန်းတွေ ဘယ်လောက်ကောင်း၊ တစ်နေ့ကျလို့ ရှိရင် ဆွေးမြေ့လာမယ်၊ ဆွေးမြေ့ပြီး စုတ်ပြဲလာမယ်၊ နောက်ဆုံး အဲဒါ ခြေသုတ်ကြိုးကွင်း ဖြစ်သွားမယ်၊ နောက်ဆုံး အသုံးမကျဘူး ဆိုလို့ရှိရင် ခြေသုတ်တဲ့ ကြိုးကွင်းလုပ်ပြီးတော့ ဘုန်းကြီးတွေ ကျောင်းမှာ သုံးဆောင်ကြတယ်၊ ခြေသုတ် ကြိုးကွင်းကနေ မခိုင်တော့ဘူးဆိုလို့ရှိရင် အဲဒါ မြေညက်နဲ့ရောပြီး ကျောင်းနံရံကို သုတ်လိမ်းရတဲ့ဟာ ဖြစ်သွားမယ်၊ သင်္ကန်းအသွင် မရှိတော့ဘူး။

ဒီသင်္ကန်းဟာ ပျက်ဖို့ရှိနေတဲ့ အတွက်ကြောင့် သူ့ကို မပျက်အောင် ထိန်းသိမ်းဖို့ရာလဲ မလွယ်ဘူး၊ ငါ့ဟာ–ငါ့ဟာပဲနဲ့သိမ်းပိုက်ထားဖို့လဲ မလိုဘူး၊ ပျက်ချိန်တန်ရင် ပျက်မှာပဲ၊ ဒါကြောင့် ငါ့သင်္ကန်း– ငါ့ဥစ္စာ၊ ငါ့အဝတ်၊ ငါ့ စာအုပ်ကြီး ဆိုပြီး သိမ်းပိုက်ပြီးတော့ သာယာမနေရဘူး။

အဲဒီအပေါ်မှာ သာယာသိမ်းပိုက်မှု မရှိရင် ဥပေက္ခာသမ္ဘောဇ္ဈင်ပွားလို့ ရတယ်။ အဲဒါကြီးပေါ် သာယာနှစ်သက်ပြီးတော့ နေမယ်ဆိုလို့ရှိရင် ဒါလေး ကြောင့်ကြ စိုးရိမ်နေရတာနဲ့ တရားတောင် ဖြောင့်ဖြောင့် အားထုတ်နိုင်ပါ့ မလား၊ အို– ငါ့တပည့်တွေ ငါမရှိရင် ဘယ်လိုနေမလဲ၊ ငါ့ဆရာတော်– ငါ မရှိရင် ဘယ်လို နေမလဲ၊ အို– ငါ့သားသမီးတွေ ငါမရှိရင် ဘယ်လိုနေမလဲ၊ ငါ့အမေ–အဖေတွေ ငါမရှိရင် ဘယ်လိုနေမလဲ၊ ငါအခုအိမ်ထားခဲ့တဲ့ ပစ္စည်း တွေ ငါမရှိရင် အိမ်ကလူတွေက ကောင်းကောင်းမှ စောင့်ရှောက်ရဲ့လား၊ နမော်နမဲ့ လျှောက်သွားနေလို့ သူခိုးများ အခိုးခံရမှာလား၊ ပစ္စည်းအပေါ်၊ ပုဂ္ဂိုလ်အပေါ် သာယာပြီးတော့ တွယ်တာနေမယ်ဆိုရင် တရားထဲကို စိတ် မရောက်ဘူးလို့ ဆိုရမယ်။

ဥပေက္ခာရှုမထားနိုင်ဘူး ဆိုရင် ဥပေက္ခာသမ္ဘောဇ္ဈင် ဖြစ်ပါ့မလား၊ မဖြစ်ဘူး၊ တပည့်က စပြီး သူများတွေက တပည့်တော်ကျောင်းမှာ ကျောင်းစောင့် မရှိလို့ တပည့်တော် အကူအညီပေးပါဦး ဆိုလို့ရှိရင် ကိုယ့်တပည့် ကိုယ်တောင် ပိုးမွေးသလို မွေးထားရတာ၊ အရှင်ဘုရား ကျောင်းအတွက်တော့ အကူအညီ မပေးနိုင်ဘူး၊ တပည့်တော်က အပင်ပန်းလဲ ခံနိုင်တာ မဟုတ်ဘူး ဆိုပြီးတော့

တပည့်ပေါ်မှာ တွယ်တာမှု သာယာမှု အားကြီးလို့ရှိရင် သူများတွေက လာပြီးတော့ သူ့တပည့်လာခေါ်တယ် ပြုတယ်ဆိုတာတောင် မကြိုက်နိုင်ဘူး။

အဲဒီလောက် တပည့်သံယောဇဉ် ကြီးနေတဲ့ ဘုန်းကြီးမျိုးကော အားထုတ်ဖို့ နီးစပ်ပါ့မလား။ "မနီးစပ်ပါဘုရား"

ဆရာသံယောဇဉ် အားကြီးလွန်းတဲ့ပုဂ္ဂိုလ်တွေကော တရား အားထုတ်လို့ ရပါ့မလား။။ "မရပါဘုရား"

မိဘသံယောဇဉ်၊ သားသမီးသံယောဇဉ် ကြီးလွန်းအားကြီးတဲ့ ပုဂ္ဂိုလ်တွေကော တရားအားထုတ်လို့ ရပါ့မလား။"မရပါဘုရား"

ဥပေက္ခာသမ္ဗောဇ္ဈင် ဖြစ်နိုင်ပါ့မလား။ "မဖြစ်ပါဘုရား" ဒါကြောင့်–

ပုဂ္ဂိုလ် ဝတ္ထု လျစ်လျူရှု ညွတ်မှု ထိုတွင်သာ၊

အဲဒါလျစ်လျူရှုနိုင်ရမယ်လို့ဆိုတဲ့ စိတ်ထား ထားပြီးတော့ စိတ်ကလဲ အဲဒီဘက် ညွတ်ကိုင်းနေရမယ်။

## ယုယပြုစုသူကို ရှောင်ကြဉ်

"ယုယသူအား ပယ်ရှောင်ရှား စိတ်ထားမျှသူမှီဝဲပါ" အဲဒါ ကျွေးမွေးတာပဲ ဖြစ်ဖြစ်၊ သန့်ရှင်းရေး ဝေယျာဝစ္စ လုပ်ပေးတာပဲ ဖြစ်ဖြစ် စသည်ဖြင့် မိမိနေရေး၊ထိုင်ရေး၊စားရေး၊သောက်ရေးကို ဂရုစိုက်ပြုစုတဲ့ ပုဂ္ဂိုလ်ကို သဘောကျနေလို့ ရှိရင်လဲပဲ သူ့အပြုအစုကို သာယာနေရင်လဲပဲ ဥပေက္ခာသမ္ဗောဇ္ဈင် ပွားလို့ရပါ့မလား။

"မရပါဘုရား"

သူချက်တာကလေးမှ၊ သူခင်းပေးတဲ့ အိပ်ရာကလေးမှ၊ သူဆောင်ရွက်ပေးတာလေးမှ ကျေနပ်နေရတယ်၊ သူမရှိရင်တော့ နေလို့တောင် မဖြစ်ပါဘူး၊ တပည့်ဖြစ်ဖြစ် ဘာဖြစ်ဖြစ် သူငယ်ချင်းဖြစ်ဖြစ်ပေါ့၊ အဲဒီအယုအယ ကြိုက်ပြီးတော့နေတဲ့ ပုဂ္ဂိုလ်ဆိုရင်ကော ဥပေက္ခာသမ္ဗောဇ္ဈင် ပွားလို့ရပါ့မလား။

"မရပါဘုရား"

တရားအားထုတ်တာတောင်မှ တချို့ တော်တော်အယုအယ ကြိုက်တာ ရှိသေးတယ်။

တစ်ခါတည်း တချို့အိမ်ကနေပြီးတော့ ဆောင်ရွက်မယ့်လူတစ်ယောက် သက်သက်ခေါ်လာရသေးတယ်၊ တရားအားထုတ်ရာ ကြံကြံ ဖန်ဖန် ဟုတ်လား၊ အဲဒီလောက်ကြီး သက်သာခို ဇိမ်ခံနေတဲ့သူ တရားရဖို့ လွယ်ပါ့မလား။

"မလွယ်ပါဘုရား"

မလွယ်ဘူး၊ အဲဒါလဲပဲ ဂရုပြုဖို့ မလိုဘူးလား၊ လိုတယ်။

"စိတ်ထားမျှသူတဲ့" "သူလဲသူ့ကံ၊ ကိုယ်လဲ ကိုယ့်ကံ"ဆိုတဲ့ နှလုံးသွင်းပြီးတော့ ကြောင့်ကြမဲ့လောက်အောင် ပလိဗောဓတွေ ဖြတ်တောက်ပြီးတော့ တကယ်လို့ လောကဝတ္တရား ရှိရင်လဲပဲ ကိုယ်တရား အားထုတ်တဲ့ အခိုက်မှာ ဟိုမှာ ဆောင်ရွက်မယ့် စောင့်ရှောက်မယ့် ပုဂ္ဂိုလ်တွေ ဘာတွေ စိတ်ချရလောက်အောင် ထားပြီးတော့ ကိုယ်ကလဲ စိတ်ချနေမယ်ဆိုရင် တရား အားထုတ်လို့ မရဘူးလား၊ "ရပါဘုရား" ရမယ်။

အဲဒီလို မျှမျှတတ နှလုံးသွင်းတတ်တဲ့ ပုဂ္ဂိုလ်ကို မှီဝဲပါ၊ ယုယုယယ လုပ်တတ်တဲ့ ပုဂ္ဂိုလ်၊ သံယောဇဉ် ကြီးမားတဲ့ ပုဂ္ဂိုလ်၊ အဲဒီလို ပုဂ္ဂိုလ်မျိုးတွေနဲ့ ပြောဆို နှီးနှောပြီးတော့ မမှီဝဲပါနဲ့၊ မှီဝဲရင် တရားပျက်သွားမယ်၊ တရား အားထုတ်နေရတာ၊ တချို့ကလဲ ကိုယ်သံယောဇဉ်ပြတ်ကြောင်း ကြွားသလိုလိုနဲ့ ကျုပ်မှာ အိမ်မှာက ဘယ်လိုတွေ ဘာတွေကဘယ်လိုဖြစ်နေတာ၊ အခု ကျုပ် ပစ်ဖြစ်အောင်ပစ်ခဲ့တာရှင့်၊ ကျွန်မလဲ ဒီလိုပါပဲ၊ ကျုပ်မှာလဲ ဘာကိစ္စတွေနဲ့ ဘယ့်နှယ် အဲဒီလို ပြောရင်း ပြောရင်းကနေပြီးတော့ အစတုန်းကတော့ ပြတ်တဲ့အကြောင်း ပြောရင်းကနေပြီး အဲဒါအမှတ်ရပြီး ဒီတိုင်းကြီးတော့လဲ မဖြစ်သေးဘူး၊ တစ်ခေါက်တလေတော့လဲ သတင်းထောက် ပြန်ချည်ဦးမယ်၊ ကျုပ်လဲပဲ ပြန်ချင်တော့ ဘုန်းကြီး ဘယ်လို ညာလျှောက်ရရင်ကောင်းမလဲ?

ရုပ်လို့ ပွလို့ အဲဒီတော့ပျက်ကုန်ပြီဟုတ်လား၊ အမှတ်တွေ ပျက်ကုန်ပြီ၊ အဲဒီလိုတွေသံယောဇဉ်တွေ များပြီးတော့ ယုယနေပြီး လျစ်လျူ မရှုနိုင်မယ့် ပုဂ္ဂိုလ်တွေ တ‌ရားရပါ့မလား၊ မရဘူး၊ ဒါကြောင့်–

"ယုယသူအား၊ ပယ်ရှောင်ရှား၊ စိတ်ထားမျှသူမှီဝဲပါ။"

ဒီလင်္ကာအတိုင်း စိတ်ထားညီမျှသူကို မှီဝဲရမယ်၊ အဲလို မှီဝဲပြီး ဥပေက္ခာ သမ္ဗောဇ္ဈင်တွေ ပွားပြီးတော့ တရားအားထုတ်နိုင်ရင် သမာဓိဉာဏ်တွေဖြစ်ပြီး တော့ မဂ်ဖိုလ်နိဗ္ဗာန် ရောက်မသွားနိုင်ဘူးလား။ "ရောက်သွားနိုင်ပါဘုရား"

ရောက်သွားနိုင်တယ်၊ အဲဒီတော့–

၁။ ဒွါရနဲ့ အာရုံ ဆုံတဲ့အခါမှာ ပေါ်ပြီး ပျောက်တဲ့ ပျောက်သွားတဲ့ တရားတွေကို ရှုမှတ်ပြီးတော့ နေတဲ့ သဘောသည် သတိသမ္ဗောဇ္ဈင်။

၂။ ရုပ်နာမ်ကြောင်းကျိုး ဖြစ်ပျက် အနိစ္စ ဒုက္ခ အနတ္တတွေကို သိမြင်လာတာက ဓမ္မဝိစယသမ္ဗောဇ္ဈင်။

၃။ တရားနဲ့ ဆက်စပ်ပြီး ဝမ်းမြောက်ဝမ်းသာတွေ ဖြစ်ပြီးတော့ တစိမ့်စိမ့် တသိမ့်သိမ့်လာတဲ့ သဘောသည် ပီတိသမ္ဗောဇ္ဈင်။

၄။ အဆက်မပြတ် ကြောင့်ကြစိုက် အားထုတ်နေတာက ဝီရိယသမ္ဗောဇ္ဈင်။

၅။ ကိုယ်ရောစိတ်ပါ ငြိမ်းချမ်းပြီးတော့ နေတာက ပဿဒ္ဓိသမ္ဗောဇ္ဈင်၊

၆။ ရှုမှတ်ရာအာရုံတွင် သတိသက်ဝင် တည်နေတာက သမာဓိသမ္ဗောဇ္ဈင်။

၇။ ကိုယ်ရောစိတ်ပါ ကိုယ်ကပင် ရှုမှတ်မနေရဘဲ သူ့အလိုလိုပင် မှတ်ပြီးသား ဖြစ်ပြနေသလို အသိလေးနဲ့သာ စိုက်စိုက်ပြီးတော့ နေရတဲ့ သဘောတွေ ဖြစ်ပေါ်လာတာက ဥပေက္ခာသမ္ဗောဇ္ဈင်။

## သစ္စာလေးပါး

၁။ အဲဒီ ဗောဇ္ဈင်(၇)ပါး တရားတွေကို ကျင့်ပွားပြီးတော့ သွားရင်ဖြင့် ပေါ်တိုင်းပေါ်တိုင်းသော အာရုံတွေ မှတ်တိုင်းမှတ်တိုင်း ပျောက်ပျောက်သွားတာတွေချည်း ထပ်တလဲလဲ နှိပ်စက်နေတဲ့ သဘောသည် ဒုက္ခသစ္စာ၊ ဘာသစ္စာ။
(ဒုက္ခသစ္စာပါဘုရား)

၂။ မြင်တိုင်း ကြားတိုင်းစသည်တွေမှာ ပေါ်ပြီးတိုင်း ပေါ်ပြီးတိုင်း ပျောက်နေလို့ မမြဲတဲ့ဆင်းရဲတဲ့တရားတွေပဲလို့ သိပြီး၊ အဲဒါတွေကို မလိုချင်ပယ် ရှားချင်တာက ပယ်ရှားနိုင်တာက သမုဒယသစ္စာ ပယ်တာ၊ အဲဒါတွေကို အကောင်းထင်နေလို့ရှိရင်ဖြင့် ဒုက္ခဖြစ်ကြောင်း သမုဒယသစ္စာ။

၃။ အဲဒီအဖြစ်အပျက် ဆင်းရဲဒုက္ခသစ္စာ အကုန်လုံးချုပ်ငြိမ်း ရုပ်သိမ်းတာက နိရောဓသစ္စာ။

၄။ နိရောဓရောက်အောင် ရှုမှတ် ပွားများ သိမြင်ရတာက မဂ္ဂသစ္စာလို့ ဆိုတဲ့သစ္စာလေးပါးအတွက် ထပ်ပြီးတော့ အမြတ်ဆုံးနိဗ္ဗာန် မရောက် နိုင်ဘူးလား၊ ကဲ ဆိုစမ်းပါဦး။

၁။ ဖြစ်ပျက်သခါရ၊ ဒုက္ခသစ္စာ၊
ဖြစ်ပျက်လိုက၊ သမုဒယသစ္စာ၊
ဖြစ်ပျက်ဆုံးက၊ နိရောဓသစ္စာ၊
ဖြစ်ပျက်ဆုံးအောင်၊ ပွားဦးမဂ်သစ္စာ။

အဲဒီလို ဘုရားကိုယ်တော်မြတ် ဟောကြားတဲ့ တရားကို နာကြားရတဲ့ သုဗြဟ္မာနတ်သားနှင့် နတ်သမီး ငါးရာတို့ဟာ သောတာပန် တည်ပြီးနောက် သောကကင်းဝေးပြီးတော့ ကြောက်ရွံ့စရာမရှိဘဲနဲ့ ချမ်းချမ်းသာသာ နတ်ပြည် ကို ပြန်သွားကြတယ်။

ဘုရားရဲ့တရား လာမနာကြဘဲ အားထုတ်မှုမရှိရင် (၇)ရက်နေသေရင် သူတို့ ငရဲမကျပေဘူးလား။။ “ကျနိုင်ပါတယ်ဘုရား”

အခု (၇)ရက်နေ သေပြန်ရင်လဲပဲ ကုသိုလ်ဆက်နဲ့ နတ်ပြည်ကို နတ်သမီးနတ်သား ပြန်ဖြစ်နိုင်တယ်၊ ငရဲကျဖို့ လိုသေးလား။။

“မလိုပါဘုရား”

ကြောက်စရာရှိသေးလား၊ ကြောက်ရွံ့ကင်းဝေး ငြိမ်း ချမ်းအေးဆိုတဲ့ သုဗြဟ္မသုတ္တန်တရားတော်ကို နာကြားရတဲ့ ကုသိုလ် စေတနာ တို့ကြောင့် ဤတရားတော်လာတိုင်း ကျင့်ကြံ ကြိုးစား အားထုတ်နိုင်ကြသည် ဖြစ်၍ ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင် ကြပါစေကုန်သတည်း။

“သာဓု၊ သာဓု၊ သာဓုပါဘုရား”

# သုဖြဟ္မသုတ္တန်

## ကြောက်ရွံ့ကင်းဝေး ငြိမ်းချမ်းအေး တရားတော်

## အပိုင်း(၂၁)

### စကားဦး

ယခု ဟောကြားမည့် သုဖြဟ္မသုတ္တန် တရားတော် ဓေဝီသတိကဏ္ဍ အပိုင်း (၂၁)ကတော့ ရန်ကုန်မြို့၊ မဟာစည် သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံတွင် ဟောကြားခဲ့စဉ်က မပါဝင်ခဲ့ပါဘူး၊ တရားစာအုပ်အဖြစ် စာမူတည်းဖြတ်တဲ့အခါမှာသာ လိုအပ်မည်ထင်တာနဲ့ ဖြည့်စွက်ရေးသား ဟောကြားတဲ့ တရားတော်ပါပဲ။

ဦးစွာပထမ နမော လေးချက် ဘုရားရှိခိုးဖြင့် ပဏာမ တရားတော်ကို စတင် ဟောကြားပါမယ်။

### ပဏာမ

### နမောလေးချက်ဘုရားရှိခိုး

နမော တေ သဗ္ဗဒဿာဝိ၊
နမော တေ ကရုဏာကရ၊
နမော တေ တိဏ္ဏသံသာရ၊
နမော တေ အမတံဒဒ။ ။

သဗ္ဗဒဿာဝိ- မကာသင်္ကြာဇ် တစ်ရာ့သုံးခုနှစ်၏ နွေသစ်ခါကြုံကဆုန်လပြည့် ဆင်မင်းနေ့ည ပစ္ဆိမခေါ်မိုး လင်းအားကြီးချိန်ခါ အိန္ဒိယနိုင်ငံမှာ

မဟာဗောဓိပင်ရင်းဝယ် ထင်လင်းမှန်စွာ ဝိပဿနာတရား ကျင့်ပွားအားထုတ်တော် မူသဖြင့် သိသင့်သိရာ သိစရာမှန်သမျှ တစ်စမကျန် ဧကန်သိမြင်တော်မူပြီး အို-သဗ္ဗညုမြတ်စွာဘုရား၊တော-အားလုံးသိမြင်ရှင်တော် မြတ်စွာဘုရားအား၊ နမော- သဗ္ဗညုတဉာဏ်များ အလေးထား၍ ဝပ်တွားခါခါ လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိခိုးပါ၏မြတ်စွာဘုရား၊ ကရုဏာ ကရ၊ ပဋိသန္ဓေ အိုနာသေနှင့် ဘေးတွေအထပ်ထပ် မပြတ်နှိပ်စက် ခံကြရသော ဝေနေယျ သတ္တဝါများအား ကြီးမားမြင့်မြတ် မဟာကရုဏာဓာတ်ဖြင့် ဝဋ်ဓာတ်ကင်းရေး မြော်တွေးထောက်ထား အစဉ်သနား စောင့်ရှောက်တတ်ပါသော မဟာကရုဏာ သခင်ရှင်တော်မြတ်ဘုရား၊ တော- သတ္တဝါခပင်း ဆင်းရဲကင်းအောင် စိတ်တွင်းရှုပွားကရုဏာထားသည့် ရှင်တော်မြတ်ဘုရားအား၊ နမော- မဟာကရုဏာအားအလေးထား၍ ဝပ်တွားခါခါ လက်ဆယ်ဖြာထိပ်မှာမိုးလျက် ရှိခိုးပါ၏ မြတ်စွာဘုရား၊ တိဏ္ဏသံသာရ၊ ကာမောဃ ဘဝေါဃ ဒိဋ္ဌောဃနှင့် အဝိဇ္ဇောဃ ပါလေးဖြာသော သံသရာဝဲဩဃကို မဂ္ဂင်ရှစ်အင် သင်္ဘောယာဉ်ဖြင့် ပူပင်ကင်းပျောက် နိဗ္ဗာန်ကမ်းရောက်အောင် ကူးမြောက်တော်မူပြီးသော မြတ်စွာဘုရား၊ တော-သတ္တဝါအများ ကျွန်ုပ်တို့အားလဲ အလားတူပင် နိဗ္ဗာန်ခွင်ကမ်း ရောက်အောင် ပို့ဆောင်နိုင်ရေး တရားပေးတော်မူပြီး ရှင်တော်မြတ်ဘုရားအား၊ နမော- သံသရာကူးမြောက်ရေး တရားပေးပြီး ဂုဏ်တော်များကို ဝပ်တွားခါခါ လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိခိုးပါ၏မြတ်စွာဘုရား၊အမတံဒဒ- တစ်သေတည်းသေ သံသာဗွေ၌ အထွေထွေဆင်းရဲ ပွားနေကြသော သတ္တဝါအများအား ထူးခြားမြင့်မြတ် အသေပြတ်သည့် အငြိမ်းဓာတ်မှန် မြိုက်နိဗ္ဗာန်ကို ဧကန်ပေးပြီး အို- ရှင်တော်မြတ်ဘုရား၊ တော- သတ္တဝါအများ ချမ်းသာပွားဖို့ တရားတော်ဆေး တိုက်ကျွေးဟောကြား ရှင်တော်မြတ်ဘုရားအား၊ နမော- လေးဆယ့်ငါးဝါ ကာလကြာအောင် သစ္စာတရား ဟောဖော်ကြားသည့် များပြားကုန်လုံ ကျေးဇူးဂုဏ်ကို ကြည်ယုံမြတ်နိုး လက်ဆယ်ဖြာ ထိပ်မှာမိုးလျက် ရှိခိုပါ၏ မြတ်စွာဘုရား။ "သာဓု- သာဓု- သာဓု"

ကဲ- ဒီနမောလေးချက် ဘုရားရှိခိုးကို အတိုအကျဉ်း လိုရင်းမှတ်သားဆောင်ထားကြရအောင်၊ ဘုန်းကြီးက မြန်မာပြန် ရစ်လားဘွဲ့ ကဗျာကို ပို့ခဲ့ပေပါမယ်၊ ပရိသတ်အားလုံး လိုက်ဆိုကြပါ။

## နမောလေးချက် ဘုရားရှိခိုး

## ရှစ်လုံးဘွဲ့ကဗျာ

၁။ လုံးစုံသိကြား– ဘုရားမြတ်စွာ၊
ကရုဏာပွား– ဘုရားမြတ်စွာ၊
သံသာကူးကြား– ဘုရားမြတ်စွာ၊
မြိုက်တရား– ဟောကြား တို့မြတ်စွာ။

၂။ ထိုဂုဏ်လေးရပ်– ကိန်းဝပ်မြတ်စွာ၊
နမောလေးချက်– ထက်မြက်သဒ္ဒါ၊
တပည့်တော်များ– ဝပ်တွားလေးခါ၊
လက်စုံမိုး– ရှိခိုးပါ၏ဘုရား။

ဒီကနေ့ ဘုန်းကြီးဟောကြားမည့် တရားတော်ကတော့ "သုဗြဟ္မ သုတ္တန်" တရားတော် ဧကဝီသတိပိုင်း ဖြစ်ပါတယ်။

(၂၁)ပိုင်းမြောက် ဒီနောက်ဆုံးအပိုင်းတွင် "နိဗ္ဗာန်" အကြောင်းကို ဟောကြားရမယ်။

ရှေ့ပိုင်းက ဟောကြားခဲ့တဲ့တရားများကို မနာကြားရသေးတဲ့ တရား နာ ပရိသတ်များအတွက် အနုသန္ဓေစပ်မိရုံလောက်တော့ အနည်းငယ် ပြော ကြားရဦးမယ်။

အခါတစ်ပါးတွင် မြတ်စွာဘုရားရှင်ဟာ သာဝတ္ထိပြည်မွန် ဇေတဝန် ကျောင်း၌ ကိန်းအောင်းစံနေတော်မူပါတယ်၊ထိုအခါ တစ်ခုသော ညအခါတွင်– သုဗြဟ္မနတ်သားဟာ နောက်ပါနတ်သမီး(၅၀၀)နှင့် အတူတကွ တာဝတိံသာ နတ်ပြည်မှ ဆင်းလာပြီး မြတ်စွာဘုရားထံတွင် သူသိလိုတဲ့အချက်ကို မေးလျှောက် ပါတယ်။

"မြတ်စွာဘုရား-- ဖြစ်ပြီးသား ပင်ပန်းမှုနှင့် ယခု မဖြစ်သေးပေမယ့် ကျရောက်လာကော့မည့် သောကပင်ပန်းမှုနှစ်မျိုးကြောင့် တပည့်တော်ရဲ့စိတ် တွေဟာ အမြဲ တုန်လှုပ်ချောက်ချားပြီး ကြောက်အား ပိုနေရပါတယ်ဘုရား။

"တကယ်လို့ မြတ်စွာဘုရားအား အကြောက်အလန့် ကင်းကြောင်း နည်းလမ်းကောင်းတရားရှိလျှင် တပည့်တော်အား သနားသဖြင့် ဟောကြားတော်မူပါဘုရား"--လို့ လျှောက်ထားပါတယ်။ ဒီအခါ မြတ်စွာဘုရားက-

"နာညတြ ဗောဇ္ဈာ တပသာ၊
နာညတြိန္ဒြိယ သံဝရာ၊
နာညတြ သဗ္ဗ နိဿဂ္ဂါ၊
သောတ္ထိံ ပဿာမိ ပါဏိနံ"လို့ ဟောကြားတော်မူပါတယ်။

ဒီဂါထာရဲ့ အနက်အဓိပ္ပာယ်ကတော့ ရှေ့ပိုင်းက အတော်များများ ဟောခဲ့ပါပြီ၊ လိုရင်း အဓိပ္ပာယ်ကတော့ "သိလိုရေးနဲ့ မေးလျှောက်လာကြား အမောင်နတ်သား၊ ဗောဇ္ဈင်ခုနစ်ပါး အကျင့်တရားတွေကို ကြဉ်ဖယ်ထားပြီး တော့ သတ္တဝါအများရဲ့ချမ်းသာကို ငါဘုရား မမြင်ဘူး၊ ကြောက်ရွံ့ကင်းစင် ချမ်းသာချင်ရင် ဗောဇ္ဈင်တရားတွေကိုသာ ကျင့်ပါ၊ ဓုတင် ၁၃-ပါး အကျင့် တရားများကို ကြဉ်ဖယ်ထားပြီးတော့ သတ္တဝါများရဲ့ချမ်းသာကို ငါဘုရား မမြင်ဘူး၊ ကြောက်ရွံ့ ကင်းစင် ချမ်းသာချင်ရင် ဓုတင်အကျင့်တရားများကိုသာ ကျင့်ပွားပါ။

ဣန္ဒြိယ သံဝရ သီလတရားကို ကြဉ်ဖယ်ထားပြီးတော့ သတ္တဝါများရဲ့ ချမ်းသာကို ငါဘုရား မမြင်ဘူး၊ ကြောက်ရွံ့ကင်းစင် ချမ်းသာကို လိုချင်ရင် ဣန္ဒြိယသံဝရတရားကို ကျင့်သုံးပါ။

သံသရာဝဋ်မှ ကျွတ်လွတ်ရာ သဗ္ဗနိဿဂ္ဂခေါ်ကြား နိဗ္ဗာန်တရားကို ကြဉ်ဖယ်ထားပြီးတော့ သတ္တဝါများရဲ့ချမ်းသာကို ငါဘုရား မမြင်ဘူး၊ ကြောက် ရွံ့ကင်းစင် ချမ်းသာကို လိုချင်ရင် နိဗ္ဗာန်ချမ်းသာကို ရအောင် ကျင့်ပါ"လို့ ဟောတော်မူပါတယ်။

## နိဗ္ဗာန်ဆိုတာ

နိဗ္ဗာန်ဆိုတာ ဤတရားတော်တွင် ပါဝင်တဲ့ "သဗ္ဗနိဿဂ္ဂ-"ပုဒ်ကို သုဗြဟ္မသုတ်အဋ္ဌကထာ၌ "သဗ္ဗနိဿဂ္ဂါတိ နိဗ္ဗာနတော"လို့ဖွင့်ပြထားပါတယ်။

သဗ္ဗနိဿဂ္ဂဆိုတာ နိဗ္ဗာန်ပဲတဲ့၊ အလုံးစုံ ဝဋ်ဆင်းရဲကင်းတာ နိဗ္ဗာန်တဲ့။

နိဗ္ဗာန်ဆိုတာ ပါဠိလို နိဗ္ဗာန-ဆိုတဲ့ ပုဒ်မှ ဖြစ်ပေါ်လာတဲ့ အမည်ပဲ၊ အနက်အဓိပ္ပာယ်ကတော့ ငြိမ်းရာဌာနသဖွယ် ဖြစ်တဲ့ တရား၊ ငြိမ်းကြောင်းလဲ ဆိုနိုင်တာပဲ၊ မုချအားဖြင့်တော့ နိဗ္ဗာန်ဆိုတာ ငြိမ်းခြင်းသဘောမျှ ဖြစ်ပါတယ်၊ ဘာတွေငြိမ်းသလဲဆိုရင် ကိလေသဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်ဆိုတဲ့ ဝဋ်ဆင်းရဲတွေ ငြိမ်းတာပါပဲ။

(နိဗ္ဗာန်ဆိုင်ရာ တရားတော်-စာမျက်နှာ-၃၆၊ မဟာစည်ရေးရှု)

## ဆောင်ပုဒ်

၁။ နိဗ္ဗာန်ဆိုတာ၊ ပြောစမ်းပါ၊ ဘယ်ဟာဖြစ်သလဲ။
၂။ ဝဋ်ဆင်းရဲကင်းတာ၊ နိဗ္ဗာန်ပါ၊ သေချာမှတ်ဖို့ပဲ။

ကိလေသဝဋ်ဆိုတာ အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဆိုတဲ့ ကိလေသာတွေပဲ။

ကမ္မဝဋ်ဆိုတာ-သင်္ခါရ၊ ကမ္မဘဝ-လို့ ဆိုရတဲ့ အကုသိုလ်ကံ ကုသိုလ်ကံတွေပဲ။

ဝိပါကဝဋ်ဆိုတာ အဲဒီ အကုသိုလ်ကံ၊ ကုသိုလ်ကံတွေရဲ့ အကျိုးဖြစ်တဲ့ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတာတွေပါပဲ၊ ပေါ်ပေါ် လွင်လွင်ပြောရရင် ယခုမြင်တိုင်း၊ ကြားတိုင်း၊နံတိုင်း၊ စားသိတိုင်း၊ တွေ့ထိတိုင်း၊ ကြံသိတိုင်း ထင်ရှားဖြစ်နေတာတွေဟာ ဝိပါကအကျိုးတရားတွေပဲ။

## ဝဋ်ဆင်းရဲ သုံးပါးလည်ပုံ

အဲဒီ မြင်သိ၊ ကြားသိ စသည်ဖြစ်တဲ့အခါ အမှန်အတိုင်း မသိဘဲ အလွဲသိမြင်တာက အဝိဇ္ဇာပဲ၊ ဘယ်လိုလဲ ဆိုရင် “ငါ-ပဲ၊ ငါက မြင်တယ်၊ ကြားသိတာ ငါပဲ၊ ငါက ကြားသိတယ် စသည်ဖြင့် အလွဲသိတာလဲ အဝိဇ္ဇာပဲ၊ အဲဒီမြင်တာ ကြားတာစသည်ကို ‘မြဲတယ်၊ ကောင်းတယ်’စသည်ဖြင့် ထင်တာလဲ အလွဲသိတဲ့ အဝိဇ္ဇာပဲ။

အဲဒီတော့ မြင်တာ၊ ကြားတာ၊ မြင်ရတာ၊ ကြားရတာ စသည်ကို သာယာနှစ်သက်တယ်၊ အဲဒါက တဏှာပဲ။

ဒါကို နှစ်သက်သာယာပြီးတော့ စွဲလမ်းတာက ဥပါဒါန်ပဲ၊ အဲဒါဟာ ကိလေသဝဋ်ဆိုတဲ့ တရားတွေ မပြတ်ဖြစ်နေပုံပဲ။

အဲဒီလို နှစ်သက်သာယာပြီး စွဲလမ်းတော့ မိမိအလိုအတိုင်း ပြီးစီးအောင် ပြုလုပ်အားထုတ်တယ်၊ အဲဒါက သင်္ခါရ ကမ္မဘဝဆိုတဲ့ ကမ္မဝဋ်ပဲ။

အဲဒီကံကြောင့် သေသည့်၏အခြားမဲ့မှာ ပဋိသန္ဓေစိတ်မှစ၍ ဘဝသစ် ဖြစ်ရတယ်၊ အဲဒါဟာ ဝိညာဉ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဆိုတဲ့ အကျိုးတရား ဝိပါကဝဋ်ပဲ၊ အဲဒီဝိပါကဝဋ်ဟာ ယခု မြင်မှု၊ ကြားမှု စသည် မျိုးတွေပါပဲ။

အဲဒီ မြင်မှု၊ ကြားမှု စသော ဝိပါကဝဋ်ကို မှီပြီးတော့ အဝိဇ္ဇာစသော ကိလေသဝဋ် ဖြစ်ရပြန်တယ်၊ အဲဒီကိလေသဝဋ်ကြောင့် ကမ္မဝဋ် ဖြစ်ရပြန်တယ်၊ အဲဒီ ကမ္မဝဋ်ကြောင့် ဘဝသစ်မှာ အကျိုး ဝိပါကဝဋ်တရားတွေ ဖြစ်ရပြန်တယ်၊ ဒီပုံဒီနည်းဖြင့် ဝဋ်သုံးပါးဟာ အဖန်ဖန်အထပ်ထပ် မပြတ်လည်ပြီး ဖြစ်နေတယ်။

## ဝဋ်ဆင်းရဲ ကင်းပြတ်တာ နိဗ္ဗာန်ပဲ

အဲဒီလိုဝဋ်သုံးပါးတို့ မပြတ်ဖြစ်နေရာမှာ ရှုမှတ်မှုဝိပဿနာ ဉာဏ် အစွမ်းဖြင့် အရိယာမဂ် ဖြစ်ပေါ်ပြီး နိဗ္ဗာန်ကို မြင်သွားရင် အဝိဇ္ဇာအစရှိသော ကိလေသဝဋ်တရားတွေ မဖြစ်နိုင်တော့ဘူး၊ ကိလေသာ မရှိတော့ ကမ္မဝဋ်ဆိုတဲ့ ကံတွေ မဖြစ်နိုင်တော့ဘူး၊ ဖြစ်ပြီး ကံတွေကလဲ အကျိုးမပေးနိုင်တော့ဘူး။

အဲဒီလို ကံကိလေသာကုန်တဲ့ ပုဂ္ဂိုလ်ကို ရဟန္တာပုဂ္ဂိုလ်လို့ ခေါ်တယ်၊ ဒါကြောင့်– ရဟန္တာမှာ ပရိနိဗ္ဗာန် စုတိနောက်၌ ဘဝသစ် ရုပ်နာမ်အကျိုးတွေ မဖြစ်ပေါ်လာတော့ဘဲ လုံးဝ ပြတ်ငြိမ်းသွားတယ်၊ အဲဒါဟာ အရဟတ္တမဂ်ဖြင့် နိဗ္ဗာန်မြင်ပြီး ငြိမ်းခြင်းဖြစ်ပုံပဲ၊ ဝဋ်ဆင်းရဲငြိမ်းရာ နိဗ္ဗာန်ကို သိမြင်ရရှိပုံပဲ။ ဒီနေရာတွင် နိဗ္ဗာန်သိမြင် ရဟန္တာအရှင်မြတ်၏ဂုဏ်ကို ဖော်ပြရတဲ့ ရတန သုတ်ဂါထာကို ဖော်ပြရဦးမယ်။

### ရတနသုတ်ဂါထာ

ခီဏံ ပုရာဏံ နဝ နတ္ထိ သမ္ဘဝံ၊
ဝိရတ္တစိတ္တာ ယတိကေ ဘဝသ္မိံ၊
တေ ခီဏဗီဇာ အဝိရုဠ္ဟိဆန္ဒာ၊
နိဗ္ဗန္တိ ဓီရာ ယထာယံ ပဒီပေါ။

ယေသံ- အကြင်ရဟန္တာပုဂ္ဂိုလ်တို့အား၊ ပုရာဏံ- ရှေးဟောင်းကံသည်၊ ခီဏံ- အရဟတ္တဖိုလ်၏ အစွမ်းကြောင့် ကုန်ခန်းခဲ့လေပြီ၊ နဝံ- အသစ်ဖြစ်သော ကံသည်၊ နတ္ထိ-မရှိပေ၊ ယေ-အကြင်ရဟန္တာအရှင်မြတ်တို့သည်၊ အာယတိကေ ဘဝသ္မိံ- နောင်အနာဂတ်ဘဝ၌၊ ဝိရတ္တစိတ္တာ- တပ်မက်ခြင်း ကင်းသော စိတ်ရှိကုန်၏၊ ဝါ-တပ်မက်လိုခြင်ခြင်း ကင်းကုန်၏၊ တေဓိရာ-ထို ရဟန္တာသခင် ပညာရှိတို့သည်၊ အဝိရူဠှိဆန္ဒာ- မစည်ပင် မဖြစ်ပွားသော အလိုဆန္ဒရှိကုန်သည်ဖြစ်၍၊ ဝါ-ဖြစ်လိုသော တဏှာဆန္ဒမဖြစ်ကြသောကြောင့် ၊ခီဏာဗီဇာ-ကုန်ပြီးသော မျိုးစေ့ရှိကုန်သည်ဖြစ်၍၊ ဝါ- ဘဝသစ်ဖြစ်ရန် မျိုးစေ့ကုန်ကြပြီးသောကြောင့်၊ နိဗ္ဗန္တိ -ရုပ်နာမ်ခန္ဓာ အသစ်မဖြစ်တော့ဘဲ ငြိမ်းလေကုန်တော့၏၊ အယံ ပဒီပေါ-ဤဆီမီးသည်၊ နိဗ္ဗန္တိ ယထာ- ငြိမ်းသွားသကဲ့သို့၊ နိဗ္ဗန္တိ- ငြိမ်းကြကုန်၏။

၁။ ရဟန္တာမှာ၊ ကံကုန်ရာ၊ နောင်ခါတပ်မက်ရှဲ။

၂။ တဏှာကင်းလစ်၊ ဘဝသစ်၊ မဖြစ်ပြတ်ငြိမ်းပဲ။

၃။ ရုပ်နာမ်ခပ်သိမ်း၊ ဆင်းရဲငြိမ်း၊ ဧကိန်း နိဗ္ဗာန်ပဲ။

၄။ ဆီမီးငြိမ်းသွား၊ ပုံအလား၊ ငြိမ်းသွား ရုပ်နာမ်ဝဋ်ဆင်းရဲ။

## နိဗ္ဗာန်ဟူသည်

နိဗ္ဗာန်၏ လက္ခဏာစသည်ကို ကျမ်းဂန်များတွင် ဒီလို ပြထားပါတယ်၊ နိဗ္ဗာနံ- နိဗ္ဗာန်သည်၊ သန္တိလက္ခဏံ- ငြိမ်းခြင်းသဘော လက္ခဏာရှိ၏၊ ဝါ၊ ငြိမ်းခြင်းသဘော ဟုတ်မှန်ပေ၏။

အစ္စုတိ ရသံ- မရွေ့လျောခြင်း၊ မပျက်စီးခြင်း ဂုဏ်ရှိ၏။

အနိမိတ္တရသံ- ပုံသဏ္ဌာန် အရိပ်နိမိတ် ကင်းသောရသရှိ၏။

အနိမိတ္တ ပစ္စု ပဋ္ဌာနံ- ပုံသဏ္ဌာန် အရိပ်နိမိတ် ကင်းသောအားဖြင့် ဉာဏ်အား ရှေ့ရှုထင်၏။

## နိဗ္ဗာန်နှစ်မျိုး

နိဗ္ဗာန်ဟာ "သဉပါဒိသေသ" နိဗ္ဗာန်နှင့် "အနုပါဒိသေသနိဗ္ဗာန်" ရယ်လို့ နှစ်မျိုးရှိပါတယ်။

၁။ အကျိုးခန္ဓာ အကြွင်းရှိလျက် ကိလေသာငြိမ်းတာက သဥပါဒိသေသ နိဗ္ဗာန်။

၂။ အကျိုးခန္ဓာ အကြွင်းအကျန် မရှိတော့ဘဲ ငြိမ်းတာက အနုပါဒိသေ နိဗ္ဗာန်။

သိသာရုံမျှ ပြောပြပါဦးမယ်၊ အကျယ်သိလိုပါက ဣတိဝုတ်ပါဠိတော်တွင် ကြည့်ရှုနိုင်ပါတယ်။

၁။ သဥပါဒိသေသနိဗ္ဗာန်ဆိုတာ ဘုရား၊ ပစ္စေက ဗုဒ္ဓါ၊ အရိယာတို့သိမြင်တော်မူကြတဲ့ နိဗ္ဗာန်ဟာ သဥပါဒိသေသနိဗ္ဗာန်ပါပဲ။

၂။ အနုပါဒိသေသနိဗ္ဗာန်ဆိုတာ ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ အရိယာ ရဟန္တာ အရှင်မြတ်များသည် ရုပ်နာမ်ခန္ဓာအကြွင်းမရှိဘဲ ပရိနိဗ္ဗာန် စံဝင်တော်မူရာ အေးငြိမ်းခြင်း နိဗ္ဗာန်ဖြစ်ပါတယ်။

## နိဂုံး

ဒါ့ထက် စုံစုံနိဗ္ဗာန်အကြောင်းကို သိလိုပါက ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ပြုစုတော်မူတဲ့ "ဝိပဿနာရှုနည်း ကျမ်းဒုတိယတွဲ" တွင်လဲ ကြည့်ရှုလေ့လာနိုင်ပါတယ်၊ "နိဗ္ဗာန ပဋိသံယုတ္တကထာ– နိဗ္ဗာန်ဆိုင်ရာ တရားတော်ကြီး" စာအုပ်တွင်လဲ ကြည့်ရှုလေ့လာနိုင်ပါတယ်။

ယခု ဘုန်းကြီး ဟောကြားတဲ့ သုဗြဟ္မသုတ္တန် တရားတော်မှာတော့ ဒါလောက်ဆိုရင် လုံလောက်ပါပြီ။

ဒီတရားတော်ရဲ့ လိုရင်းကတော့ ကြောက်ရွံ့ကင်းစင် ချမ်းသာလိုချင်သူဟာ တောအရပ် ဆိတ်ငြိမ်ရာအရပ်ကို ဝင်ပါ၊ သီလကို ဆောက်တည်ကျင့်သုံးပါ၊ ဗောဇ္ဈင်ခုနစ်ပါး ဝိပဿနာတရားကို ကျင့်ပွားအားထုတ်ပါ၊ ရုပ်နာမ်ဒုက္ခအားလုံး ချုပ်ငြိမ်းရာ နိဗ္ဗာန်ကို သိမြင်ရရှိပါမယ်။

အဲဒီသီလအကျင့်၊ စိတ်အကျင့်၊ ဗောဇ္ဈင် ခုနစ်ပါး ဝိပဿနာအကျင့် တရားများအကြောင်းကိုတော့ ရှေ့ပိုင်းများတွင် အကျယ်တဝင့် ဟောခဲ့ပါပြီ။

"နိဗ္ဗာန်တရား၊ ရှောင်ဖယ်ရှား၊ အများ ချမ်းသာမမြင်ပါ"

"ချမ်းသာလိုချင်၊ နိဗ္ဗာန်ခွင်၊ မှန်ဝင်ရအောင် အားထုတ်ပါ"

ဤသုပြဟ္မသုတ္တန်တရားကို နာကြားကြရသော ကုသိုလ်ကံ စေတနာတို့ကြောင့် တရားနာပရိသတ်များသည် ဒုက္ခကင်းရာ နိဗ္ဗာန်ချမ်းသာကို လျင်မြန်စွာ ဆိုက်ရောက် မျက်မှောက်ပြုနိုင်ကြပါစေသော်။

သာဓု-သာဓု-သာဓု

နိဋ္ဌိတံ

## ငြိမ်းဆင်းရဲသုံးပါး လည်ပုံ

[illegible]ဒီ မြင်လို့ ကြားသိ စသည်ဖြစ်တဲ့အခါ အမှန်အတိုင်း မသိ[illegible] အဝိဇ္ဇာပဲ၊ ဘယ်လိုလဲဆိုရင် "ငါ-ပဲ ငါက မြင်[illegible] ကြားသိတာ ငါပဲ၊ ငါက ကြားသိတယ်" [illegible] အလွဲသိတာက အဝိဇ္ဇာပဲ၊ အဲဒီ မြင်တာ ကြားတာ[illegible]ကို 'မြ[illegible] [illegible]တယ်' စသည်ပြင် [illegible] အလွဲသိတဲ့ အဝိဇ္ဇာပဲ။

အဲဒီတော့ မြင်[illegible] ကြားတာ မြင်ရတာ၊ ကြားရတာ [illegible]ကို သာ[illegible] [illegible] တဏှာပဲ။

[illegible]ကို [illegible] သာယာပြီးတော့ စွဲလမ်းတာက ဥ[illegible]ပဲ၊ [illegible] ကိလေသဝဋ်ဆိုတဲ့ [illegible] ဖြစ်နေပုံပဲ။ ( [illegible] ၁၈၉ ရှု )

ဥာဏ်ကနဲ့စာပေ